စိန်လင်း

ခွဲစိတ် နှင့် ကင်ဆာ ပါရဂူ

သစ္စာ

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်ကွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



သစ္စာ

စိန်လင်း

(ခွဲခိတ်နှင့်ကင်ဆာပါရဂူ)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ❐ ၄၀၀၇၀၂၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❐ ၄၀၀၅၉၉၀၅၀၁

ထုတ်ဝေသူ ❐ ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ
၆၇၊ ၁၆၄ လမ်း၊ တာမွေ။

ပုံနှိပ်သူ ❐ ဒေါ်ဝင်းမာ
စိတ်ကူးချိုချိုပုံနှိပ်တိုက်
ရန်ကင်း၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီ ❐ ကိုခိုင်ရဲ

မျက်နှာဖုံးရှင် ❐ ဒေါက်တာ ဆုမွန်ဟိန်း

အတွင်းသရုပ်ဖော်ပန်းချီ ❐ ကိုသန်းထွေး

စာအုပ်ချုပ် ❐ ကိုမြင့်

ထုတ်ဝေခြင်း

ပထမအကြိမ် ❐ ၂၀၁၁ခုနှစ်၊ ဇွန်လ

အုပ်ရေ ❐ ၅၀၀၀

တန်ဖိုး ❐ ၄၀၀၀/-

စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
သစ္စာ၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁
စာမျက်နှာ ၅၂၇ ၊ ၁၃ စင်တီ × ၁၈.၅ စင်တီ။
(၁) သစ္စာ

မာတိကာ

	အမှာစာ	...	
၁။	သစ္စာ	...	၁
၂။	ဗုဒ္ဓရဲ့ တရားဦး	...	၂၃၃
၃။	ပထမ အရိယာသစ္စာ	...	၂၅၃
၄။	ဒုတိယ အရိယာသစ္စာ	...	၂၆၃
၅။	တတိယ အရိယာသစ္စာ	...	၂၈၁
၆။	စတုတ္ထ အရိယာသစ္စာ	...	၃၃၉
၇။	အနတ္တသဘော	...	၃၈၃
၈။	ဘဝဖြစ်တည်မှုနှင့် အနတ္တဒေသနာ	...	၄၁၁
၉။	ဓမ္မစက္ကာ	...	၄၅၃
၁၀။	အနတ္တ လက္ခဏသုတ်	...	၄၈၇
၁၁။	ကျမ်းကိုးစာရင်း	...	၅၁၃
၁၁။	စာရေးသူ၏ အတ္ထုပတ္တိ	...	၅၂၃

စာရေးသူ၏ အမှာ

ကျွန်တော် ငယ်စဉ် ကလေးဘဝမှစလို့ နံနက်ခင်းတိုင်း မေမေ့ရဲ့ ချိုသာ အေးမြသော ဓမ္မစကြာ ရွတ်ဆိုသံနှင့် အတူ အိပ်ယာက နိုးခဲ့ပါတယ်။ ကျွန်တော့်အတွက် ဘယ်သောအခါမှ မရိုးနိုင်သော ဓမ္မသံစဉ် တစ်ခုပါ။ မြန်မာပြည်အနှံ့ တာဝန် ထမ်းဆောင်ရင်း အမေ့အိမ် ပြန်ရောက်တဲ့ အခါတိုင်းမှာ မိဘ များရဲ့ ကြိုးမားတဲ့ မေတ္တာ၊ ကရုဏာကို ခံစားမိသလို ချိုသာတဲ့ ဓမ္မသံစဉ်လေးကိုလည်း ပြန်လည် ထိတွေ့ခွင့်ရပါတယ်။

ကျွန်တော် နောက်ဆုံးနှစ် ဆေးကျောင်းသား ဘဝမှာ ဖခင်မှ ပဋ္ဌာန်း တရားတော်ကို ရှင်းပြပြီး နှုတ်တိုက် သင်ပေး ခဲ့ပါတယ်။ ကျွန်တော့်ဘဝရဲ့ လက်ဦးဆရာလည်း ဖြစ်တဲ့ ကျေးဇူးရှင် ဖခင်မှာ ၂၀၀၈–ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နာတာရှည် သွေးကင်ဆာကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်း သွားခဲ့ပါတယ်။ ဖခင်ကို ရည်မှန်းပြီး နယ်ယာဂရ ပဋ္ဌာန်း တရားတော်ကို အကျယ်တဝင့် ရေးဖြစ်ခဲ့ပါတယ်။

ဗုဒ္ဓ၏တရားဦး ဓမ္မစကြာကိုလည်း စာဖတ်ပရိသတ်များကို နားလည် လွယ်စေမယ့် ပုံစံမျိုးနဲ့ ဆက်လက် ရေးသားဖို့ မိခင်မှ


အကြံပေးခဲ့ပါတယ်။ မိခင်ရဲ့ အားပေးမှုများကြောင့် သစ္စာ ကို ရေးဖြစ် သွားပါတယ်။ သစ္စာကို ရေးနေဆဲ မိခင်ဖြစ်သူမှာ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့က အသည်းကင်ဆာ နှင့် ကွယ်လွန်သွားခဲ့ပါတယ်။

သစ္စာ ကို ဖတ်ပြတဲ့အခါ စာဖတ်သူများအားလုံး အစိုး မရတဲ့ လောကကြီးမှာ သတိနဲ့ အတူရှိနေတဲ့ စိတ်၊ တည်ငြိမ် အေးချမ်းတဲ့ စိတ်နဲ့ တရားရှုမှတ် ပွားများပြီး ဘဝမှာ အကောင်း ဆုံး နေသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။

မေတ္တာရည်၍

စိန်လင်း

ခွဲစိတ်နှင့်ကင်ဆာပါရဂူ


LEC

(၁)

'ခရီးတစ်ခုရဲ့အစ'

၁၉၉၉ခုနှစ်၊ ဇွန်လနှောင်းပိုင်း ရက်ကလေးတွေဟာ ကျွန်တော့် ဘဝရဲ့ တစ်ဆစ်ချိုး ကာလလေး ဖြစ်ပါတယ်။ အဲဒီအချိန်က ကျွန်တော်ဟာ ရန်ကုန်မြို့မှာ ခွဲစိတ်နှင့်ကင်ဆာ ပါရဂူ အဖြစ် တာဝန် ထမ်းဆောင် နေပါတယ်။ ပင်မတာဝန် ဖြစ်သော ခွဲစိတ် ကုသမှုများ သာမက နောက်ဆုံးနှစ် ဆေးတက္ကသိုလ် ကျောင်းသားများ၊ မဟာသိပ္ပံ ဘွဲ့လွန် သင်တန်း သားများ အတွက် စာသင်ကြားရေးနဲ့ စာမေးပွဲ စစ်ဆေးခြင်း များကိုပါ ဆောင်ရွက် ပေးရပါတယ်။ ကျွန်တော့် အတွက် နံနက်မိုးသောက်မှ ညနေအိပ်ယာ ဝင်သည်အထိ စက္ကန့် နာရီ ကလေးများ ရွေ့လျားသွားတာ မြန်လှသလို ကိုယ်ပိုင် အချိန်လည်း အလွန်နည်းပါး လှပါတယ်။

မိုးပုလဲများ သဲသဲမဲမဲရွာနေတဲ့ ဇွန်လနှောင်းရဲ့ တစ်ခုသောရက် မှာ ရုတ်တရက် သွေးအန်ပြီး ရောက်လာသော ဆရာကြီး မြင့်ကြည်၏ဇနီး ဒေါ်အေးအေးညွှန့်အတွက် ကျွန်တော်အရေးပေါ် ခွဲခန်းဝင်ရပါတယ်။ သူမမှာ စမ်းသပ်မှုများအရ အစာအိမ် ကင်ဆာရှိ အနာမှ သွေးယိုနေကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့ အစာအိမ်ရဲ့ ကင်ဆာဖြစ်နေတဲ့အပိုင်းကို ဖြတ်ထုတ်ပြီး ကောင်းမွန်တဲ့ အစာအိမ်ရဲ့ အပိုင်းနဲ့ အူကို ပြန်လည်ဆက်ပေး

ရတဲ့ ခွဲစိတ် ကုသမှု *'Partial gastrectomy and Gastro-jejunostomy'* ကို ဆောင်ရွက်ပေး ရပါတယ်။

ကျွန်တော် ခွဲခန်း ဝင်နေချိန်မှာပင် အထက်ဌာနမှ စစ်တွေမြို့မှာ အသစ်ဖွင့်လှစ်မည့် ဆေးရုံတွင် ခွဲစိတ် ပါရဂူ အဖြစ် သွားရောက် တာဝန်ထမ်းဆောင်ရန် အကြောင်းကြား ခြင်းကို လက်ခံ ရရှိပါတယ်။

တစ်ပါတ်အတွင်းမှာ ကျွန်တော်လည်း မိမိစုဆောင်းထားတဲ့ ခွဲစိတ်ခန်းသုံး ပစ္စည်းများနှင့် ဖတ်ရှုလိုသော စာအုပ်များကို ထုပ်ပိုးပြီး စစ်တွေမြို့သို့ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ပါတယ်။ ခရီးမထွက်မီ အဖေနဲ့ အမေကို သွားကန်တော့တော့ 'ငါ့သားကြီး ရွှင်လန်းချမ်းမြေ့ပြီး လိုရာဆန္ဒတွေ ပြည့်ဝပါစေလို့ ...' မိဘများမှ ဆုတောင်း ပေးပါတယ်။

ကျွန်တော့် ဖခင် ဆရာ ဦးစိုးလင်း (ဂုဏ်ထူးဆောင်ကထိက နိုင်ငံတကာဆက်ဆံရေးဌာန) မိခင် ဒေါ်မြင့်မြင့်သန်း တို့မှာ လက်ဦး ဆရာများသာမက ဘာသာတရားနှင့် ပတ်သက်လို့ အခြေခံကောင်းများကို သွန်သင်လမ်းညွှန် ပေးခဲ့သူများ ဖြစ်ပါတယ်။

ရန်ကုန်လေဆိပ်မှ လေယာဉ်စထွက်ပြီး မကြာမီ အပြောကျယ်လှတဲ့ ပင်လယ်ပြင်ကြီး နဲ့ အထပ်လိုက် ဖြစ်နေပြီး ရွှေလျားနေတဲ့ တိမ်လွှာလေးတွေကိုလည်း တွေ့လိုက်ရပါတယ်။

စစ်တွေခရိုးမှာ ကျွန်တော် ရည်မှန်းထားတာ တစ်ခုရှိပါတယ်။ ဒါကတော့ ဒဿနသမိုင်းမှာ ထင်ရှားတဲ့ အတွေး အခေါ်ပညာရှင်များရဲ့ သစ္စာ ကို ရှာဖွေတာနဲ့ မြတ်စွာဘုရားရှင် ဟောကြားတဲ့ တရားဦး ဓမ္မစကြာကို ရှင်းရှင်းလင်းလင်း နားလည်အောင် လေ့လာဖို့ ဖြစ်ပါတယ်။

ရန်ကုန်မှာ ဆွေမျိုး မိတ်သင်္ဂဟတွေရဲ့ လူမှုရေး တာဝန်များ၊ ခွဲစိတ် ကုသမှုများနဲ့ စာပေသင်ကြားမှုများကြောင့် အချိန် နည်းပါးတဲ့ ကျွန်တော့်အဖို့ စစ်တွေမှာ နေနိုင်သမျှ ကာလအတွင်း ရည်မှန်း ထားတာများကို လုပ်နိုင်ဖို့ အခွင့်အရေး ရလာမယ် လို့လည်း မျှော်လင့် မိပါတယ်။

စစ်တွေလေဆိပ်ကို လေယာဉ်ဆိုက်တော့ ရာသီဥတုက ကြည်လင်နေပြီး နေသာနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော့် မိတ်ဆွေ ကိုထွန်းဇော် လာကြိုတဲ့ကားနဲ့ တာဝန်ထမ်း ဆောင်ရမယ့် ဆေးရုံသို့ ထွက်လာခဲ့ပါတယ်။

ဆေးရုံဟာ မြို့နဲ့ အတော်လှမ်းတဲ့ ရေချမ်းပြင်ဘက် သွားတဲ့လမ်းမှာရှိပြီး လမ်းဘေးဝဲယာမှာ မြရည်စိမ်းနေသော စပါးခင်းများ၊ စိုက်ခင်းများနှင့် စိုစိုပြေပြေ ရှိတာကို တွေ့ရ ပါတယ်။ ဂျစ်ကားလေးနဲ့ လိုက်လာရတော့ တိုက်ခတ်တဲ့ လေဟာလည်း အေးမြပြီး အထူး လတ်ဆတ်သန့်ရှင်းတာကို သတိထား မိလိုက်ပါတယ်။ စစ်တွေ-ရေချမ်းပြင်လမ်းမှ

ဆေးရုံဝင်းထဲသို့ (၄)ဖာလုံခန့် ထပ်မံ ဝင်ရောက်ရပါတယ်။ ရောက်ရောက်ချင်း ဆေးရုံဝင်းထိပ်က ဆေးရုံအုပ်ကြီးအိမ်ကို အရင်ဝင်လိုက်ပါတယ်။

ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဘိုကို သတင်းပို့တော့ အရာရှိတိုက်အိမ်များမှာ ဆောက်လက်စမို့ ခွဲစိတ်ကုသဆောင်ရှိရုံးခန်းနှင့်တွဲလျက် အခန်းမှာ နေထိုင်ဖို့ စီစဉ်ပေးပါတယ်။ ကျွန်တော် ရောက်လာတဲ့အတွက် ဝမ်းမြောက်ကြောင်းနှင့် အလုပ်ကို ကြိုးစား လုပ်ပေးဖို့ မှာပါတယ်။ ဆေးရုံအုပ်ကြီးမှာ အတွေ့အကြုံ ရင့်ကျက်သော ဆရာဝန်ကြီးဖြစ်ပြီး ငယ်စဉ်က ခွဲစိတ်ကုသမှု တော်တော်များများကို ကိုယ်တိုင် လုပ်ခဲ့ဖူးသူ ဖြစ်ပါတယ်။

အဲဒီမှတဆင့် ကျွန်တော် တာဝန်ထမ်းဆောင် ရမယ့် ဆေးရုံကို သွားလိုက်ပါတယ်။ ဆေးရုံဟာ လှပတဲ့ တစ်ထပ် အဆောက်အဦများဖြင့် ဖွဲ့စည်းထားပြီး ဆောက်လုပ်ပြီးစီးတာ မကြာသေးတာမို့ သစ်လွင်နုပျိုလို့ နေပါတယ်။ အဆောက်အဦကို ဆေးအစိမ်းနုရောင် သုတ်ထားပြီး အုတ်ကျွတ်အမိုးတွေက အစိမ်းရင့်ရောင်မို့ မျက်စိပသာဒ ဖြစ်လှပါတယ်။

ဆင်ဝင်အောက် ရောက်တဲ့အခါ ကျွန်တော့်ကို မှတ်ပုံတင်မှူး ကိုကျော်စိုးဝင်း၊ ဆေးကုသမှုပါရဂူ မသင်းနဲ့ သူနာပြု အရာရှိများဖြစ်တဲ့ တင်တင်ခိုင်၊ မစန္ဒာ၊ ယဉ်ယဉ်ထွန်းတို့က ဖေါ်ရွေစွာ

ကြိုဆိုနှုတ်ဆက် ကြပါတယ်။ အတူလက်တွဲပြီး လုပ်ကြရမယ့် လုပ်ဖော်ကိုင်ဖက်တွေဖြစ်လို့ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်ပြီး မကြာခင်မှာ ခင်မင်ရင်းနှီး သွားကြပါတယ်။ ကျွန်တော့် အိတ်နဲ့ သေတ္တာတွေကိုလည်း ဆရာကျော်မြင့်နဲ့ သူနာပြုလေးများက သယ်ပြီး ရုံးခန်းကို လိုက်ပို့ပေးကြပါတယ်။

ကျွန်တော့်အတွက် ရရှိသော အခန်းနှစ်ခန်းမှာ တစ်ခန်းကို ရုံးခန်းဖွင့်ဖို့ ပြင်ဆင်ပြီး ကပ်လျက် အခန်းငယ်တစ်ခုကို အိပ်ခန်း လုပ်ရပါတယ်။ ကျွန်တော့်ကို ကူညီ လုပ်ကိုင်ပေးဖို့ ခွဲစိတ် ခန်းမကြီးက မောင်အေးမြင့်ကို ခေါ်ထား လိုက်ပါတယ်။

နောက်နေ့များမှစပြီး ခွဲစိတ်ခန်းမကြီးမှာ အသင့်ခွဲနိုင်အောင် အရင် ရောက်နှင့်နေတဲ့ ခွဲစိတ်လက်ထောက် ဆရာကြီး ဖေသိန်း၊ ဆရာကျော်မြင့်၊ သူနာပြုအရာရှိ မစန္ဒာ တို့နဲ့ ပိုးသတ်ခြင်း၊ ခွဲစိတ်ခန်းသုံး ပစ္စည်းများ စုဆောင်းခြင်း၊ အရေးပေါ် အောက်စီဂျင်နှင့် ချဲစုပ်စက်များ၊ မီးစက်များကို နေရာချထား ပြင်ဆင် ဆောင်ရွက်ရပါတယ်။ ခွဲစိတ်ခန်းသုံး ကုတင်များ၊ မျက်နှာကြက်မီးနှင့် မေ့ဆေးပေးစက် များဟာလည်း အသစ် စက်စက်များ ဖြစ်ပြီး *function* ကောင်းကောင်း လုပ်နိုင်တာကို တွေ့ရပါတယ်။

ကျွန်တော့်အတွက် ရခိုင်ပြည်နယ်ကို ပထမဦးဆုံး ရောက်ရှိ ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ရာသီဥတုက ရန်ကုန်နှင့် သိပ်မကွာလှ

ပေမယ့် မိုးပိုများပြီး ဆောင်းတွင်းမှာ အနည်းငယ် အအေး ပိုပါတယ်။ ညဖက် အိပ်ရာဝင်ချိန်မှာ ပင်လယ် ကမ်းစပ်မှ လှိုင်းပုတ်သံနှင့် တစ်ဝေါဝေါ အော်မြည်နေတဲ့ ဒီရေ တက်သံ တွေ့လည်း ကြားနေရပါတယ်။

စနေ၊ တနင်္ဂနွေလို ရက်များမှာ စစ်တွေ မြို့မစျေး၊ ဆိပ်ကမ်း၊ မြို့ရဲ့အလှပဆုံးနေရာဖြစ်တဲ့ *View point*၊ တန်ခိုးကြီး ဘုရားများ ဖြစ်တဲ့ မဟာမြတ်မုနိ၊ လောကနန္ဒာ၊ အဓိဋ္ဌာန် ဆရာတော် ပြန်လည်မွမ်းမံခဲ့သော ရှေးဟောင်းဘုရားများသို့လည်း ကျွန်တော် ရောက်ရှိခဲ့ပါတယ်။ တန်ခိုးကြီးဘုရားများမှာ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်း၊ တရားရှုမှတ် ခြင်းနှင့် အချိန်ရပါက ဖခင်အမြဲရွတ်ဆို လေ့ရှိသော *'ဒီဝါတပတိ အာဒိစ္စော'* အစချီတဲ့ သဗ္ဗဒေယ မင်္ဂလာဂါထာကို ပုတီးစိပ်ဖြစ်ပါတယ်။

ဆေးရုံ စဖွင့်ဖို့ တစ်ရက်အလိုမှာ မှတ်မှတ်ရရ လူနာတစ်ဦးကို အရေးပေါ် ခွဲစိတ်ပေးလိုက် ရပါတယ်။ အဲဒီည ရှစ်နာရီ လောက်က ပုဇွန်းကျွန်းဖက်က အမျိုးသမီးတစ်ဦး ဗိုက်အရမ်း အောင့်လို့ ရောက်လာပါတယ်။ မသင်းက ဦးစွာ စမ်းသပ်ကြည့်ရှု ပြီး-

'အစ်ကိုရေ ... ဒီလူနာ မအေးဝင်းကို အူအတက်ရောင်တာ နဲ့ တူတယ်ဆိုပြီး ဆေးခန်းတစ်ခုကနေ ပို့လိုက်တာပါ၊ လူနာက အသက် ၃၂ နှစ်၊ သုံးနှစ်အရွယ် ကလေး တစ်ယောက် ရှိတယ်၊

ဒါပေမဲ့ ညီမ မေးကြည့်တော့ အခု ရာသီမလာတာ နှစ်ပတ်ကျော်နေပြီ၊ ဗိုက်ထဲမှာ သွေးယိုစီးတဲ့ လက္ခဏာ ရှိသလို သွေးပေါင်ကအပေါ်သွေး ၈၀ အောက်သွေး ၆၀ ပဲရှိတယ်'

ကျွန်တော် သွားရောက် ကြည့်ရှုတဲ့အခါ လူနာဟာ ဖြူဖတ်ဖြူရော် ဖြစ်နေပြီး နာကျင်တဲ့ နေရာက ညာဘက် ဝမ်းဗိုက်အောက်ပိုင်းနဲ့ ဆီးစပ်အပေါ်ပိုင်းမှာ ရှိပါတယ်။ သွေးခုန်နှုန်းက တစ်မိနစ်မှာ ၁၁၀ လောက်ရှိပြီး အန်ပြီး ဖျာတာမျိုးလည်း မရှိပါဘူး။ အူအတက်ရောင်တာနဲ့ မတူလှတဲ့ အတွက် ကျွန်တော်တို့ *Ultrasound* နဲ့ စစ်ဆေး ကြည့်လိုက်တော့ ဝမ်းဗိုက်အောက်ပိုင်းမှာ အရည်တွေ စုနေတာကို တွေ့ရပါတယ်။ လူနာမအေးဝင်းရဲ့ ဆီးကို စမ်းသပ် စစ်ဆေးတဲ့ အခါမှာလည်း *Urine for UCG positive* ဖြစ်နေလို့ ကိုယ်ဝန် ရှိနေပါတယ်။

ဒါကြောင့်မို့ ကျွန်တော်က 'ညီမ ယူဆသလို အူအတက် ရှိတဲ့နေရာက နာတယ် ဆိုပေမယ့် *Appendicitis* နဲ့ မတူလှဘူး။ သားဥပြွန်မှာ သန္ဓေတည်ပြီး ဖြစ်တဲ့ *Ruptured Ectopic Pregnancy* ဖြစ်ဖို့များတယ်'

'ဒါဆို ညီမတို့ သွေးရှာပြီး အရေးပေါ် ခွဲဖို့ ပြင်ရမှာပေါ့'

ကံအားလျော်စွာ လူနာရဲ့ သွေးအုပ်စုက အို ဖြစ်နေလို့ သွေးလှူရှင် အလွယ်အကူ ရှာလို့ရပါတယ်။ ကျွန်တော်တို့ သွေးရရှိတာနဲ့ ခွဲစိတ်ခန်းမထဲကို သွင်းပြီး အရေးပေါ် ခွဲပေး

လိုက်ပါတယ်။ ကျွန်တော်တို့ ထင်မြင် ယူဆသလို သားဉပြွန်မှာ ပုံမှန်မဟုတ်ဘဲ သန္ဓေတည်နေတဲ့ အိတ်ကလေးက ပေါက်ထွက်ပြီး သွေးယိုစီးနေတာ ဖြစ်ပါတယ်။

ခွဲစိတ်ကုသမှု ပြီးတဲ့အခါ သွေးပေါင်ချိန်လည်း ပြန်တက်လာပြီး လူနာလည်း ပုံမှန် အခြေအနေသို့ ပြန်လည် ရောက်ရှိသွားပါတယ်။

နောက်တစ်နေ့ နံနက် ခြောက်နာရီမှာ ဆေးရုံဖွင့်ပွဲ အခမ်းအနား ကျင်းပပါတယ်။ ဆေးရုံအုပ်ကြီးမှ ဦးဆောင်ပြီး ဘုန်းတော်ကြီးများကို အရုဏ်ဆွမ်းနှင့် သင်္ကန်း၊ ပရိက္ခရာ၊ ဆေးစတဲ့ လှူဖွယ် ဝတ္ထုများ ကပ်လှူပါတယ်။ ဆရာတော် များမှလည်း အနုရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်ပေးပါတယ်။ ဆေးရုံဖွင့်ပွဲ တက်ရောက်တဲ့ စစ်ဘက်၊ နယ်ဘက်မှ ဧည့်သည်တော်များကိုလည်း မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါတယ်။

ဆေးရုံစတင် ဖွင့်လှစ်တဲ့ စက်တင်ဘာလ ၁ ရက်နေ့မှာ ကျွန်တော်နှင့်အတူ ဆေးကုသမှုပါရှု မသင်းသင်း၊ ရောဂါဗေဒပါရှု မအေးအေးမြင့်နှင့် သွားဖက်ဆိုင်ရာပါရှု ကိုညီညီတို့သာ ရှိနေပါတယ်။ နောက်ပိုင်းလများမှာ ကျွန်တော်နှင့် မသင်းသာ ကျန်ခဲ့ပြီး ရောဂါဗေဒနှင့် မီးယပ်သားဖွား ပါရှုများကို အလှည့်ကျ ရန်ကုန်မှ စေလွှတ်ပေးပါတယ်။ ဒါကြောင့်မို့

ကျွန်တော်က ပြင်ပလူနာများကို ကူညီ ကြည့်ရှုပေးရသလို ခွဲစိတ်ခန်းကိုလည်း အင်္ဂါနှင့်သောကြာ နေ့များတွင် ပုံမှန် ခွဲစိတ်မှုများ ဆောင်ရွက် ပေးပါတယ်။

မေ့ဆေးဆရာဝန် မရောက်ရှိသေးလို့ ကိုယ်တိုင် ထုံဆေး ထိုးရပြီး အရေးပေါ် မေ့ဆေးပေးရမယ် ဆိုလျှင် အတွေ့အကြုံ ရှိသော ဆရာကြီး ဖေသိန်းမှ *Ether* ဖြင့် မေ့ဆေး ပေးပါတယ်။ *Major operation* များ လုပ်ဖြစ်ပါက မသင်းသင်းမှ *assistant* အနေဖြင့် ဆောင်ရွက် ပေးပါတယ်။

တပ်မတော်ဆေးတက္ကသိုလ် ဖွင့်လှစ်နေစဉ် ကာလဖြစ်လို့ ဆေးရုံမှာ အမ်ဘီဘီအက်စ်ဘွဲ့ရ ဆေးမှူးများ မရှိသေးဘဲ ပါရဂူ(၃)ဦး၊ သူနာပြု အရာရှိ(၃)ဦးနှင့်သာ လည်ပတ်နေရ ပါတယ်။ ကျွန်တော်က ခွဲစိတ်ကုသဆောင်နှင့် ဆေးကုသဆောင်၊ မသင်းသင်းက ပြင်ပလူနာဌာန၊ မအေးအေးက အမျိုးသမီးနှင့် ကလေးဆောင်ကို တာဝန်ယူ ကြပါတယ်။

မိသားစုများမှာ ရန်ကုန်မြို့၌ နေထိုင်ကြပြီး ဝေးလံသော နေရာတွင် လာရောက် လုပ်ကိုင်ကြရလို့ အားလုံးမှာ အချိန်တို ကာလအတွင်း မောင်နှမ ရင်းခြာပမာ ခင်မင်ရင်းနှီး သွားခဲ့ပါတယ်။ မီးယပ်သားဖွားပါရဂူ အမြဲမရှိသေးလို့ တစ်ခါတစ်ရံ ရိုးရိုး မမွေးနိုင်ပါက ကိုယ်တိုင် အရေးပေါ် ခွဲစိတ်ကုသပြီး ကလေး မွေးဖွားရခြင်း များလည်း ရှိပါတယ်။

ညနေပိုင်းမှာ ဆေးရုံအုပ်ကြီးမှ စုစည်းညီညွတ်မှုရှိအောင် စနေ၊ တနင်္ဂနွေနေ့များတွင် အမျိုးသား ဆရာဝန်နှင့် သူနာပြုများ အားလုံး ဘောလုံးကန်ကြပါတယ်။ ကျွန်တော် လည်း အရေးပေါ် ခွဲခန်းမရှိက ကျန်းမာရေးအတွက် ဘောလုံးကန် ဖြစ်ပါတယ်။

တနလ်ာမှ သောကြာနေ့အထိ အရေးပေါ် ခွဲစိတ်မှုများ မရှိပါက ရေချမ်းပြင်ဘက် လမ်းလျှောက် ထွက်ရင်း သဗ္ဗဒ္ဒေ ဂါထာတော်ကို ပုတီး(၁၀)ပတ် ပြည့်အောင် စိပ်ဖြစ်ပါတယ်။ တစ်ပတ်ကို (၁၅)မိနစ်ခန့်ကြာတော့ နှစ်နာရီခွဲ လောက် အချိန်ပေး လမ်းလျှောက် ဖြစ်ပါတယ်။ ကျွန်တော် ခုနှစ်နှစ်သား အရွယ်မှာ ဖခင် ကိုယ်တိုင် နှုတ်တိုက် သင်ပေးထားခဲ့ပြီး ယခုထိ စွဲစွဲမြဲမြဲ ရွတ်ဆိုဆဲ ဖြစ်ပါတယ်။

ညပိုင်းမှာ ရန်ကုန်မှ သယ်လာသော စာအုပ်များကို ဖတ်ရှုရင်း သစ္စာ ကို ရှာဖွေခဲ့တဲ့ အတွေးအခေါ် ပညာရှင်များရဲ့ အယူ အဆများ၊ ဘာသာကြီး လေးခုရဲ့ အနှစ်သာရ များနဲ့ အဓိပ္ပါယ် ရှိသော ဘဝရဲ့ ပန်းတိုင်ဟာ ဘယ်လိုမျိုး ဆိုတာကို သိချင်စိတ် များ ပြင်းပြလာခဲ့ပါတယ်။

'သစ္စာ' ရှာပုံတော်မှာ ကျွန်တော် ပထမဦးဆုံး လေ့လာခဲ့ တာက အနောက်တိုင်း ဒဿနပညာရှင်များရဲ့ လောကရဲ့သဘာဝ အမှန်တရား ရှာဖွေခြင်း ဖြစ်ပါတယ်။

ညစဉ် ဖတ်ရှုလေ့လာရင်း ကျွန်တော့် အတွေးများ၊ အာရုံများ

ဟာ တစ်ခါက အတွေးအခေါ် ပညာရှင်များ စတင် ထွန်းကား ခဲ့တဲ့ ခေါမတိုင်းသို့ ရောက်သွားခဲ့ပါတယ် -

(၂)

ခေါမတိုင်းမှ အစပြု၍

သဘာဝလောကကြီးနဲ့ ဘဝသစ္စာကို လေ့လာတဲ့ အတွေး အခေါ် ပညာရှင်များဟာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က *ဂရိ* ခေါ်သော ခေါမတိုင်းသား*တို့*ရဲ့ မွေးရပ်မြေဖြစ်တဲ့ *မိုင်လေး တပ်စ်မြို့လေး 'Miletus'* မှာ စတင် ပေါ်ထွန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီ အချိန်က ကျွန်တော်တို့အရှေ့တိုင်းမှာ ဗုဒ္ဓနှင့် ခေတ်ပြိုင် ဒဿန ဂိုဏ်းများ ပေါ်ထွန်းနေတဲ့အခါလည်း ဖြစ်ပါတယ်။

ခေါမတိုင်းဆိုတဲ့ ဂရိနိုင်ငံဟာ မြေထဲပင်လယ်အရှေ့ဘက်၊ ဘောလကန်ကျွန်းဆွယ်ရဲ့ တောင်ဘက်အစွန်းမှာ တည်ရှိပြီး ဥရောပ၊ အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်း*တို့* ဖြတ်သန်းရာ လမ်းကြောင်းပေါ်မှာ ရှိပါတယ်။ မြောက်ဘက်ဟာ တောင် ထူထပ်သော အတွင်းပိုင်းတွင်ရှိပြီး တောင်ဘက်မှာ ကမ်းခြေ အထစ်ထစ်နှင့်အတူ ကျွန်းပေါင်းများစွာ ရှိပါတယ်။

နေလည်း အမြဲလိုလိုသာပြီး အနှစ်သုံးထောင် မှတ်ကျောက် တင် သမိုင်း နှင့်လည်း ပြည့်ဝနေလို့ ကမ္ဘာလှည့် ခရီးလုပ်ငန်းမှ နိုင်ငံခြားငွေ အများဆုံး ရရှိသော နိုင်ငံဖြစ်ပါတယ်။

ခေါမ ယဉ်ကျေးမှုဟာ ခရစ်မတိုင်မီ သက္ကရာဇ်ငါးရာစု

နှစ်အတွင်းက အထွတ်အထိပ်သို့ ရောက်ခဲ့ပါတယ်။ ဒုတိယရာစု နှစ် အလယ်ပိုင်းရောက်တဲ့အခါ ခေါမဟာ ရောမရဲ့နယ်တစ်နယ် အဆင့်သို့ ကျဆင်းသွားခဲ့ပါတယ်။ ပညာတတ် ခေါမတို့ဟာ ကျွန်သဘောက်အဖြစ် ရောမ လူကြီးလူကောင်းတို့ရဲ့ သားသမီး တို့ကို ပညာသင်ပေးသူတွေ ဖြစ်လာပါတယ်။ ဒါကြောင့်မို့ ဥရောပ အင်အားကြီးနိုင်ငံတို့ရဲ့ လက်အောက်သို့ ကျရောက် ခဲ့သော အာရှလူမျိုးတို့က *'ကျွပ်တို့ဟာ ရောမမြို့က ခေါမကျွန် တွေလို ခံစားရတယ်'* လို့ဆိုစမှတ် ပြုကြပါတယ်။

ခေါမဟာ ၁၃-ရာစုနှစ်အထိ အရှေ့ရောမ အင်ပါယာ အတွင်း၌ ရှိနေပြီး ၁၅-ရာစုနှစ် အလယ်ပိုင်းမှာ အော်တိုမင်အင် ပါယာ *'Ottoman Empire'* ခေါ် တူရကီတို့ လက်အောက်သို့ ကျရောက် သွားပါတယ်။ ၁၉-ရာစုနှစ်အစပိုင်းကျမှ တူရကီတို့ လက်အောက်မှ ရုံးကန်လွတ်မြောက်ခဲ့ပြီး ယင်းသူပုန် ထကြွမှု တွင် အင်္ဂလိပ် ကဗျာဆရာ *Lord Byron* ပါဝင်နေလို့ အတော် လူသိများ သွားခဲ့ပါတယ်။

နှင်းဆီကျွန်း *'Island of Roses'*၊ နေမင်းဓာတ်ကြင်ယာလောင်း *'Bride of the Sun'* စသည်ဖြင့် တေးဖွဲ့ ရလောက်အောင် ဂရိ နယ်မြေနှင့် ကျွန်းများရဲ့ သဘာဝအလှကို ခေါမ တိုင်းသူ ပြည်သား တို့ ယှဉ်နိုင်ပုံ ရတယ်လို့လည်း ယူဆရပါတယ်။

ဂရိနိုင်ငံ အေသင်မြို့တော်ရဲ့ *Acropolis* ကျောက်တောင်ပေါ်

မှ *Pathenon temple* ရဲ့ ခန့်ညားဝင့်ထည်နေမှုဟာ ရုန်ကုန်မြို့ သိဂုတ္တရကုန်းပေါ်က ရွှေရောင်ဝင်းလက်နေတဲ့ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်ကြီး ကြည်ညိုဖွယ်ရာ ကောင်းသလို ဖြစ်နေပါတယ်။

ကမ္ဘာ့သမိုင်းမှာ ပထမဦးဆုံး အိုလံပစ်ပြိုင်ပွဲ ကျင်းပခဲ့သော ကစားကွင်းဟာ အေသင်မှ မိုင် ၂၀၀ ကွာဝေးသော *Olympia* မှာတည်ရှိပါတယ်။ ဒါပေမဲ့ ခေတ်သစ် ၂၀ ရာစုနှစ် အစပိုင်းတွင် ကျင်းပသော အိုလံပစ်ပြိုင်ပွဲ ကွင်းကတော့ အေသင်မြို့တော်မှာ ရှိပါတယ်။

Oracle of Phithiya ဖြစ်ပေါ်ရာ ကမ္ဘာကျော် *Delphi, Temple of Appolo* ၊ ကမ္ဘာ့ ရှေးအကျဆုံး လဟာပြင်ဇာတ်ပွဲရုံ၊ ကစားကွင်းနှင့် *Sanctuary of Athena Pronia* တို့ကို *Mount Parnassus* တောင်စောင်းမှာ တွေ့နိုင်ပါတယ်။

ရှေးဦး ဂရိအတွေးအခေါ် ပညာရှင်များ 'Pioneer Greek Philosophers' များဟာ ပင်လယ် ကမ်းရိုးတန်း မြို့ကလေး ဖြစ်သော မိုင်လေးတပ်စ်မြို့မှာ သန္ဓေတည် အစပြုခဲ့ပြီး သူတို့ထဲမှာ ထင်ရှားသူက ***သေးလိစ်*** *'Thales' (BC 625-545)* ဖြစ်ပါတယ်။ သူ့ရဲ့ မိဘများမှာ ကြွယ်ဝသော ကုန်သည်များဖြစ်သလို ကိုယ်တိုင်ကလည်း ကုန်စည် ကူးသန်းရောင်းဝယ်ခဲ့သူ ဖြစ်ပါ တယ်။ စီးပွားရေး ပြည့်စုံသူဖြစ်လို့ မိမိဝါသနာပါသော

အတွေး အခေါ် ပညာရပ်မှာ အချိန်ယူ တွေးခေါ်နိုင်ခဲ့ပါတယ်။

သူဟာ ကုန်သည်ဘဝနှင့် စီးပွားရေးလောကမှာ ကျင်လည် နေရသူဖြစ်လို့ လူမှုဆက်ဆံရေး ကောင်းမွန်ပြီး နိုင်ငံရေး၊ နက္ခတ်ဗေဒနှင့် ဒဿနနယ်ပယ်မှာ စိတ်ဝင်စားစွာ လုပ်ဆောင် အောင်မြင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သေးလိစ်ဟာ အတွေးအခေါ်ရှင် အဖြစ်သာမက သခ်ၤာပညာရှင်နှင့် နိုင်ငံရေး သမားအဖြစ်လည်း ထင်ရှား ခဲ့ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ အတွေးအခေါ်များ ထင်ရှား လာခဲ့ရခြင်းမှာ နက်နဲလွန်းလို့ မဟုတ်ဘဲ ရှေးက ဂရိအယူအဆများကို သွေဖီပြီး ရပ်လောကကို အခြေစိုက်ကာ သိပ္ပံနည်းကျ တွေးမြင်လာသောကြောင့် ဖြစ်ပါတယ်။

ရှေးဂရိ လူမျိုးတို့ဟာ အိုလံပီယာ နတ်ဘုရား များကို ယုံကြည် ကိုးကွယ်ကြပြီး ထိုနတ်အပေါင်းတို့ရဲ့ အရှင်သခင်ဟာ *'Zeus'* နတ်မင်းကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ *'Zeus'* ဟာလည်း အကြွင်းမဲ့ တန်ခိုးတော် အရှင်မဟုတ်ဘဲ ကြမ္မာတရား တစ်ခုက စိုးမိုးချုပ်ကိုင် ထားတယ်လို့ ယုံကြည်ကြပါတယ်။ ထို ကြမ္မာ တရားကို *မွိုင်းယပ်ကြမ္မာ* လို့ ခေါ်ပြီး ဂရိလူမျိုးတို့က ထိုကြမ္မာကို မည်သူမျှ မလွန်ဆန်နိုင်ပါဘူးလို့ ယုံကြည် ကြပါတယ်။ ဒီအချက်ကို ထောက်ရှုခြင်းအားဖြင့် ဂရိတို့ရဲ့ တွေးခေါ်မျော်မြင်မှုဟာ အလွန်စနစ်ကျပြီး ကွဲပြား ခြားနားနေသော အရာများရဲ့ နောက်

ကွယ်မှာ တစ်ခုတည်းသော ထာဝရ အမှန်တရားက မျှပ်ကိုင်ထားတယ်လို့ ရှုမြင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။

အထက်ပါ အတွေးအမြင်များဟာ သေးလိမ်ကိုလည်း လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်မို့ သူဟာ သဘာဝတရားကိုရှုမြင်တဲ့အခါမှာ အရာခပ်သိမ်းဟာ မည်သို့ပင် ကွဲပြားခြားနားစေကာမူ အဆုံးစွန်၌ တစ်ခုတည်းသော *ထာဝရအခြေခံတရား 'Eternal Substance'* ရှိရမယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ သူက ရှေးဂရိ အတွေးအခေါ်ရှင်များလို ထာဝရ အခြေခံတရားဟာ နတ်ဘုရားများ ဖြစ်တယ်လို့ ယုတ္တိမဲ့သော အဖြေကို *မပေးဘဲ ရှောတ်ကသာ အရာခပ်သိမ်းရဲ့ အခြေခံ မဟာဘုတ်ခါတ် 'Basic Great Element'* ဖြစ်တယ်လို့ ဖေါ်ထုတ်ခဲ့ပါတယ်။

သူက လူဟာ စကြာဝဠာ *'Universe'* ရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သလို လူအပါအဝင် သက်ရှိသက်မဲ့ အရာခပ်သိမ်းဟာ ရေမှဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် ရေ အဖြစ်သို့သာ ပြန်လည် ရောက်ရှိသွားတယ်လို့ ဆိုပါတယ်။ သူ့အဆိုအရ ရေခါတ်ဟာ ပြောင်းလဲ ပျက်ဆီးခြင်းမရှိဘဲ ထာဝရ တည်မြဲနေတယ်လို့ ယူဆပေမယ့် လောကမှာရှိသော သက်ရှိ သက်မဲ့ မှန်သမျှဟာ ရေမှ မည်သို့ ဖြစ်ပေါ်လာတယ် ဆိုတာကို သေးလိမ်က အသေးစိတ် ရှင်းပြမထားပါဘူး။

ဒါပေမဲ့ သူဟာ စကြဝဠာရဲ့ အစကို စူးစမ်း ရှာဖွေခဲ့သလို ဆင်ခြင်စဉ်းစားရာမှာလည်း သက်ရှိသက်မဲ့ အရာ ခပ်သိမ်းဟာ တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲဖြစ်ပေါ်နေတဲ့ *'Transformation process'* သဘောကို ရှုမြင် နားလည်ခဲ့ကြောင်း တွေ့ရပါတယ်။

သူက သဘာဝတရားကို ရှင်သန် လှုပ်ရှားနေသော လောက အဖြစ် ရှုမြင်ခဲ့သလို ဒီလို ပြောင်းလဲနေသော လောကရဲ့နောက်မှာ မပြောင်းလဲသော *ရေဓါတ် 'Element of water'* ဆိုတဲ့ ထာဝရ အခြေခံတရား ရှိနေတာကို တင်ပြခဲ့ပါတယ်။

သေးလိစ်ရဲ့ အမြင်ကို သုံးသပ် ကြည့်မယ်ဆိုရင် သူ ကျင်လည်နေရသော ကုန်သည် လူတန်းစားကပေးတဲ့ လောက အမြင်လည်း ဖြစ်ပါတယ်။ သူ့အတွက် လောကမှာ ကျွန်ပိုင်ရှင်၊ မြေပိုင်ရှင် မည်သူပင်ဖြစ်စေ ယင်းလူတန်းစားတို့ဟာ ထာဝရ မတည်မြဲနိုင်ပါ။ ရေသည်သာ ထာဝရတည်မြဲသလို လူလူချင်း ဆက်ဆံ ခြင်းဖြင့် ကြီးထွားလာသော ကုန်သည် သူတန်းစား သည်သာ မည်သည့်အခြေအနေနှင့်မဆို လိုက်လျော ညီထွေ ပြောင်းလဲ နေနိုင်သော အမြဲတည်ရှိနေမယ့် လူတန်းစား ဖြစ်ပါ တယ်လို့ ထုတ်ဖော် တင်ပြလိုက်တာ ဖြစ်ပါတယ်။

သေးလိစ်ကဲ့သို့ပင် အစောပိုင်း ဂရိဒဿနပညာရှင် အများ အပြားက 'လူ'ကို စကြာဝဠာနှင့် သဘာဝနိယာမများရဲ့

လက်အောက်ခံ၊ အပြဋ္ဌာန်းခံ အဖြစ်သာ ရှုမြင်ကြပါတယ်။ သူတို့ အတွက် စကြာဝဠာကြီးသည်သာ အဓိကဖြစ်ပြီး သေးငယ်သော အစိတ်အပိုင်း ဖြစ်တဲ့ လူနှင့်ဘဝ ပြဿနာများကို ရေးကြီး ခွင်ကျယ် လုပ်၍ မစဉ်းစားကြပါ။ ဒါကြောင့်မို့ သူတို့ အတွေး အမြင်များဟာ ပြင်ပ စကြာဝဠာကို ဗဟိုပြုတဲ့ *'Universe-centered outlook'* များ ဖြစ်ပါတယ်။

သေးလိစ်နောက်ပိုင်း ပေါ်ထွန်းလာသော ဂရိဒဿနပညာရှင်များ(၀၂) ဆိုးဖစ် *'Sophists'* များကတော့ သဘာဝရဲ့ သစ္စာတရားကို ရှာဖွေရာတွင် စကြာဝဠာ ပြဿနာများထက် လက်တွေ့ကျသော လူ့ဘဝ ပြဿနာများကို ဦးတည်၍ တွေးခေါ် လာပါတယ်။ သူတို့က *'လူဟာ သဘာဝနိယာမတို့ရဲ့ ပြဋ္ဌာန်း မှုကိုသာ ခံနေရသူမဟုတ်ဘဲ မိမိက်ကြမ်မာကို မိမိလွတ်လပ်စွာ ဖန်တီး နိုင်သူဖြစ်သလို စကြာဝဠာမှာ အသိဉာဏ်ရှိသော လူသာလျှင် ဗဟို အချက်အခြာကျ၍ လူဘဝဆိုင်ရာပြဿနာ တို့သာ အရေးကြီးပါတယ် ...'* လို့ ယူဆကြပါတယ်။

ဆိုးဖစ်များထဲတွင် ထူးခြားသော အမြင်ရှိသူမှာ **အန်ကျာဇီမန်းဒါး** (၆၁၀-၅၄၇ ဘီစီ) ဖြစ်ပါတယ်။ သူဟာ သေးလိစ် ကဲ့သို့ မိုင်လီတက် မြို့သားတစ်ဦး ဖြစ်ပါတယ်။ ဒါပေမဲ့ သူက **သေးလိစ် ရှုမြင်သလို စကြာဝဠာကြီးရဲ့ အခြေခံဓါတ်ဟာ ရေ ဖြစ်တယ်ဆိုတာ ငြင်းပယ် ခဲ့ပါတယ်။ သူအဆိုအရ ရေသာ**

အခြေခံကျသော အကြောင်းဓာတ် ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ လောကဟာ စိုစွတ်မှု လွန်ကဲသော စကြဝဠာကြီး ဖြစ်နေပါလိမ့်မယ်။ သူက ပူပြင်းခြောက်သွေ့သော မီး၊ လူပ်ရှား တိုက်ခတ်နေသော လေ၊ ထောက်ကန် ရပ်တည်မှုကို ပေးသော မြေဓာတ် များကိုလည်း တွေ့မြင်ရသဖြင့် မည့်သည့် ဓာတ်ကိုမျှ အခြေခံအကြောင်းတရားအဖြစ် မစဉ်းစားဘဲ မျှတစွာ ရှုမြင်ခဲ့ပါတယ်။

သူက စကြဝဠာရဲ့ အခြေခံ အကြောင်းတရားဟာ ဓာတ်ကြီး လေးပါးလုံး ပါဝင်သော *အဆုံးအဆမရှိသော* ဒြပ်ထု *'Infinte mass'* ဖြင့် ဖွဲ့စည်း ထားပါတယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ စကြဝဠာကြီးဟာ ရေ၊ မြေ၊ လေ၊ မီး စသော ဓါတ်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားသော ရုပ်ချည်း သက်သက်သာ မဟုတ်ဘဲ *ဝိညာဉ်* သဘောလည်း ရှိတယ်လို့ တင်ပြခဲ့ပါတယ်။ ထိုမျှမက အကျင့်သီလသဘော၊ ကောင်းမှု ဆိုးမှုသဘော၊ ကုသိုလ် အကုသိုလ်သဘောတွေလည်း ရှိပါတယ်လို့ ရှုမြင်ထားတာကတော့ အလွန်အံ့ဩဖို့ ကောင်းပါတယ်။ သူ့ကြောင့် နောက်ပိုင်း ပေါ်ထွန်းလာသော ဂရိ အတွေးအခေါ် ပညာရှင်များဟာ *နာမ်* သဘောတွေကိုပါ ထည့်သွင်းစဉ်းစား လာကြပါတယ်။

သူနောက်ပိုင်း ပေါ်ထွန်းလာသော *ဟိုက်သာကိုရပ်* (၅၇၈-

၅၀၀ ဘီစီ) ဟာ ဂရိနိုင်ငံ ဆာမော့ ဒေသမှာ ဖွားမြင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ထင်ရှားသော သချိုပညာရှင်နှင့် ဒဿန ဆရာကြီး တစ်ဦးဖြစ်သလို အရှေ့တိုင်း အိုဂျစ်ပြည်ကိုပါ ရောက်ဖူးလို့ တမလွန် ဘဝကိုလည်း ယုံကြည်လက်ခံသူ ဖြစ်ပါတယ်။

သူက သဘာဝလောကကို ရှုမြင်တဲ့အခါ ဆန့်ကျင်ဘက် အရာများ ပေါင်းစည်းနေသော သဘောတရား အဖြစ်သာ တွေ့မြင်ပါတယ်။ ဒါတွေကတော့ *စုံနှင့် မ 'Pair and Odd'၊ တစ်ခုနှင့် အများ၊ လက်ယာနှင့် လက်ဝဲ၊ ဖိုနှင့် မ၊ တည်ငြိမ်မှုနှင့် လှုပ်ရှားမှု၊ ဖြောင့်တန်းမှုနှင့် ကွေကောက်မှု၊ အလင်းနှင့် အမှောင်၊ အကောင်းနှင့် အဆိုး၊ စတုရန်းနှင့် စက်ဝိုင်း စတဲ့ သချိုာ သဘောတွေ ဖြစ်ပါတယ်။*

သချိုာ သဘောအရ အမှတ်တစ်ခုဟာ တစ်၊ မျဉ်း တစ်ကြောင်းဟာ နှစ်၊ ပုံတစ်ခုဟာ သုံး ဖြစ်ပြီး အစိုင်အခဲ တစ်ခုဟာ လေး ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ အမှတ်တစ်ခုဟာ အစက်တစ်စက် ဖြစ်ပြီး အမှတ်နှစ်ခုကို ဆက်ဆွဲလိုက်ပါက မျဉ်းတစ်ကြောင်း *'One Line'* ဖြစ်လာပါတယ်။ တတိယ အမှတ်နဲ့ ဆက်ဆွဲမယ်ဆိုရင် ပုံ တစ်ခု *'Diagram'* ဖြစ်လာပြီး ဆက်ဆွဲလိုက်မယ် ဆိုရင် အမှတ်လေးခုနှင့် ထုထည် သဘောရှိတဲ့ အရာဝတ္ထု *'Mass'*

တစ်ခု ဖြစ်လာပါမယ်။ ရှေး အိုဂျစ်လူမျိုး များဟာ ကမ္ဘာအံ့ဘွယ် ပိရမစ်များ တည်ဆောက်တဲ့အခါ သချိုပညာကို ကောင်းစွာ အသုံးချတာကို တွေ့ရပါမယ်။

ဒါပေမဲ့ ထူးခြားတာက သချိုသဘောတွေဟာ ရုပ်သဘော တွေ မဟုတ်ဘဲ နာမ်သဘောတွေသာ ဖြစ်တယ်လို့ ပိုက်သာဂိုရပ် က ယူဆပါတယ်။ သချိုကိုသိလျှင် စကြာဝဠာနှင့် သဘာဝ လောကရဲ့ အစစ်အမှန် သစ္စာသဘောကို သိနိုင်မယ်လို့ ပိုက်သာဂိုရပ်နှင့် တပည့်များက ကောက်ချက်ချကြပါတယ်။ သူတို့အဖို့ အရာ ခပ်သိမ်းရဲ့ အခြေခံတရားဟာ အရည်အတွက် ဆိုတဲ့ ဂဏန်း *'Number'* သချိုာ သဘောသာ ဖြစ်ပါတယ်။

ပိုက်သာဂိုရပ်ဟာ ထာဝရဘုရားသခင်ရဲ့ သက်ရှိသတ္တဝါများ ကို ဖန်ဆင်းခြင်းနှင့် အချိန်ရဲ့ သဘောကိုလည်း စဉ်းစားတွေးခေါ် ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်မို့ *အချိန်ရဲ့သမိုင်းကြောင်း 'History of time'* ကို ဖော်ပြ မယ်ဆိုရင် သူ့ကိုချန်ထားခဲ့လို့ မရပါဘူး။ ထာဝရဘုရားမှ အချိန်ကို မဖန်ဆင်းမီက နေ့နှင့်ညဉ့် မရှိသလို အတိတ်၊ အနာဂတ်လည်း မရှိသေးဘဲ ပစ္စုပ္ပန် တစ်ခုတည်းသာ ရှိပါတယ်။ ထာဝရဘုရားမှ နေကို ဖန်ဆင်း သောအခါမှစပြီး နေ့နှင့်ည၊ နှစ်လရက်များ စသော သချိုာရဲ့ အရည်အတွက် သဘော ရရှိလာပြီး အချိန်ကာလ ဖြစ်လာတာလို့ သူက တင်ပြခဲ့ပါတယ်။

ကျွန်တော့် အမြင်အရ သခ်ၤာပညာဟာ သိပ္ပံပညာနှင့် လောကကြီးအတွက် အလွန် အရေးပါ အရာရောက်ပေမယ့်လည်း *အရည်အတွက် 'Quantity'* ကိုသာ ဖေါ်ပြနိုင်စွမ်းရှိပြီး *အရည်အချင်း 'Quality'* သဘောကို မဖေါ်ပြနိုင်ပါဘူး။ ဒါ့ကြောင့်မို့ ပိုက်သာဂိုရပ်ရဲ့ တွေးခေါ်မှုဟာလည်း သစ္စာကို ရှာဖွေရာမှာ ပြီးပြည့်စုံတဲ့ အမြင်တစ်ခုလို့ မဆိုနိုင်ပါဘူး။

သစ္စာကို ရှာဖွေသူများတွင် ထူးခြားစွာ တွေးခေါ် ခဲ့သူက ***ဟေရာကလိတပ်*** *'Heraclitus' (535-475 B.C)* ဖြစ်ပါတယ်။ သူဟာ ဂရိနိုင်ငံ အက်ဖီဆပ် မြို့မှာ မူးမတ်မျိုးနွယ် များဖြစ်သော မိဘများမှ မွေးဖွားခဲ့ပြီး စကြဝဠာကြီးရဲ့ အရင်းအမြစ်ထက် စကြဝဠာရဲ့ သဘာဝကို ပိုမို စိတ်ဝင်စားပါတယ်။

သူ့အမြင်အရ လောကမှာ မဖောက်ပြန်၊ မပျက်စီး၊ အမြဲ ထာဝရ တည်တံ့နေတယ်ဆိုတာ ဘယ်နေရာမျှမရှိဘဲ မြင်တွေ့နေသမျှ အရာအားလုံးဟာ အစဉ်ဖြစ်ပျက် ပြောင်းလဲနေတာကို တွေ့ရပါတယ်။ သူဟာ ခေတ်ပြိုင် ဒဿနပညာရှင်များလို အရာရာဟာ ထာဝရ တည်မြဲတယ်ဆိုတာ လက်မခံဘဲ အနတ္တ သဘောကိုပါ ထည့်သွင်း စဉ်းစားခဲ့ပါတယ်။

သူက 'ဘဝဆိုတာ မတည်မြဲတဲ့ စီးဆင်းနေတဲ့ ရေအလျဉ်လို ပြောင်းလဲနေတဲ့ ဖြစ်စဉ်လေးတစ်ခုသာ ဖြစ်ပြီး အရာရာ အားလုံး ဟာ ရွေ့လျား ပြောင်းလဲမှု သဘောတွေ သာရှိတယ်။ မြစ်ကမ်း

နံဘေးက ရေကို နှစ်ခါပြန် ထိတွေလို့ ရတယ်ဆိုတာ ဘယ်အခါမျှ မရှိဘဲ ရေအသစ်အသစ် တွေကိုသာ ထိတွေနေတာ ...' လို့ ဆိုပါတယ်။

တစ်ဖန် *'ဖြစ်ခြင်းနှင့် ပျက်ခြင်း ဆိုတာကလည်း ရှိခြင်းမှ မရှိခြင်းသို့ ပြောင်းလဲသွား ခြင်းသာဖြစ်တယ် ...'* လို့ အဓိပ္ပါယ် ဖွင့်ဆိုခဲ့ပါတယ်။

According to his outlook, the only absolute reality in the universe is ***Change.***

သူ့ အဆိုအရ စကြဝဠာကြီး အတွင်းမှာ တစ်ခုတည်းသော ပရမတ် တရားဟာ *ပြောင်းလဲခြင်း* ဖြစ်ပါတယ်။

သို့သော် *ဟရာကလိတပ်က* ပြောင်းလဲမှု မှန်သမျှဟာ ဆန့်ကျင်ဘက် သဘောသို့သာ ပြောင်းတယ်လို့ တင်ပြခဲ့သလို အရာခပ်သိမ်းဟာ ဆန့်ကျင်ဘက်များရဲ့ ပေါင်းဆုံမှုသာ ဖြစ်တယ် လို့ ဆိုပါတယ်။ ဒါ့ကြောင့်မို့ သူ့အမြင်အရ အရာရာမှာ *ဝိရောဓိတရား 'Contradiction'* တွေဟာ အမြဲ ဒွန်တွဲ နေသလို လွန်ဆွဲ နေကြပါတယ်။ ပမာဆိုရရင် အပူက ပြောင်းသွားမယ် ဆိုရင် အေးသွားသလို အပူနဲ့ အအေးဟာ ဆန့်ကျင်နေသော်လည်း တစ်ခုနှင့်တစ်ခု ခွဲခြားလို့မရဘဲ အရာဝတ္ထု တစ်ခုတည်းမှာ ပေါင်းဆုံ နေကြပါတယ်။

ကျွန်တော့်အတွက် ဟရာကလိတပ် ဟာ တိုးတက်သော

အမြင်ရှိတဲ့ ဒဿန ပညာရှင်တစ်ဦး ဖြစ်ပါတယ်။ သူက အရာရာဟာ အခြေအနေ တစ်ရပ်မှ ဆန့်ကျင်သော အခြေအနေ တစ်ရပ်သို့ အမြဲ ပြောင်းလဲနေပါတယ်။ *ဒီလို ပြောင်းလဲပေမယ့် ဆန့်ကျင်ဘက် တရားတွေဟာ ပေါင်းစည်း ညီညွတ်စွာ တည်ရှိနေပါတယ်* *'Unity of Opposites'* လို့ ရှုမြင်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ သူဟာ ခေတ်သစ် *'Dialectic'* အယူအဆကို လမ်းခင်း ပေးခဲ့သူ ဖြစ်ပါတယ်။

အတ္တသဘော၊ ထာဝရ သဘောကိုသာ လက်ခံကြတဲ့ ဒဿန ပညာရှင်များထဲမှ အနတ္တသဘောကို စဉ်းစားခဲ့တဲ့ ဟရာကလိတပ်ရဲ့ အတွေးအခေါ်ဟာ ကျွန်တော့်အတွက် အံ့သြဖွယ်ရာ ဖြစ်နေပါတယ်။

ကျွန်တော် သစ္စာကို ရှာဖွေခဲ့စဉ်က လောကမှာ ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းရှင်၊ ထာဝရ ဘုရားသခင်တို့ အကြောင်း လေ့လာခဲ့ပါတယ်။ ကျွန်တော့် အတွေးထဲမှာ ထာဝရ ဘုရားသခင်နှင့် ဖန်ဆင်းရှင် ဆိုတာဟာ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာများ ပေါ်ပေါက်လာမှ စတင်ခဲ့တယ်လို့ ထင်မှတ်ခဲ့ပါတယ်။

အနောက်တိုင်း ဒဿန အထူးသဖြင့် ကမ္ဘာကျော် အတွေးအခေါ် ပညာရှင် နှင့် စာရေးဆရာ *'Bertrand Russel'* ရေးသားသော *အနောက်တိုင်း အတွေးအခေါ်များ သမိုင်း 'A History of Western Philosophy'* ကို ဖတ်ရှုလေ့လာမှ

နတ်ဘုရားများ ကိုးကွယ်ခြင်း နှင့် တစ်ဆူတည်းသော ဘုရား သခင် အယူအဆဟာ ပိုက်သာဂိုရပ် နှင့် ဟေရာကလိတပ် လက်ထက်မှစပြီး လက်ခံ ယုံကြည်နေတာကို သိရပါတယ်။ သူတို့ နောက်ပိုင်း ထင်ရှားတဲ့ ဒဿန ပညာရှင် ပလေးတိုး နှင့် အရစ္စတိုတယ် လက်ထက်မှာ ဒီအယူဝါဒဟာ အလွန်တိုးတက် နေတာကို တွေ့ရပါတယ်။

ဟေရာကလိတပ်နှင့် ခေတ်ပြိုင် ဒဿနပညာရှင် *ဒီမိုကရိတပ်* မှ လောကကြီးရဲ့ အခြေခံဟာ အဏုမြူဆိုတဲ့ အက်တမ် *'Atom'* သာဖြစ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့တာကလည်း ထူးခြား လှသလို ဒဿနပညာကို သိပ္ပံအမြင်နှင့်ပါ ရှုမြင်နိုင်ဖို့ လမ်းခင်း ပေးခဲ့သူ ဖြစ်ပါတယ်။

ကျွန်တော် လေ့လာဖတ်ရှုရင်းနဲ့ *မက်တာဖိစစ် 'Meta physic'* ဆိုတဲ့ ဒဿန ဝေါဟာရလေးကိုလည်း အကျွမ်းတဝင် ဖြစ်လာခဲ့ပါတယ်။ မက်တာဖိစစ်ဆိုတာ သဘာဝတရားကို လွန်၍ တွေးခေါ် ရှုမြင်သော အတွေးအမြင် ဖြစ်ပါတယ်။ ပမာဆိုရလျှင် တမလွန်ဘဝ ရှိ မရှိ၊ ကမ္ဘာ လောကကြီးဟာ ဓာတ်ကြီးလေးပါး အစုအဝေးမှ စတင် ဖြစ်ပေါ်လာတယ် ဒါမှမဟုတ် ထာဝရ ဘုရား ဖန်ဆင်းလို့ ဖြစ်လာသလား ဆိုတဲ့ အတွေးအခေါ်မျိုးကို ဆိုလိုပါတယ်။

အတွေးအခေါ် ဖီလိုဆိုဖီ *'Philosophy'* ဆိုတာ လောက

သဘာဝရဲ့ သစ္စာကို စူးစမ်းရှာဖွေသော ပညာပင် ဖြစ်ပါတယ်။ ကမ္ဘာ့ ဒဿနတွေးအမြင် သမိုင်းအရ ပိုက်သာကိုရပ်မှစပြီး သုံးစွဲခဲ့တယ် ဆိုတာ မှတ်သားမိပါတယ်။

ထင်ရှားတဲ့ ဒဿန ပညာရှင် ပလေတိုး *'Plato'* က *ဖီလိုဆိုဖီကို အသိပညာ မြတ်နိုးခြင်း* လို့ အဓိပ္ပါယ် ဖွင့်ဆိုပါတယ်။ တစ်ကယ်တော့ ဖီလိုဆိုဖီဟာ ကျွန်တော်တို့ မျက်မှောက်ကမ္ဘာမှာ ပေါ်ထွန်းခဲ့ ပြီးသော သိပ္ပံပညာ အားလုံးရဲ့ မိခင်ကြီးလည်း ဖြစ်ပါတယ်။

စာရေးဆရာ ဘာထရန်ရပ်ဆဲက ဖီလိုဆိုဖီဟာ ဖန်ဆင်းရှင် အတွေးအမြင်နှင့် သိပ္ပံပညာအကြား ပေါင်းကူးပေးသော ပညာရပ် ပါလို့ ဆိုခဲ့ပါတယ်။

ကမ္ဘာဦးမှ အစပြုပြီး အသိဉာဏ် တဖြည်းဖြည်း တိုးတက်လာသော လူသားများဟာ မိမိတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ကို အခြေပြုလို့ အောက်ပါ ပုစ္ဆာများကို ကြံစည်တွေးတောတာကိုလည်း တွေ့ရပါတယ်။ သူတို့သိလိုတဲ့ အဓိက အချက်များ ကတော့ ...

'သဘာဝတရားမှာ အမြဲမှန်ကန်တဲ့ နိယာမဆိုတာ အမှန်ပင် ရှိပါသလား'

'ဒီလို နိယာမတွေ ရှိတယ်ဆိုလျှင်လည်း လူသားတွေ အားလုံးရဲ့ ဘဝဖြစ်စဉ်ဟာ မွေးဖွားတဲ့ အခါမှစပြီး သေဆုံးချိန်

အထိ ဘယ်နေ့ဘာဖြစ်မယ် စသလို အတိအကျ ပြဋ္ဌာန်းပြီး သားများ ရှိပါသလား 'Is life is already written?...'

'လူသားတို့နှင့် စကြာဝဠာ တစ်ခုလုံးဟာ ဖန်ဆင်းရှင် ထာဝရ ဘုရားနှင့် နတ်ဘုရားများကြောင့် ဖြစ်ပေါ်လာတာလား'

'အရာရာဟာ ဘုရားသခင်ရဲ့ အလိုတော်ကျ ဖြစ်ပေါ် နေတာမျိုးလား'

'လူသားဟာ နက္ခတ္တ ပညာရှင်များ ယူဆသလို သေးငယ်ပြီး အရေးမပါသော ကြိုလ်ငယ်တစ်လုံးပေါ်မှာ အစွမ်းအစမဲ့စွာ သွား လာလှုပ်ရှားနေသော ကာဗွန်နှင့် ရေဓါတ်တို့ဖြင့် ဖွဲ့စည်းထားသော အစုအခဲတစ်ခုပဲလား ...'

သို့တည်းမဟုတ် ...

'လူတွေ သေဆုံးသွားတဲ့အခါ ဘဝတစ်ခုဟာ ပြီးစီးချုပ်ငြိမ်း သွားပြီလား ဒါမှမဟုတ် ထာဝရဝိညာဉ်သဘောနဲ့ ဆက်လက်ရှိ နေဦးမှာလား၊ တမလွန်ဘဝဆိုတာရော ရှိပါသလား ...'

'ယခု လက်ရှိဘဝမှာ ကောင်းမှု ပြုလုပ်ခြင်းသည်ကော အဓိပ္ပါယ် ရှိပါရဲ့လား၊ ကောင်းမှုဆိုတာ တန်ဖိုး ထားထိုက်သော ထာဝရ သဘော ဖြစ်ပါသလား ...'

'လူမှာ ရုပ်တရားနဲ့ နာမ်တရားဟာ သီးခြားရှိနေတာဟာ ဒါမှမဟုတ် နာမ်(စိတ်)ဟာ ရုပ်ခန္ဓာပေါ်မှာ မှီနေတာလား ဒါမှ မဟုတ် စိတ်မှာ သီးခြားစွာ တည်နေနိုင်သော သတ္တိရှိပါသလား

...' တို့ ဖြစ်ပါတယ်။

ဒီမေးခွန်းများရဲ့ အဖြေကို ဖီလိုဆိုဖာ တို့က လေ့လာခဲ့သလို အဖြေ ပေးနိုင်ဖို့လည်း ကြိုးစားခဲ့ပါတယ်။ တစ်ချို့ မေးခွန်းများမှာ သဘာဝရပ်လွန် ပုစ္ဆာများဖြစ်ပြီး ထိုစူးစမ်းသော သဘောကိုပင် *'Metaphysic'* လို့လည်း ခေါ်ဆိုပါတယ်။ ဒါ့ကြောင့်မို့ ဖီလိုဆိုဖီဟာ ရှေးယခင်ကပင် မက်တာဖီစစ် ဖြစ်ခဲ့တယ် ဆိုတာ ကျွန်တော် လေ့လာမိပါတယ်။

အနောက်တိုင်း ဒဿနပညာရှင်များ အကြောင်းကို ဖတ်ရှုရင်း တဖြည်းဖြည်းနဲ့ ကျွန်တော်လည်း မျက်တောင်များ စင်းလာပါတယ်။ ကော်ဖီဖျော်သောက်၊ မျက်နှာသစ်ပေမဲ့ အိပ်ချင်စိတ်ကပျောက်မသွားပါဘူး။ ဒါကြောင့်မို့ ကမ္ဘာပေါ်မှာ အလေးလံဆုံး အရာဟာ မျက်တောင်ဖြစ်တယ်ဆိုတဲ့ စကားကို လက်ခံသွားမိပြီး နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်။

(၃)

ကြာနွယ် ကြာရိုးကလေးတွေ

ညဉ့်သန်းခေါင်ကျော်မှ အိပ်ယာဝင်ဖြစ်လို့ စနေနေ့နံနက် ကျွန်တော် အိပ်ယာက နိုးတော့ နံနက်(၇)နာရီ ရှိနေပါပြီ။ ပြူတင်းဝက နံနက်နေခြည် ဖြာကျနေသလို ငှက်ကလေးများရဲ့ တကျီကျီ အစာအော်မြည် တောင်းနေတာကိုလည်း ကြားနေရပါတယ်။ ကျွန်တော်လည်း ညက သူတို့အတွက် ချန်ထားတဲ့

ထမင်းကြမ်းလေးကို ပက်ပြီး ကျွေးလိုက်ပါတယ်။

နံနက်စာကို ထမင်းမှာ နှမ်းဆီဆမ်းပြီး စားတော်ပဲ၊ ငါးရံ့ခြောက်နဲ့စားဖြစ်ပါတယ်။ မေတ္တာပို့၊ ပဋ္ဌာန်း တရားတော်ရွတ်ဖတ်ပြီးတာနဲ့ ခွဲစိတ်ကုသဆောင်ရှိ လူနာများကို သွားကြည့်လိုက်ပါတယ်။ ဆေးရုံဖွင့်ခါစမို့ လူနာတွေ သိပ်မများလှသေးပါဘူး။ လူနာများကို အားပေးစကားပြောပြီး တိုက်ကျွေးသင့်သော ဆေးများကို တာဝန်ခံ သူနာပြုအရာရှိ ယဉ်ယဉ်ထွန်းကို မှာကြားခဲ့ပါတယ်။

ခွဲစိတ်ဆောင်မှ ကျွန်တော့် ရုံးခန်းကို ပြန်လာတဲ့အခါမှာ 'အား... ဘယ်လိုမှ မခံနိုင်တော့ဘူး၊ လုပ်ပေးကြပါအုံး' ဆိုပြီး လူနာ တွန်းလှည်းပေါ်မှာ အော်ဟစ်နေတဲ့ ဘကြီးတစ်ယောက်ကို တွေ့ရပါတယ်။ ခွဲစိတ်ဆောင်မှာ နေရာချထားပေးပြီး မေးကြည့်တဲ့အခါ ဆီးလုံးဝ မသွားနိုင်တာ နှစ်ရက်ရှိပြီလို့ ပြောပါတယ်။ ကျွန်တော် စမ်းသပ်ကြည့်တဲ့အခါ ဆီးအိတ် အောက်အကြိတ် ကြီးနေတဲ့အတွက် ဆီးလမ်းကြောင်း ပိတ်ဆို့ပြီး ဆီးအိမ် တအားတင်းလို့ ဝေဒနာ ခံစားနေရတာကို တွေ့ရပါတယ်။ ဆေးပညာ ဝေါဟာရ အရ *'Acute Rentention of urine due to Benign Prostatic Hyperplasia'* လို့ ခေါ်ပါတယ်။

ဘကြီး ဦးငြိမ်းမောင်ဟာ ရွာဆေးခန်းလေးမှာ ဆီးပိုက်ထည့်

ပေမယ့် ဘယ်လိုမှ ထည့်လို့မရလို့ ရောက်လာတာ ဖြစ်ပါတယ်။ အခြေအနေအရ ဆီးစပ်အပေါ်နားမှာ ခွဲစိတ်ပြီး ဆီးပိုက်ထည့်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်လည်း နောက်ဆုံးအကြိမ် ကြိုးစားကြည့်ချင်တာနဲ့ ခွဲစိတ်ခန်းကို အကြောင်းကြားလိုက်ပါတယ်။

ဘကြီးဟာ အသက် ၈၀ ရှိပြီမို့ မသင်းလည်း ရောက်လာပြီး စမ်းသပ်ပေးပါတယ်။ *ECG* ဆွဲကြည့်တော့လည်း နှလုံးခုန်နှုန်း ကောင်းမွန်ပြီး သွေးထဲမှာ *Glucose* ကလည်း ပုံမှန် ဖြစ်နေတာကို တွေ့ရပါတယ်။ မသင်းက -

'ဘကြီးက အသက် ၈၀ ဆိုပေမယ့် ကျန်းမာရေး အခြေအနေ ကောင်းပါတယ်၊ နှလုံးနဲ့ အဆုတ်လည်း ပုံမှန် အလုပ်လုပ်တယ်၊ အစ်ကို ဆီးပိုက်ထည့်ရတာ အဆင်မပြေလို့ ဆီးအိမ်ဖေါက်ပြီး ပိုက်ထည့်မယ်ဆိုရင်လည်း ခံနိုင်ရည် ရှိပါတယ်'

'အခု အစ်ကို *Catheter* ကြိုးစားပြီး ထည့်ကြည့်လိုက်အုံးမယ်၊ မရရင် ညီမနဲ့ *Operation* ဝင်တာပေါ့'

ခွဲစိတ်ခန်းထဲမှာ ဘကြီးကို အနာသက်သာသော ဆေးများ၊ ပိုးမဝင်စေရန် ပဋိဇီဝဆေးများ ထိုးပေးပြီး စိတ် အေးအေးထားဖို့ အားပေးရပါတယ်။ ဆီးပိုက်နံပါတ် ၁၆ ကို ထုံဆေးသုတ်ပြီး အသာအယာလေး ထည့်လိုက်တဲ့အခါ မမျှော်လင့်ဘဲ ဆီးအိမ်ထဲကို ချောချောမောမော ဝင်သွားပါတယ်။ ဒါကြောင့်မို့ ဆီးအိမ်

အောက်အကျိတ် *Prostatate* ကြီးနေတာကို အေးအေး ဆေးဆေး အချိန်ယူပြီး ကုသလို့ ရသွားပါတယ်။

နံနက် ၁၀ နာရီမှာ ဆေးရုံရှေ့က တပ်ဦးစေတီနဲ့ ဘုန်းကြီးကျောင်းကိုသွားပြီး ဆေး၊ စတုမဂ္ဂနဲ့ အသီးအနှံများကို သွားလှူပါတယ်။ ကျွန်တော်နဲ့အတူ ကိုညီညီနဲ့ မသင်းတို့လည်း အတူလိုက်ပါ လာပါတယ်။

ဘုန်းကြီးကျောင်းမှာ အညာဒေသ ကျေးရွာများကဲ့သို့ ရွာအဝင်လမ်းမှာ ရှိပြီး သစ်ပင်၊ ဝါးပင်များ၊ စိမ်းလန်း စိုပြေသော စပါးခင်းများနဲ့ ဝိုင်းရံထားပါတယ်။ ကျောင်းထိုင် ဆရာတော်ဟာ သက်တော် ၄၀ ခန့်သာရှိပါသေးတယ်။ ကျွန်တော်တို့ ဦးချကန်တော့ပြီးတဲ့ အခါမှာ ဆရာတော်က ကျောင်းနေ သံဃာတော်များကို ဆေးကုသပေးဖို့ အကူအညီ တောင်းပါတယ်။

သံဃာများက ရခိုင်သံဝဲဝဲနဲ့ ပြောလို့ ဂရုစိုက်ပြီး နားထောင်ရပါတယ်။ ပွေး၊ ဝဲ၊ ဒက်၊ ယားနာပေါက်နေတဲ့ ကိုရင်လေးများနဲ့ ကပ်ပိယတွေကို ဆေးပေးပြီး အုကျနေတဲ့ ဦးဇင်းတစ်ပါးကို အင်္ဂါနေ့မှာ ဆေးရုံလာပြီး ခွဲစိတ်ဖို့အတွက် စီစဉ်ပေးခဲ့ပါတယ်။ ဆေးကုသမှု ပြီးတဲ့အခါ ကျွန်တော်တို့ကို ရခိုင်ငရုပ်သီးထောင်း၊ ပဲကုလားဟင်း၊ ငါးပုတ်ခြောက် ဆီဆမ်း၊ ရှောက်သီးသုပ်တို့နဲ့ နေ့လည်စာ ဧည့်ခံ ကျွေးမွေးပါတယ်။ ဟင်းတွေက အတော် စပ်ပေမယ့် စားလို့ မြိန်လှပါတယ်။

ကျွန်တော်တို့ ထမင်းစားပြီးတော့ ရွာမှနာမကျန်း ဖြစ်သူ အချို့ကလည်း အားကိုးတကြီးနဲ့ လာရောက် ပြသကြပါတယ်။ သူတို့အထဲမှ *လည်ပင်းကြီးရောဂါ 'Goitre'* ဖြစ်နေတဲ့ အဖွား တစ်ဦးနဲ့ ရင်သားမှာ အကျိတ်ဖြစ်နေတဲ့ အမျိုးသမီး တစ်ဦးတို့ကို ဆေးရုံမှာ လာရောက် ပြသဖို့ ရက်ချိန်း ပေးခဲ့ပါတယ်။

ကျောင်းထိုင်ဆရာတော်ကို ပြန်ခါနီး ဦးချ ကန်တော့တဲ့အခါ

'ဒကာကြီး ... ဆေးစွမ်းထက်အောင် နေ့စဉ် ရတနာသုတ်၊ အာဠာနာဋိယသုတ်နဲ့ ဗောဇ္ဈင်သုတ်ကို ရွတ်ပေးပါ။ အထူးသဖြင့် ရတနာသုတ်က ဝေသာလီမှာ အစားအစာ ငတ်မွတ်ခေါင်းပါးတဲ့ ဘေး၊ ဘီလူးဘေးနဲ့ အနာရောဂါ ကပ်ကြီးကျတဲ့အခါ ဘုရားရှင်မှ ရွတ်ဖတ်ပေးလို့ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ခဲ့တယ်။ ဒါကြောင့်မို့ နေ့စဉ်ပုံမှန် ရွတ်သွားရင် အများလည်း အကျိုးရှိသလို မိမိကိုယ်တိုင် အစာရေစာ ပေါများပြီး ရောဂါအန္တရာယ် ခပ်သိမ်းမှ ကင်းရှင်း ပါလိမ့်မယ် ...'

'မှန်ပါ့ဘုရား ... တပည့်တော် ကြိုးစားပြီး ရွတ်ပါ့မယ်...'

'အေး ... စိတ်ဆိုတာ မကောင်းမှုမှာပဲ အမြဲ ပျော်မွေ့နေတော့ သတိရတဲ့ အချိန်တိုင်းမှာ တရား အမှတ်လေးနဲ့ နေပေးပါ။ တရား မှတ်နေတော့ စိတ်အေးချမ်းပြီး လိုချင်မက်မော ဒေါသ ဖြစ်နေတာတွေ၊ တွေဝေပြီး မဆုံးဖြတ်နိုင်တဲ့ မောဟတွေ မဖြစ်တောဘူးပေါ့၊ ဒီလို ကိလေသာတွေ ကြားဝင်

မခိုတော့ ကုသိုလ်စိတ်လေး ဖြစ်နေတာပေါ့ ...'

'တင်ပါ့ဘုရား ...'

'အရေးကြီးတာက ဒါန၊ သီလဆိုတဲ့ ကုသိုလ် ကောင်းမှုနဲ့ မရပ်ပဲ အချိန်ရသမျှ သတိနဲ့နေတဲ့ အကျင့်လုပ်ပါ။ ဒကာကြီး တို့က ရက်ရှည် တရားစခန်းဝင်ဖို့ မလွယ်တော့ တစ်နေ့ နာရီဝက်လောက် အချိန်ပေးပြီး တရားအမှတ်နဲ့ နေပါ။ ကွေးသောလက် မဆန့်ခင် ဆိုသလို ဘုရားဟော အနှစ်ချုပ်က အနတ္တ ဒေသနာပါပဲ ...'

'တင်ပါ့ဘုရား'

'ပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ ... ချစ်ခင်နှစ်သက် မြတ်နိုးဖွယ်မှန်သမျှနဲ့ နောက်ဆုံးမှာ ကွေကွင်း ရမှာပဲလို့ ငါ ပြောပေါင်း များလှပြီ၊ လောကကြီးမှာ မြဲတယ် ဆိုတာ ဘာတစ်ခုမှ မရှိဘူးလို့ ဟောခဲ့တယ်။ ဒီအတွက် ဒကာ တို့လည်း တတ်နိုင်သလောက် ကုသိုလ် ကောင်းမှုတွေ များများလုပ်ကြ ...'

ကျွန်တော်တို့လည်း ဆရာတော်ရဲ့ အဆုံးအမနာယူပြီး ဆေးရုံသို့ လမ်းလျှောက် ပြန်ခဲ့ပါတယ်။ မွန်းလွဲနေဟာ အတော် ပူတာမို့ ကျွန်တော်တို့ အားလုံး ချွေးတွေ စိုရွှဲလို့ နေပါတယ်။ ခဏနားပြီးတာနဲ့ အဝေးက ရောက်နေတဲ့ ပြင်ပလူနာတွေကို ကြည့်ရှု ပေးလိုက်ပါတယ်။ အများအားဖြင့် ဝမ်းပျက် ဝမ်းလျှော၊

ငှက်ဖျားရောဂါနဲ့ အဆုတ် အအေးမိတဲ့ လူနာတွေ များပါတယ်။

ညနေမှာ ဆေးရုံရှေ့ စစ်တွေ-ရေချမ်းပြင် လမ်းမကြီး အတိုင်း လမ်းလျှောက် ဖြစ်ပါတယ်။ ကျွန်တော်ရောက်ရှိတဲ့ ၁၉၉၉ခုနှစ်မှာ ကားအသွားအလာ မများလှ သေးပါဘူး။ လမ်းမှာ ဆယ်မိနစ် လောက်နေမှ ကားနှစ်စီး သုံးစီးလောက်ပဲ ဖြတ်သွားပါတယ်။

လယ်ကွင်းထဲက *ဗျိုင်းဖြူလေးများ 'White paddy birds'* ပျံသွားတာတွေ၊ ညနေခင်း နေခြည် ဖြာကျနေတာတွေ၊ မြို့ပြနဲ့ ဝေးလို့ လတ်ဆတ်သန့်ရှင်းတဲ့ လေပြေလေးက သယ်လာတဲ့ ပန်းရနံ့တွေ၊ စိမ်းလန်းစိုပြေတဲ့ စပါးပင်များနဲ့ ညီညာနေတဲ့ ပျိုးပင်များရဲ့ အလှဟာ စိတ်ကို လန်းဆန်းသွားပါတယ်။ လှပတဲ့ အရာများကို ခံစားနိုင်တာဟာ မိမိမှာ လှပတဲ့စိတ်ရှိမှ ဖြစ်တာ ဆိုတဲ့ ကျွန်တော်ဖတ်ဖူးတဲ့ ဆရာဦးဇော်တိက စာအုပ်ထဲက စာသားလေးကိုလည်း သတိ ရမိပါတယ်။

တစ်မိုင်လောက် လျှောက်မိတော့ လယ်ကွင်းထဲက ကန်ငယ် လေးမှာ ကြာတွေ ပွင့်နေတာကို မြင်ရပါတယ်။ ကန်နားမှာ အမျိုးသား လေးတစ်ဦးဟာ ကြာပန်းတွေကိုခူး၊ ကြာနွယ် လေးတွေကို ပုတီးလုပ်ပြီး အမျိုးသမီးငယ်လေးရဲ့ လည်မှာ ဆွဲပေးတာကို မြင်လိုက်ရပါတယ်။

အကြင်အနာ အကြည့် ကိုယ်စီနဲ့ ပြုံးပန်းဝေနေတဲ့ သူတို့စုံတွဲ လေးကို တွေ့ရတော့ စန္ဒယားလှထွဋ် ရေးဖွဲ့ သီဆိုထားတဲ့

'ချစ်တဲ့သူငယ်လေ' သီချင်းထဲက စာသားလေးဟာ ရင်ထဲကို အလိုလို တိုးဝင် လာပါတယ် ...'

'ချစ်တဲ့သူငယ်လေ ... ကြာနွယ် ကြာရိုးကလေးတွေ သီကာသီကာ လည်ဆွဲကလေးပမာ အခြေ ... သူပန်ဆင်ရန် တမင် ကိုယ်ခူးပေးခဲ့တာတွေ ငယ်သူ အတွေးကလေးတွေ ... အလွန်ကြည်နူး ချစ်စရာပေ ... အချိန်တွေ ရွှေ့ပြောင်း ညောင်းခဲ့ပေ ... တို့ဘဝနဲ့ အတူပေ ...ချစ်တဲ့သူငယ်လေ...

တစ်နယ်စီ ရပ်ဝေး ... အဆွေးမပြေ ... အချိန်တွေ ကြာလေလေ...သတိရလေလေ...ရင်မှာ ဝေဒနာ ခံစားခဲ့ရ တာတွေ ... ချစ်တဲ့သူငယ်လေ ...'

ဆေးရုံအပြန် လမ်းမှာတော့ နေလုံးကြီးက ဝင်လုဆဲဆဲဖြစ် နေပြီး တိမ်ရောင်စုံ ကွန့်မြူးနေလို့ ပတ်ဝန်းကျင်ဟာ လှပတဲ့ ပန်းချီကားချပ်လေး ပမာ ဖြစ်နေပါတယ်။ ဆည်းဆာကို ဘဝ ခရီးနဲ့ တင်စား ကြည့်လိုက်တော့လည်း သဲဝဂ ရဖွယ်ဖြစ်မိ သလို အစဉ်ရွှေ့လျား ပြောင်းလဲနေတဲ့ တိမ်စိုင်တိမ်တိုက်တွေ ဟာလည်း မမြဲတဲ့ သခ်ါရ သဘောကို လှစ်ဟ ပြသလို့ နေပါတယ်။

ကျွန်တော် ဆေးရုံဝင်းထဲရောက်တော့ အတော်မှောင်နေ ပါတယ်။ ပေါ်တီကိုအောက်မှာ ကျွန်တော့် *Bat man* လေး မောင်အေးမြင့်မှ 'ဆရာ အခုလေးပဲ ကလေး မီးမဖွားနိုင်လို့

ဆိုပြီး ဘူသီးတောင်က လူနာတစ်ဦးရောက်နေတယ်၊ မမ သင်းသင်းကတော့ ဗိုက်ခွဲ မွေးရလိမ့်မယ်လို့ ပြောနေတယ် ...' လို့ သတင်းပို့ပါတယ်။

ကျွန်တော်လည်း အမျိုးသမီးဆောင် လိုက်သွားတဲ့အခါ အော်ဟစ် ရုန်းကန်နေတဲ့ အမျိုးသမီးငယ်လေး တစ်ဦးကို တွေ့လိုက်ရပါတယ်။ သူမဟာ အလွန် အရပ်ပုလှသလို နာကျင်မှု ကြောင့် ချွေးသီးချွေးပေါက် တွေလည်း ကျနေပါတယ်။

မသင်းက 'အစ်ကို စမ်းကြည့်ပေးပါဦး၊ ကလေးမလေးက အသက် ၂၀ ဒုတိယမြောက် ကိုယ်ဝန်၊ ဗိုက်က နံနက် အစောကြီးထဲက နာနေတာ၊ ညီမ စမ်းကြည့်တော့ အခုထိ ကလေးခေါင်းက မွေးလမ်းကြောင်းထဲ မဝင်သေးဘူး'

ကျွန်တော် ဗိုက်ကို စမ်းသပ်လိုက်တော့ ကလေးဟာ ပုံမှန် မဟုတ်ဘဲ *ကန့်လန့် အနေအထား 'Transverse lie'* ဖြစ်နေ ပါတယ်။ ဒါပေမဲ့ ကလေး နှလုံးခုန်သံ *'Foetal heart sound'* ကို ကောင်းကောင်း ကြားနေရပါတယ်။ ဒါ့ကြောင့်မို့ သားဖွား ဆရာမ မမြသွေး အကူအညီနဲ့ စမ်းသပ်လိုက်တဲ့အခါ မွေးလမ်း ကြောင်းဟာ အတော်ပွင့်နေပါပြီ။ လူနာရှင် မစိုးစိုးဟာ သွေးအား လည်း နည်းနေတာကို သတိထားမိတော့ အရေးပေါ် ခွဲစိတ်ဖို့နဲ့ သွေးအမြန်ရဖို့ စီစဉ်ရပါတယ်။

စနေနေ့ ညပိုင်းလည်းဖြစ်ပြန်၊ သွေးကလည်း အလွန်ရှားပါး

တဲ့ 'အောဘီ' အုပ်စု ဖြစ်နေပါတယ်။ ကံအားလျော်စွာ ခွဲစိပ်လက်ထောက် ကိုအောင်မြင့်နဲ့ သားဖွားဆရာမ ဒေါ်ချယ်ရီတို့က 'အောဘီ' သွေး ဖြစ်နေတာမို့ သူတို့ကိုယ်တိုင် လိုလိုလားလား သွေးလှူ ပေးကြပါတယ်။

အဲဒီအချိန်က မေ့ဆေးဆရာဝန်လည်း မရှိသေးတာနဲ့ ကျွန်တော်ကိုယ်တိုင် ခါးရိုးဆစ်ကြားထဲ ထုံဆေးထိုးပြီး ဆရာကြီး ဖေသိန်းက သွေးခုန်နှုန်း၊ သွေးပေါင်ချိန်နှင့် အကြောဆေးများ၊ သွေးများသွင်းတာကို ကြီးကြပ်ပေးပါတယ်။

ကျွန်တော် စတင်ခွဲစိတ်တော့ ညီမ သင်းသင်းမှ *assist* လုပ်ပေးပြီး ခွဲခန်းတာဝန်ခံ မစန္ဒာမှ *Instruments* များ ကမ်းပေးပါတယ်။ ရန်ကုန်မှာ ကျွန်တော့် အနေနဲ့ ခွဲစိတ်ဆောင်မှာသာ အနေကြာတဲ့အတွက် ဗိုက်ခွဲပြီး ကလေးမွေးပေးရတာကို ဂရုတစိုက်နဲ့ ဖြည်းဖြည်းချင်း လုပ်ပေးခဲ့ပါတယ်။ မကြာခင်မှာ 'အုဝဲ ... အုဝဲ ...' ဆိုတဲ့ အော်မြည်သံနဲ့အတူ သားကလေးတစ်ဦး လူ့ပြည်ကို ချောချောမောမော ရောက်ရှိလို့ လာပါတယ်။ ကျွန်တော်တို့ အားလုံးလည်း ကလေးလည်းထွက် ဗိုက်ပိတ်ပြီးမှပဲ သက်ပြင်း ချနိုင် ပါတော့တယ်။

ခွဲခန်းပြီးတော့ ည(၁၀)နာရီလောက်ရှိနေပါပြီ။ ကျွန်တော်တို့ မီးစက်ထွန်းပြီး အရေးပေါ် ခွဲစိတ်ရတာ ကြားလို့ ဆေးရုံအုပ်ကြီး ရောက်လာပြီး ထမင်းကြော်နဲ့ လက်ဖက်ရည်များကို စီစဉ်

ပေးပါတယ်။ အဖွဲသား အားလုံး မောမောနဲ့ စားသောက်ပြီး ည(၁၁)နာရီအထိ စကားလက်ဆုံကျဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆေးရုံဖွင့်ပြီး မကြာမီမှာ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့လို့ အားလုံးလည်း ပီတိဖြစ်ရပါတယ်။

ကျွန်တော်နေတဲ့ အခန်းကိုရောက်လို့မှမကြာမီ ကလေး ကုသဆောင်မှ သူနာပြုတစ်ဦးက အရေးပေါ် လူနာရောက်ရှိ ကြောင်း သတင်း ပို့ပါတယ်။ ကျွန်တော် သွားရောက် ကြည့်ရှုတဲ့ အခါ ရသေ့တောင်ဘက်မှ လာသော ကိုးလအရွယ် ကလေးငယ် ဖြစ်ပြီး ဝမ်းအဆက်မပြတ်သွားလို့ ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဆေးပညာ ဝေါဟာရနဲ့ဆိုရင် ကလေးငယ်လေးရဲ့ ရောဂါဟာ *'Acute Gasto-enteritis'* ဖြစ်နေပါတယ်။ ကျွန်တော် မေးမြန်း နေတုန်း မသင်းလည်း ရောက်လာပါတယ်။

ကျွန်တော်တို့ စမ်းသပ်ကြည့်တော့ ကလေးငယ်လေးရဲ့ သွေးခုန်နှုန်းဟာ အတော်မြန်နေပြီး ရေခါတ်၊ ဆားခါတ် လျော့နည်းနေတဲ့ *'Dehydration'* လက္ခဏာတွေ တွေ့ရပါတယ်။ ကလေးငယ်ဟာ မကြာခဏလည်း အန်နေလို့ လိုအပ်သော ခါတ်ဆားရည်နှင့် ပဋိဇီဝဆေးများ ထည့်သွင်းဖို့ သွေးကြော ရှာရပါတယ်။ သွေးကြောရှာ ထိုးပေမယ့် အကြောတွေက ပါးပြီး ကပ်နေပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ ခြေကျင်းဝတ်မှ သွေးကြောကို ခွဲစိတ်ရှာဖွေပြီး ပလစ်စတစ်ပိုက်လေး ထည့်သွင်း

ပေးလိုက်ပါတယ်။ ဆေးရုံ ဖွင့်စဖြစ်ပြီး ကလေးပါရဂူလည်း မရှိသေးတာမို့ ကျွန်တော်နဲ့ မသင်းက အစအဆုံး လုပ်ပေးရပါတယ်။

ဆရာဝန် သူနာပြုများ အားလုံးရဲ့ ကြိုးစားမှုကြောင့် ကလေးငယ်လေးကို လိုအပ်တဲ့ ဆားရည်၊ သကြားရည်များ အချိန်မီ ထည့်သွင်း ပေးနိုင်သွားပါတယ်။ ကျွန်တော်တို့ အားလုံးလည်း စိတ်ချရတဲ့ အခြေအနေ မြင်ရတော့မှ သက်ပြင်း ချနိုင်သလို ကလေးရဲ့ မိခင်လည်း အခုမှ ပြုံးနိုင် ပါတော့တယ်။

ဆက်တိုက် ဆိုသလို ရေချမ်းပြင်ဖက်က ကလေး တစ်ဦး အဖျားကြီးပြီး တက်လို့ ရောက်လာပါတယ်။ စမ်းသပ်ကြည့်တော့ သာမန် အဖျားကြီးရင် တက်တဲ့ *'Febrile Fits'* နဲ့ မတူဘဲ ဦးနှောက် အမြှေးပါးရောင်တာ *'Meningitis'* ဖြစ်လို့ တက်တာနဲ့ ပိုတူပါတယ်။

ဒါကြောင့်မို့ ကိုယ်ပူကျသွားအောင် သူနာပြုအရာရှိ ယဉ်ယဉ်ထွန်းနဲ့ ဆရာမလေးများကို ချက်ခြင်း ရေးချိုးပေးဖို့ ပြောရပါတယ်။ ပြီးတော့ ကလေး စအိုဝထဲကို *Paracetamol suppository* ထည့်ပေးလိုက်ပါတယ်။ ကျွန်တော်နဲ့ မသင်းလည်း သင့်တော်တဲ့ အတက်ကျဆေး၊ ပဋိဇီဝဆေးများနဲ့ တိုက်ကျွေးရမယ့် ပမာဏကို တိုင်ပင်ပြီး သွေးကြောထဲမှ ထည့်သွင်း ပေးလိုက်ပါတယ်။

ခဏနေတော့ ကလေးလေးလည်း ကိုယ်ပူကျပြီး သက်သာသွားတာနဲ့ ယဉ်ယဉ်ထွန်းကို ထပ်ပေးရမယ့် သောက်ဆေး၊ ထိုးဆေးများ မှာကြားပြီး ကျွန်တော်တို့ အမျိုးသမီးဆောင်ကလမ်းလျှောက်ပြန်ခဲ့ပါတယ်။ တစ်ဆောင်နဲ့ တစ်ဆောင်ကူးတဲ့ပေါင်းကူးစကြံ်နဲ့ ရောက်တော့[1] ဆောင်တော်ကူး ပန်းရနံ့တွေရသလို လတ်ဆတ်တဲ့လေရဲ့ အတွေ့အထိဟာ လူကို အေးမြသွားစေပါတယ်။ ကောင်းကင်ယံမှာတော့ လမင်းလည်း ထိန်ထိန်သာ နေပါတယ်။ ကျွန်တော်နဲ့ မသင်းလည်း အတွေ့အကြုံတွေကို ဖလှယ်ဖြစ်ပါတယ် -

'ညီမတို့ ကုသပေးရတာ ရောဂါမျိုးစုံနော်၊ ကလေးငယ်တွေက စကားလည်း မပြောနိုင်တော့ သေသေချာချာလည်း စမ်းသပ်ရတယ်၊ သူတို့ ခံစားတာကို ကြည့်ပြီး ဘာဖြစ်နိုင်သလဲလို့ စဉ်းစားရတာ'

'သူတို့ လေးတွေက သနားဖို့ကောင်းတယ် ညီမရယ်၊ လူကြီးလို ခံနိုင်ရည် မရှိတော့ အပြောင်းအလဲ တစ်ခုခုဖြစ်တာနဲ့ အမြန်ကုသပေးနိုင်မှ အချိန်မီတာ၊ အမေရဲ့ ပြုစုယုယမှု ဂရုစိုက်မှုကလည်း အများကြီး အရေးကြီးတယ်'

'အစ်ကိုနဲ့ လူနာတွေ ကုသပေးရတာ အဆင်ပြေတယ်၊ ပညာလည်း ရပါတယ်'

'အစ်ကိုလည်း ညီမနဲ့ ထပ်တူထပ်မျှပါပဲ၊ ကိုယ်တိုင်က ခွဲစိတ်နဲ့ ကင်ဆာလူနာတွေကို ကုသနေကြမို့ ကလေးငယ်တွေဆိုရင် အတော် သတိထားရတယ်၊ ကိုယ့်အားနည်းချက်ကြောင့် သူတို့ တစ်ခုခုဖြစ်မှာကို စိုးတာ'

'အတူတူ တိုင်ပင်ပြီး ကုကြတာပေါ့၊ အဆင်ပြေသွားမှာပါ အစ်ကိုရယ် ...'

ကျွန်တော်တို့ စကားတပြောပြောနဲ့ မသင်းနေတဲ့ အဆောင်ရှေ့ရောက်လာပါတယ်။ မသင်းက -

'နက်ဖြန်လည်း ခွဲခန်းဝင်ဖို့ ရှိသေးတယ်၊ အစ်ကိုလည်း နားလိုက်နော်'

'ကောင်းပါပြီ ညီမရယ်၊ *Good night* ပါ ...'

မသင်းကို နှုတ်ဆက်ပြီး ကျွန်တော့် အခန်းကို ပြန်ရောက်တော့ ည၉(၁၂)နာရီ ကျော်နေပါပြီ။ ဒါပေမဲ့ ခေါမ အတွေးအခေါ် ပညာရှင်များရဲ့ ဒဿနကို သိချင်စိတ် အလွန်ပြင်းပြတာနဲ့ ကော်ဖီဖျော်ပြီး စားပွဲပေါ်က စာအုပ်များကို ဆက်လက် ဖတ်ရှုမိပါတယ်။

ကျွန်တော့် အာရုံများကလည်း တစ်ခါက အတွေးအခေါ် ပညာရှင်များ ထွန်းကားရာ လှပတင့်တယ်သော ခေါမတိုင်းကို ပြန်လည် ရောက်ရှိ သွားပါတော့တယ် ...

(၄)

နှင်းဆီပွင့်ပေါ် အိပ်စက်ခြင်း

ခေါမတိုင်းမှာ သေးလိမ်နောက်ပိုင်း ထွန်းကားခဲ့သော ဆိုဖီ ဆရာများထဲတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်က ***ဆိုကရေးတီး*** *'Socrates BC 499-399'* ဖြစ်ပါတယ်။ သူဟာ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး ဆယ်နှစ်အကြာ ဆင်းရဲသား လက်လုပ်လက်စား မျိုးရိုးမှ အေသင်မြို့မှာ မွေးဖွားခဲ့ပါတယ်။ သူ့ဖခင်ဟာ ပန်းပုဆရာဖြစ်ပြီး သူ့ဘဝ သက်တမ်းတစ်လျှောက်မှာ ဈေးနှင့် လူစည်ကားရာ အရပ်ဒေသများတွင် ဟောပြော ဆွေးနွေး ပညာရှာရင်း အချိန်ကုန်ခဲ့ပါတယ်။

သူဟာ ရှေးဦး ခေါမ ဒဿန ပညာရှင်များနဲ့ မတူဘဲ စကြာဝဠာမှာ လူသာလျှင် အဓိက အကျဆုံး ဖြစ်ပြီး လူ့ဘဝ ဆိုင်ရာ ပြဿနာများသာ အရေးကြီးပါတယ်လို့ ယူဆ ထား ပါတယ်။

သူက ကောင်းမြတ်တဲ့ အရာဆိုတာ *အသိဉာဏ် 'Wisdom'* ဖြစ်ပြီး ယင်းကို အပတ်တကုတ် ရှာဖွေကြိုးစား၍ ဘဝကို စူးစမ်းသုံးသပ် နေမှသာ အနှစ်သာရ ရှိသော ဘဝ ဖြစ်တယ်လို့ ဆိုပါတယ်။ *သစ္စာ* ကို ရှာဖွေရာမှာ သူဟာ *အချေ အတင် အပြန်အလှန် ပြောဆိုစဉ်းစားသော 'Dialectics'* နည်းကို အသုံးပြုခဲ့တာကို တွေ့ရပါတယ်။

မြတ်ဗုဒ္ဓကတော့ သစ္စာကို ရှာဖွေရာမှာ လေ့လာသင်ယူခြင်းဖြင့် သိရှိနိုင်သော *သုတမယပညာ 'knowledge gained by learning'* နှင့် ဝေဖန်ပိုင်းခြား ဆင်ခြင်ခြင်းဖြင့် သိရှိနိုင်သော *ိန္တာမယပညာ 'knowledge gained by reasoning and thinking'* တို့ဖြင့် ပြည့်စုံစွာ မသိရှိနိုင်ဘူးလို့ သိမြင်ခဲ့ပါတယ်။ မိမိကိုယ်တိုင် တရားရှုမှတ်ပြီး ရရှိသော *ဘာဝနာမယ ပညာ 'knowledge gained through meditation and repeated contemplation'* ဖြင့်သာ ဉာဏ်ပွင့်လင်းပြီး တွေ့ရှိမယ်လို့ ညွှန်ပြ ဟောပြောခဲ့ပါတယ်။

သူ့ အယူအဆအရ လူသားများကို လောကီအာရုံ ကာမဂုဏ်များနှင့်ပတ်သက်လို့ လုံးဝ မလိုက်စားအပ်လို့ ပိတ်ပင်တားဆီးတာမျိုး မရှိပေမယ့် အလွန်အကျွံ တပ်မက်မှုမျိုး မဖြစ်သင့်လို့ ဆိုပါတယ်။ အစားအသောက်နှင့် ပတ်သက်လို့လည်း သင့်တင့်မျှတစွာ စားသုံး နေထိုင်ခြင်းကိုသာ ညွှန်ပြပြီး အစားအသောက် ရှောင်ကြဉ်ခြင်းနှင့် *ဥပုသ်စောင့်ခြင်း 'Fasting'* တို့ကိုတော့ တိုက်တွန်းခြင်း မပြုခဲ့ပါဘူး။ *စပျစ်ရည် 'wine'* သောက်သုံးခြင်းကို အပြစ် မဆိုပေမယ့် အရသာခံပြီး မူးယစ် မေ့လျော့အောင် သောက်သုံးခြင်းကိုတော့ တားမြစ်ခဲ့ပါတယ်။ သူဟာ လူတိုင်းကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထူး အလေးထားအပ်တယ်လို့ ယူဆပါတယ်။

သူဟာ လူ့ဘဝကို အခြေစိုက် စဉ်းစားတွေးခေါ်သူဖြစ်ပြီး *အတွေးအမြင်ဆိုတာ ဘဝရဲ့လမ်းညွှန် ဖြစ်ရမယ်လို့* ခံယူထားပါတယ်။

သူရဲ့ တိုးတက်သော အတွေးအခေါ်များနှင့် နတ်ဘုရားကို မကိုးကွယ်တဲ့ အယူအဆတွေဟာ ထိုစဉ်က ခေါမ အာဏာပိုင်များအတွက် မနှစ်မြို့စရာများ ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ အေသင်နိုင်ငံရဲ့ တရားဥပဒေအရ သူ့ကို *BC-399* မှာ အဆိပ်သောက်ပြီး သေဖို့ ပြစ်ဒဏ် ချမှတ် ခဲ့ပါတယ်။

ထိုစဉ်က ဆိုကရေးတီး ဟာ မိမိ သောက်ရမယ့် အဆိပ်ခွက်ကို တည်ငြိမ်စွာ ကိုင်တွယ်ရင်း သောက်သုံး သွားခဲ့တာကို သူရဲ့ လက်ရင်းတပည့် ဒဿနပညာရှင် *ပလေးတို့း 'Plato'* မှ ဖီဒို *'Phaedo'* ကျမ်းမှာ မှတ်တမ်း တင်ထားပါတယ်။ အာဏာပိုင်များက နောက်ဆုံးအချိန်မှာ သူ့ကိုယ်မှာ ဖွဲနှောင်ထားသော သံကြိုးများကို ဖြုတ်ပေးပြီး သူ့တပည့်များနှင့် လွတ်လပ်စွာ ပြောဆိုခွင့် ပေးထား ပါတယ်။ သူဟာ တပည့်များနှင့် လွတ်လပ်စွာ ပြောဆိုနိုင်ဖို့ အနားမှာ ငိုယိုနေတဲ့ သူ့ဇနီးကိုလည်း အပြင် ထွက်ခိုင်း လိုက်ပါတယ်။

သူဟာ ဝိညာဉ်ရဲ့ သေခြင်းကင်းတဲ့ အမတ သဘောကို လက်ခံထားသူ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဆိပ်ရည်သောက်ပြီး ရုပ်ခန္ဓာ သေဆုံး သွားပေမယ့် ဝိညာဉ်ဟာ ဆက်လက် ရှင်သန်

လျှက်ရှိတာကို ...

'တပည့်တို့... *သေခြင်းဆိုတာ အိပ်မက်မရှိတော့သော အိပ်စက်ခြင်း 'Dreamless sleep'* မျိုးဖြစ်ပြီး ဘဝတစ်ပါးသို့ ဝိညာဉ် ကူးပြောင်းသွားခြင်း သာဖြစ်တယ်။ သေလွန် သွားပေမယ့် တမလွန်ဘဝမှာ အသိပညာကို ဆက်လက် ရှာဖွေနိုင်တယ်။ တမလွန်ဘဝ ရောက်တဲ့အခါ ပျော်ရွှင်ခြင်း သုခ ကိုသာမက မသေခြင်းကင်းတဲ့ အမတ ချမ်းသာကိုပါ ရရှိနိုင်တယ်'

ဆက်လက်လို့ ...

'တပည့်တို့ ... ဒဿနဝိညာဉ် ကိန်းဝပ်တဲ့ စိတ်နှလုံးရှိသော သူဟာ သေခြင်းတရားကို တုန်လှုပ်မှု မရှိတော့သလို သေခြင်းကိုလည်း ဝမ်းပန်းတသာ ကြိုဆိုတတ်ကြတယ်။ ဒါပေမဲ့ ဥပဒေက ခွင့်မပြုတဲ့ မိမိကိုယ်ကိုသတ်ပြီး သေခြင်းမျိုးကိုတော့ ရှောင်ရှား အပ်တယ်'

ထိုအခါ တပည့်များက 'ဆရာ ... မိမိကိုယ်ကို သတ်သေခြင်းကို အဘယ်ကြောင့် ရှောင်ရှားအပ်ပါသလဲ ... 'ဆိုတဲ့အခါ

'လူရဲ့ ခန္ဓာကိုယ်မှာ ဝိညာဉ် ကိန်းဝပ်နေတာဟာ အကျဉ်းကျ လျှက်ရှိတဲ့သူနှင့် တူလှပါတယ်။ အကျဉ်းကျသူဟာ ထောင်ကို မိမိသဘော အလျောက် ဖောက်ထွင်း၍ ထွက်မယ်ဆိုလျှင် အပြစ်ဖြစ်သလို လူသားဟာလည်း မိမိကိုယ်ကို သတ်ဖြတ်ခြင်းဖြင့် ဝိညာဉ်ကို ခန္ဓာကိုယ်မှ ခွဲခွာခြင်း မပြုအပ်၊ ပြုက

အပြစ် ဖြစ်လိမ်မည် ...' ကို ပြောကြား ခဲ့ပါတယ်။

သူက လူသားနှင့် ဘုရားသခင်တို့ ဆက်ဆံရေးဟာ သိုးပိုင်ရှင်နှင့် သိုးအုပ်တို့ရဲ့ ဆက်ဆံရေးနှင့် တူကြောင်းကိုလည်း အောက်ပါအတိုင်း ရှင်းပြခဲ့ပါတယ် ...

'တပည့်တို့ ... သင်ပိုင်ဆိုင်တဲ့ သိုးအုပ်ထဲက သိုးတကောင်ဟာ သူ့သဘောအလျောက် လမ်းခွဲ ထွက်သွားမယ်ဆိုလျှင် သင်စိတ်ဆိုးမှာဖြစ်တယ်။ အလားတူ မိမိသဘောနှင့် မိမိသတ်သေတာဆိုရင်လည်း ဘုရားသခင်က အလိုရှိမှာမဟုတ်ဘူး။ ဒါ့ကြောင့်မို့ လူဟာ မိမိ ဆန္ဒအလျောက် မသေသင့်ဘဲ ဘုရားသခင် ခေါ်ယူမှသာ သေသင့်တယ်။ ယခု ငါ့အား ဘုရားသခင်က ခေါ်တဲ့အတွက် ငါသွားတော့မယ်' လို့ နောက်ဆုံး နှုတ်ဆက်စကား ပြောကြားခဲ့ပါတယ်။

သစ္စာ ကို ရှာဖွေရာမှာ သူရဲ့ လက်ရင်းတပည့် တစ်ဦးဖြစ်သော ***ပလေးတိုး*** *'Plato 427-347 B.C'* ဟာအထူး ထင်ရှားပါတယ်။ သူဟာ ဆိုကရေးတီးရဲ့ အတွေးအမြင် များသာမက ကိုယ်ပိုင် ဒဿနအမြင်များကို *'Dialogue'* ခေါ်ကျမ်းများမှာ စနစ်တကျ မှတ်တမ်းတင် ရေးသားထားပါတယ်။ သူ့အမြင်များအားလုံးကို ကျမ်းစာအုပ် ရေးသားပုံမျိုး မဟုတ်ဘဲ စိတ်ဝင်စားဖွယ်ကောင်းအောင် ချိုမြိန်သော ဝတ္ထုအဖွဲ့အနွဲ့ ပုံစံများနှင့် တင်ပြထားလို့လည်း လူအများက နှစ်ခြိုက်စွာ ဖတ်ရှုကြပါတယ်။

ဒါ့ကြောင့်မို့ စာရေးဆရာ *'Bertrand Russell'* က ပလေးတိုး ရဲ့ အတွေးအခေါ်များကို လူတိုင်း မနှစ်သက်ဘဲသာ နေချင်နေပေမယ့် သူ့ အရေးအသားကိုတော့ မည်သူမျှ မနှစ်သက်ဘဲ မနေနိုင်လို့ မှတ်ချက် ပြုထားပါတယ်။

သူဟာ အေသင်မြို့မှာ ချမ်းသာသော မူးမျိုးမတ်နွယ် မိဘများမှ မွေးဖွား ခဲ့ပါတယ်။ ဘီစီ ၄၀၇ ခုနှစ်တွင် ဆော့ခရတ်တီး ထံတွင် ပညာဆည်းပူးခဲ့ပြီး အထူးချွန်ဆုံး၊ အထက် မြက်ဆုံး တပည့်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ပလေးတိုးဟာ ဆော့ခရတ်တီးအား အာဏာပိုင်များမှ အဆိပ်ခတ် သတ်လိုက် သည်အထိ အတူ နေထိုင် ခဲ့ပါတယ်။

သူ့ ဆရာ ကွယ်လွန်ပြီးနောက် အီဂျစ်၊ အာရှ၊ အီတလီ နိုင်ငံများသို့ ခရီးလှည့်လည်ပြီး ပညာဆည်းပူးခဲ့ပါတယ်။ သူ ပြန်လည် ရောက်ရှိတဲ့အခါ *အကယ်ဒမီ Academy* အမည်ရသော ကျောင်းတော်ကြီးကို တည်ထောင်ပြီး သခ်ၤာပညာ၊ နိုင်ငံအုပ်ချုပ်ရေးနှင့် အတွေးအခေါ် ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ပါတယ်။

ပလေးတိုးရဲ့ အကောင်းဆုံးနှင့် အပြောင်မြောက်ဆုံးကျမ်း စာအုပ်ကတော့ *သမ္မတနိုင်ငံ 'Republic'* ဖြစ်ပါတယ်။ ထိုကျမ်းမှာ အပိုင်းသုံးပိုင်း ပါဝင်ပြီး ပထမပိုင်းမှာ နိုင်ငံရေး သဘောတရားများ၊ ဒုတိယပိုင်းတွင် ဖီလိုဆိုဖီရဲ့ သဘောသဘာဝ နှင့်

ဖီလိုဆိုဖာတစ်ဦးရဲ့ ဂုဏ်ရည်များနှင့် တတိယပိုင်းတွင် နိဒါန်းတော်ဖွဲ့စည်းပုံ အခြေခံသဘောတရားများကို ရေးဖွဲ့ ထားပါတယ်။ ကျွန်တော် အနှစ်သက်ဆုံးနှင့် စိတ်ဝင်စားသော အပိုင်းမှာ ဒုတိယပိုင်းဖြစ်သလို သမ္မတနိဒါန်းကျမ်းရဲ့ အထူးခြားဆုံး အပိုင်းလို့ လည်း ကမ္ဘာ့ဒဿန ပညာရှင်များက လေးလေးစားစား အသိ အမှတ်ပြုထားတာကို တွေ့ရပါတယ်။

ဖီလိုဆိုဖီ 'Philosophy' ကို ပလေးတိုးက *အသိပညာကို မြတ်နိုးခြင်း*လို့ အဓိပ္ပါယ် ဖွင့်ဆိုထားသလို လောကသဘာဝနှင့် ဘဝသစ္စာကို စူးစမ်း ရှာဖွေသောအတတ်လို့ မှတ်ချက် ချထားပါ တယ်။

ပလေးတိုးမှ သမ္မတနိဒါန်းကျမ်းတွင် သူရဲ့ အတွေးအမြင် များကို *အစစ်အမှန်သဘော 'Reality'* နှင့် *အပေါ်ယံသဘော 'Appearance'* တို့ရဲ့ ကွဲပြား ခြားနားမှုကို ရှုမြင်ခြင်းမှ စတင်ပါတယ်။ တနည်းအားဖြင့် *ပညတ်* နှင့် *ပရမတ်* သဘောကို ခွဲခြားရှုမြင် တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒဿန ပညာရှင် တစ်ဦးအတွက် ပညတ်နှင့် ပရမတ်သဘောကို ခွဲခြား နားလည် နိုင်ရေးအတွက် အရေးကြီးကြောင်း တင်ပြထားတာကို တွေ့ရ ပါတယ်။

သူက *ဖီလိုဆိုဖာဆိုတာ ပညာကို နှစ်သက်မြတ်နိုး*သူ *'Lover of wisdom'* လို့ အဓိပ္ပါယ်ဖွင့်ဆိုပါတယ်။ အလှကို

မြတ်နိုးသူနှင့် ပညာကိုမြတ်နိုးသူတို့ ကွဲပြားခြားနားတာကိုလည်း ပန်းချီဆရာနှင့် ဖီလိုဆိုဖာတို့ကို ဥပမာပေးပြီး ရှင်းထားတာကလည်း နှစ်သက် ဖွယ်ရာပင် ဖြစ်ပါတယ်။

သူက ပန်းချီဆရာဟာ *လှပသောအရာများမှာ ချစ်မြတ်နိုးသူ 'Lover of beautiful things'* ဖြစ်ပြီး ဖီလိုဆိုဖာကတော့ အလှရဲ့ *အကြွင်းမဲ့ပရမတ်သဘောကို နားလည်ချစ်မြတ်နိုးသူ 'Lover of absolute reality of beauty'* လို့ ရှင်းပြထားပါတယ်။

ဒါကြောင့်မို့ လှပသောအရာ တို့ကိုသာ ရှာဖွေ၍ နှစ်သက် မြတ်နိုးသူဟာ နှင်းဆီပွင့်များပေါ်မှာ အိပ်မက် မက်နေသူ နှင့်တူပြီး အလှရဲ့ ပရမတ်သဘောကို နားလည်တဲ့ သူကတော့ ရှင်သန် နိုးကြားလျက် ရှိသောသူနှင့် တူပါတယ်လို့ နှိုင်းယှဉ် ဖော်ပြထားပါတယ်။

ပလေးတိုးက ပညတ်နယ်နှင့် ပရမတ်နယ်ကို ခွဲခြားရှုမြင် လိုက်ခြင်း ဖြစ်သလို *ပညတ် 'Concept'* ဟာ *အသိနယ် 'Field of knowledge'* အတွင်းမှာရှိပြီး *ပရမတ် 'Reality'* က *ပညာနယ် 'Field of wisdom'* ထဲမှာ ရှိပါတယ်လို့ တင်ပြသွား ပါတယ်။

ကျွန်တော် စဉ်းစားကြည့်တဲ့အခါ မြေအိုး၊ စဉ့်အိုး၊ ကြွေအိုးနှင့် ဖန်အိုးများဟာ အမည်နာမ ပညတ်အားဖြင့် ကွဲပြားနေပေမဲ့ ပရမတ်သဘောအရ မြေ 'ပထဝီ' သာဖြစ်ကြောင်း

နားလည်လို့ ရသွားပါတယ်။ ပလေးတိုး ဆိုလိုတဲ့ အဓိပ္ပါယ် ကိုလည်း နှစ်သက် သဘောကျ မိပါတယ်။

ဆက်လက်လို့ ပလေးတိုးက အမှန်တရား သစ္စာကို ရှာဖွေ သိမြင်ဖို့ အတွက် *ဆင်ခြင်ခြင်း 'Reasoning'* က *ထင်မြင်ယူဆ ခြင်း 'Opinion'* ထက် ပိုမို၍ ပခန္ဓာ ကျပါတယ်လို့ ယူဆပါတယ်။

သူက ကျွန်တော်တို့ နေထိုင်တဲ့ မျက်မှောက် လောကကြီးဟာ အစဉ် ပြောင်းလဲနေတဲ့အတွက် ကောင်းမြတ် စစ်မှန်တာတွေ မဟုတ်ဘဲ *မာယာလောက 'Magic world'* ကြီးသာဖြစ်တယ်လို့ ဆိုပါတယ်။ လက်ရှိလောကနှင့် မတူသော အစစ်အမှန်လောကမှာ ကောင်းမြတ် ခိုင်မြဲသော အရာများသာရှိပြီး ထိုလောကကို ရောက်ရှိနိုင်မဲ့ နည်းလမ်းကို ဆင်ခြင်ခြင်းဖြင့်သာ သိမြင်နိုင် ပါတယ်လို့ ဖော်ပြ ထားပါတယ်။ ဒီနေရာမှာ ပလေးတိုး ဆိုလိုတဲ့ ဆင်ခြင်မှုဟာ ဒိုင်ယာလက်တစ် နည်းကျသော စဉ်းစား ဆင်ခြင်မှုကို ဆိုလိုပါတယ်။

သူက လူ့အသိဉာဏ်ဖြစ်စဉ်ကိုလည်း နှစ်ပိုင်းခွဲ၍ဖော်ပြ ထားပါတယ်။ တစ်ပိုင်းက *ထင်မြင်ယူဆချက် 'Opinion'* ဖြစ်ပြီး ကျန်တစ်ပိုင်းမှာ *အသိပညာ 'Knowledge'* ပိုင်းဖြစ်ပါတယ်။ ထင်မြင် ယူဆချက်ပိုင်းတွင် စိတ်ကူးယဉ်မှုများနှင့် *အာရုံသိ 'Sense-perecption'* များပါဝင်နေလို့ ယင်းကို ဆင်ခြင် ခြင်းဖြင့် ကျော်လွန်နိုင်မှသာ အသိမှန်ကို ရရှိမှာဖြစ်ပါတယ်။

ဒီလို တင်ပြရတာကလည်း သူ့အရင် ပေါ်ပေါက်ခဲ့သော ဆိုဖစ် *'Sophist'* ခေါ် အတွေးအမြင်ဂိုဏ်းမှ ဒဿန ဆရာကြီး များက လောကကို *အာရုံအားဖြင့် သိရှိခြင်း 'sense-perception'* ဒါမှမဟုတ် *အတွေ့အကြုံအရ သိခြင်း 'Empirical knowledge'* သာ မှန်ကန်တဲ့ အသိပါလို့ ယူဆထား‌လို့ ဖြစ်ပါတယ်။

'Man is the measure of all things' လူဟာအရာခပ်သိမ်း ရဲ့ *အတိုင်းအတာသာဖြစ်တယ်လို့* သူတို့ ယူဆကြလို့လည်း ဒီလိုအမြင် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ ယူဆတဲ့ အတိုင်းသာဆိုရင် မောင်ဖြူကလည်း သူသိတာ မှန်တယ်လို့ ထင်သလို၊ မောင်နီကလည်း သူသိတာမှန်တယ်၊ မိမိကလည်း မိမိသိတာမှန်တယ်လို့ဆိုရင် ကိုယ်ထင်ရာ မှန်နေတဲ့အတွက် သစ္စာ ဆိုတာ ပုဂ္ဂလဓိဋ္ဌာန်သာ ဖြစ်သွားပါမယ်။ ဒီလိုဆို လူ့လောကမှာ ညီညွတ်မှု ငြိမ်းချမ်းမှုမရှိတော့ဘဲ သူ့အမြင်နဲ့သူ၊ ကိုယ့်အမြင်နဲ့ ကိုယ်ဆိုတော့ ငါတကောကောတဲ့ အခြေအနေ ရောက်သွားပါမယ်။

ဒါ့ကြောင့်မို့ ပလေးတိုးက လောကရဲ့ သစ္စာတရား‌ကို အာရုံသိ၊ တွေးကြုံသိအား‌ဖြင့် မသိနိုင်ဘဲ ဆင်ခြင်ခြင်း‌ဖြင့်သာ သိနိုင်တယ်လို့ ဆိုပါတယ်။ ပမာဆိုရရင် ဂျူး‌လီး‌ယက်၊ အဲလီး‌ဇောက်၊ စင်သီယာ၊ ဆိုမီယာစတဲ့ အမျိုး‌သမီး‌များ‌ကိုတွေ့ရ

ပေမဲ့ အနှစ်ကတော့ မိန်းမဆိုတဲ့ ကျတ္တိဘာဝကိုသာ ကိုယ်စားပြု ပါတယ်လို့ ပလေးတိုးက တင်ပြခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပလေးတိုးရဲ့ အတွေးအမြင်တွေဟာ သူ့ခေတ်သူ့အခါက အထင်ရှားဆုံးဖြစ်ပြီး ဘဝသစ္စာကိုရှာဖွေရာမှာ ဆင်ခြင်ခြင်းက ပိုမို အရေးပါတယ်ဆိုတာ လူအများက လက်ခံလာတာကို တွေ့ရပါတယ်။

ပလေးတိုးရဲ့ အလိုအရ ဒိုင်ယာလက်တစ်နည်းကျ ဆင်ခြင်မှုဖြင့် အစစ်အမှန် လောကကို ထိုးထွင်း သိမြင်နိုင်ခြင်းသည်သာ မြင့်မြတ်သော အဓိပ္ပါယ်ရှိသော တန်ဖိုးရှိသောဘဝ ဖြစ်ပါတယ်။

သူရဲ့ သမ္မတနိုင်ငံကျမ်းကိုလည်း စိတ်ကူးနှင့်တည်ဆောက်ထားသော သမ္မတနိုင်ငံကြီးကို အုပ်ချုပ်မည့် သူများဟာ အများရဲ့ ကြည်ညိုလေးစားမှုရှိပြီး၊ ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော ဒဿန ပညာရှင်များသာ ဖြစ်သင့်ပါတယ်လို့ အနှစ်ချုပ် ရေးသားခဲ့ပါတယ်။ ဒါ့ကြောင့်မို့ ပလေးတိုးရဲ့ စိတ်ကူးထဲက စံပြနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ မဟုတ်ဘဲ *ပညာတတ် လူနည်းစုကသာ အုပ်ချုပ်ချယ်လှယ်သော Atutocracy* နိုင်ငံ ဖြစ်နေပါတယ်။

ပလေးတိုးနှင့် ရှေးရှေးက ဂရိဒဿနပညာ ရှင်များရဲ့ အဓိက ခြားနားချက်မှာ သူဟာ သိပ္ပံရေးရာထက် လူ့ဘဝ ချမ်းမြေ့သာယာရေးအတွက် ကိုယ်ကျင့်တရားကို ပိုပြီး အလေးထားခဲ့သူ ဖြစ်ပါတယ်။

သူ့ရဲ့ အခြား ထင်ရှားသော ကျမ်းများမှာ လွတ်လပ်စွာ တွေးခေါ်တတ်သော *ပေဂန် 'Pagan'* ခေါ် ဖီလိုဆိုဖာများ အကြောင်း ရေးထားသော *ဖီဒို 'Phaedo'* နှင့် *မီနို 'Meno'* ဖြစ်ပါတယ်။ အထူးသဖြင့် ဖီဒိုကျမ်းတွင် ပလေးတိုးက လောကမှာ အမွန်မြတ်ဆုံး လူသားတစ်ဦးရဲ့ စံထိုက်သော အပြုအမူနှင့် စိတ်နေသဘောထားကို ဖွဲ့ဆိုထားပါတယ်။ သေခြင်း ရင်ဆိုင်ရသော်လည်း ကြောက်ရွံ့ ထိတ်လန့် ခြင်းမရှိဘဲ အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်သွားခဲ့သော သူ့ဏာဆရာ ဆိုကရေးတီး၏ ရုပ်ပုံလွှာကို ကြည်ညိုလေးစား အတုယူဖွယ် ဖြစ်အောင် ခြယ်မှုန်းရေးဖွဲ့ ထားပါတယ်။

ထိုကျမ်းများမှာ သေဆုံးခြင်း မရှိတဲ့ *ထာဝရ ဝိညာဉ်သဘော 'Eternal soul'* ကိုလည်း ဖော်ပြထားပါတယ်။ ဘဝတစ်ခု ချုပ်ငြိမ်းသွားတဲ့အခါ ဒီဝိညာဉ်လေးဟာ ရုပ်ခန္ဓာမှ ထွက်ခွာသွားပြီး ဝိညာဉ်လောကမှာ အခိုက်အတန့် တည်နေတယ်လို့ ဆိုပါတယ်။ ဒီ့နောက် အခြေအနေပေးပါက လူ့လောကသို့ ပြန်လည်မွေးဖွား ရောက်ရှိနိုင်တာကိုလည်း ဖော်ပြ ထားပါတယ်။ ဒါ့ကြောင့်မို့ ပလေးတိုးက တစ်ချို့သောသူများ အတိတ်ဘဝက ဖြစ်ရပ်လေးတွေနဲ့ ဘဝဟောင်းကို ပြန်လည် အောက်မေ့သိရှိတာဟာ ရှေးဘဝများက အတွေ့အကြုံများကို ဝိညာဉ်က သိမ်းဆည်းထားလို့ ဖြစ်တယ်လို့ ဆိုပါတယ်။

ကျွန်တော့် အနေနဲ့လည်း သေခြင်းဟာ ဘဝခရီးရဲ့ အဆုံး မဟုတ်ဘူးလို့ ပလေးတိုးက တင်ပြထားတာကို သတိထား မိလိုက်ပါတယ်။ ဒါ့ကြောင့်မို့ ဆိုကရေးတီးနဲ့ ပလေးတိုးတို့ဟာ ခရစ်ယာန်၊ အစ္စလာမ်စသော ဘာသာကြီးများ မပေါ်မီကပင် အနောက်တိုင်းမှာ လူသားရဲ့ သေရေးရှင်ရေး အတွေးအမြင်များကို လမ်းခင်း ပေးခဲ့ပြီး ဖြစ်နေပါတယ်။

ထူးခြားတာက ပလေးတိုးဟာ *'ရုပ်နဲ့နာမ် ခွဲခွာသွားတဲ့ သေဆုံးချိန်မှာ အလုံးစုံ သန့်ရှင်း စင်ကြယ်စွာ အားထုတ်ထားသူ တို့သာ ထာဝရ နာမ်တရားများရဲ့ လောက 'The world of Ideas' သို့ ဝင်ရောက်ခွင့် ရတဲ့အတွက် အသိပညာကို မြှတ်နိုး သော သူတို့သာလျှင် ထိုအခွင့်အရေးကို ရပါလိမ့်မယ် ...'* လို့ ဆိုထားပါတယ်။

ပလေးတိုးရဲ့ ထာဝရ နာမ်တရားများရဲ့ လောကကို နောင်အခါ ခရစ်ယာန် အယူဝါဒ ပေါ်ပေါက်ပြီးနောက် *ကောင်းကင်နိုင်ငံတော် 'Kingdom of Heaven'* လို့ ခေါ်ဆိုပါတယ်။

(၅)

ဘဝဆိုတဲ့ ဆေးတံတို

ပလေးတိုးရဲ့ သစ္စာ ရှာဖွေတာကို လေ့လာဖတ်**ရှု**ရင်း တဖြည်းဖြည်း မျက်တောင်များ စင်းလာပါတယ်။ မကြာမီ ကျွန်တော် နှစ်ခြိုက်စွာ အိပ်ပျော်သွားပေမယ့် နိုးတဝက်

ဖြစ်နေချိန်မှာ အိပ်မက်ကမ္ဘာ တစ်ခုသို့ ရောက်သွား ပါတယ်။

အိပ်မက်ထဲမှာ နေခြည်ဖြာလို့ မရောက်နိုင်အောင် ထူထဲ နက်ရှိုင်းလှတဲ့ တောတောင်အလယ်မှာ ကျွန်တော် တစ်ယောက် တည်း ခရီးနှင်နေပါတယ်။ အဲဒီခရီးရဲ့ ဦးတည်ရာက ကမ္ဘာမြေ မှာ သေခြင်းမရှိတဲ့ စိတ်ချမ်းမြေ့ဖွယ်ရာ နေရာတစ်ခု ဖြစ်ပါ တယ်။

ခရီးစဉ်ဟာ ရှည်လျားလှသလို လမ်းတစ်လျှောက် မှာလည်း လူတစ်ဦးစ နှစ်ဦးစသာ တွေ့ရပြီး တိတ်ဆိတ် ငြိမ်သက်ခြင်း ကသာ မင်းမူနေလို့ ကြက်သီးထဖွယ်ရာလည်း ဖြစ်နေပါတယ်။ သေခြင်းမရှိတဲ့နေရာကို ဦးတည် သွားနေပေမယ့် လမ်းမှာ ဖြတ်ကျော်ခဲ့ရင်း တွေ့ရသူတွေ အားလုံးရဲ့ မျက်နှာတွေဟာ ပျော်ရွှင်မှုမရှိဘဲ ခံစားချက် ကင်းမဲ့နေတဲ့ မျက်နှာမျိုး ဖြစ်နေ ပါတယ်။

တောအုပ်ကြီးရဲ့ အစပ်ရောက်တော့ မမျှော်လင့်ဘဲ ကန္တာရ ဆန်တဲ့ သဲလွင်ပြင်ကြီးကို တွေ့ရပါတယ်။ ကျွန်တော်လည်း မလျှော့တဲ့ဇွဲနဲ့ ဆက်လက် ခရီးနှင်ခဲ့ပါတယ်။ ချွေးသီးချွေးပေါက် ကျပြီး အလွန်ပူပြင်း မောပန်းနေသလို ရေလည်း အလွန်ဆာလာ ပါတယ်။

ခပ်လှမ်းလှမ်းမှာ ရေစီးသံကြားရလို့ ကျွန်တော် အရောက် သွားတဲ့အခါ စိမ်းလန်းစိုပြေတဲ့ သစ်ပင်များ ဝန်းရံထားတဲ့

လှိုဏ်ဂူကြီး တစ်ခုကို တွေ့ရပါတယ်။ ကျွန်တော် မီးတုတ် ထွန်းညှိပြီး အထဲဝင်သွားတဲ့အခါ ရေစီးနေတဲ့ စမ်းချောင်းငယ် လေးတစ်ခုရှိသလို မနီးမဝေးမှာ လှေငယ်လေး တစ်စီးကိုလည်း တွေ့လိုက်ရပါတယ်။

အပြင်မှာပူလောင်ပေမဲ့ စမ်းချောင်းထဲက ကျောက်စက်ရေဟာ အလွန်အေးမြပြီး ကျွန်တော့်စိတ်ကို လန်းဆန်း သွားစေပါတယ်။ ကျွန်တော်လည်း ရေသောက်၊ မျက်နှာသစ်ပြီး အသင့်ရှိတဲ့ လှေငယ်လေးပေါ် တက်လိုက်တော့ ရေစီးနှင့်အလိုက်သင့် မျော သွားပါတယ်။

လိုဏ်ဂူအဝက ကျောက်နံရံတွေမှာ အလွန်လက်ရာ မြောက်တဲ့ ပန်းချီကားတွေ ရေးဆွဲထားတာကို မြင်ရပါတယ်။ ကျွန်တော် မှတ်မိသလောက် ဘုန်းတော်ကြီးတွေရဲ့ ရုပ် အလောင်းတွေ၊ တရားကျင့် နေတဲ့ပုံတွေ၊ ကျောက်ပျဉ်မှာ ဆေးကြိတ်နေတဲ့ ဝိဇ္ဇာတွေ၊ ကောင်းကင်မှာ ဆင်ဖြူတော် ပျံနေတဲ့ ပုံတွေနဲ့ တစ်ဦးနှင့်တစ်ဦး သံယောဇဉ် နှောင်ဖွဲ့နေတဲ့ အမျိုးသားနဲ့ အမျိုးသမီးတို့ရဲ့ပုံတွေ ဖြစ်နေပါတယ်။

တဖြည်းဖြည်းနဲ့ ရေးစီးသံဟာ အလွန်မြန်လာပြီး ကျွန်တော့် လှေကလေးဟာလည်း အလွန်မြင့်မားတဲ့ ရေတံခွန်ကြီး တစ်ခုရဲ့ ထိပ်ပေါ် ရောက်သွားပါတယ်။ အောက်ခြေမှာတော့ အလွန်စိမ်း လန်းစိုပြေတဲ့ သစ်ပင်ပန်းပင်များ ပေါက်ရောက်နေပါတယ်။

ကျွန်တော်လည်း လှောကလေးနဲ့အတူ ရေစီးအတိုင်း မျောပါသွားပြီး ရေတံခွန် အောက်ခြေက ကန်ကြီးထဲကို ကျသွားပါတယ်။ ရေကန်ထဲမှာ လူတစ်ခြား လှတစ်ခြား ဖြစ်သွားပေမယ့် သတိထားပြီး ကျွန်တော် ကန်စပ်ကို ကူးခပ် သွားလိုက်ပါတယ်။

ကျွန်တော်လည်း ရေကန်အစပ်မှ အပေါ်ကိုတက်လိုက်တဲ့ အခါမှာ မွေးပျံ့နေတဲ့ ပန်းရနံ့တွေကို ရလိုက်ပါတယ်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ စိမ်းစိုနေတဲ့ တောအုပ်အလယ်မှာ အဖြူရောင်အုတ်နဲ့စီထားတဲ့ အိမ်ငယ်လေးတစ်လုံးကို တွေ့လိုက်ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်လည်း အလွန်ဆာလောင် မွတ်သိပ်နေပါတယ်။ ကျွန်တော် လျှောက်သွားလို့ အိမ်လေးရဲ့ရှေ့ကို အရောက်မှာ အိမ်တံခါးပွင့်လာပြီး အပေါ်အောက် အဖြူရောင် ဝတ်ဆင်ထားတဲ့ လူကြီးတစ်ဦးကို တွေ့လိုက်ရပါတယ်။

ကျွန်တော့်ကို မွန်ရည်စွာပြုံးပြပြီး 'သား ... အထဲကို ဝင်လို့ရပါတယ်။ အိမ်ထဲမှာ သားအတွက် စားစရာတွေရှိတယ်' လို့ ပြောလိုက်ပါတယ်။

ကျွန်တော် အိမ်ထဲကို လှမ်းဝင်လိုက်တော့ အထဲမှာ ပရိဘောဂ ပစ္စည်းဆိုလို့ ကုတင်တစ်လုံး၊ သစ်သီးဝလံ အစုံတင်ထားတဲ့ ကျောက်စားပွဲလေး တစ်ခုနဲ့ ထိုင်ခုံနှစ်လုံးကိုပဲ တွေ့ရပါတယ်။

'သား ... သစ်သီးစားပြီး ဟားရည်ချိုချိုလေး သောက်လိုက်ပါ။ အဘလည်း နေ့တိုင်း ဒီအသီးအနှံတွေပဲ စားတာ'

ကျွန်တော်လည်း အဘပြောသလို ငှက်ပျောသီးစားပြီး ဟားရည် အနည်းငယ် သောက်လိုက်တဲ့အခါ အားအလွန် ပြည့်သွားပြီး နွမ်းနယ်ပင်ပန်းတာလည်း မရှိတော့ပါဘူး။ လူကြီးရဲ့မျက်နှာကို မော့ကြည့်လိုက်တဲ့အခါ ကျွန်တော် အလွန် အံ့သြတုန်လှုပ် သွားပါတယ်။ စိတ်ထဲမှာ ဘဝ အဆက်ဆက်က အလွန် ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ သူတစ်ဦး ဆိုတဲ့အသိကို အလိုလို ရလိုက်ပါတယ်။ ကျွန်တော်က 'အဘနဲ့ဒီမှာ နေလို့ရ မလား' ဆိုတော့

'သားက လူ့ပြည်မှာ အလုပ်တွေအများကြီး လုပ်ရဦးမယ်။ သား ပင်ပန်းနွမ်းနယ်တဲ့ အခါမျိုးမှာ အဘဆီ လာခဲ့ပေါ့။ အဘက ခရီးအမြဲ ထွက်နေပေမဲ့ သားလာတဲ့အခါဆို အဘ ရှိနေပါမယ်' လို့ ပြန်ဖြေပါတယ်။

ကျွန်တော်နဲ့အဘ စကားလက်ဆုံ ကျနေဆဲမှာ 'ဆရာ ... ဆရာ... အရေးပေါ်လူနာရောက်နေလို့ လာကြည့်ပေးပါဦး' လို့ ခေါ်သံနဲ့အတူ တံခါးခေါက်သံ ကြားရလို့ ကျွန်တော်လည်း အိပ်မက်က နိုးသွားခဲ့ပါတယ်။

ကျွန်တော် မျက်နှာသစ်ပြီး ဆေးရုံအဝင်ဝ လူနာ စမ်းသပ်ခန်း ကိုသွားလိုက်တဲ့အခါ ဗိုက်ကို လက်နဲ့နှိပ်ပြီး ကုတင်ပေါ်မှာ

လဲလျောင်းနေတဲ့ အသက်(၅၀) ကျော် အရွယ် အမျိုးသား တစ်ဦးကို တွေ့ရပါတယ်။ သူ့ မျက်နှာကလည်း ဖြူလျော့နေသလို ချွေးသီးချွေးပေါက်တွေလည်း ကျနေပါတယ်။

ကျွန်တော် စမ်းသပ်ကြည့်တော့ သွေးခုန်နှုန်းက(၁၄၀) ကျော်ပြီး သွေးပေါင်ချိန်က အပေါ်သွေး(၈၀)ကိုပဲ တိုင်းလို့ ရပါတယ်။ ဒါကြောင့်မို့ သူနာပြုဆရာကြီး ရဲမောင်ရဲ့ အကူအညီနဲ့ သွေးကြောရှာပြီး လိုအပ်တဲ့ သွေးဖောက်ယူ စစ်ဆေးတာတွေ လုပ်လိုက်ပါတယ်။ ဆက်လက်ပြီး *0.9% Normal Saline* အကြောဆေးထည့်ပြီး သွေးအမြန်ဆုံး သွင်းဖို့ စီစဉ်ရပါတယ်။

ကျွန်တော်မေးကြည့်တဲ့အခါ ညသန်းခေါင် ရေချမ်းပြင်ဖက်ကအပြန် လှည်းပေါ်က ပြုတ်ကျတာလို့ အတူပါလာတဲ့ ဘကြီးရဲ့ဇနီးက ဖြေပါတယ်။ ဆက်လက် စမ်းသပ်ကြည့်တဲ့ အခါ ဗိုက်တစ်ပြင်လုံး တောင့်တင်းနေပြီး *ဘေလုံးကွဲလို့သွေးထွက်လွန်နေတာ 'Splenic rupture'* ဖြစ်နေပါတယ်။

ကျွန်တော်တို့လည်း သွေးအုပ်စုတူတဲ့ ဆေးရုံဝန်ထမ်းတွေ၊ လူနာစောင့်တွေကို အကူ အညီတောင်းပြီး သွေးအမြန်သွင်းပြီး အရေးပေါ် ခွဲစိတ်ဖို့ ပြင်ဆင် ရပါတယ်။

ဆရာကြီး ဖေသိန်းက *'Ether'* နဲ့မေ့ဆေးပေးပြီး ကျွန်တော်က ခွဲစိတ်ပေးခဲ့ပါတယ်။ ညီမငယ် မသင်းကလည်း သေသေသပ်သပ်နဲ့ *Assist* လုပ်ပေးနိုင်ပါတယ်။

မသင်းက အညာသူ ဖြစ်ပြီး ဆံပင်တိုတို၊ အသားအရည် ညိုစိမ့်စိမ့်နဲ့ သနပ်ခါးကို နှစ်သက်စွာ လိမ်းတတ်သလို အဝတ်အစားကိုလည်း မြန်မာဆန်ဆန်သာ ဝတ်လေ့ရှိပါတယ်။ ကျွန်တော်နှင့် ခွဲစိတ်ခန်းမှာ အမြဲ အတူဝင်နေကျမို့ နောက်ပိုင်း ခွဲစိတ်မှု တော်တော်များများကို သူကိုယ်တိုင် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ဆေးရုံ ဖွင့်တာနှစ်လရှိပြီမို့ သူနာပြုအရာရှိ မစန္ဒာလည်း လိုအပ်တဲ့ ခွဲစိတ်ခန်းသုံး ပစ္စည်းတွေကို ကျင်ကျင်လည်လည် မြန်မြန်ဆန်ဆန် ပေးနိုင်ပါတယ်။ ကျွန်တော် ခန့်မှန်းတဲ့အတိုင်း ဘေလုံးအလယ်က ထက်ခြမ်းကွဲပြီး သွေးထွက်နေတာမို့ သွေးကြောဝင်တဲ့ နေရာကို *'Pedicle clamp'* နှင့်ကိုင်ကာ ဘေလုံးကို အပေါ်မပြီး ဖြတ်ထုတ်လိုက်ပါတယ်။ ကွဲသွားတဲ့ ဘေလုံး ထွက်သွားပြီး သွေးကြောများနှင့် ဆက်သွယ်ထားတဲ့ အရွက်အမြှေးပါးတွေကို ချည်နှောင်ပြီးတဲ့အခါ သွေးပေါင်ချိန်လည်း တဖြည်းဖြည်း ပြန်တက်လာပါတယ်။ ဗိုက်ကိုပိတ်ပြီး ခွဲစိတ်ခန်းနံရံက နာရီကို ကြည့်လိုက်တော့ နံနက် (၅)နာရီရှိနေပါပြီ။

ခွဲခန်းပြီးတော့ ကျွန်တော့် သူနာပြုများက အဆာပြေစားဖို့ ကော်ဖီနဲ့ ငှက်ပျောသီးတွေ ပြင်ထားပါတယ်။ ကျွန်တော်လည်း ငှက်ပျောသီးတွေ တွေ့လိုက်တော့ ညကမက်ခဲ့တဲ့ အိပ်မက်ကို

ပြန်သတိရလိုက်ပါတယ်။ ကျွန်တော် တွေးနေတာကို မြင်တော့ မသင်းက

'ဘာတွေ စဉ်းစားနေတာလဲ၊ စားစရာရှိတာလည်း စားလိုက် အုံး ...'

'ညက အိပ်မက်ကို ပြန်သတိရလို့ပါ ညီမရယ်၊ နောက်မှ အေးအေးဆေးဆေး ပြောပြမယ်၊ ဒီနေ့ ကြာသပတေး နေ့ဆိုတော့ ပုံမှန် ခွဲစိတ်ဖို့လည်း ရှိသေးတယ်။ ခဏနားဖို့တော့ အချိန်ရ သေးတယ် ...'

မသင်းက 'ပင်ပန်းပေမဲ့ အသက်တစ်ချောင်းကို ကယ်လိုက် နိုင်တော့ ပီတိဖြစ်ရပါတယ်။ အင်း ... ဆရာဝန်၊ သူနာပြုနဲ့ ကျောင်းဆရာတွေ အားလုံးက ဒီပီတိတွေနဲ့ ကျေနပ် နေရတာပါ'

'ဘဝမှာ အရေးကြီးတာက အများအတွက် တတ်နိုင်သမျှ အကူအညီပေးဖို့ပါ၊ အစ်ကို နှစ်သက်တဲ့ စာသားလေး တစ်ခုရှိတယ်။ အများကောင်းကျိုး အတွက် ဆောင်ရွက် ပေးနေသမျှ သင့်ရဲ့ဘဝလေးဟာလည်း အမြဲလှပ နေမှာပါ *May your world always be as beautiful as you make it for others* ။ ဒုတိယ အရေးကြီးတာက ဘဝမှာ အကုသိုလ်တွေ နည်းနိုင်သမျှ နည်းပြီး ကုသိုလ်ကောင်းမှုတွေ များများ ပါသွားဖို့ လိုတယ်၊ အခု အစ်ကိုတို့ လူနာတွေကို စေတနာထားပြီး စောင့်ရှောက် ပေးနေတာပဲ၊ ဒီလို ထားလိုက်တဲ့ စေတနာရဲ့

သတ္တိက အချည်းအနှီး မဖြစ်ဘဲ ဘဝဆက်တိုင်း ပါသွားမှာပါ…'

'အစ်ကို ပြောတာနဲ့ အားတွေ အလိုလိုရှိလာပြီ၊ ညီမ ခဏာနားလိုက်မယ်နော် *'Good Morning'* ပါ လို့ သင်းသင်းကနှုတ်ဆက်ပြီး ထွက်သွားပါတယ်။

ကျွန်တော်လည်း အခန်းကိုပြန်ပြီး ကော်ဖီဖျော်ပြီး တပည့်လေးကို မုန့်ဟင်းခါး ဝယ်ခိုင်း လိုက်ပါတယ်။ နံနက် လူနာကြည့်ပြီးတာနဲ့ ခွဲစိတ်ခန်း ဝင်ရမှာမို့ မနားတော့ဘဲ မြတ်စွာဘုရားကို ရေချမ်း၊ ဆီမီး၊ မုန့်ဟင်းခါးနဲ့ ကော်ဖီကပ်ပြီး မေတ္တာသုတ်၊ ပဋ္ဌာန်းတို့နဲ့ ပူဇော် လိုက်ပါတယ်။

နံနက်(၈)နာရီမှာ ခွဲစိတ်ဆောင်က လူနာများကို လှည့်လည်ကြည့်ပြီး လိုအပ်တဲ့ ထိုးဆေး၊ သောက်ဆေးများကို ညွှန်ကြားပေးရသလို တစ်ချို့ကိုလည်း အားပေးစကား ပြောရပါတယ်။ နံနက်(၉)နာရီ *'Ward round'* ပြီးတဲ့အခါ ဘူးသီးတောင်၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းဖက်က လာပြတဲ့ လူနာများကို ကြည့်ရှု စမ်းသပ်ပေးပြီး လိုအပ်က ဆေးရုံတက်ရောက်ဖို့ စီစဉ်ပေးလိုက်ပါတယ်။

ကျွန်တော် ခွဲစိတ်ခန်းမကြီးကို ရောက်တော့ (၁၀)နာရီထိုးဖို့ မိနစ်အနည်းငယ်သာ လိုပါတော့တယ်။ ဒီနေ့ အူသိမ် ဦးပိုင်းက အနာကြောင့် အစာအိမ်လမ်းကြောင်းပိတ် လူနာတစ်ဦး၊ ရင်သားအကျိတ်နဲ့ အမျိုးသမီးတစ်ဦး၊ အူကျရောဂါနဲ့ ရောက်လာတဲ့

လူနာ နှစ်ဦးကို ခွဲစိတ် ပေးရပါတယ်။ ခွဲစိတ်ကုသမှု ပြီးတော့ နေ့လည် နှစ်နာရီ ထိုးနေပါပြီ။

နေ့လည်စာကို ပဲနီလေးဟင်းချို၊ လက်ဖက်သုတ်နဲ့ စားဖြစ်ပါတယ်။ စစ်တွေဆေးရုံမှာ တစ်ခုလုပ်ဖြစ်တာက အလုပ်လုပ်ရင်း၊ သွားရင်လာရင်း တရား အမှတ်လေးနဲ့ နေမိတဲ့အကျင့်လေး ရလာပါတယ်။ မိမိစိတ်ကလေး ဘယ်ရောက်နေတယ်၊ ဘာတွေတွေးနေလဲဆိုတာ နောက်ကသတိလိုက်ပြီး စောင့်ကြည့်လာတတ်ပါတယ်။ အစပိုင်းမှာ စိတ်ကလေးက ထွက်ထွက်ပြေးတာမို့ သူ့ကို မနည်းပြန်ပြီး ဖမ်းယူရပါတယ်။ အလုပ်များတဲ့အခါမှာ လွတ်သွားပေမဲ့ ကြိုးစားပြီး သတိလေးနဲ့ နေလိုက်တော့ တဖြည်းဖြည်းနဲ့ အကျင့်ရလာသလို နေရတာလည်း စိတ်အေး ချမ်းမှု ရှိလာပါတယ်။

နေ့ခင်း ကျွန်တော့် အခန်းမှာ (၁၅)မိနစ်လောက် အနားယူလိုက်ပါတယ်။ နေ့လည် နှစ်နာရီခွဲကစပြီး ပြင်ပလူနာတွေကို မသင်းနှင့် ကူညီကြည့်ရှု ပေးလိုက်ပါတယ်။ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်းတောဘက်က လာပြတဲ့ လူနာတွေကတော့ ညနေ သုံးနာရီလောက်မှ ရောက်လာကြပါတယ်။

အချိန်ဆိုတာ ငှက်ကလေးများ တောင်ပံရိုက်ခတ် ပျံသန်းသွားသလို ဖျတ်ကနဲ ဖျတ်ကနဲ အကုန်မြန်လှပါတယ်။ မကြာမီ ညနေခင်းကိုရောက်လာတော့ ဆေးရုံအုပ်ကြီးနှင့်အတူ ဘေလုံး

ကန် ဖြစ်ပါတယ်။ ဘောလုံးကွင်းမှာ တစ်နာရီ ကျော်လောက် ပြေးကစားလိုက်တော့ လူလည်းချွေးထွက်ပြီး အညောင်းအညာ လည်း ပြေသွားပါတယ်။ ဘောလုံးပွဲ ပြီးတော့ ရေချိုးပြီး ညစာကို (၇)နာရီလောက်မှာ စားဖြစ်ပါတယ်။

ညပိုင်းမှာ ဆေးရုံအုပ်ကြီး ရောက်လာပြီး စိုးရိမ်ရတဲ့လူနာများကို လှည့်လည်ကြည့်ရှုပါတယ်။ ပြီးတော့ ကျွန်တော်တို့ နဲ့ ရင်းရင်းနှီးနှီး စကားလက်ဆုံကျပြီး ည(၁၀)နာရီလောက်မှ အိမ်ပြန်သွားပါတယ်။

ကျွန်တော်လည်း အခန်းကိုပြန်ပြီး စာဖတ်ဖို့ ကြံစည်နေတုန်း ပုဏ္ဏာကျွန်းဘက်က လူနာတစ်ဦး ဗိုက်အောင့်လို့ အရေးပေါ် ရောက်လာပါတယ်။

ကျွန်တော် မေးကြည့်တဲ့အခါ လူနာ မောင်ဆန်းဝင်းက နေ့လည် နှစ်နာရီ လောက်ကစပြီး ချက်ပတ်ပတ်လည်မှာ ဗိုက်စအောင့်တယ်။ စားပြီးသား အစာတွေ အန်တယ်။ ညနေခြောက်နာရီ လောက်က စပြီး ညာဘက် ဝမ်းဗိုက်အောက်ပိုင်း ကျွန်တော်တို့ ဆေးပညာ အခေါ်အဝေါ်အရ *Right iliac fossa* နေရာမှာ ရွှေ့ပြီးနာကြောင်း ပြောပြပါတယ်။ ညနေကစပြီး ကိုယ်အပူချိန် တဖြည်းဖြည်း တက်လာတဲ့အတွက် ဆေးရုံ ရောက်တဲ့ အချိန်မှာ အဖျားက ၁၀၁ ဒီဂရီ ဖာရင်ဟိုက် ရှိနေပါတယ်။

ကျွန်တော် စမ်းသပ်ကြည့်တော့ အူအတက် ရောင်ရမ်းနေတာ *'Acute appendicitis'* ဖြစ်သလို ဝမ်းဗိုက်အောက်ပိုင်း တစ်ခုလုံး တောင့်တင်းနေလို့ ဝမ်းဗိုက်အမြွေးပါး ယောင်ရမ်းတဲ့ အခြေအနေ *Peritonism* ဖြစ်နေပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ အရေးပေါ် ခွဲစိတ်ဖို့ ပြင်ဆင်ကြရပါတယ်။

တစ်ခုရှိတာက အဲဒီလူနာမှာ သွေးစစ်ဆေးချက်များအရ ခုခံအားကျဆင်းမှု ရောဂါနဲ့ အသည်းရောင်အသားဝါ ဘီပိုးပါရှိနေတာကို တွေ့ရပါတယ်။ ဆရာဝန်၊ သူနာပြုတွေအတွက် ခွဲစိတ်ကုသစဉ်မှာ လူနာထံမှ ရောဂါ ကူးဆက် နိုင်တဲ့အခွင့်အရေး ကလည်း ရှိနေပါတယ်။ ဒါပေမဲ့ အရေးပေါ် မခွဲဖြစ်ရင်လည်း ရောင်ရမ်းနေတဲ့ အူအတက်က ပေါက်ထွက်နိုင်တဲ့ *'Burst Appendix'* အခြေအနေရှိပြီး လူနာအသက် ဆုံးရှုံးသွားနိုင်ပါတယ်။ ဒါ့ကြောင့်မို့ ဆရာဝန်၊ သမားတော် တွေရဲ့ ကျင့်ဝတ်အရ မိမိမှာ အန္တရာယ် ရှိမှန်း သိပေမယ့် လူ့အသက် တစ်ချောင်းကို ကယ်တင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်တော်မှ ခွဲစိတ်ခန်းဝင်မယ့်သူ အားလုံးကို လက်အိတ် နှစ်ထပ်ဝတ်ဖို့၊ မျက်နှာကို သွေးမစင်အောင် မျက်မှန်နဲ့ ပလပ်စတစ် *Cover* တပ်ဖို့၊ တစ်ခါသုံး ခွဲစိတ်ခန်းသုံး ဝတ်စုံတွေသာ သုံးဖို့၊ ပလပ်စတစ် ရှေ့ဖုံးခါးစီး *Apron* ဝတ်ဖို့ သတိပေး လိုက်ပါတယ်။

ခွဲခန်းဝင်ဖို့ ပြင်ဆင်နေတဲ့ အချိန်မှာ လုပ်ဖော် ကိုင်ဖက်တွေက ဗိုက်ဆာနေပြီဆိုလို့ ဆရာကြီးကျော်မြင့်ကို ကျွန်တော့်အခန်းမှာ အဆင်သင့်ရှိတဲ့ လက်ဖက်နှင့် မုန့်တွေကို ထုတ်ကျွေးလိုက်ပါတယ်။ ကျွန်တော်တို့ ခွဲခန်းမဝင်မီ ဆရာဖေသိန်း၊ ဆရာကျော်မြင့်၊ မသင်းသင်း၊ မစန္ဒာတို့နှင့် တမလွန်ဘဝရှိမရှိ ဆွေးနွေးခဲ့ကြတာကို မှတ်မိနေပါတယ်။

ခွဲစိတ်ကုသမှု စတော့ ကျွန်တော်မှ 'နေ့စဉ် လူနာ ခွဲစိတ်သလို မှန်မှန်ပဲ လုပ်ကြအောင်၊ သိပ်ပြီး *Stress* များနေလည်း မှားတတ်တယ်၊ မစန္ဒာ ကလည်း *Surgical instruments* တွေကို ဖြည်းဖြည်းနဲ့ မှန်မှန်ပေးပါ' လို့ သတိပေးရပါတယ်။

မသင်းကလည်း အေးဆေး တည်ငြိမ်စွာနဲ့ *Assist* လုပ်ပေးတဲ့အတွက် အောင်အောင်မြင်မြင်နဲ့ ခွဲစိတ် နိုင်ခဲ့ပါတယ်။ ခွဲစိတ်ခန်းပြီးလို့ နာရီကြည့်လိုက်တော့ ထုံးစံအတိုင်း ညသန်းခေါင်ကျော်နေပါပြီ။

အချိန်ဆိုတဲ့ အမြန်ရထားဟာ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘဲ ခုတ်မောင်း သွားစမြဲမို့ နေဝင်မှ ညဉ့်နက်တဲ့အထိ ဆိုတဲ့ ကာလကလေးဟာ ခဏလေးမှာ ကုန်ဆုံးပါတော့မယ်။ ဒါ့ကြောင့်မို့ *ဘဝဆိုတာလည်း ဖွာရှိုက်ရင်း ပြီးဆုံးသွားတဲ့ ဆေးတံတိုလေးနဲ့ အလားတူပါတယ်* လို့ တွေးမိပါတယ်။

ကျွန်တော် ဖတ်ရှုဖြစ်တဲ့ စာအုပ်ထဲက စာပိုဒ်လေး တစ်ခုမှာ

'လူပ်ရှား ကျင်လည်နေရတဲ့ ဘဝဆိုတာ အလင်းတိုင်ထွန်းပြီး စာရေးနေတာနဲ့ အလားတူပါတယ်' လို့ ရေးထားပါတယ်။ စာရေးလို့ကောင်းနေတုန်း ဖယောင်းတိုင် မီးငြိမ်းသွားသလို လူပ်ရှား အလုပ်လုပ်နေဆဲ၊ လုပ်ဖို့အလုပ်တွေ အများကြီး ကျန်နေဆဲမှာပဲ ဘဝတစ်ခုဟာ အဆုံးသတ် သွားလေ့ရှိပါတယ်။

ဒါကြောင့်မို့ ငယ်ရွယ်သူများ မဆိုထားပါနဲ့ အသက်အရွယ် ကြီးရင့်ပြီ ဖြစ်တဲ့ အဘိုးအဘွားတွေတောင် ဘယ်သောအခါမှ မပြီးစီးနိုင်တဲ့ ဘဝရဲ့ မျှော်မှန်းချက်တွေ၊ သားသမီး အရေးတွေ၊ ဘုရားဆောက် ကျောင်းတည်တာတွေ ဆောင်ရွက်နေရင်းနဲ့ပဲ ဘဝတစ်ခုကို စွန့်ခွာသွားရစမြဲ ဖြစ်ပါတယ်။

ညဉ့်နက်ပေမယ့် မအိပ်ချင်သေးတာနဲ့ မပြီးသေးတဲ့ ခေါမ အတွေးအခေါ် ပညာရှင်များရဲ့ ဘဝသစ္စာ ရှာဖွေတာကို ဆက်လက်ဖတ်ရှု ဖြစ်သွားပါတယ်။

ကျွန်တော့် အာရုံများကလည်း စစ်တွေမြို့ ရဲ့ တိတ်ဆိတ် ငြိမ်သက်လှတဲ့ ညကနေ တစ်ခါက ဒဿန ပညာရှင်များစွာ ပေါ်ထွန်းခဲ့သော သာယာလှပတဲ့ ခေါမတိုင်းကို ပြန်လည် ရောက်ရှိ သွားတဲ့အခါ...

(၆)

မပြီးသေးသော ပန်းချီကား

ကျွန်တော် ဆက်လက်ဖတ်ရှု ဖြစ်တဲ့ ခေါမ အတွေးအခေါ်

ပညာရှင်ကတော့ **အရစ္စတိုတယ်** *'Aristotle BC 384-322'* ဖြစ်ပါတယ်။

ကမ္ဘာ့ အတွေးအခေါ် ပညာရှင်များမှာ အရစ္စတိုတယ် ဟာ အကြီးကျယ်ဆုံး ဖီလိုဆိုဖာဖြစ်ပြီး သူလိုလူမျိုး နောက်တစ်ကြိမ် ပေါ်ပေါက်ဖို့အတွက် အနှစ်တစ်ထောင်ကျော် ကြာနိုင်ပါလိမ့်မယ် လို့ ဘာထရန်ရပ်ဆဲလ်က အနောက်တိုင်း အတွေးအမြင်ကျမ်းများမှာ ရေးသား ထားပါတယ်။

သူဟာ ယုတ္တိဗေဒ *'Logic'* ကို စတင် ဖော်ထုတ်ခဲ့တဲ့ **ဖခင်ကြီး** ဖြစ်ပြီး မိမိရဲ့ကိုယ်ပိုင် အတွေးအခေါ်များဖြင့် *ကိုယ်ကျင့်ပညာ 'Ethics'* အဘိဓမ္မာ၊ စိတ်ပညာ၊ ဘောဂပညာ၊ နိုင်ငံရေး၊ *တရားဟောခြင်းပညာ 'Rhetoric'* ၊ *ရသပညာ 'Aesthetics'* တွေကိုလည်း ရေးသား တင်ပြခဲ့သူ ဖြစ်ပါတယ်။ ပလေးတိုးနည်းတူ ပညာရေး၊ လူမှုရေးနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတို့ကိုလည်း ရေးသားခဲ့ပါတယ်။

ကျွန်တော် လေ့လာကြည့်တဲ့အခါ သူဟာ ဆင်ခြင်တုံတရား ပြည့်ဝစွာနှင့် အရာရာတိုင်းကို သဘာဝကျကျ စဉ်းစားတွေးခေါ်တတ်လို့ ဘာသာရပ်အစုံမှာ ကျွမ်းကျင် ပေါက်မြောက်သူ တစ်ဦးဖြစ်တာကို တွေ့ရပါတယ်။ သူရဲ့ရေးသားချက်တွေမှာ ထင်ရှားနေတာက လူ့ဘဝမှာ ကြုံတွေ့နေရတဲ့အရာအားလုံးကို စဉ်းစားတွေးတော၊ ခွဲခြမ်းစိတ်ဖြာ လေ့လာသင့်တယ်လို့ အမြဲ

ဖေါ်ပြထားပါတယ်။

သူက စကြာဝဠာကြီး အတွင်းက ဖြစ်ရပ်တွေ အားလုံးဟာ အကြောင်း မရှိဘဲ ဖြစ်ပေါ်လာတာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဖြစ်စဉ်အားလုံးဟာ သဘာဝကျတဲ့ ဥပဒေတွေ၊ နိယာမတွေ အညီနဲ့သာ ဖြစ်ပေါ်နေတာပါလို့ သူက တင်ပြခဲ့ပါတယ်။ သမရိုးကျ အစဉ်အလာကို လက်ခံထားတဲ့ နတ်ဘုရားများအပေါ် ယုံကြည်မှု၊ အယူသီးမှုတွေနဲ့ ဆန့်ကျင်နေတဲ့ သူရဲ့ အတွေးအခေါ်တွေဟာ အနောက်တိုင်းဒဿန နယ်ပယ်မှာ အများကြီး လွှမ်းမိုးခဲ့တာကို တွေ့ရပါတယ်။

အရစ္စတိုတယ်ကို ဘီစီ ၃၈၄ ခုနှစ်မှာ မက်ဆီဒိုးနီးယားပြည် 'Macedonia' ရှိ စတာဂစ်ရား 'Stagira' မြို့မှာမွေးဖွားခဲ့ပါတယ်။ သူရဲ့ဖခင်က ထင်ရှားတဲ့ သမားတော်ကြီးဖြစ်ပြီး အသက် ၁၇နှစ်အရွယ်မှာ ပလေးတိုး ဖွင့်လှစ်ထားတဲ့ အကယ်ဒမီကျောင်းကြီးမှာ ပညာဆည်းပူးဖို့ အေသင်မြို့ကို ထွက်ခွာခဲ့ပါတယ်။ သူဆရာ ကွယ်လွန်ပြီး အချိန် အနည်းငယ်အထိ အနှစ်နှစ်ဆယ်မျှ အကယ်ဒမီကျောင်းမှာ နေခဲ့ပါတယ်။

ဘီစီ ၃၄၂မှာ *'Alexander the Great'* လို့ သမိုင်းတွင်ရစ်မယ့် အသက် ၁၃နှစ်အရွယ် ဘုရင့်သားတော်လေးရဲ့ ဆရာဖြစ်လာပါတယ်။ ဘီစီ ၃၃၈မှာ သူဟာ အေသင်မြို့မှာ *လိုင်စီယမ် 'Lyceum'* လို့ခေါ်တဲ့ ကိုယ်ပိုင်ကျောင်းတစ်ခုတည်ထောင်ခဲ့

ပါတယ်။

အလက်ဇန်းဒါးဘုရင် ကွယ်လွန်ပြီး ဘီစီ ၃၂၃ ခုနှစ်မှာ အေသင်မြို့ အာဏာပိုင်များက သူ့ကို ဘာသာရေးမကြည်ညိုမှု *'Impiety'* ဆိုတဲ့ စွဲချက်တွေ တင်ခဲ့ပါတယ်။ သူဟာ လွန်ခဲ့တဲ့ ၇ဖြန့်က ကြုံတွေ့ခဲ့ရတဲ့ ဆော့ခရေးတီးရဲ့ ကံကြမ္မာကို သတိရပြီး အေသင်မြို့မှ ထွက်ခွာခဲ့ပါတယ်။ ထွက်ခွာခဲ့ပြီး လအနည်းငယ်အကြာ ဘီစီ ၃၂၂ အသက် ၆၂နှစ် အရွယ်မှာ အရစ္စတိုတယ် ကွယ်လွန်ခဲ့ပါတယ်။

သူဟာ ဆရာဖြစ်သူ ပလေးတိုးရဲ့ အတွေးအမြင်ကို အခြေခံပြီး တွေးကောခဲ့ပေမယ့် ပလေးတိုးရဲ့ ပညတ်နယ်ထဲမှာ ပရမတ် မရှိဘူး။ ပညတ်က သတ်သတ်၊ ပရမတ်က သတ်သတ် တစ်ခုစီ ခြားနေတယ် ဆိုတာကိုတော့ လက်မခံခဲ့ပါဘူး။

ပလေးတိုးက ကျွန်တော်တို့ နေထိုင်တဲ့ လောကရဲ့အလွန်မှာ ပရမတ် သစ္စာနယ်ဖြစ်သော *ဝိညာဉ်လောက*ကြီး *'The world of Ideas'* ရှိတယ်လို့ ဆိုပါတယ်။ အရစ္စတိုတယ်ကတော့ ပရမတ်နဲ့ ပညတ်ဟာ သီးသန့် ရှိနေတာ မဟုတ်ဘူး။ *ပရမတ်တရား 'Absoulte truth'* တွေဟာ *သမုတိသစ္စာနယ် 'Field of relative truth'* ဒါမှမဟုတ် ပညတ်နယ်ထဲမှာသာ ရှိပါတယ်လို့ တင်ပြခဲ့ပါတယ်။

အရစ္စတိုတယ်ရဲ့ ဒဿနမှာ အဓိကအချက်က ထာဝရဘုရား

သခင်ဟာ အရာခပ်သိမ်းရဲ့ *ပထမ မူလအကြောင်းတရား 'First cause'* ဖြစ်တယ်လို့ဆိုပါတယ်။ အစဉ်လှုပ်ရှားပြောင်းလဲနေတဲ့ စကြာဝဠာကြီး လှုပ်ရှားနေတာကို စီမံဖန်ဆင်းတဲ့ ဖန်ဆင်းရှင် ဆိုတာရှိရမယ်။ ဒါပေမဲ့ လှုပ်ရှားနေတဲ့ အရာအားလုံးကို ဖန်တီးတဲ့ သူဟာ *လှုပ်ရှားခြင်းမဲ့ လှုပ်ရှားစေသူ 'Unmoved mover'* သာဖြစ်ရမယ်။ သူ့ အယူအဆအရ ထာဝရဘုရားဟာ အစဉ် လှုပ်ရှားနေတဲ့ စကြာဝဠာကြီးကို ဖန်တီးထားပေမဲ့ သူကိုယ်တိုင်ကိုတော့ ဘယ်သူမှ ဖန်ဆင်းထားတာ မဟုတ်ဘူးလို့ ဆိုပါတယ်။

ထာဝရ ဘုရားကို ဖန်ဆင်းတဲ့သူကို လိုက်ရှာရင်လည်း အဆုံးရှိမှာမဟုတ်တဲ့အတွက် အရာရာမှာ အဆုံးစွန်း တစ်ခုတော့ရှိရမယ်။ ဒါကိုပဲ မူလ ပထမအစလို့ သူကတင်ပြပြီး အဲဒီ ပထမအကြောင်း သည်ပင် ထာဝရဘုရား ဖြစ်ပါတယ်လို့ အရစ္စတိုတယ်ရဲ့ ဒဿနမှာ ဆိုထားပါတယ်။

သူက ထာဝရဘုရားဟာ မမြဲတဲ့ အနိစ္စတရားတွေရဲ့ အလွန်မှာရှိတဲ့ မြဲတဲ့ နိစ္စတရားဖြစ်ပြီး ထာဝရဘုရားသခင်ရဲ့ ပင်ကိုယ် သဘာဝဟာ ဝိညာဉ်သိစိတ်ကြီး ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ အသက်ဇီဝဟာ အမှီအခို ကင်းသလို အမြဲတမ်းဆုံးသက်ရှိ သဘောကြီးဖြစ်ပြီး အရာရာကို ထာဝရ စိုးပိုင်ပါတယ်လို့ သူက အဓိပ္ပါယ် ဖွင့်ခဲ့ပါတယ်။ ဒီထက် ထူးခြားတာက ဖန်ဆင်းခြင်းမဲ့ ဖန်တီးရှင် ထာဝရဘုရား သခင်ကို မေတ္တာ

ဓာတ်ကြီးအဖြစ် ရှုမြင်ခဲ့တာ ဖြစ်ပါတယ်။

သူ့ရဲ့ အတွေးအခေါ်မှာ ကောင်းမှုကိုသာ ပြုမယ်ဆိုရင် ပျော်ရွှင် ချမ်းမြေ့မှုကို ရနိုင်သလို မကောင်းမှု ပြုလုပ်မယ်ဆိုရင် ဒုက္ခဆင်းရဲတွေကို ကြုံတွေ့ရမယ်လို့ ဆိုတဲ့အတွက် ကုသိုလ်၊ အကုသိုလ် သဘောတွေကိုလည်း ဖော်ပြခဲ့ပါတယ်။

ဆက်လက်လို့ အလယ်အလတ် ကျင့်စဉ်တစ်ခု ကိုလည်း တင်ပြခဲ့ပြီး *ရွှေလမ်းစဉ် 'Golden mean'* လို့ အမည် ပေးခဲ့ပါတယ်။ ဆိုလိုရင်းကတော့ ကောင်းမှုကုသိုလ် တိုင်းမှာ မမြတ်တဲ့ အကုသိုလ်အစွန်းနှစ်ပါးရှိတယ်လို့ ဆိုပါတယ်။ သူက *သိက္ခာရှိခြင်း 'Modesty'* မှာ အရှက်အကြောက် ကြီးခြင်း နှင့် အရှက်မရှိခြင်း ဆိုတဲ့ အစွန်းနှစ်ဖက် ရှိသလို *ရက်ရောခြင်း 'Liberality'* မှာဖြုန်းတီးခြင်းနှင့် နှမြော တွန့်တိုခြင်းဆိုတဲ့ အစွန်း နှစ်ဖက်ရှိပါတယ်။ တစ်ခါ *ရဲစွမ်းသတ္တိ 'Courage'* မှာ သူရဲဘောကြောင်ခြင်းနှင့် မိုက်ရူးရဲ အစွန်းဆိုတာ ရှိပါတယ်လို့ တင်ပြခဲ့ ပါတယ်။

အရစ္စတိုတယ်ရဲ့ သေခြင်းတရားကို ရှုမြင်တာကလည်း ယခင် တွေးခေါ်ရှင်များနှင့် မတူဘဲ ထူးခြားမှု ရှိပါတယ်။ ကျွန်တော် ကိုယ်တိုင် ခွဲစိတ်ဆရာဝန်တစ်ဦး အနေဖြင့် ဆေးရုံမှာ တာဝန်ထမ်းဆောင်နေလို့ သေခြင်းတရားကို အမြဲ တွေ့မြင်နေရ ပါတယ်။

ဗုဒ္ဓရဲ့ အလိုအရ သေခြင်းဟာ ဘဝရဲ့ အဆုံးနိဂုံးမဟုတ်သေးဘဲ နိဗ္ဗာန် မရောက်မချင်း မိမိပြုခဲ့တဲ့ ကုသိုလ် အကုသိုလ် အလိုက် သံသရာမှာ မြင့်မြတ်တဲ့ ဗြဟ္မာပြည်၊ နတ်ပြည်၊ လူ့ပြည် ဒါမှမဟုတ် အပါယ်လေးဘုံမှာ ဆက်လက် ကျင်လည် နေရဦးမှာ ဖြစ်ပါတယ်။

ပလေးတိုးနှင့် အရစ္စတိုတယ်တို့ ကလည်း တမလွန်ဘဝ ရှိတယ်ဆိုတာ ယုံကြည်ကြပြီး ကိုယ်ကျင့်တရားကို ထိန်းချုပ်ကောင်းသော အမှုကိုပြုပြီး မြတ်သောဘဝကို ရောက်ဖို့ ကြိုးစားကြရန် တိုက်တွန်းချက်များ ပါနေတာကို တွေ့ရပါတယ်။

အရစ္စတိုတယ်က ကောင်းမှုဆိုတာ မိမိအသိဉာဏ်က ဘယ်အရာမဆို ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ် လက်ခံတဲ့အရာကို ဆိုပါတယ်။ သူက ကောင်းမှု ကုသိုလ်ဆိုတဲ့ သီလကို ဖြစ်စေနိုင်တဲ့ အခြေခံ နှစ်ရပ်ကို တင်ပြခဲ့ပါတယ်။ ဒါက *အသိသီလ 'Intellectual virtue'* နဲ့ *အကျင့်သီလ 'Moral virtue'* တို့ဖြစ်ပြီး ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ *ဝိဇ္ဇာ*နှင့်*စရဏ* ခွဲခြားသလိုမျိုး ဖြစ်ပါတယ်။

ပလေးတိုးနှင့် အရစ္စတိုတယ်တို့ရဲ့ သစ္စာ ရှာဖွေရာမှာ ဆင်ခြင်ခြင်းကို လက်ကိုင်ထားပြီး ရှာဖွေပါဆိုတဲ့ စကားလေးကို ကျွန်တော် နှစ်သက်မိပါတယ်။

အနောက်တိုင်း ဒဿနမှာလည်း သစ္စာကို ရှာဖွေရာမှာ

ဆင်ခြင်ခြင်းဟာ အရေးပါပြီး အထူးသဖြင့် ဂျာမန် အတွေးအခေါ် ပညာရှင်များ လောကမှာ အထွတ်အထိပ်သို့ ရောက်ခဲ့ပါတယ်။ သူတို့ထဲမှာ အထင်ရှားဆုံးကတော့ ဂျာမန် ဒဿနပညာရှင် ဟောဂယ် ဖြစ်ပါတယ်။

အရစ္စတိုတယ် နောက်ပိုင်းနှင့် ခရစ်သက္ကရာဇ် စခါနီးမှာ ပေါ်ထွန်းလာတဲ့ အနောက်တိုင်း ဒဿနပညာရှင်များဟာ ဘာသာရေးဘက် နွယ်လာကြတာကို တွေ့ရပြီး သစ္စာကို ရှာဖွေရာမှာ ဘာသာရေး အမြင်များကို ထည့်သွင်းလာကြပါတယ်။ သူတို့က လူသားကို ထာဝရဘုရားက စကြာဝဠာ အတွင်းမှာ အရေးပါသူ၊ လွှမ်းမိုးနိုင်သူ အဖြစ် နေရာပေးကာ ဖန်ဆင်းထားတယ်လို့ ဆိုပါတယ်။ ဒီလို ရှုမြင်တွေးခေါ်မှု အရ လူဟာ စကြာဝဠာ အတွင်းမှာ ပဓာနကျသော အနေအထားသို့ ရောက်ရှိလာပါတယ်။

သူတို့ အလိုအရ လူဟာ ထာဝရဘုရားကို သက်ဝင်ယုံကြည်ပြီး ထာဝရရဲ့ ပညတ်ချက်များအတိုင်း လိုက်နာနေထိုင်ခြင်းသည်သာ အဓိပ္ပါယ် အရှိဆုံး ဖြစ်တယ်လို့ ဆိုပါတယ်။

လူသားတိုင်း အတွက် တမလွန်ဘဝမှာ ထာဝရ ကောင်းကင်ဘုံသို့ ရောက်ရှိ သွားတာဟာ ဘဝရဲ့ အဆုံးစွန် ပန်းတိုင်လို့ ယူဆကြပါတယ်။ ဒါ့ကြောင့်မို့ *အလယ်ခေတ် 'Medieval age'*

သို့ ရောက်လာတဲ့အခါ လူသာပမာန အနေအထားမှ ဘုရားကျောင်းတော်များရဲ့ လက်အောက်ခံ၊ ထာဝရဘုရားရဲ့ အပြဋ္ဌာန်းခံအဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိ သွားပါတော့တယ်။

ကမ္ဘာ့သမိုင်းမှာ ခေါမ၊ ရောမ နိုင်ငံတော်ကြီးများ လျှောကျပျက်စီးပြီး နောက်ပိုင်းအချိန်ကို အလယ်ခေတ်လို့ ခေါ်ပါတယ်။ အလယ်ခေတ်ဟာ ခရစ်ယာန် ဘုရားကျောင်းတော်နှင့် ခရစ်ယာန်ဘုန်းကြီးများ လွှမ်းမိုးသောခေတ် ဖြစ်ပါတယ်။ ခရစ်ယာန်သာသနာရေး ကိစ္စများမှအပ ကျန်အတွေးအမြင်များ မထွန်းကားသောကြောင့် သမိုင်းဆရာများက ဒီလို ခေတ်ရှည်ကြီးကို *အမှောင်ခေတ် 'The Dark Age'* လို့ ခေါ်ပါတယ်။

အမှောင်ခေတ်လို့ ခေါ်ဆိုသော အေဒီ ၆၀၀ မှ ၁၀၀၀ အထိ ကာလဟာ အရှေ့ဖက်ကမ္ဘာမှာ တရုတ်ပြည် တန်မင်းဆက် လက်ထက်ဖြစ်သလို အစ္စလာမ်ဘာသာ တိုးတက်ထွန်းကားနေသော ကာလလည်းဖြစ်ပါတယ်။

အေဒီ ၆၂၂ ဟာ *တမန်တော် မိုဟာမက် 'Mohanmad'* ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့မှ မဒ္ဒီနာမြို့သို့ တိမ်းရှောင်ထွက်သွားသော နှစ်လည်း ဖြစ်ပါတယ်။ ထိုနှစ်မှာ အစ္စလာမ်ပြက္ခဒိန် စတင်ခဲ့ပြီး နောင် ၁၀ နှစ် အကြာ အေဒီ ၆၃၂ ခုနှစ်မှာ တမန်တော် ကွယ်လွန် အနိစ္စ ရောက်ခဲ့ ပါတယ်။ သူကွယ်လွန်ပြီး အနှစ် ၁၀၀ တိတိ အရှေ့နှင့် အနောက်ဖက်

ကမ္ဘာတစ်လွှားသို့ အစ္စလာမ် ဘာသာဝင်များ တိုက်ခိုက်ခဲ့ရာ ဆီးရီယား၊ အီရန်၊ တူရကီ၊ အိန္ဒိယ၊ အင်ဒိုနီးရှားမှ စပိန်နိုင်ငံအထိ အစ္စလာမ်ဘာသာ ပြန့်နှံ့ ခဲ့ပါတယ်။

တမန်တော် မိုဟာမက်ရဲ့ အစ္စလာမ် အယူဝါဒမှာ တစ်ပါးတည်းသော ထာဝရဘုရား ကိုးကွယ်ရေးပင် ဖြစ်ပါတယ်။ သူကိုယ်တိုင်ကလည်း မိမိဟာ ဘုရားဖြစ်ကြောင်း လုံးဝ မဟောပြောရုံသာမက ထာဝရ ဘုရားရဲ့ သတင်းများကို ယူဆောင် လာသူ အဖြစ်သာ မှတ်ယူပါတယ်။

အလယ်ခေတ်ရဲ့ အထင်အရှားဆုံး အတွေးအခေါ် ပညာရှင်များမှာ စိန့်ဩဂတ်စတင်း *'St. Augustine'* ၊ စိန့်သောမတ် အာကွိုင်းနပ် *'St. Thomas Aquinus 1215-1274'* နှင့် ဥက္ကံရပ်မှ ဝီလျံ *'William of Occam 1290-1349'* တို့ ဖြစ်ပါတယ်။

စိန့်ဩဂတ်စတင်း ဟာ ခရစ်ယာန် ဘာသာ တိုးတက်မှုနှင့် ကမ္ဘာ့အတွေးအခေါ် သမိုင်းမှာ သူ ရေးသားခဲ့တဲ့ *ထာဝရဘုရား၏မြို့တော်* *'The City of God'* ကျမ်းစာအုပ်ကြောင့် ထင်ရှားခဲ့ပါတယ်။

သူက ဘုရားသခင်ရဲ့ အကြောင်းကို သိခြင်းနှင့် မိမိအကြောင်းကို သိခြင်းများ သည်သာလျှင် သိသင့်သိထိုက်သော ပညာရပ်များ ဖြစ်တယ်။ လူတို့ရဲ့ အဓိက တာဝန်မှာ မိမိယုံကြည်

သက်ဝင်သော ဘာသာကို နားလည်ဖို့ဖြစ်ပြီး ယုံကြည်သက်ဝင်ခြင်းက ဆင်ခြင်ခြင်းထက် ပိုမို အရေးကြီးပါတယ်လို့ ဆိုပါတယ်။

မည်သူမဆို ခရစ်ယာန် ဘုရားကျောင်း *'Church'* များရဲ့ ဆိုဆုံးမမှု မှန်သမျှကို လက်ခံကြရမှာ ဖြစ်တယ်။ အကြောင်းမှာ ခရစ်ယာန် ဘုရားကျောင်းများဟာ *'မြေပေါ်တွင်ရှိသော ထာဝရ ဘုရားသခင်ရဲ့ မြို့တော်'* ဖြစ်တယ်လို့ သူက ဆိုပါတယ်။

ဘုရားကျောင်းများဟာ ဧကရာဇ်ဘုရင်များ ကိုပင်လျှင် ပုပ်ရဟန်းမင်းကြီးများရဲ့ ဩဇာကို မလွန်ဆန်နိုင်အောင် လုပ်နိုင်ခဲ့ပါတယ်။ တစ်ခါက ဆိုလျှင် ရဟန်းမင်းကြီး မဟာဂရေဂရီဟာ ဧကရာဇ်ဘုရင် 'စတုတ္ထမြောက် ဟင်နရီ'အား ၄င်းရဲ့ ကျောင်းတော်ရှေ့တွင် ဒူးထောက် အည့ဲခံစေသည်အထိ ပြုလုပ်ခဲ့ပါတယ်။ မည်သည့် မင်းဧကရာဇ်ပင်ဖြစ်စေ ရဟန်းမင်းကြီးက ဘိသိက်မမြှောက်လျှင် မင်းအဖြစ်သို့ မရောက်နိုင်ပါ။ ဒါ့ကြောင့်မို့ စိန့်ဩဂတ်စတင်း လက်ထက်မှာ ခရစ်ယာန် ဘုရားကျောင်းများရဲ့ တန်ခိုးအာဏာဟာ အထက်မြက်ဆုံးနှင့် ဩဇာအရှိဆုံး ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

အေဒီ ၁၀၀၀ မှ ၁၃၀၀ အထိ ကာလအတွင်း *ခရစ်ယာန် ဘုရား ကျောင်းတော်ဝါဒ 'Scholasticism'*ဟာ အထွဋ်အထိပ်သို့ ရောက်ခဲ့ပါတယ်။ ထိုကာလမှာ အထင်ရှားဆုံး အတွေးအခေါ်ပညာရှင်က *စိန့်သောမတ် အကွိုင်းနတ်* ဖြစ်ပါတယ်။

သူဟာ ၁၂၂၅ခုနှစ်တွင် အီတလီနိုင်ငံ နေပယ်မြို့ အနီးမှာ မွေးဖွားခဲ့ပါတယ်။ စကြဝဠာ တစ်ခုလုံးဟာ ထာဝရ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်အရ ဖြစ်ပေါ်လာတာကို အာရစ္စတိုတယ် ရဲ့ အယူအဆကို အခြေခံပြီး သူက ဆင်ခြင်တုံ တရားဖြင့် ဖေါ်ပြခဲ့ပါတယ်။

စိန့်သောမတ်ဟာ စာပေတွေ အရေးများခဲ့သလို သူ့ရဲ့ ကျမ်းတွေကလည်း လူသိ များခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် လေ့လာကြည့်တဲ့အခါ ဆန်းသစ်သော အယူအဆများ မပါဘဲ အာရစ္စတိုတယ်ရဲ့ ဒဿနကို အသုံးချပြီး ထာဝရ ဘုရားသခင် ရှိကြောင်း၊ ထာဝရ ဝိညာဉ်များ ရှိကြောင်းနှင့် အရာရာဟာ ဘုရားသခင်ရဲ့ အလိုဆန္ဒအရသာ ဖြစ်ကြောင်းကို စကားလုံးများစွာ သုံးပြီး ရှည်လျားစွာ လှည့်ပတ်ပြောဆို တင်ပြထားတာကို တွေ့ရပါတယ်။

*စိန့်သောမတ်*ကို ကမ္ဘာ့ အတွေးအခေါ်များ သမိုင်းမှာ ပလေးတိုး၊ အာရစ္စတိုတယ်၊ ဟောဂယ်စသော အတွေးအခေါ်ရှင်များနှင့် တစ်တန်းတည်း ထားခဲ့ပါတယ်။ သူ့ရဲ့ ထင်ရှားတဲ့ ကျမ်းစာအုပ်များကတော့ *'Sunna Theologica* နှင့် *Sunna Contra Gentiles'* တို့ ဖြစ်ပါတယ်။

စိန့်သောမတ် ပြီးနောက် အလယ်ခေတ်တွင် အထင်ရှားဆုံး ပုဂ္ဂိုလ်မှာ *ဥက္ကံရပ်မ ဝီလျံ* ဆိုသူဖြစ်ပါတယ်။ သူ့အတွေးအခေါ်

များမှာ အထင်ရှားဆုံးကတော့ *ဥက္ကံရဲ့ အပိုဖြတ်တောက်ခြင်းဝါဒ 'Occam's razor'* ဖြစ်ပါတယ်။

သူ့ အယူအဆအရ *'အကြောင်း အရာတစ်ခုကို လိုအပ် သည်ထက် ပိုပြီး ပုံကြီး မချဲ့သင့်ပါ။ နည်းနည်း ပြောရုံဖြင့် ပြီးနိုင်သော ကိစ္စကို များများပြောခြင်းဟာ အချည်းနှီး အကျိုးမဲ့ သာ ဖြစ်တယ်'* လို့ ဆိုပါတယ်။

ကတ်သလစ် ဘုရားကျောင်းဝါဒနှင့် ဝိလျံရဲ့ အတွေးအခေါ် များဟာ တဖြည်းဖြည်း ဆန့်ကျင်ဘက်ဖြစ်လာသလို အေဒီ ၁၃၀၀ မှ ၁၄၀၀ သို့ရောက်သောအခါ ဘုရားကျောင်းတော်ဝါဒ ဟာ တဖြည်းဖြည်း မှေးမှိန်စပြုလာပါတယ်။

ဒီလို ဖြစ်လာတာဟာလည်း ဝိလျံ အပါအဝင် စဉ်းစား ဆင်ခြင်တတ်တဲ့ ဒဿန ပညာရှင်များ ကြောင့်ဖြစ်ပါတယ်။ သူတို့က ထာဝရဘုရားရဲ့ ပညတ်အတိုင်း နေရခြင်းဖြင့် လူဟာ ထာဝရဘုရားရဲ့ အပြဋ္ဌာန်းခံ ဖြစ်နေတာကို တွေ့လာရလို့ ဖြစ်ပါတယ်။ ဒီအခါမှာ လူ့ရဲ့အခန်းကဏ္ဍဟာ အလွန် ညှိုးနွမ်း သိမ်ငယ် နေတာကို တွေ့ရတဲ့အတွက် အထက်ပါ အယူအဆများ အပေါ် သံသယဝင်ပြီး စကြာဝဠာရဲ့ သဘောသဘာဝကို ပိုမို လေ့လာခဲ့ကြပါတယ်။

ဒါ့ကြောင့်မို့ ဆယ့်လေးရာစုမှ ဆယ့်ခြောက်ရာစုနှစ်အတွင်း အနောက်တိုင်း အတွေးအခေါ် ပညာရှင်များဟာ လူသားကို

ထားဝရ ဘုရားရဲ့ လက်အောက်ခံဘဝမှ ရုန်းထွက်နိုင်ဖို့ ကြိုးစားလာခဲ့ပါတယ်။

တစ်ချိန်တည်းမှာပင် *ကိုပါးနီးကပ်စ် 'Copernicus 1743-1543*, ဂါလီလီယို *Galileo 1564-1642*, *ကပ်ပလာ Keplar 1571-1630*, *ဆာအိုက်ဆက် နယူတန် Sir Issac Newton 1642-1727'* စသော ထင်ရှားသော သိပ္ပံပညာရှင်များ ပေါ်ထွန်းခဲ့သော ကာလဖြစ်လို့ သမိုင်းတွင် *အတွေးအမြင် ဆန်းသစ်သောခေတ် 'Age of renaissance'* လို့ သတ်မှတ်ခြင်းခံရပါတယ်။

ထိုခေတ်ကို ဦးဆောင်သူ ဂါလီလီယို *'Galileo'* ဟာ အလွန်ထင်ရှားတဲ့ သိပ္ပံပညာရှင် တစ်ဦးဖြစ်ပြီး ရူပဗေဒ နိယာမများကို ဦးစွာ ဖော်ထုတ်ခဲ့သူ ဖြစ်ပါတယ်။

သူဟာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွင်းရှိ *မီးဆိုင်း 'Chandelier'* ရဲ့လွဲချိန်ကို လက်ကောက်ဝတ်ရှိ သွေးခုန်နှုန်းဖြင့် တိုင်း၍ မှတ်သားခဲ့ရာ မီးဆိုင်းကြီးတစ်ဖက် မှတစ်ဖက်သို့ အနည်းငယ်သာ လွဲသည် ဖြစ်စေ၊ ဝေးဝေးကြီး လွဲသည်ဖြစ်စေ တစ်ပါတ်လွဲဖို့ ကြာမြင့်ချိန်ဟာ အတူတူပင် ဖြစ်ကြောင်း သတိပြုမိပါတယ်၊ တနည်းဆိုသော် *လွဲချိန် 'Period'* သည် လွဲသောခွင်ပေါ် မူမတည်ဘဲ နီးနီးဝေးဝေး အတူတူပင် ကြာမြင့်ပါတယ်။

အထက်ပါ တွေ့ရှိမှုမှ ရူပဗေဒတွင် အရေးပါသော *အင်္ဂါန်၏ နိယာမ 'Law of acceleration'* နှင့် နောင်တွင် ဖွံ့ဖြိုးလာမည့် *ခေးအော်စ် 'Chaos'* ဆိုသော သိပ္ပံပညာရပ် အထူးပြုပညာရပ် ပေါ်ပေါက် လာခဲ့ပါတယ်။ ခေးအော်စ် ဆိုတာ ပရမ်းပတာ၊ ကသောင်းကနင်း၊ ဖရိုဖရဲ ဖြစ်စဉ်တွေကို ရည်ညွှန်းပေမယ့် အဲဒီ ဖြစ်စဉ်တွေကလည်း လေ့လာကြည့်တဲ့ အခါ စည်းစနစ်ကျစွာ ဖြစ်ပေါ် နေပါတယ်။

ဒါ့ကြောင့်မို့ ဂါလီလီယို လက်ထက်မှ စတင်ပြီး သိပ္ပံပညာရဲ့ တိုးတက်မှုဟာ အလွန် လျင်မြန်လာပါတယ်။ ဒီလို သိပ္ပံပညာ တိုးတက် ပြောင်းလဲမှုများဟာ လူတွေ ယုံကြည် လက်ခံထားတဲ့ *ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်းအမြင်များ 'Creator and creation'* နှင့် လုံးဝခြားနား လာခဲ့ပါတယ်။ သက်သေ မပြနိုင်သော အတွေးအခေါ်များ အပေါ် သက်သေ ပြနိုင်သော သိပ္ပံပညာက လွှမ်းမိုး လာခဲ့ပါတယ်။

လူအများစု ကလည်း ဘာသာရေး အယူသီးမှုများကို ဝေဖန် ပြောဆိုလာခဲ့ရာ *ထာဝရဘုရားက အရာရာကိုဖန်တီးပါတယ် 'Everything is already determined'* လို့အယူဝါဒ ရှိသူများကို များစွာ အကျပ်အတည်း ဖြစ်စေခဲ့ပါတယ်။ ဒီအခါမှာ အာဏာလက်ရှိ ဘာသာရေး ခေါင်းဆောင်များမှ ဂါလီလီယို ကို မိစ္ဆာဒိဋ္ဌိ အယူရှိသူ အဖြစ် သေဒဏ် ပေးခဲ့ပါတယ်။

ဒါပေမဲ့လည်း နတ်ဘုရားများက လောကကို ပြုပြင်ဖန်တီးနေသော အတွေးအမြင်များဟာ ဂလက်လီယို သေဆုံးသည့်နှစ်တွင် မွေးဖွားလာသော *ဆာအိုက်ဆက်နယူတန် 'Sir Issac Newton'* လက်ထက်တွင် အားလုံး ပျက်စီး အရေးနိမ့် သွားခဲ့ပါတယ်။ နယူတန်ဟာ *ရွေလျားမှုဆိုင်ရာနိယာမ 'The law of motion'* များဖြင့် သူ့ အတွေးအမြင်များကို စတင်ခဲ့ပါတယ်။

၁၆၈၇ ခုနှစ်တွင်ထုတ်ဝေသော နယူတန်ရဲ့သိပ္ပံ *ဒဿနကျမ်း 'Principla'* တွင် *ဟေလီကြယ်တံခွန် ပတ်လမ်း 'The Pathway of Hale'* ကို အတိအကျ တွက်ချက်ပြသ နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဒြပ်ဆွဲ နိယာမများဖြင့် နက္ခတ်များ လှည့်လည် သွားလာခြင်းကို သေသေချာချာ ရှင်းပြ နိုင်ခဲ့တဲ့အတွက် လူတွေရဲ့ *အသိဉာဏ်မှာ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုမှန်သမျှဟာ ပရမ်းပတာ မဟုတ်၊ နိယာမများနှင့် စည်းများ ရှိတယ်ဆိုတဲ့ အတွေးအမြင်များ* ပေါပေါက် လာခဲ့ပါတယ် *'Order inside chaos; chaos inside order'* ။

၁၇၀၀ ပြည့်နှစ် နောက်ပိုင်းမှာ ပညာတတ်များရဲ့ အတွေးအခေါ်ဟာ အတော် ခေတ်မီလာပါတယ်။ လူကို ထာဝရဘုရားရဲ့ လက်အောက်ခံဘဝမှ ဆွဲထုတ် လာနိုင်ခဲ့သလို လူရဲ့ ပင်ကိုယ် တန်ဖိုးဟာလည်း မြင့်မား လာခဲ့ပါတယ်။ ဒါပေမဲ့ ယန္တရားဆန်တဲ့ ရူပဗေဒ နိယာမများ အတွင်းသို့ မသိမသာ ကျရောက်သွားတဲ့

အတွက် လူဟာလည်း ထိုယန္တရားရဲ့ အစိတ်အပိုင်းငယ်လေး တစ်ခု ဖြစ်သွားတာကို နောက်ပိုင်းမှာ တဖြည်းဖြည်း တွေ့လာရပါတယ်။

သစ္စာကို ရှာဖွေတဲ့ခရီးဟာ စိတ်ဝင်စားဖွယ်များနှင့် ပြည့်နှက်လို့ နေပါတယ်။ သိပ္ပံပညာ ထွန်းကားလာပြီး ရူပဗေဒ နိယာမများကြောင့် လူသားဟာ နတ်ဘုရားများရဲ့ ကျေးကျွန်လည်း မဟုတ်သလို နတ်ဘုရားတွေဟာ လောကကိုပြုပြင်ဖန်တီးနေပါလားဆိုတဲ့ အတွေးအမြင်များလည်း တဖြည်းဖြည်း ပပျောက်လာပါတယ်။

ရိုးနေးဆန်းခေတ်မှာ ထာဝရ ဖန်ဆင်းရှင် နတ်ဘုရား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိဘဝအတွက် မိမိဘာသာ ထိန်းကျောင်း အသက်ရှင် နေသွားတတ်ဖို့သာ လိုတယ်လို့ လူတွေ သိမြင်လာပါတယ်။ ဘဝတစ်လျှောက် မကောင်းမှုများမှ ရှောင်ကြဉ်ပြီး စိတ်ထား ဖြူစင်စွာနဲ့ ကောင်းမှု ကုသိုလ်ကိုသာ ပွားများမယ်ဆိုရင် ယခုဘဝမှာရော တမလွန်ဘဝရှိခဲ့ပါက နောင်ဘဝ တွေမှာလည်း ကောင်းမွန်စွာ နေနိုင်တယ်ဆိုတဲ့ အတွေးအမြင်မျိုး ဝင်လာတာကို တွေ့ရပါတယ်။

ပြုတင်းဝက လှမ်းကြည့်လိုက်တော့ နိုဝင်ဘာဆောင်းရဲ့ ညဟာ တိတ်ဆိတ် မှောင်မဲလို့ နေပါတယ်။ တရားသဘောအရ ဆိုရင်တော့ ဒီထက် မဲမှောင်တဲ့ အမှောင်ဆုံး အရာဟာ

ကိုလေသာအမှောင် ဖြစ်ပါတယ်။ *ကိုလေသာအမှောင်ကို သစ္စာမီးအိမ်နဲ့ ထိန်းညှိရှာနိုင်မှသာ မိမိလိုလားတဲ့ အမြတ်ဆုံး ဘဝကို ရောက်နိုင်တယ်ဆိုတဲ့ အတွေးလေးလည်း ဝင်လာပါတယ်။*

'လူတို့အလုပ်ကိစ္စဆိုတာ ပြီးဆုံးတယ်ဆိုတာ ဘယ်အခါမှ မရှိသလို' နက်ဖြန် နက်ဖြန်တွေမှာလည်း လူပ်ရှားရန်းကန် ရမှာတွေက တန်းစီပြီးစောင့်နေပါတယ်။

ကျွန်တော်လည်း မြတ်စွာဘုရားကို ဆီမီး ပူဇော်ပြီး အိပ်ယာထဲ ခဏတာ မှေးစက်ဖို့ ဝင်ခဲ့ပါတယ်။ ညအမှောင်ထု ပြီးသွားတာနဲ့ နေ့သစ်တစ်ရက်ဟာ ဖျတ်ကနဲ ရောက်ရှိလာတဲ့ အခါ...

(၇)

မမေ့ပါနဲ့ နှင်းနွယ်ရယ်

အချိန်ရထားက မရပ်မနား ခရီးနှင် နေလျက်ရှိပါတယ်။ အခုဆို ငွေနှင်းရည်များ သီကာဝေနေတဲ့ နိုဝင်ဘာလကို ရောက်လာခဲ့ပါပြီ။ နှင်းရည်များ ဝေ့နေပေမယ့် ဝသာန်မိုးကလည်း တစ်ချက်တစ်ချက် ရွာနေဆဲဖြစ်လို့ နှင်းငွေတစ်ထောက်မိုးတစ်မှောင့် ကာလလေးလည်း ဖြစ်ပါတယ်။ သစ်ခွပန်းတွေ ဝေဝေဆာဆာ ပွင့်ဖူးနေကြသလို သဇင်ပန်း ရနံ့တွေကလည်း သင်းပျံ့လို့ နေပါတယ်။

ကျွန်တော်လည်း စစ်တွေမြို့ ရာသီဥတုနှင့် ကျင့်သား

ရသွားပါတယ်။ အတွေးအခေါ်နဲ့ ဘာသာရေး စာပေတွေကိုလည်း နေ့စဉ် လေ့လာဖတ်ရှု ဖြစ်သလို ဆေးရုံ အလုပ်တွေလည်း တဖြည်းဖြည်း များလာပါတယ်။

ဒီလထဲမှာ ကလေး အထူးကုဆရာဝန် ကိုသိန်းဝင်းနှင့် မီးယပ်သားဖွားပါရဂူ မမျိုးမျိုးတို့လည်း ထပ်မံ အားဖြည့် ရောက်ရှိလာပါတယ်။ ပါရဂူ တွေစုံလာလို့ အရေးပေါ် လူနာများနဲ့ ထူးဆန်းတဲ့ ရောဂါမျိုးဆို တိုင်တိုင်ပင်ပင်နဲ့ ဆွေးနွေး အဖြေရှာဖို့ အခွင့်အရေး ပိုများလာသလို ဆေးရုံမှာ လာရောက် ကုသမှုခံယူတဲ့ လူနာတွေလည်း များလာပါတယ်။

လောကမှာ ဘယ်အရာမှ တည်ငြိမ်နေတယ်ဆိုတာ မရှိသလို အစဉ်လှုပ်ရှား ပြောင်းလဲနေပါတယ်။ ဒါ့ကြောင့်မို့ တရုတ်လူမျိုး နာမည်ကျော် စာရေးဆရာမ *'Adeline Yen Mah'* က ဒဿနပညာရှင် *ဟေရာကလိတပ်* ရှုမြင်သလို စာအုပ်တစ်အုပ်မှာ အောက်ပါအတိုင်း ရေးသား ထားပါတယ် ...

'The only thing that does not change is that everything changes'

'လုံးဝ မပြောင်းလဲသော တစ်ခုတည်းသော အရာသည် အရာရာ အားလုံး ပြောင်းလဲနေခြင်း ဖြစ်တယ်' လို့ အဓိပ္ပါယ် ရပါတယ်။

မြတ်စွာဘုရားမှလည်း *'သင္ခေသခ်ါရာ အနတ္တာ'* အရာရာ

အားလုံးဟာ သခ်ၤါရသဘောသဘာရှိပြီး မည်သည့်အရာမျှ မမြဲပါလို့ ဟောကြားခဲ့ပါတယ်။

'The surest thing in life is uncertainty' ဘဝမှာ *အသေချာဆုံး အရာဟာ မသေချာခြင်း* ဆိုသလို ၁၉၉၉ခုနှစ်ထဲမှာ ဘဝရဲ့ မသေချာခြင်း၊ အစိုးမရခြင်း သဘောတွေကို တွေ့လာရပါတယ်။

နိုဝင်ဘာလဆန်းက ကျွန်တော်နဲ့ ကျောင်းတက် ကတည်းက ခင်မင်တဲ့ သူငယ်ချင်း ကိုမင်းဆွေ စစ်တွေကို အလည်လာရင်း ဆေးရုံကို ရောက်လာပါတယ်။ အဲဒီနေ့က သောကြာ နေ့လည် ဆိုတော့ အေးအေးဆေးဆေး စကားလက်ဆုံကျပြီး ကျောင်းနေဘက် သူငယ်ချင်းတွေအကြောင်း ပြောဖြစ်ပါတယ်။ ကျွန်တော် သူ့ကို လက်ဖက်သုတ်၊ ရခိုင်မုန့်တီ နဲ့ ဧည့်ခံလိုက်ပါတယ်။ ဆေးရုံက ပါရဂူများနှင့်လည်း မိတ်ဆက် ပေးလိုက်ပါတယ်။

ညနေ ၆ နာရီ ခန့်မှာ ကျွန်တော့်ကို နှုတ်ဆက်ပြီး ကိုမင်းဆွေ ကျောက်တော်ဘက်ကို ခရီး ဆက်ထွက် သွားပါတယ်။ ဒါပေမဲ့ ပုဏ္ဏားကျွန်း အလွန်လေးမှာ ကား *accident* ဖြစ်ပြီး ဆုံးသွားရှာပါတယ်။ ကျွန်တော်လည်း နေ့မြင်ညပျောက် ဆိုတဲ့ စကားလေးကို သတိရမိသလို သူငယ်ချင်း ကောင်းရာ သုဂတိ ရောက်ပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။

ကိုမင်းဆွေ ပြန်သွားတဲ့ ညမှာ ထောက်ပံ့နှင့် ပို့ဆောင်ရေး

တပ်က ဖြလအရွယ် ကလေးလေး ဗိုက်အောင့်ပြီး ရောက်လာပါတယ်။ ကလေးအထူးကု ကိုသိန်းမှ စမ်းသပ်ပြီး *'Surgical emergency case'* နဲ့တူလို့ ကျွန်တော့်ကို လာတိုင်ပင်ပါတယ်...

'အစ်ကို... ကလေးလေးက ဒီနေ့လည်က ရုတ်တရက် ဗိုက်အောင့်ပြီး တစ်ခါအန်တယ်။ *Red current Jelly* လို ဝမ်းကလည်း နှစ်ခါလောက် သွားတယ်။ ကလေးအမေက နို့ဖြတ်ဖို့ အစာ စကျွေးနေတယ် ပြောတယ်။ ကျွန်တော် စမ်းကြည့်တော့ အစာအိမ်နှင့် အူရောင်တာမျိုး *'Gastro-enteritis'* နဲ့မတူဘဲ ရုတ်တရက် အူပိတ်တဲ့ *'Acute intussception'* နဲ့ပိုတူလို့ အစ်ကိုနဲ့ လာတိုင်ပင်တာ'

ကျွန်တော် အမျိုးသမီးဆောင်ကို ကိုသိန်းနှင့် အတူ သွားရောက် စမ်းသပ်ကြည့်တဲ့အခါ ကလေးငယ်လေးရဲ့ ဗိုက်ဟာ တောင့်တင်းနေပြီး အထိမခံနိုင်အောင် ဖြစ်နေပါတယ်။ ကျွန်တော် ချော့မော့ပြီး အင်္ကျီအောက်မှာ လက်ထည့်လို့ အသာ စမ်းကြည့် လိုက်ပါတယ်။ ဒီအခါမှာ နို့ဖြတ်ပြီး အစားအစာ စကျွေးချိန်မှာ *'Peyers patches'* လို့ခေါ်တဲ့ အူနံရံမှ ဘဲဥပုံ လင့်အကြိတ်များ ထူလာလို့ အူတစ်ခုမှ တစ်ခုအတွင် စွပ်ဝင်သွားတဲ့ *Intussception'* နဲ့ တူတာကို သတိထားမိ လိုက်ပါတယ်။

ကလေး လေးဟာလည်း နေ့ခင်းကစပြီး အစာ မဝင်တဲ့အပြင် အန်ထားတာမို့ မျက်တွင်းများလည်း ချိုင့်ဝင်လို့ နေပါတယ်။ ဆားရည်ခါတ် နည်းတဲ့လက္ခဏာပါ ရှိလို့ သွေးကြောရှာပြီး *iv line* ထည့်ဖို့ စီစဉ်ရပါတယ်။ မိခင်ကလည်း အလွန် စိတ်ပူနေတာမို့ ချော့မော့အားပေးပြီး မခွဲမဖြစ် အရေးပေါ် ခွဲစိတ်ကုသဖို့ လိုတာကို ရှင်းပြရပါတယ်။ မောင်အောင်မော်လေးရဲ့ မိခင်လည်း စိုးရိမ် ပူပန်ပေမယ့် သား အသက်ရှင်ရေး အတွက် သဘောတူလက်ခံပါတယ်။

ခွဲစိတ်ဖို့ ပြင်ဆင်ကြတော့ ကျွန်တော်တို့ရဲ့ အဓိက အခက်အခဲက ကလေးလေးကို မေ့ဆေးပေးဖို့ ဖြစ်ပါတယ်။ မေ့ဆေး ပါရဂူ မရှိတဲ့ အတွက် ကျွန်တော်တို့ တိုင်ပင်ရသလို ရန်ကုန်က မေ့ဆေး ဆရာဝန်များထံ ဖုန်းနဲ့ အကြံဉာဏ် တောင်းရပါတယ်။ ကံအားလျော်စွာ ကလေးငယ်များကို ပေးနိုင်တဲ့ မေ့ဆေးပေးစက် ရှိလို့ အဆင်ပြေ သွားပါတယ်။

ကျွန်တော်တို့ အသေအချာ ပြင်ဆင်ရတာမို့ ည(၉)နာရီမှ ခွဲစိတ်ခန်း ဝင်နိုင်ပါတယ်။ မောင်အောင်မော်လေးအတွက် ကိုသိန်းဝင်းနဲ့ ဆရာဖေသိန်းတို့ တာဝန်ယူပြီး မေ့ဆေးပေးကြပါတယ်။ ကျွန်တော် စခွဲတော့ ထုံးစံအတိုင်း မသင်းသင်းက ကူညီပေးပါတယ်။

ဗိုက်ကို ဓား *'Surgical Knife'* နဲ့ အလွှာလိုက် တဖြည်း

ဖြည်း ခွဲသွားတဲ့အခါ *'Peritoneum'* လို့ခေါ်တဲ့ ဝမ်းဗိုက် အမြှေးပါးလေးကို တွေ့ရပါတယ်။ အမြှေးပါးလေးကို အသာ ဖွင့်လိုက်တော့ ထင်တဲ့အတိုင်း *Ileum* လို့ခေါ်တဲ့ အူသိမ် နောက်ပိုင်းမှာ ရှေ့အူက နောက်အူရဲ့ *Lumen* ထဲသို့ စွပ်ဝင်သွားပြီး ပြန်မထွက်နိုင်တာကို တွေ့ရပါတယ်။

ကျွန်တော် အထဲကို ဝင်သွားတဲ့ အူလေးကို *Milking* နည်းနဲ့ အသာ ဆွဲထုတ်လိုက်တော့ ညိုမဲ နေတာကို တွေ့ရ ပါတယ်။ ရေနွေးစိမ်ထားတဲ့ အဝတ်လေးနဲ့ (၂)မိနစ်ခန့်အုပ်ပြီး ပြန်ကြည့်လိုက်တောလည်း အူနံရံ သွေးကြော လေးတွေမှာ သွေးခုန်တာကို မတွေ့ရတဲ့အပြင် လှုပ်ရှားမှုလည်း မရှိ တော့ပါဘူး။

ဒါကြောင့်မို့ ညိုမည်းနေတဲ့ အူအစိတ်အပိုင်းကိုဖြတ်ထုတ်ပြီး အရောင် ကောင်းမွန်တဲ့ အူသိမ်လေးနှစ်ခုကို ပြန်ဆက်ပေးရတဲ့ *'Resection of gangrenous segment and anastomoses* ကို လုပ်ပေး လိုက်ပါတယ်။ အား‌လုံး လူစုံလက်စုံ တက်ညီလက်ညီဆောင်ရွက်ပေးတာမို့ ချောမောစွာနဲ့ပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆရာဝန် သူနာပြု အား‌လုံး‌ရဲ့ ဧာတွေ့ကလည်း ကလေးငယ်လေး အသက် ရှင်ရေးအတွက် ဆိုတော့ ချွေးသီးချွေးပေါက် ကျနေ ပေမဲ့ စိတ်ထဲမှာ အေးမြ ကြည်လင်လို့ နေပါတယ်။

ခွဲစိတ်ပြီး ကာလလေးမှာ ကျွန်တော်တို့ အား‌လုံး တစ်နေ့တာ

ထည့်ရမယ့် အရည်ပမာဏ၊ သုံးတဲ့ *antibiotics* အကိုက်အခဲ ပျောက်ဆေးနဲ့ အာဟာရ ပြည့်ဝစွာ ရရှိဖို့ ဆွေးနွေး တိုင်ပင် ကြပါတယ်။ သူနာပြုအရာရှိများနဲ့ သူနာပြုများမှလည်း ဂရုတစိုက် ကြည့်ပေးကြပါတယ်။

သောကြာနေ့ ဖြစ်ပြီး ဘယ်မှလည်း သွားစရာမရှိတော့ အမျိုးသမီးဆောင်က ကိုသိန်းရဲ့ ရုံးခန်းမှာ ကျွန်တော်တို့ စကား စုဖွဲ့ကြပါတယ်။ ကိုသိန်းက အသားဖြူဖြူနဲ့ စကားကို အေးဆေးစွာ ပြောတတ်သူဖြစ်ပါတယ်။

ကျွန်တော်တို့ ကာလ တာရှည်စွာ မေ့မြောနေပြီး ဦးနှောက် အလုပ် မလုပ်တော့တဲ့ သူတစ်ဦး ကို အနီးစပ်ဆုံး ဇနီး ခင်ပွန်း၊ မိဘများနှင့် ဆွေမျိုးများက တောင်းဆိုမယ်ဆိုရင် ဆေးပေးပြီး အသက်ဇီဝိန် ချုပ်အောင် လုပ်သင့် မလုပ်သင့်တာနဲ့ ပတ်သက်လို့ ဆွေးနွေး ဖြစ်ပါတယ်။ တစ်ချို့ အနောက်နိုင်ငံမှာလည်း ဒီလို ညင်သာစွာ အသက် ဇီဝလေး ချုပ်ငြိမ်းအောင်လုပ်တာ *'Mercy killing or Eutanasia'* ကို ဥပဒေအရ ခွင့်ပြု ထားပါတယ်။

ကိုသိန်းကတော့ ဝေဒနာတွေ ခံစားနေရတာကို မကြည့်ရက်လို့ လုပ်တယ် ဆိုပေမယ့် ဆရာဝန်များ စောင့်ထိန်းရမဲ့ ဆေးပညာကျင့်ဝတ် *'Medical Ethics'* အရ ခွင့်မပြုထိုက်ဘူးလို့ ဆိုပါတယ်။

မသင်းကလည်း ဆေးထိုးပြီး အသက် ဆုံးရှုံးအောင်

လုပ်တာဟာ ဘယ်လို ဝေဒနာကို သက်သာအောင် လုပ်တယ် ပြောပြော ပါဏာတိပါဏာကံ ထိုက်မှာပါလို့ ဆိုပါတယ်။

ကျွန်တော်လည်း ကိုသိန်းနဲ့ မသင်းတို့ ပြောကြတာကို သဘောတူပါတယ်။ ဗုဒ္ဓရဲ့ ပဋ္ဌာန်းတရားတော်လာ ကမ္မပစ္စည်း အရ မိမိက သူတစ်ပါး အသက် ဆုံးရှုံးအောင် ပြုလုပ်မယ်ဆိုရင် ကံကံရဲ့ အကျိုးပေးကတော့ ကိုယ့်နောက်ကို ထပ်ချပ်မကွာ လိုက်နေမှာပါလို့ ဆွေးနွေး မိပါတယ်။

ကျွန်တော်တို့ စကားပြောနေတုန်း မစန္ဒာတို့ အဖွဲက ကော်ဖီ ဖျော်ပြီး လက်ဖက်သုတ်ဖို့ ပြင်ဆင်ကြပါတယ်။ အဲဒီညက ကျွန်တော်တို့ စကားဝိုင်းလည်း နံနက်(၁)နာရီထိုးမှ ပြီးပါတယ်။

နောက်တစ်နေ့ နံနက် ကျွန်တော်ခွဲစိတ်ထားတဲ့ မောင် အောင်မော်လေးကို သွားကြည့်တော့ လန်းလန်းဆန်းဆန်း ဖြစ်နေ ပါတယ်။ သွေးခုန်နှုန်း၊ အသက်ရှူနှုန်း အနည်းငယ် မြန်နေတာ ကလွဲလို့ အခြေအနေ တိုးတက် ကောင်းမွန်တာကို တွေ့ရ ပါတယ်။ ကျွန်တော် *round* နေတုန်း မသင်းရောက်လာပြီး

'အစ်ကိုရေ ... ညက စကားကောင်းတာနဲ့ အိပ်ယာက တော်တော်နဲ့ မနိုးဘူး။ ကလေးလေး ဘယ်လိုနေသေးလဲ'

'*Vital signs* တွေတော့ *Stable* ဖြစ်နေပါပြီ။ ဒါပေမဲ့ ကလေးငယ်လေးကို နောက်ထပ် ၄၈ နာရီ စောင့်ကြည့်ဖို့ လိုလိမ့်မယ်။ ညီမလည်း အာဟာရအတွက် အကြံပေးပါအုံး...'

'ခွဲပြီးစ (၂)ရက်လောက်တော့ ဆားရည်နှင့် သကြားရည် အပိုဖြည့်ဖို့တော့ လိုမယ်။ ညီမတော့ *fresh blood* သွင်း လိုက်ရင် ကောင်းမလားလို့'

'အစ်ကိုလည်း သဘောတူပါတယ်။ မနေ့ကလည်း သွေးနဲနဲ ထွက်တာရှိသလို ကလေးကလည်း သိပ်မဖွံ့လှဘူး။ ထည့်ရမဲ့ သွေးပမာဏကိုတော့ ကိုသိန်းနဲ့ တိုင်ပင်တာပေါ့'

'အခု ကလေးပါရှု ရောက်လာတာ အတော် အဆင် ပြေသွားတယ်နော်။ အရင်က ကလေး ပေါက်စလေးတွေ ရောက် လာရင် ညီမနဲ့ အစ်ကို စာအုပ်တွေ ပြန်ဖတ်ပြီး ဆေးပမာဏ တွက်ပေးကြရတာကို သတိရနေမိတယ်'

'အစ်ကိုလည်း ဆေးရုံဖွင့်စက ရက်တွေကို အမှတ်ရပါတယ်'

ဆရာဝန်၊ သူနာပြုများရဲ့ ဂရုစိုက်မှုကြောင့် မောင်အောင်မော် လေးလည်း ပုံမှန် အခြေအနေသို့ ရောက်ပြီး (၃)ရက်အကြာမှာ အစားအသောက် ပြန်လည်စားသောက်လို့ ရသွားပါတယ်။ ကျွန်တော်တို့လည်း အသက်တစ်ချောင်း ကယ်လိုက်ရလို့ ပီတိဖြစ် မိသလို လူတစ်ဦးရဲ့ ကံဟာလည်း အလွန် ခန့်မှန်းရ ခက်တယ် ဆိုတာ နားလည်သွားပါတယ်။

ဆေးကုသမှု တစ်လျှောက်မှာလည်း မိမိက ကောင်းမယ် ထင်တဲ့ လူနာတစ်ချို့ ရုတ်တရက် ဖောက်ပြီး ဆုံးသွား ကြတာ တွေ၊ အသဲအသန် ဖြစ်ပြီးမှ ပြန်လည် ကောင်းသွားတာ တွေကို

တွေ့ကြုံ နေရတော့ ဘဝရဲ့ မသေချာ၊ မရေရာမှုတွေက ပိုပြီး သတိထားမိ လာပါတယ်။

တစ်ကယ်တော့ လူတိုင်းဟာ မဖျားချင်၊ မနာချင် ကြသလို ဝေဒနာတွေနဲ့လည်း မနေလို ကြပါဘူး။ ဒါပေမယ့် အစိုးမရတဲ့ လောကကြီးမှာ မိမိကိုယ် မိမိ မပိုင်တော့ လူတိုင်း တစ်ချိန် မဟုတ် တစ်ချိန် နာမကျန်း ဖြစ်ပြီး ဝေဒနာတွေကို ကြုံတွေ့ နေရပါတယ်။ မိမိမြဲတယ်လို့ ထင်တဲ့အရာ အားလုံး ကလည်း ဘယ်အခါမှ မမြဲဘဲ အမြဲပြောင်းလဲ ဖောက်ပြန် နေပါတယ်။

ကျွန်တော် လူနာများကို မသင်းနဲ့အတူ ကြည့်ရှု ပြီးတဲ့အခါ နံနက်(၁၀)နာရီ ရှိနေပါပြီ။ စနေနေ့ ဖြစ်လို့ စစ်တွေမြို့ထဲကို ဆေးရုံက စီစဉ်ပေးတဲ့ ဈေးကားနဲ့ ကိုသိန်း၊ မသင်း၊ မစန္ဒာ တို့နှင့်အတူ လိုက်သွား ဖြစ်ပါတယ်။

စစ်တွေ ဈေးကလည်း အလွန်စည်ကား လှပါတယ်။ ရန်ကုန်မှာ တွေ့ရခဲတဲ့ ငါးမျိုးစုံက တွေ့ရသလို ရခိုင်ထွက်ကုန် ပစ္စည်း များကလည်း ဆွဲဆောင်မှု ရှိလှပါတယ်။ ဈေးဝယ်ပြီးတာနဲ့ စစ်တွေမြို့က ဘုရားစုံ ဖူးဖြစ်ပါတယ်။

ညနေ(၃)နာရီ လောက်မှာ စစ်တွေရဲ့ အလှဆုံး နေရာဖြစ်တဲ့ *Point* ကို ရောက်သွားပါတယ်။ ပင်လယ်ပြင်နဲ့ မိုးကုတ်စက်ဝိုင်း အစပ်ကို ငေးမောကြည့်ရင်း ကျွန်တော့်ရဲ့စိတ်ဟာ လွတ်လပ် အေးချမ်း သွားပါတယ်။

ပင်လယ်ပြင်ကို ဖြတ်သန်းလာတဲ့ လေဟာ လူကို လန်းဆန်းစေတာ အမှန်ပါပဲ။ အပြောကျယ်တဲ့ ပင်လယ်ကြီးကို ကြည့်ပြီး သံသရာ ဆိုတာလည်း အလွန်ရှည်လျား အပြောကျယ်လှပါလား လို့ မြင်မိပါတယ်။

ပင်လယ်ဘက်က တလိမ့်လိမ့်တက်လာတဲ့ လှိုင်းလုံးတွေကို ကြည့်ရင်း အရင့်အရင်က ဘယ်လို ဘဝတွေမှာများ ကျင်လည်ခဲ့တာပါလဲလို့ တွေးမိ ပါတယ်။ ကျွန်တော် ၁၉၉၀ခုနှစ်က မေမြို့နဲ့ ဘားအံမှာ တာဝန် ကျတဲ့အခါ ရှေးရှေး ဘဝတွေကို ပြန်ပြောနိုင်တဲ့ မောင်သိန်းမောင်နဲ့ ကျောင်းထိုင် ဘုန်းတော်ကြီး တစ်ပါးကို ဆုံခဲ့ဖူးပါတယ်။

မောင်သိန်းမောင် ဆိုတဲ့ လူငယ်လေးက သူဟာ အရင်ဘဝ တရုတ်ပြည်မှာ မွေးဖွားခဲ့တယ်လို့ ပြောပါတယ်။ အရွယ်ရောက်တော့ ရန်ကုန်မှာ ကုန်စုံဆိုင်လေး ဖွင့်ပြီး စီးပွားရှာဖွေပါတယ်။ မြန်မာ အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ကျပြီး သားသမီး (၃)ဦး ရပါတယ်။ အသက်အရွယ် ကောင်းတုန်းမှာ ရုတ်တရက် အစာအိမ်က သွေးအန်ပြီး သေဆုံးခဲ့တာကို ပြန်လည် ပြောပြနိုင်ပါတယ်။ အတိတ်က ဖြစ်ရပ် တော်တော်များများကို မှတ်မိနေပါတယ်။

ကျွန်တော် ကိုယ်တိုင်လည်း ငယ်စဉ်ကလေးဘဝက ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို (၃)ကြိမ်တိုင်တိုင် မက်ခဲ့ဖူးပါတယ်။

အသက်အရွယ် ရလာတော့ ပုတီးစိပ်တိုင်း အရင် ဘဝက ဖြစ်ရပ်တွေကို ပြန်လည် သိမြင်ပါရစေလို့ ဆုတောင်း မိပါတယ်။ သမာဓိ ကောင်းတဲ့ အခါမျိုးမှာ မြင်ရသလို ရှိပေမဲ့ အတိတ် ပန်းချီကားချပ်က ယခုထိ မှုန်ဝါးလို့ နေဆဲပါ။

ကျွန်တော် တွေးလို့ ကောင်းနေဆဲမှာ မသင်းရောက်လာပြီး 'အစ်ကို့အတွက် အုန်းရည် ယူလာတယ်'

'ကျေးဇူးပါပဲ ညီမရယ်'

'တစ်ယောက်တည်း ထိုင်ပြီး ဘာတွေ စဉ်းစားနေတာလဲ'

'နောက်မှ အေးအေးဆေးဆေး ပြောပါ့မယ်'

ကျွန်တော်နဲ့ မသင်း သစ်ပင်အရိပ်အောက်မှာ အုန်းရည် အတူသောက်ဖြစ်ပါတယ်။ ဆေးရုံက ကျန်တဲ့အဖွဲ့တွေက ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက် နေကြပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း တိမ်ရောင်စုံကွန့်မြူးနေတဲ့ မိုးကောင်းကင်ရဲ့ အောက်က ပင်လယ်ပြင် ဆည်းဆာအလှကို ခံစားကြည့်ရှု ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆေးရုံ ပြန်ရောက်တော့ ညနေ(၆)နာရီခန့် ရှိပါပြီ။ လူနာ အသစ်လည်း ထပ်မံ မရောက်ရှိတာနဲ့ အနောက်တိုင်း အတွေးအခေါ်များကို ဆက်လက် ဖတ်ရှုရင်း စာထဲမှာ အာရုံ ကျနေပါတယ်။

အတွေးအခေါ် ပညာရှင်များရဲ့ သစ္စာ ရှာဖွေတာဟာ

ကျွန်တော့်အတွက် ထူးဆန်းတဲ့ အိပ်မက်တစ်ခု ကို မက်နေရတာနဲ့ တူပါတယ်။

စာဖတ်လို့ ကောင်းနေဆဲမှာ ကိုသိန်း ရောက်လာပြီး…

'အစ်ကိုရေ …ဆေးရုံအုပ်ကြီးက သူ့အိမ်မှာ ညစာစား‌ရင်း ကာရာအိုကေ ဆိုဖို့ ဖိတ်ပါတယ်။ သစ္စာ ရှာပုံတော်က ခရီး အတော် ရောက်နေပြီလား'

'ရှာနေဆဲပါ ကိုသိန်းရယ်။ အစ်ကိုလည်း ညစာမစား‌ရသေး တော့ အတော်ပါပဲ။ ဒါဆိုလည်း ချီတက် ကြတာပေါ့ …'

ကျွန်တော်တို့ ဆေးရုံအုပ်ကြီးအိမ် ရောက်တော့ ည(၈)နာရီထိုး နေပါပြီ။ ကျွန်တော်တို့ကို အုန်းထမင်း၊ ကြက်သား ကာလသား ဟင်းနဲ့ ကျွေးပါတယ်။ ဆေးရုံမှာ အလုပ် လုပ်တဲ့ ဆရာဝန်၊ သူနာပြုများကို တတ်နိုင်သလောက် ကျွေးမွေးတဲ့ ဆေးရုံအုပ်ကြီးရဲ့ စေတနာကို ကျွန်တော်တို့ အားလုံး အသိအမှတ် ပြုကြပါတယ်။

ထမင်းစားပြီးတော့ ဧည့်ခန်းမှာ ကာရာအိုကေ စုပြီး ဆိုဖြစ် ကြပါတယ်။ ကိုသိန်းနဲ့ မသင်းက ကျွန်တော်တို့ထဲမှာ အသံ အကောင်းဆုံးဖြစ်လို့ သူတို့နှစ်ဦးက အဓိက သီဆို ကြပါတယ်။

ဂီတသံစဉ်နဲ့ သီချင်းတွေဟာ ကြားရတဲ့သူတွေရဲ့စိတ်ကို လန်းဆန်း တက်ကြွ စေပါတယ်။ ကျွန်တော့် စိတ်ဟာလည်း ဂီတသံစဉ်တွေမှာ စီးဝင်နစ်မျောလို့ နေပါတယ်။

ညဉ့်နက်တဲ့အထိ ဆိုဖြစ်ကြပြီး နှုတ်ဆက်သီချင်းကိုတော့

ဆေးရုံအုပ်ကြီးက *'မမေ့ပါနဲ့ နှင်းနှယ်...ရယ်'* သီချင်းနဲ့ ဖျော်ဖြေပါတယ်။ နောင် ကျွန်တော်တို့စုပြီး သီချင်း ဆိုဖြစ်တိုင်း ဒီသီချင်းကိုသာ ဆိုလေ့ ရှိပါတယ်။

မေ့မရနိုင်တဲ့ ဆုံတွေမှုလေးတွေ၊ သမုဒယ ပိုးကြိုးလေးတွေနဲ့ သံယောဇဉ် နောင်ဖွဲတာတွေကြောင့် အားလုံးဟာ သံသရာက မရုန်းထွက် နိုင်အောင် ဖြစ်နေရတာပါ။

သံယောဇဉ်နှယ်တွေ အမျှင်တန်း နေသရွေ့ ဒုက္ခဆင်းရဲတွေ၊ အပူမီး တွေကလည်း မဆုံးနိုင်၊ မကုန်နိုင် ဖြစ်နေပါမယ်။ ဒီ သံယောဇဉ်တွေကို ကိုယ်ကဖြတ်နိုင်မှ၊ အချစ်တွေကို ထားခဲ့နိုင်မှ ဒုက္ခဆင်းရဲက ထွက်မြောက်သွားမှာ ဖြစ်ပါတယ်။

ဆေးရုံက ကျွန်တော့် အခန်းရှေ့ ပြန်ရောက်တော့ ည ၁၂ နာရီ ရှိနေပါပြီ။ စစ်တွေညက တိတ်ဆိတ် အေးချမ်းလှပြီး တစ်ချက် တစ်ချက် ပင်လယ် ဒီရေတက်သံနဲ့ လှိုင်းပုတ်သံတွေကို ကြားနေ ရပါတယ်။

အခန်းထဲမှာ ကော်ဖီဖျော် သောက်ပြီး မြတ်စွာဘုရားရှင်ကို ရည်မှန်းလို့ ဆီမီးနဲ့ သောက်တော်ရေ ဆပ်ကပ်ပါတယ်။ ဓမ္မစကြာ၊ ပဋ္ဌာန်းနဲ့ မြတ်ဗုဒ္ဓကို ရွတ်ဖတ် ပူဇော်တဲ့အခါ တိတ်ဆိတ်နေတဲ့ ညမို့ အနက် အဓိပ္ပါယ်ကို စူးစိုက်ပြီး အာရုံပြုလို့ ရပါတယ်။ ဆက်လက်ပြီး သစ္စာ ကမ်းခြေ နယ်နိမိတ်ကို အရောက်သွားဖို့ စိတ်အာရုံက ရွက်ဖွင့် လိုက်တဲ့အခါ ...

(၈)

သစ္စာလမ်းတစ်လျှောက်ဝယ်

၁၇ ရာစု အနောက် ဥရောပနိုင်ငံများမှာ သိပ္ပံပညာ ထွန်းကား လာတဲ့အတွက် အတွေးအမြင် တွေဟာလည်း ဆန်းသစ် လာပါတယ်။ *ခေတ်သစ် 'Modern age'* ဒဿန ပညာရှင် များကလည်း သူတို့ရဲ့ အတွေးအခေါ်ကို သိပ္ပံနည်းကျ ဖြစ်ဖို့ ကြိုးစား လာခဲ့ပါတယ်။

သိပ္ပံပညာ ထွန်းကား လာတဲ့အခါ အတွေ့အကြုံမရှိဘဲ ဉာဏ်မှ ပေါ်ထွက်လာသော အမှန်တရား တစ်ရပ်ကိုလည်း တွေ့ရပါတယ်။ ဒါကတော့ သချာ်း *'Mathematics'* ဖြစ်ပြီး ဉာဏ်ထဲမှာ မှန်နေပါက လက်တွေ့ လုပ်ကြည့်ပါကလည်း မှန်ကန်နေသော ပညာရပ် ဖြစ်ပါတယ်။

ရီနေဆန်းခေတ်ရဲ့ အားပေးမှုကို ရရှိတဲ့အတွက် ဒဿန ပညာရှင် *ဖရန့်စစ်ဘေကွန် 'Francis Bacon 1561 - 1626'* ဟာ အတွေ့အကြုံနှင့် တွေးဆချက်ကို အခြေပြုပြီး သချာ်းကဲ့သို့ လက်တွေ့ကျသော *ခေတ်သစ်ဖြုံယူ ယုတ္တိဗေဒ 'Inductive logic'* ကို တီထွင်နိုင်ခဲ့ပါတယ်။

သူ့ရဲ့ အတွေးအမြင်များမှာ လက်တွေ့ကျမှု အပေါ်အခြေခံပြီး သဘာဝ အင်အားစုများကို လူတို့က အသုံးချဖို့ ရည်ရွယ်ပါတယ်။ တွေးခေါ်မှု သဘောတရားဟာ ဘာသာရေး ကျမ်းဂန် ပယောဂမှ

လွတ်ကင်းရမယ်လို့ ဘေကွန်က ရဲဝံ့စွာ ထုတ်ဖော်ခဲ့သလို့ *'အသိပညာဟာ အခွင့်အာဏာပင် ဖြစ်တယ်'* ဆိုတဲ့ စကားဟာ အလွန်လူကြိုက်များခဲ့ပါတယ်။

သူက ဒဿန ပညာကို လေ့လာတဲ့အခါမှာ ဘာသာ အယူဝါဒနဲ့ ခွဲခြား လေ့လာသင့်သလို လူသားဟာ သဘာဝ လောကရဲ့ အရှင်သခင် ဖြစ်ရမယ်လို့ ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒဿန ပညာရှင်များရဲ့ ဆန်းသစ်သော အတွေးအမြင်များနှင့် ဆင်ခြင် စဉ်းစားတဲ့အတွက် လူဟာ သတ္တ လောကမှာ အမြင့်မြတ်ဆုံး ဘဝကို ပိုင်ဆိုင်ထားတယ် ဆိုတာ လူတော်တော် များများက လက်ခံ လာကြပါတယ်။

ဆင်ခြင်ခြင်းနဲ့ အရာရာကို ရှုမြင်တာဟာ ဂျာမန် ဒဿန ပညာရှင် *ဟေဂယ် 'Hagel 1770 - 1831'* လက်ထက်မှာ အထွတ်အထိပ်သို့ ရောက်ခဲ့လို့ ၁၉ရာစု ကာလကို *ဆင်ခြင်ခြင်း ကြီးစိုးသောခေတ် 'The age of reason'* လို့ သတ်မှတ် ကြပါတယ်။ ထိုခေတ်အခါက ဟေဂယ်ရဲ့ အတွေးအခေါ် များဟာ ဗြိတိန်၊ အမေရိကန်နှင့် ဥရောပ တစ်ဝှမ်းသို့ပါ ပျံ့နှံ့ပြီး ဩဇာ အလွန် ကြီးမားခဲ့ပါတယ်။

ဟေဂယ်ရဲ့ ဆင်ခြင်ခြင်းဟာ *အစစ်အမှန် တရားဖြစ်သလို အစစ်အမှန် တရားဟာလည်း ဆင်ခြင်ခြင်းဖြစ်တယ် 'What-ever rational is real, whatever real is rational'* ဆိုတဲ့

စကားဟာ ထင်ရှားတဲ့ အယူအဆ တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခြား ဒဿန ပညာရှင်များ လက်ခံထားသော အစစ်အမှန် တရားအမြင်နှင့် ကွာခြားမှု ရှိပါတယ်။

သက်တန့်ရောင်စုံ ကွန်မြူးတာကို မြင်ဘူးတယ်၊ ဂန္ဓဝင်မြောက် တယောသံလေးကို ကြားရတယ်၊ ငါးဉ ဆားနယ်ရဲ့ အရသာဟာ အလွန် ထူးကဲတယ်၊ စိန့်တိုင်းပြည် ကဗ္ဗလာခင်းဟာ နူးညံ့တယ် ဆိုတဲ့ အတွေ့အကြုံတိုင်းမှာ အဖြစ်အပျက် တစ်ခုချင်းကိုသာ သိနိုင်ပါတယ်လို့ ဒဿန ပညာရှင်များက ယူဆကြပြီး *အလုံးစုံ ဥဿုံသဘော 'The whole'* ကိုတော့ မမြင်နိုင် မကြားနိုင် မထိနိုင် မသိနိုင်ပါဘူးလို့ ဆိုကြပါတယ်။

ဂေဟယ်က အစစ်အမှန်ဆိုတာ လုံးဝ ဥဿုံသဘော ဖြစ်ပါတယ် ဆိုပြီး *အကြွင်းမဲ့တရား 'The absolute'* လို့ အမည်တပ် ပါတယ်။ သူက ဆက်လက်ပြီး အကြွင်းမဲ့ တရားဟာ သက်မဲ့ သဘောမဟုတ်ဘဲ အသိနှင့်ယှဉ်သော ဆင်ခြင်တတ်သော ဝိညာဉ်သဘော ရှိတယ်။ ဒါ့ကြောင့်မို့ သူက ဆင်ခြင်ခြင်း အသိကို စကြာဝဠာရဲ့ အခြေခံ ဒါမှမဟုတ် *'အနန္တဝိညာဉ်တော်'* လို့ ခမ်းနား ထည်ဝါတဲ့ အမည် ပေးခဲ့ပါတယ်။

သူ့ အဆိုအရ *'လူသမိုင်းဆိုတာ သိမှုကာလအတွင်း သက်ဝင်လှုပ်ရှားခြင်း ဖြစ်သလို သဘာဝ တရားဆိုတာ အပြောကျယ်တဲ့*

စကြာဝဠာထဲမှာ ဆင်ခြင်ခြင်းတရား ဖွံ့ဖြိုးနေတာပါလို့ ဆိုပါတယ်။

'History is the development of spirit in the time of consciousness, Just as nature is the development of the idea in space.'

ဟေဂယ်က လူတွေဟာ အမှန်တရားကို သိလိုတဲ့အခါ သဘောတရား အချင်းချင်း ညီညွတ်မှု ရှိမရှိကို ဆင်ခြင်ခြင်းဖြင့် ထင်ဟပ် ကြည့်ဖို့သာလိုပြီး အချင်းချင်း ညီညွတ်နေမယ်ဆိုရင် ဒါဟာအမှန်တရား ဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဘဝမှာ တွေ့ကြုံနေရတဲ့ ဖြစ်ရပ်တွေ အားလုံးကို ဆင်ခြင်ဉာဏ်ဖြင့် သိရှိနိုင်ဖို့ ဟေဂယ်က *Dialectic* နည်းဖြင့် ထုတ်ဖော်တင်ပြခဲ့တာကို တွေ့ရပါတယ်။ ဒီနည်းရဲ့ အနှစ်သာရ ကတော့ လောကမှာ ရှိတဲ့ ဆန့်ကျင်ဖက် အစွန်းနှစ်ဖက်ကို ရှောင်ပြီး သမ္မာ အမြင်ဖြင့် ရှာဖွေခြင်း ဖြစ်ပါတယ်။

ဟေဂယ်က ဘယ်နေရာမှာ မဆို အနီးနှင့်အဝေး၊ အနိမ့်နှင့် အမြင့်၊ အချစ်နှင့်အမုန်း၊ အကောင်းနှင့်အဆိုး၊ လှပခြင်းနှင့် အကျည်းတန်ခြင်း၊ ချမ်းသာနှင့်ဆင်းရဲ၊ တွေ့ဆုံခြင်းနှင့်ခွဲခွာရခြင်း အမှားနှင့်အမှန် အားလုံးဟာ ဆန့်ကျင်မှု ရှိတယ်လို့ တင်ပြပါတယ်။ သူက ထိုအစွန်းနှစ်ဖက်ကို ရှောင်ပြီး အဆင့်မြင့်တဲ့ ဆင်ခြင်ဉာဏ်ဖြင့် မှန်ကန်သောအမြင်ကို ရှာဖွေရမယ်လို့ ဆိုပါတယ်။

ဟေဂယ်ရဲ့ နည်းကို ပမာပြုရရင် 'အစစ်အမှန်တရားဟာ ထာဝရမြဲခြင်းပါ' လို့ *ပါမင်နဒီ* ဆိုတဲ့ ဒဿနပညာရှင်တစ်ဦးက တင်ပြခဲ့ရင် ဒါဟာမူလအဆို ဒါမှမဟုတ် မူလသဘောဖြစ်ပြီး *Thesis* လို့ သူကအမည်ပေးပါတယ်။

ဒီအမြင်ကို *ဟရာကလိတပ်* က 'အစစ်အမှန်တရားဟာ မမြဲခြင်းဆိုတဲ့ အနိစ္စသာဖြစ်တယ်' ဆိုရင် ဒါဟာ ဆန့်ကျင်ဘက်သဘောရှိလို့ *Anti-thesis* အမြင်ဖြစ်နေပါတယ်။

ဒီလို ဆန့်ကျင်ဘက်အမြင်နှစ်ခုကို ညီညွတ်မှုတစ်စွာပေါင်းစည်းဖို့ဆိုရင် အစွန်းနှစ်ဘက်ကို ဘက်မလိုက်တဲ့ အမြင်ရှိမှ ဖြစ်ပါတယ်။ ဒီနေရာမှာ *Democlitus* က *Atomic Theory* ရဲ့ ညီညွတ် မှုတတဲ့ အမြင်တစ်ခုကို တင်ပြခဲ့ပါတယ် ...

သူက ' *Atom* ဟာ ထာဝရ တည်မြဲတဲ့ ရုပ်တရားဆိုပေမယ့် *Atom* များနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်ဝတ္ထုပစ္စည်းအားလုံးဟာ အစဉ် ပြောင်းလဲနေပါတယ်'လို့ ဆိုတဲ့အတွက် အစွန်းနှစ်ဖက်ကို ရှောင်ပြီး နှစ်ဖက် လက်ခံနိုင်သော ညီညွတ်သော သမ္မုဟ အမြင် *'Synthesis'* အဖြစ် ပေါ်ပေါက်လာပါတယ်။

အထက်ပါ သဘောတရားကို ပိုမိုပြီး ပြည့်စုံ တိကျစွာ နားလည်နိုင်စေဖို့ ဟေဂယ်ရဲ့ ယုတ္တိဗေဒ *'Logic'* အယူအဆကို အနည်းငယ် တင်ပြလိုပါတယ်။ ဟေဂယ်ရဲ့ အတွေးအခေါ်မှာ

ရှိခြင်း၊ မရှိခြင်းနှင့် ဖြစ်ပေါ်ခြင်း ဆိုပြီး အဆင့်သုံးဆင့် ရှိပါတယ်။

သူဟာ လောကကို ရှုမြင်ရာမှာ အတွေ့အကြုံဖြင့် မစတင်မီ စဉ်းစား ဆင်ခြင်မှုဖြင့် *ရှိခြင်း 'Being'* ကို မူလခံယူချက် အဖြစ် စတင် ထားရှိပါတယ်။ သူက ရှိခြင်းကို ဝိညာဉ်ဆိုတဲ့ နာမ်သဘော အဖြစ် သတ်မှတ်ပါတယ်။

ဒုတိယအဆင့် ဖြစ်သော *မရှိခြင်း 'Non Being'* ဆိုတာ ကလည်း ရှိခြင်းနဲ့ အတူတူ ဖြစ်ပါတယ်။ အကြောင်းမှာ နာမ်သဘော အဖြစ် ခံယူထားသော ရှိခြင်းမှာ ဘာမှမရှိသော ဒြပ်မဲ့ အတွေး ဖြစ်တဲ့အတွက် မရှိခြင်း လို့လည်း ဆိုနိုင်ပါတယ်။

ဒါကြောင့်မို့ ရှိခြင်းမှ မရှိခြင်း သို့လည်းကောင်း၊ မရှိခြင်းမှ ရှိခြင်းသို့ လည်းကောင်း ပြောင်းလဲ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီ ပြောင်းလဲနေတဲ့ ဖြစ်စဉ်ကို *ဖြစ်ပေါ်ခြင်း 'Becoming'* လို့ ခေါ်ပါတယ်။

အထက်ပါ ရှိခြင်း မရှိခြင်းနှင့် ဖြစ်ပေါ်ခြင်းသဘောဟာ ဟေဂယ်ရဲ့ *ဒိုင်ယာလက်တစ်နည်းကျ သုံးဆင့်ဖြစ်ပေါ်မှု 'Triadic movement'* အယူအဆ ဖြစ်ပါတယ်။

ဟေဂယ်က တွေးခေါ် မျှော်မြင်ရေး သဘောတရား တစ်ရပ်ရဲ့ အဓိက တာဝန်မှာ သဘာဝ လောကကြီးနှင့် လူ့ဘဝရဲ့ အနှစ်သာရ သဘောနဲ့ နိယာမများကို ရှာဖွေဖော်ထုတ်ရန် ဖြစ်တယ် လို့ ဆိုပါတယ်။

ကျွန်တော့် အနေနဲ့လည်း ဟောဂယ်ရဲ့ *Dialetic* နည်းဟာ သဘာဝ ဖြစ်ရပ်များကို လေ့လာရာမှာ အမှန်တရား‌နဲ့ နီးစပ်တဲ့ အမြင်တစ်ခုပါလို့ ထင်မြင် မိပါတယ်။

ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ သစ္စာတရား‌ကို ဆင်ခြင်ခြင်း ဖြင့်သာမက ဉာဏ်ဖြင့်ထိုးထွင်း၍ သိနိုင်သောနည်းတစ်ခု ကိုလည်း ဇင် ဗုဒ္ဓဘာသာ *'Zen Buddhism'* လေ့လာစဉ်က တွေ့ရှိရပါတယ်။

ဇင် တရားကျင့်သူဟာ ပစ္စုပ္ပန်မှာသာ စိတ် ရှိနေစေဖို့ ထပ်တလဲလဲ အားထုတ် ရပါတယ်။ တဖြည်းဖြည်းနဲ့ သမာဓိအား ကောင်းမွန်လာပြီး စိတ်နဲ့ ရုပ်ဟာ စည်းချက် ဝါးချက် ညီလာပါမယ်။ ဒီလို *'Harmony'* ဖြစ်လာတဲ့အခါ တစ်စုံတစ်ခုသော အထောက်အပံ့ကို ရတာနဲ့ ယုံမှားမှုတို့မှ လွတ်မြောက်ပြီး ငြိမ်းအေးမှုကို ပေးနိုင်သော *ဆာတိရီ 'Satori'* ခေါ် ဉာဏ် အမြင် ပွင့်လင်းမှုကို ရုပ်ခြည်း ရရှိသွားပါတယ်။

အထောက်အပံ့ ဆိုရာမှာ ဇင် ဆရာတော်ကြီးများမှ တပည့် ဖြစ်သူကို ယပ်တောင်အား ထောင်ပြခြင်း၊ ဖယောင်းတိုင် မီးကို ရုတ်တရက် ငြိမ်းသပ် လိုက်ခြင်း အပါအဝင် ကျောက်စရစ် ခဲလေးတစ်ခု လွှင့်သွား တာ၊ ပန်ကလေးတစ်ပွင့် ကြွေသွားတာ၊ လမင်းကို ရုပ်တရက် တိမ်ဖုံးသွားတာအထိ ပါဝင်ပါတယ်။

ဇင် ဒဿနလို့ ခေါ်ဆိုသော ဂျိန်း ဝါဒမှာလည်း လောကကို

အာရုံမပါ ဆင်ခြင်ခြင်း မပြုဘဲ အလိုအလျောက် တိုက်ရိုက် သိမြင်နိုင်သောနည်းကို *ပါရမာထိက 'Paramarthika'* လို့ ခေါ်ပါတယ်။ လူသားက ကိလေသာများနဲ့ ကာမဂုဏ် အာရုံများမှ လွတ်မြောက်အောင် အားထုတ်နိုင်မယ်ဆိုရင် ထိုဉာဏ်ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

ခေတ်သစ် *'Ralativity Theory'* ကိုဖေါ်ထုတ်ခဲ့သော ကမ္ဘာကျော် ရူပဗေဒ ပညာရှင် *'Einstein'* က လောကရဲ့ လျှို့ဝှက် နက်နဲသော အတွင်းသဘောကို မိမိဟာ ထိုးတွင်း သိမြင်အပ်သော *တခ်ဏုပ္ပတ္တိဉာဏ် 'Intuition'* အားဖြင့် သိရှိ ခဲ့တယ်လို့ ဆိုပါတယ်။ လျှို့ဝှက် ဆန်းကြယ်တဲ့ စကြဝဠာရဲ့ နိယာမတွေကို အလုံးစုံညသုံ သိရှိဖို့က ဆင်ခြင်တဲ့ နည်းလမ်း မရှိဘဲ *Intuition* နဲ့ သိနိုင်တဲ့နည်းသာ ရှိပါတယ်လို့ အတိ အလင်း ဆိုထားပါတယ်။

သို့သော် အချို့ ဒဿန ပညာရှင်များက အိုင်စတိုင်းရဲ့ လောက သဘာဝ သိမြင်တဲ့နည်းကို *ဂမ္ဘီရအမြင် 'Mysticism or Occult Science'* လို့ ခေါ်ကြပါတယ်။ ဂမ္ဘီရအမြင် ဆိုတာ သိရခက်ခဲပြီး လျှို့ဝှက် နက်နဲသောအမြင်ကို ဆိုလိုတာ ဖြစ်ပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော့် အနေနဲ့ ဗုဒ္ဓ ဒေသနာတော်ကို လေ့လာရာမှာ မြတ်စွာဘုရားရှင်ရဲ့ သစ္စာလေးပါးကို ကောင်းစွာ

ကိုယ်တိုင် ထိုးထွင်း သိမြင်ရာမှာ -

စက္ခုံ ဉဒပါဒိ - မျက်မြင်ထင်ရှား အတွေ့အကြုံ *'Perception and Empericism'* အားဖြင့် သိတော်မူပါတယ်။

ဉာဏ် ဉဒပါဒိ - ဉာဏ်ဖြင့် ဆင်ခြင်သောအားဖြင့်လည်း သိတော်မူပါတယ် *'Reasoning and Rationalism'*။

ပညာ ဉဒပါဒိ - ပညာဉာဏ် *'Wisdom'* ဖြင့် အကြောင်းအကျိုး ပိုင်းခြားရှုလည်း သိတော် မူပါတယ်။

ဝိဇ္ဇာ ဉဒပါဒိ - ထိုးထွင်း နားလည်သော ဝိဇ္ဇာ အတတ်ပညာ *'Special knowledge'* နဲ့လည်း သိတော် မူပါတယ်။

အာလောကော ဉဒပါဒိ - မသိမှု မောဟအမှောင်တိုက်ကို ဖျက်ဆီးပြီး အလင်းဆောင်သော *'Light arose'* အားဖြင့်လည်း သိတော်မူ ပါတယ်။

ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာရဲ့ သစ္စာကို ကောင်းစွာသိမြင်သွားတဲ့ သဗ္ဗညုတဉာဏ်တော် *'Perfect enlightenment'* ဟာ အလွန် ပြည့်စုံ ကောင်းမွန်တာကို တွေ့ရှိ နိုင်ပါတယ်။

အိုင်စတိုင်းရဲ့ ဉာဏ်စဉ်နည်းကို အနောက်တိုင်းမှာ ပထမဦးဆုံး လက်ခံခဲ့သူကတော့ ဂျာမန် အတွေးအခေါ် ပညာရှင် *ရှိုပင်ဟောင်ဝါ 'Shopen Hower 1788-1860'* ဖြစ်ပါတယ်။

သူဟာ အရှေ့တိုင်း ဒဿနအမြင်များနဲ့ ဗုဒ္ဓရဲ့ဓမ္မ ဒေသနာ

များကို သူ့နည်းသူ့ဟန်ဖြင့်ဟောပြောခဲ့တာ ဖြစ်ပါတယ်။ သူက တပ်မက်ခြင်း *ရာဂ 'Passion'* ကြောင့် လူတွေဟာ အဖန်တလဲလဲ ပဋိသန္ဓေ နေကြရကာ ဇာတိဖြစ်ရ အိုရ နာရ သေရဖြင့် သံသရာ လည်နေကြတယ် ဆိုတဲ့ ဒုက္ခသစ္စာ သဘောကို တင်ပြခဲ့ပါတယ်။ အသိပညာနဲ့ စည်းစိမ်ဥစ္စာ တိုးပွား လာလေလေ လူတွေမှာ ဒုက္ခဆင်းရဲ တိုးပွားလာလေလေ ဖြစ်တယ် ဆိုတဲ့ သူ့ရဲ့အမြင်ကို အနောက်တိုင်း ဒဿန ပညာရှင် များက မကောင်းမြင်ဝါဒလို့ ဆိုကြပါတယ်။

သူက ဒီလိုဆင်းရဲဒုက္ခများမှ လွတ်မြောက်ဖို့ အစဉ်လိုချင် တောင့်တလျက်ရှိသော လူတို့ရဲ့ ရာဂ တဏှာများမှ ကင်းလွတ် အောင် မဖြစ်မနေသော ဆန္ဒဖြင့် ကြိုးစား အားထုတ်မှသာ လွတ်မြောက် နိုင်ပါတယ်လို့ ဆိုပါတယ်။ သူရဲ့ ဆန္ဒာဓိပတိ *'Predominant desire'* အမြင်ကို ရူပဗေဒ ပညာရှင် အိုင်စတိုင်းကလည်း ထောက်ခံ ပြောဆိုခဲ့ပါတယ်။

ရှိုပင်ဟောင်ဝါရဲ့ အတွေးအမြင်များကို ဆက်ခံသူတစ်ဦး ကတော့ ဂျာမန် ဒဿနပညာရှင် *နီဇ်ရှေး 'Neitzsche 1844-1900'* ဖြစ်ပါတယ်။ သူက လူသားတို့ကို ဒုက္ခဆင်းရဲအပေါင်းမှ ထာဝရ ဘုရားသခင်က ကယ်တင်နိုင်မည် မဟုတ်ဘဲ မဟာလူသား လို့ဆိုအပ်သော ဥတ္တမ ပုရိသမျိုးကသာ ကယ်တင် နိုင်မယ်လို့ ယူဆထားပါဟယ်။

သူက လူတိုင်း လက်ခံနေကြသော ကောင်းမှုနှင့် မကောင်းမှု အမြင်ကို အရင်း အမြစ်ကစ၍ ပြောင်းလဲပစ်ဖို့ *ကောင်းမှု မကောင်းမှုကိုလွန်၍ 'Beyond good and evil'* ဆိုသော ကျမ်းတစ်စောင်မှာ ရေးသား တင်ပြခဲ့ပါတယ်။

နီဇ်ရှေးရဲ့ အတွေးအခေါ်များဟာ *သြဇာ အာဏာရှိရေးဆန္ဒ 'The Will to Power'* အပေါ်မှာ အခြေခံ ထားတဲ့အတွက် ပျော့ညံ့မှု မှန်သမျှကို သူ့စိတ်ထဲမှာ အယုတ်တရားများလို့ ယူဆပါတယ်။ သူက ကောင်းမှု မှန်သမျှဟာ တန်ခိုးအာဏာနဲ့ သြဇာကြီးမားမှု အပေါ်မှာသာ မူတည်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့ တစ်ဖက်ကကြည့်ရင် အစွန်းရောက်တဲ့ အယူအဆမျိုးဖြစ်နေပါတယ်။

သူက လူသားတို့၏ အစွန်းသတ္တိကို လျော့နည်းအောင်ပြုလုပ်သော ဘာသာ အယူဝါဒ မှန်သမျှကို လူကို တန်ဖိုးမဲ့အောင်၊ သိက္ခာကျအောင် ဖန်တီးသောဝါဒများဟု သတ်မှတ်ပါတယ်။ သူဟာ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည် ကိုးကွယ်သော အယူဝါဒကို အတိအလင်း စတင် တိုက်ခိုက်သူဖြစ်လို့ ကမ္ဘာ့ အတွေးအခေါ် သမိုင်းမှာ ထင်ရှားခဲ့တယ်လို့ *ဘာထရန် ရပ်ဆဲ* က သုံးသပ် တင်ပြ ထားပါတယ်။

တန်ခိုးသြဇာနဲ့ အာဏာကို ရှေ့တန်း အလွန်တင်ခဲ့တဲ့ နီဇ်ရှေးရဲ့ *မဟာလူသားဝါဒ* ကြောင့် ဂျာမဏီနိုင်ငံမှာ ဟစ်တလာ

နှင့် အီတလီနိုင်ငံတွင် မူဆိုလိုနီ ကဲ့သို့သော ဖက်ဆစ် အာဏာရှင်များ ပေါ်ပေါက်ခဲ့တာကို တွေ့နိုင်ပါတယ်။

၁၈ ရာစု နှောင်းပိုင်းနှင့် ၁၉ ရာစုမှာ ဟောဂယ်ရဲ့ အယူအဆနဲ့ အတွေးအမြင်တွေဟာ ဥရောပတစ်ခွင် သာမက အမေရိကန်၊ ဗြိတိန်နိုင်ငံများအထိ ပျံ့နှံ့ကာ ဩဇာ သက်ရောက် ခဲ့ပါတယ်။ လူရဲ့ အခန်းကဏ္ဍကို မြှင့်တင်ခဲ့ပေမယ့် အရာရာဟာ အနှစ်၏ ဝိညာဉ်တော်ကြီးရဲ့ အဆုံးအဖြတ်ကို ခံယူနေရတဲ့အတွက် ဘဝရဲ့သစ္စာ၊ ဘဝရဲ့အနှစ်သာရကို တစ်ကယ်ကော ရရှိနိုင်မလား ဆိုတဲ့အပေါ် အတွေးအခေါ် ပညာရှင်တွေဟာ တဖြည်းဖြည်း သံသယ ဝင်လာပြီး ဝေဖန် လာခဲ့ပါတယ်။

၂၀ ရာစု ခေတ်ဆန်း ၁၉၁၄-၁၉၁၈ မှာ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီး ၁၉၃၉-၁၉၄၅ မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပါတယ်။ ဒီစစ်ပွဲကြီး နှစ်ခုကြောင့် လူပေါင်း သန်းချီပြီး သေဆုံး ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့ ဒဿန ပညာရှင်များက ဟောဂယ်ရဲ့ *'ဆင်ခြင်ခြင်း တရားဟာ ရွေ့လျားရာမှ ပို၍ ပို၍ ပြည့်စုံခြင်း သဘောသို့ ရောက်လာပြီး လူ့သမိုင်းစဉ်ကြီး တိုးတက် လာပါတယ်'* ဆိုတဲ့ အမြင်ပေါ်မှာ အကြီးအကျယ် သံသယ ဝင်လာပါတယ်။ သူတို့က လူသားတွေဟာ သဘောထား ကွဲလွဲချက်များကို ဆင်ခြင်တုံ တရားနဲ့ မဖြေရှင်းဘဲ ဒီလို စစ်ပွဲကြီးများနဲ့ လူ့အသက် ပေါင်းများစွာ အဆုံးရှုံးခံပြီး ဖြေရှင်း

နေကြတာကို စဉ်းစား လာကြပါတယ်။

တစ်ခါ ဟောဂယ်က 'သဘာဝလောကနဲ့ သမိုင်းစဉ်ကြီးဟာ ဆင်ခြင်နည်းကျစွာ ယုတ္တိရှိရှိ၊ ညီညီညွတ်ညွတ် ဖြစ်ပေါ်တိုးတက် နေတယ်'လို့ဆိုပါတယ်။ ဒါပေမဲ့ ဟောဂယ်ယူဆသလို လောကမှာ ညီညီညွတ်ညွတ် ဖြစ်ပေါ်နေတဲ့ သဘောတရား မရှိဘူး ဆိုတာကို မျက်မှောက်ခေတ် သိပ္ပံပညာနဲ့ သက်သေပြနိုင် ခဲ့ပါတယ်။

ရူပဗေဒ နယ်ပယ်မှာလည်း *'Max Planck 1858-1947'* ရဲ့ *ကွမ်တမ်သီအိုရီ 'Quantum theory'* နှင့် *'Werner Heisenberg 1901-1976'* ရဲ့ *မသေချာ မတိကျမှု သဘော* တရား *'Principle of indeterminacy'* တို့ကြောင့် လောကမှာ အရာရာဟာ စည်းကမ်း ဥပဒေသများနှင့် ညီညွတ် မျှတစွာ ဖြစ်ပေါ်နေခြင်း မရှိဘူးဆိုတာ သိမြင် လာကြပါတယ်။

၁၉ ရာစုနှစ်က *လှိုင်း 'Wave'* ဟာ လှိုင်းသဘော သန့်သန့် ကိုသာ ဆောင်ပြီး *အမှုန် 'Particle'* ဟာ အမှုန်သဘော သန့်သန့် ကိုသာဆောင်တယ်လို့ ယူဆ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့်မို့ အလင်း ကွေခြင်း၊ အလင်းလှိုင်းထပ်ခြင်းများကို အထက်ပါ အယူအဆ များနှင့် ရှင်းပြနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ ၂၀ ရာစုသို့ ရောက်သောအခါ *အလင်းလျှပ်စစ် အကျိုး 'Photoelectric effect'* ကို ရှင်းပြရန် အတွက် အလင်းသည် လှိုင်းများဖြစ်တယ် ဆိုသော အယူအဆဖြင့်

မရှင်းပြ နိုင်တော့ပါ။ ဒီအခါမှာ ရူပဗေဒ ပညာရှင် အိုင်းစတိုင်း က *'Photon theory'* ကို ဖေါ်ထုတ်ခဲ့ပြီး အလင်းမှာ လှိုင်း သဘာဝရှိသလို အမှုန်သဘာဝပါ ဒွန်တွဲ တည်ရှိနေတယ်လို့ တင်ပြခဲ့ပါတယ်။

အိုင်းစတိုင်းရဲ့ *လှိုင်းအမှုန် ဒွိသဘာဝ 'Wave-particle duality'* အယူအဆကို အခြေခံပြီး သိပ္ပံပညာရှင် နီးဘိုးလ် *'Niels Bohr 1885-1962'* က *'Electron'* တစ်ခုဟာ လှိုင်း အနေနဲ့ သာမက အမှုန် အနေနဲ့လည်း တည်ရှိ နေတယ်ဆိုတာ တင်ပြခဲ့ပါတယ်။ ဒါ့ကြောင့်မို့ တိကျမှန်ကန် တယ်ဆိုတဲ့ သိပ္ပံပညာ နယ်ပယ်မှာ အစဉ် ညီညွတ် မှန်ကန် နေတယ်ဆိုတာ မရှိနိုင်ကြောင်း တွေ့ရှိရပါတယ်။

သိပ္ပံပညာမှာလည်း သခ်ၤာကသာ တိကျမှုကိုပေး နိုင်တယ်လို့ အားလုံးက ယူဆ ခဲ့ကြပါတယ်။ ဒါပေမဲ့ သခ်ၤာ ပညာရှင် *'Kurt Godel'* က ပြည့်စုံသော သခ်ၤာစနစ် တစ်ခုကို ဘယ်လိုမှ တည်ဆောက်လို့ မရနိုင်ကြောင်း တင်ပြခဲ့ပါတယ်။

ဇီဝဗေဒ နယ်ပယ်မှာလည်း လာမတ် *'Lamarck 1744-1829'* ရဲ့ သက်ရှိ သတ္တဝါများဟာ ပတ်ဝန်းကျင်သစ်၊ အခြေအနေသစ်များနှင့် လိုက်လျော ဆီလျော်အောင် နေထိုင် တတ်တယ် လို့ ဆိုပါတယ်။ ဒီလို နေထိုင်ပြီး ရရှိလာသော ထူးခြားတဲ့ အရည်အချင်းသစ်များကို နောက်မျိုးဆက်သစ်များအား

လက်ဆင့်ကမ်း အမွေပေးတယ်ဆိုတဲ့ *'Evolution Theory'* ကို တင်ပြခဲ့ပါတယ်။

အထက်ပါ အယူအဆကို ချားလ်စ်ဒါဝင် *'Charles Darwin 1839-1882'* က ပယ်ဖျက် နိုင်ခဲ့ပါတယ်။ ဒါဝင်က သတ္တဝါတွေမှာ ဒီလို ထူးခြားတဲ့ အရည်အချင်းတွေ ရရှိ လာတာဟာ ပတ်ဝန်းကျင်နဲ့ တဖြည်းဖြည်း လိုက်လျော ဆီလျော်အောင် နေထိုင်မှု တစ်ခုတည်း သာမက မတော်တဆ ဖြစ်ရပ်များကြောင့် ဖြစ်နိုင် တယ်ဆိုသော *ရှောင်တခင် ဖြစ်ပေါ်လာမှု သဘောတရား 'Principle of Chance variation'* ကို တင်ပြခဲ့ပါတယ်။

နာမည်ကျော် စိတ်ပညာရှင် ဖရွိုက် *'Singmund Freud 1856-1939'* ရဲ့ တွေ့ရှိချက် များကလည်း ဟောဂယ်ရဲ့ ဆင်ခြင်ခြင်း အယူအဆကို များစွာ အားနည်း စေခဲ့ပါတယ်။ ဖရွိုက်က လူတစ်ဦးမှာ *သိစိတ် 'Conscious mind'* နှင့် *မသိစိတ် 'Sub-Conscious mind'* ရှိတယ်ဆိုတာ တင်ပြ ခဲ့ပါတယ်။ လူသားတို့ရဲ့ အပြုအမူအကြံအစည်များကို သိစိတ် ဆိုသော ဆင်ခြင်ဉာဏ်ဖြင့် အစဉ် ထိန်းချုပ်နိုင်တာ မဟုတ်ဘဲ အင်အားကြီးမားတဲ့ မသိစိတ်ရဲ့ ထိန်းချုပ် စေစားမှုကိုပါ ခံယူနေရတယ် ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။

သိပ္ပံ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ မိုးလေဝသနှင့် ဆေးပညာရှင်များရဲ့ သုတေသန တွေ့ရှိချက်များ အရလည်း လောကမှာ အရာရာဟာ

စည်းနဲ့ကမ်းနဲ့ ညီညွတ်မျှတစွာ အစဉ် ဖြစ်ပေါ်နေသည် မဟုတ်ဘဲ ဖြစ်ချင်သလို ဖြစ်နိုင်သော ကျပန်းဖြစ်စဉ်များ၊ ကသောင်းကနင်း ဖြစ်ရပ်များ ရှိနိုင်တယ်ဆိုသော *'Chaos Theory'* ကိုလည်း ထုတ်ဖော် နိုင်ခဲ့ပါတယ်။ အထက်ပါ တွေ့ရှိချက်များက ဟောဂယ်ရဲ့ သဘာဝတရားဟာ ဆင်ခြင်နည်းကျစွာ အစဉ် တိုးတက်ဖြစ်ပေါ် နေသောအယူအဆကို အလွန် မေးမိုန်စေခဲ့တာကို ကျွန်တော် သတိပြုမိပါတယ်။

ဒါ့ကြောင့်မို့ ၁၉ ရာစု နှောင်းပိုင်းနဲ့ နှစ်ဆယ်ရာစုမှာ ပေါ်ထွန်းလာတဲ့ အတွေးအခေါ် ပညာရှင်များဟာ ဟောဂယ်ရဲ့ ဩဇာ လောင်းရိပ်အောက်က လွတ်မြောက်ဖို့ သစ်လွင်တဲ့အယူအဆတွေကို တင်ပြလာခဲ့ပါတယ်။ ဒီ အယူအဆများထဲမှာ *ခွဲခြမ်းစိတ်ဖြာတဲ့အမြင်နဲ့ လေ့လာတဲ့ဒဿနပညာရှင် များအုပ်စု 'School of Analytic Philosophy'* ၊ *လက်တွေ့ဆန်သော ဒဿန ပညာရှင်များအုပ်စု 'School of Pragmatic Philoso-phy'*၊ *ကားလ်မာ့က်စ် 'Karl marx 1818-1883'* ရဲ့ *မာ့က်စ်ဝါဒ 'Maxism'* နှင့် *ဘဝဖြစ်တည်မှု ပစ္စုပ္ပန်ပညာရှင်များအုပ်စု 'School of Existential Philosophy'* တို့ပါဝင်ပါတယ်။

နာရီသံချောင်း ခေါက်သံ နှစ်ချက် ကြားရလို့ စာဖတ်တာကို ခေတ္တရပ်နားပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မဲမှောင်တဲ့ အာကာသ ကောင်းကင်ယံမှာ လင်းလက်တောက်ပနေတဲ့

ငွေကြေယ်ပွင့်လေးများကို တွေ့ရပါတယ်။ စိတ်ကို ဖြေလျော့လိုက်တော့ လေနုအေးလေးရဲ့ အတွေ့အသိနဲ့ ညဉ့်မွေးပန်းတို့ရဲ့ သင်းပျံ့တဲ့ ရနံ့လေးကိုလည်း ခံစားမိပါတယ်။ ဆေးရုံဝင်းတစ်ခုလုံးဟာလည်း တိတ်ဆိတ်လို့ နေပါတယ်။

ကျွန်တော်လည်း တရေးမှေးစက်ဖို့ အိပ်ယာဝင်လိုက်ပါတယ်။ စက္ကန့်သံလေးများရဲ့ ရွှေ့လျားမှုနဲ့အတူ နေ့သစ်ဟာ မကြာမီမှာ ရောက်ရှိ လာပါတော့တယ်။

(၉)

အမှတ်တရ ၁၉၉၉

စစ်တွေမြို့ရဲ့ ၁၉၉၉ခုနှစ်၊ ဒီဇင်ဘာဆောင်းကလည်း အထိုက်အလျောက်တော့ အေးမြ လှပါတယ်။ ဒါပေမဲ့ ပင်လယ်ပြင်ကြီး ဝိုင်းရံနေလို့ ရာသီဥတုက အနည်းငယ် မိုးများ တာကလွဲပြီး သမတယ်လို့လည်း ဆိုနိုင်ပါတယ်။ ညပိုင်း တိတ်ဆိတ်တဲ့ အခါ ဒီရေတက်သံနဲ့ ပင်လယ် လှိုင်းပုတ်သံ တွေကလည်း လွမ်းဆွတ်ဖွယ်ရာ ဖြစ်သလို အသွားအပြန်ရှိပြီး အစဉ် ပြောင်းလဲနေတဲ့ လူသဘာဝကို ဖော်ပြနေတယ်လို့ ခံစားမိပါတယ်။

ဆေးရုံမှာ ပါရဂူတွေလည်း တော်တော် စုံလာတာမို့ အားကိုးတကြီးနဲ့ လာပြတဲ့ လူနာတွေလည်း တဖြည်းဖြည်းများလာပါတယ်။ ဒါပေမဲ့ မေ့ဆေးပါရဂူ မရှိသေးလို့ မေ့ဆေးပေးတာကို ကိုယ်တိုင် ကြီးကြပ် လုပ်ပေးနေရပါတယ်။

အလုပ်များပေမဲ့ မိမိ ဝါသနာပါရာ လုပ်နေရတော့ နံနက် အာရုံတက်မှ စပြီး ည အိပ်ယာဝင်ချိန် အထိ အချိန်ရထား ခုတ်မောင်း သွားတာဟာ အလွန်လည်း မြန်လှပါတယ်။

ကျွန်တော့်အတွက် ရန်ကုန်နဲ့စာရင် စာမျိုးစုံဖတ်ဖြစ်သလို သမ္မုဒ္ဓေဂါထာတော်ကိုလည်း နေ့စဉ်(၁၀)ပတ်၊ ခေါက်ရေ ၁၀၀၀ ခန့် မှန်မှန်စိတ်နိုင်ပါတယ်။ နံနက်စောစောနဲ့ ညအိပ်ယာမဝင်မီ (၁၅)မိနစ်လောက် တရားရှုမှတ်တာကိုလည်း ပုံမှန်လုပ်ဖြစ်သွားပါတယ်။

သွားရင်းလာရင်းနဲ့ လှပတဲ့ ပန်းကလေးတွေ၊ သာယာတဲ့ သီချင်းသံတွေ၊ အရသာရှိတဲ့ ကော်ဖီ သောက်မိတိုင်း စိတ်က အာရုံမှာ သွားသွားကပ်လို့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ် ဖြစ်နေတာကို သတိထားမိလိုက်ရင် သိသိလာပါတယ်။

စိတ်နဲ့အာရုံကို ပဋ္ဌာန်း အာရမ္မဏပစ္စည်းမှာ လေ့လာမှ ကျွန်တော့်အသိ ရှင်းရှင်းလင်းလင်း ဖြစ်သွားပါတယ်။

'စိတ်' ဆိုတာ သိတတ်တဲ့ သဘော၊ ညွှတ်တတ်တဲ့သဘောနဲ့ ကြဲစည် တွေးတောတတ်တဲ့ သဘောကို ဆိုလိုပါတယ်။ ကျွန်တော် တို့ စဉ်းစား တွေးတောနေမိတာ၊ ဝမ်းနည်းဝမ်းသာ ဖြစ်မိတာ၊ အရသာရှိတဲ့ အစားအစားတွေ စားချင်တာ၊ သာယာ နာပျော်ဖွယ် ကောင်းတဲ့ ဂီတသံစဉ်လေးတွေ နားထောင်ချင်တာ တို့ကြောင့် 'စိတ်' ရှိတယ်ဆိုတာ သိကြပါတယ်။

စိတ်ဟာ အာရုံကိုသိတတ်တဲ့ *'Awareness of object'* သဘော ဖြစ်လို့ အာရုံနှင့်ကင်းပြီး ဘယ်တော့မှ မဖြစ်ပါဘူး။ ရုပ်အမှီရှိမှ အာရုံရှိမှ ဖြစ်နိုင်တယ်ဆိုတာ သိလာရပါတယ်။

အာရုံ 'Object' ဆိုတာ စိတ်နဲ့ တိုက်ရိုက် သိလို့ရတဲ့အရာ၊ အသိခံရတဲ့ သဘော၊ သိစရာကို ခေါ်တာ ဖြစ်ပါတယ်။ လူတိုင်းမှာ အာရုံ(၆)ပါး ရှိပါတယ်။

ခရီးသွားရင်း ပြာရီမှိုင်းနေတဲ့ ရှမ်းတောင်တန်းကြီးဆိုတဲ့ *ရူပါရုံ*၊ သာယာနှာ ပျော်ဖွယ် ချစ်သူ့စကားသံဆိုတဲ့ *သဒ္ဒါရုံ*၊ သင်းပျံ့တဲ့ သဧင်ပန်းရနံ့ဆိုတဲ့ *ဂန္ဓာရုံ*၊ ချိုလိုက်တဲ့ ဖရဲသီး အရသာဆိုတဲ့ *ရသာရုံ*၊ သမီးနီတာရဲ့ ကလေးရဲ့ နူးညံ့တဲ့ အတွေ့အထိ ဖောင္ဒဗ္ဗာရုံနဲ့ *ဓမ္မာရုံ* ဆိုတဲ့ အာရုံ(၆)ပါးမှာ စွဲနေတယ်၊ ပျော်မွေ့နေတယ် ဆိုလည်း အာရမ္မဏ ပစ္စည်းနဲ့ ကျူးဋ္ဌးပြုတာ ဖြစ်ပါတယ်။

ဓမ္မာရုံ 'Cognoscible object' ဆိုတာ တွေးတော ကြံစည် စိတ်ကူးနေတာတွေ အားလုံးနဲ့ အာရုံ(၅)ပါးမှကြွင်းတဲ့ အာရုံတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ ဓမ္မာရုံရဲ့ အကောင်းဆုံး ဥပမာကတော့ နိဗ္ဗာန် ဖြစ်ပါတယ်။

စိတ်နဲ့အာရုံကို ကျွန်တော်လေ့လာလို့ ကောင်းနေဆဲမှာ ဆေးရုံဆင်ဝင်မှာ မော်တော်ကားတစ်စီး ထိုးဆိုက်သံနဲ့အတူ အော်ဟစ် ဆူညံနေတဲ့ လူသံတွေ တော်တော်များများ ကြားရပါတယ်။

နာရီကို လှမ်းကြည့်လိုက်တော့ ည ၇နာရီ ထိုးနေပါပြီ။ မကြာမီမှာ ကျွန်တော့်ရဲ့ အခန်းရှေ့ကို ပြင်ပလူနာ ဌာနမှ ဆရာထွန်းသိန်း အပြေးရောက်လာပြီး 'ဆရာ၊ အခု ဘူးသီးတောင်ဘက်မှာ *Car accident* ဖြစ်လို့ လူနာ တော်တော် များများ ရောက်လာတယ်၊ လိုက်ကြည့်ပေးပါဦး ...'

ကျွန်တော်လည်း ပြင်ပလူနာဌာနကို ရောက်တဲ့အခါ နာကျင်မှုနဲ့ အော်ဟစ်နေကြတဲ့ လူနာတွေကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာ ဆေးရုံဝင်းထဲက ဆရာဝန်တွေ၊ သူနာပြုတွေ အားလုံးဝိုင်းပြီး ကူညီဖို့ ရောက်လာကြပါတယ်။

ကျွန်တော်တို့လည်း ချက်ခြင်း *'Triage'* လို့ခေါ်တဲ့ ဒဏ်ရာပြင်းထန်မှုအလိုက် လူနာများကို အုပ်စုလိုက်ခွဲခြားပြီး ကုသမှုကိုစကြရပါတယ်။ *'Triage officer'* အဖြစ် ကိုသိန်းက တာဝန်ယူပြီး ဒဏ်ရာ ပြင်းထန်သော အရေးပေါ်ခွဲစိတ်ရမယ့် လူနာများကို ခွဲစိတ်ဆောင်၊ အသင့်အတင့်သာ ပြင်းထန်တဲ့ လူနာများကို ဆေးကုသဆောင်နဲ့ မစိုးရိမ်ရတဲ့လူနာများကို အရန်ပြင်ဆင် ထားတဲ့အခန်းထဲမှာ ထားရှိဖို့ စီစဉ်လိုက်ပါတယ်။

ဒဏ်ရာပြင်းထန်တဲ့ လူနာက (၃)ဦးပဲရှိတာကို တွေ့ရပါတယ်။ တစ်ဦးက ညာဖက်အလယ်နံရိုး(၃)ချောင်းကျိုးပြီး ညာဖက်အဆုတ် အမြှေးပါးအတွင်းမှာ သွေးနဲ့လေပါဝင်ရောက် *'Right sided pneumo-haemothorax'* နေလို့ အသက်ရှူ

ခက်နေတဲ့ ကိုဝင်းအောင်၊ ဘေလုံးကွဲသွားလို့ သွေးပေါင်ချိန်ကျပြီး ရောက်လာတဲ့ အဘဦးတင်ဦးနဲ့ ခေါင်းမှာ ဒဏ်ရာပြင်းထန်စွာ ရထားတဲ့ သီလရှင်ဆရာလေး တစ်ဦးတို့ ဖြစ်ပါတယ်။

အသင့်အတင့် ပြင်းထန်တဲ့ လူနာများကတော့ လက်နဲ့ ခြေထောက်မှာ အရိုးကျိုးပြီး ရောက်လာတဲ့ လူနာများ ဖြစ်ပါတယ်။ မစိုးရိမ်ရတဲ့ လူနာများကတော့ လက်မောင်း တစ်ဘက် ပြုတ်ပြီး ရောက်လာတဲ့ ဆရာမတစ်ဦးနဲ့ ပွန်းပဲ့ ဒဏ်ရာများသာ ရရှိထားတဲ့ ကလေးငယ်တစ်ဦးတို့ ဖြစ်ပါတယ်။

ဆေးရုံအုပ်ကြီးလည်း ချက်ခြင်းရောက်လာပြီး လူနာများကို အားပေးပါတယ်။ ကျွန်တော်လည်း ကိုသိန်း၊ မသင်း၊ မမျိုးတို့နဲ့ တိုင်ပင်ပြီး ဒဏ်ရာပြင်းထန်တဲ့ လူနာများကို အရေးပေါ်ခွဲစိတ်ကုသဖို့ ပြင်ဆင်ရပါတယ်။

လူနာအားလုံးကိုလည်း အကိုက်အခဲ သက်သာတဲ့ဆေးတွေ၊ မေးခိုင်ကာကွယ်ဆေး၊ *Anti-biotics* နဲ့ လိုအပ်တဲ့လူနာများကို သွေးဖောက်ပြီး အကြောဆေးထိုးဖို့ *IV cannula* ထည့်တာကို ဆရာဝန်၊ သူနာပြုများမှ တစ်ပြိုင်တည်း ဆောင်ရွက်ကြပါတယ်။

မှတ်ပုံတင်မှူး ကိုကျော်စိုးဝင်းနဲ့ ရုံးအဖွဲ့မှလည်း လူနာတစ်ဦးစီရဲ့ အမည်၊ အသက်၊ နေရပ်လိပ်စာနဲ့ အခြေအနေကို အထက်ဌာနများ သို့ သတင်းပို့ဖို့နဲ့ မှတ်တမ်း ထားရှိဖို့ လိုက်လံ မေးမြန်း နေကြပါတယ်။

ခွဲစိတ် ခန်းမကြီးမှာလည်း တာဝန်ခံသူနာပြု အရာရှိ မစန္ဒာ၊ ဆရာကြီး ဖေသိန်း၊ ဆရာကျော်မြင့်နှင့် ဆရာဝင်းလွင်ဦးတို့ကလည်း ခွဲစိတ်ခန်း ကိရိယာများကို ပြင်ဆင် နေကြပါတယ်။

ကျွန်တော်တို့ အသက်ရှူကြပ်ပြီး ရင်ဘတ်နံရိုးများ ကျိုးနေတဲ့ ကိုဝင်းမောင်ကို အရင်းဦးဆုံး *ရင်ခေါင်းအတွင်းသို့ပိုက်ထည့်တဲ့ ခွဲစိတ်ကုသမှု 'Chest tube insertion'* ကို အရင်းဆုံး ဆောင်ရွက် ကြပါတယ်။ ပိုက်ထည့်လို့ ပြီးသွားတာနဲ့ ရင်ခေါင်း အထဲမှာရှိတဲ့ သွေးနဲ့လေတွေဟာ အသင့်ဆက်ထားတဲ့ ရေထည့်ထားတဲ့ အလုံပိတ် ပုလင်းထဲကို စီးကျလာပါတယ်။ ကိုဝင်းမောင်ကို ထုံဆေးနဲ့ လုပ်ပေးလိုက်လို့ ခွဲစိတ်ခန်းထဲမှာပဲ အတော် သက်သာသွားပြီး အသက်ရှူလို့ ကောင်းကြောင်း ပြန်ပြောနိုင်ပါတယ်။

ဒုတိယ လူနာ တစ်ဦးဖြစ်တဲ့ ဦးတင်ဦးကိုတော့ မေ့ဆေးပေး ပြီး ခွဲစိတ်ရပါတယ်။ ကျွန်တော်နဲ့ လူနာ တော်တော်များများကို *assist* လုပ်ပေးနေကြမို့ မသင်းလည်း ခက်ခဲတဲ့ ခွဲစိတ်မှု မျိုးမှာတောင် အတော်အားကိုးလို့ ရနေပါပြီ။ ခွဲစိတ်ခန်း တာဝန်ခံ ဆရာမ မစန္ဒာကလည်း ကျွမ်းကျင်စွာနဲ့ *instruments* များကို ပေးနိုင်လို့ ချောချောမောမောနဲ့ ကွဲသွားတဲ့ ဘေလုံး *'Spleen'* ကို ထုတ်ယူ နိုင်ခဲ့ပါတယ်။

တတိယ တစ်ယောက်ဖြစ်တဲ့ ခေါင်းက ဒဏ်ရာပြင်းထန်စွာ

ရနေတဲ့ လူနာကိုတော့ ကျွန်တော်တို့ ခေတ္တစောင့်ကြည့်ဖို့ ဆုံးဖြတ် လိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ စမ်းသပ်မှုများအရ ဦးနှောက်အတွင်း သွေးယိုစီးမှု များပြားနေတာကြောင့် စိုးရိမ်ရတဲ့ အခြေအနေမျိုးရှိပြီး ခွဲစိတ်ကုသရန် အခြေအနေမပေးတဲ့ အမျိုးအစားထဲမှာ ပါဝင်နေပါတယ်။

ဒါ့ကြောင့်မို့ ဒဏ်ရာ အသင့်အတင့်သာ ပြင်းထန်တဲ့ ပွန်းပဲ့ဒဏ်ရာများ၊ အရိုးကျိုးတဲ့ လူနာများကို ခွဲစိတ်ခန်းထဲမှာ *wound debridement* နဲ့ *dressing* လုပ်ခြင်း၊ ကျောက်ပတ်တီးစီးခြင်းများကို ဆောင်ရွက်ပေးလိုက်ပါတယ်။ လက်မောင်းအဆစ်လွဲတဲ့ လူနာကိုတော့ *kochker's* နည်းနဲ့ အထဲဝင်အောင် ပြန်ထည့်ပေးလိုက်ပါတယ်။

ထုံးစံအတိုင်း အလုပ်တွေပြီးတော့ နံနက်(၂)နာရီထိုးပါတော့မယ်။ ကျွန်တော်လည်း အေးမြတဲ့ဆောင်းမှာတောင် ချွေးတွေထွက်နေလို့ ရေအဝသောက်ပြီး ရေအမြန်ချိုးလိုက်ပါတယ်။ ရေချိုးပြီးတော့ ကျွန်တော့်ရုံးခန်းမှာ ကိုသိန်း၊ မသင်း၊ မမျိုး၊ မစန္ဒာတို့ရောက်လာပြီး အသင့်စား ခေါက်ဆွဲထုတ်တွေပြုတ်၊ ကော်ဖီဖျော်ပြီး စားသောက်ကြပါတယ်။ ကျွန်တော်တို့ ဒီနေ့လုပ်တဲ့ *Triage* ကိုလည်း ပြန်ပြီး ဆန်းစစ်ကြသလို လိုအပ်တဲ့အပိုင်းကိုလည်း နောက်နောင်မှာ သတိထားဖို့ ဆွေးနွေးကြပါတယ်။

နံနက် ၃ နာရီလောက်မှ စကားပြောတာရပ်ပြီး လူစုခွဲလိုက်ကြပါတယ်။ ကျွန်တော်လည်း အိပ်ချင်နေပေမယ့် ကြံစည်စိတ်ကူးတဲ့ ဝိတက်တွေများနေလို့ စိတ်ဟာအတည် တကျမရှိဘဲ လွတ်နေပါတယ်။ နောက်မှ သတိနဲ့ထိန်းပြီး စိတ်ကလေးကို နာသီးဖျားမှာဆွဲတင်လိုက်မှ တည်ငြိမ်သွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်။

နံနက် ၈ နာရီထိုးမှ အိပ်ယာကနိုးပါတယ်။ မနေ့က လူနာတွေကြည့်ဖို့ ရှိသေးတာနဲ့ ကိုယ်လက်သန့်စင်ပြီး ခွဲစိတ်ဆောင်ဘက်ကို ထွက်လာပါတယ်။

ခွဲစိတ်ဆောင်မှာ လူနာတွေကို နံနက်သောက်ဖို့ဆေးတွေ တိုက်ကျွေးနေတဲ့ ဆရာမလေး သက်သက်ခိုင်ကို တွေ့လိုက်ရပါတယ်။ ကျွန်တော့်ကို ပြုံးရွှင်စွာနှင့် '*Good morning* ပါ။ ညက ခွဲထားတဲ့ လူနာတွေလည်း အခြေအနေ ကောင်းပါတယ် ...' လို့ နှုတ်ဆက်ပါတယ်။

ကျွန်တော် လူနာတွေကို *round* နေတုန်းမှာ မသင်းလည်း အပြေးလေး ရောက်လာပါတယ် ...

'ထုံစံအတိုင်း ညကအိပ်ယာဝင် နောက်ကျတော့ တော်တော်နဲ့ မနိုးဘူး ...'

'အစ်ကိုလည်း ၈ နာရီထိုးမှ နိုးတာ။ နေ့စဉ်ရက်ဆက် အိပ်ရေးပျက်တော့လည်း မဲနဲနားမှ အားပြန်ပြည့်မှာ'

'အခုရက်ပိုင်း ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်တဲ့ *Cerebral malaria* လူနာတွေ ရောက်တာမရှိလို့ တော်သေးတယ်။ နှံ့မို့ဆို *I.C.U* မှာ လူနာထားဖို့တောင် ခက်မှာ'

'ငှက်ဖျားက ညီမတို့ ကျန်းမာရေး ဟောပြောပွဲတွေ လုပ်ပေးတာနဲ့လည်း ဆိုင်လိမ့်မယ်၊ လူတွေလည်း အခုတော့ ခြင်ထောင် ထောင်အိပ်ဖို့၊ ငှက်ဖျားကာကွယ်ဆေး သောက်ဖို့နဲ့ ငှက်ဖျားနဲ့ ပတ်သက်လို့ *awareness* လည်း တော်တော်ရှိလာကြတယ်'

'ညီမတို့ ဆေးကုသဆောင်မှာ အခု ငှက်ဖျားလူနာတွေ နည်းသွားပေမယ့် အဆုပ်တီဘီနဲ့ ဝမ်းပျက်ဝမ်းလျော ရောဂါကတော့ လျော့မသွားဘူး'

'ညီမလည်း နည်းနည်းပိန်သွားတယ်၊ အစားအသောက်လည်း ဂရုစိုက်ပြီး စားပါ'

'အစ်ကို သတိပေးတာ ကျေးဇူးပါပဲ၊ အခု အရေးပေါ် လူနာတွေ အရောက်များသလို ညဘက်လည်း ဟိုတွေးဒီတွေးနဲ့ ကောင်းကောင်း မအိပ်ဖြစ်ဘူး'

ကျွန်တော်နဲ့ မသင်းလည်း စကားတပြောပြောနဲ့ မနေ့က ခွဲစိတ်ထားတဲ့လူနာများ၊ အရေးကြီး လူနာများကို ဦးစားပေးပြီး ကြည့်ရှုပေးကြပါတယ်။ ကိုဝင်းအောင်နဲ့ အဘဦးတင်ဦး တို့လည်း အခြေအနေကောင်းတာကို တွေ့ရပါတယ်။

ဦးခေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာရတဲ့ ဦးမြအေးကတော့ ဦးနှောက်အလုပ်မလုပ်တော့ဘဲ အသက်ရှူနှုန်းနဲ့ သွေးခုန်နှုန်းလည်း မမှန်တော့တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အသက်ကယ် ဆေးများနဲ့ ကြိုးစားကုသပေးပေမယ့် နေ့ခင်း(၂)နာရီမှာ ဆုံးသွားပါတယ်။ လူဘဝဆိုတာ ရေပွက်ပမာ ခဏတာ၊ နေ့မြင် ညပျောက်ဆိုတာ အလွန် မှန်ပါတယ်။

ကျွန်တော် ခွဲစိတ်နှင့်ဖျားနာဆောင်က လူနာများကို ကြည့်ရှုပြီးတဲ့အချိန်မှာ နံနက် ၁၀နာရီခွဲနေပါပြီ။ ကျွန်တော်တို့ ပြင်ပလူနာတွေကို မကြည့်မီ မသင်းမျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်နေပြီး တစ်ခုခုပြောချင်ပုံရလို့ -

'ညီမ တိုင်ပင်စရာရှိလို့လား ...'

'အစ်ကိုက လူကဲခတ်ကောင်းသားပဲ၊ ညီမရဲ့ ကျန်းမာရေး ကိစ္စပါ၊ ပြင်ပလူနာမကြည့်ခင် ညီမဖြစ်နေတာကို ပြောပြချင်လို့'

'ဒါဆို ရုံးခန်းမှာ ပြောတာပေါ့'

ကျွန်တော့်ရုံးခန်းမှာ ထိုင်ဖြစ်တော့ မသင်းက 'ကော်ဖီ ဖျော်လိုက်မယ်နော်၊ နေ့ခင်း ပုန်းရည်ကြီးသုတ်၊ တမာရွက် တို့စရာတွေ လုပ်ထားတယ်၊ အစ်ကိုကြိုက်ရင် ဟင်းပို့ပေးလိုက် မယ် ...'

'စားတာပေါ့ ညီမရယ် ...'

မသင်းမိဘတွေက မကွေးတိုင်း၊ မြို့သစ်ဖက်က၊ ကျွန်တော့်

ဖခင်က ရေနံချောင်းဇာတိဆိုတော့ အညာအစားအသောက်တွေကို နှစ်သက်ကြပါတယ်။ မသင်းက အညာသူဆိုတော့ တစ်ခါတရံ အညာလေသံက မပျောက်။ သူမက လူနာများအပေါ် အထူး စေတနာထားသူဖြစ်ပြီး စမ်းသပ်စစ်ဆေးရာမှာလည်း အသေးစိတ်လုတဲ့အတွက် ရောဂါတစ်ခုရဲ့ *Diganosis* ကို သွေး စစ်ဆေးတာ၊ ဓါတ်မှန်ရိုက်ယူတာ မပါဘဲနဲ့ မှန်ကန်အောင် ခန့်မှန်းနိုင်တဲ့ ထူးချွန်တဲ့ သမားတော်တစ်ဦး ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်ဖီသောက်ပြီးတော့ မသင်းက ...

'ဒီလို အခုညီမ ဝမ်းသွားတိုင်း အချဲနဲ့ သွေးနဲနဲပါနေတာ တစ်လကျော် လောက်ရှိပြီ၊ ဆေးသောက်ပေမယ့်လည်း မသက်သာလို့ ဝမ်းကိုက်တာအပြင် လိပ်ခေါင်းဖြစ်ချင်နေတာလား မသိဘူး'

'ညီမရယ် ... လိပ်ခေါင်းကတော့ အချဲမပါတတ်ဘူး နောက်ထွက်တာက *fresh blood* လို နီရဲနေတာမို့ သိသာတယ်။ အခုဟာက အုမကြီးရောင်လို့ ဖြစ်တာမျိုးပဲ၊ အုမကြီးနဲ့ ပိုဆိုင်တယ်လို့ ထင်တယ်။ အမီးဘား ဝမ်းကိုက်ပိုးကြောင့် အများဆုံး ဖြစ်တတ်တယ် ...'

ကျွန်တော်လည်း မသင်းသောက်နေတဲ့ စားဆေးများကို ယူကြည့်ပြီး ထပ်မံသောက်သင့်တဲ့ ဆေးတွေကို ညွှန်ပေးပါတယ်။ ဝမ်းစစ်ဖို့၊ သွေးစစ်ဖို့နဲ့ ရန်ကုန်ရောက်တဲ့အခါ *CT Scan* ရိုက်ဖို့

လည်း အကြံပေးလိုက်ပါတယ်။

ကျွန်တော်တို့ စကားပြောကောင်းနေတုန်း သားဖွားဆရာမ လေး မဖြူဖြူ အပြေးလေးဝင်လာပြီး 'အခုပဲ ရေချမ်းပြင်ဘက်က ဆရာကြီး တစ်ယောက်ရဲ့ဇနီး နံနက် ၉ နာရီလောက်က ရေမွှာ ပေါက်ပြီးရောက်လာတာ၊ *ခြေထောက်နဲ့ ဦးတည်တဲ့ Breech presentation* ဖြစ်နေလို့၊ ဆရာလိုက်ကြည့်ပေးပါဦး ...'

ကျွန်တော်နဲ့ မသင်းလည်း မဖြူဖြူနဲ့ အမျိုးသမီးဆောင်ကို လိုက်သွားပြီး စမ်းသပ်ကြည့်တဲ့အခါ ချက်ချင်းခွဲစိတ်မှ ကလေး ရောမိခင်အတွက်ပါ အသက်ရှင်မှာမို့ ခွဲစိတ်ခန်းက မစန္ဒာနဲ့ ဆရာကြီးဖေသိန်းကို *OT* ဝင်ဖို့ အကြောင်းကြားလိုက်ပါတယ်။ အဲဒီအခါက မီးယပ်သားဖွားပါရဂူ မမျိုး ရန်ကုန်ကို ခွင့်ခဏ ပြန်နေချိန် ဖြစ်ပါတယ်။

ခွဲခန်းမဝင်မီ ပြင်ပလူနာများကို ကိုသိန်းနဲ့ အတူ ကြည့်ပေး လိုက်ပါတယ်။ ကျွန်တော်တို့ ၁၂ နာရီလောက်မှာ ခွဲခန်းဝင်ပြီး *Emergency L.S.C.S* လုပ်ပြီး ကလေးကို အောင်မြင်စွာ မွေးပေးနိုင်ခဲ့ပါတယ်။ မိခင်ရောကလေးပါ အခြေအနေ ကောင်းလို့ စိတ်သက်သာရာ ရသွားပါတယ်။

မသင်းက 'ဒီနေ့ည မယ်ဇလီဖူးတွေရလို့ သုတ်စားမလို့ အစ်ကိုနဲ့ ကိုသိန်း အမျိုးသမီးဆောင်မှာ လာစားပါအုံး။ အိမ်နဲ့ ဝေးနေပေမယ့် အလုပ်ကမပြတ်တော့ တစ်နေ့တစ်နေ့အချိန်

ကုန်သွားတာ သိပ်မြန်တာပဲ'

'လာခဲ့ပါ့မယ် ညီမရယ်၊ အချိန်ရသလောက် နံနက်နဲ့ ညပိုင်းမှာလည်း ပုတီးစိပ်၊ ပဌာန်းရွတ်ပြီး အမျှလည်းဝေပေးပါ။ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းတာပေါ့ ...'

'သတိပေးတာ ကျေးဇူးပါပဲ အစ်ကိုရယ်၊ တတ်နိုင်သလောက် လုပ်ပါ့မယ်၊ ညီမ အဆောင်ခဏပြန်လိုက်ဦးမယ်' မသင်းနှုတ်ဆက်ပြန်သွားတော့ ကျွန်တော်လည်း အခန်းမှာအဝတ်အစားလဲပြီး ရေးချမ်းပြင်ဘက် လမ်းလျှောက်ထွက်ခဲ့ပါတယ်။

ဆောင်း ဆိုတော့ ညနေ ၆ နာရီသာရှိပေမယ့် အတော် မှောင်စပြု နေပါတယ်။ အိပ်တန်းပြန်တဲ့ ငှက်ကလေးများကို တွေ့တော့ သူတို့ လည်း အစာရှာဖွေရ၊ သံယောဇဉ်နှောင်ဖွဲ့ကြ၊ အိပ်တန်းတက်ရန်၊ ဘဝလေးတစ်ခုဟာ ရုန်းကန်လှုပ်ရှားရင်း ခဏလေးနဲ့ ပြီးသွားတာပဲလို့တွေးမိပါတယ်။

ကျွန်တော် ဆက်တွေးမိတာက ရခဲတဲ့ လူဘဝမှာ ကုသိုလ် ကောင်းမှု တွေကို နေ့စဉ်ရသလောက်ယူသွားဖို့ အရေးကြီး ပါတယ်။ တိရိစ္ဆာန်ဘဝနဲ့ ကွာခြားတာက လူ့ဘဝဟာ မိမိ ပြုခဲ့တာတွေအပေါ် မူတည်လို့ ကုသိုလ်ကောင်းမှုတွေပြုပြီး အဆန်လမ်းကို လျှောက်နိုင်သလို အကုသိုလ်တွေပြုပြီး မကောင်းတဲ့ဘဝတွေကို ပို့ဆောင်ပေးတဲ့ အစုန်လမ်း ကိုလည်း သွားနိုင်ပါတယ်။ အဆန်လမ်း ဆိုတာ ယခုဘဝမှာ ပင်ပန်း

ပေမယ့် နောင်ဘဝတွေမှာတော့ မြင့်မြတ်တဲ့ဘဝတွေမှာသာ ကျင်လည်ရမှာဖြစ်ပါတယ်။

ညပိုင်း ထမင်းစုစားကြတော့ မသင်းတို့က မယ်ဇလီဖူးသုတ်၊ ရခိုင်ငါးပိထောင်း၊ ဝက်ခြေကောက်စွပ်ပြုတ်နဲ့ ဧည့်ခံကျွေးမွေးပါတယ်။ ထမင်းစားပြီးတော့ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်တားဆီးပေးတဲ့ ဆေးဝါးများနဲ့ အစားအသောက်များ အကြောင်းဆွေးနွေး ဖြစ်ကြပါတယ်။

မသင်းက 'အခုနောက်ပိုင်းမှာ *Anti aging Medicine* ဆိုတာ ခေတ်စားလာတာကို တွေ့ရတယ်။ အင်္ဂလန်၊ အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံတွေမှာ အသက် ၄၀ ကျော်လာတာနဲ့ အဖြစ်များတဲ့ နှလုံး၊ သွေးတိုး၊ ကင်ဆာရောဂါတွေကို ကြိုတင်ရှာဖွေပြီး ကုသပေးသလို သန့်ရှင်းလတ်ဆတ်ပြီး စိမ်းစိုလန်းဆန်းတဲ့ သဘာဝပတ်ဝန်းကျင်မှာနေဖို့၊ အစားအသောက်နဲ့ ပတ်သက်လို့ *'Organic foods'* တွေစားဖို့ ဆေးပညာရှင်တွေက အကြံပေးကြတယ်။ ဒီဆေးပညာရပ်က လူတိုင်း ကျန်းမာပျော်ရွှင်တဲ့ *'Active life style'* နဲ့ နေထိုင်နိုင်ပြီး *အသက်ရှည်ပေမယ့် ကျန်းမာနေဖို့နေတဲ့ 'Healthy Aging'* ဖြစ်ဖို့ ရည်ရွယ်တယ်...'

ကိုသိန်းကလည်း *'Aging'* က အသက်အရွယ် ကြီးမြင့်လာတာ၊ ဇရာကြောင့် အိုမင်းလာတာ၊ *'Healthy Aging'*ဆိုတော့

မြန်မာလို ကျန်းမာစွာဖြင့် အသက်ရှည်ခြင်းလို့ ပြောရမှာပေါ့...'
လို့ ဆွေးနွေးပါတယ်။

မမျိုးက 'ကျွန်မကတော့ *'Healthy Aging'* ကို ကဗျာဆန်ဆန် *အရွယ်တင်နုပျိုခြင်း ဒါမှမဟုတ် အရွယ်လွန်နုပျိုခြင်း* လို့ ဆိုချင်တယ်၊ အစ်ကိုကော ဘယ်လိုယူဆလဲ' လို့ ကျွန်တော် ဘက်ကိုလှည့်ပြီး မေးပါတယ်။

ကျွန်တော်က 'ညီမပြောတဲ့ အရွယ်လွန်နုပျိုခြင်းဆိုတဲ့ စကားကမှန်ပါတယ်။ *'Aging'* ဆိုတာ မြန်မာလိုတိုက်ရိုက် ဇရာလို့ဆိုပေမယ့် လှပအောင်ပြောရရင် *အချိန်ကာလရဲ့ တိုက်စားခြင်း* လို့လဲ ပြောနိုင်ပါတယ်။ ဘယ်လောက်ပဲ ခိုင်ခံ့မာကြောတဲ့ မြစ်ကမ်းစပ်က ကျောက်ဆောင်တွေတောင်မှ အချိန်ကာလ ကြာညောင်းလာရင် *Wear and tear process* ကြောင့် တဖြည်းဖြည်း ပွန်းပဲ့တိုက်စားသွားလို့ ကျောက်မှုန့်လေးတွေ ဖြစ်ပြီး ကြမ္မသွားကြတာပဲ မဟုတ်လား'

မစန္ဒာက 'ညီမကတော့ အရွယ်လွန် နုပျိုဖို့ဆိုရင် ရောဂါတွေမှကင်းဝေးပြီး ကိုယ်ခန္ဓာကျန်းမာဖို့သာမက လောဘ၊ ဒေါသ၊ မောဟတွေကင်းဝေးပြီး စိတ်ချမ်းသာဖို့ကလည်း အရေးကြီးတယ်လို့မြင်ပါတယ်'

မသင်းက ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး 'ညီမဖတ်ဖူးတဲ့ တရားစာအုပ်ထဲမှာ လောဘက မကျန်းမာခြင်းရဲ့အကြောင်းရင်း

ဖြစ်ပြီး *ဒေါသက အိုမင်းရင့်ရော်ခြင်းရဲ့ အကြောင်းရင်းလို့* ဆိုထားတယ်။ ဒါ့ကြောင့်မို့ ဒေါသနည်းနိုင်သမျှနည်းအောင် နေပြီး မေတ္တာစိတ်လေးနဲ့ နေသွားမယ်ဆိုရင်တော့ အစဉ်နုပျိုလန်းဆန်းနေမယ်လို့ ယုံပါတယ်'

ကိုသိန်းကလည်း 'အရွယ်လွန် နုပျိုလန်းဆန်းနေဖို့က ရောဂါဖြစ်မှ ဆေးကုသမှုခံယူတာထက် ရောဂါမဖြစ်မီ ကြိုတင်ရှာဖွေကုသတာ အကောင်းဆုံးပါပဲ။ စောစောစီးစီး သိရတော့ ကင်ဆာလိုရောဂါမျိုး ဖြစ်တယ်ဆိုရင်တောင်မှ ပျောက်ကင်းအောင် ကုသနိုင်တာပေါ့၊ ဒါကြောင့်မို့ *'Anti-aging Medicine'* ရဲ့ ခံယူချက်က *'Reactive concept'* ကနေ *'Proactive or preventive concept'* ဘက်ကို ပြောင်းလာတာကိုတွေ့ရတယ်'

'အဓိကကတော့ မျက်စိအကျင့် ဝမ်းအချင့် ဆိုတဲ့အတိုင်း နှိုင်းနှိုင်းချိန်ချိန်နဲ့ မိမိအသက်ရှည်ဖို့ သင့်သင့်တင့်မျှတတဲ့ အစားအစာတွေကို ရွေးချယ်စားသောက်တတ်ဖို့ လိုတယ်၊ ညီမ နှစ်သက်တဲ့ စာသား‌လေးတစ်ခုက *'You are what you eat'* သင်ဟာ သင်စားသောက်တဲ့အပေါ်မှာသာ မူတည်နေပါတယ်' မသင်းက လက်ဖက်စားရင်းနဲ့ ပြောလိုက်ပါတယ်။

စကားဝိုင်းလေးက အသက်ဝင်နေတာမို့ ည ၁၀ နာရီထိုးမှ လူစုခွဲဖြစ်ကြပါတယ်။ ကျွန်တော်လည်း အခန်းပြန်ပြီး ပဋ္ဌာန်း

ရွတ်ဆိုလိုက်ပါတယ်။ ပဋ္ဌာန်း ရွတ်ဆိုတဲ့အခါမှာလည်း *ဟေတုပစ္စယော* ဆိုရင် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ အမြစ်ပမာ အကြောင်းအရင်း ခြောက်သွယ်ကြောင့် နာမ်ရုပ်တွေ လူပ်ရှားနေပါလားလို့ အနက်ကိုပါမြင်အောင် ရွတ်ဆိုတဲ့အတွက် စိတ်ထဲမှာ အလွန် ကြည်နူးပီတိ ဖြစ်မိပါတယ်။

ဘုရားဝတ်တက်ပြီး ပြူတင်းဝကြည့်လိုက်တော့ မဲနက်နေတဲ့ မဟူရာကောင်းကင်ပြင်ကြီးနဲ့ ဆေးရုံရှေ့က ပန်းခြံနှင့် သစ်ပင်တွေမှာ နှင်းတွေကျနေတာကိုတွေ့ရပါတယ်။ စစ်တွေဆောင်းကလည်း အေးမြလှတာမို့ ဆွယ်တာထပ်ဝတ်ပြီး အနောက်တိုင်း ဒဿနပညာရှင်များရဲ့ သစ္စာရှာပုံတော်ခရီးကို ဆက်ပြီး လေ့လာတဲ့အခါမှာ -

(၁၀)

အာကာကိုလွှာပုံပြုပါလို့

ကျွန်တော်ရဲ့ သစ္စာခရီးဟာ ၁၈ ရာစုအစပိုင်းသို့ ရောက်ရှိလို့ နေပါပြီ။ ဒီကာလအတွင်းမှာ ဒဿနပညာရှင် ဟေဂယ်ရဲ့ *'ဆင်ခြင်ခြင်းဟာ အစစ်အမှန်တရားဖြစ်သလို အစစ်အမှန်တရားဟာလည်း ဆင်ခြင်ခြင်း'* *'whatever rational is real, whatever real is rational'* ဆိုတဲ့ အယူအဆကို ဆန့်ကျင်တဲ့ အတွေးအခေါ်များ ပေါ်ပေါက်ခဲ့ပါတယ်။

ပထမဦးစွာ တော်လှန်တဲ့ အတွေးအမြင်က လက်တွေ့ဆန်သော *ဒါမှမဟုတ် လက်ငင်း အကျိုးကြည့် အယူအဆ 'Pragmatic*ism' ဖြစ်ပါတယ်။ ဒီ အယူအဆဟာ အမေရိကန် ဒဿန ပညာရှင်များမှ စတင် ပေါက်ဖွားလာတာပါ။

လက်ငင်း အကျိုးဖြစ်ထွန်းမှု အယူအဆကို စတင်မိတ်ဆက် ပေးသူက အမေရိကန် ဒဿနပညာရှင် *ချားလ်စ်ဆန်ဒာ ပဲယာ်းစ် 'Charles Sandars Peirce 1839-1914'* ဖြစ်ပါ တယ်။ သူက ဘယ်လို အယူအဆ အတွေးအမြင်တွေ ဖြစ်ဖြစ် *လက်ငင်းအကျိုးပေါ်အောင် စမ်းသပ်လို့ 'Experimentalism'* ရမှ အဓိပ္ပါယ်ရှိတယ်၊ သိပ္ပံနည်းကျတယ်။ လက်ငင်း အကျိုးရှိ အောင် ပေါ်လွင်အောင် မပြနိုင်ဘူးဆိုရင် ဘယ်လိုမှ အဓိပ္ပါယ် မရှိဘူးလို့ ဆိုပါကယ်။

သူက အယူအဆတစ်ခုကို *ယုံကြည်စိတ်ချမှု 'Belief'* နဲ့ ပတ်သက်လို့ *'အတွေးကိုရှင်းအောင်ဘယ်လိုလုပ်ကြမလဲ'* ဆိုတဲ့ စာတမ်းမှာဖော်ပြထားပါတယ်။

သူက ယုံကြည် စိတ်ချတယ်ဆိုတာ *ပထမဦးဆုံး အနေနဲ့ တစ်စုံတစ်ခု ကို ထဲထဲဝင်ဝင်သဘော ပေါက်သိမြင်တာ 'It is something that we are aware of'* လို့ ဆိုပါတယ်။

ဒုတိယအချက်အနေနဲ့ တစ်စုံတစ်ခုကို ယုံကြည် စိတ်ချ သွားတယ်ဆိုတာ သံသယတွေ ကင်းရှင်းသွားတာလို့ ဆိုပါတယ်။

ကျွန်တော်တို့ မြန်မာလိုဆိုရင် *ဒိဋ္ဌိ 'wrong view'* နှင့် *ဝိစိကိစ္ဆာ 'Doubt'* ကိုပယ်သတ်နိုင်သွားတာ ဖြစ်ပါတယ်။ ဒီအခါမှာ စိတ်ဟာ ကြည်လင်အေးမြ သွားတဲ့အတွက် အတွေးရဲ့ ငြိမ်သက် ခြင်း *'thought at rest'* အဆင့်ကို ရောက်ရှိသွားပါမယ်။

ဒါ့ကြောင့်မို့ အနှစ်ချုပ်ဆိုရရင် ဘယ်လိုပဲ အမြင်ခြင်းမတူတဲ့ အယူအဆတွေဖြစ်ဖြစ် သိပ္ပံပညာနဲ့ အထပ်ထပ် စူးစမ်းရှာဖွေပြီး နောက်ဆုံးမှာ တစ်သဘောတည်း အမြင်တူ၊ သဘောတူလက်ခံ ယုံကြည် သွားတဲ့အယူအဆဟာ အမှန်တရား **သစ္စာ** ပါလို့ ပဲယားစ်က ဆိုပါတယ်။

ပဲယားစ်ရဲ့ လက်ငင်း အကျိုးဖြစ်ထွန်းမှုဝါဒကို ဆက်လက် ထူထောင်သူနဲ့ ဦးဆောင်ဦးရွက် ပြုသူက အမေရိကန် ဒဿန ပညာရှင် *ဝီလျံဂျိမ်းစ် 'William James 1842-1910'* ဖြစ်ပါတယ်။ သူဟာ ၁၈၉၆ ခုနှစ်တွင် ဆေးပညာဘွဲ့ *MD* ရရှိခဲ့ပေမယ့် ကျန်းမာရေး မပြည့်စုံပါဘူး။ ဒါ့ကြောင့်မို့ ၁၈၇၂ ခုနှစ်တွင် *Harvard University* မှာ ခန္ဓာဗေဒ နည်းပြ ဆရာအဖြစ် အမှုထမ်းခဲ့ပါတယ်။ ဒီနောက် စိတ်ပညာသို့ ကူးကာ ထိုမှတဆင့် ဒဿနိကနယ်ပယ်သို့ ရောက်ရှိခဲ့ပါတယ်။ ၁၈၈၅ ခုနှစ်တွင် ဒဿနိကဗေဒ ပါမောက္ခ အဖြစ်ဆောင်ရွက်ခဲ့ပြီး စာတမ်း၊ ကျမ်စာအုပ်များနှင့် ဆောင်းပါးများစွာ ရေးသားခဲ့

ပါတယ်။

သူဟာ *သစ္စာတရားနှင့် လက်တွေ့သဘော 'Truth and practice'* ကို ဆက်စပ်တင်ပြခဲ့လို့ ကမ္ဘာ့အတွေးအမြင် သမိုင်းမှာ အလွန်ထင်ရှားတဲ့ ဒဿန ပညာရှင်တစ်ဦး ဖြစ်ခဲ့ပါတယ်။

သူက မည်သည့်အတွေးအမြင် အယူအဆမျိုးမဆို လက်တွေ့ဘဝရဲ့အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်တဲ့၊ ဘဝအတွေ့အကြုံများကို စိတ်ကျေနပ်ဖွယ်ဖြစ်အောင် ဆက်စပ်ပေးနိုင်တယ်၊ အချိန်ကုန်လူပန်း သက်သာ စေတယ်ဆိုရင် ထိုအယူအဆဟာ အဲဒီအခြေအနေမှာ မှန်ကန်ပါတယ်လို့ ဆိုပါတယ်။

သူ့အယူအဆအရ အမှားအမှန် သဘောဟာ လူ့ဘဝမှာ မိမိ လုပ်ဆောင်ခဲ့တဲ့အပေါ် တကယ်တမ်း ရလာသော *လက်ငင်း ရလာဒ်များ 'Immediate Outcome'* အရ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ဝီလျံဂျိမ်းစ်ကတော့ သစ္စာကို ထာဝရသဘောအနေနဲ့ မရှုမြင်ဘဲ သမုတိသစ္စာဆိုတဲ့ ယာယီသစ္စာတွေသာဖြစ်တယ်လို့ ဆိုပါတယ်။ သဘောတရားတစ်ခု အကြောင်းအရာတစ်ခုမှန်တယ် ဆိုတာ အချိန်အခါ၊ အခြေအနေအလျောက် ယုံကြည်လက်ခံဖို့အကောင်းဆုံးဖြစ်နေလို့သာ ဖြစ်တယ်လို့ တင်ပြပါတယ်။ ဒီလို အကောင်းဆုံး ဖြစ်နေရတာကလည်း အဲဒီအချိန်အခါနဲ့ အခြေအနေမှာ လက်ငင်းအကျိုးကျေးဇူး ရှိလို့သာဖြစ်တယ်။ နောင်

အခြေအနေနဲ့ အချိန်အခါပြောင်းသွားလို့ လက်ငင်းအကျိုးကျေးဇူး မရတော့ဘူးဆိုရင် ဒါဟာ မမှန်တော့ဘူးလို့ ဆိုပါတယ်။

သူရဲ့ ၁၉၀၇ခုနှစ်က ထင်ရှားတဲ့ *လက်ငင်းအကျိုးဖြစ်ထွန်းမှုဝါဒဆိုတာ ဘာကိုဆိုလိုသလဲ 'What Pragmaticism Means'* စာတမ်းမှာ သဘောတရား *'Theory'* တစ်ခုဘယ်လောက်မှန်တယ်ဆိုတာကို လူ့ဘဝရဲ့ ပြဿနာတစ်ရပ်ကို ဘယ်လောက် အောင်မြင်စွာ ဖြေရှင်းပေးနိုင်သလဲ၊ ဘယ်လောက်အသုံးဝင်လဲ ဆိုတဲ့ အတိုင်းအဆပေါ်မှာ မူတည်ပါတယ်လို့ ဆိုပါတယ်။

လိုရင်းကတော့ ဘဝ ပြဿနာများအတွက် ကျေနပ်ဖွယ်ကောင်းတဲ့ လက်ငင်း အကျိုးအမြတ်ကိုပေးတဲ့ အတွေးအမြင်ကသာ အမှန်ဆုံး လို့ဆိုပါတယ်။ ဒါ့ကြောင့်မို့ သစ္စာဆိုတာ *တစ်သမတ်တည်း၊ တစ်ပုံစံတည်း မရှိဘဲ အချိန်နဲ့အခြေအနေပေါ်လိုက်ပြီး ပြောင်းလဲ သွားနိုင်ပါတယ်လို့ ဆိုပါတယ်။*

ကျွန်တော့်အနေနဲ့ ဝီလျံဂျိမ်းစ်ရဲ့ အတွေးအမြင်ကို ဖတ်ရှုရတာ အရင်းရှင်စနစ်နဲ့ အရင်းရှင်ကုန်သည်များရဲ့ အယူအဆနဲ့တူတယ်လို့ မြင်မိပါတယ်။ လက်ငင်းအကျိုးအမြတ်ရဖို့သာ ကြည့်တဲ့အတွက် ကိုယ့်အတွက် လက်ငင်းအကျိုးစီးပွားသာ ဖြစ်ထွန်းမယ်ဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် သိုက်တူးမယ့် အယူအဆမျိုးဖြစ်နေပါတယ်။

ဒါ့ကြောင့်မို့လည်း သူရဲ့အတွေးအမြင်ဟာ အမေရိကန်လူ

အဖွဲ့အစည်းပေါ်မှာ အလွန်ဩဇာညောင်းခဲ့တာကို တွေ့ရပါတယ်။ အမေရိကန်ရဲ့ အရင်းရှင်စနစ်နဲ့ အတွေးအခေါ်ဟာ အမြဲတမ်း သူတို့အင်အားကြီးဖို့ *'Super-power'* နိုင်ငံအဖြစ် ကမ္ဘာ့ နိုင်ငံများကို စိုးမိုးခြယ်လှယ်ဖို့နဲ့ သူတို့ အကျိုးအမြတ်ရရှိဖို့ပဲ ကြည့်တာဖြစ်ပါတယ်။

လက်ငင်းအကျိုးကြည့်ဝါဒမှာ နောက်ထပ် အလွန်ထင်ရှားခဲ့သူတစ်ဦး ကတော့ *ဂျွန်ဂျီဝီ 'John Dewey'* ဖြစ်ပါတယ်။ သူဟာ အမေရိကန်ပြည်ထောင်စု ဗားမောင့်မြို့မှာ မွေးဖွားခဲ့ပြီး *John Hopkin's University* မှ *MD* ဘွဲ့ရရှိခဲ့ပါတယ်။ ဆရာဝန်တစ်ဦး ဖြစ်ပေမယ့် သူ့ရဲ့ အတွေးအခေါ် အယူအဆများဟာ အမေရိကန်ပြည်ထောင်စုရဲ့ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ် အသီးသီးမှာ သြဇာ လွှမ်းမိုးခဲ့တာကို တွေ့ရှိရပါတယ်။

သူ့ရဲ့ဒဿန ကျမ်းထဲမှာ လူဖတ်များပြီး နာမည်ကျော်ခဲ့တဲ့ ကျမ်းများက ၁၉၁၉ ခုနှစ်က ရေးခဲ့တဲ့ *အတွေးအမြင် ပြန်လည်တည်ဆောက်ခြင်း 'Reconstruction in Philosophy'* နှင့် *အတွေအကြုံနှင့် သဘာဝ 'Experience and Nature'* တို့ ဖြစ်ပါတယ်။

သူ့ရဲ့ လူဘဝကို ရှုမြင်တဲ့အတွေးအခေါ်ကိုတော့ ကျွန်တော် လက်ခံပါတယ်။ သူက လူသားအားလုံးဟာ မသေချာမှု၊

မရေရာမှု၊ စွန့်စားရမှုများ၊ ဘေးအန္တရာယ်များဖြင့် စိတ်မချရသော ကမ္ဘာကြီးထဲမှာ အသက်ရှင်နေတာကို တွေ့ရသောအခါ လူ့ဘဝဟာ လောင်းကစား နေရတဲ့အဖြစ်မျိုးနဲ့ တူနေတာကို သိလာကြပါတယ်။ ဒီလို မသေချာ မရေရာ အမြဲစိတ်ချရဖွယ် မရှိတဲ့ ဖြစ်ရပ်တွေကြောင့် ဘာသာအယူဝါဒ ကိုးကွယ်မှုများ ပေါ်ပေါက်လာတယ်လို့ သူက ဆိုပါတယ်။

လောကရဲ့ မသေချာ မရေရာမှုများနှင့် ဆက်စပ်ပြီး ယုံကြည်သက်ဝင်မှုများကို နောက်ခံ ထားလို့ ဒဿနပညာရပ်နဲ့ ကိုယ်ကျင့်တရား ဆိုင်ရာ ဥပဒေများဟာ တဖြည်းဖြည်း ပေါ်ပေါက် လာကြပါတယ်လို့ *သဘာဝနှင့် အတွေ့အကြုံကျမ်းမာ* တင်ပြထားပါတယ်။

ယျန်ဂျူဝီက လောကရဲ့အမှန် *သစ္စာဟာ သချိုင်္ဂပညာလို ကိန်းသေမဟုတ်ဘဲ ဇီဝဗေဒသဘောတရားလို ကိန်းရှင်သဘော ဖြစ်ပါတယ်လို့ တင်ပြပါတယ်။* လောကမှာ လူ့ အသိပညာဟာ အစဉ်တိုးတက်ပြောင်းလဲနေသလို သစ္စာဟာလည်း *ပြောင်းလဲတိုးတက်ခြင်းသဘောရှိတဲ့ 'Evolution'* ဖြစ်စဉ်တစ်ရပ်လို့ သူက ခံယူပါတယ်။

သူ့ရဲ့ အတွေးအခေါ်မှာ ထူးခြားတာတစ်ခုက လူ့ အပြုအမူကြောင့် ဖြစ်ပေါ်လာတဲ့ အကောင်းအဆိုး အယုတ်အမြတ် သဘော တွေကိုပါ ထည့်သွင်းစဉ်းစားလာပါတယ်။ သူက

ဘဝဟာ လောင်းကစားခြင်း Gambling တစ်မျိုး ဖြစ်သလို အဆုံးသတ်တော့ ကံကုသိုလ်ကို ပုံချရတဲ့ကိန်း ဆိုက်တာပါလို့ ဆိုပါတယ်။

ကျွန်တော့်အနေနဲ့ ခြုံငုံစဉ်းစားလိုက်တဲ့အခါမှာ လက်ငင်း အကျိုးကြည့်ဝါဒဟာ နီဇ်ရှေးရဲ့ ဒဿနနဲ့ အတိအကျ မတူပေမဲ့ *အာဏာ ဒဿန 'Power philosophy'* တစ်မျိုး ဖြစ်နေပါတယ်။ နီဇ်ရှေးက မဟာ လူသားတစ်ဦးရဲ့ အာဏာကို အဓိကထားသလို *Pragmaticism* က အဖွဲ့အစည်း တစ်ရပ်ရဲ့ အင်အား အာဏာကြီးထွားဖို့ အဓိကထားတာကိုတွေ့ရပါတယ်။ အရာရာကို အသုံးချ ကိရိယာလို့ထားတဲ့ သဘောဟာ ပေါ်လွင်နေပြီး အမှန်တရားဆိုတာကလည်း တခြားမဟုတ်ဘူး၊ အသုံးကျတာ အကျိုးဖြစ်ထွန်းတာကို ပြောတာဖြစ်နေပါတယ်။

စစ်ပွဲကြီးတစ်ခု ဖြစ်ကြရာမှာ လက်ငင်းအနိုင်ရရှိရေး ကိုသာ ကြည့်ပြီး အဏုမြူ၊ ဓါတုဓာတ်ငွေ့၊ ဇီဝပိုးမွှား ဗုံးလက်နက်များ *'Nuclear Biological and Chemical weapons'* ကို အသုံးပြုပြီးတိုက်ခိုက်မယ်ဆိုရင် လူပေါင်းများစွာ အသက်ဆုံးရှုံးပြီး အောင်မြင်မှုလည်းရရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီရရှိတဲ့ အောင်မြင်မှု ရလာဒ်ဟာ လူလူချင်း စာနာထောက်ထားမှု မရှိတဲ့အတွက် လောကမှာ ကျေနပ် နှစ်သက်ဖွယ်ရာ ဖြစ်ပါ့ မလားလို့ ကျွန်တော်တွေးမိပါတယ်။ ဒါ့ကြောင့်မို့ လက်ငင်းအကျိုး

ကြည့်ဝါဒဟာလည်း သစ္စာကို ရှာဖွေရာမှာ ကျွန်တော့်အတွက် ကျေနပ်ဖွယ်ရာ အဖြေကို မပေးနိုင်ခဲ့ပါဘူး။

ဆက်လက်လို့ ဂျာမန်ဒဿနပညာရှင် ဟောဂယ်ရဲ့အတွေး အခေါ်များကို တစ်ခုမကျွန်စိစစ်ပြီးနောက် လက်မခံခဲ့သော *ခွဲခြမ်းစိတ်ဖြာ ဒဿနပညာရှင်များအုပ်စု 'School of Analytic Philosophy'* ရဲ့အယူအဆများကိုလည်း တင်ပြလိုပါတယ်။ သူတို့က အရင်က ပေါ်ထွန်းခဲ့သော ဒဿန အယူအဆများကို အတွေအကြုံနှင့် စစ်ဆေးနိုင်သော ဝါကျများဖွဲ့ပြီး စစ်ဆေးကြည့်ရှုကြပါတယ်။

သူတို့က *အနက်တူဝါကျ 'Analytic Sentence'* နဲ့ *အနက်ကွဲဝါကျ 'Synthetic Sentence'* ဆိုပြီး နှစ်မျိုးတင်ပြပါတယ်။

ပမာဆိုရရင် 'သင်္ခေင် ပန်းကလေးများရဲ့ ရနံ့ဟာ သင်းပျံ့မွှေးကြိုင်တယ်၊ နှင်းဆီ ပန်းကလေးများဟာ လှပတယ်' ဆိုတဲ့ ဝါကျတွေဟာ *အနက်တူဝါကျ* ဖြစ်ပါတယ်။ 'ပန်းကလေးများ' ဆိုသော ကတ္တားပုဒ် *'Subject term'* နှင့် 'သင်းပျံ့ လှပခြင်း' ဆိုတဲ့ *ဝါစကပုဒ် 'Predicate term'* တို့ဟာ အနက်သဘော အားဖြင့် တူကြပါတယ်။ ဒီလိုဝါကျမျိုးဟာ ဘယ်အခါ မှာမှ မမှားနိုင်သလို အတွေးအမြင်နဲ့ အသိဉာဏ်အသစ် ကိုလည်း မပေးနိုင်ဘူးလို့ ခွဲခြမ်းစိတ်ဖြာ ဒဿန ပညာရှင်များက ယူဆပါတယ်။

'အမျိုးသမီးများဟာ အမျိုးသားများထက် ဖြတ်ထိုးဉာဏ် အလွန်ကောင်းတယ်' ဆိုတာ *အနက်ကွဲဝါကျ* ဖြစ်ပါတယ်။ ဒါပေမဲ့ အတွေ့အကြုံအားဖြင့် အမျိုးသမီးတိုင်းက အမျိုးသားများထက် ဖြတ်ထိုးဉာဏ် မကောင်းကြသလို အမျိုးသားများမှာလည်း အလွန် ဉာဏ်ပညာ ထက်မြက်တဲ့ သူများလည်း ရှိကြပါတယ်။ ဒါကြောင့်မို့ အဆိုပါ အနက်ကွဲဝါကျ များကသာ အတွေးသစ် အမြင်သစ်ကို ပေးနိုင်တယ်လို့ သူတို့က ယူဆပါတယ်။

သူတို့အဆိုအရ နေ့စဉ်သုံးနှုန်းနေတဲ့ ဘာသာစကားများဟာ လူတွေရဲ့ခံစားချက်များ၊ သဘောထား အယူအဆများနှင့် အတွေ့အကြုံများကို ဖေါ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒီလို ဖေါ်ဆောင်ထားတဲ့ စကားများဟာ အနက်ကွဲဝါကျများဖြစ်သလို အမှား အမှန်ကို စစ်ဆေးရာမှာလည်း အတွေ့အကြုံနဲ့သာ စစ်ဆေးလို့ရနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ *ခွဲခြမ်းစိတ်ဖြာ ဒဿနပညာရှင်များအတွက် အတွေ့အကြုံသည်သာ ပဓာန မှတ်ကျောက် ဖြစ်နေပါတယ်။* အတွေ့အကြုံနှင့် ကိုက်ညီရင် ထိုအယူအဆဟာ မှန်ကန်ပြီး မကိုက်ညီပါက မှားယွင်းတယ်လို့ ခံယူကြပါတယ်။

ဘဝနှင့် ပတ်သက်သော အတွေးအခေါ်များဟာ သူတို့အတွက် အဓိပ္ပါယ်ရှိသော အယူအဆများ မဟုတ်တာကို တွေ့ရပါတယ်။ ပမာဆိုရရင် 'စကြာဝဠာကြီးနဲ့ လူသားတွေကို ထာဝရ

ဘုရားသခင်က ဖန်ဆင်းခဲ့တယ်' 'အတိတ်ဘဝနဲ့ တမလွန်ဘဝ ရှိတယ်' 'နတ်ပြည်နဲ့ ငရဲပြည် ရှိတယ်' 'ဘဝရဲ့ အဆုံးစွန် ရည်မှန်းချက် ပန်းတိုင် ရှိတယ်' ဆိုတဲ့ ယူဆချက် တွေဟာ အတွေ့အကြုံအားဖြင့် ဘယ်လိုမှ တိုက်ကြည့်၍ မရသော အဓိပ္ပါယ် မရှိသော် ဝါကျများ ဖြစ်နေပါတယ်။

အရာရာကို ခွဲခြမ်းစိတ်ဖြာ ကြည့်တတ်တဲ့ အတွေးအခေါ် ပညာရှင်များရဲ့ အယူအဆများကြောင့် ၁၉ ရာစု ကာလကို *ခွဲခြမ်းစိတ်ဖြာမှု ကြီးစိုးသောခေတ် 'Age of analysis'* လို့ သတ်မှတ်ကြပါတယ်။

သို့သော် ဘဝရဲ့ ပြဿနာများကို ဝါကျများ တည်ဆောက်၍ ခွဲခြမ်းစိတ်ဖြာ ကြည့်သောအခါ တဖြည်းဖြည်းနှင့် လောကမှာ တိကျသေချာ ရှင်းလင်းသောအဖြေကို ရှာမတွေ့နိုင်ဘဲဖြစ်နေပါတယ်။ ဒါ့ကြောင့်မို့ သူတို့ရဲ့ဒဿန ပညာနယ်မှာ မသေချာမှုများနှင့်သာ ပြည့်နှက်လာပြီး ၂၀ ရာစု နောင်းကာလကို *ရှုပ်ထွေးမှုများ လွှမ်းခြုံနေသောခေတ် 'The age of complexity'* လို့ ခေါ်ဆို လာကြပါတယ်။

ကျွန်တော့် အနေနဲ့လည်း လောကရဲ့ သစ္စာကို အာရုံငါးပါး ထိတွေ့မှုနှင့်ဖြစ်စေ၊ ခွဲခြမ်းစိတ်ဖြာ စမ်းသပ်ခြင်းဖြင့် ဖြစ်စေ၊ သိပ္ပံကိရိယာများ အသုံးပြု ရှာဖွေခြင်းဖြင့်ဖြစ်စေ၊ ဆင်ခြင်ခြင်းဖြင့်ဖြစ်စေ မသိနိုင်သော အမှန်တရားများ၊ အယူအဆများ

ရှိနိုင်တယ် ဆိုတာကိုလည်း တဖြည်းဖြည်း စဉ်းစားမိပါတယ်။

ဆက်လက်လို့ ၂၀ ရာစု ဒဿန ပညာရှင်များ ဖြစ်သော ယန်း ပေါဆတ်၊ ကဲကီးဂတ်နှင့် အဲဘတ်ကမြူးတို့ရဲ့ *ဖြစ်တည်မှု ပစ္စုပ္ပန် ဝါဒ 'Existentialism'* ကို လေ့လာဖတ်ရှု ဖြစ်ပါတယ်။ ဒါပေမဲ့ လေ့လာပြီးသမျှ အတွေးအခေါ် အယူအဆတွေကို ပြန်လည် သုံးသပ်ဖို့ ခဏနားဖို့ လိုမယ်လို့ ထင်မြင်မိပါတယ်။

ကျွန်တော်လည်း စိတ်နဲ့ ခန္ဓာကိုယ်ကို ဖြေလျော့ပြီး ဆေးရုံ အပြင်ဘက်က အုတ်ခုံလေးမှာ ခဏထိုင်ဖြစ်ပါတယ်။ ညက တိတ်ဆိတ် ငြိမ်သက်နေသလို ကျွန်တော့်စိတ်ဟာလည်း နက်မှောင်တဲ့ မဟူရာ ကောင်းကင်ကြီးကို ကြည့်ပြီး အေးချမ်း သွားပါတယ်။ ကျွန်ုတော့် အနေနဲ့ အစအဆုံး မထင်တဲ့ သံသရာ နယ်ထဲက ဘဝတိုတိုမှာ အားကိုး ယုံကြည်စိတ်ချရာ သစ္စာကို ရအောင်ရှာဖွေမယ်လို့ ဆုံးဖြတ် လိုက်ပါတယ်။

(၁၁)

သင်ဝေတဲ့ဆောင်း

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် သောကြာနေ့။

နံနက်စောစော မြတ်စွာဘုရားရှင်ကို စမ္မစကြာ၊ ပဋ္ဌာန်း ရွက်ဖတ် ပူဇော်ပြီး နှင်းဆီပန်းများ ကပ်လှူ လိုက်တဲ့အခါမှာ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးနေ့ပါလားလို့ သတိ ရမိပါတယ်။ မကြာမီ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ရောက်လာတော့မှာပါ။

အဟောင်းအဟောင်းတွေ တစ်ခဏတွင်း ချုပ်ငြိမ်း သွားသလို အသစ်အသစ်တွေလည်း ဖျတ်ကနဲ ဖျတ်ကနဲ ရောက်လာတာ လောကရဲ့ သဘာဝတရား တစ်ခု ဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်နေ့ည ၁၂ နာရီကနေ *'Second'* ပိုင်းလေး လွန်သွားတာနဲ့ နှစ်သစ်သို့ ရောက်ရှိ သွားမှာဖြစ်ပါတယ်။ ကြားထဲမှာ *'One moment difference'* ဆိုတဲ့ မျက်တောင် တစ်ခတ် အချိန်လေးပဲ ကွာခြားပါတယ်။

အကြောင်းတိုက်ဆိုင်လို့ လူ့ဘဝကကွယ်လွန်လို့ ဘဝသစ် တစ်ခုကို ရောက်သွားတာဟာ ပဋ္ဌာန်း အနုဇ္ဇာရုပစ္စည်း၊ သဟဇာတ အနုဇ္ဇာရ ပစ္စည်းအရ အကြားမဲ့ ကျေးဇူးပြုတယ် ဆိုတဲ့အတိုင်း စုတိ-ပဋိသန္ဓေဆိုပြီး တစ်ဆက်တည်း ကျေးဇူးပြု ရောက်ရှိသွားတာပါ။ ဘုရား၊ ရဟန္တာအဖြစ် နိဗ္ဗာန်သို့ မရောက်မချင်း မိမိပြုခဲ့တဲ့ ကံတွေအလျှောက် လူ့ဘဝ၊ နတ်ဗြဟ္မာဘဝနဲ့ အပါယ်လေးဘုံမှာ စုန်ချီဆန်ချီ ကျင်လည် နေရအုံးမှာပါ။

မိဘနှစ်ပါး အမြဲဆုံးမလေ့ရှိတဲ့ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ ဩဝါဒ 'စိတ်ကောင်းရှိဖို့က ပထမ' ကိုကျွန်တော် အမြဲလိုက်နာခဲ့လို့ မိမိနဲ့ ဆက်ဆံနေရသူ အားလုံးအပေါ် စိတ်ကောင်း နှလုံးကောင်းနဲ့ အကူအညီပေးသလို သတိနဲ့ယှဉ်ပြီး ဆက်ဆံပြောဆိုတဲ့ အလေ့အကျင့်လေးလည်း ရလာပါတယ်။

ကျွန်တော် ကော်ဖီသောက်ရင်း တွေးနေတုန်းမှာ တပည့်

မောင်အေးမြင့် ပျာယီးပျာယာနဲ့ ပြေးလာပြီး 'ဆရာ ... အရေးပေါ် လူနာတစ်ယောက်လာလို့ ခွဲစိတ်ဆောင်မှာ တင်ထားတယ်။ မသင်းက ဆရာ့ကို လာကြည့်ပေးပါဦး ဆိုလို့ ...'

'အေး ... အခုပဲ လာခဲ့မယ် ပြောလိုက်ပါ'

ကျွန်တော်လည်း ခွဲစိတ်ဆောင်ဖက်သို့ ထွက်လာတော့ အထူးကြပ်မတ်ကုသခန်းရှေ့မှာ မသင်းကို တွေ့ရပါတယ်။ မသင်းက

'အစ်ကိုရေ... လူနာက အသက် ၅၀ ကျော်ရှိပြီ၊ ကျောက်တော် ဘက်ကလာတာ၊ သူရဲ့ ညာဖက်ပေါင်ခြံက အုကျနေတာ ၁၅ နှစ်ကျော် ရှိနေပြီ၊ အရင်ကတော့ ထွက်လိုက်ဝင်လိုက်ပဲ။ မနေ့ည ၈ နာရီကမှ ဆန်အိတ်မရာကနေ ကျနေတဲ့ အုတွေက အပေါ်ကို ပြန်မတက်တော့ဘဲ မခံမရအောင် နာနေလို့ ရောက်လာတာ၊ ညီမတော့ *Obstructed Inguinal Hernia* လို့ ထင်တယ်'

ကျွန်တော်စမ်းသပ်ကြည့်တော့ သွေးခုန်နှုန်းက ၁၀၀၊ **သွေးပေါင်ချိန်က အပေါ်သွေး** ၁၃၀၊ အောက်သွေး ၉၀ နဲ့ ကိုယ်အပူချိန်ကလည်း ၁၀၀ ဒီဂရီဖာရင်ဟိုက်နီးပါး ရှိနေပါတယ်။ ကပ္ပါယ်အိတ် တစ်ခုလုံး အပေါ်ကကျလာတဲ့ အုနဲ့ အမြွေးပါးတွေကြောင့် ပြည့်တင်းနေပြီး ဗိုက်တပြင်လုံးလည်း တောင့်တင်းနေပါတယ်။

'ညီမ ပြောတာမှန်တယ်။ အခု အုပိတ်တဲ့ *Obstruction*

ကနေ *Blood supply cut-off* ဖြစ်သွားတဲ့ *Strangulation* အဆင့် ရောက်နေပြီ'

'တစ်ခုရှိတာက ဆေးမှတ်တမ်းမှာ လွန်ခဲ့တဲ့ တစ်လက ရုတ်တရက် နှလုံးကြွက်သားပုတ်တာ *Acute Myocardial Infarction* ဖြစ်လို့ ဆေးရုံတက်ဖူးတယ်၊ အခု *ECG* မှာလည်း နှလုံး သွေးကြောကျဉ်းတဲ့ *Ischaemic changes* လေးတွေ ရှိနေတုန်းဆိုတော့ ခွဲမယ်ဆိုရင် *Risk* တော့ရှိတယ်'

ဒါကြောင့်မို့ ကျွန်တော်နဲ့ မသင်းလည်း နာကျင်မှု အသက်သာဆုံးဖြစ်အောင်၊ စိတ်လှုပ်ရှားမှု အနည်းဆုံးဖြစ်အောင်နဲ့ နောက်တစ်ကြိမ် *Heart attack* ပြန်မဖြစ်အောင် အသုံးပြုမယ့် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ နှလုံးဆေးများကို အသေးစိတ် တိုင်ပင်ရပါတယ်။ လူနာကိုလည်း မခွဲစိတ်မီ စိတ်အေးအေး ထားဖို့ အားပေး နှစ်သိမ့်ရပါတယ်။

အခြေအနေအရ နှလုံး သွေးကြောကျဉ်းတဲ့ ရောဂါ ရှိပေမယ့် အရေးပေါ်ခွဲမှဖြစ်မှာမို့ ကျွန်တော်တို့ ခွဲစိတ်ခန်းမကြီးက တာဝန်ခံဆရာမ မစန္ဒာကို အကြောင်းကြား လိုက်ပါတယ်။

ကျွန်တော်တို့လည်း မခွဲစိတ်မီ သွေးကြောမှ ဓါတ်ဆားရည် သွင်းခြင်း၊ သင့်တော်တဲ့ ပဋိဇီဝဆေးများတို့ကို အကြောမှထည့်ပြီး လိုအပ်တဲ့ သွေးစစ်ဆေးမှုကိုပါ တစ်ခါတည်း ဆောင်ရွက်ဖို့ စီစဉ်ရပါတယ်။

မသင်းက ... 'အစ်ကို သတိထားမိလား၊ ဒီနေ့ နှစ်ကူးမှာ အရေးပေါ် လူနာခွဲရတော့ နောက်နှစ်လည်း ညီမတို့ အလုပ်များမယ့် သဘောရှိတယ်'

'ညီမ ပြောသလို အလုပ်များမှာ သေချာပါတယ်။ ဆေးရုံဖွင့်တာလည်း ခြောက်လလောက်ရှိပြီ၊ နောက်တော်တော်များများ ရောဂါ တွေကိုလည်း ကုသံပေးနိုင်တော့ အားကိုးပြီး ရောက်လာတဲ့ လူနာတွေ များလာတာကို တွေ့ရတယ်'

'လူနာကြည့်ရင်း၊ ဆေးကုသရင်းနဲ့ အချိန်တွေကုန်တာ အရမ်းမြန်တာပဲ၊ ညီမတောင် ဘာလိုလိုနဲ့ စစ်တွေရောက်တာ နှစ်နှစ်ကျော် သွားပြီ...'

'ဒီလိုနဲ့ ဘဝတစ်ခုဟာ ဖျတ်ကနဲ ပြီးသွားတာပဲ ညီမရယ်၊ ဒါပေမဲ့ အသက်ရှင်နေတုန်း အများအတွက်၊ ဝေဒနာရှင်တွေ အတွက် အချိန်ကုန် သွားတာတော့ ကုန်ရကျိုး နပ်ပါတယ် '

ကျွန်တော်တို့ စကားကောင်းနေတုန်း ဆရာကြီး ဖေသိန်း ရောက်လာပြီး '*OT* အဆင်သင့်ဖြစ်ပါပြီ ...'လို့ သတင်းပို့လို့ ခွဲစိတ်ခန်းမကြီးဘက်ကို ထွက်ခဲ့ပါတယ်။

ညာဘက် *Inguinal Area* မှာ *Incision* ပေးပြီး ခွဲစိတ်ကုသမှုကို ကျွန်တော် စတင်လိုက်ပါတယ်။ တစ်လွှာပြီး တစ်လွှာ တဖြည်းဖြည်းချင်း ခွဲစိတ်သွားတဲ့အခါ ကပွါယ်အိတ်ထဲ ကျွံကျနေတဲ့ အူတွေကို ဖုံးအုပ်ထားတဲ့ အမြှေးပါး အိတ်ကလေး

'Hernia Sac' ကို တွေ့လိုက်ရပါတယ်။ အမြှေးပါးကို အသာအယာ ဖွင့်ကြည့်လိုက်တော့ ကျဲကျနေတဲ့ အူတွေဟာ ညှိုမဲနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ အောက်စီဂျင်ပေးပြီး အူတွေအပေါ်မှာလည်း ရေနွေးစိမ်ထားတဲ့ *Towel* လေးနဲ့ အသာလေး အုပ်ထားလိုက်ပါတယ်။

မသင်းက 'အခြေအနေကြည့်ရတာ ကျဲနေတဲ့အူတွေဟာ ပြန်ကောင်းမယ့်ပုံတော့မပေါ်ဘူး။ ခွဲပြီးရင်လည်း ညီမတို့ သွေးဆိပ် မပြန့်အောင် *Antibiotic* ကို သေသေချာချာ ပေးရမယ့် သဘောရှိတယ် ...'

နှစ်မိနှစ်လောက် စောင့်ကြည့်တော့လည်း မသင်း ယူဆသလို ညှိုမဲနေတဲ့ အရောင် ဆက်ရှိပြီး အူတွေ အလုပ် မလုပ်တော့တာနဲ့ အဲဒီ အပိုင်းကို ဖြတ်ထုတ်ပြီး ကောင်းမွန်တဲ့ အူသိမ်နှစ်ခုကို ပြန်ဆက် ပေးရတဲ့ *'Resection and Anastomoses'* ကို လုပ်ပေး လိုက်ပါတယ်။ မသင်းလည်း *assist* လုပ်နေကြမို့ အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ဆက်လက်လို့ ကျဲကျနေတဲ့ အိတ်ကလေးကို ဖြတ်ထုတ်ပြီး နောက်ထပ် ပြန်မဖြစ်အောင် *'Inguinal Herniotomy and Herniorrhapy'* ခွဲစိတ်ကုသမှုနဲ့ အဆုံးသတ် ပေးလိုက်ပါတယ်။

ကျွန်တော်တို့ ခွဲစိတ် ကုသမှုပြီးတော့ နံနက် ၁၁ နာရီရှိနေပါပြီ။ ပြင်ပလူနာ တော်တော်များများလည်း ရောက်နေတာမို့

ဆက်ပြီးတော့ ကြည့်ရှုပေးလိုက်ပါတယ်။ နေ့လည် ၂ နာရီ လောက်မှာ လူနာကြည့်လို့ ပြီးသွားပါတယ်။

နေ့လည်စာကိုတော့ ကျွန်တော်ရုံးခန်းမှာ ပဲဟင်း၊ ကန်စွန်း ရွက်ကြော်၊ လဖက်သုတ်နဲ့ စားလိုက်ပါတယ်။

ညနေပိုင်းမှာ ပြင်ပလူနာတွေလည်း စဲသွားတာမို့ လမ်းလျှောက် ထွက်ဖို့ ပြင်လိုက်ပါတယ်။ ကျွန်တော် ဆေးရုံအဝ ရောက်တော့ ပန်းခြံထဲမှာ မသင်းကို တွေ့လိုက်ပါတယ်။ မသင်းက ပြုံးရွှင်စွာနဲ့ နှုတ်ဆက်ပြီး 'အစ်ကို ဘယ်ဘက်ကို လမ်းလျှောက်မှာလဲ...'

'ဒီနေ့ ရေချမ်းပြင်ဘက်ကို လျှောက်မလို့၊ ညီမ လိုက်ခဲ့ဦးမလား'

မသင်းက ခေါင်းညိမ့်ပြီး ကျွန်တော်တို့နှစ်ယောက် ဆေးရုံအဝင် လမ်းအတိုင်း လမ်းလျှောက်ထွက် ဖြစ်ပါတယ်။ ရေချမ်းပြင်-စစ်တွေကားလမ်းရောက်အောင် ၁၅ မိနစ်ခန့် လျှောက်ရပါတယ်။ လမ်းဘေး တစ်ဖက်တစ်ချက်မှာတော့ စပါးပင်များ ရိတ်သိမ်းပြီးခါစဖြစ်လို့ ခုပုံထားတဲ့ ကောက်လှိုင်း များနဲ့ စိမ်းစိုနေသော ပျိုးခင်း၊ စိုက်ခင်းများကိုသာ တွေ့ရပါတယ်။ ဟိုး အဝေးဆီမှာတော့ တိမ်ဆိုင်၊ တိမ်တိုက်တွေ ကျော်တက်နေတဲ့ တောင်တန်း စိမ်းမှောင်မှောင်ကို တွေ့ရပါတယ်။

မကြာမီမှာပဲ ကားလမ်းမကြီးကိုရောက်တော့ ဘယ်ဘက် ချိုးပြီး ရေချမ်းပြင်ဘက်ကို ဆက်လျှောက် ဖြစ်ပါတယ်။

မသင်းက 'ဒီလို သဘာဝရှုခင်းမျိုးကို ရန်ကုန်မှာ တွေ့ရဖို့က ခဲယဉ်းတယ်။ စိမ်းမြနေတဲ့ သစ်ပင်တွေ၊ စိုက်ခင်းတွေတွေ့ရ တော့လည်း စိတ်က အလိုလို လန်းဆန်းသွားတယ်'

'အစ်ကိုတို့ ဝန်းကျင်ဌာနေမှာ တကယ့် သဘာဝအလှတွေ ရှိပါတယ်။ စိတ်ပင်ပန်းတဲ့ အခါမျိုးမှာ သဘာဝရဲ့အလှတွေကို ခံစားလိုက်ရင် ဘယ်သူမဆို အေးချမ်းမှုကို ရသွားမှာပါ'

'အစ်ကိုလည်း ညဉ့်နက်သည်အထိ စာတွေ ရေးနေတယ်ဆို၊ တော်တော် ခရီးရောက်နေပြီလား'

'ရေးနေ မှတ်နေဆဲပါ ညီမရယ်၊ ဖတ်ထားသမျှ အပေါ် အတွေးရှင်းသွားမှ ကိုယ့်စိတ်ကူးနဲ့ ပြန်ရေးဖြစ်လို့ တစ်နေ့မှ စာ တစ်မျက်နှာ နှစ်မျက်နှာလောက်ပဲ ပြီးပါတယ်'

'စာရေးတာကလည်း ဝါသနာပါတာရော၊ ဇွဲလည်းရှိမှ ဖြစ်မှာ၊ ညီမလည်း ကိုယ်ကြုံခဲ့ရတဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ ထူးဆန်းတဲ့ ရောဂါမျိုးတွေကို ရေးချင်တယ်'

'ညီမကို စာရေးစေချင်ပါတယ်၊ ညီမမှာ ဆေးကုသမှုနဲ့ ပတ်သက်လို့ အတွေ့အကြုံတွေ အများကြီးရှိပါတယ်၊ ဘယ်လို အစား အသောက်မျိုးတွေ စားသင့်တယ်၊ ဘယ်လို နေထိုင်သင့်တယ်၊ နောက် အဖြစ်များတဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ဝေငှပေးရင် စာဖတ်ပရိသတ် အတွက် အများကြီး အကျိုးရှိမှာ'

'ကြိုးစားပါ့မယ် အစ်ကိုရယ်၊ ညီမ ဖတ်ဖူးတာလေးတစ်ခုကို ပြောပြချင်တယ်၊ ဘဝဟာ အလွန်တိုတောင်းတယ် ဆိုပေမယ့် အမြဲ ရုန်းကန် လှုပ်ရှားနေရတော့ ရှည်ကြာတယ်လို့ လူတိုင်းက ထင်မှတ်နေကြတယ်၊ ရှေ့ဆက်ရမည့် ဘဝလမ်းကို မျှော်ကြည့်တော့ အနာဂတ်က မှုန်ဝါးနေသလို အတိတ်က ဖြစ်ရပ်တွေကလည်း အိပ်မက်သဖွယ် ကျန်ခဲ့တယ်၊ ဒါကြောင့်မို့ လက်ရှိရောက်နေတဲ့ အချိန်လေးမှာ အကောင်းဆုံး အသုံးချနိုင်ဖို့ လိုတယ်လို့ ဆိုတယ်'

'ပစ္စုပ္ပန် တည့်တည့်ကို ကြည့်ရမှာပေါ့ ညီမရယ်၊ ဒီနေရာမှာ ပြင်သစ် စာရေးဆရာ ယန်း ပေါဆတ် ပြောခဲ့တာကို သတိရတယ်၊ သူက ဘဝမှာ *စစ်မှန်တဲ့ ဖြစ်တည်မှု Authentic existence* ရှိမှ လူဖြစ်ရကျိုး နပ်တယ်လို့ ဆိုတယ်'

'စစ်မှန်တဲ့ ဖြစ်တည်မှုဆိုတာ ဘာကိုဆိုလိုတာလဲ အစ်ကို'

'ဘဝမှာ မိမိဖြစ်ချင်တာကို မိမိယုံကြည်တဲ့အတိုင်း ရဲဝံ့စွာ ရွေးချယ် ဆောင်ရွက်နိုင်တာကို ဆိုလိုတာ၊ ခံယူချက် ယုံကြည်ချက် မျှော်လင့်ချက်မရှိဘဲ သူများနာခေါင်းပေါက်နဲ့ အသက်ရှူနေရတဲ့ ဘဝမျိုး၊ မရေရာတဲ့ အနာဂတ်နဲ့ အဓိပ္ပါယ်မဲ့ အသက်ရှင်နေတဲ့ ဘဝတွေဟာ စစ်မှန်တဲ့ ဖြစ်တည်မှုမျိုး မဟုတ်ဘူး'

'ဒီ စကားလေးကိုတော့ နှစ်သက်ပါတယ်၊ ညီမက တော့ ဘဝမှာ ထူးချွန်တဲ့ သမားတော်ကောင်း တစ်ဦး ဖြစ်ဖို့

အသက်အရွယ်ရလာရင် စာပေပို့ချပေးတဲ့ ပါမောက္ခတစ်ဦး ဖြစ်ဖို့နဲ့ ရောဂါခံစားနေရတဲ့ သူတွေကို အတတ်နိုင်ဆုံး ကုသပေးဖို့ ရည်မှန်းထားတယ်'

'ဆန္ဒ ပြင်းပြဖို့က အဓိကပါ၊ မလျှော့တဲ့ ဇွဲ ပြင်းပြတဲ့ ဆန္ဒနဲ့ဆိုရင် ညီမ ရည်မှန်းထားတဲ့ အရာအားလုံး ဖြစ်လာမှာပါ'

ကျွန်တော်တို့ စကားတပြောပြောနဲ့ လျှောက်လာတော့ ရေချမ်းပြင်ဖက်က ပြာရီမှိုင်းနေတဲ့ တောင်တန်းတွေ နောက်ခံထားပြီး အပြောကျယ်တဲ့ ပင်လယ်ပြင်ကြီးကို လှမ်းတွေ့နေရပါတယ်။ ဆောင်းတွင်းမှာ နေ့တာတိုတာမို့ မကြာခင်မှာ ဆည်းဆာအချိန် ကွယ်ပျောက်တော့မှာဖြစ်ပါတယ်။ အချိန်လည်းနည်းနေတာနဲ့ ရေချမ်းပြင်ရောက်အောင် မလျှောက်တော့ဘဲ ဆေးရုံဘက်ကို လှည့်ပြန်ခဲ့ပါတယ်။ မသင်းက

'ရှေ့အပတ် သောကြာနေ့မှာ ညီမ ရန်ကုန် ခဏပြန်ဦးမယ်၊ အမေ့ကိုလည်း မကန်တော့ရတာ ကြာပြီ၊ နောက် ညီမ ဖတ်ချင်တဲ့ စာအုပ်လေးတွေလည်း ရန်ကုန်မှာ ရှာချင်လို့ ၊အစ်ကို မှာချင်တာရှိလည်း မှာပါ၊ ညီမ ယူခဲ့ပေးပါမယ်'

'အစ်ကို မှာချင်တာက စာအုပ် နှစ်အုပ် လောက်ပါပဲ။ ညီမ ဝမ်းသွားတိုင်း သွေးနဲ့ အခွဲပါနေတော့ ရန်ကုန်ရောက်ရင် သေသေချာချာ စစ်စေချင်တယ်၊ *Colonoscope* နဲ့ *CT Scan* ပါ ရိုက်စေချင်တယ်'

'အခုတော့ အစ်ကိုပေးထားတဲ့ ဆေးနဲ့ သက်သာနေပါတယ်၊ သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ရန်ကုန်သွားဖြစ်ရင် ညီမရဲ့ အရေးကြီးတဲ့ ပစ္စည်းတွေကို အစ်ကိုအခန်းမှာ ထားခဲ့လိုက်မယ်'

'ရပါတယ် ညီမရယ်'

ကျွန်တော်တို့ ဆေးရုံအဝ ရောက်တော့ တပည့်လေး မောင်အေးမြင့်က 'ဆေးရုံအုပ်ကြီးက ဒီည ဆရာတို့ကို အိမ်မှာ ညစာဖိတ်ထားတယ်၊ ပြင်ပလူနာတော့ ထပ်မရောက်ပါဘူး'

ည ၈ နာရီလောက်မှာ ကျွန်တော်တို့ ဆေးရုံအုပ်ကြီး အိမ်ကို စုပြီး သွားကြပါတယ်။ ညစာကို ငါးသလောက်ပေါင်း၊ ကြက်သား ကာလသားချက်နဲ့ ရခိုင်ရိုးရာ အစားအသောက်များနဲ့ ကျွေးမွေးပါတယ်။

စားသောက်နေစဉ်မှာ ဘူးသီးတောင်ဖက်မှ အရာရှိကြီး တစ်ဦးရဲ့ ဇနီး အူအတက် ရောင်ပြီး ရောက်ရှိ လာတယ်လို့ တပည့်လေးမှ လာရောက် သတင်းပို့ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်နဲ့ မသင်းလည်း ဆေးရုံအုပ်ကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်။ ကျန်တဲ့ အဖွဲတွေကတော့ ကာရာအိုကေ ဆက်ဆိုဖို့ နေခဲ့ ကြပါတယ်။

ကျွန်တော်တို့ ခွဲစိတ်တဲ့အခါမှာ အူအတက်ရောင်နေတာ သုံးရက်ရှိပြီမို့ ဘေးပတ်ဝန်းကျင်က အမြွေးပါးတွေ လာရောက် ကပ်ငြိနေတာကို တွေ့ရပါတယ်။ အူအတက်ကလည်း အူမကြီးရဲ့

နောက်မှာရှိတဲ့ အမျိုးအစားဖြစ်နေပြီး ဘေးပတ်ပတ်လည်မှာ ပြည်တည်နေတဲ့ အခြေအနေရှိလို့ သတိထားပြီး တဖြည်းဖြည်း ခြင်း ခွဲစိတ် ပေးလိုက်ရပါတယ်။

ဆေးကုသရင်း ခွဲစိတ်ရင်း စာရေးသားရင်းနဲ့ ရက်သတ္တ တစ်ပတ်ဆိုတဲ့ အချိန်လေးဟာ ခဏလေး ကုန်ဆုံးသွား ပါတော့ တယ်။ သောကြာနေ့ နံနက်မှာ မသင်း ရန်ကုန်ပြန်မှာမို့ စစ်တွေ လေဆိပ် အထိ လိုက်ပို့ ပေးလိုက်ပါတယ်။

စစ်တွေလေဆိပ်မှာ သန့်ရှင်းသပ်ယပ်ပြီး လောကနန္ဒာ ဘုရားနားမှာ ရှိပါတယ်။ လေယာဉ်ထွက်ဖို့ အချိန် အနည်းငယ် လိုနေတာမို့ လဖက်ရည်ဆိုင်မှာ ခဏထိုင်ဖြစ်ပါတယ်။ မသင်းက

'အမေနဲ့ တွေ့ရမှာကို တွေးပြီးပျော်ပါတယ်၊ ဒါပေမဲ့ ညီမ ခရီးသွားနေတုန်း အစ်ကိုက ဆေးကုသဆောင် တစ်ခုလုံး တာဝန်ယူရမှာ၊ ဒါ့ကြောင့်မို့ ရန်ကုန်မှာ လုပ်စရာတွေ ပြီးသွား တာနဲ့ ပြန်လာခဲ့ပါ့မယ်'

'တစ်ခေါက် တစ်ခေါက် ရန်ကုန်ပြန်ရတာ မလွယ်ဘူး၊ အစ်ကို့ကို အားမနာပါနဲ့၊ မောင်နှမတွေလို သဘောထားပါ၊ အေးအေးဆေးဆေး ခွင့်စေ့မှ ပြန်ခဲ့ပါ'

'အစ်ကိုလည်း ရန်ကုန်မပြန်တာ ကြာပြီနော်၊ ညီမ ပြန်ရောက်မှ တစ်ခေါက် သွားလိုက်ပေါ့'

မကြာမီ လေယာဉ် ထွက်တော့မှာမို့ မသင်းလည်း

ကျွန်တော်နဲ့ လိုက်ပို့တဲ့သူတွေကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်။

(၁၂)

မေယုကိုတဲ့ စုတ်တံချီ

ဟောဂယ်ရဲ့ ဆင်ခြင်ခြင်း အယူအဆကို ဆန့်ကျင်ပြီး စိတ်ခံစားချက်များ၊ စိတ်လှုပ်ရှားမှုများနှင့် လူတစ်ဦးချင်းရဲ့ ဆန္ဒသဘောထားများကို ဦးစားပေးလာသော အယူအဆမှာ *'ဖြစ်ရာဘဝ ပဓာန ဝါဒ'* ဖြစ်ပါတယ်။

၁၉၂၉ ခုနှစ်မှာ ဟိုင်နာမာန် *Heineman* ကစတင်ပြီး *'Existentialism'* ဆိုတဲ့ ဝေါဟာရကို သုံးစွဲခဲ့ပါတယ်။ သူက *ဘဝမှာ ဖြစ်တည်ခြင်းက ပထမ၊ ဘဝအနှစ်သာရဆိုတာ နောက်မှ Existence is Prior to Essence* ဆိုတဲ့ အယူအဆပေါ်မှာ အခြေခံထားပါတယ်။

သူတို့က ဘဝမှာ အသက်ရှင်သန် ဖြစ်တည်မှုကသာ ပိုပြီး ပဓာနကျပါတယ်။ ပမာဆိုရရင် ဆရာဝန်တစ်ဦး အဖြစ် ဖြစ်တည်မှုက ပဓာနကျပြီး သမားဂုဏ်ရည် ပြည့်ဝတာ၊ ကိုယ်ကျင့်တရား ကောင်းမွန်တာ၊ စိတ်စေတနာကောင်း ရှိတယ်ဆိုတဲ့ ဂုဏ်ပုဒ်နှင့် အနှစ်သာရတွေဟာ နောက်မှ ဖြစ်ပေါ်လာတာလို့ ဆိုပါတယ်။ အလားတူ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ ကုန်သည်ပွဲစား၊ မြို့တော်ဝန်ဆိုတဲ့ ဖြစ်တည်မှု ရှိပြီးမှ သူတို့နှင့်ယှဉ်သော အနှစ်သာရသဘောများ လိုက်ပါတာ ဖြစ်ပါတယ်။

၂၀ ရာစု ဘဝဖြစ်တည်မှု ပဓာန ဝါဒကို စတင်ဖေါ်ထုတ်သူမှာ *Denmark* နိုင်ငံသား ဒဿနပညာရှင် *ဆိုရင်း ကဲကီးဂတ်* *'Soren Kierkegaard'* ဖြစ်ပါတယ်။ သူဟာ ၁၈၄၁ ခုနှစ်မှာ ကိုပင်ဟေဂင် တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိပြီး အတွေးအခေါ်နဲ့ ဘာသာရေးစာပေများ ရေးသားပြုစု ခဲ့ပါတယ်။ စာရေးသားလို့ကောင်းနေဆဲ အသက် ၄၁ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအချိန်က သူ့ရဲ့ စာပေ အရှိန်အဝါဟာ အနည်းအကျဉ်းမျှသာ ရှိပါတယ်။ ဒါပေမဲ့ သူကွယ်လွန်ပြီး အနှစ် ၅၀ ကြာသောအခါ သူ့ရဲ့ စာပေများဟာ ဥရောပတစ်ခွင်ရှိ ဖြစ်တည်ခြင်း ပဓာန ဝါဒီတို့ရဲ့ ရေသောက်မြစ် ဖြစ်လာခဲ့ပါတယ်။

သူ့ရဲ့ အယူအဆ များထဲက အရေးပါသောအချက်များကို မတင်ပြမီ အနောက်တိုင်း အတွေးအခေါ်မှာ ဦးဆောင်သူများ ဖြစ်သော ဆိုကရေးတီး နှင့် ပလေးတိုးရဲ့ အစဉ်အလာ အယူအဆများကို ကျွန်တော်တင်ပြ လိုပါတယ်။

ဆိုကရေးတီးက လူ့ဘဝရဲ့ ပြဿနာများ၊ လူမှုကိစ္စများနှင့် ကိုယ်ကျင့်တရား ကိုသာ အဓိက စဉ်းစားသူဖြစ်ပြီး *သူက အတွေး အမြင်ဆိုတာ ဘဝရဲ့လမ်းညွှန်ဖြစ်ရမယ်* လို့ ခံယူထားပါတယ်။

ပလေးတိုး အပါအဝင် ကျန်သော ဒဿနပညာရှင်များက လူ့ဘဝ ကိစ္စများကို ချန်လှပ်ပြီး တခြားကိစ္စများကိုသာ စဉ်းစားကြပါတယ်။ ဒါ့ကြောင့်မို့ သိပ္ပံပညာ မထွန်းကားမီက သူတို့ဟာ

ထာဝရ ဘုရားသခင်ကို လိုက်ရှာရင်းနဲ့ အချိန်ကုန်ကြပါတယ်။ သိပ်ပံပညာ ထွန်းကားတဲ့ ခေတ်မှာတော့ စကြဝဠာရဲ့ လှုပ်ရှားချက်များနှင့် နိယာမများ၊ လောကရဲ့စစ်မှန်သော သဘောသဘာဝများ၊ နည်းပညာ တိုးတက်မှုများ၊ ရုပ်နဲ့နာမ်တို့ရဲ့ သဘာဝများကို ဦးစားပေး စဉ်းစားလာကြပါတယ်။

ကဲကီးဂတ်ကတော့ ဆော့ခရတ္တီးရဲ့ အတွေးအမြင်ဟာ ဘဝရဲ့ လမ်းညွှန်ဖြစ်တယ် ဆိုတာ လက်ခံပေမယ့် *ဘဝမှာ တစ်ကယ့် ဘဝဖြစ်ရပ်များနဲ့ လက်ငင်းဖြစ်နေတဲ့ ကိစ္စကသာ ပိုပြီး အရေးကြီးတယ်လို့ ယူဆပါတယ်။*

သူက စားသောက်ဆိုင်က *အစားအသောက်စာရင်း 'Menu'* နဲ့ *အစားအသောက် 'Food and beverage'* ဟာ မတူဘူးလို့ ဆိုပါတယ်။ *'Menu'* က လူကိုအဟာရလည်း မဖြစ်စေနိုင်သလို ဥပဒ်လည်းမပေးပါ။ တကယ်စားတဲ့ အစား အသောက်ကမှ လူကို အဟာရလည်း ဖြစ်စေသလို တခါတရံမှာ ဥပဒ်လည်း ပေးတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့်မို့ ဘဝရဲ့ လက်ငင်းကိစ္စနဲ့ မျက်မှောက် ပြဿနာကသာ ပိုပြီးအရေးပါတယ် လို့ သူက ခံယူထားပါတယ်။

သူ့ရဲ့ ဘဝအမြင်ကလည်း ဘာသာရေးနဲ့ ဆက်နွယ်နေတာကို တွေ့ရပါတယ်။ သူက လူသက်တမ်းမှာ ခံစားမှုကိုသိတဲ့ အရွယ်၊ အဆိုးအကောင်းကို သိတဲ့အရွယ်နှင့် ဘာသာရေး

လေ့လာ လိုက်စားတဲ့အရွယ် ဆိုပြီး သုံးမျိုးတင်ပြထားပါတယ်။

ခံစားမှုကိုသာသိတဲ့ ကလေးဘဝမှာ လူဟာ လက်ငင်း အတွေ့အကြုံကရတဲ့ ပျော်ရွှင်မှုနဲ့ စိတ်ထိခိုက်မှုကိုသာ အရေးထား လို့ သူက *ဘဝ မမည်သေးတဲ့အရွယ်*လို့ အမည် ပေးထားပါတယ်။ ဒုတိယအရွယ်မှာတော့ လူဟာ စဉ်းစားတွေး ခေါ်တတ်လာပြီး အကြောင်းနှင့်အကျိုး၊ အဆိုးနှင့်အကောင်း၊ အမှန်နှင့်အမှားကို ခွဲခြားလာတတ်ပါတယ်။ ဒီကာလလေးဟာ ပညာရှာဖွေပြီး အိုးအိမ် ထူထောင်ကြတဲ့ အရွယ်ဖြစ်ပါတယ်။ တတိယအရွယ်ကတော့ လောကီ လောကုတ္တရာ မျှတစွာ ရှုမြင် တတ်ပြီး ဘာသာရေး လေ့လာလိုက်စားကြတဲ့ အရွယ် ဖြစ်ပါတယ်။ သူက ဒီအရွယ်ဟာ ဘဝရဲ့ အနှစ်သာရ အရှိဆုံးနှင့် အပြည့်စုံဆုံး အချိန်လို့ ဆိုပါတယ်။

သူက ဘာသာရေးဟာ လူ့ဘဝတစ်ခုလုံးကို အကျိုးပြု နိုင်တယ်လို့ ဆိုပါတယ်။ သူ့ အယူအဆအရ ဘာသာရေးဟာ ဆင်ခြင်မှုပေါ်တွင် အခြေမခံဘဲ ယုံကြည်သက်ဝင်မှု အပေါ်တွင် သာ မူတည်ပါတယ်။

ကဲကီးဂတ်ရဲ့ အယူအဆကို ဥရောပတစ်ခွင်လုံးနဲ့ အင်္ဂလန်၊ အမေရိကန်ပြည်အထိ ပျံ့နှံ့သွားအောင် ဆောင်ရွက်ပေးသူကတော့ ပြင်သစ်လူမျိုး ဒဿနပညာရှင်နှင့် ကမ္ဘာကျော် စာရေးဆရာ ***ယန်း ပေါ်ဆတ်*** *'Jean-Paul Sarte'* ဖြစ်ပါတယ်။ ကဲကီးဂတ်

နဲ့မတူညီတာကတော့ သူဟာ ထာဝရဘုရားနဲ့ ဖန်ဆင်းခြင်း အယူဝါကို လက်မခံပါဘူး။

သူ့ရဲ့ ဖြစ်ရာဘဝ ပဓာန ပေါ်ထွန်းခဲ့တဲ့အချိန်ဟာ ဒုတိယ ကမ္ဘာစစ်ဖြစ်ပြီးစ ပြင်သစ်တို့က အုပ်ချုပ်သူ ဂျာမန်များရဲ့ စိုးမိုးမှုကို တော်လှန် ပုန်ကန်နေတဲ့ ကာလဖြစ်ပါတယ်။ ဒီအချိန်လေးမှာ ပြင်သစ်လူမျိုးတွေ လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လိုသောစိတ်နဲ့ လွတ်လပ်ရေးကို မြတ်နိုး လိုတဲ့စိတ် ဖြစ်ပေါ်လာဖို့ သူရဲ့အယူအဆတွေက လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။

သူက အလွန်ရခဲလှတဲ့ လူဘဝမှာ လူတိုင်းဟာ မိမိ အမျိုးသားအကျိုးနဲ့ နိုင်ငံကောင်းစားရေးအတွက် ဆောင်ရွက်ရမဲ့ ဘဝပေး တာဝန်ရှိတယ်လို့ ဆိုပါတယ်။ လူ့ဘဝကို တန်ဖိုးထားတတ်ဖို့လိုသလို လွတ်လပ်ခြင်း ဆိုတာ တာဝန်ယူခြင်းနဲ့ စွန့်စွန့်စားစား ဆောင်ရွက်ခြင်းဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။

သူက လူဟာ မိမိဖာသာ လွတ်လပ်စွာ ရွေးချယ်ဆောင်ရွက်ခွင့်ရှိသလို မိမိလုပ်တာအတွက် တာဝန်ယူရဲတဲ့ သတ္တိလည်း ရှိရမယ်လို့ ဆိုလိုပါတယ်။ တစ်ခါတရံ လူသားဟာ ဘဝမှာ အားပြိုင်နေသော ဖြစ်ရပ်များ ဒါမှမဟုတ် လမ်းနှစ်သွယ်မှာ ဘယ်လမ်းကို ရွေးရမလဲဆိုတဲ့ ဆုံးဖြတ်ရခက်တဲ့ အခြေအနေမျိုး *'Dilemma'* ကို တွေ့ကြုံရတတ် ပါတယ်။ ဒီအခါမျိုးမှာ

ဆင်ခြင်တုံတရားကိုပဲ အားကိုးနေမယ်ဆိုရင် ဆုံးဖြတ်ချက်ချရမှာ ခက်ခဲသလို *မိမိရဲ့ခံစားချက် 'Emotinal feeling'* ကိုပဲ ဦးစားပေးမယ်ဆိုရင်လည်း ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုံချမှုနှင့် ဥပဒေကို ချိုးဖောက်ရတာမျိုးတွေလည်း ရှိနေပါလိမ့်မယ်။

ကျွန်တော့်အမြင်အရ.လောကမှာ အပြစ်ကင်းတဲ့ စင်လုံးချော အဖြေမျိုးကို ရရှိဖို့က အလွန်ခဲယဉ်းပါလိမ့်မယ်။ တစ်ဖက်ဖက်ကို ရွေးချယ်လိုက်လျှင် အခြားတစ်ဖက်မှ အပြစ်တင်ဝေဖန်မှုကို ခံရမှာကတော့ မုချပဲဖြစ်ပါတယ်။ ဒီအခက်အခဲကို ကျော်လွန်ဖို့ နည်းလမ်းကတော့ တစ်ခုခုကို ပြတ်ပြတ်သားသားနဲ့ စွန့်စွန့်စားစား ဆုံးဖြတ်ချက်ချဖို့ပဲဖြစ်ပါတယ်။ တချို့သောသူများအတွက် မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက် ချရတာမျိုးလည်း ရှိပါလိမ့်မယ်။ ဒီသဘောကို စာရေးဆရာ ယန်းပေါဆတ်က အောက်ပါအတိုင်း ဝတ္ထုလေးတစ်ပုဒ်မှာ ဖော်ပြခဲ့ပါတယ်။

ဒီဝတ္ထုလေးဟာ ဒုတိယကမ္ဘာစစ်ကြီးကာလ ပြင်သစ်ပြည်ကို နောက်ခံထားပြီး တင်ပြထားပါတယ်။ ပြင်သစ်ပြည်က မြို့ကလေးတစ်မြို့မှာ မိသားစုတစ်စုရှိပါတယ်။ ဖခင်နှင့် မိခင်ဟာ အတူပေါင်းသင်း နေရပေမယ့် စိတ်သဘောထား တိုက်ဆိုင်ခြင်းမရှိလို့ ဖခင်ဟာ မိခင်ကိုစွန့်ပြီး ထွက်သွားပါတယ်။ သားအကြီးဖြစ်သူက ကျူးကျော်သူ ဂျာမန်များကို တိုက်ခိုက်ရင်း တိုက်ပွဲဝင်ရင်း ရှုံ့တန်းတစ်နေရာမှာ ကျဆုံးသွားပါတယ်။ ဒီအခါ

မှာ မိခင်အဖို့ သားအငယ်လေးသာ အားကိုးတွယ်တာရာ ဖြစ်နေပါတော့တယ်။

ထိုအချိန်က ပြင်သစ်လူငယ်များဟာ ဂျာမန်လက်အောက်မှ လွတ်မြောက်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ထွက်ခွာပြီး တိုက်ပွဲဝင်နေကြပါတယ်။ သားအငယ် ဖြစ်သူက တိုင်းပြည် လွတ်လပ်ရေးအတွက် မိမိမှာလည်း တာဝန်ရှိသလို အင်္ဂလန်သို့ ထွက်ခွာသွားသင့်တယ်လို့ ယူဆပါတယ်။

ဒါပေမဲ့ မိမိ အင်္ဂလန်သို့ ထွက်ခွာသွားမယ်ဆိုရင် ကျန်ရစ်သူ မိခင်ကြီးမှာ ရင်ကွဲနာကျပြီး သေဆုံးသွားနိုင်ပါတယ်။ မိခင်နှင့်အတူ ပြင်သစ်ပြည်မှာသာ နေခဲ့မယ်ဆိုရင် မိခင်လည်းစိတ်ချမ်းသာပြီး မိသားစုအတူတူ ပျော်ရွှင်စွာ နေနိုင်မှာဖြစ်တယ်။

သို့သော် မိခင်အနားမှာ နေခြင်းအားဖြင့် မိခင်တစ်ယောက်အတွက် ကောင်းပေမယ့် တခြားသော ပြင်သစ်လူငယ်များ လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား အသေခံတိုက်ပွဲဝင်နေတာကို မိမိက လက်ပိုက် ကြည့်နေသူ ဖြစ်နေပါလိမ့်မယ်။ မိမိဘဝတစ်လျှောက် လုံးမှာလည်း ပတ်ဝန်းကျင်က သူရဲကောကြောင်သူ သတ္တိမရှိသူအဖြစ် သတ်မှတ်ပြီး လိပ်ပြာမလုံတဲ့ ခံစားမှုမျိုးနဲ့ နေသွားရမှာဖြစ်ပါတယ်။

သားငယ်ရဲ့စိတ်ထဲမှာလည်း လမ်းနှစ်သွယ်ရဲ့အဝဲသို့ရောက်နေပြီး မိခင်ဖြစ်သူရဲ့ အသက်နှင့် တိုင်းပြည် လွတ်လပ်ရေး

ဘယ်လမ်းကို ရွေးချယ်ရမယ်ဆိုတာကို ဆုံးဖြတ်ရခက်နေပါတယ်။ တစ်လမ်းက ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ရမှာ ဖြစ်သလို နောက်တစ်လမ်းက မိမိရဲ့ စိတ်ခံစားမှုအတိုင်း ဆုံးဖြတ်ရမှာ ဖြစ်နေပါတယ်။

ဒီလို အကျဉ်းအကျပ်မျိုးနဲ့ ဆုံးဖြတ်ရ ခက်ခဲတဲ့ အခြေအနေမျိုးကို ကျော်လွှားနိုင်ဖို့ နည်းလမ်းတစ်ခုကတော့ တစ်ဖက်ဖက်ကို ပြတ်ပြတ်သားသားနဲ့ စွန့်စွန့်စားစား ဆုံးဖြတ်ပြီး ရွေးချယ်မှုပဲ ဖြစ်ပါတော့တယ်။

ဆတ်ရဲ့ အဆိုအရ လူဟာ မိမိဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ပိုင်ခွင့်ရှိသလို ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ ပြဿနာတွေနဲ့ အကောင်းအဆိုးအားလုံးကို မိမိကပဲ တာဝန်ယူရမှာဖြစ်ပါတယ်။ မိမိလုပ်တာအတွက် တာဝန်ယူရတဲ့သတ္တိရှိ သလို မိမိတာဝန် မိမိမယူဘဲ သူတစ်ပါးအပေါ် လွှဲချတာမျိုးကိုလည်း သူက ရှုတ်ချပါတယ်။

ဆတ်က လူတစ်ဦးတစ်ယောက်ဟာ မိမိလုပ်ကိုင်ဆောင်ရွက်ချက်များအပေါ်မှာ ယုံကြည်မှု အပေါ်အခြေခံပြီး ရဲဝံ့လွတ်လပ်စွာ ရွေးချယ် ဆောင်ရွက်နိုင်မှသာ *စစ်မှန်သော ဖြစ်တည်မှု 'Authentic Existence'* လို့ ဆိုပါတယ်။ ခံယူချက်ကင်းမဲ့ပြီး မှားယွင်းသော အယူအဆများဖြင့် ယုံကြည်မှုပျောက်ဆုံးကာ ရွေးချယ်နိုင်ခွင့် မရှိသူများရဲ့ဘဝဟာ စစ်မှန်သော

ဖြစ်တည် မှုမဟုတ်သလို ဘဝတန်ဖိုးလည်း နိမ့်သွားသူများ ဖြစ်တယ်လို့ သူကခံယူထားပါတယ်။

ဖြစ်တည်မှု ပဓာန ဒဿနပညာရှင်နှင့် စာရေးဆရာ *အဲလ်ဘတ်ကမြူး 'Albert Camus'* ကလည်း မျော်လင့်ချက် မရှိသော၊ မရေရာသော အနာဂတ်ဖြင့် အသက်ရှင်နေထိုင်ခြင်းဟာ *စစ်မှန်မှုမရှိသော ဖြစ်တည်မှု 'Unauthentic Extistence'* လို့ ဆိုပါတယ်။

သူက မဖြစ်နိုင်သော မျော်လင့်ချက်များ၊ မထားရှိ အပ်သော မျော်မှန်းချက်များကို ဆုတ်ကိုင်ထားတာဟာ *မိမိဒဿနကို မိမိသတ်ခြင်း 'Philosophical Suicide'* ဖြစ်ပြီး ဘဝမှာ တန်ဖိုးမဲ့သွားသူလို့ ဆိုပါတယ်။

ကမြူးက လက်ရှိ ကမ္ဘာထဲမှာ လူသားတွေ အသက်ရှင်ပြီး နေထိုင်ရတာ ဘာတစ်ခုမှ စိတ်ချလက်ချ စိတ်အေးလက်အေး နေလို့မရဘဲ ကျိုးလန့် အစာစားသလို စိတ်ပူပန် သောကများစွာနဲ့ အသက်ရှင်နေရတယ်။ အကြောင်းရှိတိုင်း အကျိုးတရားဖြစ်မယ် လို့လည်း ကံသေကံမ တွက်ထားလို့မရဘူး။ မထင်မှတ်ဘဲ အန္တရာယ်ကျရောက်တာတွေ၊ မတော်တဆ ဖြစ်မှုတွေဟာ များလွန်းတဲ့အတွက် ဘဝဟာ လုံးဝ လုံခြုံစိတ်ချရမှု ကင်းမဲ့သလို ဖြစ်နေပါတယ်။

ရထား၊ ကား၊ လေယာဉ်ပျံနဲ့ တစ်နေရာမှ တစ်နေရာသို့

ခရီးသွားပေမယ့် မိမိလိုရာ အရပ်ကို ရောက်မယ်လို့ မုချ မပြောနိုင်ဘူး။ လမ်းခရီးမှာပဲ ပြဿနာမျိုးစုံပေါ်နိုင်သလို သေဖို့ အခွင့်အလမ်းတွေကလည်း အင်မတန် များလှတယ်။ ဒါ့ကြောင့်မို့ လောကဟာ ဘာအကြောင်းအကျိုးမှ မရှိသလို ကမောက်ကမနဲ့ ဖြစ်ချင်ရာတွေ ဖြစ်နေတယ်။ လောကဟာ အကြောင်းမဲ့ ဖြစ်တယ်ဆိုတဲ့ *အဟေတုကဝါဒ*ကို လက်ခံပြီး *ဖြစ်ချင်ရာဖြစ် စိတ်မည်စိန့်* ဆိုတဲ့ အယူအဆကို တင်ပြပါတယ်။

ကမြူးက သူရေးသားခဲ့တဲ့ အပြင်လူ *'The Outsider'* ဝတ္ထုထဲမှာ ဒီသဘောလေးကို ဖွဲ့နွဲ့တင်ပြထားပါတယ်။ ဒီဝတ္ထုကို စာရေးဆရာ ထင်လင်းက *'စည်းအပြင်ကလူ'* အမည်နဲ့ မြန်မာပြန်ဆိုခဲ့ပါတယ်။

ကမြူးဟာ ၁၉၁၃ ခုနှစ်မှာ အယ်လ်ဂျီးယား၌ ဖွားမြင်တဲ့ ပြင်သစ်လူမျိုးဖြစ်ပါတယ်။ အယ်လ်ဂျီးယားဟာ အာဖရိက မြောက်ဖက် မြေထဲပင်လယ်ကမ်းခြေဒေသ ဖြစ်ပါတယ်။ သူနဲ့ ရေမြေ တစ်ကြောတည်း ဆက်လျက်တည်ရှိတာက လစ်ဗျား ၊ အီဂျစ်တို့ရဲ့ အာရပ်လူမျိုးတို့နေရာဖြစ်ပြီး တူနီးရှား၊ ချက်ဒ်နိုင်ငံတို့နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။

'အပြင်လူ' ဟာ အယ်လ်ဂျီးယား ရေမြေ၊ ယဉ်ကျေးမှု အယူအဆ ဓလေ့ထုံစံများကို နောက်ခံထားပြီး ရေးထားတဲ့ ဝတ္ထုဖြစ်ပါတယ်။ အယ်လ်ဂျီးယားဟာ လူကြီးတို့ရဲ့ နေရာမဟုတ်

လူငယ်တို့ရဲ့ နေရာသာဖြစ်တယ်လို့ အဆိုရှိပါတယ်။ ထိုဒေသမှ လူငယ် လူရွယ်များဟာ သာယာသောလောကကို တပ်မက်မြတ်နိုးကြပြီး ပျော်မယ်ပါးမယ်၊ ကစားမယ်၊ ပင်လယ်ကွေ့ထဲ ရေကူးမယ်၊ ဖိုမဆက်ဆံရေး ပြေလည်မှုကို ရှေးရှုမယ်၊ ငရဲဆိုတာ တကယ်မရှိ၊ နိဗ္ဗာန်ဆိုတာ ယခုလက်ရှိ ဘဝပဲ ဖြစ်တယ်။ တမလွန်ဘဝကို အရေး မထားသော်လည်း ဖြစ်နိုင် ပါက 'ကမ္ဘာမြေပေါ်က ယခုလို ဘဝမျိုးကိုသာ ပြန်ပြီး ရောက်လိုတယ်' လို့ အာရုံ ပြုတတ်ကြပါတယ်။

ဝတ္ထုထဲက ဇာတ်ဆောင် ကုန်တိုက်စာရေးလေး မားဆော့ဟာ သာမန် အယ်လ်ဂျီးယား လူငယ်တစ်ယောက်သာ ဖြစ်ပါတယ်။ အခြား လူငယ်များနည်းတူ ရည်မှန်းချက် ကြီးကြီးမားမား မရှိဘဲ မိမိဘဝလေးမှာ ပျော်နေသူ ဖြစ်ပါတယ်။ မိခင်ကိုလည်း မစောင့်ရှောက်ဘဲ သူနဲ့နေရင် အနေဆင်းရဲမှာ စိုးလို့ဆိုပြီး ဘိုးဘွားရိပ်သာကို ပို့ထားပါတယ်။

တစ်နေ့ မားဆော့ ဆီကို သူ့မိခင် သေဆုံးသွားကြောင်း သံကြိုးစာ ရောက်လာတဲ့အတွက် ခွင့်နှစ်ရက်ယူပြီး မိခင် အသုဘရှိရာမြို့ကို လိုက်သွား ပါတယ်။ သူတို့မိသားစုဘဝဟာ အသက်ရှင် နေရတယ်ဆိုပေမယ့် အနေအထိုင် ဆင်းရဲလွန်းတဲ့ အတွက် အခုလို သူ့မိခင် သေဆုံး သွားပေမယ့် မားဆော့ရင်ထဲမှာ ဘာမှ မခံစားရပါဘူး။ ဒါကြောင့်မို့ အသုဘချတဲ့ အချိန်မှာလည်း

မိခင်ရဲ့ ခေါင်းကို ဖွင့်မကြည့်တော့ဘဲ မြုပ်နှံခွင့်ပြုလိုက်ပါတယ်။

မြို့ကို ပြန်ရောက်တော့လည်း သူ့ချစ်သူ မာရီယာနဲ့ ပျော်သလိုသာ နေပစ်လိုက်ပြီး အလုပ်သွားလိုက်၊ လဖက်ရည်ဆိုင် ထိုင်လိုက်၊ ရုပ်ရှင်ကြည့်လိုက်နဲ့ အချိန်ကုန်သွားပါတယ်။

သူနဲ့ အခန်းကပ်လျက်က ကိုယ်ရေပြား ရောဂါသည် အဘိုးကြီး တစ်ယောက် နေပါတယ်။ သူ့အခန်းရဲ့ လှေခါး တစ်ဖက်မှာ ပြည့်တန်ဆာခေါင်း လုပ်စားတဲ့ ရေမွန်ဆိုတဲ့ လူတစ်ယောက် နေပါတယ်။

တစ်နေ့ ရေမွန်က မားဆော့ကို မိတ်ဆွေဖွဲ့ပြီး အကူအညီ တစ်ခု လာတောင်းပါတယ်။ ရေမွန်က စာမရေးတတ်လို့ အသစ် ရောက်လာတဲ့ ကောင်မလေး တစ်ယောက် တောကိုပြန်ထွက် ပြေးတဲ့အတွက် မားဆော့ကို စာရေးပြီး ခေါ်ပေးဖို့ ဖြစ်ပါတယ်။ မားဆော့က လည်း အပန်းမကြီးပါဘူး ဆိုပြီး ပြန်ခေါ်တဲ့စာ ရေးပေးလိုက်ပါတယ်။ အဲဒီ ကောင်မလေးရဲ့ အစ်ကိုဟာ အာရပ် တစ်ယောက် ဖြစ်ပါတယ်။

ကောင်မလေးလည်း မားဆော့ ရေးလိုက်တဲ့ စာကြောင့် ပြန်ရောက် လာတဲ့အခါ ရေမွန်က ကောင်မလေး နောင်ကြည့် အောင်ဆိုပြီး နှိပ်စက်ပါတယ်။ ဒါကို ကောင်မလေးရဲ့ အစ်ကိုက သိပြီး ရေမွန်နဲ့ မားဆော့ကို လုံးဝမကျေနပ်ပါဘူး။

ဒီလို ဖြစ်နေတဲ့အချိန်မှာ မားဆော့ကို သူ့ အလုပ်ရှင်က

ပါရီမှာ ရုံးခန်းသစ် ဖွင့်မှာဖြစ်တဲ့အတွက် သူ့ဘဝ တိုးတက်ရေး အတွက် သွားလုပ်ဖို့ ပြောပါတယ်။ ဒါပေမဲ့ မားဆော့က အခု သူနေရတဲ့ လက်ရှိဘဝဟာ ပျော်စရာ ကောင်းနေတဲ့အတွက် လက်မခံပါဘူး။ သူနဲ့ *Living together* အတူနေတဲ့ မာရီယာက လက်ထပ်ရအောင် ပြောတော့လည်း သူက မာရီယာ ဆန္ဒရှိရင် လုပ်ပါလို့ပဲ ပြန်ပြောလိုက်ပါတယ်။ သူ့အတွက် အရာရာဟာ ဘာမှ အရေးမကြီးသလို ခံစားရပါတယ်။

တနင်္ဂနွေတစ်ရက်မှာ မားဆော့၊ မာရီယာနဲ့ ရေမွန်တို့ မြေထဲပင်လယ် ကမ်းစပ်မှာ ရေသွားကူးကြပါတယ်။ အဲဒီမှာ ကောင်မလေးရဲ့ အစ်ကို အာရပ်ကတွေ့ပြီး သူ့အဖော်တွေနဲ့ နောက်က တစ်ကောက်ကောက် လိုက်နေပါတယ်။ ဒါကို ရေမွန်ကသိတော့ သေနတ်ကို အသင့်ဆောင်ထားပါတယ်။ မားဆော့က ရေမွန့်လက်ထဲမှာ သေနတ်ရှိနေရင် ပစ်မိမှာစိုးလို့ သိမ်းယူ ထားလိုက်ပါတယ်။

နေ့လည်ပိုင်းမှာ မားဆော့ တစ်ယောက်တည်း ကမ်းစပ်သို့ အလာ မားကိုင်ထားတဲ့ အာရပ်နဲ့ ပက်ပင်း တိုးမိပါတယ်။ အာရပ်က သူ့ကို စောင်ပြီးကြည့်နေတဲ့အတွက် မားဆော့လည်း သတိထားပြီး နေပါတယ်။ ဒီအချိန်မှာ အာရပ်ရဲ့ မားအရောင်က နေအရောင်ဟပ်ပြီး လက်ကနဲဖြစ်သွားပါတယ်။ ဒီတင် မားဆော့လည်း လက်ထဲကသေနတ်နဲ့ အာရပ်ကို ပစ်လိုက်မိပါတယ်။

အာရပ် လဲကျသွားပေမယ့် ပြင်းထန်တဲ့ နေအပူရှိန်ကြောင့် မားဆော့ စိတ်က ဖောက်ပြန်သလို ဖြစ်သွားပြီး နောက်ထပ် ကျည်ဆန်လေးတောင့် ကုန်အောင် ပစ်လိုက်မိပါတယ်။

သူ့ကို တရားရုံးသို့တင်ကာ လူသတ်မှုဖြင့် စွဲဆိုပြီး ကြားနာစစ်ဆေးတဲ့အခါ သူ့ အတွေးအခေါ်တွေဟာ လူအများနဲ့ တဖြည်းဖြည်း ကွာခြားလာပါတယ်။ သူ့ရဲ့ ထူးခြားတဲ့ အယူအဆတွေက လူ့ပတ်ဝန်းကျင်ရဲ့ *အပြင်လူ* လို ဖြစ်သွားစေပါတယ်။

သူဟာ ဘုရားသခင်အပေါ်မှာ မယုံကြည်သလို ရှိတယ်လို့လည်း အသိအမှတ် မပြုပါဘူး။ အမှုက လွတ်အောင်လည်း လိမ်မပြောခဲ့သလို သူ့အယူအဆနဲ့ သူ့ယုံကြည်ချက်များကို အမှန်အတိုင်း ပြောခဲ့ပါတယ်။

ဒီအခါမှာ တရားလို့ရှေ့နေက သူ့နောက်ကြောင်းကို စုံစမ်းပြီး သူဟာ မိခင်အိုကြီးကိုတောင် တစ်နှစ်တစ်ခါ လာမကြည့်တဲ့ သားမျိုးဖြစ်ကြောင်း၊ မိခင် အသုဘမှာလည်း မျက်ရည် မကျသလို မိခင်အလောင်းကိုပင် ခေါင်းဖွင့်၍ မကြည့်ပုံ အလုံးစုံကို တင်ပြပါတယ်။ ဒါကြောင့်မို့ သတ်သူနဲ့ သေသူ အကြားမှာ ရန်ငြိုးမရှိတာ၊ သေသူ အာရပ်မှ မား ဖြင့် ရန်မူတဲ့ လက္ခဏာ စတင်ပြတာ၊ အပူချိန် ပြင်းထန်လွန်းလို့ စိတ်ဖောက်ပြန်သလို ဖြစ်သွားတဲ့ အကြောင်းအချက်များဟာ မပေါ်လွင်တော့ဘဲ လူ့အဖွဲ့အစည်းတွင် မရှိသင့်သော လူမဆန်သောသူ *အပြင်လူ*

အဖြစ် တရားရုံးက သေဒဏ် ချမှတ်ခဲ့ပါတယ်။

သူတစ်ပါးအတွက် လိုက်ကူညီပေးခဲ့လို့ နောက်ဆုံးမှာ သေဒဏ် အပြစ်ပေး ခံရပေမယ့် မားဆော့ဟာ ဝမ်းမနည်းပါဘူး။ သူက လူတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မုချသေကြရမယ့် သတ္တဝါတွေ ဖြစ်သလို အားလုံးဟာ ဘယ်နေ့ဘယ်ရက် သေမယ်ဆိုတာ သေဒဏ်ကြိုးမိန့် ကျပြီးသားသူတွေ *'Life is already written'* သာဖြစ်တယ်။ သူ့ကို သေဒဏ်ပေးတဲ့ တရားသူကြီးတွေ ကိုယ်တိုင်က ကြိုးမိန့်ကျထားပြီးသား ဖြစ်သလို ဘဝဆိုတာလည်း အချည်းအနှီးပါလို့ သူက ယူဆပါတယ်။

သူ့ကို ကြိုးမိန့် ချထားတဲ့အခါမှာ ဘုန်းတော်ကြီး တစ်ပါးက ဂရုဏာကြီးစွာနဲ့ သူ့ကို တရားပြဖို့ ကြိုးစားပါတယ်။ ဘုရားသခင်ကို မြင်အောင်ကြည့်ဖို့နဲ့ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ဖို့ ပြောပါတယ်။ ဒီအခါမှာ မားဆော့က ဘုရားသခင်ကို မြင်ဖို့ မပြောနှင့်၊ သူ့ချစ်သူ မာရီယာမျက်နှာကိုတောင် မြင်အောင် ကြည့်လို့မရကြောင်း ပြောပါတယ်။ ပြီးတော့ အသက်ရှင်ပြီး နေရမယ့် အချိန်ကလည်း နည်းနေတဲ့အတွက် မိမိ မယုံကြည်တဲ့ ဘုရားသခင်အကြောင်းလည်း တွေးမနေချင်ဘူး ဆိုပြီး ဘုန်းကြီးကို နှင်ထုတ်ပါတယ်။

ဒီလို မားဆော့က ပြောလေ ဘုန်းကြီးက ဂရုဏာ သက်လေလေ ဖြစ်ပြီး တရားချည်း ဆက်ဟောပါတယ်။ နောက်ဆုံး

မားဆော့လည်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ဘုန်းကြီးလည်ပင်းကို စိတ်ရှိသလောက်ညှစ်ပြီး ပါးစပ်ကလည်း အားရှိသလောက် အော်ပစ် လိုက်ပါတယ်။ ဒီအပြုအမူကြောင့် သူ့အယူခံ ကိစ္စကလည်း မျှော်လင့်ချက် ကင်းသွား ပါတော့တယ်။

ကမြူးက ဒီဇာတ်လမ်းမှာ သူ့ဇာတ်ဆောင် မားဆော့ ကြုံဆုံဖြစ်ပျက်ခဲ့ရတာတွေဟာ ကြီးတင် စီစဉ်ထားတာတွေ မဟုတ်ဘူး။ ကိုယ်က စိတ်ကောင်း စေတနာကောင်းနဲ့ လုပ်ခဲ့ပေမယ့် စေတနာဟာ ဝေဒနာဖြစ်ရတယ်။ ဒါ့ကြောင့်မို့ လောကမှာ ကောင်းတာလုပ်လည်း မကောင်းတာ ဖြစ်နိုင်သလို မကောင်းတာလုပ်လည်း ကောင်းတာ ဖြစ်ချင်ဖြစ်နိုင်တယ်။ အကြောင်းအကျိုးဆိုတာ မရှိဘဲ လောကကြီးဟာ ကမောက်ကမနဲ့ သူဖြစ်ချင်တာတွေ ဖြစ်နေတာပါလို့ တင်ပြထားခြင်း ဖြစ်ပါတယ်။

ကမြူးရဲ့ ဒီဝတ္ထုကို ၁၉၅၇ ခုနှစ်မှာ *Noble Prize* ပေးစဉ်က ဆုပေးကော်မတီရဲ့မှတ်ချက်မှာ *'လူလောကတွင် ကြုံတွေ့နေရသော အဖြစ်အပျက်မှန်သမျှကို လူသားအနေဖြင့် ရဲဝံ့စွာ ရင်ဆိုင်ရမည်သာ ဖြစ်သောအချက်ကို အခြေခံပြီး ရေးသားခြင်းကြောင့် ဖြစ်တယ်'* လို့ ဖေါ်ပြထားပါတယ်။

ကျွန်တော့် အနေနဲ့ သူဇာတ်ဆောင် မားဆော့ ပြုလုပ်ခဲ့တာတွေဟာ ရင်ထဲမှာ စွဲနေတဲ့ အတွေးအမြင်တွေကြောင့် လုပ်ဆောင်

မိရာက ဖြစ်ပေါ်လာတဲ့ ကံတွေပဲဖြစ်ပါတယ်။ မည်သူမပြု မိမိမှု ဆိုသလိုပါပဲ။ သူဟာ ဘဝမှာ ဘာကိုမျှ လေးလေး နက်နက် မထားသလို ကိုယ့်ဘဝကို မြှင့်အောင် တိုးတက်ချင်တဲ့ ဆန္ဒမျိုးနဲ့ ကြိုးစားလိုစိတ်လည်း မရှိပါဘူး။ သူ့အလုပ်ရှင်က သူ့ဘဝ တိုးတက်ရေးအတွက် ပါရီမှာ အလုပ်ပြောင်းလုပ်ဖို့ လမ်း ဖွင့်ပေး တာတောင် သူက လက်မခံခဲ့ပါဘူး။ ဘဝမှာ ဆုတ်ယုတ်မှု ဖြစ်စေတဲ့ မိဘကို လုပ်မကျွေးတာ၊ အပျော်အပါးလိုက်စားတာ၊ အပေါင်းအသင်းမှားတာ စတဲ့ လုပ်ရပ်မျိုးကိုသာ လုပ်ခဲ့တဲ့ အတွက် သူ့ဘဝ ဆုံးရှုံး နစ်နာသွားတာ ဖြစ်ပါတယ်။

ဖြစ်ရာဘဝ ပဓာန ဝါဒီများက မိမိဘဝ တည်ရှိနေခြင်း သည်သာ အစစ်အမှန်ဖြစ်တယ်လို့ ယူဆတဲ့အတွက် ဘာသာ တရား အယူအဆတွေ၊ ဆင်ခြင်ခြင်းတွေ၊ လူ့အဖွဲ့အစည်းတွေဟာ စစ်မှန်ခိုင်မာသော ကိုးစားရာများမဟုတ်လို့ ခံယူထားကြပါတယ်။

ဘဝဆိုတာ ဘာမျှ အဓိပ္ပါယ် မရှိသောအနေဖြင့် ရှုမြင် ခံစားတဲ့ အတွက်ကြောင့် ဖြစ်တည်မှု ပဓာန အယူအဆမှာလည်း ဘဝရဲ့ အေးချမ်းသာယာမှု နည်းလမ်းနှင့် ဘဝရဲ့ သစ္စာကို ကျွန်တော် ရှာလို့ မတွေ့ခဲ့ပါဘူး။

'ဖြစ်တည်မှု ပဓာန' အယူအဆဟာ လူသားများကို ဘဝ ဒုက္ခမှ ရင်ဆိုင်နိုင်သော သတ္တိပေါ်ပေါက်အောင် လှုံ့ဆော် နိုင်ပေမယ့် ထို ဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်း နည်းလမ်း

ကိုတော့ မဖေါ်ပြနိုင်ခဲ့ပါဘူး။

လူသား၏ ဘဝကိုသာ ပဓာနထား၍ လူဟာ မိမိ ဖြစ်တည်သောဘဝ၌ ဘဝရဲ့အနှစ်သာရကို လွတ်လပ်စွာ ရှာနိုင်ခွင့်နှင့် ဖြစ်အောင် လုပ်နိုင်ခွင့် ရှိတယ်လို့ ဆိုပါတယ်။ ဖြစ် မဖြစ် ဆိုတာက မိမိအပေါ်မှာသာ မူတည်ပြီး မဖြစ်ခဲ့ရင်လည်း ဘယ်သူကိုမှ အပြစ်ပုံချဖို့ မလိုဘဲ ကိုယ့်ထိုက်နှင့် ကိုယ့်ကံသာ ဖြစ်တယ်။ ဖြစ်ရာ ဘဝတိုင်းမှာ ဘဝရဲ့ ဝန်ထုပ် ရှိသလို ထို ဝန်ထုပ်ကိုလည်း ရဲဝံ့စွာ ထမ်းကြရမယ်။ ဘဝရဲ့ ဝန်ထုပ်ကို မထမ်းလိုခြင်းဟာ သူရဲဘော ကြောင်ခြင်းသာ ဖြစ်တယ်ဆိုတဲ့ တစ်ဖက်စွန်းကျပြီး မိုက်ရူးရဲ ဆန်သော အတွေး အခေါ်မျိုးသာ ပေးတယ်လို့ ကျွန်တော် မြင်မိပါတယ်။

ကျွန်တော့်ရဲ့ သစ္စာ ရှာပုံတော်ဟာလည်း အတော်လေး ခရီး ရောက်ခဲ့ပါပြီ။ ဆက်လက်လို့ ကျန်ရှိတဲ့ အနောက်တိုင်း ဒဿန ပညာရှင်များရဲ့ ဘဝအမြင်ကို မလေ့လာမီ စိတ်ကလေး ကို ခေတ္တ အနားပေးဖို့ စဉ်းစားလိုက်ပါတယ်။ ပြုတင်းဝက ကြည့်လိုက်တော့ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက် နေပါတယ်။ ကောင်ကင်ယံမှာ လခြမ်း ကွေးကွေးလေးနဲ့ မှိတ်တုတ် မှိတ်တုတ် ဖြစ်နေတဲ့ ကြယ်တာရာတွေကို တွေ့နေရ ပါတယ်။

(၁၃)

တူစုံမောင်မယ်၊ နဲကြသွယ်သွယ်

လူတွေရဲ့ အလုပ်ကိစ္စဆိုတာ ဘယ်သောအခါမှ ပြီးဆုံးခြင်း မရှိပါဘူးလို့ မြတ်စွာဘုရား ဟောခဲ့တာရှိပါတယ်။ ရှင်တော်မြတ် ဟောခဲ့တဲ့အတိုင်း ကျွန်တော်တို့ အားလုံးဟာ တစ်နေ့ တစ်နေ့ မပြီးဆုံးနိုင်တဲ့ ဘဝကိစ္စတွေကို ဆောင်ရွက်ရင်းနဲ့ ဘဝမှာ နေရမယ့်ရက်တွေ တဖြည်းဖြည်း လျှော့နည်း လာကြပါတယ်။

တရားသဘောနဲ့သာ ကြည့်ရင် ဘဝတစ်ခု တစ်ခုဟာ ကာမဂုဏ် အာရုံတွေနောက် ကောက်ကောက်ပါအောင် လိုက်ရင်း တဖြုတ်ဖြုတ် ကြွေကျသွားတဲ့ သစ်ရွက်လေးတွေနဲ့ အလားတူပါတယ်။

နှစ်သစ်ဖြစ်တဲ့ ၂၀၀၀ ခု နှစ်ဆန်းမှာလဲ အရင်ကအတိုင်း လုပ်နေရဆဲပါ။ စနေ တစ်ရက်မှာတော့ ဆေးရုံရဲ့ မြောက်ဘက်မှာရှိတဲ့ ရခိုင်ရွာလေးတွေဘက်ကို လေ့လာရေးခရီး ထွက်ဖြစ်ပါတယ်။

ကျွန်တော်နဲ့အတူ ဆရာကြီး ဖေသိန်း၊ ဆရာ ကျော်မြင့်နဲ့ ခွဲစိတ်ဆောင်က သူနာပြုများ လိုက်ပါလာပါတယ်။ တစ်နာရီ နီးပါးလောက် လျှောက်လိုက်တဲ့အခါမှာ စိမ်းပြာနေတဲ့ ပင်လယ်ပြင်ရဲ့ ကမ်းခြေအစပ် ရောက်ရှိလာပါတယ်။ ဒီရေလှိုင်းတွေနဲ့အတူ တိုက်ခတ်လာတဲ့ လတ်ဆတ်တဲ့လေဟာ ကျွန်တော်တို့ကို

လန်းဆန်း သွားစေပါတယ်။

ပင်လယ်ကမ်းစပ်မှာ အစီအရီ ဆောက်ထားတဲ့ ရခိုင်ရိုးရာ အိမ်ကလေးတွေကိုလည်း တွေ့ရသလို လေဒဏ်၊ လှိုင်းဒဏ်ကို မမှုဘဲ အပြောကျယ်တဲ့ ပင်လယ်ပြင်ကြီးမှာ ဘဝဝမ်းစာ ရှာဖွေနေကြတဲ့ တံငါ လှေကလေးတွေကိုလည်း ဟိုးအဝေးမှာ အစက်အပျောက်လေးတွေ အနေနဲ့ တွေ့နေရပါတယ်။

သူတို့ကို ကြည့်ပြီး ကျွန်တော်စိတ်ထဲမှာလည်း အတွေး တစ်ခု ဝင်လာမိပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့အံ့ဘွယ်များ ဖြစ်တဲ့ အီဂျစ်ပြည်က ပိရမစ်ကြီးတွေ၊ တရုတ်ပြည်က မဟာ တံတိုင်း၊ အိန္ဒိယက တာဂျ်မဟာ အဆောက်အဦတွေထက် လှိုင်းတွေ၊ လေတွေထန်တဲ့ ပင်လယ်ပြင်က တံငါလှေကလေးပေါ် မှာ ငါးဖမ်းနေကြတဲ့ လင်မယားနှစ်ဦး၏ မေတ္တာကိုပဲ အံ့သြ ချီးကျူး မိပါတယ်။

တံငါ လင်မယားနှစ်ဦး၏ စွန့်စွန့်စားစား ဝမ်းစာရှာဖွေတာကို တွေတော့ တစ်ခါက နာမည်ကျော် ရုပ်ရှင်မင်းသားနဲ့ အဆိုတော် ဝင်းဦး သီဆိုထားတဲ့ *'မျောလို့နေပါတယ် ××× မိုးကိုလည်း မကြောက်တော့တယ် ××× တူစုံမောင်မယ် ××× နဲ့ကြသွယ်သွယ် ××× မောင့်သက်လည် သွားမယ် ××× ငါးများ စို့ကွယ်...'* ဆိုတဲ့ ရွှေတံငါ သီချင်းလေးကလည်း ကျွန်တော့် ရင်ထဲ တိုးဝင် လာပါတယ်။

အန္တရာယ်များ လှတဲ့ ပင်လယ်ပြင်မှာ သားသမီးတွေနဲ့ ဘဝ ဝမ်းရေးအတွက် စွန့်စွန့်စားစား ဝမ်းစာရှာရတဲ့ အရင်းခံက နှောင်ဖွဲထားတဲ့ တပ်မက်မှု တဏှာ ဖြစ်ပါတယ်။ *တဏှာ* ဆိုတဲ့ သံယောဇဉ်ဆွဲအားတွေနဲ့ သစ္စာကို မသိခြင်း ဆိုတဲ့ *အဝိဇ္ဇာ* ကြောင့် ဘဝသံသရာမှာ အားလုံးဟာ တဝဲလည်လည် ဖြစ်နေရတာပါ။

ကျွန်တော်တို့ ပင်လယ်ကမ်းစပ်က တံငါရွာကလေးမှာ အုန်းရည်သောက်ပြီး ကမ်းခြေတစ်လျှောက် ဒေသန္တရ ဗဟုသုတ ရှာဖြစ်ပါတယ်။ အပြန်မှာ ရှေးဟောင်း *မဟာကျွန်* ရပ်ပွား တော်မြတ်ရှိတဲ့ ရွာကလေးကို ဝင်ပြီး မြတ်စွာဘုရားကို သစ်သီး ဆွမ်း၊ပန်းတို့နှင့် ကပ်လှူပူဇော် လိုက်ပါတယ်။

ကျောင်းထိုင်ဆရာတော်က ကျွန်တော်တို့ကို စုဆောင်း ထားတဲ့ ရှေးဟောင်း ဘုရားတွေနဲ့ ဓာတ်တော်တွေကို လိုက်လံ ပြသပါတယ်။ ဆရာတော်က 'ဒကာကြီးတို့ ထမင်းစားပြီးမှ ပြန်ကြပါ' လို့ အမိန့်ရှိတာနဲ့ ကျောင်းမှာ နေ့လည်စာ စားဖြစ်ပါတယ်။ ကျွန်တော်တို့ကို လိပ်ဥ၊ ဂဏန်း ဟင်း၊ ငနီတူခြောက် စတဲ့ ပင်လယ်စာများနဲ့ ကျွေးမွေးပါတယ်။ အာလုံး ဗိုက်ဆာ နေကြတာနဲ့ မြိန်ယှက်စွာ စားဖြစ်ပါတယ်။

ထမင်းစားပြီးတဲ့အခါ ကျွန်တော်တို့ ဆရာတော်နဲ့ ကျောင်းနေ သံဃာများကို ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးဝါး များလည်း

လျှုခဲ့ပါတယ်။

ဆေးရုံသို့ အပြန်လမ်းမှာ ဆောင်းတွင်း ကာလပေမယ့် နေ့လည်ခင်းနေက အတော် ပူပြင်းလှတာမို့ ကျွန်တော်တို့ အားလုံး ချွေးတွေ ရွဲနှစ်လို့ နေပါတယ်။ လှည်းလမ်းကြောင်းနဲ့ လယ်ကန်သင်းရိုးတွေပေါ်က လျှောက်ပြီးပြန်လာရတော့ အားလုံးလည်း ဖုန် တလိမ်းလိမ်းနဲ့ ဖြစ်နေပါကယ်။

ဆေးရုံ ပြန်ရောက်တော့လည်း ကျွန်တော် မနားနိုင်သေးပါဘူး။ ကိုသိန်းက အမရေးပေါ် လူနာတစ်ယောက်ကို ပြဿဖို့ ကျွန်တော့်ကို စောင့်နေပါတယ်။ လူနာက အသက် ၄၅နှစ် အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ပါးစပ်က သွေးတွေ အဆက်မပြတ် စီးကျနေလို့ လာပြတာ ဖြစ်ပါတယ်။

ကျွန်တော် စမ်းသပ် ကြည့်တဲ့အခါမှာ ညာဘက် လျှာအရင်းမှ ကင်ဆာ အကျိတ်ကြီး ကနေ သွေးတွေစီးကျနေတာတွေ့ရပါတယ်။ ဆေးပညာ ဝေါဟာရအရ *Malignant Bleeding ulcer base of the tongue* ဖြစ်ပါတယ်။

ကျွန်တော် လူနာ ကိုသိန်းမောင်ရဲ့နီးကို မေးကြည့်တဲ့အခါမှာ လျှာမှာ အနာရှိတာ ၆ လလောက်ရှိပြီး ဆေးမြီးတိုများနဲ့သာ ကုသနေတယ်လို့ ဖြေပါတယ်။ ကိုသိန်းမောင်က အရက်၊ ဆေးလိပ်၊ ကွမ်းများကို မပြတ် စားသုံးသူဖြစ်ပြီး ငရုပ်သီးနဲ့ အပူအစပ် များကိုလည်း အထူးကြိုက်နှစ်သက်သူ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ဆေးလိပ် နဲ့ ကွမ်း မပြတ်စားသုံးတဲ့ အလေ့အထ ရှိလို့လည်း အာခံတွင်း၊ လျှာနဲ့ လည်ချောင်းကင်ဆာတွေ အဖြစ်များတာကို တွေ့ရပါတယ်။

ကျွန်တော်နဲ့ ကိုသိန်း တိုင်ပင်ပြီး လူနာကို သွေးပေးခြင်း၊ ဓာတ်ဆားရည်များ အကြောမှထည့်ခြင်း၊ ပဋိဇီဝဆေးများ ထိုးခြင်း၊ သွေးတိတ်ဆေးများ ထိုးပေးခြင်းများကို ဦးစွာ ဆောင်ရွက်ကြပါတယ်။ ဒါပေမဲ့ သွေးများ မရပ်ဘဲ ဆက်တိုက် စီးနေတာမို့ အရေးပေါ် ခွဲစိတ်ခန်းဝင်ဖို့ ဆုံးဖြတ် လိုက်ကြပါတယ်။

လူနာရဲ့ အခြေအနေအရ မေ့ဆေးပေးဖို့ မလွယ်ကူတာနဲ့ ထုံဆေးထိုးပြီး ခွဲစိတ်ကုသမှုကို စတင်လိုက်ပါတယ်။ လူနာဟာ လျှာအရင်းက ကင်ဆာအကြိတ်အပြင် သွေးခဲတွေနဲ့ပါ အာခံတွင်းဝမှာ ပိတ်ဆို့နေပြီး အသက်လည်း ကောင်းစွာမရှူနိုင်တာနဲ့ လည်ပင်းအောက်ခြေက လေပြွန်မကြီးကို လေပိုက်ကလေးထည့်ပေးဖို့ *Tracheostomy* ကို အရင်ဦးစွာ လုပ်ပေးလိုက်ပါတယ်။

ဒုတိယအဆင့် အနေနဲ့ သွေးဆက်လက် မထွက်အောင် လည်ပင်းမှာ လျှာကိုသွားတဲ့ သွေးကြောမကြီးကို ရှာဖွေပြီး ချည်နှောင်ပေးရတဲ့ *External carotid artery ligation* လုပ်ပေးလိုက်ပါတယ်။

ခွဲစိတ်ကုသမှုပြီးတာနဲ့ ကိုသိန်းမောင်ကို အထူးကြပ်မတ် ကုသမှု လူနာခန်း *ICU* မှာ ထားရှိလိုက်ပါတယ်။ တာဝန်ခံ သူနာပြုအရာရှိ သက်သက်ခိုင်နှင့် အဖွဲ့ကလည်း အထူးဂရုစိုက်ပြီး ကြည့်ပေးကြပါတယ်။ တဖြည်းဖြည်းနဲ့ သွေးဆက်လက် မထွက်တော့တာနဲ့ ရုန်ကုန်မြို့မှာ ခါတ်ရောင်ခြည် ကုသမှုနဲ့ ကင်ဆာဆေးများ သွင်းပြီးကုသရန်အတွက် စီစဉ်ဆောင်ရွက် ပေးလိုက်ပါတယ်။

ကိုသိန်းမောင်လို အာခံတွင်းကင်ဆာ ဝေဒနာရှင် တော် တော်များများကို ဆေးရုံမှာ တွေ့ရပါတယ်။ ဒါ့ကြောင့်မို့ စစ်တွေမြို့မှာ ကျန်းမာရေး ပညာပေး ဟောပြောမှုတွေ လုပ်ဖြစ် တိုင်း အာခံတွင်းကင်ဆာ ကာကွယ်ဖို့အတွက် ဆေးလိပ်၊ ကွမ်း၊ အရက် သောက်သုံးခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ဖို့ ထည့်ဟောဖြစ်ပါတယ်။

တပို့တွဲ လပြည့်နေ့ မတိုင်မီ တစ်ရက်မှာတော့ ကုသမှု ဆောင်တွေ အလိုက် ထမနဲပွဲ လုပ်ကြပါတယ်။ ညနေ လေးနာရီမှ စတင်ပြီး ထမနဲထိုးပါတယ်။ ဆေးရုံအုပ်ကြီး၊ ကိုကျော်စိုးဝင်း၊ ကိုသိန်း နဲ့ ကျွန်တော်တို့ ပါဝင်တဲ့ အကဲဖြတ် အဖွဲ့က ထိုးပြီးသား ထမနဲများကို မြည်းစမ်း ကြည့်ပါတယ်။ အကောင်းဆုံးနဲ့ အရသာ အရှိဆုံး ထိုးနိုင်တဲ့ အဖွဲ့ကို ဆုချီးမြှင့် ပါတယ်။ အမျိုးသမီးဆောင်က ပထမရပြီး၊ ခွဲစိတ် ကုသဆောင်

နဲ့ ခွဲစိတ်ခန်းမကြီးက ဒုတိယ ရပါတယ်။

ထိုးပြီးသား ထမနဲတွေကို ဆေးရုံက မိသားစုများနဲ့ လူနာများကို ဝေငှကျွေးမွေးပါတယ်။ အမျိုးသမီး ဆောင်က ထိုးတဲ့ အကောင်းဆုံးဆုရ ထမနဲတွေကို လပြည့်နေ့ နံနက်မှာ စစ်တွေ မြို့လယ်က လောကနန္ဒာ ဘုရားမှာ ကပ်လှူမှာ ဖြစ်ပါတယ်။

တပို့တွဲ လပြည့်နေ့ နံနက်မှာ ဆေးရုံအုပ်ကြီးနဲ့ အတူ ဆရာဝန်၊ သူနာပြုများ၊ ဓမ္မစကြာ ဝတ်အဖွဲ့တွေနဲ့ လောကနန္ဒာ ဘုရားမှာ ထမနဲ၊ သစ်သီးမျိုးစုံနဲ့ အာရုံဆွမ်း ကပ်ဖြစ်ပါတယ်။ ကျွန်တော်တို့လို ရပ်ကွက်၊ ကျောင်း၊ ဌာနအသီးသီးက ကပ်လှူကြတဲ့ သူတွေနဲ့ ဘုရားမှာ အပြည့် ဖြစ်နေပါတယ်။ အလွန် ချစ်စရာကောင်းတဲ့ မြန်မာတို့ရဲ့ ရိုးရာဓလေ့လေး တစ်ခု ဖြစ်ပါတယ်။

နေ့လည်မှာ စစ်တွေမြို့မှ ကျွန်တော့်မိတ်ဆွေ ကိုထွန်းထွန်း ရောက်လာတာနဲ့ ဆေးရုံအုပ်ကြီးကို ခွင့်တောင်းပြီး ကျောက်တော် မြို့ကို ဘုရားဖူး သွားဖြစ်လိုက်ပါတယ်။ စစ်တွေ-ပုဏ္ဏာကျွန်း-ကျောက်တော် ကားလမ်းဟာ ညီညာပြန့်ပြူးပြီး ကဆွန်ပဒီ မြစ်ကြောင်းတစ်လျှောက် ယှဉ်လျှက် ဖေါက်လုပ်ထားတာ ဖြစ်ပါတယ်။ ပုဏ္ဏားကျွန်း နားမှာတော့ တောင်စွယ် တောင်ကြောတွေ ရှိတဲ့အတွက် ကားလမ်းဟာ အတက်အဆင်း အနိမ့်အမြင့်

များလှပါတယ်။

ကျောက်တော်မြို့ကို နေ့လည် နှစ်နာရီလောက်မှာ ရောက်ပါတယ်။ ကျောက်တော်မြို့လယ်က မဟာမြတ်မုနိ ဘုရားဟာ သမိုင်းဝင် ရှေးဟောင်း ရုပ်ပွားတော်မြတ် ဖြစ်ပါတယ်။ ဘုရားပုရဝဏ်ထဲ ရောက်သွားတာနဲ့ ကျွန်တော့်စိတ်ထဲမှာ အေးချမ်းသွားပါတယ်။

မဟာမုနိ မြတ်စွာဘုရားကို ရွှေသင်္ကန်း၊ ပန်းများနှင့် ကပ်လှူ လိုက်ပါတယ်။ မြတ်စွာဘုရားကို အာရုံပြုနေရင်း ကျွန်တော်စိတ်ထဲမှာ မိဘများကို သတိရမိတဲ့အတွက် ပဋ္ဌာန်း ဒေသနာတော်နဲ့ ရွတ်ဖတ်ပူဇော်လိုက်ပါတယ်။ ဒါကလည်း ပဋ္ဌာန်းဟာ အဘိဓမ္မာဒေသနာမှာ အနက်ရှိုင်းဆုံးနှင့် အကျယ်ပြန့်ဆုံး ဖြစ်သလို တစ်ခုတည်းသော မွေးကျေးဇူး တုန့်ပြန်သော တရားတော်လည်း ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ ပဋ္ဌာန်း ဒေသနာတော်ကို ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။

ပဋ္ဌာန်းဒေသနာတော်ကို ဗုဒ္ဓမြတ်စွာက မဟာသက္ကရာဇ် (၁၀၉)ခုနှစ်၊ (၇)ဝါအရောက် သက်တော်(၄၂)နှစ်မှာ ဟော ခဲ့ပါတယ်။ ဟောကြားခဲ့တဲ့ နေရာက တာဝတိံသာ နတ်ပြည် ပင်လယ် ကသစ်ပင်ရင်းက သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်မှာ ဖြစ်ပြီး မယ်တော် ဖြစ်ခဲ့ဖူးသော သန္နှသီတ နတ်သားကို အမှူးပြုပြီး စကြဝဠာ တစ်သောင်းက နတ်ဗြဟ္မာ

တွေကို ဟောခဲ့တာပါ။

လူ့ပြည်မှာအဘိဓမ္မာ တရားမဟောဘဲ နတ်ပြည်မှာ ဟောရတာတော့ အတိုင်းအဆမရှိ ကြီးမားတဲ့ မိခင်ကျေးဇူးကို ဆပ်ချင်တာရယ်၊ အဘိဓမ္မာကို အစကနေ အဆုံးအထိ နာယူနိုင်တဲ့ ပရိသတ်ဟာ အလွန်ဉာဏ်ပညာ ထက်မြက်တဲ့ နတ်ဗြဟ္မာတွေ ဖြစ်တာရယ်ကြောင့် ဖြစ်ပါတယ်။

အဘိဓမ္မာ(၇)ကျမ်းကို ရက် ၉၀ ကြာ ဟောကြားခဲ့ရာမှာ ပဋ္ဌာန်းကျမ်းကို (၂၅)ရက်နဲ့ ဟောခဲ့ပါတယ်။ ပဋ္ဌာန်း ဒေသနာတော်ကို မြတ်စွာဘုရားက တာဝတိံသာ နတ်ပြည်မှာ နတ်ဗြဟ္မာ ပရိသတ်တွေကို အကျယ်နည်းဖြင့် ဟောကြားခဲ့ ပါတယ်။ နတ်ပြည်မှာ တရားဟောနေစဉ်အတွင်း ဆွမ်း ကိစ္စနဲ့ ကိုယ်လက် သန့်စင်ရန် *နိမ္မိတကိုယ်တော်ပွား 'The created body'* ကို ဖန်ဆင်းလို့ ထားခဲ့ပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွပါတယ်။

မြောက်ကျွန်းမှာ ဆွမ်းခံပြီးတဲ့အခါ ဟိမဝန္တာက အနောတတ်အိုင်သို့ ဆင်းသက်တော်မူပါတယ်။ မြတ်စွာဘုရား ဒီလို လူ့ပြည်ကို ဆင်းသက်တာကို တန်ခိုးကြီးမားတဲ့ နတ်ဗြဟ္မာ များကလွဲလို့ သာမန်နတ်ဗြဟ္မာ၊ ပရိတ်သတ်များ သိရှိဖို့ မလွယ်လှပါဘူး။

အနောတတ်အိုင်မှာ ကိုယ်လက် သန့်စင်တော်မူတဲ့ မြတ်စွာဘုရား ပညာအရာမှာ ဇာတဒဂ်ရတဲ့ ရှင်သာရိပုတ္တရာ က ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက်ပေးပါတယ်။ ဒီအချိန်

လေးမှာ မြတ်စွာဘုရားက နတ်ပြည်မှာ ဟောကြား ခဲ့တဲ့ အဘိဓမ္မာ တရားတော်ကို ဉာဏ်ပညာ ကြီးမားလှတဲ့ ရှင်သာရိပုတ္တရာအား အကျဉ်းနည်းနဲ့ ပြန်လည် ဟောကြားခဲ့ ပါတယ်။ တစ်ခါ အရှင်သာရိပုတ္တရာက တပည့် ရဟန်းတော် တွေကို နေ့စဉ် သင်ကြားပို့ချ ပေးသောအားဖြင့် ပဋ္ဌာန်း ဒေသနာတော်ဟာ လူ့ပြည်မှာ ပြန့်ပွား ထွန်းကား လာပါတယ်။

ပဋ္ဌာန်း ဒေသနာတော်ရဲ့ ကြည်ညိုစရာကောင်းပုံက ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ ဘာတစ်ခုမှမပါဘဲ ရုပ်တရား နာမ်တရားတွေဟာ သူ့အလိုလို ဖြစ်တာလည်းမဟုတ်၊ ထာဝရ ဘုရား ဖန်ဆင်းလို့ ဖြစ်တာလည်း မဟုတ်ဘဲ *အကြောင်းများစွာ စုဝေးပြီး အကျိုးတရားတွေဖြစ်နေရတာ 'Multiplicity of cause and effect'* လို့ ဟောထားတာမို့ပါ။ ဒါကြောင့် အနန္တစကြဝဠာမှာ မည်သည့်အရာမျှ အမှတ်မထင် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်း မရှိတာကို ပဋ္ဌာန်းမှာ အခိုင်အမာ ပြဆိုထားပါတယ်။

မျိုးစေ့တစ်ခုခု ကြဲချလို့ စိုက်ပျိုးတော့မယ်ဆိုရင် မြေဆီလွှာ ကောင်းမွန်မှု၊ ရေရရှိမှုနဲ့ လူ့ပယောဂနဲ့ ပြုပြင်ပေးမှု တွေပေါ် မူတည်လို့ အညောင့်ပေါက်ရောက်ပြီး အပင်ကြီးတွေအဖြစ် ရှင်သန် ကြီးထွားကြပါတယ်။ အလားတူ ခန္ဓာငါးပါး ရုပ် နာမ်တရားတွေဟာ ဆိုင်ရာ အကြောင်းတရားများစွာကို မူတည်ပြီး ဖြစ်ပေါ် လာပါတယ်။ ဘယ်လိုပင် ဖြစ်ပေါ်နေပေမဲ့ အကြောင်း

တရားတွေ ချုပ်ငြိမ်း သွားတဲ့အခါမှာ အသစ်အသစ်တွေ မဖြစ်ပေါ်နိုင်တော့ဘဲ ပြတ်စဲ ချုပ်ဆုံးကြပါတယ်။

ပဋ္ဌာန်းမှာလည်း လိုချင်တပ်မက်မှု ပြင်းထန်တဲ့အခါ လောဘဟိတ် က စိုးမိုးနေလို့ လောဘနဲ့နွယ်တဲ့ ရုပ်၊ နာမ်ခန္ဓာတွေ ဖြစ်နေရပါတယ်။ ဒေါသ ဖြစ်နေရင်လည်း ဒေါသနဲ့နွယ်တဲ့ ရုပ်၊ နာမ်ခန္ဓာတွေ ဖြစ်နေပါတယ်။

လှပတဲ့ ပန်းလေးတစ်ပွင့်ကို မြင်တွေ့ရတဲ့အခါ မှာလည်း ရုပါရုံဆိုတဲ့ အဆင်းက အာရုံဆိုတဲ့ အာရမ္မဏ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုလို့ မြင်စိတ် *'စက္ခုဝိညာဉ်'* ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့ *'ငါ'* မြင်တယ်၊ *'သူ'* မြင်တယ် ဆိုတာ မရှိဘဲ အဆင်း ရုပါရုံ၊ မြင်စိတ်၊ အာရောင်အလင်း နဲ့ နှလုံးသွင်းမှုဆိုတဲ့ အကြောင်းတရားများစွာ ပေါင်းစည်းလို့ မြင်ရတာ ဖြစ်ပါတယ်။

အစာအာဟာရတွေ စားသောက်လိုက်တဲ့ အခါမှာလည်း *အာဟာရဇရုပ် 'Nutriment-produced matter'* တွေ ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ ဒီလို အာဟာရပစ္စည်းနဲ့ ကျေးဇူးပြုတာကို မမြင်တဲ့ ပုထုဇဉ် လူတွေဟာ အစာ စားပြီးတဲ့အခါ ငါအားရှိလာတယ်၊ သန်စွမ်းလာတယ်လို့ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာပေါ်မှာ *'ငါ'*လို့ မှားယွင်းစွာ စွဲလန်းနေတဲ့ *သက္ကာယဒိဋ္ဌိ 'Self-illusion'* ဖြစ်နေပါတယ်။ စင်စစ်မှာတော့ ***ငါ*** *'Self'* မဟုတ်ဘဲ အာဟာရ ပစ္စယသတ္တိနဲ့ အာဟာရဇရုပ်တွေ

ထောက်ပံ့နေတာကြောင့် ဖြစ်ပါတယ်။

ပဋ္ဌာန်းသဘောအရ အကြောင်းအကျိုး ဆက်သွယ်ပြီး ဖြစ်နေကြတဲ့ ရုပ်နာမ်အစဉ်ကို ဉာဏ်နဲ့ မရှုမြင်မိပါက သက္ကာယဒိဋ္ဌိ ဝင်ပြီး 'ငါ'၊ 'သူတပါး'၊ 'ယောကျ်ား'၊ 'မိန်းမ'လို့ မှတ်ထင်ပြီး ငါလှုပ်ရှားနေတယ်၊ ငါ ခံစားနေတယ်၊ ငါသိတယ်၊ ငါမြင်တယ်လို့ လမ်းလွဲလိုက်နေ ကြမှာဖြစ်ပါတယ်။

ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မရှိတော့ *ဖန်ဆင်းသူ 'Crteator'* ဆိုတာလည်း မရှိပါဘူး။ ဒါ့ကြောင့်မို့ ပဋ္ဌာန်း ဟောရတဲ့ အကြောင်းက 'သူ''ငါ''ယောကျ်ား' 'မိန်းမ' ဆိုတာ ပညတ်တွေ တကယ်ရှိတာက ရုပ်နဲ့နာမ်ပါလို့ *ပညတ် 'Concept'* နဲ့ *ပရမတ် 'Reality'* ကို အရှိကို အရှိအတိုင်း အမှန်ကိုအမှန်အတိုင်း မြင်တဲ့ *ယထာဘူတဉာဏ် 'Knowledge of Objective reality'* ရရှိဖို့ ဖြစ်ပါတယ်။ ဒါမှလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် နိဗ္ဗာန်သို့ ဆိုက်ရောက် သွားနိုင်မှာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရတနာယရ စတုတ္ထ သတ္တာဟမှာ စံနေတော်မူခိုက် အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ် ဆင်ခြင်တော် မူပါတယ်။ ဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်းအထိ ရှေ့(၆)ကျမ်းမှာ ရောင်ခြည်တော်များ ထွက်ပေါ် ကွန့်မြူးလာခြင်း မရှိသေးပါဘူး။ အဘိဓမ္မာ

(၆)ကျမ်းဟာ ကျယ်ဝန်းပေမယ့်လည်း သဗ္ဗညုတဉာဏ် တော်နဲ့ ငုံမိနေပါတယ်။

သတ္တာမစ္ဆောက် ပဌာန်းကျမ်းကိုရောက် တဲ့အခါမှာ ပဌာန်း ကျမ်းကလည်း အနန္တ၊ သဗ္ဗညုတ ဉာဏ်တော် ကလည်း အနန္တ ဖြစ်လို့ ဉာဏ်က ကွန်မြူးလေလေ၊ ကျမ်းက ကျယ်ထွက် လာလေလေ ဖြစ်လာပါတယ်။ အလျားယူဇနာ ငါးရာရှိတဲ့ ငါးကြီးအာနန္ဒာ၊ ငါးကြီးတိပိဋ်လတို့ဟာ ပင်လယ် ရေတိမ်ပိုင်းမှာ မကျက်စားလောက်ဘဲ သမုဒ္ဒရာ ရေနက်ထဲမှာသာ ပျော်ရွှင် မြူးတူးစွာ ကျက်စားနိုင်သလိုမျိုး ဖြစ်နေပါတယ်။

သဗ္ဗညုတ ဉာဏ်တော် ရွှင်လန်းလာတဲ့အခါ ယှဉ်ဖက်စိတ်၊ စေတသိက် တရားတွေလည်း ရွှင်လန်း ကွန်မြူးလာပြီး ဟဒယဝတ္ထု ခေါ် နှလုံးသွေးလည်း ကြည်လင်တောက်ပ လာပါတယ်။ ဒီအခါ မှာ နှလုံးသွေးနဲ့ ဆက်စပ်နေတဲ့ ရုပ်တွေ လည်း ကြည်လင် တောက်ပလာပြီး တဝင်းဝင်း တလက် လက်နဲ့ ရောင်ခြည်တော် (၆)သွယ် ကွန်မြူး ပေါ်ထွက်လာပြီး စကြဝဠာ အနှံ့ ပျံ့နှံ့သွား ပါတယ်။ စကြဝဠာကလည်း အနန္တရှိလို့ ဒီနေ့အထိ ပဌာန်းတရားတော် သုံးသပ်စဉ်က ရောင်ခြည်တော် တွေဟာ ကွန်မြူးနေဆဲ ရှိပါတယ်လို့ ကျမ်းဂန်များမှာ ပြဆိုထားပါတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ပဌာန်းတရားတော်ကို

ဆင်ခြင် သုံးသပ်ပါမှ ရောင်ခြည်တော်(၆)သွယ် ကွန့်မြူးလာလို့ ယုံယုံကြည်ကြည် ရွတ်ဆို ပွားများတဲ့သူတိုင်း ဘုန်းတန်ခိုး ကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ အလိုရှိတိုင်း၊ တောင့်တ တိုင်း ကောင်းသော ဆန္ဒအားလုံး ပြည့်စုံ အောင်မြင်ပြီး လောကုတ္တရာ မှာလည်း ကိလေသာတွေ တဖြည်းဖြည်း နည်းပါးလို့ တရား အသိဉာဏ် နိုးကြား ပွင့်လင်းသွားမှာ ဖြစ်ပါတယ်။

စာဖတ်သူများလည်း ပဋ္ဌာန်း ရွတ်ဆို ပူဇော်ခြင်းဖြင့် မိမိ မျှော်မှန်းထားတဲ့ ကောင်းကျိုးစီးပွား မှန်သမျှ အခါမလင့် မျက်မှောက်ချက်ခြင်း ဖြစ်ထွန်းနေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်တွေမြို့ကို ပြန်ရောက်တော့ ည ၈ နာရီ ထိုးနေပါပြီ။ ဆေးရုံအဝမှာ တပည့်လေး မောင်အေးမြင့် စောင့်နေ ပြီး 'ဆရာ ဒီနေ့ အေးအေးဆေးဆေး နားလို့ရပါတယ်၊ အရေးကြီး ပြင်ပလူနာတော့ မရောက်ပါဘူး' လို့ ပြောပါတယ်။ ကျွန်တော် လည်း စေတနာအပြည့်နဲ့ လိုက်ပို့ပေးတဲ့ ကိုထွန်းထွန်း ကို နှုတ်ဆက်ပြီး ဆေးရုံထဲ ဝင်ခဲ့ပါတယ်။

ခွဲစိတ်ဆောင်မှာ အရင်ရက်များက ခွဲစိတ်ထားတဲ့ လူနာ များကို ကြည့်ရှုပြီးမှ ကျွန်တော့် အခန်းထဲကို ပြန်လာခဲ့ပါတယ်။ အရေးပေါ်လူနာ မရှိတာမို့ ညပိုင်းမှာ ဆေးရုံတစ်ခုလုံး တိတ်ဆိတ် လို့ နေပါတယ်။

မြတ်စွာဘုရားကို ဆီမီးနဲ့ ရေချမ်း ကပ်လှူပူဇော် ပြီးတဲ့ အခါမှာ အနောက်တိုင်း ဒဿန အတွေးအခေါ်များကို ဆက်လက် လေ့လာ ဖြစ်ပါတယ်။ ကော်ဖီခါးခါး တစ်ခွက် ဖျော်သောက်ပြီး သစ္စာ ကို ဆက်လက် ရှာဖွေဖို့ ဒဿန ပင်လယ်ပြင်ကြီးမှာ အတွေးများနဲ့ ရွက်ဖွင့်လိုက်တဲ့အခါ...

(၁၄)

ဒဿန ပင်လယ်ပြင်မှာ

ဂျာမန် ဒဿနပညာရှင် ဟေဂယ်ရဲ့ နာမ်သဘော ဆောင်သော အနှစ်ဓာတ်ဆိုတဲ့ ဆင်ခြင်ခြင်း နေရာမှာ ရုပ်သဘောကို အစားထိုးပြီး တွေးခေါ်လာသော အယူအဆမှာ *မာ့က်စ် ဝါဒ 'Marxism'* ဖြစ်ပါတယ်။ မျက်မှောက်ခေတ် မှာလည်း မာ့က်စ်ဝါဒဟာ ထင်ရှားရှိဆဲ ဖြစ်သလို ကမ္ဘာပေါ်မှာ ဒီအယူအဆကို လက်ခံတဲ့ လူဦးရေဟာလည်း သန်းပေါင်း ၂၀၀၀ ကျော်လောက် ရှိပါတယ်။

ဟေဂယ်ရဲ့ အလိုအရ အရာခပ်သိမ်းရဲ့ အခြေခံဟာ နာမ် သဘောဖြစ်ပြီး ရုပ်ဟာ နာမ်သဘောမှ ပေါက်ဖွားလာတယ်လို့ ယူဆပါတယ်။ သူက *ဆင်ခြင်ခြင်းဆိုတဲ့ အနှစ်ဓာတ်တော်ဟာ ဆန့်ကျင်ဘက်များဟာ ပေါင်းစည်းခြင်းသဘောဖြင့် တိုးတက် ရွှေ့လျားနေတယ်ဆိုတဲ့ ဒိုင်ယာလက်တစ်ဖြစ်စဉ် 'Dialectical process'* ပါလို့ ဆိုပါတယ်။ မာ့က်စ်ဟာ ဒီဖြစ်စဉ်ကို

လက်ခံပေမယ့် အနန္တဝိညာဉ်ဆိုတဲ့ အခြေခံ နာမ်တရားကို လက်မခံပါဘူး။

မာ့က်စ်က အရာခပ်သိမ်းရဲ့ အခြေခံဟာ ရုပ်သဘောသာဖြစ်ပြီး လူနဲ့ လူဘောင်အဖွဲ့အစည်းကို ရုပ်ကသာ ပဓာန အားဖြင့် ပြဋ္ဌာန်းတယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့ မာ့က်စ် အယူအဆကို *ဒိုင်ယာလက်တစ်နည်းကျ ရုပ်ဝါဒ 'Dialectical materialism'* လို့ ခေါ်ပါတယ်။

ကားလ်မာ့က်စ်ကို ဂျာမဏီနိုင်ငံ *'Trier'* မြို့မှာ ၁၈၁၈ ခုနှစ်က မွေးဖွားခဲ့ပါတယ်။ သူ့ဖခင်ဟာ ရှေ့နေတစ်ဦး ဖြစ်လို့ အသက် ၁၇ နှစ်အရွယ်မှာ *University of Bonn* မှာတက်ရောက်ပြီး ဥပဒေပညာကို သင်ယူခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်း *University of Jena* မှာ တက်ရောက်ပြီး ဒဿနိကဗေဒ ပညာနဲ့ *PhD* ရရှိခဲ့ပါတယ်။ ပညာသင်ယူနေစဉ် ကာလအတွင်း မာ့က်စ်ဟာ ဂျာမန်အတွေးအခေါ်ပညာရှင် ဟေဂယ်ရဲ့ လွှမ်းမိုးမှုကို များစွာခံခဲ့ရပါတယ်။

၁၈၄၂ ခုနှစ်မှာ *Cologne* မြို့ရှိ သတင်းစာတိုက်တစ်ခုမှာ အယ်ဒီတာချုပ် လုပ်ခဲ့ပါတယ်။ ၁၈၄၃ ခုနှစ်မှာ မာ့က်စ်ဟာ သူ့ရဲ့ ငယ်ရည်းစား မူးမတ်မျိုးနွယ်မှ ဆင်းသက်လာတဲ့ *ဂျင်နီဗွန်ဝက်စဖဲလင်* နဲ့ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။

သူ့ရဲ့ ပြင်းထန်တဲ့ နိုင်ငံရေး အမြင်တွေကြောင့် အစိုးရက

သတင်းစာကို အထပ်ထပ် စိစစ်ခဲ့တဲ့အတွက် ၁၈၄၄ ခုနှစ်မှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကို ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီမှာ *ဖရက်ဒရစ်အိန်းဂဲ 'Friedrich Engels'* နှင့် တွေ့သိကျွမ်းဝင်ကာ ရာသက်ပန် မိတ်ဆွေများ ဖြစ်ခဲ့ပါတယ်။

၁၈၄၅ ခုနှစ်မှာ အစိုးရရဲ့ ဖိနှိပ်မှုကြောင့် ပဲရစ်မြို့မှ ထွက်ပြေး တိမ်းရှောင်ပြီး ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့မှာ သွားရောက်နေထိုင်ခဲ့ပါတယ်။ ၁၈၄၇ ခုနှစ်တွင် မာ့က်စ် နှင့် အိန်းဂဲလ်တို့ ပူးပေါင်းပြီး ကွန်မြူနစ်လူငယ်များ အစည်းအရုံးကို တည်ထောင်ခဲ့ပါတယ်။ ၁၈၄၈ ခုနှစ်မှာ လူသိအများဆုံးဖြစ်တဲ့ *ကွန်မြူနစ် ကြေညာစာတမ်း 'Communist Manifesto'* ကို ထုတ်ပြန်ခဲ့ပါတယ်။

၁၈၄၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် လန်ဒန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး အသက်ထက်ဆုံး နေထိုင်ခဲ့ပါတယ်။ မာ့က်စ် နှင့် အိန်းဂဲလ်တို့ရဲ့ အပြန်အလှန် ပေးစာများအရ မာ့က်စ်ဟာ ဘဝမှာ အလွန်ခက်ခဲ ပင်ပန်းစွာ ရုန်းကန်ခဲ့ရတာကို တွေ့ရပါတယ်။ မာ့က်စ်တို့ ဇနီးမောင်နှံဟာ ပညာတတ် လူကုံထံမျိုးရိုးမှ ဆင်းသက် လာကြပေမယ့် ငွေရေး ကြေးရေး မပြည့်စုံမှုကြောင့် ဆင်းရဲဒုက္ခ ရောက်ခဲ့ရပါတယ်။

လန်ဒန်မှာ နေစဉ်ကာလအတွင်း အိန်းဂဲလ်ကသာ အနှစ်နာခံပြီး ထောက်ပံ့နေခြင်း မရှိခဲ့လျှင် မာ့က်စ်ဟာ သူ့ရဲ့ထင်ရှားလှ

တဲ့ *အရင်းကျမ်းကြီး 'Das Kapital'* ကို ပြုစုနိုင်ခဲ့မှာ မဟုတ်ပါဘူး။ နိုင်ငံရေး ဘောဂဗေဒနှင့် အရင်းကျမ်းကို မာ့က်စ်ဟာ ဆောင်းအခါမှာ သွေးခဲသွားမတတ် အလွန်အေးမြလှတဲ့ ဗြိတိသျှ ပြတိုက်ထဲမှာ နာရီပေါင်းများစွာ အလုပ်လုပ်ပြီး ပြုစုခဲ့ ပါတယ်။

၁၈၈၁ ခု ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဇနီးဖြစ်သူ ဂျင်နီဟာ ပင်ပန်းဆင်းရဲ ငတ်ပြတ်မှုဒဏ်ကြောင့် ကွယ်လွန်အနိစ္စ ရောက်ခဲ့ ပါတယ်။ ဇနီးဖြစ်သူ ကွယ်လွန်ချိန်မှစပြီး မာ့က်စ်မှာ စိတ်ထိခိုက် ခဲ့ရပါတယ်။ အရင်းကျမ်းပြုစုစဉ် စိတ်ဖိစီးမှု များကြောင့် ကျန်းမာရေးလည်း တဖြည်းဖြည်း ချို့တဲ့လာပါတယ်။

၁၈၈၃ ခု မတ်လ ၁၄ ရက်နေ့မှာတော့ သူရဲ့ စာရေးစားပွဲ မှာပင် အရင်းကျမ်းကို ရေးသားရင်း ကွယ်လွန်ခဲ့ပါတယ်။ မာ့က်စ်ရဲ့ မပြီးစီးသော အရင်းကျမ်းကို အိန်းဂဲလ်က ဆက်လက် ရေးသားပြီး ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

မာ့က်စ်ဟာ သူ့ခေတ်က အလွန်ထင်ရှားခဲ့သော အတွေး အမြင်ဆိုင်ရာ *ရှေ့သောက်မြစ် သုံးသွယ်* ဖြစ်တဲ့ ဂျာမန်တို့ရဲ့ အတွေးအခေါ် မြော်မြင်ရေးသဘောတရား၊ အင်္ဂလိပ်တို့ရဲ့ နိုင်ငံရေး ဘောဂဗေဒနှင့် ပြစ်သစ် ဆိုရှယ်လစ်ဝါဒတို့မှ အယူ အဆများကို အတွေးသစ် အမြင်သစ်ဖြင့် ရယူခဲ့ပါတယ်။ ဒီအယူအဆ အတွေးအမြင် သုံးခုကို စုပေါင်းပြီး မာ့က်စ်ဟာ *'သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ'* နှင့် *'ဒိုင်ယာ လက်တစ်နည်းကျ*

*ရုပ်ဝါဒ*ကို ဖော်ထုတ် ခဲ့ပါတယ်။

မာ့က်စ် အလိုအရ ရုပ်သာလျှင် လောကရဲ့ အခြေခံတရား ဖြစ်ပြီး ၄င်းကို နာမ်တရားများ ဖြစ်သော ထာဝရ ဘုရားသခင်နဲ့ အနှစ်ခြာ ဝိညာဉ်တော်က ဖန်ဆင်းထားတာ မဟုတ်ပါ ဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒဟာ လောကမှ စိတ် မရှိဘဲ အရာရာ ရုပ်သာဖြစ်တယ်လို့ စိတ်ကို လက်မခံတဲ့ *ရုပ်ကြမ်းဝါဒ 'Vulgar Materialism'* မျိုးလည်း မဟုတ်ပါဘူး။

အနုပညာနှင့် ပတ်သက်လို့ မာ့က်စ် ရေးသားခဲ့တဲ့ စာစု လေးဟာလည်း သူ့ရဲ့ စိတ်သဘောထားကို ထင်ဟပ်ဖော်ပြနေ ပါတယ် -

'Art is always and everywhere

the secret confession and,

At the same times,

the immortal movement

of its times.

အနုပညာသည်

နေရာတိုင်းမှာ အစဉ်အမြဲ ရှိနေမယ့်

လျှို့ဝှက်သော ဖြောင့်ချက်တစ်ခု ဖြစ်ပြီး

အချိန်တိုင်းမှာ အမြဲရှင်သန်နေမယ့်

ခံစားမှု တစ်ခုပါ။

မာ့က်စ်ဟာ လောကမှာ ရုပ်ရှိသလို စိတ်လည်း ရှိပါတယ်လို့ လက်ခံပါတယ်။ ဒါပေမဲ့ သူက လောကမှာ ရုပ်မရှိဘဲနှင့် စိတ်ဆိုတဲ့ သိမှုသဘောဟာ မရှိနိုင်။ စိတ်ဟာ ရုပ် တစ်ခုခုကို မှီတွယ်ပြီးမှသာ ဖြစ်နိုင် တည်နိုင် လှုပ်ရှားဖြစ်ပေါ် နိုင်သလို ရုပ်နဲ့ စိတ်ကိုလည်း ခွဲလိုမရပါဘူးလို့ ဆိုပါတယ်။

သူက စိတ်ဟာ လူ့ရဲ့ ဦးဏှောက်နဲ့ သဘာဝ ပတ်ဝန်းကျင် လောကတို့ ထိတွေ့ဆက်ဆံရာမှ ဖြစ်ပေါ်လာသော ဖြစ်ရပ် တစ်ခုပါလို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့ *စိတ်ဟာ ရုပ်နှင့် နှိုင်းစာပါက ရုပ်သာလျှင် ပဓာန ဖြစ်ကြောင်း ရှုမြင်ထားပါတယ်။*

မာ့က်စ်ရဲ့ လောကအမြင်ဟာ *ဆန့်ကျင်ဘက်တရား*တို့ရဲ့ *စည်းလုံးညီညွတ်မှု*နဲ့ *ပဋိပက္ခဖြစ်မှု 'Unity and Struggle of Opposites'* နိယာမအပေါ်မှာ အခြေစိုက် ထားပါတယ်။

ဆန့်ကျင်ဘက် တရားတို့ရဲ့ စည်းလုံးညီညွတ်မှု ဆိုတာ အရာဝတ္ထု တစ်ခုအတွင်းမှာရှိတဲ့ အင်အားစုများဟာ တစ်ခုနဲ့ တစ်ခု ဆန့်ကျင်နေပေမယ့် ခွဲမရအောင် ဆက်စပ်နေတဲ့ သဘောကို ဆိုလိုပါတယ်။ ပမာဆိုရရင် သံလိုက်တုံး တစ်ခုမှာ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းတို့ဟာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေပေမယ့် တစ်ခုနှင့်တစ်ခု ဆက်စပ် စည်းလုံးညီညွတ်တဲ့ သဘောလည်း ရှိပါတယ်။

အလားတူ ဒိန်းမတ်နိုင်ငံသား ရူပဗေဒပညာရှင် နီးဘိုးလ်

'Nee Bohl' ရဲ့ *Atom* တည်ဆောက်ပုံကို ကြည့်ပါကလည်း အလယ်ဗဟို *Nucleus* တွင် အဖိုသဘောဆောင်သော *Proton* ရှိပြီး ယင်းကို စက်ဝိုင်းပတ်လမ်းဖြင့် လှည့်ပတ်နေသော *Electron* ၁ ခု အမသဘော ဆောင်ပါတယ်။ *Nucleus* ကို လှည့်ပတ်နေသော *Electrons* များ ပတ်လမ်းအတွင်းမှ လွတ်မထွက်သွား စေရန် ဒြပ်ဆွဲအားဖြင့် ထိန်းထားပေမယ့် အချင်းချင်းက ဆန့်ကျင်ဘက် သဘော ဆောင်နေပါတယ်။

ဒါ့ကြောင့်မို့ ဆန့်ကျင်ဘက် တရားတို့ဟာ ငြိမ်းချမ်းစွာ စည်းလုံးပေါင်းဆုံ ညီညွတ်နေဘာ မဟုတ်ဘဲ တစ်ခုနဲ့တစ်ခု အချင်းချင်း ပဋိပက္ခဖြစ်မှုသဘောကို ဆောင်နေပါတယ်။ အသစ်နဲ့ အဟောင်း၊ ဖြစ်ပေါ်မှုနဲ့ ပျက်သုန်းမှု မှန်သမျှဟာ ပဋိပက္ခ ဖြစ်နေကြပါတယ်။

မာ့က်စ်ဟာ သမိုင်းစဉ်ကို *လူတန်းစားတိုက်ပွဲ 'Class Struggle'* ဒါမှမဟုတ် လူတန်းစား ပဋိပက္ခဖြစ်စဉ် အဖြစ် ရှုမြင်ပါတယ်။ လူဘောင်အတွင်း လူတန်းစားတိုက်ပွဲများ ရှိနေရခြင်းမှာ ချယ်လှယ်သူ *ခေါင်းပုံဖြတ်လူတန်းစား* နှင့် အချယ်လှယ်ခံ *ခေါင်းပုံဖြတ်ခံ လူတန်းစားများ* ရှိနေသောကြောင့် ဖြစ်ပါတယ်။

အရင်းအနှီး ဥစ္စာပိုင်ဆိုင်မှု *'Investment Property'* အပေါ် မူတည်ပြီး ကျွန်ပိုင်ရှင်နှင့် ကျွန်များ၊ မြေပိုင် ရှင်နှင့်

မြေကျွန်၊ အရင်းရှင်နှင့် အရင်းမဲ့အလုပ်သမား ဆိုတဲ့ လူတန်းစား ကွဲပြားမှုများ ရှိလာပါတယ်။

အရင်းအနှီး ပိုင်ဆိုင်သူက အရင်းအနှီးမဲ့သူများအပေါ် ခြယ်လှယ် လွှမ်းမိုးမှု ကြောင့် ဆင်းရဲဒုက္ခများ၊ စားဝတ်နေရေး မပြည့်စုံမှုများ စတဲ့ လူ့ဘဝရဲ့ အနှိဉ်ချဲ့များကို လောကမှာ တွေ့ကြုံနေရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ခြယ်လှယ်သူ လူတန်းစား မရှိသော လူမှု အဆောက်အအုံကြီး ဖြစ်အောင် လူတို့ကပဲ ကျိုးပမ်းရမှာ ဖြစ်တယ်လို့ မာ့က်စ်က ဆိုပါတယ်။

မာ့က်စ်က လူဟာ မိမိဘဝ သာယာအောင်၊ အနှစ်သာရ ရှိသောဘဝမှာ နေနိုင်အောင် သဘာဝပတ်ဝန်းကျင် ကိုသာမက မိမိရဲ့ လူမှုပတ်ဝန်းကျင်ကိုလည်း မတရားခြယ်လှယ် ခေါင်းပုံဖြတ်မှုကင်းသော လူမှုပတ်ဝန်းကျင်ဖြစ်အောင် လူအချင်းချင်း စုပေါင်းပြီး တော်လှန်ပြုပြင်ရမှာ ဖြစ်ပါတယ်။ လူတို့ရဲ့ စုပေါင်းကြိုးစားမှုကြောင့် ပစ္စည်း ဥစ္စာ ပြည့်လျှံပေါများပြီး နိုင်ငံတော် အာဏာလည်း မလိုအပ်တော့သော လူတို့စိတ်ရှိတိုင်း ကာယသုခ စိတ္တသုခတို့ကို ခံစားနိုင်သော *ဘုံလူ့ အဖွဲ့အစည်း 'Communist Society'* ကို ရောက်ရှိရမယ်လို့ မာ့က်စ်က ယုံကြည်မျှော်လင့်ထားပါတယ်။

သူ့ အလိုအရ ခြယ်လှယ်သူ လူတန်းစားမရှိတော့ဘဲ စားဝတ် နေရေး လူ့အသုံးအဆောင် စသော ရုပ်ပစ္စည်းများဖြင့်

ပြည့်စုံစွာနေရသော ဘဝသည်သာ အနှစ်သာရ ပြည့်ဝပြီး အဓိပ္ပါယ်ရှိသော ဘဝဖြစ်ပါတယ်။

ကျွန်တော့် အနေနဲ့ လူသမိုင်းဟာ လူတန်းစား တိုက်ပွဲလို့ ရှုမြင်တာဟာ မေတ္တာရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒေါသကို အခြေခံထားသလို ဘက်လိုက်တဲ့အမြင် ဖြစ်နေပါတယ်။ လူတန်းစား အမုန်းကို ဦးတည်ထားတဲ့အတွက် ငြိမ်းချမ်းမှုကို ရရှိဖို့ ခဲယဉ်းပါလိမ့်မယ်။

လူမှာ ပင်ကိုယ်အားဖြင့် ရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် မည်သည့်အရာမျှ ကျေနပ် ရောင့်ရဲတတ်တဲ့ သဘောမရှိပါဘူး။ ဒါ့ကြောင့်မို့ မာ့က်စ် မျှော်လင့်ထားတဲ့ လူ့အဖွဲ့အစည်းမျိုးလို့ ရောက်ရှိသည့်တိုင်အောင် လူတွေဟာ ပြည့်စုံတဲ့ဘဝဆိုပြီး ကျေနပ်နှစ်သိမ့်ဖို့က ခဲယဉ်း ပါလိမ့်မယ်။

မျက်မှောက်ခေတ် သိပ္ပံတွေ့ရှိမှုများအရ *ရုပ်ဆိုတာ စွမ်းအင်သဘောသာရှိပြီး ဒြပ်မဲ့ တစ်စုံတစ်ခု 'Non material something'* အဖြစ်သာ သတ်မှတ် ထားပါတယ်။

သိပ္ပံပညာရှင်တွေဟာ *'ရုပ်' 'matter'* ကိုအထပ်ထပ် ခွဲစိတ် ရှာဖွေကြည့်တဲ့အခါ သူတို့ ယူဆထားတဲ့ *အနှစ်အဆံ 'Essence'* နဲ့ *ထာဝရ အတ္တာသဘော 'Eternal soul'* ကိုရှာလို့ မတွေ့ကြပါဘူး။ ဒီအခါမှ အစက ရုပ်မှာဒြပ်ထုရှိတယ်၊ ဒြပ်ထုထဲမှာ အလေးချိန်ရှိတယ်လို့ ထင်ခဲ့တာတွေဟာ ဘာတစ်ခုမှ

မဟုတ်ပါလား။ သိလာကြပါတယ်။

ယခုအခါမှာ 'ရုပ်' ကို *'စွမ်းအင်' 'Energy'* အဖြစ် သာ ရှုမြင်လာကြပါတယ်။ စွမ်းအင်မှာ ဒြပ်ထုသဘော *'mass'* ၊အလေးချိန် *'Weight'*၊ လာရာ *'Dimension'* နဲ့ အဆင်း သဏ္ဌာန် *'Form'* တစ်ခုမှ မရှိတဲ့အတွက် ရူပဗေဒ ပညာရှင် တွေဟာ *'ရုပ်သည် ဖြစ်တည်ခြင်းမရှိ' 'Matter does not exist'* လို့ ဝမ်းနည်းဖွယ် ဆိုလာ ကြရပါတယ်။

ဒီအချက် တွေကလည်း မာ့က်စ်ရဲ့ ရုပ်ဝါဒကို ကမောက် ကမ ဖြစ်စေခဲ့ပါတယ်။

မာ့က်စ် ဝါဒကို အနောက်တိုင်း ဒဿနပညာရှင် ဘာထရန် ရပ်ဆဲလ် ရှုမြင်ရာမှာ အရေးကြီးတဲ့ အချက်တစ်ခုက မာ့က်စ်ဝါဒ ကို လက်ခံကျင့်သုံးနေတဲ့ လူတွေဟာ မာ့က်စ် အိန်းဂဲ လီနင် စတာလင်တို့ရဲ့ အယူအဆမှ မှန်တယ်လို့ တရားသေဝါဒ ဆွဲကိုင်ထားတာ ဖြစ်ပါတယ်။ လူတွေရဲ့ လွတ်လပ်စွာ တွေးခေါ် ဆင်ခြင်မှု အားလုံးကို အကျဉ်းချထားသလို ဖြစ်တဲ့အတွက် မာ့က်စ် ဝါဒဟာလည်း သစ္စာကို ရှာဖွေရာမှာ ကျေနပ် ဖွယ်ရာ အဖြေကို ပေးစွမ်းနိုင်ဖွယ် မရှိပါဘူး။

*မာ့က်စ်က လက်တွေ့ဟာ သစ္စာတရား*ရဲ့ စံ ပင်ဖြစ်တယ် *'Practice is the criterion of truth'* လို့ ဆိုပါတယ်။ သူက အဖန်တလဲလဲ လက်တွေ့လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့်

အမှန်တရားကို သိမြင်နိုင်တယ်လို့ ခံယူထားပါတယ်။ သူ့ရဲ့ အမြင်က သိပ္ပံပညာရဲ့ လက်တွေ့ စမ်းသပ်မှုသဘောကို အခြေခံထားတာဖြစ်လို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ သစ္စာကို ရရှိနိုင်မှာ ဖြစ်ပေမယ့် အမှန်တရား သစ္စာကိုတော့ ရရှိနိုင်ဖွယ်ရာ မရှိပါဘူး။

ဆိုကရေးတီး၊ ပလေးတိုး၊ အာရစ္စတိုတယ် တို့မှစပြီး ထွန်းကားလာခဲ့သော အနောက်တိုင်း ဒဿနများကို လေ့လာခဲ့တဲ့ အခါမှာ ကျွန်တော့်အတွက် ဗဟုသုတများစွာ ရရှိခဲ့ပြီး လောက အမြင်လည်း အများကြီးကျယ်ဝန်း လာခဲ့ပါတယ်။ ဒါပေမဲ့ ယခုအထိ မည်သည့် အတွေးအခေါ်ကိုမျှ သစ္စာ ရှာဖွေရာမှာ ယုံကြည်အားကိုးထိုက်တဲ့ အမြင်တစ်ရပ် အဖြစ် မရရှိခဲ့ပါဘူး။

(၁၅)

သံသရာ တစ်ကွေ့ဝယ်

၂၀၀၀ ခု ဖေဖော်ဝါရီလ၊ တတိယပါတ်၊ သောကြာနေ့ ညနေ နေခြည်ဟာ ဝင်းပနေသလို ဆေးရုံရှေ့က သရက်ပင်များ၊ ကုက္ကိုလ်ပင်များပေါ် ဖြာကျနေလို့ စိမ်းလွင်သောသစ်ရွက်များရဲ့ အရိပ်များကို ပြောက်တိပြောက်ကျား မြင်နေရပါတယ်။

ပို့ခင်းများက လှမ်းမြင်နေရတဲ့ မိုးတက်စကဲဝိုင်း အစပ် အထိ ရှည်မဆုံးနိုင်။ နေမင်းက ဟိုး အဝေးက တောင်စွယ် တောင်တန်းများကို နောက်ခံပြုလျက် ကြက်သွေးရောင်

ကောင်းကင်ထဲမှာ။ နွေဦး ရောက်တော့မှာမို့ လေရူးသုန်သုန်က သယ်ယူလာတဲ့ ပန်းရနံ့မျိုးစုံ ကိုလည်း ရရှိခံစားမိပါတယ်။

ငြိမ်သက်နေတဲ့ ပျိုးခင်းများ၊ ပွင့်ဖူးနေတဲ့ ပန်းကလေးများ၊ တငြိမ့်ငြိမ့် စီးဆင်းနေတဲ့ စမ်းချောင်းငယ်ကလေးများရဲ့ သဘာဝ အလှကို ရှုမျှော်ကြည့်ရင်း ကျွန်တော်လမ်းလျှောက် ထွက်ခဲ့ပါတယ်။ နက်ဖြန် အစောကြီး ထစရာ မလိုတာမို့ ဒီနေ့ ညဉ့်နက်တဲ့အထိ ကျန်ရှိသေးတဲ့ အနောက်တိုင်း ဒဿန အတွေးအခေါ်ကို ဆက်လက်လေ့လာဖို့ စဉ်းစားထားပါတယ်။

ဘဝရဲ့ နေနေသမျှ ရက်ကလေးတွေမှာ အများအတွက် တတ်နိုင်သလောက် ဆောင်ရွက်ပေးရင်း မိမိစိတ်ကလေးကိုလည်း သတိ အမှတ်လေးနဲ့နေဖို့ ဆုံးဖြတ်ထားပါတယ်။ တစ်ကယ်တော့ မိမိစိတ်နဲ့ မိမိ သဟဇာတဖြစ်အောင် စိတ်ကလေးကို သတိ နေအိမ်မှာ မြဲအောင်လုပ်ရတာ အခက်ဆုံးပါပဲ။

ကျွန်တော့် ဖခင် ဆရာ ဦးစိုးလင်းက 'သား အခု လူနာတွေကို ခွဲစိတ် ကုသပေးတာ၊ ဘာသာရေး ဆောင်းပါးတွေ ရေးတာ၊ ဘဝတိုးတက်ဖို့အတွက် ရှုန်းကန်လှုပ်ရှား နေတာဟာ လောကီဘက်ကဆိုရင် အရေးပါတဲ့ အလုပ်တွေပေါ့။ ဒါပေမဲ့ လောကုတ္တရာဘက်က ကြည့်ရင် သောတာပန် အငယ်စား လောက်ဖြစ်မှ နောင်ဘဝအတွက် စိတ်ချရမှာ၊ ဆရာဝန်အလုပ်က မွန်မြတ်ပေမယ့် ပုထုဇဉ်ဆိုတော့ လောဘ၊ ဒေါသ၊ မောဟစော

တွေလည်း ကပ်နေတော့ လုပ်သမျှ ကုသိုလ်တွေ ဖြစ်ချင်မှ ဖြစ်မယ်၊ အကုသိုလ်တွေလည်း ဖြစ်နိုင်တာပဲ...'လို့ ပြောခဲ့ဖူးပါတယ်။

ကျွန်တော်လည်း ဖခင် အဆုံးအမကြောင့် ရတဲ့အချိန်လေးမှာ ခန္ဓာငါးပါးကို ဘုရားထဲ လှူပြီး တရားရှုမှတ် ဖြစ်ပါတယ်။ ညစဉ် အိပ်ရာမဝင်မီမှာ ရှုမှတ်သလို အလုပ်ထဲမှာလည်း သတိနဲ့ နေတဲ့အကျင့်လေး ရှိအောင် ကြိုးစားပါတယ်။

ကျွန်တော် ဒီနေ့တော့ စစ်တွေမြို့ဘက် ဦးတည်ပြီး လျှောက်ဖြစ်ပါတယ်။ တစ်နာရီလောက် လျှောက်ပြီးပြန်လှည့် လာတော့ နေလုံးက တဖြည်းဖြည်းနဲ့ စိမ်းလဲ့နေသော ပျိုးခင်း အစပ်သို့ ငုပ်ဆင်းစ ပြုနေပါတယ်။

မိုးကုပ်စက်ဝိုင်း အစွန်က တိမ်နီနီတို့လည်း ပန်းနုသွေးရောင် ဖျော့စပြုနေသလို ကောင်းကင်ပြာပြာ မှာလည်း သပိတ်လွယ် ငှက်ဥရောင် စိမ်းပြာရိပ်သမ်းစ ပြုနေပါပြီ။ အိပ်တန်းပြန်နေတဲ့ ငှက်ကလေးတွေကိုလည်း အုပ်လိုက်အုပ်လိုက် တွေ့နေ ရပါတယ်။ တိုက်ခတ်လာတဲ့ လေထဲမှာ မြေသင်းနံ့၊ သစ်ရွက် ခြောက်နံ့နဲ့ ပန်းရနံ့တို့ကလည်း မွှေးထုံလို့ နေပါတယ်။ အဝေးက တောင်စွယ် တွေမှာလည်း ဆည်းဆာရိပ် မှိုင်းမှိုင်းကို တွေ့နေရပါတယ်။

ကျွန်တော် ဆေးရုံအဝရောက်တော့ တပည့်လေး မောင်အေးမြင့်က လာကြိုပြီး 'ဆရာ... ဒီနေ့ အေးအေးဆေးဆေး

နားလို့ရတယ်၊ အရေးကြီးလူနာ မရောက်ပါဘူး'လို့ ဆိုပါတယ်။

ကျွန်တော် ရေချိုးပြီး ညစာကို ငါးရံ့ဆန်ပြုတ်နဲ့ ပြီးလိုက်ပါတယ်။ စားသောက်ပြီး စာအုပ်စင်ကို ကြည့်လိုက်တော့ ဖတ်စရာ စာအုပ် နည်းနည်းသာ ကျန်ပါတော့တယ်။ အဲဒီထဲက ဘာထရန်ရပ်ဆဲရဲ့ *'အနောက်တိုင်း အတွေးအခေါ်များ သမိုင်း'* ကို ဆက်လက်ဖတ်ရှုဖြစ်ပါတယ်။

စာဖတ်လို့ကောင်းဆဲ ည ၁၁ နာရီလောက်မှာ ပုဏ္ဏားကျွန်း ဖက်က လူငယ်လေးတစ်ဦး ဓားထိုးခံရလို့ အရေးပေါ်ရောက်ရှိလာပါတယ်။ ကျွန်တော် စမ်းသပ်ကြည့်တဲ့အခါ ချက်ရဲ့အပေါ်ပိုင်းမှာ အဝင်ဒဏ်ရာတွေ့ရပြီး ဗိုက်တစ်ပြင်လုံး တင်းနေတာကိုတွေ့ရပါတယ်။ သွေးခုန်နှုန်းမြန်ပြီး သွေးပေါင်ချိန်လည်း ကျနေတာမို့ ဗိုက်ထဲမှာ သွေးယိုစီးမှု *'Internal haemorrhage'* ရနေပြီဆိုတာ သတိထားမိလိုက်ပါတယ်။

ကျွန်တော်လည်း လူနာကို အထူး ကြပ်မတ်ကုသမှု အခန်းမှာ ထားရှိပြီး သူနာပြုများကို သွေးကြောမှ *IV Cannula* ချက်ခြင်း ထည့်သွင်းဖို့ မှာရပါတယ်။ လိုအပ်တဲ့သွေးဖောက်ယူခြင်း၊ ပဋိဇီဝဆေးများနှင့် ဓါတ်ဆားရည်များ ထည့်သွင်းပြီးတဲ့အခါ လူနာကို ဝမ်းဗိုက် ဓါတ်မှန် *'Abdominal X-ray'* ရိုက်ကြည့် လိုက်ပါတယ်။ ခန့်မှန်းထားတဲ့အတိုင်း အစာအိမ်နှင့် အူလမ်းကြောင်း တစ်နေရာရာမှာ ပေါက်သွားတဲ့

အတွက် ဝမ်းခေါင်းနဲ့ ရင်ညွှန့်ကို ပိုင်းခြားထားတဲ့ ကြွက်သား အမြှေးလွှာအောက်မှာ လေ တွေကို တွေ့နေရပါတယ်။ ဆေးပညာ ဝေါဟာရ နဲ့ *Free gas under diaphragm* လို့ ခေါ်ပါတယ်။

အရေးပေါ် ခွဲစိတ်ဖို့လိုတာမို့ လိုအပ်သော သွေးများ ရရှိပြီး တာနဲ့ ခွဲစိတ်ကုသမှုကို စတင်လိုက်ပါတယ်။ မေ့ဆေးကို ဆရာကြီး ဖေသိန်းကပေးပြီး မမျိုးနဲ့ ကိုသိန်းက *assist* ဝင်ရောက် ပေးပါတယ်။

ကျွန်တော် ဝမ်းဗိုက်က အတွင်းအင်္ဂါတွေကို ဖုံးအုပ် ထားတဲ့ *Peritoneum* အမြှေးလွှာကို ဖွင့်လိုက်တဲ့အခါ အထဲမှာသွေးခဲ တွေနဲ့၊ သွေးတော်တော်များများ ရှိနေတာကို တွေ့ရပါတယ်။ အသည်း၊ ဘေလုံးနဲ့ အူလမ်းကြောင်းတစ်လျှောက် စစ်ဆေးကြည့် တဲ့အခါမှာ *Ileum* လို့ခေါ်တဲ့ အူသိမ်မှာ အပေါက်ကြီး တစ်ပေါက်နဲ့ အူအမြှေးပါး တွေမှာလည်း ပေါက်ပြဲရာတွေကို တွေ့ရပါတယ်။ ကျွန်တော်တို့ ရေနဲ့ သေသေချာချာ ဆေးပြီး ပေါက်ပြဲနေတဲ့ အူအပိုင်းနဲ့ အမြှေးပါးတွေကို ဖြတ်ထုတ်ပြီး ကောင်းမွန်တဲ့ အူထိပ်လေးနှစ်ခုကို ပြန်ဆက်ပေးလိုက်ပါတယ်။

ခွဲစိတ် ကုသမှုပြီးတော့ နံနက် ၂ နာရီ ထိုးနေပါပြီ။ ကျွန်တော်လည်း စာဆက်မဖတ်နိုင်တော့ဘဲ အိပ်ယာဝင်လိုက် ပါတယ်။ နံနက်စောစော ၆ နာရီမှာလည်း အူအတက်ရောင်တဲ့

လူနာတစ်ဦး ထပ်ရောက်လာလို့ နံနက် ၉ နာရီမှာ အရေးပေါ်ခွဲစိတ် ပေးရပါတယ်။

ခွဲစိတ်ခန်း အပြင်ဘက် ရောက်တော့ နွေဦးရဲ့ အထိမ်းအမှတ် ဖြစ်တဲ့ လေရူးကလေးတွေ တိုက်ခတ် နေတာ မြင်ရသလို လွမ်းဆွတ်ဖွယ်ရာ ဥဩမြည်သံ တွေကိုလည်း ကြားနေရပါကယ်။

ကျွန်တော် ဇနီးဘက် အခန်းထဲမှာ စာဖတ်ရင်း အိပ်ပျော်သွားပါတယ်။ အိပ်လို့ကောင်းဆဲ တံခါးခေါက်သံကြောင့် ဖွင့်ကြည့်လိုက်တဲ့အခါ ခရမ်းရောင် အထက်အောက်ဆင်တူဝတ်ထားပြီး လက်ထဲမှာ သစ္စာပန်းတွေ ကိုင်ထားတဲ့ မသင်းကို တွေ့ရပါတယ်။

'အစ်ကို အံ့သြသွားလား၊ အရင်က အင်္ဂါနေ့ ပြန်ပို့စီစဉ်ထားတာ၊ အမေလည်း နေကောင်းသွားပြီ၊ အလုပ်တွေလည်းပြီးလို့ ဒီနေ့ပဲ ပြန်လာလိုက်တာ ...'

ကျွန်တော်လည်း မသင်း ရန်ကုန်မသွားခင်က အပ်ထားခဲ့သေတ္တာကို ပြန်ထုတ်ပေးပြီး...

'အစ်ကိုက အင်္ဂါနေ့ လာကြိုဖို့ သတိရတယ်။ ညီမ ကြည့်ရတာ ခရီးပန်းလာပုံရတယ်။ ကော်ဖီ သောက်မလား၊ ဗိုက်ဆာရင် ပေါင်မုန့်နဲ့ ခေါက်ဆွဲတော့ရှိတယ်'

'ကော်ဖီပဲ သောက်ပါ့မယ်၊ ညီမ ဖျော်လိုက်မယ်နော်၊

ညနေမှ ရန်ကုန်ကယူလာတဲ့ အစားအစာတွေနဲ့ ကျွေးပါ့မယ်'

'ညီမ... ရန်ကုန်မှာ *CT scan* နဲ့ *Endoscope* လုပ်ဖြစ်သေးလား ...'

မသင်းက အားတုန့်အားနာနဲ့ ကြည့်ပြီး 'အစ်ကို အပြစ်တင်ရင်လည်း ခံရမှာပါ၊ ညီမ ရန်ကုန်ရောက်တော့ အမေ့ကျန်းမာရေး စစ်ဆေးပေးနေရတာရယ်၊ နောက် တောက်လျှောက်သွေးလည်းမဆင်းတော့တာနဲ့ မလုပ်ဖြစ်လိုက်တော့ဘူး...'

ကျွန်တော်လည်း မသင်းကို ဂရုဏာသက်စွာနဲ့ ကြည့်မိလိုက်ပါတော့တယ်။ တကယ်တော့ မသင်းဟာ ခွင့်ရက်မစေ့သေးပေမယ့် သူ့တာဝန်တွေကို ယူထားရတဲ့ ကျွန်တော်တို့ကို အားနာတာရယ်၊ အလုပ်အပေါ်မှာ သံယောဇဉ် ရှိတာရယ်ကြောင့် သူ့ကျန်းမာရေးကို အလေးမပေးနိုင်ဘဲ ပြန်လာခဲ့တာပါ။

'ညီမလည်း ဒီနေ့တော့ အေးအေးဆေးဆေး နားလိုက်ပါဦး၊ *Sunday* နံနက်မှ အစ်ကို *over* ပေးပါ့မယ်၊ အသဲအသန် လူနာလည်း မရှိပါဘူး...'

'ညီမ ခွင့်သွားနေတုန်း *Medical ward* ကို ကြည့်ထားပေးတာ ကျေးဇူးပါပဲ၊ အစ်ကို့အတွက် ရွှေတိဂုံက နံ့သာဖြူပုတီးနဲ့ လက်ဖက်တွေ ယူလာတယ်၊ အစ်ကို မှာလိုက်တဲ့ ဆရာကြီး ဦးဖေမောင်တင်ရဲ့ *ဗုဒ္ဓမြတ်စွာ၏ တရားဦး* နဲ့ ဦးဆန်းလွင်ရေးတဲ့ *ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်*

အကြောင်း စာအုပ်လည်းပါတယ်...'

ကျွန်တော်တို့ စကားကောင်းနေတုန်း ကိုသိန်းနဲ့ မမျိုးတို့ ရောက်လာတာနဲ့ ကော်ဖီဖျော်၊ လက်ဖက်သုပ်ပြီး ညနေစောင်း တဲ့အထိ စကားပြော ဖြစ်ကြပါတယ်။ တောအကြောင်း တောင် အကြောင်းများအပြင် 'နေ့လည်ခင်း တစ်ရေးတစ်မော အိပ်သင့်၊ မအိပ်သင့်' ဆိုတာကိုလည်း ဆွေးနွေးဖြစ်ပါတယ်။ အားလုံးက ဆေးပညာရှူဒေါင့်မှရော၊ ကိုယ်တွေ့အရရော နေ့လည်ခင်း ခဏာ မှေးစက်အနားယူတာကို သဘောတူကြပါတယ်။

တနင်္ဂနွေ နံနက်မှာ မသင်းကို *over* ပေးပြီး ပုံမှန်အလုပ် များနဲ့ နာရီစက်ဝန်းဟာ မနားတမ်း လည်ပတ်လျှက်ရှိပါတယ်။ တစ်ရက် တစ်ရက် မိုးသောက်မှ ညအထိ အချိန်ကုန်သွားတာ ဖျတ်ကနဲ ဖျတ်ကနဲ မြန်လှသလို အစိုးမရ၊ မမြဲတဲ့သဘောတွေ ကိုလည်း တွေ့နေရပါတယ်။

ကျွန်တော်တို့ အရေးပေါ်ခွဲပေးတဲ့ ဓားထိုးခံရတဲ့ လူငယ်လေး မောင်မျိုးမြင့်လည်း သက်သာလာပြီမို့ ဆေးရုံကဆင်းပေးလိုက် ပါတယ်။ အဲဒီနေ့ ညနေမှာ ၉ တန်းကျောင်းသားလေးတစ်ဦး ဆိုင်ကယ်ပေါ်က ပြုတ်ကျတဲ့ဒဏ်ရာနဲ့ ရောက်လာပါတယ်။ ကျွန်တော်တို့ စမ်းသပ်ကြည့်တော့ ညာဖက်ကျောပြင် ကျောက်ကပ်ရှိတဲ့ နေရာမှာသာ ပွန်းပဲ့ဒဏ်ရာများ ရရှိထားပြီး ဆီးသွားတိုင်း သွေးများပါလာတာ တွေ့ရပါတယ်။ ကျွန်တော်တို့

စစ်ဆေးမှုများအရ ညာဖက်ကျောက်ကပ်မှာ အတွင်းဒဏ်ရာ ရသွားတာ ဖြစ်နေပါတယ်။

ဗိုက်တစ်ပြင်လုံး ပျော့ပြောင်းနေပြီး အခြားနေရာမှာလည်း ဒဏ်ရာမရှိတာမို့ ကျွန်တော်တို့ ခေတ္တ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ ပဋိဇီဝ ဆေးများပေးပြီး သွေးတိတ်ဆေးများနှင့် သွေးသွင်းကုသပေမယ့် နေ့စဉ် ဆီးထဲမှ သွေးပါတာ လျော့မသွားပါဘူး။

ကျွန်တော်တို့ သုံးရက်ခန့် အချိန်ပေးပြီး စောင့်ကြည့်ပေမယ့် ဆီးထဲမှာ သွေးက ဆက်တိုက် ပါနေပါတယ်။ တဖြည်းဖြည်းနဲ့ သွေးပါတာလည်း များလာတဲ့အတွက် ကျောင်းသားလေးမောင်မိုးမြင့်ကို ခွဲစိတ် ကုသပေးဖို့ ဆုံးဖြတ် လိုက်ပါတယ်။

ကျွန်တော်တို့ ကျောက်ကပ်နေရာကို ဦးတည်ခွဲစိတ်ပြီး စစ်ဆေး ကြည့်လိုက်တဲ့အခါ ကျောက်ကပ်နေရာ တော်တော်များများ ကြေနေတာကိုတွေ့ရပြီး သွေးခဲတွေနဲ့ ပိတ်ဆို့ နေပါတယ်။

မသင်းက 'ကျောက်ကပ်က ဘယ်လိုမှ မကောင်း နိုင်တော့ဘူး၊ ညီမတို့ ထင်တာထက် အခြေအနေ ဆိုးတယ်နော်...'

'အစ်ကိုလည်း အသက်ငယ်သေးတော့ တတ်နိုင်သမျှ ကျောက်ကပ်ကို *Conserve* လုပ်ချင်တာပေါ့၊ ဒါပေမဲ့ ညီမ ယူဆသလို ထုတ်ပစ်လိုက်တာက သူ့အတွက် အကောင်းဆုံးပါပဲ

ဘယ်ဘက်ကျောက်ကပ်က ကောင်းနေတော့ သက်တမ်းပြည့်တော့ အလုပ်လုပ်နိုင်မှာပါ...'

ကျွန်တော်လည်း အခြေအနေအရ ညာဖက် ကျောက်ကပ် တစ်ခုလုံးကို ထုတ်လိုက်ရတဲ့ *Nephrectomy operation* ကို လုပ်လိုက်ရပါတယ်။

ခွဲစိတ်ကုသမှုအပြီး နောက်ရက်များမှာတော့ ဆီးထဲသွေးပါတာ မရှိတော့ဘဲ မောင်မိုးမြင့်လေးလည်း အခြေအနေပြန်လည် ကောင်းမွန်လာပါတယ်။ ၁၀ ရက်ခန့် အကြာမှာတော့ ပုံမှန် အနေအထား ရောက်လာပြီမို့ ဆေးရုံက ဆင်းပေးလိုက်ပါတယ်။

ကျွန်တော် ဆေးရုံမှ လူနာများနှင့် ခွဲစိတ်ကုသမှုများကို ဆောင်ရွက်နေဆဲမှာ အထက်ဌာနမှ ကျွန်တော့်အား စင်္ကာပူ နိုင်ငံ *National Cancer Centre* မှာ မတ်လ ၃၁ ရက်နေ့ မှာ ဖွင့်လှစ်မယ့် ကင်ဆာကုသမှုနဲ့ ပတ်သက်တဲ့ သင်တန်း တစ်ခုကို တက်ရောက်ဖို့ အကြောင်းကြား လာပါတယ်။ ပြင်ဆင်ဖို့ ရက် နည်းနေတာမို့ မတ်လ ၂၃ ရက်နေ့မှာ ရန်ကုန်သို့ အရောက် ပြန်ရမယ် ဖြစ်ပါတယ်။

ကျွန်တော် တက်ရောက်ရမယ့် သင်တန်းက စုစုပေါင်း ၂ လ ကြာမြင့်မှာ ဖြစ်ပါတယ်။ ဒီ သတင်းကို ကြားရတော့ ကျွန်တော့်အခန်းကို ညပိုင်းမှာ ကိုသိန်းနှင့် မှတ်ပုံတင်အရာရှိ ကိုကျော်စိုးဝင်း ရောက်လာပြီး -

'အစ်ကို စက််ပူ သွားရမှာ ဝမ်းသာပေမယ့် ဆေးရုံမှာတော့ တစ်အား လျော့သွားမှာ ...'

'အခု ဆေးရုံဖွင့်တာ ၉ လ ဆိုတော့ တော်တော်လေး တော့ အခြေကျနေပါပြီ၊ နောင် ဆရာဝန် သူနာပြု တွေလည်း တဖြည်းဖြည်းများလာတော့ ပုံမှန်လည်ပတ်လို့ ရနေပါပြီ'

'ဒါပေမဲ့ *Major Operation* ဆိုရင် ကျွန်တော်တို့ အခက်အခဲ ရှိလိမ့်မယ် '

'အစ်ကိုလည်း ရန်ကုန်ရောက်ရင် *Surgeon* တစ်ယောက် ထပ်ပို့ပေးဖို့ ပြောပါ့မယ်၊ မသင်းလည်း *Operation* တော်တော်များများ အစ်ကိုနဲ့ တွဲလုပ်နေတော့ အတွေ့အကြုံများနေပါပြီ'

ကျွန်တော်တို့ ရုံးခန်းမှာ ဆေးပညာ ဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များနှင့် မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာများကို စကားပြောဖြစ်ပါတယ်။ စကားကောင်းနေတာမို့ ည ၁၂ နာရီထိုးသွားပါတယ်။

မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်း ကျွန်တော် *Ward round* ပြီးတော့ ခရီးသွားဖို့ စာအုပ်တွေနဲ့ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ပါတယ်။ ခဏနေတော့ မသင်းလည်း လိုက်လာပြီး ကူညီပေးပါတယ်။ မသင်းက -

'အစ်ကို့ ပစ္စည်းတွေက စာအုပ်တွေပဲ များနေတာကိုး'

'ရတဲ့လစာလည်း စာအုပ်တွေ ဝယ်စုဖြစ်တာ များတယ်၊ ဒီမှာနေတဲ့ အချိန်မှာ တော်တော်များများ ဖတ်ဖြစ်သလို စာလည်း ရေးဖြစ်ပါတယ်'

'စာအုပ်ထွက်ရင် ညီမဆီ ပို့ပေးနော်'

'ပို့ပေးပါ့မယ် ညီမရယ်'

ပစ္စည်းတွေအားလုံး ထုပ်ပိုးပြီးတော့ မသင်းက ကော်ဖီဖျော်ပြီး ကျွန်တော်တို့နှစ်ယောက် ရုံးခန်းမှာ ထိုင်သောက်ဖြစ်ပါတယ်။ အတွေး ကိုယ်စီနဲ့မို့ နှစ်ယောက်သား နာရီဝက်လောက် စကားမပြော ဖြစ်ကြပါဘူး။ ခဏကြာမှ မသင်းက

'ဆေးရုံ စဖွင့်တဲ့အချိန်က ညီမတို့ တော်တော်ရုန်းကန်လိုက်ရတယ်နော်၊ ဒါပေမဲ့ ရောက်သမျှ လူနာတွေ အားလုံးနီးပါးကို အောင်အောင်မြင်မြင် ကုပေးနိုင်ခဲ့ပါတယ်၊ တစ်ခု ရှိတာက အစ်ကိုရှိပြီး အမြဲ အားပေးနေလို့လည်း ညီမ လုပ်ပေးနိုင်တာပါ'

'တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ကူညီလို့လည်း အောင်မြင်တာပါ ညီမရယ်၊ အစ်ကို *Operation* တွေ တော်တော်များများ ခွဲနိုင်တယ်ဆိုတာလည်း ညီမ ကူညီပေးတာ အများကြီး ပါပါတယ်'

'ညီမ ခွဲစိတ်ကုသဆောင်ကို ကြည့်ထား ပေးပါ့မယ်၊ ခွဲစိတ်ကုသတာလည်း နိုင်သလောက် လုပ်ထားပါ့မယ်၊ ဒါပေမဲ့ သင်တန်းပြီးသွားရင် အစ်ကို စစ်တွေကို ပြန်လာခဲ့နော် ...'

နာရီမှာ အရေးပေါ် ခွဲစိတ် ပေးလိုက်ပါတယ်။ ဆီးစပ်အပေါ်မှာ ကန့်လန့်ဖြတ် အရာပေးပြီး တစ်လွှာပြီးတစ်လွှာ ခွဲစိတ်သွားလိုက်ပါတယ်။

ဆီးအိမ်ဖွင့်လိုက်တဲ့အခါ ကျောက်က ဆီးအိမ် နဲ့ အပြည့်ဖြစ်နေ လို့ ကျွန်တော်တို့ သတိထားပြီး ဖြည်းဖြည်းချင်း ဆွဲထုတ်ယူရပါတယ်။ ညနေ ၆ နာရီ မထိုးမီမှာ ကျွန်တော်တို့ ဆီးအိမ်ဖွင့်ပြီး ကျောက်ထုတ်ယူလိုက်တဲ့ *Vesico-lithotomy Operation* အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီနေ့ ညနေမှာ ဆေးရုံအုပ်ကြီးက အိမ်မှာ ကျွန်တော့် အတွက် နှုတ်ဆက် ညစာစားပွဲလေး လုပ်ပေးပါတယ်။ ညစာ စားပြီး ကာရာအိုကေ သီချင်းတွေ အလှည့်ကျ သီဆိုကြပါတယ်။ ည ၁၂ နာရီထိုးတော့ ဆေးရုံအုပ်ကြီးက သူဆိုနေကျ *'မမေပါနဲ့ နှင်းနှယ်ရယ်... မတွေ့တာ ကြာလို့ ... မေ့ပျောက်မှာ စိုးတယ် ...'* သီချင်းလေးနဲ့ အဆုံးသတ် လိုက်ပါတယ်။

နောက်တစ်နေ့ နံနက်စောစော ဘုရားကို ပဋ္ဌာန်း၊ မေတ္တာသုတ်တို့နဲ့ ပူဇော်လိုက်ပါတယ်။ ကျွန်တော် ခရီးထွက်ဖို့ ပြင်ဆင်နေတုန်း မသင်း ရောက်လာပြီး -

'အစ်ကို့ အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပစ်မှား မိတာရှိရင် ခွင့်လွှတ်ပါ' ဆိုပြီး ကန်တော့ ပါတယ်။

ကျွန်တော်ကလည်း 'ဆေးရုံ စဖွင့်ကတည်းက အတူတူ

လက်တွဲ လုပ်လာကြတော့ လူနာတွေအပေါ်မှာ ထားတဲ့ ညီမရဲ့ စေတနာကို သိပါတယ်၊ အစ်ကို့ကို မောင်နှမ အရင်းပမာ သဘောထားပြီး အကူအညီ ပေးခဲ့တာကိုလည်း ကျေးဇူး တင်ပါတယ်၊ အစ်ကို့ဖက်က ပြောမှား ဆိုမှား ရှိတယ်ဆိုလည်း ခွင့်လွှတ်ပေးပါ၊ ညီမ ကျန်းမာ ချမ်းသာပြီး အောင်မြင် တိုးတက်ပါစေ' လို့ ဆုတောင်း ပေးလိုက်ပါတယ်။

'အစ်ကိုလည်း အစစအရာရာ အဆင်ပြေပါစေ...'

ကျွန်တော် ရန်ကုန်ကိုပြန်တော့ ဆေးရုံမှ ဆရာဝန်များနဲ့ သူနာပြုအရာရှိများမှ လေဆိပ်အထိ လိုက်ပို့ နှုတ်ဆက် ကြပါတယ်။ လေဆိပ်မဝင်မီ လောကနန္ဒာဘုရားကို ဝင်ရောက် ဖူးမျှော် ဖြစ်ပါတယ်။

လုပ်ဖော်ကိုင်ဖက်များ အားလုံးကို နှုတ်ဆက်ပြီး စစ်တွေမှ လေယာဉ်စထွက်တော့ ပြာလဲ့လဲ့ မိုးကောင်းကင်ကြီးနဲ့ အပြိုင် စိမ်းပြာနေသော ပင်လယ်ပြင်ကြီးကို တွေ့လိုက်ရပါတယ်။ ကျွန်တော် ၁၉၉၉ ခုနှစ် ဇွန်လမှာ ရန်ကုန်ကနေ ရောက်လာတာ ၉ လတာ ကြာမြင့်ခဲ့ပေမယ့် ခဏလေးလို့သာ ထင်လိုက်ရပါတယ်။

(၁၆)

တတိုင်းမွေး ပွင့်ဖတ်များ၊ ရေတမာပင်များနှင့် စိန်ပန်းနီနီ

ကျွန်တော်ရဲ့ သစ္စာခရီးဟာ တဖြည်းဖြည်းနဲ့ နှစ်ဆယ်ရာစု

သို့ ရောက်ရှိခဲ့ပါပြီ။ ၁၉၂၂ ခုနှစ် ပတ်ဝန်းကျင်မှာတော့ ဒဿန နယ်ပယ်မှာ အတွေးအမြင် အုံကြွမှုတစ်ခုဟာ *ဗီယင်နာအသိုင်း အဝန်း 'Vienna Circle'* လို့ ခေါ်တဲ့ တွေးခေါ်ရှင်တစ်စုမှ ပေါ်ပေါက်ခဲ့ပါတယ်။

ဒီလူပ်ရှားမှုကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာတက္ကသိုလ်မှ ဒဿနိကဗေဒ ပါမောက္ခ မောရစ်ရှလစ်မှ ဦးဆောင်ခဲ့ပြီး အတွေးအမြင် သမိုင်းမှာ အထူးနာမည် ကျော်ကြားခဲ့ပါတယ်။

သူတို့ထဲမှာ အထင်ရှားဆုံးနှင့် ၁၉၂၆ ခု နောက်ပိုင်း ခေါင်းဆောင်ခဲ့သူက ဂျာမန်ပြည် ကျေးလက်တောရွာလေး တစ်ရွာတွင် ၁၈၉၁ ခုနှစ်မှာ ဖွားမြင်သော *ရူးဒေါ်ဖ် ကားနက်ပ် 'Rudolf Carnap'* ဖြစ်ပါတယ်။ ၁၉၃၆ ခုနှစ်တွင် သူဟာ အမေရိကသို့ ထွက်ခွာပြီး ချီကာဂို တက္ကသိုလ်တွင် ဒဿနိက ဗေဒ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

သူပါဝင်ခဲ့သော အတွေးအမြင် လူပ်ရှားမှုကြီးကြောင့် ဒဿနိကဗေဒရဲ့ အနောက်အဓိပ္ပါယ်မှာ တစ်မျိုးတစ်မည် ပြောင်းလဲ လာခဲ့ပါတယ်။ သူတို့က ဒဿနိကဗေဒဆိုတာ *သိပ္ပံပညာဆိုင်ရာ ယုတ္တိဗေဒ* ဖြစ်တယ်လို့ အဓိပ္ပါယ်သတ်မှတ် ဖော်ပြခဲ့ပါတယ်။

သူတို့ အယူအဆအရ ရှေးကပေါ်ပေါက်ခဲ့သော ဒဿန အမြင်များဟာ အဓိပ္ပါယ်မဲ့သော ပြဿနာများကို ဆွေးနွေး ငြင်းခုံရင်း အချိန် ကုန်ခဲ့ကြတယ်လို့ ဆိုခဲ့ပါတယ်။ အရာခပ်သိမ်း

ရဲ့ ထာဝရအမှန်တရား၊ အနှစ္စာ ဝိညာဉ်တော်၊ ထာဝရဘုရားသခင် စသော အယူအဆများမှာ လက်တွေ့ ကမ္ဘာလောကကြီးနှင့် ရုပ်လောကကို လွန်သော အတွေ့အကြုံ၊ အတွေးအမြင်များ *'Medaphysis'* ဖြစ်နေပါတယ်။

ပမာဆိုရရင် လောကရဲ့ ထာဝရ အခြေခံတရားဟာ ရေမာတ်လို့ သေးလိစ်က တစ်မျိုး၊ အစအဆုံး မရှိသောအရာပါလို့ အနက်ဧမန်းဒါက တစ်လီ၊ မီးမာတ်လို့ ဟေရာကလိုက်တပ်က တစ်ဖုံ၊ အရည်အတွက် ဖြစ်သော သချိုင်္ဘသဘောပါလို့ ပိုက်သာဂိုရပ်က တစ်နည်း ဆိုခဲ့ကြပါတယ်။ ပလေးတိုးကလည်း ကျွန်တော်တို့ ကမ္ဘာမြေဟာ ထာဝရဖြစ်သော နာမ်တရားများရဲ့ လောကလို့ ဆိုခဲ့ပါတယ်။

ရူးဒေါဖ် ဦးဆောင်သော ဗီယင်နာအသိုင်းအဝန်းမှ အထက်ပါ အယူအဆများဟာ အတွေ့အကြုံအရလည်း စမ်းသပ် စစ်ဆေးလို့မရသလို သချိုင်္ဘာ ယုတ္တိဗေဒနည်းအရလည်း တွက်ချက်လို့ မရလို့ မည်သို့မျှ အဓိပ္ပါယ်မရှိ၊ အချည်းနှီးသော အယူအဆများသာဖြစ်တယ်လို့ သတ်မှတ်ပါတယ်။

ဒါ့ကြောင့်မို့ ဖန်ဆင်းရှင် နှင့် ဖန်ဆင်းမှုသဘော၊ ရုပ်သာအဓိက၊ စိတ်သာအမှန်တရား၊ ဆင်ခြင်ခြင်းနှင့် အနှစ္စာ ဝိညာဏ်တော် စသော သဘောများနှင့် ကိုယ်ကျင့်တရား အမြင်များအားလုံးဟာ သူတို့ *အတွေ့အကြုံ သမားများရဲ့ အဓိပ္ပါယ် သတ်မှတ်ပုံ*

အယူအဆ စံ 'The Empiricist Criterion of Meaning' အရ အဓိပ္ပါယ်မဲ့ အငြင်းပွားနေသော အယူအဆများ သာ ဖြစ်နေပါတယ်။

သူတို့က ဒဿနပညာဆိုတာ သိပ္ပံဘာသာ စကားရဲ့ ယုတ္တိ နည်းကျ ဝါကျဖွဲ့ထုံး ဒါမှမဟုတ် သိပ္ပံဆိုင်ရာ ယုတ္တိဗေဒ *'Logic of Science'* ကို ခေါ်တာပါလို့ ဆိုပါတယ်။ မည်သည့်အယူ အဆကိုမဆို အတွေ့အကြုံနှင့် သုံးသပ်လို့ရပြီး သန်္ဂါယုတ္တိဗေဒ နည်းကျမှသာ မှန်တယ်လို့ လက်ခံကြပါတယ်။ ဒီလို စိစစ် လေ့လာတဲ့အတွက် သူတို့ရဲ့အယူဝါဒကို *ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဝါဒ 'Logical Positivism'* လို့ အမည်ပေးခဲ့ကြပါ တယ်။

ရူးဒေါဖ် ဉီးဆောင်တဲ့ အတွေးအမြင် လူပ်ရှားမှုကြောင့် ရုပ်လွန် အတွေးအမြင်များမှာ လက်တွေ့မပါ အမှန်တရား နဲ့ ကင်းကွာသော အယူအဆများ ဖြစ်နေပါတယ်။ တစ်ခါ ကိုယ်ကျင့် တရားပညာ ဆိုတာကလည်း လက်တွေ့ကျသော ဖြစ်ရပ်များကို ဖော်ပြခြင်းမျိုး မဟုတ်ဘဲ လူသားရဲ့အပြုအမူ အနေအထိုင် စိတ်ခံစားမှုများကို ဖော်ပြသော အဆိုများ ဖြစ်နေ ပါတယ်။ ဒါ့ကြောင့်မို့ သူတို့က ကိုယ်ကျင့်တရားပညာဟာ ဒဿနိက နယ်ပယ်မှာ ထည့်သွင်းရန် မလိုဘဲ အဓိပ္ပါယ်မရှိသော ပညာသာ ဖြစ်တယ်လို့ ဆိုပါတယ်။

ကျွန်တော့် အမြင်အရ သူတို့ဟာ လက်တွေ့ကျသော ဒိဋ္ဌဓမ္မဝါဒီ များ ဖြစ်ပါတယ်။ ဒါပေမဲ့ သစ္စာကို ရှာဖွေ နိုင်တဲ့ နည်းလမ်းနဲ့ ဘဝရဲ့အနှစ်သာရကို ဖေါ်ပြထားတာ မတွေ့ရပါဘူး။

ကျွန်တော်အနေဖြင့် အနောက်တိုင်း ဒဿနကို လေ့လာပြီး တဲ့အခါ အနောက်တိုင်း ဒဿနပညာရှင်များဟာ အံ့သြဖွယ်ရာ ကောင်းအောင် တွေးခေါ်စဉ်းစား ဆင်ခြင်နိုင်ကြတာကို တွေ့ရ ပါတယ်။ ဒါပေမဲ့ အယူအဆခြင်း မတူပါက တစ်ဦးရဲ့ အယူ အဆကို တစ်ဦးက ငြင်းပယ်ချေဖျက်ကြဖို့လည်း ဝန်မလေး ကြသလို မိမိအယူအဆက မှန်တယ်လို့ တထစ်ချ ပြောဆိုကြ ပါတယ်။ ဒါ့ကြောင့်မို့ စာရေးဆရာ *Paul Brunton* က *'အနောက်တိုင်း ဒဿနကို လေ့လာသူ တစ်ဦးအနေဖြင့် အထက် ပါ ငြင်းပယ်ချေဖျက်မှုများကြောင့် နောက်ဆုံးမှာ မည်သည့် အယူအဆက ကောင်းသည်၊ မည်သည့်အယူအဆက ဆိုးသည်ကို မသိနိုင်တော့ဘဲ အူလည်လည်ဖြစ်ပြီး ကျန်ခဲ့ပါတယ်'* လို့ ဆိုပါတယ်။

သစ္စာ ကို အနောက်တိုင်း ဒဿန နဲ့ သိပ္ပံပညာမှာ ကျွန်တော့်အနေနဲ့ ရှာလို့ မတွေ့ခဲ့ပါဘူး။ ကျွန်တော် လေ့လာတဲ့ အခါမှာ အနောက်တိုင်းနဲ့ အရှေ့တိုင်းဟာ သဘာဝ အားဖြင့်လည်း ဆန့်ကျင်ဘက် ဖြစ်သလို ဘဝကို တွေးခေါ် မျှော်မြင် သုံးသပ်ရာ မှာ ခြားနားမှု ရှိပါတယ်။

အနောက်တိုင်း ဒဿန ပညာရှင်အများစုဟာ ကာမဂုဏ် စည်းစိမ်တွေ ဖြစ်တဲ့ ယောကျ်ားမိန်းမ၊ အဆောက်အဦ၊ အိမ်ခြံမြေ၊ ကား သဘော်၊ ရုပ်ဝတ္ထု အသုံးအဆောင်များကိုသာ ချမ်းသာအစစ် လို့ ယူဆကြပါတယ်။ သူတို့ရဲ့ အတွေး အခေါ် တွေကလည်း ပြင်ပစကြဝဠာ လောက *'External World'* ကိုသာ အဓိက အခြေပြုပြီး တွေးခေါ်ကြပါတယ်။ မိမိဘဝ တိုးတက်ဖို့အတွက် သိပ္ပံပညာကို အသုံးချပြီး အတတ် ပညာ၊ နည်းပညာများကို ရှာဖွေပါတယ်။

အရှေ့တိုင်းသားတွေကတော့ ဘဝရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့ သဘောတွေကို တွေ့လာကြတဲ့ အတွက် *ဝိမုတ္တိရသ 'The taste of Emancipation'* ဆိုတဲ့ ဘဝရဲ့ လွတ်မြောက်မှုကိုသာ တောင့်တကြပါတယ်။

အဖန်ဖန် တလဲလဲ မွေးဖွားရခြင်း၊ အိုမင်းရခြင်း၊ မကျန်းမမာ ဖြစ်ခြင်း၊ သေဆုံးခြင်း၊ အလိုရှိတိုင်း တောင့်တတိုင်းမရခြင်း စတဲ့ ဒုက္ခ အပေါင်းမှ လွတ်မြောက်ခြင်းသည်သာ ချမ်းသာ အစစ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့်မို့ အရှေ့တိုင်းသား တွေဟာ ဘဝ လွတ်မြောက် ရေးအတွက် ကျင့်ကြံအားထုတ် ရမယ့် နည်းလမ်းတွေကိုသာ အဓိက ရှာဖွေကြပါတယ်။

ကျွန်တော့်အနေနဲ့ နောက်ထပ် ရှုမြင်မိတာက အနောက်တိုင်း ဒဿန ပညာရှင်တွေဟာ လူသားတွေထက် ပတ်ဝန်းကျင်ကို

လေ့လာဖို့ ပိုပြီး အားသန် ကြပါတယ်။ ဒီလို လေ့လာရာမှာလည်း ရုပ်သဘာဝကို နာမ်သဘာဝထက် ပိုပြီး ဦးစား ပေးပါတယ်။

အရှေ့တိုင်းကတော့ ပတ်ဝန်းကျင်ထက် လူရဲ့ပင်ကိုယ် သဘာဝကို ပိုပြီး အရေးထားကြပါတယ်။ လူတွေ ဆင်းရဲ ဒုက္ခ ရောက်နေရတဲ့ အကြောင်းအရင်းကို လေ့လာစူးစမ်းပြီး ဒီဆင်းရဲ မှုများမှ လွတ်မြောက်ဖို့ နည်းလမ်းကို ရှာဖွေကြပါတယ်။ ဒီအခါ မှာလည်း ရုပ်သဘာဝထက် နာမ်သဘောကို ပိုပြီး အလေးထား ကြပါတယ်။

အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာမှာ ဆင်းရဲခြင်းရဲ့ *အကြောင်းကို ရှာတဲ့အခါ အနောက်တိုင်းသားတွေ ရှုမြင်သလို မရှိလို့ ဆင်းရဲတာမဟုတ်ဘဲ ရှိလို့ ဆင်းရဲ နေကြတာကို မြင်ပါတယ်။* ဆင်းရဲခြင်းရဲ့ တကယ့်အကြောင်း မှန်က ရုပ်ပစ္စည်း တွေ ရှိခြင်း မရှိခြင်းနဲ့ မသက်ဆိုင်ဘဲ ရုပ်ပစ္စည်း များနဲ့ ကာမဂုဏ် အာရုံများအပေါ်မှာ ကပ်ငြိတွယ်တာ နေတဲ့ လောဘဆိုတဲ့ *တဏှာ 'Attachment'* ဆိုတာ နက်နက်နဲနဲ သိလာကြပါတယ်။

အနောက်တိုင်းသားတွေ အားထားတဲ့ သိပ္ပံပညာ နယ်ပယ် မှာလည်း လူသားတို့ အလိုအပ်ဆုံး ဖြစ်တဲ့ စားဝတ်နေရေး ချောင်လည်လိုခြင်း၊ တရားမျှတလိုခြင်း၊ ငြိမ်းချမ်းသော ကမ္ဘာ တစ်ခုဖြစ်အောင် မဖြေရှင်းနိုင်သလို အရေးမထားတာ ကိုလည်း တွေ့ရပါတယ်။ လူဘဝ သာယာရေးအတွက် မစွမ်းဆောင်နိုင်ဘဲ

လူ့အသက်များစွာ သေစေတဲ့ စစ်လက်နက် ပစ္စည်းတွေ၊ လေဆာ ရောင်ခြည်တွေ၊ အနုမြူလက်နက်တွေ ထုတ်လုပ်သလို အာကာသကို စိုးမိုးနိုင် ရေးအတွက် အပြိုင်အဆိုင် ကြိုးစား ကြပါတယ်။

စက်မှုဖွံ့ဖြိုး တိုးတက်မှုများကိုသာ ရှေးရှုတဲ့အတွက် ထွက်ပေါ်လာတဲ့ ဓါတုပစ္စည်းများဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းစေပြီး လူသားများစွာရဲ့ အသက်ကို ဆုံးရှုံးစေတာ တွေ့ရပါတယ်။ အိုဇုန်းလွှာ ယိုယွင်းမှုကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်ပြီး ရေလွှမ်းမိုးမှုများ၊ ဆူနာမီရေလှိုင်းများ၊ တောမီး လောင်ကျွမ်းမှုများ၊ မြေငလျင် လှုပ်ရှားမှုများ၊ လေထု ရေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်စေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်မို့ သိပ္ပံပညာ ဟာလည်း လူသားကို အကျိုးပြုတာထက် ဆင်းရဲဒုက္ခ ပေးတဲ့ဘက်ကို ပိုပြီးရောက်နေတာကို တွေ့ရပါတယ်။

တစ်ခါ အနောက်တိုင်း ဘာသာအယူဝါဒမှာလည်း လူ့တန် ဖိုးကို အလေးမထားသလို လူတွေကို သူတို့ရင်ဆိုင် ကြုံတွေ့ နေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်အောင် ဘယ်လိုလုပ် ရမယ်ဆိုတဲ့ နည်းလမ်းကို မပေးပါဘူး။ ဖန်ဆင်းရှင် ထာဝရ ဘုရားကို ကြောက်ရွံ့တဲ့စိတ် ဝင်အောင်သာ တိုက်တွန်းပြီး လူသားကို အစွမ်းသတ္တိကင်းမဲ့တဲ့ သတ္တဝါတစ်ဦးလို ပြုလုပ် ထားပါတယ်။

လူသားဟာ လက်ရှိဘဝမှာ ဘယ်လောက်ပင် ဘုရား ဝတ်ပြုပြု၊ ဘယ်လောက်ပဲ ကျင့်ကြံပွားများ အားထုတ်ထုတ် အဲဒီထာဝရဘုရားကို ဘယ်တော့မှ ကိုယ်တိုင်မတွေ့မြင် နိုင်ပါဘူး။ နောက် သုခဘုံ *'Paradise'* ဆိုတာကို ဒီဘဝမှာ ကိုယ်တိုင်တွေ့မြင်သိရှိအောင် အားထုတ်နိုင်တဲ့ ကျင့်စဉ်ဆိုတာ မရှိပါဘူး။ နောင်ဘဝကို မျှော်လင့်ချက်ပေးပြီး ဘုရားသခင်ထံမှာ အပြစ်လွတ်အောင် ပူဇော်ပသဖို့သာ ဘဝရဲ့အဆုံးပန်းတိုင်အဖြစ် ထားရှိတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်မို့ စိတ်ရှိတိုင်း ကြိုးစားနိုင်တဲ့ လက်ရှိဘဝမှာတောင် ထာဝရဘုရားကို မတွေ့မြင်နိုင်တဲ့အတွက် နောင်ဘဝမှာ တွေ့မြင်နိုင်တယ်ဆိုပြီး မျှော်လင့်ချက်ပေးထားတာဟာ အလွန် စဉ်းစားဖွယ်ရာ ဖြစ်နေပါတယ်။

ဒါ့ကြောင့်မို့ အရှေ့တိုင်း ဒဿန နယ်ပယ်မှာ ဘဝသစ္စာကို ကျွန်တော် ဆက်လက်ရှာဖွေခဲ့ပါတယ်။ ဒီလိုရှာဖွေရင်းနဲ့ လက်တွေ့ကျတဲ့၊ ဘဝရဲ့ လွတ်မြောက်မှု အဆုံးစွန်ပန်းတိုင်ကို တိတိကျကျ လမ်းညွှန်ပေးနိုင်တဲ့၊ လူဟာ မိမိကိုယ်မိမိ အားကိုးရန်မှအပ အခြားအားကိုးစရာ မရှိဘဲ လူသာလျှင် စကြဝဠာမှာ အမြင့်မြတ်ဆုံး ဖြစ်တယ်ဆိုတာ လမ်းညွှန်ပြသမှု ပေးနိုင်သော ထေရဝါဒ ဗုဒ္ဓ ဒဿနနယ်ထဲသို့ ရောက်ရှိသွားခဲ့ ပါတယ်။

ထေရဝါဒမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာစသော အမြင့်ဆုံး၊ အမြတ်ဆုံးဘဝကို နတ် ဖြစ်သောဘဝမှာလည်း

မရနိုင်၊ ဗြဟ္မာ ဘဝနဲ့လည်း မရနိုင်ဘဲ လူဖြစ်သောဘဝမှာသာ ရနိုင်တယ်ဆိုတဲ့ 'လူ' ကိုအမြတ်ဆုံးထားတဲ့ အယူအဆဟာ ကျွန်တော့်ကို အဆွဲဆောင်နိုင်ဆုံးနှင့် တန်ဖိုးအထားဆုံး အရာ တစ်ခုဖြစ်ပါတယ်။

ဒုတိယ အချက်ကတော့ ထေရဝါဒမှာ လူ့ဘဝအတွက် ရည်မှန်းချက် ပန်းတိုင်နှစ်ခု ပေးထားပါတယ်။ မည်သူမဆို ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ဦးတည်သွားနိုင်တဲ့ လမ်းနှင့် ကျင့်စဉ်လည်းရှိပါတယ်။ နောက်တစ်လမ်းကတော့ လက်ရှိ ဖြစ်ရာဘဝမှစပြီး ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အဖြစ်သို့ ရောက်အောင် ဘဝများစွာ ပါရမီဖြည့်ဆီးပြီး ကြိုးစား နိုင်သော ဆုကြီးပန် လမ်းစဉ်လည်းရှိပါတယ်။

ကျွန်တော့် နှလုံးသားကို ဆွဲယူ လွှမ်းမိုးထားနိုင်တဲ့ တတိယ အချက်တစ်ခုက ဗုဒ္ဓရဲ့ ဓမ္မလမ်းစဉ်မှာ သူတစ်ပါးအယူဝါဒကို နှိမ်ပြီး မိမိအယူဝါဒသည်သာ မှန်ကန်ကြောင်း ဟောကြား ထားတာမျိုး မရှိတာဘဲ ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ မြတ်လှသော နှလုံးတော်နဲ့ သန့်ရှင်းကြည်လင်သော စိတ်ထားကို ကာလာမသုတ် ကို ဖတ်ရှု ရတဲ့အခါမှာ ပိုပြီး သိခွင့်ရခဲ့ပါတယ်။

အခါတစ်ပါးမှာ ဗုဒ္ဓမြတ်စွာမှ ကာလာမပုဏ္ဏားတို့အား အယူဝါဒတစ်ခုကို မှန်သည် မှားသည် ဆုံးဖြတ်လိုသော် အောက်ပါ

၁၀ ချက်ကို ပြုကျင့်အပ်ပါတယ်လို့ ညွှန်ပြတော်မူပါတယ်။
ဗုဒ္ဓမှ ံကာလာမ ပုဏ္ဏားတို့ သင်တို့ဟာ

(၁) *တစ်ဆင့် စကား ပြောသံ ကြားကာမျှဖြင့် မှန်ကန်တယ်လို့ ချက်ချင်းအတည်မယူ လက်မခံလေနှင့်*

(၂) *ရိုးရာ အစဉ်အလာနှင့် ကိုက်ညီသော စကားဖြစ်၍ မှန်ကန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၃) *ဒီလို ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ရှေးထုံးရိုလို့လည်း မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၄) *စာပေ ကျမ်းဂန်နှင့် ကိုက်ညီတယ်ဆိုပြီး မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၅) *မိမိကိုယ်တိုင် တွေးကြံနိုင်ရုံမျှနှင့် ဆင်ခြင်တုံ တရားနှင့် ကိုက်ညီတယ်ဆိုပြီး မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၆) *နည်းမှီ ရယူရုံဖြင့်လည်း မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၇) *ကြံစည်စိတ်ကူး သဘောကျရုံမျှဖြင့် လည်း မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၈) *ငါတို့ သဘောကျ လက်ခံထားတဲ့ အယူဝါဒနှင့် ကိုက်ညီတယ်ဆိုပြီး မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်*

(၉) *မှတ်ထိုက် ယူထိုက် လက်ခံထိုက်တဲ့ သဘောဆိုပြီး*

မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့်

(၁၀) ငါတို့ လေးစားတဲ့ ရဟန်းရဲ့စကားဆိုပြီး မှန်တယ်လို့ ချက်ချင်း အတည်မယူလေနှင့် ဆိုပြီး

သံသယကင်းရှင်းစွာ အယူဝါဒတစ်ခုကို လက်ခံနိုင်ရန် ဦးစွာပယ်သင့်သော အစွဲအလမ်း ၁၀ ချက်ကို ဟောကြားခဲ့ပါတယ်။

မြတ်စွာဘုရားက ကာလမသုတ်တွင် အယူဝါဒ တစ်ခုရဲ့ အမှားအမှန်ကို ဆုံးဖြတ်ရာမှာ လိုက်နာသင့်သော 'စံ' များကိုလည်း ချမှတ်ပေးခဲ့ပါတယ်။ ဗုဒ္ဓမှ

'ကာလာမ ပုဏ္ဏားတို့ အကြင်တရားများဟာ

(၁) မကောင်းတဲ့ အကုသိုလ်တရားတွေ

(၂) အပြစ်ရှိတဲ့ တရားတွေ

(၃) ပညာရှိ သူတော်ကောင်းများ ကဲ့ရဲ့တဲ့ တရားတွေ

(၄) လက်တွေ့ လုပ်ဆောင်လျှင်လည်း အကျိုးစီးပွားမဲ့ပြီး ဆင်းရဲဒုက္ခရောက်တယ်ဆိုရင် အဲဒီတရားတွေကို စွန့်ပယ်သင့်တယ်...'

အထက်ပါ ကာလမသုတ်မှာ ဟောထားခဲ့တဲ့ 'စံ'များကို ရှေးက ဒဿနပညာရှင်များ၊ နှစ်ဆယ်ရာစုတွင် ထင်ရှားသော လက်ငင်း အကျိုးကြည့်ဝါဒ ရှိသူများ၊ ယုတ္တိနည်းကျ အတွေ့

အကြံဥဝါဒီများ မပြောနိုင်ခဲ့ ပေမယ့် မြတ်ဗုဒ္ဓမှ လွန်ခဲ့သော အနှစ် ၂၅၀၀ က အတိအကျ ဟောကြားထားခဲ့တာကို ကျွန်တော် လေ့လာတွေ့.ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ သစ္စာ ကို အနောက်တိုင်း ဒဿနနယ် နဲ့ ထာဝရ ဘုရားကိုးကွယ်တဲ့ ဘာသာအယူဝါဒတွေမှာ ရှာဖွေ ခဲ့ပေမယ့် မတွေ့.ရသလို ဘဝ ဆင်းရဲဒုက္ခများမှ လွတ်မြောက် နိုင်တဲ့ နည်းလမ်းကိုလည်း ဖေါ်ပြထားတာ မရှိပါဘူး။

လောက ပန်းဉယျာဉ်ထဲမှာ အဖိုးတန်ဆုံး ပန်းလေး ဖြစ်တဲ့ သစ္စာ ကို ထေရဝါဒ နယ်ထဲက ဗုဒ္ဓရဲ့ တရားဦး ဓမ္မစကြာဆိုတဲ့ သစ္စာစက်ဝန်း မှာသာ တွေ့.ခဲ့ပါတယ်။

ဗုဒ္ဓ ဒဿနမှာ ခန္ဓာငါးပါး၌ ဒုက္ခသစ္စာကို အမှန်အတိုင်း သိမြင်ခြင်း သို့.မဟုတ် တဏှာဆိုတဲ့ သမုဒယသစ္စာရဲ့ ဖုန်းကွယ်လှည့်စားခြင်းမှ ထိုးထွင်း သိမြင်သွားခြင်းဟာ ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ခြင်းပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ သံသရာမှာ ကျင်လည်နေရတာဟာ ဒုက္ခကို ဒုက္ခဆိုပြီး အမှန်အတိုင်း သစ္စာကို မသိမြင်တာကြောင့် ဖြစ်ပါ တယ်။ ရှေ့ဆက် ဖော်ပြမယ့် ဗုဒ္ဓရဲ့ တရားဦးမှာ အကျယ်တဝင့် တင်ပြ ပေးသွားပါ့မယ်။

ကျွန်တော့်အနေနဲ့ ၁၉၉၉ ခုနှစ်၊ ဇွန်လဆန်းထဲက ရှာဖွေ ခဲ့တဲ့ သစ္စာ ကို တစ်နှစ်ပြည့်တဲ့ ၂၀၀၀ ခုနှစ်၊ ဇွန်လမှ တွေ့.မြင် သိရှိခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော့်အတွက်

စစ်တွေမှာ နေခဲ့ရတဲ့ ကာလလေးဟာ တန်ဖိုး မဖြတ်နိုင်သလို ရင်ထဲမှာ အမြဲ အမှတ်တရ ရှိနေပါတယ်။

(၁၇)

ခရီးတစ်ခုရဲ့ အဆုံး

'ချစ်ခင်စုံမက်၊ နှစ်သက်ဖွယ်မှန်သမျှနဲ့ နောက်ဆုံးမှာ ကွေကွင်းရမှာပဲလို့ ငါပြောပေါင်းများလှပြီ အာနန္ဒာ၊ မြဲတယ်ဆိုတာ ဘာတစ်ခုမှမရှိဘူး...' (ပရိနိဗ္ဗာနသုတ်)

ကျွန်တော်ရဲ့ ပညာတော်သင်ခရီးအဖြစ် စင်္ကာပူနိုင်ငံကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မတ်လ ၃၁ ရက်နေ့တွင် ထွက်ခွာခဲ့ပါတယ်။ ချန်ဂီ လေဆိပ်တွင် သင်တန်းမှ တာဝန်ခံ မစ္စတာချောင်မှ လာရောက်ကြိုဆိုပြီး *Y.M.C.A Hotel* တွင် နေရာချပေးခဲ့ပါတယ်။

သင်တန်းကို စင်္ကာပူနိုင်ငံ *Singapore General Hospital 'SGH'* ဝင်းအတွင်းရှိ အမျိုးသားကင်ဆာ ကုသမှု ဌာနကြီးတွင် တက်ရောက်ရပါတယ်။ သင်တန်းကာလ အတွင်း *Semina* များ၊ မလေးရှားနိုင်ငံတွင် ကျင်းပသော *Work-shop* များကို တက်ရောက်ရပြီး စာတမ်းဝယ်များ ကိုလည်း ရေးသား တင်သွင်းရပါတယ်။ ကျွန်တော်လည်း ရရှိသောအချိန် အတွင်း မိမိနှင့် တိုင်းပြည်အတွက် အကျိုးရှိအောင် *National University Hospital* တွင် ကျင်းပသော ဆွေးနွေးပွဲများ

ကိုလည်း လိုက်လံတက်ရောက် ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည် ရောက်ရှိပါတယ်။ ဘဝမှာ အရာရာဟာ စီစဉ်ထားတဲ့အတိုင်း ဖြစ်ချင်မှဖြစ်တာ ဆိုသလို အထက်ဌာနကြီးသို့ သတင်းပို့သော အခါ ကျွန်တော့်အား လိုအပ်ချက်အရ စစ်တွေသို့ ပြန်လည် မပို့ တော့ပါဘူး။ မေမြို့မှာ ခွဲစိတ်ပါရဂူ လိုအပ်နေတာမို့ ပါရဂူ/ဌာနမှူး အဖြစ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့ ပါတယ်။

ကျွန်တော်လည်း စစ်တွေရှိ ဆေးရုံအုပ်ကြီးနှင့် လုပ်ဖော် ကိုင်ဖက်များဖြစ်သော ကိုသိန်း၊ မသင်း၊ မမျိုးနှင့် သူနာပြု အရာရှိများ၊ ဆရာကြီးများကို ဖုန်းဖြင့်သာ နှုတ်ဆက်နိုင်ပါတော့ တယ်။ အားလုံးလည်း ကျွန်တော် ပြန်လည် မလာနိုင်တော့တဲ့ အတွက် စိတ်မကောင်း ဖြစ်ရကြောင်း ပြောကြပါတယ်။

ဒါကြောင့်မို့ ၁၉၉၉ ခုနှစ်၊ ဇွန်လ စစ်တွေသို့ သွားရောက်စဉ် က လွှဲလာ ရှာဖွေခဲ့တဲ့ သစ္စာ ခရီးဟာ ၂၀၀၀ ခုနှစ်၊ ဇွန်လမှာ ပြီးဆုံး သွားခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ ဒီ ခရီးလေး ကိုတော့ အမြဲ အမှတ်တရ ဖြစ်နေမိမှာပါ။ မိမိတို့ အောင်မြင်စွာ ဖွင့်လှစ် ပေးနိုင်ခဲ့သော စစ်တွေဆေးရုံနှင့် လုပ်ဖော် ကိုင်ဖက်များ အားလုံးကိုလည်း အမြဲ သတိရနေမိပါတယ်။

မေမြို့ ဆေးရုံတွင် နှစ်လတာမျှ တာဝန်ထမ်းဆောင်ပြီး

သောအခါ မိတ္ထီလာဆေးရုံသို့ ပြောင်းရွှေ့ အမှုထမ်းရပါတယ်။ စစ်တွေမှာ နေစဉ်က ဖတ်ရှုလေ့လာခဲ့သော အနောက်တိုင်း အတွေး အခေါ်နှင့် ဒဿနအမြင်များကို အချိန်ရတိုင်း ပြန်လည် ရေးသား ဖြစ်ပါတယ်။ ထေရဝါဒရဲ့ တရားဦး ဓမ္မစကြာနှင့် အနတ္တ လက္ခဏသုတ်မှာ အလွန်ကျယ်ဝန်း နက်နဲတာမို့ ကျွန်တော့် အနေနဲ့ အချိန်ယူ လေ့လာဖတ်ရှု ခဲ့ရပါတယ်။

၂၀၀၁ ခုနှစ် နှစ်လယ်မှာ ကျွန်တော် ရန်ကုန်သို့ ပြန်လည် ရောက်ရှိပါတယ်။ မြို့မကျောင်းလမ်းရှိ ဆေးရုံမှာ အရင်က အတိုင်း ခွဲစိတ် ကုသမှုများနှင့် စာပေသင်ကြားမှုများကို ဆောင်ရွက် ပေးရပါတယ်။ ကျွန်တော် ရန်ကုန်သို့ ရောက်ရှိပြီး မကြာမီ ကိုသိန်းနဲ့ မသင်းလည်း မင်္ဂလာဒုံဆေးရုံကြီးသို့ ပြောင်းရွှေ့ ရောက်ရှိလာကြပါတယ်။ အလုပ်တာဝန် ကိုယ်စီနဲ့မို့ ရန်ကုန် တစ်မြို့တည်း ဆိုပေမယ့် မဆုံဖြစ်ကြပါ။

မိုးရွာနေသော နေ့တစ်နေ့ရဲ့ ညဖက်မှာ ကျွန်တော် ရွှေတိဂုံ အထက်ပစ္စယံ ပတ္တမြားမျက်ရှင် ဘုရားသို့ သွားရောက် ဖူးမြော်ခဲ့ပါတယ်။ ဘုရားဝတ်ပြုလို့ အပြီး ရင်ပြင်တော်မှာ လက်ျာရစ် လှည့်နေစဉ် မမျှော်လင့်ဘဲ စစ်တွေက တပည့်လေး မောင်အေးမြင့်နှင့် တွေ့ရပါတယ်။ သူက -

'ဆရာ... ကျွန်တော် မင်္ဂလာဒုံဆေးရုံကြီးကို ရောက်တာ တစ်လရှိပြီ၊ ဆရာ့ဆီ လာမလို့ ကြံစည်နေတာ'

'အေး... ဆရာ့ဆီမှာ လာနေချင်လည်း ခေါ်ထားပါ့မယ်၊ မင်းကော အဆင်ပြေရဲ့လား'

'ကျွန်တော် အခု အိမ်ထောင်ကျပြီ၊ ကလေးတော့ မရသေးပါဘူး၊ ဒါက ကျွန်တော့်ဇနီး မသီတာပါ'

ကျွန်တော်လည်း တပည့်လေးနဲ့ ပြန်တွေ့ရလို့ ဝမ်းသာရသလို စစ်တွေက ဆရာဝန်၊ သူနာပြုများ အကြောင်းလည်း မေးဖြစ်ပါတယ်။ မောင်အေးမြင့်က

'ဆရာ... စစ်တွေက မမသင်းလည်း အခု ဆေးရုံတက်နေရတယ်၊ အူမကြီးမှာ ကင်ဆာဖြစ်ပြီး အသည်းမှာပါ ပျံ့နေတယ်လို့ ပြောတယ်၊ ဆရာ မသီသေးဘူးထင်တယ်...'

'ဆရာလည်း အခုမှ သိရတာ၊ အေး...နက်ဖြန် သွားကြည့်လိုက်မယ်၊ မင်းလည်း အကူအညီ လိုတာရှိရင် လာခဲ့ပါ' လို့ တပည့်လေးကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ပါတယ်။

ကျွန်တော်လည်း ညီမအရင်း တစ်ယောက်အနေနဲ့ရော၊ လုပ်ဖော်ကိုင်ဖက်တစ်ဦး အနေနဲ့ပါ ခင်မင်ခဲ့ရသူတစ်ဦးမို့ အတော်စိတ်မကောင်း ဖြစ်မိပါတယ်။ နောက်တစ်နေ့ ညနေမှာ မင်္ဂလာဒုံဆေးရုံကြီးမှာ မသင်းကိုသွားပြီး ကြည့်ရှုအားပေးဖြစ်ပါတယ်။

ခွဲစိတ်ဆောင် ကိုရောက်တော့ တာဝန်ခံသူနာပြု အရာရှိလေးက မသင်းကို ထားတဲ့ အခန်းကို လိုက်ပြပေးပါတယ်။ ကျွန်တော် ခန်းဆီးကို ဖယ်ပြီး ကြည့်လိုက်တော့ အိပ်ယာမှာ

အကြောဆေးသွင်းထားတဲ့ မသင်းကို တွေ့လိုက်ရပါတယ်။ မျက်နှာချောင်ကျပြီး အတော်လေး ပိန်သွားတာကို တွေ့ရပါတယ်။ ကျွန်တော့်ကိုမြင်တော့ မသင်းက ပြုံးပြန်ဟက်ဆက်ပြီး...

'အစ်ကိုဆီကို လှမ်းအကြောင်း ကြားမလို့၊ ဒါပေမဲ့ ညီမကို မြင်ရင် အစ်ကို စိတ်မကောင်း ဖြစ်မှာလည်းစိုးတယ်၊ စစ်တွေမှာ နေတုန်းက အစ်ကိုပြောခဲ့သလို စစ်ဆေးတာတွေ လုပ်လိုက်ရင် စောစောသိရမှာ၊ အခုတော့ နောက်ကျသွားပြီ...'

ကျွန်တော့်ကို စကားပြောနေရင်း မသင်းလည်း မျက်ရည်တွေ စီးကျလာပါတယ်။ ကျွန်တော်လည်း မသင်း လက်ကလေးကို ဆုပ်ကိုင်အားပေးပြီး

'အဲဒီအချိန်က ညီမက လူနာတွေနဲ့ အမှေအတွက် အာရုံထားတာကိုး၊ အစ်ကိုတို့ ဆရာဝန်တွေ အများစုဟာ လူနာတွေ ဘယ်လို ခံစားနေရသလဲ ဘယ်လို ကောင်းအောင်လုပ်ပေးရမလဲ ဆိုတာသာ စဉ်းစားမိကြတာ၊ ကိုယ့်ခံစားချက်နှင့် ကိုယ့်ဝေဒနာတွေကိုတော့ လျစ်လျူ ရှုထားမိကြတယ်'

'အစ်ကိုပြောတာ မှန်ပါတယ်၊ ညီမ စစ်တွေမှာ ဝမ်းနဲ့အတူ အခွဲခဲနဲ့သွေးတွေ ဆင်းတုန်းက ဂရုမစိုက်မိလိုက်ဘူး။ အခုကင်ဆာဆဲလ်တွေက အသည်းမှာရော သွေးထဲမှာရော တော်တော်ပုံနေပါပြီ၊ ညီမ နေရမယ့်ရက်တွေ သိပ်မကျန်တော့ပါဘူး'

'နေရသမျှ ရက်တွေမှာ စိတ်ကို အေးအေးချမ်းချမ်း ထားပါ။

ကိုယ်တတ်နိုင်သမျှ တရားမှတ်ပြီးတော့ နေပါ။ ညီမ ကုသပေးခဲ့လို့ ကောင်းသွားတဲ့ လူနာတွေ အများကြီးရှိသလို ညီမလုပ်ခဲ့တဲ့ ကုသိုလ်တွေလည်း မနည်းပါဘူး'

'အလှူဒါနကိုတော့ မပြတ် လုပ်ဖြစ်ပါတယ်။ စစ်တွေမှာရှိတုန်းက အစ်ကို သတိပေးခဲ့လို့ ဘုရားရှိခိုးတာ၊ ပုတီးစိပ်တာ၊ မေတ္တာပို့တာ၊ ညပိုင်း မအိပ်ခင် တရားမှတ်တာတွေကို နေ့စဉ် လုပ်ဖြစ်ပါတယ်'

'ညီမ အခုဘယ်လို နေသေးလဲ၊ အစာရော စားနိုင်ရဲ့လား'

'ညဖက်ကျရင် တော်တော်လေးနာတော့ ဆေးသောက်မှ နည်းနည်း သက်သာသွားတယ်၊ အခု ဆန်ပြုတ်ကျဲကျဲနဲ့ အရည်ပဲ သောက်နိုင်တော့တယ်'

'သောက်ဆေးနဲ့ နာကျင်တာ မသက်သာရင် ညီမ အကြောကနေ ဆေး ထိုးလို့ရပါတယ်၊ နောက် နာကျင်တဲ့ ဝေဒနာတွေက မမြဲတဲ့ သဘောရှိတော့ သတိလေးနဲ့ လိုက်မှတ်နေလိုက်ရင် ဖြစ်လာတဲ့ ဝေဒနာတွေ ပျောက်သွားတာ ကိုလည်း တွေ့ရလိမ့်မယ်၊ သတိကို မလွတ်အောင်ထားပြီး တရားအမှတ်လေးနဲ့ နေပေးပါ'

'ညီမ ကြိုးစားပြီး မှတ်ပါ့မယ်။ အစ်ကိုနဲ့ မဆုံဖြစ်တာ တစ်နှစ်တောင် ကျော်သွားပြီနော်၊ အစ်ကို စစ်တွေက ပြန်သွားပြီး သုံးလလောက်နေတော့ ညီမတို့လည်း အမ်းဆေးရုံကြီးကို

ပြောင်းလိုက်ရတယ်။

"အစ်ကိုလည်း သင်တန်းက ပြန်ရောက်တော့ မေမြို့နဲ့ မိတ္ထီလာမှာ တာဝန်ကျတယ်၊ စိတ်ထဲမှာ အမြဲ သတိရပါတယ်၊ ညီမ ဖတ်ဖို့ ဓမ္မပဒ မြန်မာပြန်နဲ့ တရားစာအုပ်တွေ ယူခဲ့တယ်၊ ဓမ္မစကြာနဲ့ ပဋ္ဌာန်းတရားတော် အခွေလည်းပါတယ်။

"စာအုပ်တွေတော့ နေ့လည်ပိုင်းမှာ ဖတ်မယ်၊ အခွေကိုတော့ နံနက်စောစောနဲ့ ညအိပ်ခါနီးမှာ နာပါ့မယ်။

"ညီမ နားလိုက်ပါဦး၊ အစ်ကိုလည်း မကြာမကြာ လာခဲ့ပါ့မယ်။

"အစ်ကို လာအားပေးတဲ့အတွက် ကျေးဇူးပါပဲ၊ ညီမလည်း အစ်ကို့ကို သတိရနေတာ။

ခွဲစိတ်ကုသဆောင်က ကျွန်တော်ပြန်လာတော့ ဘဝရဲ့ အကောင်းဆုံးအချိန်မှာ ပြင်းထန်တဲ့ ကင်ဆာရောဂါကို ခံစားနေရတဲ့ ညီမငယ်အတွက် အတော်စိတ်မကောင်း ဖြစ်မိ ပါတယ်။ ဘဝမှာ အသေချာဆုံးအရာက မသေချာခြင်းဆိုတာ မှန်ပါတယ်။

မိုးဦးရောက်ပြီမို့ ဆေးရုံဝင်းထဲမှာ သစ်ပင်ပန်းပင်လေးများဟာ စိမ်းစိမ်းစိုစိုနဲ့ အေးချမ်းလှပနေပါတယ်။ ပတ်ဝန်းကျင်လောကမှာ အေးချမ်းနေသလို နာကြင်မှုဝေဒနာ ခံစားနေရတဲ့ ညီမငယ်တစ်ယောက် ကိုယ်ရော စိတ်ပါ အေးချမ်းပါစေလို့ ဆုတောင်း မိပါတယ်။

နောက်သုံးပတ် အကြာမှာ ညီမငယ် မသင်း အေးချမ်းစွာနဲ့ ဘဝတစ်ခုကို စွန့်သွားခဲ့ပါတယ်။ မသင်း မဆုံးခင် နောက်ထပ် လေးခေါက် ရောက်ဖြစ်ပါတယ်။ တစ်ကြိမ်နဲ့ တစ်ကြိမ် ကျန်းမာရေး ယိုယွင်းလာတဲ့ ညီမငယ်ကို မြင်နေရပါတယ်။ နောက်ဆုံးအကြိမ်မှာ အစားလည်း ကောင်းကောင်း မဝင်တော့ သလို ဝေဒနာကို အတော် ခံစားနေရပါတယ်။ ဒါပေမဲ့ ကျွန်တော် ရောက်တဲ့အခါတိုင်း ကော်ဖီဖျော်တိုက် ရှာပါတယ်။

ကျွန်တော်မှလည်း ဝေဒနာရဲ့သဘောကို မပြတ် ရှုမှတ်ဖို့၊ ဆင်းရဲတဲ့ မမြဲတဲ့ အစိုးမရတဲ့ သဘောတွေကို နှလုံးသွင်းဖို့နဲ့ စိတ်ကို တည်ငြိမ်အောင်ထားပြီး အားမလျော့ဖို့ အမြဲပြောခဲ့ပါတယ်။ လုပ်ဖော်ကိုင်ဖက် အနေနှင့်သာမက အစ်ကို တစ်ယောက်လို အားကိုး ခင်မင်တဲ့အတွက် ကျွန်တော် မှာသလို ညီမငယ်ဟာ တတ်နိုင်သမျှ တရားအမှတ်လေးနဲ့ နေပါတယ်။

မသင်း မဆုံးခင်တစ်ရက်က ဆရာဝန်လေးတစ်ဦးက 'ဆရာ... မမသင်းက ဒီနေ့ အဆင်ပြေရင် ဆေးရုံ လာခဲ့ပေးပါလို့ မှာပါတယ်' ဆိုပြီး ဖုန်းဆက်အကြောင်းကြား လာပါတယ်။ အဲဒီနေ့က ကျွန်တော် ခွဲခန်းဝင်ရမယ့်နေ့ ဖြစ်နေပါတယ်။

ကျွန်တော် ဝင်ပေးရတဲ့ အစာအိမ်ကင်ဆာ ခွဲစိတ်ကုသမှုဟာ အထဲမှာ ကင်ဆာအကြိတ်တွေ ပျံ့နှံ့နေပြီး မုန့်ချိုအိတ် *'Pancreas'* ကိုပါ ကပ်နေတာကြောင့် ထင်တာထက် ပိုပြီး အချိန်

ကြာမြင့်သွားပါတယ်။

ကျွန်တော် ခွဲစိတ်ပြီးလို့ *Ward* ထဲရောက်တဲ့အခါ အဝေးပေါ် လူနာနှစ်ယောက် နောက်ထပ် ရောက်လာပါတယ်။ တစ်ယောက်က အူသိမ်ကအနာ ပေါက်လို့ ရောက်လာတာ ဖြစ်ပြီး နောက်တစ်ယောက်က ကား *accident* ဖြစ်လို့ ညှပ်ရိုးနဲ့ နံရိုးများ ကျိုးပြီး ရောက်ရှိလာတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦး ကိုလည်း အရေးပေါ် ခွဲစိတ် ပေးရတဲ့အတွက် အဲဒီနေ့က ကျွန်တော် မိုးချုပ် သွားပါတယ်။

နောက်တစ်နေ့ နံနက် ဘုရားရှိခိုး ပြီးတဲ့အခါ စစ်တွေမှာ ပထမဦးဆုံး စတွေ့တဲ့နေ့ကစပြီး ကျွန်တော်တို့ အတူလက်တွဲ လုပ်ခဲ့ကြတာတွေကို သတိရ မြင်ယောင်နေမိပါတယ်။ ညီမငယ်ဆီ သွားဖို့ ကျွန်တော် ပြင်ဆင် နေတဲ့ အချိန်မှာ မင်္ဂလာဒုံ ဆေးရုံကြီးမှ မသင်း အခုလေးတွင် ဆုံးသွားပါပြီလို့ ဖုန်းဆက် လာပါတယ်။ မိခင်မြေရဲ့ အဖိုးတန် လှပတဲ့ ပန်းကလေး တစ်ပွင့် ဟာ ပွင့်ဖူးဝေဆာလို့ ကောင်းနေဆဲမှာ ကြွေကျ သွားခဲ့ပါတယ်။


စိတ်သဘောထား ဖြူစင်ပြီး လူနာများအပေါ် ဂရုတစိုက် ကုသပေးခဲ့တဲ့ ညီမငယ်တစ်ယောက် မြင့်မြတ်တဲ့ဘဝတွေမှာ ကျင်လည်နေမယ်လို့ ယုံကြည်ပါတယ်။ အခွင့်သာရင် ယခု ဘဝလို မွန်မြတ်တဲ့ သမား‌တော်တစ်ဦး အနေနဲ့ ပြန်လာစေ ချင်ပါသေး‌တယ်။

ဒီအဖြစ်အပျက် လေးတွေဟာ အချိန် ကြာမြင့်ခဲ့ပေမယ့် ပြန်တွေးမိတိုင်း ကျွန်တော် စိတ်မကောင်း ဖြစ်ရပါတယ်။ တကယ်တော့ တွေ့ဆုံရခြင်းဟာ ခွဲခွာခြင်းနဲ့သာ အဆုံးသတ်ရ စမြဲမို့ ဘဝမှာ ကျွန်တော့်ကို အရင်ဦးစွာ ခွဲခွာသွားတဲ့ သံယောဇဉ် တွယ်ရတဲ့သူတွေလည်း များလှပါတယ်။ တစ်ချိန်မှာ ကျွန်တော် ကလည်း ချစ်ခင်သူတွေကို ပြန်ပြီး ခွဲခွာသွားရမှာ ဖြစ်ပါတယ်။

သစ္စာ ရှာဖွေတဲ့ ခရီးစဉ် ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော့် နှလုံးသားထဲက အလိုလိုသိလာတဲ့ အရာတစ်ခု ရှိပါတယ်...

'သစ္စာဆိုတဲ့ အမှန်တရားမှာ စိုပြေအေးမြတဲ့ မေတ္တာ သနားကြင်နာတဲ့ ကရုဏာတွေ အမြဲယှဉ်တွဲလျှက် ရှိသလို တစ်ခုတည်းသော သဘာဝတရားရဲ့ ခွဲခြားလို့ မရနိုင်သော အရာများသာ ဖြစ်တယ်...ဆိုတာ နားလည် သွားပါတယ်။

ပုဒ်ရေ ၈၀၀၃



ဗုဒ္ဓရဲ့ တရားဦး

(၁)

'သမိုင်းနောက်ခံ ပန်းချီကား'

မြတ်စွာဘုရား လောကဌ် ပွင့်တော်မူသော အချိန်မှာ ဘီစီ ၆ ရာစု ဖြစ်ပါတယ်။ ထိုရာစုမှာ အိန္ဒိယ၊ တရုတ်၊ ပါရှား၊ ဂရိ တို့တွင်လည်း အံ့သြဘွယ် ကောင်းလောက်သော အတွေး အခေါ် ပညာရှင်များ ပေါ်ပေါက်ခဲ့ပါတယ်။ တရုတ်ပြည်ဌ် *လောင်ဇူ 'Lao Tzu'* နှင့် *ကွန်ဖြူးရှပ်စ် 'Confucius'*၊ ဂရိဌ် *ပါမီးရိုးဒတ်စ် 'Permerides'*၊ ပါရှားဌ် *ဇာရာတ်ဟူစတြာ 'Zarathustra'* နှင့် အိန္ဒိယဌ် *မဟာဝီရ* တို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သမိုင်းပညာရှင်များက အသိပညာနယ်ပယ်မှာ ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသော ရာစုနှစ် ဖြစ်တယ်လို့ ဆိုကြပါတယ်။

အဲဒီအခါမှာ သစ္စာနှင့်ပတ်သက်လို့ ဝါဒအမျိုးမျိုး ပေါ်ပေါက်ခဲ့သလို ဒဿန ပညာရှင်များက သစ္စာဆိုတဲ့ အမှန်တရားကို သိလိုစိတ်များ ကလည်း ရင်ထဲမှာ ပြင်းပြစွာ ဖြစ်ပေါ်နေကြပါတယ်။ သူတို့ သိလိုတဲ့ အဓိက အချက်များမှာ

တမလွန်လောက ဆိုတာ ရှိ မရှိ

သေပြီးနောက် သတ္တဝါတွေ ပြန်ဖြစ် မဖြစ်

ကံရဲ့ အကျိုးပေးဆိုတာ ရှိ မရှိ

ဘဝရဲ့ အနှစ်သာရနှင့် အဆုံးစွန်သော ပန်းတိုင် တို့ ဖြစ်ပါတယ်။

အထက်ပါ အမေးပုစ္ဆာများရဲ့ အဖြေကို သူတို့အနေနဲ့ တိတိကျကျ သိလိုကြပါတယ်။ ဒါပေမဲ့ ပြည့်စုံတဲ့ အသိဉာဏ် မရရှိတဲ့ အတွက် မဖြေရှင်းနိုင်ကြတာကို တွေ့ရပါတယ်။

သမိုင်းကြောင်းအရ မြတ်စွာဘုရား ပွင့်သောခေတ်ဟာ အိန္ဒိယ ဒဿနသမိုင်းမှာ ဗေဒနှင့် ဥပါနိသျှခေတ် ကိုလွန်ပြီး သုတ္တာခေတ်သို့ ရောက်ရှိနေသောအခါ ဖြစ်ပါတယ်။

ဗုဒ္ဓပွင့်သော ခေတ်ကို *သုတ္တာခေတ် 'Sutra Era'* လို့ ခေါ်ဆိုရခြင်းမှာ ပညာရှိများဟာ အတွေးအမြင် အယူအဆများ နှင့် အမေးအဖြေ ပြဿနာများကို *အကျဉ်းနည်း* ဖြင့် ရေးသား တင်ပြထားလို့ ဖြစ်ပါတယ်။ အဲဒီခေတ် အိန္ဒိယ နိုင်ငံမှာ ဒဿန ဂိုဏ်းကြီး ၉ ဂိုဏ်းကလည်း စင်ပြိုင်ထွန်းကား နေပါတယ်။

အဲဒီ ကာလအတွင်းမှာ သစ္စာနှင့် ပတ်သက်လို့ အတ္တဝါဒ၊ ထာဝရ ဘုရားနှင့် ဖန်ဆင်းရှင်ကို လက်ခံသောဝါဒ၊ လက်မခံ သောဝါဒ၊ အတ္တနှင့် အနတ္တ ရောနှောနေသောဝါဒများ များစွာ ပေါ်ပေါက် နေပါတယ်။ ဒါ့ကြောင့်မို့ မြတ်ဗုဒ္ဓဟာ မိမိရဲ့ ဘုရားအဖြစ်ကို အများသူငှာ သိရှိရန်အတွက် ပွင့်တော်မူခဲ့ပြီးသော ဘုရားရှင်တိုင်း ဟောကြား တော်မူခဲ့သော တရားဦး ဓမ္မစကြာကို ဟောကြား ရတော့မှာ ဖြစ်ပါတယ်။

ခေတ်ကာလ အခြေအနေ အရပ်ရပ်ကို ထောက်ရှုပြီး မြတ်ဗုဒ္ဓဟာ တရားမဟောဘဲ နေလို့ရမည့် အခြေအနေ မရှိတာကို ကျွန်တော် ဆင်ခြင်မိပါတယ်။ ဒါ့ကြောင့်မို့ သဟမွတိဗြဟ္မာ လျှောက်ထား တောင်းပန်သည်ဖြစ်စေ မတောင်းပန်သည်ဖြစ်စေ မြတ်ဗုဒ္ဓဟာ တရားဦးကို ဟောရတော့မှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ တရားဦးဟောရမည့် ပုဂ္ဂိုလ်ကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်သောအခါ ဦးစွာပထမ တွေ့ခဲ့ရသော ကမ္မဋ္ဌာန်းဆရာ အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ကို မြင်မိတဲ့အတွက် ကျေးဇူးဆပ်တရား ဟောရန် ကြံစည်ပါတယ်။ ဒါပေမဲ့ ဒီဗွစက္ခုဖြင့် ထပ်မံကြည့်ရှုရာ လူ့ပြည်မှ စုတေပြီး ဗြဟ္မာဘုံသို့ ရောက်နေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့ ဘုရားမဖြစ်မီ ဥရုဝေလတောမှာ *ဒုက္ကရစရိယာ 'Austere practices'* ကျင့်စဉ်က အလုပ်အကျွေးပြုခဲ့သော ပဉ္စဝဂ္ဂီငါးဦးကို မြင်တွေ့ပါတယ်။ ထိုစဉ်က ဘုရာအလောင်း ကျင့်သော အကျင့်ဟာ အစာအာဟာရနှင့် အနေအထိုင်ကို ထူးခြားစွာ ခြိုးခြံချွေတာသော *တပအကျင့် 'Asceticism'* ဖြစ်ပါတယ်။ ထိုအကျင့်ဖြင့် ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့သော်လည်း သဗ္ဗညုတဉာဏ်ကို မရဘဲ အလွန်ပင်ပန်း ဆင်းရဲခဲ့ပါတယ်။ သို့သော် ပဉ္စဝဂ္ဂီတို့က ထိုအကျင့်ဖြင့်သာ သဗ္ဗညုတဉာဏ်ကို ရနိုင်တယ်လို့

ယုံကြည် ကြပါတယ်။

အလောင်းတော်ဟာ တပအကျင့်ကို စွန့်လွှတ်ပြီး သေနာနိုဂုံးသို့ ဆွမ်းခံဝင်ပြီး အစာအာဟာရကို ပြန်လည် မှီဝဲပါတယ်။ ထိုအခါမှ အာဟာရပစ္စယ သတ္တိကြောင့် ခန္ဓာကိုယ် ကြံ့ခိုင်လာပြီး သမာဓိ ပြန်လည် ရရှိလာပါတယ်။ ပဉ္စဝဂ္ဂိတို့ကမူ အလောင်းတော်ကို ဘုရားမဖြစ်နိုင်တော့ဟု ယူဆပြီး မိဂဒါဝုန်တောမှာ တပအကျင့်ကို ဆက်လက်ကျင့်ရန် စွန့်ခွာ သွားကြပါတယ်။

အလောင်းတော်ဟာ သဗ္ဗညုတဉာဏ်ကို မရမချင်း နေရာမှ မထဟုဆုံးဖြတ်ပြီး မဟာဗောဓိပင်၏အရင်း အပရာဇိတ ပလ္လင်ထက်မှာ တရားရှုမှတ် အားထုတ်ခဲ့ပါတယ်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အခါမှာ **သစ္စာ** ကို ထိုးထွင်းသိမြင်ခဲ့ပါတယ်။

ကဆုန်လပြည့် နေမဝင်မှီမှာ မာရ်နတ် နှင့် စစ်သည် အပေါင်း၏ ခြိမ်းခြောက် တိုက်ခိုက်မှုနှင့် သူရဲ့ ချောမောလှပသော သမီးတော်သုံးပါး၏ စွဲဆောင် ဖြားယောင်းမှု ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

ညဉ့်ဦးယံအခါမှာ ရှေးရှေးဘဝအစဉ်ကို သိမြင်နိုင်သော *ပုဗ္ဗေနိဝါသာနုဿတိဉာဏ် 'Knowledge of recollecting fomer existences'*၊သန်းခေါင်ယံမှာ နတ်မျက်စိကဲ့သို့ အဆင်း အာရုံ အမျိုးမျိုးကို မြင်နိုင်သော *ဒိဗ္ဗစက္ခုဉာဏ် 'Divine eye'*

၊မိုးသောက်ယံ အရုဏ်တက်မှာ အာသဝေါ တရား လေးပါးကို ကုန်ခန်းစေနိုင်သော *အာသဝက္ခယဉာဏ် 'Knowledge that extinguishes all moral intoxicants'* ကို ရရှိပြီး သဗ္ဗညုတ ဘုရားရှင် အဖြစ်သို့ ရောက်တော် မူပါတယ်။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၉ ရက်တိုင်တိုင် ဗုဒ္ဓဂါယာရှိ မဟာဗောဓိပင်၏ ပတ်ဝန်းကျင်မှာ *ဝိမုတ္တိသုခ 'The happiness of emancipation'* ကို စံစားတော် မူပါတယ်။ ထို့နောက် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ကြွတော်မူပါတယ်။

ပဉ္စဝဂ္ဂီ ငါးဦးတို့ဟာ အထင်အမြင် လွဲနေသဖြင့် 'ငါ့ရှင်တို့၊ ရှင်ဂေါတမဟာ ဘုရားအဖြစ်သို့ ရောက်အောင်မကျင့်နိုင်လို့ ဒုက္ကရစရိယာ အကျင့်မှ ထွက်ပြီး ဆွမ်းသင်္ကန်း ပေါများခြင်းငှာ မြို့ရွာအရပ်ရပ်သို့ လှည့်ပတ်နေတယ်လို့ သတင်းကြားရတယ်။ ဒါ့ကြောင့် ရှင်ဂေါတမ မိဂဒါဝုန်တောသို့ ရောက်လာလျှင် ဝတ်ကြီး ဝတ်ငယ် မပြုစတမ်း' ဆိုပြီး အချင်းချင်း ကတိကဝတ် ထားကြပါတယ်။ ဒါပေမဲ့ ဘုရားရှင် ကြွလာသောအခါ တန်ခိုးတော်နှင့် မေတ္တာဂရုဏာကြောင့် ပဉ္စဝဂ္ဂီ ငါးဦးဟာ သပိတ်သင်္ကန်း လှမ်းယူခြင်း၊ ခြေတော် ဆေးပေးခြင်း၊ နေရာခင်းခြင်း စသော ဝတ်ကြီး ဝတ်ငယ်များကို ပြုကြပါတယ်။

ထိုအခါ မြတ်စွာဘုရားက 'အို ချစ်သားတို့ ငါသည်ကား အလုံးစုံသော တရားနှင့် သစ္စာကို သိမြင်ပြီး ဘုရားအဖြစ်သို့ ရောက်ခဲ့ပြီ၊ သင်တို့အား သစ္စာတရားကို ဟောကြားရန် ငါ ကြွလာတော် မူခဲ့တယ်၊ သင်တို့ ရှိသေစွာ နာကြားကြကုန်လော့' ဆိုပြီး မိန့်ကြားခဲ့ပါတယ်။

ဘုရားဖြစ်ကြောင်း အတိအလင်း ဖွင့်ဟပြောဆို သော်လည်း ပဉ္စဝဂ္ဂီတို့က မယုံကြည်ဘဲ 'ရှင်ဂေါတမ၊ ငြိုငြင် ခဲယဉ်းစွာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်က ပင်လျှင် ဘုရားရှင်အဖြစ်ကို မရောက်ရှိဘဲ ယခု ဆွမ်း၊ သက်နှံး၊ ကျောင်း ပေါများအောင် မြို့ရွာအတိုင်း လှည့်လည်သောအခါတွင် မှ ဘုရားအဖြစ်သို့ ရောက်ရှိသည်ကို မယုံနိုင်ပါ' လို့ လျှောက် ထားကြပါတယ်။

ဒီအခါမှာ သတ္တဝါအများတို့ဟာ ရင်ဝယ်သားကဲ့သို့ ချစ်ခင် ကြင်နာသော မဟာဂရုဏာရှင် ရှင်တော်ဘုရားဟာ သုံးကြိမ် တိုင်တိုင် ပဉ္စဝဂ္ဂီတို့အား ဘုရားဖြစ်ကြောင်း မိန့်ကြားတော်မူ ပါတယ်။ သို့သော် ပဉ္စဝဂ္ဂီ ငါးဦးတို့ဟာ မယုံကြည် နိုင်ကြသေး ပါ။

ထိုသို့ ပဉ္စဝဂ္ဂီတို့က ဗုဒ္ဓကို မယုံမကြည် ဖြစ်နေသောအခါ သူတို့ရဲ့ ယုံမှားသံသယကို ပယ်ဖျောက်စေပြီး ကျွတ်တမ်းဝင် စေလိုသော ဆန္ဒတော်၊ လောကမှာ သစ္စာကိုသိသော ဘုရားပွင့်ပြီ

ဟူ၍ ကြွေးကြော် နှံ့သိစေလိုသော ဆန္ဒတော်၊ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့အား အကျွတ်တရား ရစေလိုသော မြင့်မြတ်သည့် ဆန္ဒတော်များဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့အခါ အနောက်မိုးကုတ် စက်ဝိုင်းသို့ နေမင်းလည်း ဝင်ခါနီး အရှေ့မိုးကုတ် စက်ဝိုင်းမှ လဝန်းထွက်ခါစ အချိန်မှာ ဓမ္မစကြာတရားကို ဟောကြား တော်မူပါတယ်။

ထို့အတွက် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးမှ *'ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါး ဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်း ကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေကြွေ လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို'* လို့ လင်္ကာစပ်ဆို ခဲ့ပါတယ်။

(၂)

'မဇ္ဈိမ ပဋိပဒါ လမ်း'

ဓမ္မစကြာကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် ညဉ့်ဦးယံမှာ မိဂဒါဝုန်တောတွင်း *ပဉ္စဝဂ္ဂီငါးဦး 'Five group of diciples'* တို့အား ဟောခဲ့ပါတယ်။

ဓမ္မစကြာဆိုတဲ့ သစ္စာ စက်ဝန်းဖြင့် မိမိရဲ့အယူဝါဒဟာ ထာဝရ တည်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိ *'Eternalism'*

လည်းမဟုတ်၊ သေရင်ဘဝပြတ်စဲ သွားတယ်ဆိုတဲ့ *ဥစ္ဆေဒဒိဋ္ဌိ 'Nihilism'* လည်း မဟုတ်ဘဲ *သမ္မာဒိဋ္ဌိ 'Right view'* ဆိုတဲ့ *မဇ္ဈိမ ပဋိပဒါကျင့်စဉ်* သာဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။

မြတ်ဗုဒ္ဓမှ ကာမဂုဏ်ခံစားလွန်းတာနဲ့ ကိုယ့်ကိုယ်ကိုယ် ညှင်းဆဲတဲ့ အစွန်းနှစ်ဘက်ကိုရှောင်ပြီး မလျော့လွန်း မတင်းလွန်းတဲ့ မဇ္ဈိမပဋိပဒါ လမ်းကို ညွှန်ကြားခဲ့ပါတယ်။

အနောက်တိုင်း အတွေးအခေါ် ပညာရှင်တွေက မဇ္ဈိမပဋိပဒါဆိုတာ ခြံစည်းရိုးပေါ်မှာ ခွထိုင်တာလို့ ဆိုကြပါတယ်။ တကယ်တော့ မဇ္ဈိမ ပဋိပဒါဆိုတာ အစွန်းမရောက်ဘဲ မိမိ ဦးတည်ရာ လမ်းမှန်ကို ယုံကြည်ချက်အပြည့်နဲ့ လျှောက်လှမ်းတဲ့ ကျင့်စဉ်ပါ။ ဒါ့ကြောင့်မို့ *The middle way* ဆိုတာထက် *The right way* လို့ ပြန်ဆို လိုက်ပါတယ်။

မဇ္ဈိမပဋိပဒါလမ်း ဆိုတာ အင်္ဂါရှစ်ပါး ရှိသော မဂ်ပင် ဖြစ်ပါတယ်။ အင်္ဂါရှစ်ပါးမှာ-

(၁) *သမ္မာဒိဋ္ဌိ 'Right view'*

(၂) *သမ္မာသင်္ကပ္ပေါ 'Right Thought'*

(၃) *သမ္မာဝါစာ 'Right Speech'*

(၄) *သမ္မာကမ္မန္တော 'Right Bodily Action'*

(၅) *သမ္မာအာဇီဝေါ 'Right livelihood'*

(၆) *သမ္မာဝါယာမော 'Right Effort'*

(၇) *သမ္မာသတိ 'Right Mindfulness'*

(၈) *သမ္မာသမာဓိ 'Right Concentration'* တို့ ဖြစ်ပါတယ်။

အစွန်းနှစ်ဖက်ကြားမှာ

တရားဦး ဓမ္မစကြာမှာ မြတ်စွာဘုရားက *အစွန်းနှစ်ဖက် 'Two Extremes'* ကို *မှန်ကန်သော သတိတရား 'Right mindfulness'* လက်ကိုင်ထားပြီး ရှောင်ရှားဖို့ ဟောခဲ့ပါတယ်။

တရားရှုမှတ်ရာမှာ အစားအသောက် ကောင်းကောင်းစားပြီး ရှုမှတ်မယ်၊ ကာမဂုဏ်အာရုံတွေလည်း ရသလောက် ခံစားလိုက်ဦးမယ်၊ ကာမဂုဏ် ချမ်းသာတွေမှာ ကပ်ငြိသော အားဖြင့် လုံ့လပြုတယ်ဆိုရင် *ကာမ သုခလွိကာနုယောဂေါ 'Life given to attractive sense'* ဆိုတဲ့ အစွန်းတစ်ဖက်ကို ရောက်သွားပါတယ်။

ဒါမှမဟုတ် မိမိကျန်းမာရေးကို မငဲ့ကွက်တော့ဘဲ နေပူပူ မိုးရွာရွာ၊ မအိပ်မနေ ရရာစားပြီး တရားရှုမှတ်မယ်ဆိုရင် မိမိကိုယ်ကို ပင်ပန်းဆင်းရဲ ဒုက္ခဖြစ်စေတဲ့ *အတ္တ ကိလမထာ နုယောဂေါ 'Life given to self-torment'* ဆိုတဲ့ အစွန်းတစ်ဖက်ကို ရောက်သွားမှာ ဖြစ်ပါတယ်။

အထက်ပါ အစွန်းနှစ်ဖက်ဟာ အကျိုးမရှိတဲ့အပြင် သစ္စာကို ရှာဖွေရာမှာ ဘယ်လိုမှ အထောက်အပံ့ မပေးနိုင်ဘဲ အတွက် မြတ်စွာဘုရားရှင်ဟာ ရဟန်းတို့ မမှီဝဲအပ်ပါလို့ ဟောခဲ့တာ ဖြစ်ပါတယ်။

ကာမ သုခလွှိကာနုယောဂေါ

ဗုဒ္ဓ ပွင့်တော်မူတဲ့ အခါက ကာမဂုဏ် စည်းစိမ်များကို အပြည့်အဝ ခံစားတာ၊ ပျော်ရွှင်မှု မှန်သမျှကို ရယူတာဟာ အနှစ် သာရရှိသော ဘဝဖြစ်တယ်လို့ အယူရှိတဲ့ ဒဿန ဆရာကြီးများ နဲ့ နောက်လိုက်များလည်း အများကြီး ရှိခဲ့ပါတယ်။ သူတို့ဟာ တမလွန်ဘဝကိုလည်း မယုံကြည်ဘဲ ဘဝပြတ်စဲတဲ့ အယူရှိသူများ ဖြစ်ပါတယ်။

အဲဒီ အယူဝါဒကို အကျယ်တဝင့် ဟောကြားတာက *စာဝက အုပ်စု 'Carvaka school'* ဆိုတဲ့ ရုပ်ဝါဒီ ဂိုဏ်းသားများ ဖြစ်ပါတယ်။ သူတို့ဟာ အာရုံနဲ့ ထိတွေ့သိမြင်နိုင်သော လက်တွေ့ ပညာကိုသာ မှန်သောအသိပညာလို့ လက်ခံကြပါတယ်။ လောကဟာ ရုပ်တရားများဖြင့် ဖွဲ့စည်းထားပြီး ဝိညာဉ်သဘော ကိုလည်း ပစ်ပယ်ထားပါတယ်။ စိတ်ဆိုတာလည်း ဦးနှောက်ရဲ့ လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အရာသာဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ ဖန်ဆင်းရှင် ထာဝရဘုရားကို လက်မခံတဲ့ အတွက် သူတို့ရဲ့ အယူဝါဒကို *သဘာဝဝါဒ 'Naturalism'*

လို့လည်း ခေါ်လို့ရပါတယ်။

သူတို့က လူ့ဘဝဆိုတာ ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်း အမြဲ ဒွန်တွဲလျှက် ရှိနေတဲ့အတွက် ဆင်းရဲလုံးဝကင်းအောင် လုပ်ဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်။ ဒါ့ကြောင့်မို့ ဆင်းရဲနှည်းပြီး ချမ်းသာသုခ များအောင်သာ အားထုတ်ကြရမှာ ဖြစ်တယ်။ ရှိနေတဲ့ ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ဖို့ဆိုတာ သေခြင်းမှအပ တစ်ခြား နည်းမရှိ။ သေလျှင် ဆင်းရဲဒုက္ခများမှ ကင်းငြိမ်းသွားမှာဖြစ်တယ် လို့ ဆိုပါတယ်။

သူတို့ အမြင်အရ ကာမဂုဏ် ချမ်းသာကို မရှာဘဲ လူ့သဘာဝရဲ့ တောင့်တမှုများ လိုချင်ဆန္ဒများကို ဖိနှိပ်လျှက် မိမိကိုယ်ကို ညှင်းပန်း နှိပ်စက်သောအကျင့် ကျင့်ခြင်းဟာ ရှုးခြင်း တစ်မျိုးသာ ဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့က လောကကြီးမှာ လူတွေဟာ ဆူးများတဲ့ နှင်းဆီဆိုပြီး မပန်ဆင် မခူးဆွတ်ဘဲ မည်သူမျှ မနေကြပါဘူး။ မြတ်မြတ်နိုးနိုး ခူးဆွတ် ပန်ဆင်ကြပါတယ်။ အလားတူ အရိုးများတယ်ဆိုပြီး ငါး အမျိုးမျိုးကိုလည်း မစားသုံးဘဲ မနေကြပါဘူး။ စပါးသီးနှံများကို တိရစ္ဆာန် ပိုးမွှားများ ဖျက်ဆီးတယ် ဆိုပေမယ့် မစိုက်ပျိုးဘဲလည်း မနေကြပါဘူး။

ဒါကြောင့်မို့ ဘဝမှာ ကာမဂုဏ် စည်းစိမ်တွေကို ခံစားနိုင်ပါလျှက်နဲ့ လျစ်လျူရှု အဆုံးရှုံးခံ၍ နေခြင်းက မသင့်တော်။ နောင်ဘဝမှာ ချမ်းသာသုခ ရရှိမယ်ဆိုတဲ့ မျှော်လင့်ချက်ဖြင့်

ယခုလက်ရှိ ဘဝမှာ ကာမ ချမ်းသာတွေကို မခံစားဘဲ နေတာဟာ အချည်းနှီးသော ဆုံးရှုံးမှုသာ ဖြစ်တယ်။ ယခု လက်ထဲမှာရှိတဲ့ ကြက်ဥဟာ နက်ဖြန်မှရမယ့် ကြက်မကြီးထက် ပိုပြီး တန်ဖိုးရှိတာက အမှန်ဖြစ်တယ်။

ဒီအတွက် လူဘဝရဲ့ အဆုံးပန်းတိုင်ဟာ ဆင်းရဲဒုက္ခများကို အတတ်နိုင်ဆုံးရှောင်ပြီး ကာမစည်းစိမ်များကို အများဆုံး ရအောင်ရှာပြီး အမြင့်ဆုံး ခံစားတာဖြစ်တယ်။ လောကမှာ ချမ်းသာသုခ ခံစားခွင့်များလေလေ ထိုဘဝဟာ တန်ဖိုးအရှိဆုံး အနှစ်သာရအရှိဆုံး ဘဝလို့ မှတ်ယူ ထားကြပါတယ်။

အထက်ပါ အယူအဆများကတော့ *ကာမသုခလွှိကာနုယောဂေါ* ကို လက်ခံထားသူများရဲ့ အမြင်ဖြစ်ပါတယ်။

အတ္တကိလမထာ နုယောဂေါ

မိမိကိုယ်ကို ညှင်းပန်းနှိပ်စက်ပြီး ကိလေသာ ရာဂများ ကုန်ခမ်းသွားအောင် အစာငတ်ခံခြင်း၊ ရေငုပ်ခြင်း၊ နေအပူမီးအပူခံ၍ ကျင့်ခြင်း၊ အဝတ်အစား မဝတ်ဘဲနေခြင်း၊ ဆူးညောင့်ပေါ်၌အိပ်ခြင်း စသောအကျင့်များကို အားထုတ်သူများဟာ ဗုဒ္ဓမပွင့်မီ အခါကပင် အိန္ဒိယပြည်မှာ ရှိနှင့်နေကြပါတယ်။

ဂျိန်း အယူဝါဒ 'Janism' ကို စတင်ဟောကြားသူက ရဿဘ ဒေဝ ဖြစ်ပါတယ်။ သူဟာ ထီးနန်းစည်းစိမ်နှင့်တကွ

ဥစ္စာပစ္စည်းမှန်က အဝတ်အစားများပါ မချန် ပယ်လှန်စွန့်ပစ်ပြီး ဘဝ ၊လွတ်မြောက်ရေးအတွက် အားထုတ်ခဲ့ရာ ဉာဏ်အထူးကို ရရှိခဲ့တယ်လို့ ဘဂဝတကျမ်းမှာ ဆိုထားပါတယ်။

ဂျိန်းဂိုဏ်းရဲ့ အန္တိမဆရာဟာ *ဝါဒါမာန* ဖြစ်ပြီး *မဟာဝီရ* 'သူရဲကောင်းကြီး' လို့လည်း ခေါ်ကြပါတယ်။ သူဟာ ဘီစီ ၆ ရာစုမှာ အသက် ထင်ရှားရှိခဲ့လို့ ဗုဒ္ဓနဲ့ ခေတ်ပြိုင်လည်း ဖြစ်ပါတယ်။ 'ဂျိန်း' ဆိုတဲ့စကားဟာ ဇိန *'အောင်နိုင်သူ'* လို့လည်း အဓိပ္ပါယ်ရ ပါတယ်။

ဂျိန်း အယူဝါဒအရ လောကီအာရုံ ကာမဂုဏ်အနှောင်အဖွဲ့ အားလုံးက လွတ်မြောက်ခြင်းဟာ အဆုံးစွန်သောပန်းတိုင် ဖြစ်ပါတယ်လို့ ခံယူထားပါတယ်။ ဂျိန်း အယူအရ ဆင်းရဲဒုက္ခ ခံစားနေရခြင်းဟာ ကိုယ်ဆင်းရဲခြင်းမဟုတ်၊ အသိဇီဝဖြစ်သော ဝိညာဉ်ကသာ နာကျင်ခြင်း ဖြစ်တယ်လို့ ယူဆကြပါတယ်။

ဒါ့ကြောင့်မို့ ခန္ဓာကိုယ်အား တပ်မက်သောစိတ် ကင်းသွားမှသာ ဝိညာဉ် လွတ်မြောက် သွားနိုင်တယ် ဆိုပြီး ဂျိန်း တို့ဟာ မိမိကိုယ်ကို ညှင်းဆဲသော *အတ္တကိလမထာ နုယောဂေါ် 'Devotion to self mortification'* အကျင့်ကို ကျင့်ကြပါတယ်။

ဂျိန်း အယူမှာလည်း လူ့ခန္ဓာကို ရရှိခြင်း၊ ဆင်းရဲချမ်းသာ ကွာခြားခြင်း၊ ဉာဏ်ထက် ဉာဏ်နဲ့ဖြစ်ရခြင်း၊ အသက်ရှည်ခြင်းနှင့် အသက်တိုခြင်း၊ အဆင်း လှမလှ ဖြစ်ရခြင်းများဟာ

ကြံ့ကြိုက်သလို ဖြစ်ရခြင်းမျိုးမဟုတ်ဘဲ အတိတ်ကံက ဖန်တီးလို့သာ ဖြစ်ရတယ်ဆိုသော *ပုဗ္ဗေကတ ဟေတုကဝါဒ* ကိုလည်း လက်ခံထားကြပါတယ်။

ဝိညာဉ်ဟာ ခန္ဓာကိုယ်ကို တွယ်ကပ်နေရခြင်းဟာ နှောင်ဖွဲ့ထားတဲ့ တဏှာနဲ့ အဝိဇ္ဇာတို့ကြောင့် ဖြစ်တယ်။ ဒါ့ကြောင့်မို့ ခန္ဓာကိုယ်ကို တွယ်တာ တပ်မက်တဲ့ စိတ် ကင်းသွားမှသာ ဝိညာဉ် လွတ်မြောက်သွားမယ်လို့ ယူဆပြီး ခန္ဓာကိုယ်ကို ညှင်းပန်း နှိပ်စက်သော အလေ့ကို ကျင့်ကြခြင်း ဖြစ်ပါတယ်။

ဂျိန်း အယူအဆများကို *ဟာမန် ဂျက်ကိုဘီ 'Hermann Jacobi'* ရဲ့ *ဂျိန်းသုတ္တ 'The Jaina Sutras'* ၊ *အက်စ် စတီဗင်ဆန် 'S. Stevenson'* ရဲ့ *ဂျိန်းအယူဝါဒ၏ နှလုံးသား 'The Heart of Jainism'* နှင့် *မိုဟံလာမေထ 'Mohanlal Mehta'* ရဲ့ *ဂျိန်း ဒဿန အခြေခံအချက်များ 'Outlines of Jaina Philosophy'* ကျမ်းစာအုပ်များတွင် တွေ့ရှိနိုင်ပါတယ်။

ဗုဒ္ဓရဲ့ အမြင်အရ ဝိညာဉ် လွတ်မြောက်ရေးနှင့် နောက်ထပ် တဏှာ အသစ်များ မဖြစ်ပွားရေးအတွက် ခန္ဓာကိုယ် ညှင်းပန်း နှိပ်စက်ခြင်းဟာ တဖက်စွန်းကျသော အယူဖြစ်ပါတယ်။ ဗုဒ္ဓဟာ ခြောက်နှစ်တိုင်တိုင် ဒီလို မိမိကိုယ်ကို ညှင်းပန်းနှိပ်စက် တဲ့ အကျင့်နဲ့ ကျင့်ခဲ့သော်လည်း တရားထူး မတွေ့ခဲ့လို့ ဖြစ်ပါတယ်။

(၃)

'သစ္စာ လေးပါး'

သဗ္ဗညုတဉာဏ် *'Perfect Enlightenment'* ရရှိပြီး ဗုဒ္ဓ မြင်တွေ့ခဲ့သော သစ္စာလေးပါးမှာ-

- ဆင်းရဲအမှန်ဖြစ်သော *ဒုက္ခသစ္စာ 'Suffering'*
- ဆင်းရဲခြင်းရဲ့ အကြောင်းရင်း အမှန်ဖြစ်သော *သမုဒယသစ္စာ 'the cause of suffering'*
- ဆင်းရဲမှ လွတ်မြောက်ရာ အမှန်ဖြစ်သော *နိရောဓသစ္စာ 'the cessation of suffering'*
- ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော *မဂ္ဂသစ္စာ 'the Noble Eightfold Path leading to the cessation of suffering'* တို့ ဖြစ်ပါတယ်။

ကျွန်တော် အနောက်တိုင်း ဒဿနမှာ သစ္စာကို ရှာဖွေခဲ့စဉ်က တချို့ ဒဿနပညာရှင်များက အတွေ့အကြုံဖြင့် သိနိုင်ကြောင်း၊ တချို့က ဆင်ခြင်ခြင်းဖြင့် သိနိုင်ကြောင်း၊ တချို့က *တခဲ့ကဲ့ပွတ်တိုဉာဏ် 'intuition'* ဖြင့် ထိုးထွင်း၍ သိနိုင်ကြောင်း၊ တချို့က လက်တွေ့ စမ်းသပ်ခြင်းဖြင့် သိရှိနိုင်ကြောင်း တင်ပြခဲ့ကြပါတယ်။

မြတ်ဗုဒ္ဓက သစ္စာလေးပါးကို ရှာဖွေ သိရှိရာမှာ 'သင် မေးစရာ မလို၊ ငါကိုယ်တိုင် မေးပြီး ငါကိုယ်တိုင် ဖြေမည်' လို့ မိန့်ကြားထားသည့်အလား အောက်ပါအတိုင်း တိတိကျကျ ဖြေထားပါတယ် -

စက္ခုံ ဥဒပါဒိ 'Vision arose' - မျက်မြင်ထင်ရှား အတွေ့ အကြုံ *'Perception and Empericism'* အားဖြင့် သိတော်မူ ပါတယ်။

ဉာဏ် ဥဒပါဒိ 'Knowledge arose' - ဉာဏ်ဖြင့် ဆင်ခြင် သောအားဖြင့်လည်း သိတော်မူပါတယ် *'Reasoning and Rationalism'*။

ပညာ ဥဒပါဒိ 'Wisdom arose' - ပညာဉာဏ်ဖြင့် အကြောင်းအကျိုး ပိုင်းခြားရှုလည်း သိတော်မူပါတယ်။

ဝိဇ္ဇာ ဥဒပါဒိ 'Special knowledge arose' - ထိုးထွင်း နားလည်သော ဝိဇ္ဇာဉာဏ်နဲ့လည်း သိတော်မူပါတယ်။

အာလောကော ဥဒပါဒိ 'Light arose' - မသိမှု မောဟ အမှောင်တိုက်ကို ဖျက်ဆီးပြီး အလင်းဆောင်သောအားဖြင့်လည်း သိတော်မူ ပါတယ်။

ဆက်လက်လို့ မြတ်ဗုဒ္ဓက သစ္စာလေးပါးကို သိမြင်ရာမှာ သစ္စာဉာဏ်နဲ့သာမက ကတဉာဏ်၊ ကိစ္စဉာဏ်တို့နှင့်ပါ သိရှိခဲ့ တယ်လို့ ဟောထားပါတယ်။

သစ္စာညာဏ် ဆိုတာ အမှန်တရားကို သေသေချာချာ ပိုင်းခြား သိမြင်သောညာဏ် *'Thorough knowledge'* ဖြစ်ပါတယ်။

ကိစ္စညာဏ် ဆိုတာ ပိုင်းပိုင်းခြားခြား ထင်ရှားစွာသိအောင် ပြုအပ်တယ်လို့ သိသောညာဏ် ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြုလုပ်တတ်သော အတတ်ပညာကို ခွဲခြား သိမြင်သောညာဏ် *'analytical knowledge'* ဖြစ်ပါတယ်။ ခေတ်စကားနဲ့ ပြောလျှင် *'Technology'* သို့မဟုတ် *'Technique'* ကို သိရှိတာ ဖြစ်ပါတယ်။

ကတညာဏ် ဆိုတာ ပိုင်းခြား၍ သိခြင်းကိစ္စ ပြီးပြီလို့ သိသောညာဏ်ကို ခေါ်တာဖြစ်ပါတယ်။ ပြုလုပ်အပ်သော အမှုရဲ့ ရည်ရွယ်ချက် အမှား အမှန်ကို ပိုင်းခြား ဝေဖန်တတ်သော ပညာညာဏ် ဒါမှမဟုတ် ခန္ဓာငါးပါး၌ တွယ်တာတပ်မက်မှု အပေါ်မှာ ပယ်ခွာနိုင်သော သိမြင်မှု *'Dispelling knowledge'* ဖြစ်ပါတယ်။

တကယ်တော့ သစ္စာလေးပါးဆိုတာ ကမ္ဘာအဆက်ဆက် တည်ရှိနေသော ဘုရား အဆူဆူတို့ရဲ့ ဝါဒဖြစ်ပါတယ်။ ဒီလို ထာဝစဉ် တည်ရှိနေသော သစ္စာဟာ ဂေါတမ မြတ်စွာဘုရား ပွင့်တော် မူသောအခါမှ ပြန်လည် ဟောကြားခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဂေါတမ မြတ်စွာဘုရားရှင်ဟာ အယူဝါဒသစ်ကို တည်ထောင်ခြင်းမဟုတ်ဘဲ တိမ်မြုပ်နေသော သစ္စာကို သဗ္ဗညုတ

ဉာဏ်ဖြင့် ဖေါ်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို တိမ်မြုပ်နေသော သစ္စာလေးပါးကို ဖေါ်ထုတ် နိုင်အောင် ကြိုးစားအားထုတ်ရတာ လွယ်ကူသောအလုပ် မဟုတ်ပါဘူး။ အလောင်းတော်ဟာ လောကအကျိုး၊ အများအကျိုး ဆောင်ရွက်ဖို့နဲ့ ဘုရားဖြစ်ရန်အလို့ငှာ လေးသချိန်နှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ဆည်းခဲ့ ရပါတယ်။

ဂေါတမ မြတ်စွာဘုရားရှင်ဟာ သုမေဓာ ရှင်ရသေ့ဘဝက စပြီး ဝေနေယျ သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲမှ လွတ် မြောက်နိုင်ဖို့၊ လောကအကျိုးကို သယ်ပိုးဖို့ ကြီးမားလှသော မဟာကရုဏာတော်နှင့် မိမိက အနစ်နာခံပြီး ပါရမီများဖြည့်ဆည်း ခဲ့လို့ သစ္စာ ကို ထိုးထွင်း သိမြင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ သစ္စာ ဆိုတဲ့ အမှန်တရားမှာ စိုပြေအေးမြ တဲ့ မေတ္တာနဲ့ ကြီးမားတဲ့ ကရုဏာတို့ဟာ အမြဲယှဉ်တွဲ ပါဝင် နေပါတယ်။

ಶಿರಸಿಯ ಮಾರಿಕಾಂಬಾ

ပထမ အရိယာသစ္စာ

သစ္စာစက်ဝန်းမှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ပထမ အရိယာသစ္စာက ဆင်းရဲခြင်းဆိုတဲ့ *ဒုက္ခသစ္စာ* ဖြစ်ပါတယ်။ သံယောဇဉ်ဆွဲအား ဆိုတဲ့ သမုဒယသစ္စာကြောင့် လူတွေအားလုံး ဘဝမှာ ကြုံတွေ့နေရတာဟာ ဆင်းရဲခြင်းသာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ ဆင်းရဲခြင်း ရှစ်မျိုးကတော့ -

ဇာတိပိ ဒုက္ခော - အဖန်ဖန်တလဲလဲ မွေဖွားရခြင်း၊ *ဖြစ်တည်ရခြင်း 'existence'*၊ ပဋိသန္ဓေ နေရခြင်းဟာလည်း ဆင်းရဲခြင်း ဖြစ်ပါတယ်။ ပဋိသန္ဓေ နေရတဲ့အခါမှစပြီး မမွေးဖွားမီ ကိုးလကျော် ဆယ်လအထိ အမိဝမ်းထဲမှာ ကျဉ်းမြောင်းကြပ်တည်းစွာ နေခဲ့ရတဲ့ ဒုက္ခက မနည်းလှပါဘူး။ ဒါကြောင့်မို့ မြတ်စွာဘုရားက အဖန်ဖန်တလဲလဲ မွေဖွားရခြင်း *'Birth is suffering'* ဟာလည်း ဆင်းရဲခြင်းပါလို့ ဟောခဲ့ပါတယ်။

ဇာတိကြောင့် မည်သူမဆို ပုခက်တွင်းမှ ခေါင်းထဲရောက်တဲ့အထိ ဆင်းရဲခြင်းမျိုးစုံကို တွေ့ကြုံပြီး နေရတာ ဖြစ်ပါတယ် *'All between the cradle and coffin is suffering'*။ လူနှင့် သတ္တဝါတွေအားလုံးဟာ ဘယ်ဘဝမှာ ဖြစ်ဖြစ် ဇာတိနှင့် အစပြုလို့ မွေးဖွားလာတဲ့အခါ နောက်ဆုံး

သေခြင်းနှင့်သာ အဆုံးသတ်စမြဲမို့ ပထမဆုံး ဆင်းရဲအဖြစ် ဗုဒ္ဓက ဟောခဲ့တာ ဖြစ်ပါတယ်။

ဇရာပိ ဒုက္ခော - ဘဝတစ်ခု ရလာတာနဲ့ တဖြည်းဖြည်း အိုမင်း ရင့်ရော်ခြင်း၊ ဟောင်းမြဲယိုယွင်းခြင်း၊ အဆင်းအရောင် မှိန်ခြင်း၊ အပိုဖြစ်ခြင်း၊ အရာမရောက်ခြင်း၊ အဖိုးမတန်ဖြစ်ခြင်းနဲ့ နှစ်သက်ဖွယ် မဖြစ်တော့တဲ့ သဘောကို မလွဲမသွေ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။

ဇရာ *'Ageing'* ဆိုတာ အချိန်နှင့် ဆက်စပ်နေသလို *'အချိန်ကာလရဲ့ တိုက်စားခြင်း'* သဘောလို့လည်း ဆိုနိုင်ပါတယ်။ ဘဝမှာ ဘယ်သူမဆို ဘယ်လိုမှ ပြန်လည်မရနိုင်တော့တဲ့ အရာနှစ်ခုက နုပျိုခြင်းနှင့် အချိန် ဖြစ်ပါတယ်။

ဇရာမီးဟာ ခန္ဓာကိုအစဉ်အမြဲ လောင်ကျွမ်းနေတတ်တဲ့ အတွက် လူတစ်ဦးရဲ့ ရုပ်ရည်ဟာ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းမှ မဟုတ်ပါဘူး၊ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းလေးမှာလည်း ရင့်ရော်အိုမင်း နေပါတယ်။ ဘဝတစ်ခုကို ဆွေးမြေ့စေတတ်၊ အိုမင်းရင့်ရော်စေတတ်လို့ ဇရာဟာ ဆင်းရဲခြင်း တစ်မျိုး *'Old age is suffering'* ဖြစ်ပါတယ်။

ဗျာဓိ ဒုက္ခော - ဘဝခရီးတလေးတစ်ခုမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းလေးပါးကြောင့် ဖျားနာခြင်း၊ အနာရောဂါ စွဲကပ်ခြင်း *'Sickness'*၊ ဝေဒနာ အမျိုးမျိုးကြောင့်

ကိုက်ခဲနာကျင်ရခြင်း၊ ပျက်စီး ယိုယွင်းခြင်း စသော ဖောက်ပြန်မှု တွေကိုလည်း မကြုံချင်ပေမယ့် ကြုံဆုံရပါတယ်။ တရား ရှုမှတ်လို့ သမာဓိရလာရင် နေ့စဉ် ခန္ဓာငါးပါးရဲ့ အစဉ်ဖောက်ပြန် ပြောင်းလဲနေမှု၊ မငြိမ်မသက် ရုန်းရင်းဆန်ခတ် ဖြစ်မှုတွေဟာ ပိုလို့သိသာလှပါတယ်။

ဘဝမှာ ဖြစ်ပေါ်လာတဲ့ အရာမှန်သမျှဟာ ပျက်ဆီးခြင်း ဧရာ သဘောရှိသလို အခိုက်အတန့်အားဖြင့် နာခြင်းဆိုတဲ့ *ဗျာဒိ* သဘောလည်း ရှိပါတယ်။ ငယ်ရွယ်ဖျတ်လတ်နေစဉ်မှာ သိပ် မသိသာလှပေမယ့် ခန္ဓာတစ်ခု ရလာတယ် ဆိုကတည်းက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မည်သူမဆို ဝေဒနာတွေကို ရှောင်လွှဲလို့ မရနိုင်အောင် တွေ့ကြုံခံစားရမှာ ဖြစ်ပါတယ်။

ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးချိုနှင့် လေဖြတ်တာလို ဝေဒနာကြီးတွေမှ မဟုတ်ပါဘူး။ ကျွန်တော်တို့အားလုံးမှာ နေ့စဉ် ကိုယ်လက် မအီမသာ ဖြစ်တာတွေ၊ နာကျင်ကိုက်ခဲ ညောင်းညာ တာတွေ အမြဲရှိနေပါတယ်။ သွားလာလှုပ်ရှား နိုင်သေးလို့သာ ရောဂါလို့ အမည်မတပ်သေးတာပါ။ မိမိနဲ့ ဆက်ဆံနေရသူ အားလုံးကို သတိထားကြည့်လိုက်ရင် ခေါင်းမူး၊ ဇက်ကြောထိုး၊ ချောင်းဆိုး၊ အကြောတက်၊ အစာမကြေ၊ လေထိုးလေအောင့်နဲ့ ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေတာတွေကို အနည်းနှင့်အများ ဆိုသလို တွေ့နေရမှာပါ။

လူတိုင်းဟာ ဝေဒနာတွေကို တစ်ချိန်မဟုတ် တစ်ချိန်မှာ အမြဲကြုံတွေ့နေရမှာ ဖြစ်တဲ့အတွက် မိမိကိုယ်မိမိ အလွန်ကျန်းမာတယ်ဆိုရင် အသိဉာဏ်နည်းလို့ ပြောတာ ဖြစ်ပါလိမ့်မယ်။

မရဏံပိ ဒုက္ခံ - အစရှိရင် အဆုံးဆိုတာရှိသလို မွေးဖွားခြင်းရှိတဲ့အတွက် ဘဝတစ်ခုရဲ့ ချုပ်ဆုံးခြင်း၊ ပြီးဆုံးခြင်းနဲ့ သေဆုံးခြင်းဟာလည်း အမြဲဒွန်တွဲရှိနေပါတယ်။ ဘဝကို ဇာတ်ခုံနဲ့ ပမာထားပြီး ကြည့်မယ်ဆိုရင် အရာရာဟာ မရဏ သဘောကြောင့် *တစ်ခန်းရပ် ပြဇာတ်*ကို ကပြနေကြတာနဲ့ တူပါတယ်။ လက်ရှိဘဝမှာ တိုက်တာ အဆောက်အဦတွေ၊ ဇနီးသားသမီးတွေ၊ စိန်ရွှေတွေ၊ အခြွေအရံတွေ ဘယ်လောက်ပဲ ရှိပါစေ သေဆုံးသွားတဲ့အခါ အားလုံး အချည်းနှီး ဖြစ်သွားရတဲ့အတွက် စတုတ္ထမြောက် ဆင်းရဲခြင်း ဖြစ်ပါတယ်။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော - မိမိ မချစ် မနှစ်သက် သောသူတို့နဲ့ အတူယှဉ်တွဲ နေထိုင်ဆက်ဆံရတာ ကလည်း ဆင်းရဲခြင်း တစ်ခုဖြစ်ပါတယ် *'Association with those who do not love is suffering'*။

လူရယ်လို့ ဖြစ်လာပြီ ဆိုကတည်းက မိမိတစ်ယောက်တည်း နေလို့မရတော့ဘဲ ပတ်ဝန်းကျင် လောကကြီးနဲ့ပါ ထိတွေ့ဆက်ဆံ လာရပါတယ်။ ကျောင်းမှာ၊ လုပ်ငန်းခွင်မှာ၊ ရပ်ကွက်ထဲမှာလည်း အခြေအနေအရ မိမိနဲ့အဆင်မပြေတဲ့၊ မိမိကို

နားလည်မှုမရှိဘဲ အနှောက် အယှက်ပေးတဲ့သူ၊ ဒုက္ခပေးမယ့် သူတွေနဲ့လည်း ဆက်ဆံ နေရ ပါတယ်။ မချစ် မနှစ်သက်သော သူဆိုတာ လူပုဂ္ဂိုလ် တစ်ဦးချင်း သာမက မိမိမနှစ်သက်တဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စနစ်များနဲ့ ဖိစီးခြင်း *'stress'* မျိုးစုံတို့ ပါဝင်နေပါတယ်။

ဝိယောဟိ ဝိပ္ပယောဂေါ ဒုက္ခော - ချစ်ခင်နှစ်သက် မြတ်နိုးရသူတွေနဲ့ ခွဲခွာပြီးနေရတာ ဒါမှမဟုတ် နှီးလျက်နဲ့ ဝေးနေရတဲ့ အဖြစ်တွေဟာ ဆင်းရဲခြင်းတစ်မျိုး ဖြစ်ပါတယ်။ *'Separation from those who we love is suffering'* ။

ချစ်ထုံး နှောင်ဖွဲ့ပြီးကာမှ အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာနေရတဲ့ လွမ်းရတဲ့ အဖြစ်တွေ၊ သခ်ၤါရသဘောအရ ခွဲခွာရတာတွေ၊ တစ်ခါတစ်ရံ ရှင်လျက်နဲ့ ဘယ်လိုမှပြန်တွေ့လို့ မဖြစ်နိုင်တော့တဲ့ ဘဝတွေဟာ ကြီးမားတဲ့ ဆင်းရဲမှုပါ။

အလိုရှိတိုင်း တောင့်တတိုင်း မဖြစ်ခြင်း - ပြီးပြည့်စုံတယ်ဆိုတာ ဘယ်လိုမှမရှိနိုင်တဲ့အတွက် 'ပျော်ရာမှာ မနေရဘဲ တော်ရာမှာ နေရတာတွေ'၊ 'ရတာမလို လိုတာမရတဲ့ အဖြစ်တွေ'၊ 'ချောင်ချောင်လည်လည် နေရပေမယ့် အမြဲစိုးရိမ် ထိတ်လန့် နေရတာတွေ'၊ 'စည်းစိမ် ကြွယ်ဝပေမယ့် အသက်အန္တရာယ် ဝိုင်းရံနေတာတွေနှာမကျန်း ဖြစ်ရတာတွေ'ကို ကြုံတွေ့နေရပါတယ်။

တောင့်တတိုင်း မဖြစ်လို့ ဆင်းရဲခြင်း *'Not to get what one wants is suffering'* ဆိုရာမှာ လူမှုရေး၊ စီးပွားရေး နိုင်ငံရေးအရ မလွတ်လပ်တာတွေလည်း ပါနေပါတယ်။

ခန္ဓာဝန်ရဲ့ ဆင်းရဲခြင်း - အချုပ်အားဖြင့် ဥပါဒါန် တို့ရဲ့ စွဲလန်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးကို ရရှိထားတာကလည်း ဆင်းရဲခြင်း ဖြစ်ပါတယ် *'In brief, the five aggregates of attachment are suffering'* ။

ဝန်ထဲမှာ အပေါ့ပါးဆုံးက မေတ္တာဝန် ဖြစ်ပြီး၊ အလေးလံဆုံးက ခန္ဓာကိုယ် ဖြစ်ပါတယ်။ ကျန်းမာရေး ပြည့်စုံနေတဲ့အခါမှာ မသိသာပေမယ့် နာမကျန်း ဖြစ်တဲ့အခါ ခန္ဓာဝန်ဟာ အလွန်လေးလံလှတယ်ဆိုတာ ခံစားဘူး သူတိုင်း သိသာလှပါတယ်။

မြတ်စွာဘုရား ဟောခဲ့တဲ့ အထက်ပါ ဆင်းရဲခြင်းတွေဟာ ဇာတိမှ အစပြုလို့ ဘဝတစ်ခု ဖြစ်တည်လာတယ်ဆိုရင် မည်သူမဆို မလွဲမသွေ ကြုံတွေ့ရမှာဖြစ်လို့ ဘဝရဲ့ *ပထမဦးဆုံး အရိယာသစ္စာ* ဖြစ်ပါတယ်။

တိုတောင်းလှတဲ့ အသက်ရှင်နေချိန် ကာလလေးမှာ သေခြင်းတရားဟာ အစဉ် စောင့်ဆိုင်းနေပြီး ဒုက္ခဆင်းရဲတွေနဲ့ ပြည့်နှက်နေတယ် ဆိုတာကို စာရေးဆရာ *လီယိုတော်လ်စတွိုင်း 'Leo Tolstoy'* မှလည်း အောက်ပါအတိုင်း ဖွဲ့နွဲ့ တင်ပြထားပါတယ်

'တစ်ခါက ခရီးသွား အမျိုးသားတစ်ဦးဟာ တောအုပ်ထဲသို့ ဖြတ်အသွား ကျားကြီးတစ်ကောင်ကို တွေ့လို့ ထွက်ပြေးရပါတယ်။အသက်ဘေးမှလွတ်အောင် ပြေးရင်းနဲ့ ရေတွင်းပျက်တစ်ခုထဲကို ချော်ကျသွားပါတယ်။ ဒါပေမဲ့ သတိရှိတဲ့အတွက် တွင်းလယ်မှ ထိုးထွက်နေတဲ့ သစ်ပင်ပေါ်က သစ်ကိုင်းငယ်လေးကိုဆွဲပြီး တွဲလောင်းခိုထား မိလိုက်ပါတယ်။ တွင်းအောက်ခြေကို ကြည့်လိုက်တော့ မိချောင်းကြီး တစ်ကောင်က ရေစပ်စပ်မှာ ပါးစပ်ကြီးဟကာ စောင့်နေသလို တွင်းထိပ်မှာလည်း ကျားကြီးက ဝါးမျိုဖို့ အသင့် စောင့်နေတာကို မြင်တွေ့လိုက်ရပါတယ်'

'တစ်ချိန်တည်းမှာ မိမိတွဲခိုထားတဲ့ သစ်ကိုင်းလေးကို ကြွက်ဖြူ တစ်ကောင်နဲ့ ကြွက်မဲတစ်ကောင်ဟာ ကိုက်ဖြတ်နေပါတယ်။ တစ်ပြိုင်တည်းမှာ သစ်ကိုင်းပေါ်ကပျားအုံမှလည်း ချိုမြိန်လှတဲ့ ပျားရည်စက်တွေဟာ တစ်စက်ချင်းကျနေသလို ပျားတွေကလည်း ပျံဝဲရင်း မိမိကို ထိုးတုပ် နေပါတယ်။ မကြာမီ မိမိလည်း သစ်ကိုင်းကျိုးလို့ မိချောင်းကြီး ပါးစပ်ထဲသို့ ကျရောက်တော့မှာ သိပေမယ့် ခရီးသည်ဟာ ပျားရည်စက် ကလေးကို လျှာနဲ့လှမ်းလို့ လျက်လိုက်ပါသေးတယ် ...'

ဒီဝတ္ထုလေးဟာ ဒဏ္ဍာရီ *'a legend'* မဟုတ်ဘဲ လူတိုင်းကြုံတွေ့နေရတဲ့ ဘဝရဲ့သရုပ်မှန်ကို ဖော်ပြထားပါတယ်။

အချိန် ကို ရည်ညွှန်းထားတဲ့ နေ့နှင့်ညဆိုတဲ့ ကြွက်ဖြူနဲ့ ကြွက်မဲလေး နှစ်ကောင်ဟာ *ဘဝ* ဆိုဟဲ့ သစ်ကိုင်းငယ်ကို ကိုက်ဖြတ် ဝါးခြေနေသလို *သေခြင်း* နဲ့တူတဲ့ မိချောင်းနဲ့ ကျားကြီးကလည်း အမြဲစောင့်ဆိုင်းလို့ နေပါတယ်။ *ဆင်း*ရဲ*ခြင်း*နဲ့တူတဲ့ ပျားတွေက မိမိကို အခွင့်သင့်သလို ထိုးတုတ်နေကြပါတယ်။

ဒါ့ကြောင့်မို့ လူ့ဘဝဆိုတာ *ဓား*သွား*ပေါ်က ပျား*ရည်*စက်* *'Drops of honey over the sword '* တွေကို လျက်နေတာနဲ့ အလားတူပါတယ်။ ဓားသွားနဲ့တူတဲ့ ဒုက္ခတွေ အများကြီးပေါ်က ချိုမြိန်ဘဲ့ ပျားရည်စက်နဲ့တူတဲ့ ဘဝရဲ့ သာယာမှုတွေကို တဏှာဆိုတဲ့ စွဲလန်းတပ်မက်မှုကြောင့် လူတွေက မခွဲနိုင်မခွာရက် ဖြစ်နေကြတာပါ။

လူရယ်လို့ ဖြစ်လာတယ် ဆိုကတည်းက အကောင်းအဆိုး လောကဓံများနှင့် ဒုက္ခဆင်းရဲ အမျိုးမျိုးကို ခံစားရင်း သေခြင်း တရားဆီကို တဖြည်းဖြည်း ချဉ်းကပ် သွားနေကြတာကို နားလည်သွားရင် သမုဒယသစ္စာ ဆိုတဲ့ သံယောဇဉ် ဆွဲအား တွေကနေ ရုန်းထွက် သွားနိုင်မှာ ဖြစ်ပါတယ်။

ပထမ အရိယာသစ္စာနဲ့ မြတ်ဗုဒ္ဓဟာ သတ္တဝါတွေရဲ့ ဘဝ ဆင်းရဲများကို ဟောထားခဲ့သလို ထိုဆင်းရဲများမှ လွတ်မြောက်ရေး အတွက် ကျင့်စဉ်နှင့် နည်းလမ်းကိုလည်း စတုတ္ထ အရိယာသစ္စာ ဖြစ်တဲ့ မဂ္ဂသစ္စာမှာ ဟောထားခဲ့ပါတယ်။

ဒုတိယ အရိယာသစ္စာ

ဒုတိယ အရိယာသစ္စာ

မြတ်ဗုဒ္ဓက စွဲလန်းတပ်မက် နှစ်သက်တဲ့ တဏှာ ဆိုတဲ့ သမုဒယသစ္စာကို ဒုတိယ အရိယာသစ္စာ အဖြစ် ဟောကြားခဲ့ပါတယ်။ ဆင်းရဲခြင်း ဒုက္ခများဖြင့် ဘဝသစ်ကို အဖန်ဖန် တလဲလဲ ဖြစ်စေတတ်သော အကြောင်းအရင်းခံမှာ *တဏှာ* ဖြစ်ပါတယ်။

ဘဝခရီးဟာ အလွန်ရှည်လျားသလို ထွေပြားဆန်းကြယ်လွန်းလှပါတယ်။ တစ်ခါက ဒါရိုက်တာ ဆရာဦးသုခ ရိုက်ကူးခဲ့တဲ့ ဘဝသံသရာ ဇာတ်ဝင်တေးမှာ *'ဘဝသံသရာ ××× ရှည်လျားထွေပြား ××× မနေမနား ××× တစ်သွားတည်း သွားကြတာ ...'* လို့ ဖွဲ့ဆိုထားပါတယ်။ ဒီလို စဆုံးမထင်အောင် ရှည်လျားလှတဲ့ သံသရာမှာ ကျင်လည်ကြရတာဟာ တကယ်တော့ *'သမုဒယ'* ဆိုတဲ့ *သံယောဇဉ်ဆွဲအား 'The force of attachment'* တွေကြောင့် ဖြစ်ပါတယ်။

မြတ်စွာဘုရားက အကြင် တဏှာဟာ ကာမဂုဏ်အာရုံအမျိုးမျိုးမှာ တင်းတိမ်နိုင်ခြင်းမရှိဘဲ တွေ့သမျှသော အာရုံအသစ်အသစ်တို့ကို စွဲလန်းနှစ်သက် သာယာတတ်သော သဘောရှိလို့ *'တတြတတြာဘိနန္ဒိနီ' 'Craving which is accompanied by pleasure and lust, seeking satisfaction*

hear and there' ဆိုပြီး ဟောကြားခဲ့ပါတယ်။

တရားဦး ဓမ္မစကြာမှာ မြတ်စွာဘုရားက တဏှာကို *ကာမ တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ* လို့ သုံးမျိုးခွဲခြားပြီး ဟော ထားပါတယ်။

ကာမတဏှာ'Craving for sensual pleasures' ဆိုတာ ကာမဂုဏ် အာရုံများဖြစ်သော နှစ်သက်ဖွယ် အဆင်း အသံ အနံ့ အရသာ အတွေ့အထိ တို့မှာ တပ်မက်သာယာခြင်း ဖြစ်ပါတယ်။ ကာမဂုဏ် အာရုံများရဲ့ ဆွဲငင်အားကြောင့် ဘဝ တစ်ခု တစ်ခုဟာ သစ်ရွက်ခြောက်များလို ဖြုတ်ကနဲ ဖြုတ်ကနဲ ကြွေကျသွားတာ များပါတယ်။

ဘဝတဏှာ 'Craving for eternity of existence' ဆိုတာ အသက်ရှင်နေစဉ် လိုချင်တပ်မက်သော အရာများနှင့် ကွယ်လွန်ပြီးနောက်မှာ ဘဝအဆက်ဆက် ရှိသော ထာဝရမြဲတယ် ဆိုတဲ့ သဿတဒိဋ္ဌိ *'View of eternity'* အယူကို နှစ်သက် ခြင်း ဖြစ်ပါတယ်။

ဝိဘဝတဏှာ 'Craving for non- existence' ဆိုတာ ဘဝ ပြတ်စဲခြင်း၊ ဘဝ မရှိတော့ခြင်းကို အလိုရှိသော ဥစ္ဆေဒဒိဋ္ဌိ *'Nihilism'* နှင့် ယှဉ်သောအယူကို နှစ်သက်ခြင်း ဖြစ်ပါတယ်။

လူတွေအားလုံးကို သမုဒယသစ္စာ ဆိုတဲ့ *တဏှာ* နဲ့ ဘယ်သူ တွေကများ နှောင်ဖွဲ့ထားပါသလဲ ဆိုတာကို စာဖတ်သူများလည်း

သိချင်ကြပါလိမ့်မယ်။ ဒီအဖြေကလေးကို အိန္ဒိယကဗျာစာဆို ရာဘင်ဒြာနာသ်တဂို့း 'Rabindranath Tagore' က ကိုယ်တိုင်အကျဉ်းသား 'Self prisoner' လို့ အမည်ရတဲ့ ကဗျာလေးမှာ အောက်ပါအတိုင်း ဖွဲ့နွဲ့ဖော်ပြထားပါတယ်...

'အသင် အကျဉ်းသား ဖြစ်ကြားပါဦး၊ ဒီလို ခိုင်ခံ့လှသော အနှောင်အဖွဲမှာ သင့်အားဘယ်သူက နှောင်ဖွဲထားပါသလဲ...'

ထိုအခါ အကျဉ်းသားက-

'ငါသည် ဓနဥစ္စာများ မြင့်တက်စေဖို့အတွက် မိမိအရှင့်အဖို့ ဖြစ်သောဥစ္စာများကိုလည်း မိမိဘဏ်တိုက်တွင်သာ ထည့်သွင်းထားပါတယ်။ အိပ်ချင်လာသောအခါမှာလည်း အရှင့်အိပ်ယာပေါ်မှာပင် အိပ်လိုက် ပါတယ်။ နှီးလာလို့ ကြည့်လိုက်တဲ့အခါ မိမိဘဏ်တိုက်အတွင်း၌ အကျဉ်းသားဖြစ်နေတာကို တွေ့ရပါတယ်...'

'အသင်အကျဉ်းသား ပြောကြားပါဦး၊ သင့်ကိုချုပ်နှောင်ထားတဲ့ ခိုင်ခန့်လှတဲ့ လက်ထိပ် သံခြေကျဉ်းအနှောင်အဖွဲတွေကို ဘယ်သူ ပြုလုပ်ထားတာပါလဲ...'

'ခိုင်မာလှတဲ့ သံခြေကျဉ်းတို့ကို ပြုလုပ်ထားတာက ငါ ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ဥစ္စာပစ္စည်းများကို နှောင်ဖွဲထားနိုင်ဘို့ အတွက် သံခြေကျဉ်းများကို နေရောညဥ့်ပါ အထူးကြိုးစားပြီး မီးဖိုမှာ တုန့်ထုန့်ကလို့ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သေသေချာချာ

ကြိုးကြိုး စားစား ပြုလုပ်ပြီးသောအခါ ငါကိုယ်တိုင် သံခြေကျဉ်းနှင့် အနှောင်အဖွဲ့ ခံနေရတာကို တွေ့ရပါတယ်...'

ကဗျာစာဆို တဂိုးရဲ့ တင်စားချက်မှာ အလွန်လှပသလို စိတ်ဝင်စားဖွယ်လည်း ကောင်းပါတယ်။ ယောကျ်ား၊ မိန်းမ၊ စိန်ရွှေရတနာ၊ တိုက်၊ ခြံ၊ မြေ၊ ကားဆိုတဲ့ ကာမဂုဏ် စည်းစိမ်တွေကို ကိုယ်ကချုပ်နှောင် သိမ်းဆည်းဖို့ ကြိုးစားနေရင်းနဲ့ မိမိကိုယ်တိုင်က အဲဒီဥစ္စာတွေရဲ့ ချုပ်နှောင်မှုကို ခံလိုက်ရတာဖြစ်ပါတယ်။

မြတ်စွာဘုရားဟောခဲ့တဲ့ *'သံယောဇဉ် ဒါမှမဟုတ် တဏှာလက်သမား'* လို့ ဆိုနိုင်သော *အနေက ဇာတိသံသာရဲ့ အစချီတဲ့* ဥဒါန်းနှစ်ဂါထာ နှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ဓမ္မပဒမှာ-

'ခန္ဓာကိုယ် ဆိုသောအိမ်ကို ဆောက်လုပ်တဲ့ လက်သမားကို ရှာခဲ့ပါသော်လည်း မြင်နိုင်သော ဉာဏ်မရှိသောကြောင့် မရေတွက် နိုင်သော ဘဝများစွာနှင့် သံသရာမှာ ငါကျင်လည်ခဲ့ရတယ်။ အဖန် အဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲရခြင်းပင်ဖြစ်သည်...'

'Though many a birth in samsara
have I wandered in vain,
seeking the builder of this house of life.
Repeated birth is indeed suffering!

'ခန္ဓာကိုယ်တည်း ဆိုသောအိမ်ကို ဆောက်လုပ်သော တဏှာ လက်သမားကို ပညာမျက်စိဖြင့် ယခု ငါမြင်တွေ့ပြီ။ ခန္ဓာကိုယ်အိမ်ကို သင်နောက်တစ်ဖန် မဆောက်ရလေအောင် သင်၏ကိလေသာ တို့ကို ငါချိုးဖျက်၍ အဝိဇ္ဇာဆိုသော အိမ်ခေါင်ထွတ်ကို ဖျက်ဆီးလိုက်ပြီ။ ယခု ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ၊ တဏှာကုန်ရာ နိဗ္ဗာန်သို့ ရောက်ပြီ...'

O house-builder, you are seen!
You will not build this house again.
For your rafters are broken
and your ridgepole shattered.
My mind has reached the Unconditioned;
I have attained
the destruction of craving.

တဏှာဆိုတဲ့ သံယောဇဉ်ဆွဲအားကြောင့် ဘယ်သူမဆို နှောင် အိမ်မှရုန်းထွက်လို့မရ ဖြစ်နေတာကိုလည်း ဓမ္မပဒမှာ-

'ပင့်ကူသည် မိမိပြုလုပ်သော ပင့်ကူအိမ်၌ အိပ်သကဲ့သို့ ရာဂ ဖြင့် တပ်မက်မောသောသူတို့သည် မိမိတို့ပြုသော တဏှာအလျဉ်သို့ ကျကုန်၏။ ပညာရှိတို့သည် တဏှာအလျဉ်ကို ဖြတ်၍ ငဲ့ကွက်ခြင်း မရှိဘဲ ခပ်သိမ်းသောဆင်းရဲကို စွန့်ကာ နိဗ္ဗာန်သို့ သွားကုန်၏'

Those who are lust-infatuated
fall back into the swirling current
of samsara
like a spider on its self-spun web.
This, too, the wise cut off.
Without any longing,
they abandon all suffering
and renounce the world.

ဒါကြောင့်မို့ ဘဝမှာ မိဘနှင့် သားသမီး၊ ဇနီးနှင့်ခင်ပွန်း၊ ဆွေမျိုးမိတ်ဆွေများနဲ့ မရုန်းထွက်နိုင်အောင် ဖြစ်ရတာဟာ မည်သူမပြု မိမိမှုဆိုသလို တွယ်တာနှောင်ဖွဲ့ ထားတဲ့ သံယောဇဉ်နှယ်တွေကြောင့် ဖြစ်ပါတယ်။

တကယ်တော့ လည်း အများစုဟာ မသိလို့မဟုတ်ပါဘူး။ *'သိလျှက်နဲ့ ဝိပါက် ကြမ်ဘောင်'* ဆိုသလို အတွယ်အတာတွေဆိုတာ ပူလောင်မှုန်း သိပေမယ့် ဖြတ်ကျော်ဖို့ ခဲယဉ်းလှတဲ့ မေတ္တာနှောင်ကြိုးတွေကြောင့် ရုန်းမထွက် နိုင်အောင် ဖြစ်နေ ရတာပါ။ သံယောဇဉ်များများ တွယ်တာရလေလေ၊ ဆွဲအားများ လေလေ ဖြစ်နေရပါတယ်။

သေသေချာချာ တွေးကြည့်လိုက်တော့လည်း အပြစ်ဆိုလို့ မရနိုင်တာက ကျွန်တော်တို့အားလုံးရဲ့ ဘဝတွေဟာ အချစ်နဲ့

စခဲ့ကြလို့ ဖြစ်ပါတယ်။ ဘဝတစ်ခု ဖြစ်တယ်ဆိုတာနဲ့ *'ဘဝနိုကန္တိက'* ဆိုတဲ့ ဘဝကို ချစ်ခင်နှစ်သက် တွယ်တာတဲ့ *လောဘစိတ်ကလေး 'Attachment for Life'* က ပထမဦးဆုံး အစပြုခဲ့ပါတယ်။

အသက်အရွယ်ရလာလေလေ၊ ကိုယ်သံယောဇဉ် နှောင်ဖွဲ့မိသူတွေက များလေလေ ဖြစ်ပါတော့တယ်။ မိမိကိုယ်တိုင် ကလည်း ဒီအချစ်တွေ၊ သံယောဇဉ်တွေ နှောင်ဖွဲ့တာတွေကြောင့်ပဲ ဘဝမှာ ရှင်သန်စိုပြည်လို့ လာရပါတယ်။

သစ်ပင်တွေမှာ ရေသောက်မြစ်တွေ ခန်းခြောက်သွားရင် ဆက်လက်မရှင်သန်နိုင်တော့သလို ဘဝမှာလည်း မိမိသံယောဇဉ် တွယ်တာရသူတွေနဲ့ ကွဲကွာသွားရင်၊ မဆုံတွေ့ရတော့ဘူးဆိုရင် ဘဝဟာ အသက်ရှင်လျက်နဲ့ သေသွားရသလိုမျိုး ဖြစ်သွားပါတယ်။

ဒါကြောင့်မို့ လောကီနယ်ထဲမှာ ကျင်လည်နေရသူတွေ အားလုံးအတွက် *အချစ်သည်သာ ဘဝ၊ ဘဝဆိုတာကလည်း အချစ်သံယောဇဉ် တွေနဲ့ နှောင်ဖွဲ့ထားတာ ဖြစ်နေပါတော့တယ်။*

ငယ်ရွယ်စဉ်အခါမှာ မိဘ၊ မောင်နှမ၊ ဆွေမျိုးတွေက ခင်မင် တွယ်တာရဆုံး ဖြစ်ပေမယ့် အချစ်ပန်းလေးတွေ ဖူးပွင့်လာတဲ့ အချိန်မှာတော့ ဘဝလက်တွဲဖော်နဲ့တွေ့ပြီး ဆွဲငင်အားတွေ တိုးလာပါတယ်။ အိမ်ထောင်ကျသွားတဲ့ အခါမှာလည်း သားသမီး၊

မြေး၊ မြစ်များရဲ့ သံယောဇဉ်ဆွဲအား တွေကလည်း ဘဝမှာ ပိုပိုပြီး ရစ်ပတ် ချည်နှောင်လာကြတာ လောကသဘာဝပဲ ဖြစ်ပါတယ်။

ဓမ္မတာတရားက အချစ်ကို လမ်းပြနေတာမို့ ရေငတ်လို့ ဆားငန်ရေသောက်မိသူလို သောက်လေ သောက်လေ ငတ်မပြေ ဖြစ်လို့ အပြစ်မမြင်နိုင်ဘဲ အချစ်ပင်လယ်ထဲမှာ တဝဲလည်လည် ဖြစ်နေကြပါတယ်။ ဒီသဘောသဘာဝလေးရှိလို့ *ရှေးပညာရှိပုဏ္ဏား 'Old wisemen sacred verse'* မှာလည်း -

'အချစ် အချစ် ချစ်တိုင်း ချစ်၍၊ ချစ်လေချစ်လေ ချစ်မပြေတည်း ဆားငန်ရေနောက်၊ ငတ်တိုင်းသောက်က၊ သောက်လေ သောက်လေ၊ ငတ်မပြေသို့၊ ဖြစ်လေသမျှ၊ ကာမအရာ၊ တဏှာဖွဲ့ရစ်၊ ထိုအချစ်လည်း၊ အပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ ချစ်လျှင်ပျော်နိုး၊ ချစ်စပျိုးသည် ချစ်ရိုးချစ်စဉ် ချစ်လမ်းတည်း' လို့ ဖွဲ့ဆိုထားပါတယ်။

ကျွန်တော် မြန်မာစာပေကိုလေ့လာလိုက်စားခဲ့စဉ်က *ရှင်မဟာရဋ္ဌသာရ* ရဲ့ ရတုစာပိုဒ်လေးများကို အထူးနှစ်သက်ခဲ့ပါတယ်။ အင်းဝခေတ်မှာ ဖွဲ့ဆိုထားတဲ့ ရွှေပြည်ထွတ်ချာဘုရားတိုင် ရတုမှာ -

'ရွှေပြည်ထွတ်ချာ၊ စွယ်လက်ယာ၊ ရတနာပွင့်လိုင်၊ မဏ္ဍူခိုင်နှင့် ဦးတိုင်ချီးမြောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ့်ခြောက်နှစ်

ပြည့်၊ မြင့်ဏ၀်မထင်၊ မွတ်မွတ်စင်သား၊ **မြိတ်သွင်လွတ်စို့၊ ဖြာသွယ်ညိုကို၊** နတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား၊ ရှင်ပင်မွေတော်၊ ဖန်ဆင်းသော်မှ၊ တူပျော်ရအံ့၊ ပူတည်ိုးသမ်း၊ တတမ်းတမ်းသည်၊ မလွမ်းဘယ်သူ နေတတ်မည်...'

ဒီရတုလေးအရ ဆရာတော်ငယ်စဉ်က ဆယ့်ခြောက်နှစ်ကျော်အရွယ် မွေးညှင်း ပြာလဲ့လဲ့လေး လွမ်းထားတဲ့ ဖြူစင်ညက်ညောသော အသားအရေ၊ ညို့ညို့စိမ်းနေသော အကြောလေးများနဲ့ နတ်သမီးလေးပမာ ချောမောလှပတဲ့ မိန်းမပျို ကလေးတစ်ဦးကို စွဲလန်းခဲ့ပါတယ်။

ဒါကြောင့်မို့ ဆရာတော်မှ -

'ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင်၌၊ သွေးငင်ကြမ်မာ၊ ဝါသနာကြောင့်၊ ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊ **ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊** သန်းခေါင်မဟူ၊ အတူယှဉ်နွဲ၊ သန်လွဲမခန့်၊ ကိုယ်သက် စွန့်၍၊ ဝေးခွန့်ခရီး၊ ချုံကြီးတောအုံ၊ ဝါးရုံဝါးထွေး၊ သစ်ကျားဘေးကို၊ မတေးဆဲဖျား၊ မလေးစားတည့်၊ တရားသံဝေ၊ အောက်မေ့ချေသော်၊ ကြေးရွေဂဟေ၊ မစပ်လေသို့၊ စာပေတတ်မွန်၊ ဓမ္မဝန်နှင့်၊ ကျမ်းဂန် သိမြော်၊ ပဉ္စင်းရောက်က၊ ထပ်လောက်ကြင်ဖွယ်၊ ရှေးသောနယ်ကို၊ အာဃယ်ကြိုးရာလေတော့မည်...' လို့ ဆက်လက်ရေးဖွဲ့ ထားပါတယ်။

ပုရွက်ဆိသင် ဆိုတာ မြန်မာလို ရွေးရေစက်ဒါမှမဟုတ် ရွေးက ချစ်ခင်နှစ်သက်ခဲ့တာလို့ အဓိပ္ပါယ်ရပါတယ်။ ငယ်ရွယ်သူတို့ သဘာဝ ဆရာမိဘတွေကိုလည်း ဂရုမမူတော့ဘဲ အန္တရာယ်များလှတဲ့ တောကြီးမျက်မည်းထဲမှာတောင် *'ချစ်စထုံးနှောင်၊ ပျော်ရအောင် လို့...'* ဆိုပြီး အတူလက်တွဲ ခရီးနှင်ဖို့ ကြိုးစားခဲ့ဖူးပါတယ်။

အလွန်လှပတဲ့ မြန်မာစာအရေးအဖွဲ့လေးတစ်ခု ဖြစ်ပါတယ်။ အမျိုးသမီးလေးတွေ ဆံထုံးထုံးတဲ့အခါ ဆံနွယ်လေးတွေကို တစ်ပင်နဲ့ တစ်ပင် ရစ်ပတ်နှောင်ဖွဲ့ထုံးသလို မေတ္တာနှောင်ကြိုးတွေကိုလည်း နွယ်လေးတွေလို တစ်ဦးနဲ့တစ်ဦး ရစ်ပတ်နှောင်ဖွဲ့ထားခဲ့ပါတယ်။ ဒါပေမဲ့ ကျမ်းဂန်တွေ တတ်မြောက်ပြီး တရားသဘောနဲ့ ဆင်ခြင်နိုင်တဲ့အခါ ဆရာတော်ဟာ ဒီသံယောဇဉ်တွေကို တဖြည်းဖြည်း ဖြတ်လာနိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့ စာရှူသူများလည်း တရားသဘောလေးနဲ့ ယှဉ်ပြီး ပြန်ကြည့်စေချင်ပါတယ်။ သံသရာဆိုတာကလည်း အလွန်ရှည်လျား လှတဲ့အတွက် မိမိဖြတ်သန်းခဲ့ရတဲ့ ဘဝတွေဟာလည်း နည်းမှာ မဟုတ်သလို မိမိနှောင်ဖွဲ့ခဲ့တဲ့ သံယောဇဉ်တွေ၊ အချစ်တွေ ဆိုတာလည်း နည်းမှာမဟုတ်ပါဘူး။

ဘဝ တစ်ခု တစ်ခုမှာ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘဆိုသလို ရစ်ပတ်နှောင်ဖွဲ့ပြီး နေခဲ့ကြတာပါ။ ဘဝဝါစ်ခုမှာ သားသမီး တော်လိုက်၊ ဘဝတစ်ခုမှာ ဇနီး ခင်ပွန်း ဖြစ်လိုက်၊

ဘဝတစ်ခုမှာ မိဘ ဆွေမျိုးဖြစ်လိုက်နဲ့ ကျင်လည်ပြီး နေကြရပါတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားကလည်း အလွန်ရှည်လျားလှတဲ့ သံသရာစက်ဝန်း ကြောင့် ယခုဘဝမှာ ဆုံတွေ့ခဲ့သူတွေကလည်း အတိတ်ဘဝတွေမှာ တစ်မျိုးတစ်ဖုံ ဆွေမျိုးတော်စပ်ခဲ့သူတွေပါလို့ ဟောကြားခဲ့တာ ဖြစ်ပါတယ်။

အချစ်ဆိုတာနဲ့ တွယ်တာတပ်မက်မှု၊ ရယူပိုင်ဆိုင်လိုမှု၊ စွဲလမ်းမှု တွေကလည်း တစ်ခါတည်း တွဲပါလာတော့ *တဏှာ 'Attachment or Craving'* လို့လည်း ပြောလို့ရပါတယ်။

သံယောဇဉ် နှောင်ကြိုးတစ်ခု တိုးတိုင်း မိမိအဖို့ ဒုက္ခတွေ တစ်ခုပြီးတစ်ခု တိုးတာဖြစ်လို့ *'သံယောဇဉ်များများထားလေ ဒုက္ခ များလေလေ'* ဖြစ်နေရပါတယ်။ ဒါပေမဲ့ အများစုကတော့ ဒီလို သိမြင်နိုင်ဖို့ မလွယ်တော့ သံယောဇဉ်တစ်ခုတိုးတယ်ဆိုရင် သုခတွေ ထပ်ထပ်ရတယ်လို့သာ မြင်ကြပါတယ်။ သားသမီး သံယောဇဉ် တွေ၊ ဇနီးခင်ပွန်း သံယောဇဉ်တွေနဲ့ ပျော်စရာလို့ပဲ ထင်ကြတဲ့အတွက် သံယောဇဉ်တွေ၊ ချစ်စရာတွေကိုသာ တိုးတိုးပြီး ရှာနေကြပါတယ်။

သံယောဇဉ်၊ အချစ်တွေ ဆိုတာလည်း ပင်ကိုအရသမုဒယ သစ္စာသာဖြစ်လို့ ဘယ်လိုမှ *'သုခသစ္စာ'*ကို မဖြစ်စေဘဲ *'ဒုက္ခသစ္စာ'* ကိုသာ ဖြစ်စေပါတယ်။ သံယောဇဉ် တွေ နှောင်ဖွဲ့မိလို့ ဖြစ်လာတဲ့ ရလဒ်ကတော့ အမျိုးမျိုးသော ဆင်းရဲ

ဒုက္ခ တွေသာဖြစ်လို့ 'သုခ' ထင်ပြီး မှတ်ယူနေကြတဲ့ ပုထုဇဉ် လူသားတွေအတွက် တောင်ဖီလာ ဆရာတော် ဘုရားကြီးက *'ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲ့လုပ်ပြီ'* လို့ သံဝေဂ လက်ာလေး စပ်ဆိုခဲ့တာဖြစ်ပါတယ်။

သမုဒယ ဆိုတဲ့ သံယောဇဉ်နွယ်တွေကို ဖြတ်နိုင်မှ ကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခတွေကနေ ကင်းလွတ်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သံယောဇဉ် နွယ်တွေကို တစ်ခါတည်း အပြတ် မဖြတ်နိုင်ရင်တောင်မှ တဖြည်းဖြည်းနဲ့ နည်းနည်းချင်း ဖြတ်စေ ချင်ပါတယ်။ အကျိုးချုပ်တဲ့အခါမှာ မလိုတဲ့အဝတ် အပိုင်းလေးတွေကို ကိုက်ဖြတ် ပေးရသလို လျှော့လို့ရနိုင်တဲ့ အချစ်တွေ၊ သံယောဇဉ် တွေကိုလည်း နည်းနည်းချင်း လျှော့ပေးမှဖြစ်မှာပါ။

သံယောဇဉ်တွေ လျှော့သွား လေလေ ကိုယ့်မှာပူပင်သောက ရောက်ရတာ နည်းသွားလေလေ ဖြစ်တော့ မိမိလည်း နေရတာ ပေါ့ပေါ့ ပါးပါးရှိပြီး တရားရှုမှတ်တဲ့ ဘက်ကို အာရုံပြုလို့ ရသွားမှာ ဖြစ်ပါတယ်။

'တစ်စတစ်စ စွန့်ဝံ့မှသာ၊ ဘဝနောက်နှောင်း ကောင်းထက် ကောင်းမယ်...' လို့ ဆိုစကားရှိတဲ့အတွက် သံယောဇဉ်တွေကို တစ်စပြီး တစ်စ ကြိုးစားပြီး စွန့်ရမှာဖြစ်ပါတယ်။

စွန့်စရိုမှ စွန့်ရဲမှာဖြစ်သလို စွန့်စမရှိရင် တွန့်ဆုတ်တွန့်ဆုတ်နဲ့ ဆိုတော့ စွန့်လို့ရမှာ မဟုတ်ပါဘူး။ တဖြည်းဖြည်း စွန့်ရင်းနဲ့ သံယောဇဉ် အနှောင်အဖွဲ့တွေကနေ ကင်းကွာသွားနိုင်ပြီဆိုရင် သောကမီးတွေနဲ့ ပူလောင်နေရတဲ့ဘဝကနေ အေးငြိမ်းမှုကို ရသွားမှာ ဖြစ်ပါတယ်။

သံယောဇဉ်အနှောင်အဖွဲ့တွေမှ ကင်းလွတ်သွားတဲ့အခါ ဆင်းရဲ ဒုက္ခတွေငြိမ်းသွားတာကို မြတ်စွာဘုရားက *'ဓမ္မပဒ စာစုလေး'*မှာ-

'ပုဂ္ဂိုလ်သတ္တဝါကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ၊ ချစ်ခင်စွဲလမ်း တွယ်တာခြင်းကို မပြုရာ။ ချစ်ခင် စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်း ရခြင်းသည် ဆင်းရဲခြင်းသည်ပင်ဖြစ်၏။ အကြင်သူသည် ချစ်ခြင်း၊ မုန်းခြင်း မရှိတော့ပါမူ အနှောင်အဖွဲ့ ဆင်းရဲဒုက္ခတို့သည်လည်း မရှိကြလေကုန် ...'

Therefore, do not attach to anything (beings or properties), for separation from the beloved is painful. There are no bonds for those to whom is dear or not dear.

'ချစ်ခင်နှစ်သက် တွယ်တာမှုကြောင့် စိုးရိမ်ပူပန်ခြင်း နှင့်ကြောက်ရွံ့ဖွယ် ဘေးရန်တို့ကိုဖြစ်စေပါတယ်။ ထို့အတွက် ချစ်ခင်နှစ်သက်မြတ်နိုးမှုမှ လွတ်ကင်းသွားသောသူအား စိုးရိမ်ပူပန်

ကြောက်ရွံ့ဖွယ် ဘေးရန်တို့သည် အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း'

From affection springs grief; from affection springs fear. For him who is wholly free from affection, there is no grief, whence fear?

'သံယောဇဉ်ဆွဲအား' တွေထဲမှာ ကျင်လည်ရသူတွေအားလုံးဟာ နောက်ဆုံးမှာတော့ ရှင်ကွဲ သို့မဟုတ် သေကွဲနဲ့ခွဲခွာရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေးကြည့်လိုက်ရင် အလွန်ဝမ်းနည်းစရာ ကောင်းလှတဲ့ အဖြစ်လေးတွေပါ။ တရားရှုမှတ်ပြီး အသိဉာဏ်လေး ရမှသာ ဖြေဆည်လို့ရမှာပါ။

ဒီသဘောလေးကို စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က *ပီတောက် ပွင့်ဆဲ လသာဆဲဝယ် ဝတ္ထုမှာ 'လွမ်းတိုင်း မျက်ရည် မဝဲရစ်သော်' ကဗျာလေးနဲ့ ဖွဲ့နွဲ့ဖော်ပြခဲ့ပါတယ် ...'*

'သြော် ... ပီတောက်ဖန်ဝါ သာသနာ၌၊ မဟာကရဏာ၊ ဓမ္မလမင်း ထိန်ထိန်ဝင်းဏေ၊ ဉာဏ်လင်းထိရောက်၊ အသိပေါက်က၊ ပီတောက်ပွင့်ဆဲ၊ လသာဆဲပေ၊ ခပဲလူသူ၊ ပူပူသမျှ၊ ငြိမ်းအေးမြလော့၊ လာကြရှုကြ၊ သန့်ရှင်းတည်း၊ ချစ်ရမုန်းရ၊ ပြုံးငိုရနှင့်၊ ဖြစ်ရပျက်ပြန်၊ ဝဲကိုလွန်မည်၊ နတ်ဟန် ချစ်သူ၊ ပျိုမျစ်သူနှင့်၊ ခုတူမကွဲ၊ တစ်နေ့ လွဲအံ့၊ နွေမွဲမြူပြာ၊ ကမ္ဘာလာလျှင်၊ အဝိဇ္ဇာ သင်တိုင်း၊ မင် မဝိုင်းပြီ၊ လွမ်းတိုင်း မျက်ရည် မဝဲရစ်သော် ... '

မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတော်တွေရဲ့ ရသကို အနှစ်ချုပ်လိုက်ရင် သံယောဇဉ် အနှောင်အဖွဲ့ တွေကနေ လွတ်မြောက်ဖို့ ရည်ရွယ်တဲ့ ရသတစ်ခုပဲရှိပါတယ်။ အဲဒီရသကို *လွတ်မြောက်ခြင်း ဒါမှမဟုတ် ဝိမုတ္တိရသ 'The taste of emancipation'* လို့ခေါ်ပါတယ်။

သီလ၊ သမာဓိ၊ ပညာများနှင့် ပြည့်စုံပြီး တရားရှုမှတ်အား ထုတ်မယ်ဆိုရင် ဘယ်သူမဆို လက်ရှိဘဝမှာ သံယောဇဉ် အနှောင်အဖွဲ့ တွေကနေ လွတ်မြောက်သွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ *'ဘဝတိုတို၊ နေညို့ညို့'* ဆိုတဲ့အတိုင်း ဘယ်သူမဆို ရောက်ရမယ့် မဝေးကွာလှတဲ့ ဆည်းဆာကာလ လေးမှာ သံယောဇဉ် အနှောင်အဖွဲ့တွေကနေ နည်းနိုင်သမျှ နည်းအောင်နေပြီး တရား ရှုမှတ်အားနှင့် မြင့်မြတ်တဲ့ ဘုံဘဝ တွေကိုရအောင် ကြိုးစားအားထုတ် စေချင်ပါတယ်။

ကမ္ဘာ့ဆွဲအားထက် အဆများစွာ အင်အားကြီးမားတဲ့ *'သံယောဇဉ် ဆွဲအား'* တွေမှလည်း တဖြည်းဖြည်း ရုန်းထွက် နိုင်ပြီး တည်ငြိမ်အေးချမ်းတဲ့ စိတ်လေးနဲ့ ဘဝမှာ နေနိုင်ကြပါစေ လို့ ဆန္ဒမွန် ပြုလိုက်ရပါတယ်။

တတိယ အဓိဋ္ဌာန

တတိယ အရိယာသစ္စာ

မြတ်ဗုဒ္ဓရဲ့ တတိယ အရိယာသစ္စာနှင့် ထေရဝါဒ ဗုဒ္ဓဒဿနရဲ့ အဆုံးစွန်သော ပန်းတိုင်က *နိဗ္ဗာန* ဆိုတဲ့ နိဗ္ဗာန် ဖြစ်ပါတယ်။

နိဗ္ဗာန် ဆိုတာ 'နိဗ္ဗာန' ဆိုတဲ့ ပါဠိဝေါဟာရက ဆင်းသက်လာတာဖြစ်ပြီး နိ *ကလွတ်မြောက်တယ် 'liberation'* ဝါန *က တဏှာ 'Attachment'* လို့ အဓိပ္ပါယ်ရလို့ တဏှာဆိုတဲ့ သံယောဇဉ်အနှောင်အဖွဲ့ သံယောဇဉ်ဆွဲအားများမှ လွတ်မြောက်သွားတာ *'liberation from attachment'* ဟာ နိဗ္ဗာန် ဖြစ်ပါတယ်။

ဝါန ဆိုတာ ဆက်စပ်ပေးတဲ့ သဘောလို့လည်း အဓိပ္ပါယ်ရပါတယ်။ ဘဝတစ်ခုနဲ့တစ်ခုကို ဆက်စပ်ပေးတတ်လို့ တဏှာကို ဝါနလို့ ခေါ်ပါတယ်။

နိဗ္ဗာန်ဆိုတာ သဘောတရားတခုဖြစ်ပြီး ဘုံ၊ ဌာန သဘော မျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ပရိနိဗ္ဗာန်စံတယ် ဒါမှမဟုတ် နိဗ္ဗာန် သို့ဝင်ရောက်သွားတယ် *'Enter into Nibbana'* ဆိုပြီး တင်စားခေါ်ဝေါ် သုံးစွဲတာကြောင့် အဆောက်အဦ တစ်ခုထဲ၊ ဘုံတစ်ခုထဲရောက်သွားသလို တစ်ချို့လည်း ထင်မြင်တတ်ကြပါတယ်။ အမှန်က ရုပ်နာမ်ချုပ်သွားလို့ ကိလေသာတွေ

ငြိမ်းသွားပြီး ခံစားမှု မရှိတဲ့ ချမ်းသာကို ရရှိသွားတာဟာ 'နိဗ္ဗာန်' ဖြစ်ပါတယ်။

နိဗ္ဗာန် ဆိုတာ အလွန်နက်နဲ သိမ်မွေလှတဲ့အတွက် စာဖတ်သူများ နားလည်လွယ်အောင်နှင့် စိတ်ဝင်စားဖွယ် ဖြစ်အောင် သွက်သွက်လက်လက် တင်ပြပေးသွားပါ့မယ်။

ကျွန်တော်နှင့် နိဗ္ဗာန်

နိဗ္ဗာန် ဆိုတဲ့ အသုံးအနှုန်းကို ပထမဦးဆုံး မှတ်မိ နေတာက ကျွန်တော် အသက် (၇) နှစ်သား အရွယ်မှာပါ။ အဲဒီတုန်းက တနင်္ဂနွေနေ့တိုင်း ဖွားဖွားစိန်၊ မိဘများနဲ့အတူ ဘုန်းကြီးကျောင်းကို ယွန်းအုပ်နီနီနဲ့ ဆွမ်းပို့တဲ့အခါ ကျွန်တော် အတူလိုက်ပါသွားလေ့ ရှိပါတယ်။

ဆရာတော်ကြီးက ဆွမ်းစားပြီးလို့ သီလပေး ရေစက်ချပြီးရင် *'နိဗ္ဗာန်ကို အမြန် မျက်မှောက် ပြုနိုင်ကြပါစေ'* လို့ ဆုပေးတာကို အမြဲကြားသိ နေရပါတယ်။

ကျွန်တော်မှ နိဗ္ဗာန်ဆိုတာ ဘယ်လိုနေရာလဲဆိုတာ သိချင်လို့ မိဘတွေကိုမေးတဲ့အခါ ကောင်းကင်ပြာကြီးကို လက်ညှိုးထိုးပြပြီး *'သားရယ်... နိဗ္ဗာန်ဆိုတာ ဟိုး...ပြာလဲ့လဲ့ မိုးကောင်းကင်ကြီးပေါ်မှာ ရှိတာပေ့ါ။ လူကြီးမိဘတွေကို ရိုသေ လုပ်ကျွေးရတဲ့သူ၊ ရတနာ(၃)ပါး ကိုင်းရှိုင်းတဲ့သူတွေ ရောက်ရမယ့် နေရာပေ့ါ။ အဲဒီနေရာမှာ အလွန် သာယာလှပတဲ့*

ဥယျာဉ်ကြီးနဲ့ ဝင်းလက် တောက်ပနေတဲ့ ရွှေစင်နန်းတော်ကြီး လည်းရှိတယ် ' လို့ ပြန်ဖြေပါတယ်။

အခုအရွယ်ရောက်မှ စဉ်းစားမိတာက မိဘတွေက ကျွန်တော့်ကို လိမ္မာအောင်၊ ကုသိုလ်ကောင်းမှုတွေ လုပ်ချင်အောင် ကလေးနားလည်နိုင်မယ့် စကားမျိုးနဲ့ ပြောပြတယ်ဆိုတာ သဘောပေါက် မိလိုက်ပါတယ်။ ကျွန်တော့်ဖခင် ဦးစိုးလင်း 'ဂုဏ်ထူးဆောင်ကထိက၊ နိုင်ငံတကာဆက်ဆံရေးရာဌာန' နဲ့ မိခင် ဒေါ်မြင့်မြင့်သန်းဟာ ငယ်စဉ်ကတည်းက ဘာသာရေး စာပေတွေ လိုက်စားချင်စိတ်ရှိအောင် အမြဲသွန်သင် ဆုံးမပေးခဲ့တဲ့ အနှိုင်းမဲ့ ကျေးဇူးရှင်တွေ ဖြစ်ပါတယ်။

အသက်အရွယ်ရလာမှ နိဗ္ဗာန်ဆိုတာ ကျွန်တော်ကလေး ဘဝက သိခဲ့သလို ခမ်းနားကြီးကျယ်တဲ့ နန်းတော်ကြီးတွေ၊ သာယာလှပတဲ့ အဆောက်အဦကြီးတွေ၊ ရေတံခွန်များနဲ့ ပန်းရောင်စုံ ဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးတွေရှိတဲ့ နေရာသဘောမျိုး မဟုတ်တာကို သိလိုက်ရပါတယ်။ ဒါပေမဲ့လည်း *နိဗ္ဗာန်ရွှေပြည်နန်း 'The Palace of Nibbana'* ဆိုတဲ့ အခေါ် အဝေါ်ကြောင့် လူအများစုက နိဗ္ဗာန်ဆိုရင် နန်းတော်ကြီးလို နေရာမျိုးအနေနဲ့ ထင်မှတ် နေကြပါတယ်။

အနောက်တိုင်း အတွေးအခေါ် ပညာရှင်တွေမှာလည်း ဒီလိုအယူအဆမျိုး ရှိတဲ့အတွက် နိဗ္ဗာန်ကို တည်ရာအရပ် တစ်ခုလို

ရှုမြင်ပြီး နိဗ္ဗာန်ဆိုတာ *'ထာဝရ ငြိမ်းချမ်းသော အလင်းရောင်တွင် နေထိုင်ခြင်း'* *'Living in the Light of Eternity'* လို့ အဓိပ္ပါယ် ဖွင့်ဆိုကြပါတယ်။

ကျွန်တော် ဒီစာစုကို ရေးနေတဲ့အချိန်မှာ ၁၉၉၃ ခုနှစ်၊ သြဂုတ်လက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ဗိုလ်မှူးကြီး ကြည်သွင် 'အငြိမ်းစား၊ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး'၊ ကိုအောင်အောင်နဲ့ ကျွန်တော်တို့ ညစဉ် နိဗ္ဗာန်အကြောင်း ဆွေးနွေးခဲ့တာကိုလည်း သတိရမိနေပါတယ်။ အဲဒီအခါက ဗိုလ်မှူးကြီး ကြည်သွင်မှာ *Papillary Carcinoma Thyroid* 'သိုင်းရွိုက်ဂလင်းကင်ဆာ' ဖြစ်လို့ ဆေးကုသမှု ခံယူဖို့ *Hammer- Smith Hospital, London* မှာ ရောက်နေတဲ့ အချိန်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး နိဗ္ဗာန်ရဲ့တည်ရာအရပ်ကို အဓိက ဆွေးနွေး ခဲ့ကြပါတယ်။ ဗိုလ်မှူးကြီး ကြည်သွင်မှ နိဗ္ဗာန်သို့ မျက်မှောက် ပြုသွားသူအားလုံးဟာ ကိုယ့်နိဗ္ဗာန်နဲ့ကိုယ်ချမ်း သာသုခကို ရရှိခံစား ကြတယ်လို့ ယူဆသလို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့မှ ကင်းလွတ်သွားတဲ့ *ကာလဝိမုတ်* *'Beyond time and space'* တရားပါလို့ ဆွေးနွေးတင်ပြပါတယ်။

ကျွန်တော်ကတော့ နိဗ္ဗာန်ကို ဝိပဿနာတရား အားထုတ်ပြီး *ဘာဝနာမယပညာ* *'Knowledge gained through*

meditation and repeated contemplation' မှသာ ဉာဏ်ပွင့်လင်းပြီး တွေ့ရှိသွားမယ်လို့ ပြောဆိုခဲ့ပါတယ်။

ကျွန်တော့် အနေနဲ့ နိဗ္ဗာန်ဟာ လေ့လာ သင်ယူခြင်းဖြင့် သိရှိနိုင်သော *သုတမယ ပညာ 'Knowlege gained by learning'* ၊ ဝေဖန် ပိုင်းခြား ဆင်ခြင်ခြင်းဖြင့် သိရှိနိုင်သော *စိန္တာမယပညာ 'Knowdge gained by reasoning and thinking'* တို့ဖြင့် သိရှိဖို့ မလွယ်ကူ ပါဘူးလို့ ယူဆပါတယ်။ နိဗ္ဗာန်ဟာ လက်ရှိခန္ဓာနှင့် ဆက်စပ်နေပြီး ရုပ်နာမ် တွေရဲ့ ဖြစ်ပျက်မှုကို ဉာဏ်နဲ့ထိုးထွင်း သိမြင် သွားနိုင်ရင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်မှာ ဖြစ်တယ် လို့ ဆွေးနွေး ခဲ့ပါတယ်။

ကိုအောင်အောင်က နိဗ္ဗာန် အယူအဆဟာ သိမ်မွေ့နက်နဲပြီး သာမန်လူ တစ်ယောက်အနေနဲ့ သိရှိနိုင်ဖို့ မလွယ်ကူပါဘူးလို့ ဆိုပါ တယ်။ ဝိပဿနာ ရှုမှတ်အားထုတ်ပြီး တရားအသိဉာဏ် ပွင့်လင်း သွားတဲ့သူမှသာ သိရှိနိုင်တယ်လို့ တင်ပြသလို နိဗ္ဗာန်ဟာ အလွန်တရာ သိမ်မွေ့နူးညံ့လှတဲ့ ရုပ်အသွင် ဒါမှ မဟုတ် အလင်းရောင်အနေနဲ့လည်း ရှိနိုင်တယ်ဆိုပြီး ပြောပါ တယ်။ သူ့ အယူအဆကလည်း အလွန် စိတ်ဝင်စားစရာ ကောင်းလှ ပါတယ်။

ကျွန်တော်တို့ အားလုံးညစဉ် ဆွေးနွေးကြပေမယ့် ရှင်းလင်းတဲ့ အဖြေတစ်ခုကိုတော့ မရခဲ့ပါဘူး။ သို့ပေမယ့် တူညီတဲ့ အချက်တစ်ခုကတော့ နိဗ္ဗာန်ဆိုတာ *ဘာမှမရှိပါ*

'Nothingness' လို့ဆိုခြင်းထက် ချမ်းမြေ့မှုရှိပြီး ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ နေရာတစ်ခုအဖြစ် ယူဆထားကြပါတယ်။

နိဗ္ဗာန်ရဲ့တည်နေရာ *'The Place of Nibbana'*

နိဗ္ဗာန်နဲ့ပတ်သက်ပြီး *'မိလိန္ဒပဉ္ဟာ'* ကို ကျွန်တော်ဖတ်ရှုရတဲ့အခါမှ နိဗ္ဗာန်ရဲ့ တည်ရာအရပ်နဲ့ ပတ်သက်လို့ ရှင်နာဂသိန်းက ရှင်းပြထားတာကို တွေ့ရပါတယ်။

ရှင်နာဂသိန်းက နိဗ္ဗာန်ရဲ့တည်ရာအရပ်ကို ပြောပြလို့ မရပေမယ့် နိဗ္ဗာန်ဆိုတာ ရှိနေပါတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတဲ့ စကားက ပိုပြီးမှန်ပါလိမ့်မယ်။ *'မီးကို လိုချင်တဲ့သူဟာ သစ်သားနှစ်ခုကို ပွတ်လိုက်တဲ့အခါ မီးကို ရပါတယ်။ ဒါပေမဲ့ အဲဒီ ဖြစ်ပေါ်လာတဲ့မီးရဲ့ တည်ရှိနေနှင့်သော အရပ်ဆိုတာမရှိပါဘူး။အလားတူ တည်ရာအရပ် မရှိပေမယ့် နိဗ္ဗာန်ဟာ ရှိနေပါတယ်'* လို့ဆိုပါတယ်။

မည်သည့်အရပ်၊ မည်သည့်နေရာမှာ နိဗ္ဗာန်ရှိတယ်လို့ ညွှန်ပြလို့ မရတာကိုလည်း *ငြိမ်းသွားတဲ့ဆီမီး 'Absence of candle light'* နဲ့ ထပ်ပြီး ဥပမာပေးထားပါတယ်။ မီးတောက်ဖြစ်ပြီး အချိန်တန်လို့ ငြိမ်းသွားတဲ့ဆီမီးဟာ ပထဝီမြေကြီးသို့လည်း ရောက်မသွား၊ အရပ်ရှစ်မျက်နှာသို့လည်း ရောက်မသွား မီးစာကုန်ခန်း သွားလို့သာ ငြိမ်းသွားတာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိသွားတဲ့ ပုဂ္ဂိုလ်ဟာ ပထဝီ

မြေကြီးသို့လည်း ရောက်မသွား၊ ကောင်းကင်သို့လည်း ရောက်မသွား၊ မည်သည့်အရပ်မျက်နှာကိုမှ ရောက်မသွားဘဲ ကိလေသာတွေ ကုန်ခန်းသွားလို့ ငြိမ်းအေးမှု ရရှိသွားတာ ဖြစ်ပါတယ်။

ရှင်နာဂသိန်ရဲ့ ရှင်းလင်းချက်အရ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတဲ့အခါ *ပုဂ္ဂိုလ်ရဲ့သဘော 'Personal character'* ဟာ အားလုံးပျောက်ပျက် သွားပါတော့တယ်။ တောက်နေတဲ့မီး ငြိမ်းသွားတဲ့အခါမှာ ဘာမှ မမြင်တွေ့ရတော့သလို နိဗ္ဗာန်ကို ရရှိသွားပြီးနောက်မှာ ထိုပုဂ္ဂိုလ်ကို ဆက်ပြီး မမြင်ရတော့ပါဘူး။ ဒီနေရာမှာ ပုဂ္ဂိုလ်သဘောဆောင်တဲ့ ရုပ်နာမ်တွေ လုံးဝချုပ်ငြိမ်းသွားပေမယ့် ထေရဝါဒ ဒဿနအရ နိဗ္ဗာန်ရဲ့ တည်ရှိမှုကို ဘာမျှမရှိတဲ့ *အဘာဝ* အနေနဲ့တော့ မယူဆထားပါဘူး။

ပိဋကတ်တော်ထဲမှာ *ကွယ်လွန်ပြီးနောက် နိဗ္ဗာန်သို့ ဝင်ရောက် သွားတယ်ဆိုတဲ့* အသုံးမရှိဘဲ ဘုရား ရဟန္တာတို့ ကွယ်လွန်သွားတဲ့ အခါ *'ပရိနိဗ္ဗုတော'* ချုပ်ငြိမ်းသွားပြီ လို့ပဲ ဆိုထားပါတယ်။

ချုပ်ငြိမ်းတယ် ဆိုရာမှာ အရာခပ်သိမ်း အလုံးစုံချုပ်ပျောက်သွားတာမျိုး မဟုတ်ဘဲ ဘဝသံသရာမှာ အဖန်ဖန်တလဲလဲ မွေးဖွား ခြင်းကို ဖြစ်စေတဲ့ *ကိလေသာ 'Defilement'* တွေ ချုပ်ငြိမ်း သွားတာကို ဆိုလိုတာပါ။ ဒါ့ကြောင့်မို့ နိဗ္ဗာန်ဆိုတာ ကိလေသာတွေ ချုပ်ငြိမ်း သွားတဲ့အတွက် *အလွန်အေးမြတဲ့ ငြိမ်းအေးမှု 'State of extreme peacefulness'* လို့လည်း ပြောလို့ ရပါတယ်။

ကျွန်တော်တို့ လောကီနယ်ထဲက လူတွေအားလုံးဟာ ကာမဂုဏ် အာရုံတွေကို မခွဲနိုင်၊ မခွာရက်နဲ့ ခံစားနေကြလို့ ဒုက္ခအမျိုးမျိုးနဲ့ တွေ့ကြုံနေရတာပါ။ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံသွားတဲ့ အရိယာ သူတော်စင်တွေကတော့ *တဏှာ*ဆိုတဲ့ *စွဲလမ်းတပ်မက်မှု 'Attachment or Craving'* ချုပ်ငြိမ်းသွားတဲ့အတွက် ကာမဂုဏ် အာရုံတွေကနေ ရှောင်ခွာ သွားနိုင်ကြပါတယ်။

တဏှာ ချုပ်ငြိမ်းသွားတဲ့ 'Cessation of Attachment' အခါ ကိလေသာ အပူမီးတွေ ချုပ်ငြိမ်းသွားပြီး အေးချမ်းမှု ရသွားတာဟာ *နိဗ္ဗာန်* ဖြစ်ပါတယ်။

ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားဟာ အဖန်တလဲလဲ မွေးဖွားရခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ နာမကျန်းဖြစ်ရခြင်း၊ သေခြင်းတို့မှ ကင်းလွတ်ဝေးတဲ့ *လွတ်ငြိမ်းမှု* ကို ရယူချင်တဲ့ အတွက် သိဒ္ဓတ္ထ မင်းသားဘဝမှာ ဇနီး ယသော်ဓရာ၊ သား ရာဟုလာနဲ့ မင်းစည်းစိမ်များကို စွန့်ပြီး တောထွက်လို့ တရားရှာဖွေ ကျင့်ကြံ အားထုတ်ခဲ့ပါတယ်။ ကဆုန်လပြည့်နေ့မှာ သဗ္ဗညုတဉာဏ် ရရှိပြီး မြတ်ဗုဒ္ဓအဖြစ် သို့ ရောက်ရှိသွားတဲ့အခါ ယင်း *လွတ်ငြိမ်းမှု 'Liberation'* ကို နိဗ္ဗာန်အဖြစ် တွေ့ရှိသွားတာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက ကမ္ဘာလောကမှာ ရှိရှိသရွေ့ အကုသိုလ်တွေရဲ့ မူလအရင်းအမြစ်ဟာ *ရာဂ၊ ဒေါသ၊ မောဟ* ဖြစ်တယ်

လို့ ဟောကြားထားပါတယ်။ ရာဂ၊ ဒေါသ၊ မောဟ ရှိတဲ့ သူတွေဟာ ဘယ်သောအခါမှ ရွှင်လန်း ချမ်းမြေ့စွာ မနေနိုင်တဲ့ အတွက် ယင်းတရားများမှ လွတ်ငြိမ်း သွားတာဟာ *အမြိုက်နိဗ္ဗာန်* ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာမှ တပည့် ရဟန်းများကို *'ငါ့ရှင်တို့၊ ရာဂ၏ ကုန်ခန်းခြင်း၊ ဒေါသ၏ ကုန်ခန်းခြင်း၊ မောဟ၏ ကုန်ခန်းခြင်းကို နိဗ္ဗာန်လို့ခေါ်တယ်'* ဆိုတဲ့ ဟောကြားမှုဟာလည်း နိဗ္ဗာန်ရဲ့ အကောင်းဆုံး အဓိပ္ပါယ် ဖွင့်ဆိုမှုလို့ ပြောလို့ရပါတယ်။

တကယ်တော့ နိဗ္ဗာန်သို့ရောက်သွားတယ်၊ နိဗ္ဗာန်ကိုရတယ် ဆိုတာမှာ လက်ရှိ ရုပ်နာမ်ခန္ဓာမှာ တဏှာ၊ ကိလေသာ ချုပ်ငြိမ်း သွားတဲ့ သဘာဝ *'နိဂြောဓသစ္စာ'*ကို စိတ်မှ ထိုးထွင်း သိမြင်သွားသော *'မဂ္ဂသစ္စာ'*ဉာဏ် နဲ့ သိရှိသွားတာ ဖြစ်ပါတယ်။

နိဗ္ဗာန်ဆိုတာ

'နိဗ္ဗာန်ဆိုတာ ဘယ်လိုမျိုးလဲ'လို့ ကျမ်းစာအုပ်ပေါင်း များစွာမှာ ရေးသားကြပြီး ယင်းမေးခွန်းများကို ဖြေဆို ထားကြ တာတွေရှိပါတယ်။ ဒါပေမဲ့ အဖြေအများစုဟာ မေးခွန်းကို ပြေလည်အောင် ဖြေရှင်းတာထက် ပိုမိုရှုပ်ထွေးအောင် ပြုလုပ် တာက များနေတာကို တွေ့ရပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ သဘာဝအကျဆုံး အဖြေကတော့-

'နိဗ္ဗာန်ဆိုတာ လောကုတ္တရာနယ် 'Supramundane' ထဲမှာ ရှိတဲ့အတွက် လူ့လောကထဲက၊ လောကီနယ်ထဲက စကားလုံးမျာ်းနဲ့ ဘဝင်ကျ သွား်လောက်အောင် အတိအကျ အပြည့်အဝ ဖွင့်ဆိုလို့၊ မရနိုင်ပါ' လို့ ဖြေရမှာပါ။

ကျွန်တော်တို့တတွေ အား်လုံးဟာ ဘဝနဲ့ပတ်ဝန်းကျင် လောက ကြီးကနေ သိရှိထား်တဲ့ အတွေ့အကြုံ၊ ဗဟုသုတမျာ်းနဲ့သာ 'နိဗ္ဗာန်' ဆိုတာကို မှန်းဆပြီး ပြောနေကြတာဖြစ်ပါတယ်။ ဒါပေမဲ့ တရား အသိဉာဏ် ပွင့်လင်း်သွား်တဲ့ ဘုရား၊ ရဟန္တာမျာ်းလို လောကုတ္တရာ အသိမျိုးမဟုတ်တော့ လောကီနယ်ထဲမှာ ဒီအတွေ့အကြုံကို ထုတ်ဖော်ပြောဖို့ စကား်လုံးမရှိတာ ဖြစ်နေပါတယ်။

ဒီနေရာမှာ အလွန်ထင်ရှား်တဲ့ *ငါး်နဲ့မိကျောင်း် စကား်အခြေအတင် ပြောဆိုတဲ့ 'Fish and Crocodile Dialogue'* ဥပမာနဲ့ ရှင်းပြလိုပါတယ်။

တစ်နေ့မှာ ... မိကျောင်း်က သူ့ရဲ့မိတ်ဆွေ ငါး်ကို *'မိတ်ဆွေ ငါး်ကြီးရေ... ငါ ဒီနေ့ ကုန်း်မြေပေါ်မှာ လျှောက်ပြီး်မ ရေကန်ကို ပြုန်လာခဲ့တာ'* လို့ ပြောတဲ့အခါ ငါး်က *'သင်-ကုန်း်ပေါ်မှာ ရေကူး်ခဲ့သေး်လား'* လို့ မေး်ပါတယ်။

ဒီအခါ မိကျောင်း်က ကုန်း်ပေါ်မှာ ရေကူး်လို့မရဘဲ လမ်း်လျှောက်၍သာ ရကြောင်း်၊ ကုန်း်မြေဆိုတာ မာသောအရာ

ဖြစ်ကြောင်း ကြိုးစားရှင်းပြပါတယ်။ ဒါပေမဲ့ ငါးက 'သင်ဟော သလို မဖြစ်နိုင်ပါဘူး၊ ကုန်းမြေမှာ ရေငပ်လို့၊ ရေကူးလို့ ရမှာပါ...'လို့ ဇွတ်အတင်း ပြောပါတယ်။ နိဗ္ဗာန်ရဲ့ သဘော ဟာလည်း လူ့လောက အတွေ့အကြုံနဲ့ဆိုရင် ဒီဥပမာလေး အတိုင်း ဖြစ်နေပါတယ်။

ဘဝနှင့် နိဗ္ဗာန်

တကယ်တော့ နိဗ္ဗာန်ဆိုတာ စိတ်အတွေး စိတ်အသိ တစ်ခုရဲ့ တစ်ခုသောအဆင့်၊ တစ်ခုသောအခြေအနေရဲ့ အမည် နာမလည်းဖြစ်ပါတယ်။ စိတ်ရဲ့ ထူးခြားသော အခြေအနေ တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ဗုဒ္ဓမြတ်စွာကလည်း တရား ဘာဝနာအားထုတ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိပါက ယခုဘဝ မှာပင် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါတယ်လို့ ဟောခဲ့တဲ့အတွက် *'နိဗ္ဗာန်ရဲ့ အခြေခံဟာ ဘဝ၌သာ ရှိပါတယ်။'*

နိဗ္ဗာန်ဟာ တကယ်ရှိတဲ့ အရှိတရား၊ အမှန်တရားတစ်ခု ဖြစ်ပြီး မျက်မှောက်ပြုရ၊ မြင်ရတဲ့ ဒိဋ္ဌဓမ္မတရားလည်းဖြစ်လို့ ရာဂ၊ ဒေါသ၊ မောဟများမှ ကင်းလွတ်သွားတဲ့အခါ ဘဝရဲ့ စင်ကြယ်မှုဟာ လွတ်မြောက် ငြိမ်းချမ်းမှုအနေနဲ့ ပေါ်ပေါက် လာတာ ဖြစ်ပါတယ်။ ဝိသုဒ္ဓိမဂ်မှာလည်း နိဗ္ဗာန်ကို အဆုံးစွန်သော စင်ကြယ်မှု *'Absolute Purity'* လို့ ဆိုထားပါတယ်။

ဒါပေမဲ့ နိဗ္ဗာန်ဆိုတာ *'အတက္ကာဝစရ' 'Inaccessible to discursive thought'* ဆိုတဲ့အတွက် တွေးခေါ်ကြံဆပြီး သိနိုင်တဲ့ အရာမျိုး မဟုတ်လို့ *နိဗ္ဗာန်ကို သိရှိနားလည်ဖို့ ခက်ခဲလှပါတယ်* ဆိုပြီး ပြောဆိုနေကြတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ ဘဝများစွာမှာ ပါရမီများ ဖြည့်ဆည်းပြီး အမြင့်ဆုံး ဘာဝနာနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင်သွားတာ ဖြစ်ပါတယ်။ စိတ် အညစ်အကြေးများ ဖြစ်တဲ့ အာသဝေါတရားတွေ ချုပ်ငြိမ်းသွားတဲ့အခါ စိတ်ရဲ့ လွတ်လပ် စင်ကြယ်မှုကို ဘဝမှာ အမြင့်ဆုံး သိမြင်သွားတဲ့အတွက် ယင်းအခြေအနေနဲ့ ပတ်သက်တဲ့ တရားဒေသနာဟာ နိဗ္ဗာန်အဖြစ် ဗုဒ္ဓရဲ့နှုတ်တော်မှ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

နိဗ္ဗာန်ရဲ့ အရသာ *'The Taste of Nibbana'*

တကယ်တော့ နိဗ္ဗာန်ရဲ့သဘော၊ 'နိဗ္ဗာန်ရဲ့အရသာ' ဟာ ပြောပြဖို့ အလွန်ခက်ခဲလှပါတယ်။ အသိပညာနဲ့ တွေးခေါ်သိလို့ ရတာမျိုး မဟုတ်ဘဲ လက်တွေ့ ဘာဝနာတရားတွေကို ကျင့်ကြံအားထုတ်မှသာ *'စက္ခုဉာဒပါဒိ၊ ဉာဏဉာဒပါဒိ၊ အာလောကော ဉာဒပါဒိ'* ဆိုတဲ့အတိုင်း *'တရားဉာဏ် အလင်း' 'Enlightenment'* ပွင့်လင်းသွားပြီး မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကုန်းဘောင်ခေတ်က ဘိုးတော်ဘုရားနဲ့ အမတ်ကြီး ဦးပေါ်ဦးတို့ရဲ့ နိဗ္ဗာန်အကြောင်း ဆွေးနွေးမှုလေးဟာ အကောင်းဆုံး ဥပမာတစ်ခုဖြစ်ပါတယ်။ အခါတစ်ပါးမှာ

ဘိုးတော်ဘုရားဟာ ဝန်ကြီး၊ အတွင်းဝန်များနှင့် တရားအကြောင်း ဆွေးနွေးရင်းမှ ဦးပေါ်ဦးကို ...

'ပေါ်ဦး၊ ငါသည် *'နိဗ္ဗာန်သစ္စိကရိယာစ'* ဆိုသော မဂ်လာတရားနှင့်အညီ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် အာရမ္မဏအာရုံထုံတော်မူတယ်။ နိဗ္ဗာန်ရဲ့ အရသာကိုလည်း သိလိုတဲ့အတွက် သာသနာပိုင် ဆရာတော်ကြီးများကို အကြိမ်ကြိမ် လျှောက်ထားပေမယ့် ချို၊ ချဉ်၊ စပ်၊ ငန်၊ အဖန်၊ အခါး ဆိုပြီး အချက်ကျကျ ဟောပြောထားတာ မရှိသေးဘူး။ ဒါ့ကြောင့် *'နိဗ္ဗာန်ရဲ့အရသာကို မောင်မင်း ထင်ရှား ရှင်းလင်းစွာ ငါ့အား သံတော်ဦး တင်နိုင်လျှင် တင်လျှောက် စေချင်တယ်'* လို့ မိန့်တော်မူပါတယ်။

ဒီအခါမှာ ဦးပေါ်ဦးက ...

'နိဗ္ဗာန်ရဲ့ အရသာကို ကျွန်တော်မျိုး ငယ်စဉ်အခါကပင် အဋ္ဌကထာ၊ ဋီကာတို့၌ ရှာဖွေကြည့်ရှုခဲ့သော်လည်း မည်သည့် ကျမ်းဂန် မှာမှမတွေ့ရှိခဲ့ပါ။ ထို့နောက် ရဟန်းသုံးဝါ အရှမှာ သာသနာတော်မှာ ဉီးဇွေခြင်းဖြစ်လို့ လူထွက်ခဲ့ရာ ကျွန်တော်မျိုးများ ရပ်ရွာရှိ မိသားလှောက်နဲ့ မိဂျာရောက် ညီအစ်မနှစ်ယောက်နဲ့တွေ့မှ နိဗ္ဗာန်၏ အရသာကို ကောင်းစွာ နားလည်ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့ မိသားလှောက်နဲ့ မိဂျာရောက် ညီအစ်မကိုပင် ကျွန်တော်မျိုး၏ ကျေးဇူးရှင်များ ဖြစ်ချေတာကားလို့ နှေ့စဉ် ကျေးဇူးတင်လျက် နေပါတော့တယ်' လို့လျှောက်တင်ပါတယ်။

ထိုအခါ ဘိုးတော်ဘုရားမှ -

'မိသားလှောက်နဲ့ မိဂျာရောက် ညီအစ်မ နှစ်ယောက်ကြောင့် နိဗ္ဗာန်ရဲ့အရသာကို ကောင်းစွာ မောင်မင်း သိရသည်ဆိုတာကို ငါ့အား လျှောက်ထားဉီးလော့' ဟု မိန့်တော်မူသဖြင့် ...

'အစ်မဖြစ်သူ သာလှောက်မှာ အပျိုဖြစ်ပြီး ညီမဖြစ်သူ ဂျာရောက်မှာ တစ်လင်ကွာ ဖြစ်ပါတယ်။ တစ်နေ့ ကျွန်တော်မျိုးလည်း လူငယ် တို့သဘာဝအလျောက် ညဉ့်အခါ လည်ပတ်ရာ သာလှောက်နဲ့ ဂျာရောက်တို့ အိမ်အနီးသို့ ရောက်သွားပါတယ်။ ဒီအခါမှာ အိပ်ခန်းတွင်းမှ တီးတိုးစကားသံ ကြားရတဲ့အတွက် အခန်းနံရံဘေး၊ ပဲထည့်ထားသော ပုတ်ကြီးနှစ်လုံး စပ်ကြားမှခိုရှိ တိတ်တဆိတ် နားထောင်ရာ အစ်မဖြစ်သူ မိသားလှောက်မှ ညီမဖြစ်သူအား လင်ယူခြင်းရဲ့အရသာကို မေးပါတယ်'

ထိုအခါ ညီမဖြစ်သူ ဂျာရောက်က ...

'အစ်မကြီး ...လင်ယူခြင်းရဲ့ အရသာဟာ အရသာတကာ တို့ထက် ထူးကဲပြီး ရိုးတွင်းချဉ်ဆီ စိမ့်သွားအောင် ကောင်းလှပါတယ်' လို့ ပြန်ဖြေပါတယ်။

ဒီအခါ အစ်မဖြစ်သူက -

'ညီမ၊ အရသာတကာတို့ထက် ထူးကဲကောင်းမွန်တယ် ဆိုတော့ ညည်းတို့အရသာဟာ အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး၊ အဆိမ့် ဤခုနစ်ပါးမှာ အဘယ်အရသာမျိုးပေနည်း' လို့ မေးမြန်းပါတယ်။

ထိုအခါ မိဂျာရောက်က-

'အစ်မကြီး... လင်ယူခြင်းရဲ့ အရသာကို အချို့၊ အချဉ်၊ အဆိမ့် စသည်ဖြင့် ကျွန်မတော့ ခွဲခြားရှု မပြောတတ်ပါ။ အကြောင်းမှာ ရိုးတွင်းချည်ဆီသို့ စိမ့်၍ ခြေပစ်လက်ပစ်၊ ချစ်လှစွာသော လင်ကိုမှ စကားမပြောချင်အောင်ပင် နုံးခွေ၊ နွမ်းရိ၊ မချည့်မောဟိုက်၊ မျက်ဖြူဆိုက်သွားမတတ် ကောင်းလှလို့ ဖြစ်ပါတယ်။ ဒီလို အလွန်တရာ ကောင်းမွန်လှပြီး အချို့၊ အချဉ်၊ အဆိမ့် အမည်မမှည့်တတ်သော အရသာထူးကို နောင် အစ်မကြီး လင်ရလျှင် သိရပါလိမ့်မယ်...' လို့ ပြောပါတယ်။

'ထိုအကြောင်းကို ကျွန်တော်မျိုး ကောင်းကောင်းကြီး သဘောတူတဲ့အတွက် အရှင်မင်းကြီး သိတော်မူလိုသော နိဗ္ဗာန်အရသာသည် မွန်မြတ်ထူးကဲ ကောင်းမွန်မှာ သေချာပါတယ်။ သို့သော် ဘယ်လိုအရသာမျိုး ဆိုတာကို ကျွန်တော်မျိုး အချို့၊ အချဉ်၊ အဆိမ့် ခွဲခြားပြီး မတင်လျှောက်တတ်ပါ။ နိဗ္ဗာန်သို့ မျက်မှောက်ပြုမှသာ သေချာစွာ သိတော်မူလိမ့်မည့် အကြောင်း သံတော်ဦး တင်ပါတယ်ဘုရား...' လို့ ဦးပေါ်ဦးက လျှောက်ထားပါတယ်။

ဘိုးတော်ဘုရားနဲ့ မှူးမတ်ကြီးများ အားလုံး ရယ်မောလျက် နှစ်သက် သဘောကျ လက်ခံကြပါတယ်။ ဦးပေါ်ဦးဟာ ပေါ့ပေါ့ပါးပါး ဟာသနှောပြီး ဖြေထားပေမယ့် အဓိပ္ပါယ်ကတော့ လေးနက်မှု ရှိလှပါတယ်။

နိဗ္ဗာန်ချမ်းသာ ဆိုတာ

နိဗ္ဗာန်ဟာ ဒုက္ခအပေါင်းမှ လွတ်ငြိမ်းခြင်းဖြစ်လို့ အမြင့်မြတ် ဆုံးသော ချမ်းမြေ့မှုလည်း ဖြစ်ပါတယ်။ အာရုံခစားမှုများ၊ အစားအစာ စားသောက်မှုများ၊ အထောက်အပံ့ အမှီအခိုများမှ ကင်းတဲ့ ရွှင်လန်းချမ်းမြေ့မှုမျိုး ဖြစ်ပြီး လူ့ဘဝမှာ တွေ့ကြုံနေရတဲ့ သုခ သဘောမျိုးနဲ့ မတူပါဘူး။

ကျွန်တော်တို့ လူ့ဘဝ ချမ်းသာဆိုတာ ရာဂ၊ ဒေါသ၊ မောဟ တွေရှိနေလို့ ခံစားမှုဝေဒနာရှိတဲ့ *ဝေဒယိတသုခ* *'Happiness with feeling'* ဖြစ်ပါတယ်။

ဘဝမှာရှိတဲ့ ချမ်းသာ ပျော်ရွှင်မှုတွေမှာ ခံစားမှု ဝေဒနာ ရှိပြီး နိဗ္ဗာန်ချမ်းသာဆိုတဲ့ **သန္တိသုခ** မှာ ခံစားမှုမရှိပါဘူး *'Happiness without feeling'*။ ဒီနေရာမှာ ခံစားမှု မရှိတဲ့ နိဗ္ဗာန်ဟာ အဘယ်သို့ ချမ်းသာနိုင်မှာလဲဆိုတာ အလွန် နားလည်ရ ခက်ခဲတဲ့အတွက် အရှင်ဥဒါယီ မထေရ်ကြီးပင် နားရှုပ်ဖူးပါတယ်။

တစ်ခါက ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်ကြီး မှာပါ။ အရှင်သာရိပုတ္တရာက ရဟန်းတော်များကို *'နိဗ္ဗာန်ဟာ ချမ်းမြေ့မှု ရှိတယ်၊ နိဗ္ဗာန်ဟာ ချမ်းသာတယ်'* လို့ ထပ်တလဲလဲ မိန့်ဆိုပါတယ်။

ဒီအခါ နိဗ္ဗာန်မှာ ခံစားမှုမရှိတာကို မကျေနပ် နိုင်တဲ့ အရှင်ဥဒါယီက *'ငါ့ရှင် ...သာရိပုတ္တရာ၊ ခံစားမှု မရှိသော*

နိဗ္ဗာန်မှာ ဘယ်လို ချမ်းသာဖြစ်နိုင်မှာလဲ လို့ မေးပါတယ်။

အရှင်သာရိပုတ္တရာရဲ့ အဖြေဟာ အဘိဓမ္မာ သဘော ဆန်သလို ရိုးရိုးတွေးခေါ် ကြည့်လိုက်ရင် သဘောပေါက် ဖို့လည်း ခဲယဉ်းပါတယ်။

အရှင်သာရိပုတ္တရာက *'ငါ့ရှင် ... ခံစားမှုဝေဒနာ မရှိခြင်း သည်ပင်လျှင် ချမ်းသာဖြစ်၏'* လို့ ဖြေကြား လိုက်ပါတယ်။

နှစ်သက်ဖွယ် အာရုံများမရှိဘဲ နိဗ္ဗာန်မှာ ချမ်းမြေ့မှု ရှိတယ် ဆိုတာကို ထောက်ခံတဲ့ သာဓကကတော့ *နိရောဓ သမာပတ် 'Attainment of Cessation of Consciousness'* ဝင်စားနေတဲ့အခါ ဖြစ်ပါတယ်။ခုနစ်ရက်တာ သမာပတ် ဝင်စားနေတဲ့ အရိယာပုဂ္ဂိုလ်ဟာ ဘာတစ်ခုမျှ မစားသောက်ဘဲ ငြိမ်းချမ်းစွာ နေနိုင်တဲ့ အတွက် နိဗ္ဗာန်ရဲ့ ရွှင်လန်း ချမ်းမြေ့မှုကိုလည်း နိရောဓသမာပတ် ဝင်စားတာနဲ့ လောကီလွန် အခိုက်အတန့်မှာ ယှဉ်ပြထားပါတယ်။

ဝေဒယိတသုခ နှင့် *သန္တီသုခ* တို့ရဲ့ မတူညီမှုကို တရား ရှုမှတ် အားထုတ်ပြီးမှသာ သိရှိနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လောကီနယ်ထဲမှာတော့ ကြွယ်ဝ ချမ်းသာမှု၊ အောင်မြင်မှု၊ အာဏာ၊ ကြီးစွာသော စည်းစိမ်တို့ကိုပဲ ချမ်းသာမှုလို့ ယူဆ ထားကြပါတယ်။

တကယ်တော့ အဖန်တလဲလဲ အိုခြင်း၊ နာခြင်း၊ သေခြင်း များမှ လွတ်မြောက်သွားတဲ့ သာယာဖွယ်ခံစားမှု၊ ဒါမှမဟုတ် ကာမဂုဏ် အာရုံခံစားမှုများနှင့် မသက်ဆိုင်တဲ့၊ ထူးကဲသာလွန်တဲ့ လောကုတ္တရာ ချမ်းသာကိုတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ထူးနှင့် တရားအသိဉာဏ် ပွင့်လင်းသွားမှသာ သိရှိသွားမှာ ဖြစ်ပါတယ်။

သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ကျွန်တော်တို့ လူ့ဘဝ ချမ်းသာကို ခံစားနေတယ်ဆိုတာ ယားနာ ဖျောက်နေရသလိုပါ။ ယားနာ စွဲကပ်လာတဲ့အခါ အတွင်းက ယားနာပိုး ထိုးတိုင်း အယားဖျောက် ပေးနေရပါတယ်။ ဖျောက်လို့ မကြာခင်မှာ ယားလာပြန်တော့ ယားနာဖျောက်လို့ မအားရအောင်ပင် ဖြစ်နေ ရပါတယ်။

ဘဝချမ်းသာ ဆိုတာကလည်း ဒီအတိုင်းပါပဲ။ အတွင်းမှာ ကိလေသာတွေ ရှိပိုးထိုးတိုင်း ကာမဂုဏ်တွေကို ရှာဖွေနေရလေ ဆိုတော့ ဘဝခရီး မနားရအောင် လှုပ်ရှားပြီး ခံစားမှုဝေဒနာတွေနဲ့ နေနေရပါတယ်။

နိဗ္ဗာန်မှာ ဒီလိုခံစားမှု ဝေဒနာကင်းခြင်း သဘောရှိလို့ အလွန် ငြိမ်းချမ်းတဲ့ 'သန္တိသုခ' သာရှိပါတယ်။

အရှိကိုအရှိအတိုင်းမြင်ရင်

နိဗ္ဗာန်နဲ့ပတ်သက်လို့ အများစု ဆက်ပြီး သိထိုက်တာတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသွားတဲ့

အခါ ဘာများ ဆက်ရှိသေးသလဲ ဆိုတာကိုပါ။ တကယ်တော့ နိဗ္ဗာန်ဟာ အဆုံးစွန်သော သစ္စာတရားဖြစ်လို့ နိဗ္ဗာန်ရဲ့နောက်မှာ ဆက်ဖြစ်စရာ မရှိတော့ပါဘူး။

မိုးကုတ် ဆရာတော်ဘုရားကြီးကလည်း ဒီအမေးကို သဘာဝ ဓမ္မနဲ့ ဆက်စပ်ပြီး နားလည်လွယ်အောင် ရှင်းပြထားပါတယ်။ သဘာဝ တရားအရ အမှောင်ရှိရင် အလင်းဆိုတာ ရှိပါတယ်။ အပူရှိရင် အအေးဆိုတာ ရှိသလို၊ အတက်ရှိရင် အကျဆိုတာ ရှိသလို၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာရှိရင် မအိုရာ၊ မနာရာ၊ မသေရာ ဆိုတဲ့ နေရာလည်း သဘာဝနိယာမအရ ရှိပါတယ်။

နိဗ္ဗာန်ဆိုတာ သဘာဝနိယာမနဲ့ ပရမတ်သဘောအရ အဆုံးစွန်သော သစ္စာတရားအဖြစ် ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန် ဆိုတာ သစ္စာ လို့လည်း ပြောလို့ရပါတယ်။ ဗုဒ္ဓမြတ်စွာကလည်း *'သစ္စာ နှင့် သစ္စာတရားသို့ ရောက်စေတတ်သော လမ်းစဉ်ကို ငါ ဟောကြားမည်'* လို့ ဆိုထားပါတယ်။

ဓမ္မစက္ကာ တရားတော်မှာ သစ္စာ (၄) ပါးကို ဗုဒ္ဓ ကိုယ်တိုင် သိမြင်သွားတဲ့အခါ *'စက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ အာလောကော ဉဒပါဒိ'* ဆိုတဲ့အတိုင်း တရားအလင်းရှိ သွားတယ်ဆိုတာ အရာရာကို *အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန် အတိုင်း 'Objective realism'* သိမြင်သွားလို့ ဖြစ်ပါတယ်။

ဒီနေရာမှာ ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားတဲ့ *'ဂုဟာဋ္ဌာနှင့် ပဂ္ဂိုလ်ထူးများ'* စာအုပ်ထဲက သထုံဧတဝန် ဆရာတော် ဘုရားကြီးရဲ့ တရားအလင်း ရရှိတာနဲ့ ဆက်စပ်ပြီး တင်ပြ လိုပါတယ်။ ဆရာတော် ငယ်စဉ် နာမည် မကျော်ကြားခင် စစ်ကိုင်း အလယ်တောရ ဆရာတော်ကြီးရဲ့ ခြေတော်ရင်းမှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။ ဆရာတော်ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ကြိုးပမ်းအားထုတ်ပေမယ့် ဘယ်နည်းနဲ့ အားထုတ်ရမှာကို မသိသေးတဲ့အတွက် ကျမ်းစာတွေကိုပဲ အချိန်ရှိသရွေ့ ရွတ်ဖတ်ရှာဖွေနေပါတယ်။ တစ်နေ့ ကိုယ်ရထားတဲ့ စာတွေကို ရွတ်ဆိုနေခိုက်မှာ အလယ်တောရ ဆရာတော် ဘုရားကြီး က ...

'မောင်ပဉ္စင်း၊ ဘယ်အတွက် စာတွေကို ကြိုးစားရွတ်ဖတ် နေသလဲ' လို့ မေးပါတယ်။

ဧတဝန် ဆရာတော်လောင်းလျာက-

'နိဗ္ဗာန် လိုချင်လို့ပါဘုရား' လို့ ပြန်လည် ဖြေကြားလိုက် ပါတယ်။

ဒီအခါ အလယ်တောရ ဆရာတော်ကြီးက-

*'မောင်ပဉ္စင်း ... နိဗ္ဗာန်ကိုလိုချင်ရင် **ဘူတံ ဘူတတော ပဿတိ** လောက်နဲ့ ရနိုင်ပါတယ်ဗျာ'* လို့ မိန့်ကြားလိုက်ပါတယ်။ ဧတဝန် ဆရာတော်လောင်းလျာဟာ ဒီစကားရဲ့အဓိပ္ပါယ်ကို အထပ်ထပ် ရွတ်ဆို စဉ်းစားပြီးတော့-

'အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း သိမြင်ရင် နိဗ္ဗာန် ရတာပါပဲ' လို့ သဘောပေါက် သွားပါတယ်။

တကယ်တော့လည်း တစ်လောကလုံးမှာရှိတဲ့ သက်ရှိ သတ္တဝါအားလုံးဟာ အရှိကို အရှိအတိုင်း မြင်ကြည့်လိုက်ရင် ရုပ်နဲ့နာမ်သာ ရှိပါတယ်။ ဒီရုပ်နာမ်ရဲ့ အစိုးမရသလို မမြဲတဲ့ သဘောသဘာဝကို သိမြင်သွားရင် ဖြစ်ပျက်ခြင်းရှိတဲ့ သင်္ခါရနယ်ထဲကနေ ဖြစ်ခြင်း ပျက်ခြင်းကင်းတဲ့ အသင်္ခါရ နိဗ္ဗာန်နယ်ထဲကို ဝင်ရောက်သွားမှာ ဖြစ်ပါတယ်။

နိဗ္ဗာန်ရဲ့ အနှစ်သာရ *'The Essence of Nibbana'*

နိဗ္ဗာန်ဟာ လှိုင်းလေထန်တဲ့ ဘဝပင်လယ် အတွင်းမှာ လုံခြုံ စိတ်ချရသော ကျွန်းသဖွယ်လည်း ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာ ကလည်း-

'ကြောင့်ကြမှုကင်းသော၊ တဏှာဒိဋ္ဌိကင်းသော ဤနေရာကား မြတ်သောကျွန်းဖြစ်၏။ ဧရာ၊ မရဏချုပ်ငြိမ်းရာ ဖြစ်သော ယင်းကျွန်း ကို နိဗ္ဗာန်ဟု ငါဆို၏' လို့ ဟောကြားခဲ့ပါတယ်။

မိမိရဲ့ မှိုခိုရာကျွန်းကို မိမိကိုယ်တိုင် ကြိုးစားပြီး အရောက်သွားရမှာကိုလည်း မြတ်စွာဘုရားမှ -

'လုံ့လရှိခြင်း၊ မမေ့လျော့ခြင်း၊ သီလစောင့်ခြင်း၊ မျက်စိ စသော ဣန္ဒြေကိုစောင့်ခြင်း ဤလေးပါးတို့ဖြင့် ပညာရှိသည် သံသရာ တည်းဟူသော သမုဒ္ဒရာ၌

ကိလေသာ ရေအလျှဉ် မဖျက်ဆီး နိုင်သည့် နိဗ္ဗာန်ဆိုသော
မိမိ၏ မှီခိုရာကျွန်းကို ပြုအပ်၏'

'By effort and mind, discipline and self-
mastery, let the wise one make for himself an
island which no flood can overwhelm'

နိဗ္ဗာန်ဆိုတာ ဒုက္ခများစွာမှ ချုပ်ငြိမ်းသွားတာ ဖြစ်ပါတယ်။ ကြွေးတင်နေတဲ့သူ တစ်ယောက်ဟာ ကြွေးဆပ်လိုက်ရတဲ့အခါမှာ၊ ရောဂါဝေဒနာ ခံစားနေရသူဟာ ဝေဒနာလုံးဝ ပျောက်ကင်းသွားတဲ့အခါ၊ ကျေးကျွန်တစ်ဦးဟာ ကျေးကျွန်ဘဝမှ လွတ်မြောက်သွားတဲ့အခါ ရွှင်လန်းချမ်းမြေ့ ရသလို၊ တဏှာကင်းတဲ့ပုဂ္ဂိုလ်မှာလည်း ရွှင်လန်းချမ်းမြေ့မှု ဖြစ်ပေါ်လာပါတယ်။ ဒီ *'ရွှင်လန်းချမ်းမြေ့မှုကို နိဗ္ဗာန်ရဲ့ရသ'* လို့လည်း ပြောလို့ရပါတယ်။

'နိဗ္ဗာန်ဟာ ဒုက္ခအပေါင်းမှ ချုပ်ငြိမ်းတယ်' လို့ ဆိုထားတဲ့အတွက် 'မိလိန္ဒပဉှာ'မှာ မိလိန္ဒမင်းကြီး ယူဆထားတာကို တင်ပြလိုပါတယ်။ မင်းကြီးက နိဗ္ဗာန်ကိုရဖို့ ကြိုးစားနေသူ တစ်ယောက်ဟာ မိမိရဲ့ ကိုယ်၊ စိတ်၊ နှလုံး၊ ဆန္ဒနဲ့ ကိလေသာတွေကို ချိုးနှိမ်ထားရလို့ ဒုက္ခနဲ့လည်း အနည်းနဲ့ အများဆိုသလို ဆက်စပ်နေမယ်လို့ ယူဆထားလို့ ရှင်နာဂသိန်ကို မေးလျှောက်တဲ့အခါ -

ရှင်နာဂသိန်က *'နိဗ္ဗာန်မှာ ဒုက္ခဆိုတာ စိုးစဉ်းမျှမရှိပါ၊ သုခ အတိသာ ဖြစ်တယ်'* လို့ ဖြေကြား ခဲ့ပါတယ်။ **မင်း**

ဖြစ်ဖို့ ဒုက္ခအမျိုးမျိုး ခံစားပြီး ကြိုးစားအားထုတ် ရပါတယ်။ ဒါပေမဲ့ မင်းဖြစ်လို့ ထီးနန်းစည်းစိမ် ရရှိခြင်းကတော့ ဆင်းရဲဒုက္ခ မဟုတ်ပါဘူး။ ဒါ့ကြောင့်မို့ *'နိဗ္ဗာန်ရရှိဖို့ ကြိုးစားအားထုတ်ရာမှာ ဆင်းရဲဒုက္ခ ရှိပေမယ့်လည်း နိဗ္ဗာန်မှာတော့ ဆင်းရဲဒုက္ခ မရှိပါဘူး'* လို့ ရှင်းပြခဲ့ပါတယ်။

ဒီသဘောကို *ပင်လယ်သမုဒ္ဒရာနဲ့ ကြာပွင့် 'The Ocean and the lotus'* နဲ့လည်း နှိုင်းယှဉ်ပြထားပါတယ်။ ပင်လယ်သမုဒ္ဒရာမှာ ကြာပွင့်တွေ မပေါက်ရောက်သလို နိဗ္ဗာန်မှာလည်း ကိလေသာ အညစ်အကြေးတွေ ကပ်ငြိတွယ်ထားတာ မရှိတဲ့အတွက် အလွန်သန့်ရှင်း စင်ကြယ်လှပါတယ်။ အရဟတ္တဖိုလ်အဆင့်ကို ရရှိသွားတဲ့ ရဟန်းဟာ စင်ကြယ် မြင့်မြတ်သောစိတ်နဲ့ ငြိမ်းအေးမှု ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားတာ ဖြစ်ပါတယ်။

မာရ်ငါးပါးမှ လွတ်မြောက်ရာနယ်မြေ

နိဗ္ဗာန်ကို တာဝတိံသာ နတ်သိကြားတို့နေရာ *'သုဒဿနမြို့'* နဲ့လည်း ဥပမာပေးကြပါတယ်။ အသုရာနဲ့ နတ်သိကြားတွေ စစ်တိုက်ကြလို့ နတ်သိကြားတွေ ရှုံးနိမ့်တဲ့ အခါတွေမှာ မိမိတို့နေရာ တာဝတိံသာ သုဒဿနမြို့ထဲသို့ ပြေးဝင် ဆုတ်ခွာကြပါတယ်။ မြို့တွင်း ရောက်ရှိသွားတဲ့အခါမှာ စိတ်ချ လက်ချနေလို့ ရသွားပါတယ်။ ဒါကလည်း အသုရာနတ် တွေဟာ သုဒဿနမြို့ရိုး အတွင်းသို့ ခုန်ကျော် ဖောက်ဝင်ရန် မစွမ်းလို့ ဖြစ်ပါတယ်။ အသူရာတို့ စစ်တိုက်၍ မအောင်နိုင်သော

နေရာဖြစ်လို့ သိကြားနတ်တို့နေရာ သုဒဿန မြို့ကြီးကို *အယုဇ္ဈာကမီ 'Unconquerable City'* လို့လည်း ခေါ်ပါတယ်။

ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရ မာရ်ဆိုတဲ့ မာရ်ငါးပါးဟာ နိဗ္ဗာန် ရောက်ရှိသွားသော သူကို ဖျက်ဆီးခြင်းငှာ မစွမ်းတော့သလို ဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ကို ဘဝပင်လယ် အတွင်းက လုံခြုံစိတ်ချရတဲ့ ကျွန်း ဒါမှမဟုတ် နန်းမြို့တော်လို့ တင်စားခေါ်တာဖြစ်ပါတယ်။

ဒီနေရာမှာ ***မာရ်ငါးပါး*** ဆိုတာကို အနည်းငယ် ဖော်ပြလိုပါတယ်။ တကယ်တော့ မာရ်ဆိုတာ *မာရ* ဆိုတဲ့ ပါဠိစကားကနေ ဆင်းသက်လာတဲ့ ပါဠိသက် မြန်မာဝေါဟာရ တစ်ခု ဖြစ်ပါတယ်။

မာရ *'Mara'* ကို အင်္ဂလိပ်လို *Death, Killing, The Temper, The Evil Principle* လို့ ဆိုပါတယ်။ *'သေခြင်း၊ သတ်ခြင်း၊ သွေးဆောင် ဖွဲ့နှောင်သူ၊အယုတ်တရားအစု'* လို့ မြန်မာလို အဓိပ္ပါယ် ရပါတယ်။

ဒေဝပုတ္တမာရ် 'The Evil One, the death-dealing deva' ဆိုတာ အများသိကြတဲ့ မာရ်နတ်မင်းကို ပြောတာပါ။

ကိလေသာမာရ် 'The defilements' ဆိုတာကတော့ တစ်ထောင့်ငါးရာ ကိလေသာ တရားတွေကို ပြောတာဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ

ဆိုတဲ့ ကိလေသာတရားတွေဟာ လက်ခံထားတဲ့သူကို ပူလောင်အောင်၊ ညစ်နွမ်းအောင်၊ ပင်ပန်း ဆင်းရဲအောင် ပြုလုပ် နှိပ်စက်တတ်လို့ 'မာရ်' လို့ ခေါ်တာ ဖြစ်ပါတယ်။

အဘိသခ်ါရမာရ် 'Volitional actions, both good and evil, that tend to rebirth' ဆိုတာက မိမိပြုလုပ်ထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်ပါတယ်။ *မည်သူမဟုတ်၊ မိမိမှ* ဆိုတဲ့အတိုင်း ကုသိုလ်ကံတွေကြောင့် နောင်ဘဝတွေမှာ ကောင်းတဲ့သုဂတိ ဘဝတွေကို ရောက်ကြရသလို မကောင်းမှု ကံတွေကြောင့်လည်း ယုတ်ညံ့တဲ့ ဒုဂ္ဂတိ ဘဝတွေကို ရောက်ကြရပါတယ်။ ဒါပေမဲ့ ဘယ်လို ဘဝတွေ ရောက်ရောက် ဖြစ်ရာဘဝတွေမှာ မွေးဖွားခြင်း ရှိတဲ့အတွက် အဖန်တလဲလဲ သေရဉီးမှာဖြစ်လို့ ဘဝ အသစ်သစ်တွေကို ဖြစ်စေတတ်တဲ့ ကုသိုလ်၊ အကုသိုလ်ကံ အားလုံးကို *သခ်ါရမာရ်* လို့ ခေါ်တာ ဖြစ်ပါတယ်။

ခန္ဓမာရ် *'The five aggregates of existence'* ဆိုတာ မိမိရရှိထားတဲ့ ခန္ဓာငါးပါး အစုအဝေးကြီးကို ဆိုလိုတာပါ။ ဘယ်ရုပ် ခန္ဓာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ခန္ဓာပိုင်ရှင်ကို ဒုက္ခမျိုးစုံနဲ့ ညှဉ်းပန်း နှိပ်စက်ပြီး သေခြင်းနဲ့ အဆုံးသတ်ပေးတဲ့အတွက် ခန္ဓာကိုယ် ကိုလည်း မာရ်လို့ ခေါ်ပါတယ်။

မစ္စုမာရ် *'Death'* ဆိုတာကတော့ သေခြင်းတရားပါ။ *ဤအရာကား တားဆီးလို့မရပါ* ဆိုသလို သေခြင်းတရား

ကိုလည်း ဘယ်သူမှ တားဆီးလို့မရပါဘူး။ မြတ်စွာဘုရားရှင်တောင်မှ နောက်ဆုံးဘဝမှာ သေခြင်းတရားနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သေခြင်းဟာ မသေမီမှာ သတ္တဝါတွေကို ရောဂါဝေဒနာမျိုးစုံနဲ့ နှိပ်စက်၊ မိမိ သံယောဇဉ် တွယ်တာရသူတွေနဲ့. ခွဲခွာရမယ့် အရေးအတွက် ပူဆွေးရတဲ့ စိတ်ဆင်းရဲမှု ဒဏ်နဲ့.လည်း နှိပ်စက်၊ လားရာဂတိကို တွေးပြီး ကြောက်ရွံ့ရတဲ့ ဒဏ်တွေနဲ့.လည်း နှိပ်စက်တတ်လို့ သေခြင်းကို **မာရ်** လို့ ခေါ်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဂေါတမ မြတ်စွာဘုရားရှင်ဟာ ကောဇာသက္ကရာဇ်၁၀၃၃ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဗောဓိညောင်ပင်ရင်းက အပရာဇိတ ပလ္လင်ထက်မှာ မာရ်ငါးပါးကို အောင်မြင်ခဲ့ပြီး သဗ္ဗညုတဘုရား အဖြစ်သို့ ရောက်ခဲ့ပါတယ်။ အဲဒီမှာ ဒေဝပုတ္တမာရ်ကို ဖြည့်ဆည်းထားတဲ့ ပါရမီတွေနဲ့ သစ္စာရဲ့စွမ်းအား၊ မေတ္တာရဲ့ တန်ခိုးအာနိသင်တွေကြောင့် အောင်မြင်ခဲ့ပါတယ်။ ကိလေသာမာရ်နဲ့ အဘိသင်္ခါရမာရ် ကိုတော့ အရဟတ္တမဂ် တန်ခိုးနဲ့ အောင်မြင်ခဲ့ပြီး ခန္ဓမာရ်နဲ့ မစ္စုမာရ်ကိုတော့ အကြောင်းဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာ ချုပ်ငြိမ်းသွားလို့ အောင်မြင် ခဲ့ပါတယ်။

မာရ်ငါးပါးထဲမှာတော့ ကိလေသာမာရ်က အခက်ခဲဆုံးနဲ့ အဓိကအကျဆုံးပါ။ ကိလေသာတွေ ကင်းနေရင် မာရ်နှတ်ကိုလည်း ကြောက်စရာ မလိုတော့သလို ကုသိုလ်၊ အကုသိုလ်ကံတွေလည်း ထပ်ပြီးဖြစ်ခွင့် မရတော့တဲ့အတွက် ဘဝသစ်ဖြစ်စရာလည်း မရှိတော့ပါဘူး။

မာရ်ငါးပါးမှ လွတ်မြောက်နိုင်ဖို့ မြတ်စွာဘုရားက *'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ'* လို့ ဟောကြားခဲ့ပါတယ်။

မြန်မာလို *'မာရ်နတ်မင်းရဲ့ နယ်ပယ်က လွတ်မြောက်ဖို့ တစ်ခုတည်းသော လမ်းက သတိပဋ္ဌာန်လမ်းသာ ဖြစ်ပါတယ် ...'*

This is the only path; there is none other for the purification of insight. Follow this path, and you will bewilder Mara.

နိဗ္ဗာန်အယူအဆများ

နိဗ္ဗာန်နဲ့ပတ်သက်ပြီး လေ့လာရာမှာ ထေရဝါဒဗုဒ္ဓဘာသာနဲ့ မဟာယာနဗုဒ္ဓဝါဒအကြားမှာ နိဗ္ဗာန်အယူအဆချင်း ကွဲပြားချက် ရှိပေမယ့် ဝါဒနှစ်ခုလုံးက နိဗ္ဗာန်တည်ရှိတယ် ဆိုတာကို လက်ခံကြပါတယ်။

မဟာယာနဗုဒ္ဓဝါဒီတို့က နိဗ္ဗာန်ဆိုတာ ပရိနိဗ္ဗာန်ပြုပြီးသော ရှေးဘုရားရှင်တို့၏ အထည်ကိုယ် အနှစ်အရသာကို ကိုယ်စား ပြုသော *တြိကာယအမြင်* ကို စွဲကိုင်ထားကြပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ အထည်ကိုယ်အမှန်ဟာ *ကိုယ်ခန္ဓာသုံးမျိုး တြိကာယ 'Three Body'* အဖြစ် သင်္ကေတ ပုံသဏ္ဌာန်သုံးမျိုး

ရှိတယ်လို့ ဖော်ပြကြပါတယ်။ ဒီသုံးမျိုးကတော့- (၁) **ဓမ္မကာယ** ‘မပြောင်းလဲသော ဗုဒ္ဓကိုယ်၊ ယင်းသည် ပုံသဏ္ဌာန်မရှိ၊ အမြဲတည်ရှိနေသော ဗောဓိဉာဏ်ရဲ့ အနှစ်သာရ ဖြစ်ပါတယ်’။ (၂) **သမ္ဘောဂကာယ** ‘နိဗ္ဗာန်တွင် တည်ရှိသော ဗောဓိဉာဏ်ရဲ့ အသွင်သဏ္ဌာန်’ နှင့် (၃) **နိမ္မာနကာယ** ‘ထင်ရှား ဖြစ်ပေါ်လာသည့် ကိုယ်ခန္ဓာ၊ သကျမုနိဗုဒ္ဓအဖြစ် လူ့လောကၦ ပြန်လည် မွေးဖွားသော ကိုယ်ခန္ဓာ’ တို့ ဖြစ်ပါတယ်။

တြိကာယ ယူဆတာကို အခြေခံပြီး မဟာယာန ဗုဒ္ဓဝါဒီများ အထူးသဖြင့် သုခဝတီဂိုဏ်း *'Pure Land'* ဗုဒ္ဓဝါဒီများက *မပြောင်းလဲသော ဗုဒ္ဓအထည်ကိုယ်ဟာ နိဗ္ဗာန်မှာ ထာဝရတည်ရှိပါတယ်လို့ ယူဆကြပါတယ်။* သူတို့က ဗုဒ္ဓရဲ့ အထည်ကိုယ်ကို ပြင်းပြ စစ်မှန်သော သဒ္ဓါ တရားရှိသူတွေသာ မြင်တွေ့နိုင်တယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာမှာ နိဗ္ဗာန်ဟာ အထည်ကိုယ်အဖြစ် တည်ရှိတယ်ဆိုတာ လက်မခံ ကြပါဘူး။ ဘုရားရဟန္တာ အရှင်မြတ်တို့ ပရိနိဗ္ဗာန်စံပြီးနောက် ရုပ်သဘာဝနဲ့ နာမ်သဘော မရှိတော့ဘဲ ဘဝတည်ရှိမှု ခပ်သိမ်း ချုပ်ငြိမ်းသွားလို့ အဖန်ဖန် မွေးဖွားရခြင်း၊ သေဆုံးရခြင်းဆိုတဲ့ ဒုက္ခအပေါင်းမှ လွတ်မြောက်သွားပြီး သန္တိသုခ ရရှိသွားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိဗ္ဗာန်ဆိုတာ အလုံးစုံ ချုပ်ပျောက် သွားတာမျိုးလည်း

မဟုတ်ဘဲ ကိလေသာမီးတွေ ချုပ်ငြိမ်းသွားလို့ ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်သွားပြီး ချမ်းမြေ့မှု ရရှိသွားတာပါ။

နိဗ္ဗာန်ရဲ့ အထူးခြားဆုံး မြင့်မြတ်မှုမှာ သခ်ါရလောက၊ သတ္တ လောက၊ သြကာသလောက ဆိုသော လောကသုံးပါးမှ လွတ်မြောက်မှုပင် ဖြစ်ပါတယ်။ ယင်းသုံးမျိုးအနက် သခ်ါရလောကဆိုတာ ပြုပြင်ဖန်တီးမှု အောက်တွင်ရှိသော လောကီခန္ဓာငါးပါးကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။ သတ္တလောကမှာ စကြဝဠာအတွင်းရှိ မြင်နိုင်၊ မမြင်နိုင်သော သတ္တဝါအားလုံးကို ရည်ညွှန်းပြီး၊ သြကာသလောကမှာ သုံးဆယ့် တစ်ဘုံ ဌာနကို ရည်ညွှန်းပါတယ်။ ပရိနိဗ္ဗာန်ပြုသွားသော ဘုရား၊ ရဟန္တာတို့သည် ယင်းလောကသုံးပါးမှ လွတ်မြောက်သွားပြီ ဖြစ်ပါတယ်။

ဆက်လက်လို့ သာသနာတော်မှာ နေလို၊ လလို ထင်ရှားခဲ့ကြသော ဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့်ပတ်သက်သော အယူအဆ များကိုလည်း တင်ပြလိုပါတယ်။

ပထမဦးစွာ **'အုတ်ဖိုဆရာတော်တရားကြီး'** ရဲ့ အယူအဆကို တင်ပြလိုပါတယ်။ ဆရာတော်ရေးသားခဲ့တဲ့ *'နိဗ္ဗာန်စာတမ်း'* မှာ-

'ပရိနိဗ္ဗာန် ပြုသွားသောဘုရား၊ ရဟန္တာတို့သည် ကံစသော အကြောင်း လေးပါးတို့ ပြုပြင် စီရင်ခြင်း ကင်းသော အမတ နာမ်ဝိသေသ၊ ရုပ်ဝိသေသ - မသေသော နာမ်ထူး၊ ရုပ်ထူး အနေဖြင့် နိဗ္ဗာန်မှာ စံနေတော် မူကြပါတယ်' လို့ ဖော်ပြ ထားပါတယ်။

ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ကလည်း 'မဟာနိဗ္ဗုတဒီပနီ' ကျမ်းမှာ-

'နိဗ္ဗာန်ဆိုသည်မှာ (၁၁)ပါးသော မီးအပေါင်းမှ ငြိမ်းအေးသော ဓာတ်အစုကို ခေါ်ခြင်းဖြစ်တယ်။ ယင်းနိဗ္ဗာန်သည် လုံးလုံးချည်း ဘာတစ်ခုမျှမရှိသော အဓာတ ဘာဝမျိုးလည်း မဟုတ်၊ ရုပ်ကြွမ်းဖြင့် ဖြစ်ပေါ်နေသော ဓာတ ဘာဝမျိုးလည်း မဟုတ် နှုးညံ့ သိမ်မွေ့လှပါတယ်။ နိဗ္ဗာန်ထင်ရှားရှိပုံမှာ ပရိနိဗ္ဗာန်ပြုမည့်ပုဂ္ဂိုလ် မပေါ်မီကပင် ကမ္ဘာကမ္ဘေဖြစ်၍နေသော အရှိမျိုးလည်း မဟုတ်၊ ပရိနိဗ္ဗန္ဓပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကိုစွဲ၍သာ ထိုခန္ဓာကိုယ် ကွယ်လွန်သွားသောအခါ ပေါ်လာသော တရားထူးဝိသေသ ဖြစ်ပါတယ်...'

'နိဗ္ဗာန်သည် ခန္ဓာဌ်ပင် စပ်၍နေသော်လည်း ခန္ဓာနှင့် မှုခု အားဖြင့် မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မှုခုစပ်ပါတယ်။ ခန္ဓာမငြိမ်း မပျောက်လျှင် နိဗ္ဗာန် မပေါ်မရောက်လာပါ။ နိဗ္ဗာန်သို့ ရောက်သွားသော သူတို့သည် အလုံးစုံ ပြတ်တောက်သည့် အဖြစ်မျိုးသို့ ရောက်၍ သွားခြင်းမဟုတ်။ မိမိတို့ရောက်ရာ နိဗ္ဗုတာ ဌ်ပင် မအို၊ မသေ အမြဲ တည်စံ နေကြပါတယ်' လို့ ဖွင့်ဆို ရေးသားထားပါတယ်။

ရွှေကျင်ဆရာတော်ကြီးက ဆက်လက်ပြီး *'နိဗ္ဗာန်ကို လုံးဝ ပြတ်စဲမှုအဖြစ် ယူခဲ့သော် ယင်းသည် ဥစ္ဆေဒဒိဋ္ဌိ ပြတ်စဲသည်*

လို့ ယူဆတဲ့ အယူမှား အဖြစ်သို့ ရောက်သွားတယ်' လို့ ဆိုပါတယ်။ ဒီလို ယူဆရခြင်း ဟာလည်း ပရမတ္ထတရားများ ဖြစ်တဲ့ *နိဗ္ဗာန၁၀၁တ်၊ အသခ်တ ၁၀၁တ်များ 'Non-conditioned elements'* ဟာ ထာဝရ တည်ရှိ နေသောကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် ဆရာတော်ကြီး က-

'နိဗ္ဗာန်၌ ပကတိမျက်စိဖြင့် မမြင်နိုင်သော ရုပ်လွှန် အရောင် အဆင်း တစ်မျိုးလည်း ရှိနေပါတယ်။ သို့သော် ပုထုဇဉ် ပုဂ္ဂိုလ်တို့ဟာ ယင်းတောက်ပတဲ့ သဘာဝလွန် အရောင် အဆင်းကို မမြင်နိုင်ပါဘူး။ ပမာဆိုရရင် လူသာမန် တို့ဟာ နတ်ဒေဝါတို့၌ ရှိသော ကိုယ်ရောင်ကိုယ်ဝါကို မမြင်နိုင် သလိုပင် ဖြစ်ပါတယ်။ ယင်း သဘာဝလွန် အရောင်အဆင်းဟာ လူ့လောက၌ ရှိသော မြင်နိုင်ကောင်း၊ မမြင်နိုင်ကောင်းသော အလင်းရောင်များထက် များစွာ သိမ်မွေ့ပါတယ်' လို့ ဖော်ပြ ထားပါတယ်။

ဆရာတော်ရဲ့အလိုအရ နိဗ္ဗာန်သည် လုံးဝချုပ်ငြိမ်းသွားခြင်း နှင့် မပတ်သက်ဘဲ လုံးဝပျောက်ရွင် ငြိမ်းချမ်းခြင်းနှင့်သာ ပတ်သက်၍ သန္တိသုခ အမတ သဘာဝ *'နိဗ္ဗာန၁ာတ'* အဖြစ် တည်ရှိပါတယ်။

'လယ်တီဆရာတော်ဘုရားကြီး' ရဲ့ အယူအဆမှာ-

'နိဗ္ဗာန်သို့ ရောက်လေ၏ ဆိုတာနဲ့ ချုပ်ငြိမ်းတာ အတူတူ ပင် ဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတာ အစဉ်ဖြစ်ပေါ်နေသော စိတ်၊

စေတသိက်၊ ရုပ်တရား တို့၏ ငြိမ်းမှုပင် ဖြစ်တယ်' လို့ 'နိဗ္ဗာန်ဒီပနီ' ကျမ်းမှာ ရေးသား ဖော်ပြထားပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက 'ရဟန္တာပုဂ္ဂိုလ်များသည် ယခုဘဝ၌ပင် ခန္ဓာငါးပါး ချုပ်ငြိမ်းသွားသောအခါ သဘာဝလွန် အလွန်နူးညံ့ သိမ်မွေ့သော ပြုပြင်မှုမဲ့ တည်ရှိမှု 'အသင်္ခတဓါတ်' အဖြစ် ကိုယ်ပိုင်နိဗ္ဗာန်များ ရှိပါတယ်' လို့လည်း ယူဆ ထားပါတယ်။ ဒါပေမဲ့လည်း ဆရာတော်က 'နိဗ္ဗာန်ရဲ့သဘာဝဟာ အလွန်နက်နဲပြီး အလွန်သိနိုင်ခဲပါတယ်' လို့လည်း အလေးအနက် ဆိုပါတယ်။

'မမြဲတဲ့ အနိစ္စသဘော၊ ခန္ဓာငါးပါး၏ ဒုက္ခသဘာဝနဲ့ အသက်ကောင် ဝိညာဉ်ကောင်မရှိမှု 'အနတ္တ' သဘာဝကို မသိ မမြင်ဘဲ နိဗ္ဗာန်ရဲ့ သန္တိသုခကို ရရန်ခက်ခဲပါတယ်' လို့လည်း 'နိဗ္ဗာန်ဒီပနီ' ကျမ်းမှာ ဖော်ပြထားပါတယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ က 'သင်္ဂြိဟ်ဘာသာဋီကာ' ကျမ်းမှာ-

'နိဗ္ဗာန်ဆိုတာ စိတ်၊ စေတသိက်၊ ရုပ်၊ ပရမတ်တို့မှ သီးခြား ဖြစ်သော ပရမတ္ထတရား ဖြစ်ပါတယ်။ သို့ဖြစ်၍ ရုပ်၊ နာမ်၊ သင်္ခါရ တို့နဲ့ ဆက်သွယ်ခြင်း မရှိလို့ ရုပ်ဝိသေသ၊ နာမ်ဝိသေသ မဖြစ်နိုင်ပါ။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်းမဟုတ်၊ ကာမဂုဏ် အာရုံကဲ့သို့

ခံစားအပ်သော တရားလည်းမဟုတ်၍ နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ဖြစ်ပါတယ်။ သို့သော် ဝေဒယိတ သုခထက် အဆများစွာသာလွန်သော သန္တိသုခ အေးမြငြိမ်းချမ်းခြင်း သဘောကား ဇကန်ရှိပါတယ်' လို့ ရေးသားခဲ့ပါတယ်။

ဆက်လက်ပြီး ဆရာတော်က-

'နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏ ဆိုသော စကားအရ အရိယာပုဂ္ဂိုလ်ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင် ပစ္စည်းတစ်ခုကဲ့သို့ တစ်ပါးတည်းသာ ရှိသည်ဟု ထင်မှား မိတတ်သော်လည်း ထိုကဲ့သို့ ဆိုလိုရင်းမဟုတ်။ စိတ်မှန်လျှင် အာရုံကို သိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာ ရှိသကဲ့သို့ နိဗ္ဗာန်မှန်လျှင် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာ ရှိပါတယ်လို့ ဆိုလိုပါတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တိုင်းမှာ ကိုယ့်စိတ်နဲ့ ကိုယ် ရှိသကဲ့သို့ အရိယာပုဂ္ဂိုလ် တိုင်းမှာလည်း ကိုယ့် နိဗ္ဗာန်နဲ့ကိုယ် ရှိကြပါတယ်' လို့ ရှင်းပြထားပါတယ်။

နိဗ္ဗာန်နဲ့ပတ်သက်လို့ ရာဟုလာသံကစ္စည်း ကလည်း-

'နိဗ္ဗာန် ဆိုလိုရင်း အနက်သဘောကား ချုပ်ငြိမ်းခြင်းပင် ဖြစ်ပါတယ်။ ဆီမီးတောက်ရင်း တောက်ရင်း ချုပ်ငြိမ်းသွား တာမျိုး ဖြစ်ပါတယ်။ ဆီနှင့်မီးစာ လောင်ကျွမ်းသွားပြီးနောက် လောင်စာ အသစ် ထပ်မထည့်သောအခါ မီးတောက်ချုပ်ငြိမ်း သွားရသကဲ့သို့ အာသဝမျာ ကုန်စင်သွားပြီးနောက် ဘဝအသစ်

ဖြစ်ရခြင်းမှ ချုပ်ငြိမ်းသွားပါတယ်။ ဒါပေမဲ့လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်သည် ကွယ်လွန်ပြီးနောက် ပရိနိဗ္ဗာန် ပြုပြီးနောက် ဘယ်ပုံဖြစ်ပါသနည်းဆိုသော အမေးကို ဖြေဆိုရန် ငြင်းပယ်ခဲ့ပါတယ်”။

ပြည်မြို့ ဇောတိကာရုံဆရာတော်ကြီး ကလည်း-

‘ချုပ်ငြိမ်းခြင်းဆိုသော နိဗ္ဗာန်သည် အကြောင်းတရားဖြစ်၍ ပရိနိဗ္ဗာန်သည် အကျိုးတရား ဖြစ်ပါတယ်’ လို့ ယူဆပါတယ်။

နိဗ္ဗာန်တွင် *ဥပါဒ် ‘ဖြစ်’၊ ဌီ ‘တည်’၊ ဘင် ‘ပျက်’* မရှိသောကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့မှ ကင်းလွတ်သော *ကာလဝိမုတ် 'Beyond time and space'* တရား ဖြစ်ပါတယ်။

နိဗ္ဗာန်ကို ယာဉ်အမျိုးမျိုးနှင့်သွား၍လည်း မရောက်နိုင်၊ ခြေလျင်သွား၍လည်း မရောက်နုိင်ပါ။ အမှန်စင်စစ် နိဗ္ဗာန်သည် သွားအပ်သောဂုဏ်ရာ မဟုတ်သကဲ့သို့ ရောက်အပ်သော တရားလည်း မဟုတ်ပါ။ နိဗ္ဗာန်သည် မျက်မှောက် ပြုအပ်သော တရား ဖြစ်၍ ပဋ္ဌာန်း ဒေသနာတော်လာ *အာရုံမဏ္ဍပစ္စည်း 'Object Condition'* အရ အာရုံ ပြုအပ်သော တရားသာ ဖြစ်တယ်’ လို့ ဖော်ပြထားပါတယ်။

ဆရာတော်ကြီးမှ ဆက်လက်ပြီး-

'နိဗ္ဗာန်သည် အသခ်ံတဓာတ် ပရမတ်အစစ်ဖြစ်၍ ဘုရား ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲတည်ရှိသော တရား' လို့ တင်ပြထားပါတယ်။

နိဗ္ဗာန်နဲ့ပတ်သက်လို့ ရှင်ဗုဒ္ဓဃောသ ရဲ့ ယူဆချက်မှာ-

'နိဗ္ဗာန်သည် သန္ဓိလက္ခဏာလို့ ဆိုထားတဲ့အတွက် နိဗ္ဗာန်ရဲ့ လက္ခဏာဟာ ငြိမ်းချမ်းခြင်းဖြစ်ပြီး ယုန်ဦးချိုးကဲ့သို့ နိဗ္ဗာန်ဟာ မရှိသည့်အရာလည်း မဟုတ်' လို့ ဆိုထားပါတယ်။

'နိဗ္ဗာန်ဟာ အရှိတရားဖြစ်လို့ နိဗ္ဗာန်သာမရှိပါက သီလ၊ သမာဓိ၊ ပညာတို့ ကျင့်ကြံ အားထုတ်တာဟာ အချည်းနှီး အလဟဿ ဖြစ်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ အရိယာမဂ် အကျိုးရှိရန်အတွက် နိဗ္ဗာန်သည် အရှိတရားဖြစ်ရန် လိုအပ်ပါတယ်' လို့ တင်ပြ ထားပါတယ်။

မဟာစည်ဆရာတော်ဘုရား ၏ နိဗ္ဗာန်နဲ့ပတ်သက်လို့ ယူဆထားတာကတော့ တခြားပါဠိပညာရှင်များ၏ အဓိပ္ပါယ်ကောက်ယူမှုနဲ့ ခြားနားမှုရှိပါတယ်-

သဗ္ဗတောပဘံ 'အလုံးစုံတောက်ပ၏' ဆိုတဲ့ ဝါကျမှာ ဆရာတော်ကြီးက *'နိဗ္ဗာန်၌ သာလွန်ထူးခြားသော အလင်းရောင်မရှိ'* လို့ပဲ ယူဆပါတယ်။

ဆရာတော်ဘုရားကြီးက နိဗ္ဗာန်သည် မြင်သာထင်ရှားသည့် အရာအနေဖြင့် တည်ရှိမှုကို လက်မခံပါ။ 'နိဗ္ဗာန်ဟူသည် ဗိမာန် သို့မဟုတ် နန်းတော် သို့မဟုတ် မြို့တော် တစ်ခုလည်းမဟုတ်၊ နိဗ္ဗာန်သည် မြင်သာထင်ရှားတဲ့ အရာမျိုးလည်း မဟုတ်သလို အရောင်အဆင်း ထွက်ပေါ်ခြင်းလည်း မရှိ၊ အမှန်စင်စစ် နိဗ္ဗာန်တွင် ကိလေသာ လွှမ်းမိုးမှုများမှ ကင်းလွတ်ပြီး အတိတ်ကံတို့ အကျိုးမပေးဘဲ ဘဝသစ် တည်ဆောက်မှုကို လုံးဝ မဖြစ်ပေါ် စေနိုင်သော အရာသာ ဖြစ်ပါတယ်' လို့ ဆရာတော်ကြီးက အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။

မဟာစည် ဆရာတော်ကြီးမှ နိဗ္ဗာန်၌ အရောင်အလင်း မရှိသော်လည်း သန့်ရှင်းသုခ ပရမတ္ထ သစ္စာတရား ဖြစ်ပါတယ်လို့ ဆိုပါတယ်။

အထက်ပါ ဆရာတော်ကြီးများ၏ အယူအဆများမှ *နိဗ္ဗာန်ဆိုသည်မှာ သဘာဝထက် လွန်ကဲထူးမြတ်သော သို့မဟုတ် နိဗ္ဗာန္ဓါတ် လို့ခေါ်သော အရာတစ်မျိုးနှင့် ဆက်နွယ်နေသော သဘောတရား ဖြစ်ပါတယ်* လို့ ခြုံငုံ ယူဆလို့ရပါတယ်။ အလား တူ နိဗ္ဗာန်ဆိုတာ လုံးဝပြတ်စဲ ချုပ်ငြိမ်းသွားခြင်း မဟုတ်ဘဲ အမှန်တကယ် တည်ရှိတယ်လို့လည်း အခိုင်အမာ ဆိုနိုင်ပါတယ်။

နိဗ္ဗာန်အယူအဆမှာ ဒဿန သဘောအားဖြင့် ရှင်းပြရန် ခက်ခဲလှသော်လည်း လက်တွေ့ကျင့်စဉ်ဖြစ်တဲ့ သတိပဋ္ဌာန်

တရားကို စူးစူးစိုက်စိုက် အားထုတ်ပါက ကိုယ်တိုင်ကိုယ်ကျ နားလည် သဘောပေါက်သွားမှာ ဖြစ်ပါတယ်။

ထေရဝါဒ ရှုထောင့်အရ ကျမ်းဂန်စာပေများကို လေ့လာရုံ မျှဖြင့် ထိုးထွင်း သိမြင်နိုင်မည်မဟုတ်ဘဲ လက်တွေ့ ကျင့်ကြံ အားထုတ်မှသာ နိဗ္ဗာန်ကို ထိုးထွင်းသိမြင် သွားမှာ ဖြစ်ပါတယ်။

နိဗ္ဗာန်ဂုဏ်ရည်

နိဗ္ဗာန်ဂုဏ်ရည်ကို ရတနာသုတ် ပါဠိတော်မှာ *ခယံ၊ ဝိရာဂံ၊ အမတံ၊ ပဏီတံ* လို့ ဟောထားပါတယ်။ နိဗ္ဗာန်မှာ *ကိလေသာ ကုန်ခန်းခြင်း* 'ခယ' ဂုဏ်၊ *ရာဂကင်းခြင်း* 'ဝိရာဂ' ဂုဏ်၊ *သေခြင်း ကင်းမှု* 'အမတ' ဂုဏ်နှင့် *မြင့်မြတ်ခြင်း* 'ပဏီတ' ဂုဏ်စသော ဂုဏ်ရည်လေးချက် ရှိပါတယ်။

ဗုဒ္ဓရဲ့အလိုအရ နိဗ္ဗာန်ဆိုသော ပရမတ္တ အရှိတရားဟာ မျက်မှောက်ဘဝ၊ မျက်မှောက် ရုပ်နာမ်ခန္ဓာမှာပင် အသေအချာ ရရှိနိုင်သော တရား ဖြစ်ပါတယ်။ ပါရာယနဝဂ်-သုတ္တနိပါတ်တွင် ဟောကြားခဲ့သော ဗုဒ္ဓရဲ့ စကားမှာလည်း အထင်အရှား ပါဝင်ပါတယ် -

'ဓောတက... အခုဘဝ၌ပင် တစ်ဆင့်ကြားမဟုတ်၊ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော ကိလေသာများမှ ငြိမ်းအေးမှု နိဗ္ဗာန်ကို သင့်အား ငါဟောကြားပေးခဲ့။ သစ္စာကို သိပြီး အောက်မေ့

မှု သတိနှင့် ကျင့်ကြံ အားထုတ်ပါက လောကဌ် ကပ်ငြိတွယ် တာမှု တဏှာမှ လွတ်မြောက် သွားမှာဖြစ်တယ်'

ခန္ဓာနှင့် နိဗ္ဗာန်

ခန္ဓာနှင့်နိဗ္ဗာန်တို့ဟာ သဘော သဘာဝအားဖြင့် အကြီး အကျယ် ခြားနားပေမယ့် တစ်ပါးနှင့်တစ်ပါး ဝေးကွာခြင်း မရှိဘဲ ဆက်စပ်လို့ နေပါတယ်။

အဘိဓမ္မာဒေသနာ ကထာဝတ္ထုဠဋ္ဌ *'ခန္ဓာက တခြားလော၊ နိဗ္ဗာန်က တခြားလော'* ဆိုသည့် အမေးပုစ္ဆာကို ထိုသို့ တခြားဟူ၍ မဆိုလင့်ရာလို့ ဖြေဆိုထားပါတယ်။

ဝိသုဒ္ဓိမဂ် ဋီကာမှာလည်း *'နိဗ္ဗာန်သည် ခန္ဓာနှင့်ဆက်စပ်မှု ရှိသည်သာလျှင်တည်း'* ဟူ၍ ဆိုပါတယ်။

အင်္ဂုတ္တိရ် ပါဠိတော်လာ ရောဟိတဿသုတ်၌ ဘုရားရှင်က ရောဟိတဿ နတ်သားအား - *'ဒါယကာ နတ်သား၊ ဤတစ်လံမျှလောက် ဖြစ်သော ခန္ဓာ၌ပင်လျှင် ဒုက္ခကို လည်းကောင်း၊ ဒုက္ခ ဖြစ်ကြောင်းကို လည်းကောင်း၊ ဒုက္ခ ချုပ်ငြိမ်းရာကို လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ကို လည်းကောင်း၊ ငါဘုရား ဟောတော်မူ၏'* ဟူ၍ အသီးသီး ပြဆိုထားပါတယ်။ အထက်ပါ ဒေသနာတော်အများအရ နိဗ္ဗာန်သည် ခန္ဓာနှင့် ဝေးကွာခြင်း မရှိဘဲ ဆက်စပ်မှု ရှိနေပါတယ်။

တစ်လံမျှလောက်သော ခန္ဓာဒွံပင်လျှင် နိဗ္ဗာန် အပါအဝင် သစ္စာလေးပါးတရားကို ပညတ်ခြင်းစသော အကြောင်းများကြောင့် နိဗ္ဗာန်ဆိုတာ ခန္ဓာအတွင်းဒွံသာလျှင် အကျုံးဝင်သော (၀၂) ရှိသော တရားဟူ၍ ထင်မှတ်ဖွယ်ရာ ရှိနေပါတယ်။ သို့သော် သဘောသဘာဝ အရ နိဗ္ဗာန်သည် ခန္ဓာ၏ မှတ်ကြောင်းအခြင်းအရာများဖြစ်သည့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သြဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက ဟူသော (၁၁)ပါး တရား အပြားတို့ မရှိခြင်းကြောင့် ခန္ဓာမဟုတ်၊ ခန္ဓာမှလွတ်ရာ *ခန္ဓဝိမုတ် 'Beyond body'* တရားသာ ဖြစ်ပါတယ်။

သို့ဆိုပါသော် *'ခန္ဓာနှင့် နိဗ္ဗာန် သည် ဝေးကွာခြင်း မရှိဘဲ အဘယ်သို့ သဘောအားဖြင့် ဆက်စပ်မှုရှိနေပါသနည်း'* ဟူသော မေးခွန်းကို စာရှုသူက မေးဖွယ်ရာရှိပါတယ်။ ထိုအတွက် အကောင်းဆုံးသော အဖြေမှာ *ဒင်္ဂါးပြား တစ်ပြား၏ ခေါင်းနှင့်ပန်း 'Head and flower on each side of the coin'* ဥပမာသာ ဖြစ်ပါတယ်။ ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းဟာ မျက်နှာတစ်ဖက် တစ်ချက်စီတွင် စွဲတည်နေသောကြောင့် သဘောသဘာဝ အရ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

ဒင်္ဂါးပြား၏ ခေါင်းဘက်ကို ကြည့်ရှုသုံးသပ် နေသူဟာ ထိုကြည့်ရှု သုံးသပ်မှုဒွံ့ မငြိုးငွေ့သမျှ ပန်းဘက်သို့ လှန်ပစ်မှု မဖြစ်နိုင်ပါ။ ထိုသို့ မဖြစ်သမျှ ဒင်္ဂါးပြား၏ပန်းသည် ခေါင်း

နေရာတွင် အစားထိုးဝင်မလာပါ။ ခေါင်းဘက်သို့ ကြည့်ရှုသုံးသပ်မှု ငြိုးငွေ့လာပါမှ ပန်းဘက်သို့ လှန်ပစ်မှုနှင့်တကွ ပန်းဟာ ခေါင်းနေရာတွင် အစားထိုး ဝင်ရောက်လာမှာ ဖြစ်ပါတယ်။

ခန္ဓာနှင့် နိဗ္ဗာန် ဆိုသည်မှာလည်း ထိုဒင်္ဂါးပြား၏ ခေါင်းနှင့် ပန်း ဥပမာ သဘောသာ ဖြစ်ပါတယ်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်ရန် အလို့ငှာ နိဗ္ဗာန်နှင့် သဘောသဘာဝ အရာအားဖြင့် ဆန့်ကျင်နေသော ခန္ဓာ၏ အဖြစ်အပျက်တို့ကို ဝိပဿနာဉာဏ်ဖြင့် အခါခါအထပ်ထပ် ဆင်ခြင် သုံးသပ်ရပါတယ်။ ထိုသို့ ဆင်ခြင်သုံးသပ်၍ အပြစ်ကိုမြင်ကာ ငြီးငွေ့ခြင်း ပြင်းစွာ ဖြစ်ပေါ်လာမှလည်း ခန္ဓာမှ လွတ်မြောက်ရာ *နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း သစ္ဆိကိရိယာကိစ္စ 'Realization of Nibbana'* ဖြစ်နိုင်ပါတယ်။

ထို့အတွက် နိဗ္ဗာန်ကို မျက်မှောက်ပြုရာတွင် ခန္ဓာ၌ ဝိပဿနာဉာဏ် တင်ခြင်းဖြင့်သာလျှင် မျက်မှောက်ပြုခြင်း ကိစ္စ ပြီးစေ နိုင်ပါတယ်။ ခန္ဓာတရား၌ သိမြင်နေသော ဝိပဿနာဇောစိတ်အစဉ် ပြီးစီးသွားသည်နှင့် တစ်ဆက်တည်းပင် နိဗ္ဗာန်တရား၌ ထိုးထွင်း သိမြင်သော ဂေါတြဘူနှင့် မဂ်ဖိုလ်တို့ ဖြစ်ပေါ်လာပါသည်။ ထို့အတွက် ကြားခံပေါင်းကူးသဖွယ် ကျေးဇူးပြုသော ခန္ဓာကိုပင်လျှင် ဝိသေသပြုကာ *'ခန္ဓာနှင့် နိဗ္ဗာန်*

သည် တခြားစီမဟုတ်ဘဲ ဆက်စပ်မှု ရှိသည်ဟု လည်းကောင်း၊ ဤတစ်လံမျှလောက်သော ခန္ဓာဌ်ပင်လျှင် ဒုက္ခကို လည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကို လည်းကောင်း၊ ဒုက္ခ ချုပ်ငြိမ်းရာကို လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ကို' မြတ်ဗုဒ္ဓမဟောတော်မူခြင်း ဖြစ်ပါတယ်။

မြို့မိ ဆရာတော်ကြီးက - 'အတ္တာ၊ ခန္ဓာ၊ နိဗ္ဗာန်တို့သည် အချင်းချင်းသဘောအားဖြင့် မတူကြသော်လည်း ဘယ်အခါမှ ခွဲခွါ ခြင်း မရှိ၊ အတူတကွ တွဲလျက်သာနေကြပါတယ်' လို့ ဆိုပါတယ်။

'အတ္တာရှိရာမှာ ခန္ဓာရှိ၏။ ခန္ဓာရှိရာမှာ နိဗ္ဗာန်ရှိ၏။ အတ္တာကို ထုချေ ဖောက်ခွဲကြည့်လျှင် ခန္ဓာကိုမြင်၏။ ခန္ဓာကို ထုချေ ဖောက်ခွဲလျှင် ဖြစ်ပျက်ကို မြင်၏' လို့ မိန့်ဆိုပါတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဆိုတာ အဝေးမှာ ရှိနေတာမဟုတ်ဘဲ နိဗ္ဗာန်ရဲ့ အခြေခံဟာ ဘဝထဲမှာသာ ရှိပါတယ်။ မိမိခန္ဓာကိုယ်မှာ ရှိတဲ့ ရုပ်၊ နာမ်တွေရဲ့ဖြစ်ပျက်ကို ဉာဏ်နဲ့ ထိုးထွင်း သိမြင်သွားရင် နိဗ္ဗာန်ကို မျက်မှောက်ပြု သွားနိုင်မှာ ဖြစ်ပါတယ်။ *'The key to Nivana is within oneself, not in ritual.'*

ဝိပဿနာရှုမှတ်ခြင်းရဲ့ အနှစ်သာရကလည်း နာမရူပ ပရိစ္ဆေဒ ဉာဏ် 'ရုပ်နာမ်ဖြစ်ခြင်းကို ပိုင်းခြားသိတဲ့ဉာဏ်'၊ ယထာဘူတဉာဏ် 'တကယ်ရှိတာ ရုပ်၊ နာမ်ပဲလို့ အရှိကို အရှိ

အတိုင်းသိတဲ့ဉာဏ်' နဲ့ *ဓမ္မဋ္ဌိတိဉာဏ်* 'ရုပ်နာမ်ဓမ္မမှာ တည်ရှိဆိုက်ရောက်ပြီး သိတဲ့ဉာဏ်' ရရှိရေးအတွက် ဖြစ်ပါတယ်။

'သူ'၊ 'ငါ'၊ 'ယောကျ်ား'၊ 'မိန်းမ' ဆိုတာ ပညတ်တွေပဲ၊ တကယ်ရှိတာက ရုပ်နဲ့နာမ်လို့ *ပညတ် 'Concept'* နဲ့ *ပရမတ် 'Reality'* ကို အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း သိသွားရင် အပါယ်တံခါး ပိတ်ပြီး မင်္ဂလာဖိုလ်ဉာဏ် တစ်ဆင့်ပြီးတစ်ဆင့်တက် လို့ နိဗ္ဗာန်သို့ ဆိုက်ရောက်သွားမှာ ဖြစ်ပါတယ်။

နိဗ္ဗာန် အမျိုးအစားများ

ထေရဝါဒ အစဉ်အလာအရ နိဗ္ဗာန်ဟာ သဥပါဒိသေသ နိဗ္ဗာန် နဲ့ အနုပါဒိသေသ နိဗ္ဗာန်ဆိုပြီး (၂)မျိုး ခွဲခြားထားပါတယ်။

မျက်မှောက်ဘဝမှာ လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာများ ချုပ်ငြိမ်းသွားပြီး နိဗ္ဗာန်ကို လက်ရှိ ရုပ်နာမ်ခန္ဓာမှာ ရရှိသွားခြင်းသည် *သဥပါဒိသေသနိဗ္ဗာန် 'Psychological liberation from defilement'* ဖြစ်ပါတယ်။ သဥပါဒိသေသ နိဗ္ဗာန်ကို ရရှိရေးအတွက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် နှင့် ရဟန္တာဆိုသော အဆင့်(၄)ဆင့် ရှိပြီး မျက်မှောက်ဘဝ ခန္ဓာ(၅)ပါးနှင့် ဆက်စပ်လျက် ရှိပါတယ်။

အရိယာပုဂ္ဂိုလ်များအဖို့ ယခုဘဝမှာပင် ရာဂ၊ တဏှာ၊ အဝိဇ္ဇာ စသော ကိလေသာတို့မှ လွတ်မြောက်၍ စိတ်ပိုင်းဘဝ

ဆင်းရဲဒုက္ခ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုကို ရရှိသွားခြင်းသည်ပင် သဉ္ဇပါဒိသေသ နိဗ္ဗာန် ဖြစ်ပါတယ်။

အနုပါဒိသေသနိဗ္ဗာန် 'Biological liberation after cessation of aggregates' ဆိုတာကတော့ ဘုရား၊ ရဟန္တာများ ပရိနိဗ္ဗာန်စံပြီးနောက် ဖြစ်ပေါ်လာသော နိဗ္ဗာန် ဖြစ်ပါတယ်။

ပရိနိဗ္ဗာန် စံသောအခါ *ကမ္မစွမ်းအင်ဟာ* ဆုံးခန်းတိုင်သွားတဲ့ အတွက် ရုပ်နာမ်အစဉ် ဆိုတဲ့ ဘဝသံသရာ စက်ဝန်းဟာ ပြတ်စဲသွားပါတယ်။ နာမ်ရုပ်ဖြစ်စဉ် သဘာဝ မတည်ရှိတော့ပေမယ့် သေခြင်းမဲ့သဘာဝနှင့် သန္ဓိသုခ တည်ရှိတဲ့အတွက် ယင်း အခြေအနေကို *မမွေးဖွားခြင်း* 'အပဉ္ဇိသန္ဓိ'၊ *ဖြစ်ပေါ်မလာခြင်း* 'အနုပပတ္တိ'၊ *မဖြစ်ခြင်း* 'အဇာတ'နှင့် *ပြုပြင်မဲ့* 'အသင်္ခတ' ဟု ခေါ်ဆို နိုင်ပါတယ်။

ထေရဝါဒရှုထောင့်မှ စိတ်ပိုင်းဘဝ လွတ်မြောက်မှုကို ဝိမုတ္တိလို့ ခေါ်ဆိုပြီး ယင်းအရသာကို *ဝိမုတ္တိရသ 'The Taste of Exemption'* လို့ ရည်ညွှန်းပါတယ်။ ယင်းလွတ်မြောက်မှုဆိုသည်မှာ ဘဝသစ် မွေးဖွားခြင်း၊ အိုမင်းခြင်း၊ နာမကျန်းဖြစ်ခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းနှင့် အလုံးစုံသော ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းစသော ဒုက္ခအစုအဝေးကို ဖြစ်ပေါ်စေတတ်သည့် အဝိဇ္ဇာနှင့်တဏှာမှ လွတ်မြောက်သွားခြင်း ဖြစ်ပါတယ်။

သညပါဒိသေသ နိဗ္ဗာန်ကို နိဗ္ဗာန် လို့ခေါ်ဆိုပြီး အနုပါဒိသေသ နိဗ္ဗာန်ကို ပရိနိဗ္ဗာန် လို့ ခေါ်ဆိုကြပါတယ်။

အနုပါဒိသေသ နိဗ္ဗာန်ကို ဆီးမီးငြိမ်းသွားခြင်းနှင့် ဥပမာပေးကြပါတယ်။ ရတနသုတ်မှာလည်း-

'အဟောင်းဖြစ်သော (ကံ)သည် ချုပ်ငြိမ်းသွား၍ အသစ်တဖန် မဖြစ်တော့ပါ။ ထို့အတွက် ပဋိသန္ဓေ နေရခြင်း မျိုးစေ့တို့သည်လည်း အားလုံးပျက်စီး ပျောက်ကွယ်သွား၍ မည်သည့် အာသာဆန္ဒမျှ မကျန် ရှိတော့ပါ။'

အနုပါဒိသေသ နိဗ္ဗာန်သည် ထုတ်ဖော်ပြောပြရန် မဖြစ်နိုင်သော အခြေအနေဖြစ်၍ ပင်လယ်သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းလှပါတယ်။ ယင်းသဘောကို ဘိက္ခုနီခေမာသည် ကောသလဘုရင်အား ပြောပြခဲ့ဖူးပါတယ်။ အရှင်အာနန္ဒာမှလည်း တစ်ခါကယမက ရဟန်း၏ ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံပြီးနောက် မရှိတော့ဆိုသော အယူမှားကို ဖယ်ရှားခဲ့ဖူးပါတယ်။

ဗုဒ္ဓကိုယ်တော်တိုင် ကလည်း အလင္ဂဒ္ဒူပမသုတ်တွင် ယင်းအချက်များမှာ ထုတ်ဖော် ပြောပြ၍ မဖြစ်သည့်အချက်များဖြစ်ကြောင်း၊ မသိအပ်သည့် အရာများ ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။ *ဘာသာစကား 'Language'* ဖြင့် ထုတ်ဖော်ပြောပြလို့ မရနိုင်တဲ့ နိဗ္ဗာန်ရဲ့ သဘောကို ပိဋကတ်ထဲမှာ အကြိမ်များစွာ တွေ့ရှိရပါတယ်။

နိဗ္ဗာန်နှင့် ဒိဋ္ဌိနှစ်မျိုး

ဗုဒ္ဓဘာသာဝင်အများစုဟာ နိဗ္ဗာန်နှင့် ပတ်သက်လာလျှင် သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်တတ်လို့ ဒီနေရာမှာရှင်းလင်းဖော်ပြ ပေးလိုပါတယ်။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဝစ္ဆသုတ်၌ ဝစ္ဆ အမည်ရှိသူက ဗုဒ္ဓအား နိဗ္ဗာန်နှင့်ပတ်သက်လို့ မေးထားတာ ရှိပါတယ်...

(၁) *'မြတ်စွာဘုရား၊ ရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် အဘယ်၌ ဖြစ်ပါသနည်း ...'* လို့ မေးတဲ့အခါ-

ဗုဒ္ဓက ထာဝရ တည်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိနှင့် ငြိသောကြောင့် ဖြေဖို့ မသင့်လျော်ဟု တားမြစ်ပယ်တော်မူပါတယ်။ *သဿတဒိဋ္ဌိ 'Eternity view'* နှင့် ငြိရတဲ့ အကြောင်းမှာ ရဟန္တာ၏ ရုပ်နာမ်သည် မပျက်မစီးဘဲ သို့မဟုတ် ရုပ်သာပျက်စီးပြီး နာမ်က မပျက်စီးသော အတွက်ကောင် ဝိညာဏ်ကောင် ဇီဝကောင် အနေဖြင့် နိဗ္ဗာန်သို့ ရောက်သွားသလို သဘောသက်ရောက်၍ ဖြစ်ပါတယ်။

(၂) *'ရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် အဘယ်သို့မျှ မဖြစ်၊ မရောက်တော့ပြီလော ...'* လို့ မေးတဲ့အခါမှာ-

ဗုဒ္ဓက လုံးဝ ပြတ်စဲ သွားတယ်ဆိုတဲ့ *ဥစ္ဆေဒဒိဋ္ဌိ 'Annihilation view'*နှင့် ငြိသောကြောင့် ဖြေဖို့ မသင့်လျော်ဟု တားမြစ် ပယ်တော်မူပါတယ်။ အကြောင်း

မှာ ရဟန္တာပုဂ္ဂိုလ် သေသည်နှင့် ရုပ်နာမ် ချုပ်ပြတ် သွားပြီးပါမူ 'အတ္တာကောင်၊ ဝိညာဏ်ကောင်၊ ဇီဝကောင်' က နိဗ္ဗာန် ချမ်းသာကို ခံစားခြင်းမရှိဟု သဘော သက်ရောက်သောကြောင့် ဖြစ်ပါတယ်။

ရဟန္တာပုဂ္ဂိုလ် သေဆုံးသွားခြင်း၊ ရုပ်နာမ်ချုပ်ငြိမ်း သွားခြင်းကို *ပရိနိဗ္ဗာန်* လို့ ခေါ်ဆိုပါတယ်။ သေဆုံးခြင်းကို ဖြတ်လိုက်ခြင်း သို့မဟုတ် သေဆုံးခြင်းကို ရုပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ ဒီလို ရုပ်နာမ်ချုပ်ပြီးတာနှင့် ခန္ဓာကိုယ် ကမ္မဇရုပ် အကြွင်းအကျန် မရှိသော *အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာ* ကို ခံစားခြင်း ဖြစ်ပါတယ်။

ဂဿီရာဂဿီရမဟာနိဗ္ဗုတာ ဒီပနီကျမ်း မှာ ပထမ ရွှေကျင် ဆရာတော်ကြီးက ...

နေအရှိန်ကြောင့် ခန္ဓာကိုယ် ပူလောင်နေသူသည် အေးမြ ကြည်လင်သော မြစ်ရေအတွင်း သက်ဆင်းလိုက်လျှင် အပူငြိမ်းခြင်း နှင့် အေးမြသော အရသာကို ခံစားခြင်း နှစ်မျိုး ဖြစ်လာပါတယ်။

အလားတူ ရဟန္တာပုဂ္ဂိုလ် စုတေခြင်း၊ ရုပ်နာမ်ချုပ်သွား ခြင်းသည် ခန္ဓာဒုက္ခ အပူငြိမ်းခြင်းနှင့် တူပြီး နိဗ္ဗာန် အရသာကို သန္ဓိသုခ အဖြစ်ရရှိခြင်းဟာ အေးမြခြင်းကို ခံစား ရခြင်းနှင့် တူပါတယ် လို့ ဖော်ပြထားပါတယ်။

သဋ္ဌာယတနသံယုတ်ပါဠိတော်မှာ-

ကာယသ ဘေဒါ ဓမ္မဋ္ဌော သဒ္ဓိ နောပေတိ ဝေဒဂူ။

'ရဟန္တာပုဂ္ဂိုလ် ခန္ဓာ ပျက်စီးသွားသည်မှ နောက်၌ နိဗ္ဗာန်၌ တည်သည်ဖြစ်၍ သတ္တဝါဟူသော ရေတွက်ခြင်းသို့ မရောက် (သချီနောပေတိ)' လို့ ဟောထားပါတယ်။

လူအများစု ထင်နေသကဲ့သို့ နိဗ္ဗာန်သည် ဘာမျှမရှိသော အရာဟုဆိုလျှင် *သချီ နောပေတိ-သတ္တဝါဟူသော ရေတွက်ခြင်းသို့ မရောက်ဟု ဟောခဲ့မည် မဟုတ်။* နသတိ-ပျောက်ပျက်၏၊ နတ္ထိ-မရှိ စသည်ဖြင့် ဟောကြားခဲ့မည်ဖြစ်၏။ ထိုကဲ့သို့ နသတိ၊ နတ္ထိ စသည်ဖြင့် မဟောကြားသည်ကို ထောက်သောအားဖြင့် *နိဗ္ဗာန်သည် ဘာမျှရှိသောအရာမဟုတ်၊ သန္တိသုခ-ငြိမ်းအေးသော ချမ်းသာအနေဖြင့် တကယ်ရှိပါတယ်။*သို့သော်လည်း အတ္တ ကောင်၊ ဇီဝကောင်၊ ဝိညာဏ်ကောင် အနေဖြင့် လုံးဝ မရှိပါ။

နိဗ္ဗာန်ဆိုတာ တကယ်ရှိပါတယ်

အနှစ်ချုပ် အနေဖြင့် တင်ပြလိုသည်မှာ နိဗ္ဗာန်ဆိုတာ ဘာမျှမရှိသော အဘာဝပညတ်၊ နတ္ထိဘော ပညတ်မျိုး မဟုတ်ဘဲ တကယ့်ဒေးရှိတရား ပရမတ်မျိုးသာ ဖြစ်ပါတယ်။ လောကမှာ တကယ်ရှိတဲ့ ပရမတ်တရား လေးမျိုးမှာ ...

စိတ် = အာရုံကို သိတတ်သော အသိတရား။

စေတသိက် = စိတ်ကိုမှီ၍ ဖြစ်တတ်သော သဘောတရား။

ရုပ် = ဖောက်ပြန်တတ်သော သဘောတရား။

နိဗ္ဗာန် = အိုနာသေကင်း၍ ငြိမ်းအေးသော သဘောတရား တို့ပင်ဖြစ်ပါတယ်။

စိတ်၊ စေတသိက်၊ ရုပ်ဟူသော ရှေ့ပရမတ္ထတရား သုံးပါး ထင်ရှားရှိသလို နိဗ္ဗာန်ဟာလည်း ထင်ရှားရှိသော သဘောတရား ဖြစ်ပါတယ်။

ထေရာပါဒါန် ပါဠိတော် မြန်မာပြန် ပထမတွဲ စာမျက်နှာ (၁) မှ (၉) မှာ ဘုရားအလောင်းတော် တိလောကစက္ကြာမင်းကြီး ဖြစ်တော်မူစဉ်အခါက မြေပြင်မှ ကောင်းကင်ရောက်သည့်အထိ ကြီးမား မြင့်ထယ်သော ကျောင်းတော်ကြီးကို တန်ခိုးဖြင့် ဆောက်လုပ်ခဲ့တာကို ဖော်ပြထားပါတယ်။

အဲဒီ ကျောင်းတော်ကြီးထဲမှာ ဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓါများ ၊ ရဟန္တာများ စံနေရန် အခန်းများဟု သုံးမျိုး သုံးစားခွဲ၍ အခန်းပေါင်း မရေတွက်နိုင်အောင် ဖွဲ့စည်းထားပါတယ်။ မင်းကြီးမှ အားလုံး ပြီးစီးသွားတဲ့အခါ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ အားလုံး တို့ ဤကျောင်းတော်ကြီးပေါ်သို့ ခေတ္တာခဏ ကြွရောက် သီတင်းသုံးရန် အဓိဋ္ဌာန်ဖြင့် ပင့်ဆောင်ပါတယ်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများသည် လူ့ဘဝက ပုံသဏ္ဌာန် များအတိုင်း ဖန်ဆင်းပြီး တိလောကစက္ကြာမင်းကြီး၏ ကုသိုလ်တော် ကျောင်းကြီးပေါ်သို့ ကြွရောက်သီတင်းသုံး အပူဇော် ခံတော်မူကြကြောင်း ထေရာပါဒါန် ပါဠိတော်မှာ တွေ့ရှိရတဲ့ အတွက် နိဗ္ဗာန်ဆိုတာ ပရမတ္ထအားဖြင့် ထင်ထင် ရှားရှား ရှိကြောင်း စာဖတ်သူများ မှတ်သားထားလို့ ရပါတယ်။

လယ်တီ ဆရာတော်ဘုရားကြီးမှလည်း 'နိဗ္ဗာန်၏ ဘာဝ၊ အဘာဝ နှင့်ပတ်သက်၍ သန်ဒိဋ္ဌတရားတို့၏ဖြစ်မှုရှိမှုကား *ဘာဝ 'Existence'* ဖြစ်၍ မဖြစ်မှု မရှိမှုကား *အဘာဝ 'Nothingness'* ဘဲဉီးဟု ၁၅၁၀-ကိုလေသာတရားတို့၏ ဖြစ်မှု ရှိမှုဆိုသော *ဘာဝပက္ခသည်* အကျိုးမဲ့၊ အကျိုးယုတ်တဲ့ ဒုက္ခနယ်ကြီးသာဖြစ်၍ မဖြစ်မှု မရှိမှုဆိုသော *အဘာဝပက္ခ* သည်သာ ကျက်သရေ မင်္ဂလာ ကြီးကျယ်သော သုခနယ်ကြီး ဖြစ်၏။

ကိုလေသာခန္ဓာတို့၏ မရှိမှုကို ရည်၍ *အဘာဝလို့* ဆိုရသော်လည်း အသင်္ခတ ပရမတ္ထ အနေအားဖြင့်မူကား ထင်ရှားဧကန် ရှိရိုးမှန်သော *ဘာဝပင်* ဖြစ်ပါတယ်။ အကယ်၍ ထိုဘာဝ မရှိခဲ့ပါက လောကသုံးပါးမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ ဟူ၍ ရှိတော့မည် မဟုတ်ပါ...' ဟု နိဗ္ဗာနဒီပနီကျမ်းမှာ ရေးသားဖော်ပြ ထားပါတယ်။

နိဗ္ဗာန် မှာ ဘာမှ မရှိဘူးဆိုတာထက် မည်သည့် ဒုက္ခမှ မရှိ၊ လောကဓံ မရှိ၊ ရုပ်နာမ် မရှိ၊ ကိုလေသာ မရှိ၊ အို နာ သေ မရှိဘဲ ငြိမ်းအေးချမ်းသာမှု အတိုနဲ့ လွတ်မြောက်မှု ရှိတာကိုတော့ ပြောပြလိုပါတယ်။

အမြတ်ဆုံး နိဗ္ဗာန်

ကျွန်တော့်အနေနှင့် အလွန်သိမ်မွေ့ နက်နဲလှသော နိဗ္ဗာန်ရဲ့ သဘောသဘာဝကို အတတ်နိုင်ဆုံး ရှင်းလင်း တင်ပြထားပေမယ့်

နိဗ္ဗာန်ဆိုတာ ကိုယ်တိုင်မျက်မှောက်ပြုမှ သိရှိနိုင်တဲ့ သဘော ဖြစ်လို့ လောကီနယ်ထဲမှာ ကျင်လည်နေတဲ့သူတွေ အတွက် သိရှိနာလည်ဖို့က ခက်ခဲမှာဖြစ်ပါတယ်။

ဆက်လက် တင်ပြချင်တာက နိဗ္ဗာန်ကို ရေးသားတဲ့ စာအုပ် အများစုမှာ သဉ္ဇပဒိသေသနှင့် အနုပါဒိသေသ နိဗ္ဗာန် ဒါမှ မဟုတ် *နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း 'Realization or attainment of Nibbana'* ကိုသာ အရေးများတာကို တွေ့ရပါတယ်။ တစ်ကယ့်အစစ်အမှန် အမြဲ တည်ရှိနေသော *ပရမတ္တာနိဗ္ဗာန်* ကို ရှင်းလင်းထာတာကနည်းနေ ပါတယ်။ ဒါ့ကြောင့်မို့လည်း ဖတ်ရှုကြားနာရသော အချို့သော ပုဂ္ဂိုလ်များက နိဗ္ဗာန်ဟာ ရပ်နာမ်ဓမ္မချုပ်ငြိမ်းတယ်ဆိုတဲ့အတွက် ဘာမျှမရှိသလို ထင်မှတ်သွားပြီး *'နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်ရပါလိမ့်'* လို့ ဆုတောင်းကြပေမယ့် လိုချင်ဆန္ဒ ထက်သန်ခြင်း မရှိတာကို တွေ့နေရပါတယ်။

ဒါကလည်း မူလတန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများဟာ ဂန္ထဝင်စာပေများဖြစ်တဲ့ *Leo Tolstoy and **War and peace,** Charle's Dickens and **The great Expectation**, Emily Bronte and **Wuthering Heights,** Jane Austen and **Pride and Prejudice,** Margaret Mitchell and **Gone with the wind,***

Helmingway and ***The Old man and the Sea*** စတဲ့ ဝတ္ထုများကို ကောင်းမှန်းလည်းမသိ၊ အရသာလည်း မခံတတ်သေးလို့ ဖတ်လိုသောဆန္ဒလည်း ပြင်းပြမှု မရှိသေးပါဘူး။ တကယ်သိုလ်အဆင့်ရောက်မှသာ အဆိုပါဝတ္ထုများကို ဖတ်ရှုအရသာခံတတ် သွားသလို အတွေ့အကြုံနှင့် အသက်အရွယ် ရလာပြီး တရားရှုမှတ်မှ ဓမ္မရဲ့ အနှစ်သာရ၊ နိဗ္ဗာန်ရဲ့ သဘော သဘာဝကို တဖြည်းဖြည်း သိသွားကြမှာပါ။

ပရမတ္ထနိဗ္ဗာန် *'Ultimate reality'* ဟာ တစ်ကယ့် အစစ်အမှန် အမြဲတည်ရှိသော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးမှ လွတ်သော ကာလဝိမုတ် ပရမတ္ထတရားစင်စစ်ဖြစ်ပါတယ်။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရားလေးပါး ရှိတယ်ဆိုတာ *နှိုင်းရသော 'Relativity theory'* အရသာ ရှိတာပါ။ ဘာဝနာ တရားရှုမှတ်အားထုတ်ရင်း မဂ်ဖိုလ်ဆိုက်သော အဆင့်တွင် စိတ်၊ စေတသိက်၊ ရုပ်တို့ မရှိတော့ဘဲ ပရမတ္ထ နိဗ္ဗာန်သာ ရှိပါတော့တယ်။

ကျွန်တော်တို့ နေ့စဉ်လှုပ်ရှား ရုန်းကန်နေရသော သင်္ခါရလောကထဲမှ လူ့ဘဝဟာ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် ရုပ်ရှင်ဇာတ်လမ်းလေး တစ်ပုဒ်ကို ကြည့်နေရတာနဲ့တူပါတယ်။ မွေးဖွားသည်မှ အစပြု၍ ပိတ်ကားထက်မှာ လှုပ်ရှားနေသော ရုပ်လေးများ တစ်ခုပြီးတစ်ခု ထင်လာပါတယ်။

အကြောင်းအကျိုး တိုက်ဆိုင်တိုင်း ဖြစ်ပေါ်ရတဲ့အတွက် ရုပ်နာမ်ဓမ္မတို့ဟာ တစ်ဆက်တည်းလို ဖြစ်ပေါ်နေတဲ့ ရုပ်ပုံလွှာများဖြစ်နေပါတယ်။

အစရှိရင် အဆုံးဆိုတာရှိစမြဲမို့ ရုပ်ရှင်ပြီးသွား တဲ့အခါ ဇာတ်ကောင်များအားလုံး ပျောက်ကွယ်သွားပြီး ပိတ်ကား အဖြူသာကျန်ခဲ့ပါတော့တယ်။ ဒါ့ကြောင့်မို့ ဘဝပေါင်းများစွာမှ မရေတွက်နိုင်သော တွေ့ကြုံဆုံကွဲ၊ ဝမ်းနည်းဝမ်းသာ ဖြစ်ရပ်များဟာ ကိလေသာတွေ ချုပ်ငြိမ်းသွားလို့ ဘဝသစ် ဖြစ်ပေါ်ခြင်း မရှိဘဲ အပြီးတိုင် ရုပ်စဲသွားတဲ့အခါ ကျန်ရစ်ခဲ့သော ပိတ်ကားအဖြူကြီး ဟာ ပရမတ္ထနိဗ္ဗာန် ဖြစ်ပါတယ်။

နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ဖို့

နိဗ္ဗာန်နဲ့ပတ်သက်လို့ တင်ပြချက်တွေ အားလုံးကို အနှစ်ချုပ်လိုက်ရင် နိဗ္ဗာန်ဟာ လောကုတ္တရာစိတ်အသီး၊ လောကုတ္တရာစိတ်အတွေးရဲ့ အစင်ကြယ်ဆုံးနှင့် အမြင့်မြတ်ဆုံးသော အသိဉာဏ်တရား ဖြစ်ပါတယ်။

ကျွန်တော်တို့ လက်ရှိရထားတဲ့လူ့ဘဝဟာ အလွန် အဖိုးတန်လှတဲ့အတွက် လူ့ဘဝခဏ ရောက်ခိုက်မှာ ဒါနပါရမီ၊ သီလ ပါရမီ၊ မေတ္တာပါရမီ၊ ပညာပါရမီ၊ သစ္စာပါရမီစတဲ့ ပါရမီ(၁၀)ပါးကို တတ်နိုင်သမျှ ဖြည့်ဆည်းပြီး နောင်ဒီထက်

မြင့်မြတ်တဲ့ ဘဝတွေရောက်အောင် ကြိုးစားကြရပါမယ်။ ဒီနေရာမှာ ပရိတ်ကြီး(၁၁)သုတ်ထဲက ကျွန်တော် အနှစ်သက်ဆုံး ဖြစ်တဲ့ ရတနသုတ်အမွှမ်းရဲ့ စာပိုဒ်လေးကို ဖော်ပြလိုပါတယ်။

ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားဟာ သုမေဓာရှင်ရသေ့ ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဖူးမျှော်ခဲ့စဉ်က ဖြစ်ပါတယ်။ အဲဒီအခါတုန်းက ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်သို့ စံဝင်လို့ရပေမယ့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတဲ့ သဗ္ဗညုတဘုရားအဖြစ်ကိုသာ ဆုတောင်းခဲ့ပါတယ်။ ဒီလို ဆုတောင်းခဲ့တာဟာလည်း သတ္တဝါအပေါင်းအပေါ်မှာ ထားရှိတဲ့ မဟာကရုဏာ *'Great Compassion'* ကြောင့် *'ငါတစ်ဦးတည်း နိဗ္ဗာန် စံဝင်လို့ မဖြစ်သေးဘူး။ လောကရဲ့ အကျိုးစီးပွား 'လောကတ္ထ စရိယ'၊ ဆွေမျိုးမိတ်သင်္ဂဟ တို့ရဲ့ အကျိုးစီးပွား 'ညာတတ္ထစရိယ' နှင့် ဗုဒ္ဓဖြစ်ခြင်း 'ဗုဒ္ဓတ္ထစရိယ' အလို့ငှာ ကြိုးစားမယ်'* လို့ ကြီးမားတဲ့ ဆန္ဒ ဖြစ်ခဲ့လို့ ဖြစ်ပါတယ်။

အဲဒီအခါ အများအကျိုး၊ လောကအကျိုးအတွက် ဘုရားဖြစ်တော်မူလိုတဲ့ ဆန္ဒဟာ အလွန်ပြင်းပြ ထက်သန်နေတဲ့အတွက် မီးပုံထဲ ခုန်ချရမယ်ဆိုလည်း ခုန်ချမယ်၊ မိမိ ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ သတ္တဝါ အကျိုးအတွက် ပေးလှူရဲတဲ့အထိ ဆန္ဒ

ပြင်းပြ ထက်သန်လှပါတယ်။ (၅၅၀)ဇာတ်တော် တွေမှာ လည်း သား၊ သမီးတွေကို လှူခဲ့တာ၊ မျက်လုံးတော်ကို လှူခဲ့တာ၊ မိမိ ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ လှူခဲ့တာတွေကို တွေ့ရမှာပါ။ ပဋ္ဌာန်းတရားတော်အရ ဆိုရင် *အဓိပတိ ထိုက်သောဆန္ဒ 'Predominant Desire'* ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ လက်ရှိရထားတဲ့ လူ့ဘဝ တိုတိုလေး အတွင်းမှာ 'မိမိရဲ့ အကျိုးစီးပွား အတွက် သာမကဘဲ အများအကျိုး၊ လောကအကျိုး ကိုလည်း သယ်ပိုးဆောင်ရွက် ရပါမယ်'။ မြင့်မြတ်သော သူတွေမှာသာ *ပါရမီဖြည့်ဆည်းမှု ' to fufil perfection'* တွေကို ပြုလုပ်နိုင်ကြတာပါ။

ပဋ္ဌာန်း တရားတော်မှာလည်း ရာသီဥတု၊ အစာအာဟာရ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နေရာဒေသတို့ဟာ ထိုထို သတ္တဝါတွေကို အားကြိုးသောမှီရာ *ဥပနိဿယပစ္စည်း 'Strong Dependence Condition'* နဲ့ ကျေးဇူးပြုပါတယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

မိခင်မြေနဲ့ မိဘ၊ ဆရာ၊ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေ ဖြစ်ပါတယ်။ ချစ်သော မိခင်မြန်မာပြည်မှာ မွေး၊ ဒီမြေကထွက်တဲ့ စပါး၊ သီးနှံ၊ ရေ၊ အသုံးအဆောင်တွေနဲ့ အသက် ရှင်သန်ခဲ့ရတဲ့ ကျွန်တော်တို့ တတွေဟာ မိခင်မြေ ဆက်လက် တိုးတက်စည်ပင်ဖို့ အားလုံးမှာ လည်း တာဝန် ရှိကြပါတယ်။

မိခင်မြေနဲ့ ပတ်ဝန်းကျင်လောကကို ကျေးဇူး ဆပ်တာ ပါရမီ ဖြည့်တယ်လို့ ဆိုရပါတယ်။ တစ်စက်တစ်စက် ကျလာတဲ့ မိုးရေစက်တွေ များလာရင် ဘယ်လောက်ပင် ကြီးမားတဲ့ ရာဝင် အိုးကြီးတွေဖြစ်စေ နောက်ဆုံးမှာတော့ ပြည့်သွားကြစမြဲ ပါပဲ။ အလားတူ နေ့စဉ်ကုသိုလ် ကောင်းမှုတွေကို နည်းတယ် များတယ်မဆို အများအကျိုး၊ လောကအကျိုး အတွက် တတ်နိုင်သမျှ ဖြည့်ဆည်းသွားရင် သန္တိသုခ ဆိုတဲ့ နိဗ္ဗာန်သို့ ဦးတည် လျှောက်လှမ်းနေတာ ဖြစ်ပါတယ်။

ပဋ္ဌာန်း တရားတော်အရလည်း လောကမှာ ကြုံတွေ့နေရတဲ့ အဖြစ်အပျက် အားလုံးဟာ *အကြောင်းများစွာစုဝေးပြီး အကျိုးတရား ဖြစ်တယ် 'The Relationship of Causes and Effects'* ဆိုတဲ့ ကြောင်းကျိုး ဆက်နွယ်မှုနိယာမအရ ဖြစ်နေတဲ့အတွက် မိမိတို့ရည်မှန်း ထားတဲ့ နိဗ္ဗာန်ကိုရောက်ရှိဖို့ ဖြူစင်သောစိတ်ဖြင့် ကုသိုလ်တရားတွေကိုပါ နေ့စဉ် ဆောင်ရွက်ရင်း ပါရမီဖြည့်ရမှာ ဖြစ်ပါတယ်။

ဒါမှလည်း စာဖတ်သူများအားလုံး မိမိတို့မကြုံချင်ဘဲနဲ့ အဖန်တလဲလဲ ကြုံတွေ့နေရတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ အပေါင်းရှိတဲ့ ဘဝသံသရာ စက်ဝန်းမှ လွတ်မြောက်ပြီး ငြိမ်းအေးမှုရှိတဲ့ နိဗ္ဗာန်ကို ပါရမီများ ဖြည့်ဆည်းလို့ တရားရှုမှတ်အားနဲ့ တစ်ဆင့်ပြီးတစ်ဆင့် အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အစဆိုတာရှိရင် အဆုံး ဆိုတာလည်း ရှိရစမြဲမို့ ဘယ်သူ မဆို ဘဝဆည်းဆာ ကာလလေးကို ရောက်ရှိကြရမှာ ဖြစ်ပါ တယ်။ ဆည်းဆာဆိုတာ နေ့တစ်နေ့ရဲ့ သာယာလှပ လွမ်းဆွတ် ဖွယ်အချိန်လေး ဖြစ်သလို ဘဝဆည်းဆာမှာလည်း တည်ငြိမ် ချမ်းမြေ့တဲ့ စိတ်ကလေးနဲ့ အေးချမ်းစွာနေစေချင်ပါတယ်။ တတ်နိုင်သမျှ တရားရှုမှတ်ပြီး နေ့စဉ်ပြုသမျှ ကုသိုလ်တွေ ကိုလည်း နိဗ္ဗာန်ကို ရည်မျှော်ပြီး လုပ်ရင် အမြင့်မြတ်ဆုံး ကုသိုလ် တွေဖြစ်လို့ နောင်ဘဝ တွေမှာလည်း မြင့်မြတ်တဲ့ ဘဝတွေကိုသာ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

သစ္စာ ကို ဖတ်ရှုပြီးတဲ့အခါ စာဖတ်သူများ အားလုံး သတိဆိုတဲ့ သတိပဋ္ဌာန်တရားကို ကိုယ်နဲ့မကွာ အမြဲတမ်း ပါတဲ့ မိတ်ဆွေကောင်း သဖွယ်ထားလို့ တရားရှုမှတ်အားနဲ့ မြင့်မြတ် သော ဘဝများနှင့် **နိဗ္ဗာန်** သို့ အရောက် လှမ်းနိုင်ကြပါစေ။



စတုတ္ထ အရိယာသစ္စာ

မြတ်ဗုဒ္ဓရဲ့ စတုတ္ထ အရိယာသစ္စာကတော့ အင်္ဂါရှစ်ပါး ရှိသော *မဂ္ဂသစ္စာ* ဖြစ်ပါတယ်။ 'မဂ္ဂ' ဆိုတာ *လမ်း 'Path'* ကို ဆိုလိုတာပါ။

ကျွန်တော် မိတ္ထီလာမြို့ စစ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က အနှယ်နှယ် အရုပ်ရုပ်က ဘုရား၊ ရဟန္တာမောတ်တော်တွေကို စုစည်းထားတဲ့ ဝမ်းတော်ပြည့် ကျောင်းတိုက်ကြီးကို ရောက်ရှိသွားပါတယ်။ ဝမ်းတော်ပြည့်ကျောင်းဟာ မိတ္ထီလာ-မန္တလေး ကားလမ်းပေါ်မှာရှိပြီး သစ်ပင်ရိပ်များနဲ့ စိမ်းစိမ်းစိုစို အေးချမ်း သာယာလှပါတယ်။ ပထမ ဝမ်းတော်ပြည့် ဆရာတော် ဘုရားကြီး အရှင် သူရိယ ဦးစီး တည်ထောင်ထားတာ ဖြစ်ပြီး ဆရာတော်ဟာ ကျန်းကျန်းမာမာ ရှိလျက်က ရုတ်တရက် ပျံလွန်ခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ ဂူဗီမွာန်မှာ ရေးထိုးထားတဲ့ ကဗျာလေးက -

'ရုတ်တရက်မို့
နှုတ်မဆက်ဘဲ
သွားနေကျလမ်း
ငါသွားလိုက်ပြီ၊

မင်းတို့အားလုံး

တရားနဲ့သာ နေရစ်ပေတော့ ...'

အလွန်သံဝေဂဖြစ်ဖွယ်၊ လွမ်းဆွတ်ဖွယ်ကဗျာကလေးပါ။ တကယ်တော့ ဘဝတစ်ခုရပြီ ဆိုတာနဲ့ *အိုနာ သေ* ဆိုတဲ့ သွားနေကျလမ်းနဲ့ *မအိုရာ၊ မနာရာ၊ မသေရာ* နိဗ္ဗာန်သို့ သွားရာလမ်း ဆိုပြီး (၂)မျိုးပဲ ရှိပါတယ်။

လူ၊ နတ်၊ ဗြဟ္မာဘဝတွေဟာ တပ်မက်စရာ ကောင်းပေမယ့် အဖန်တလဲလဲ သေကြရဦးမှာ ဖြစ်လို့ တရားဦး ဓမ္မစကြာမှာ ဟောထားတဲ့ *မဂ္ဂင်ဖောင် 'A raft for crossing-over'* နဲ့ *မအိုရာ၊ မနာရာ၊ မသေရာ* နိဗ္ဗာန် ဘက်ကမ်းကို ကူးဖြတ်ရမှာ ဖြစ်ပါတယ်။

ကုသိုလ်မဂ္ဂင်များ

ဓမ္မစကြာမှာ မြတ်စွာဘုရားက သစ္စာ(၄)ပါးကို အောက်ပါ အတိုင်းဟောကြားခဲ့ပါတယ် -

(၁) *ဒုက္ခသစ္စာ 'The truth of suffering'*

(၂) *သမုဒယသစ္စာ 'The truth of the origin of suffering'*

(၃) *မဂ္ဂသစ္စာ 'The truth of the Noble Eight-fold path'*

(၄) နိရောဓသစ္စာ 'နိဗ္ဗာန်'

'The truth of the end of suffering' တို့ ဖြစ်ပါတယ်။

မဂ္ဂင်(၈)ပါး ဆိုတဲ့ မဂ္ဂင်ဖောင်နဲ့ကူးမှသာ သစ္စာ(၄)ပါးကို သိပြီး လွတ်မြောက်နိုင်ရန် အလွန်ခဲယဉ်းတဲ့ သေမင်းနိုင်ငံမှ နိဗ္ဗာန်' ကို ရောက်ရှိမှာ ဖြစ်ပါတယ်။ ဓမ္မပဒမှာလည်း -

'အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းခရီးသာလျှင် ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက်ခရီးမှန်ဖြစ်တယ်။ ဤလမ်းမှတစ်ပါး အခြားလမ်း မရှိတဲ့အတွက် သင်တို့သည် မာရ်နတ်မင်း မမြင်နိုင်သော ဤခရီး လမ်းမှန်ကိုသာ သွားကြပါတော့ ...'

This is the only way; there is no other for achieving the purity of vision. Enter upon the way which is the bewildermant of Mara.

မဂ္ဂင်(၈)ပါးဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ နဲ့ သမ္မာသမာဓိ တို့ ဖြစ်ပါတယ်။ ဓမ္မအားလုံးရဲ့ အနှစ်ချုပ်ဖြစ်တဲ့ 'သီလ၊ သမာဓိ၊ ပညာ'နဲ့ ယှဉ်ပြီး ကြည့်မယ်ဆိုရင် အောက်ပါ အတိုင်း တွေ့ရပါမယ်-

သီလမဂ္ဂင်	- သမ္မာဝါစာ *'Right Speech'* - သမ္မာကမ္မန္တ *'Right Action'* - သမ္မာအာဇီဝ *'Right Livelihood'*
သမာဓိမဂ္ဂင်	- သမ္မာဝါယမ *'Right Effort'* - သမ္မာသတိ *'Right Mindfulness'* - သမ္မာသမာဓိ *'Right Concentration'*
ပညာမဂ္ဂင်	- သမ္မာဒိဋ္ဌိ *'Right View'* - သမ္မာသင်္ကပ္ပ *'Right Thinking'*

သမ္မာဒိဋ္ဌိ ဆိုတာ ကံ ကံ၏အကျိုးကို ယုံကြည်စွာ သိမြင်မှုနှင့် ခန္ဓာငါးပါးကို အရှိအတိုင်း မှန်ကန်စွာ သိမြင်တာပါ။

သမ္မာသင်္ကပ္ပ ဆိုတာ ကာမဂုဏ် အာရုံတို့မှ လွတ်မြောက်ရန် ကြံစည်မှု၊ သတ္တဝါအပေါင်းတို့ကို မပျက်စီးစေဘဲ ချမ်းသာ စေလိုသော မေတ္တာဖြင့် ကြံစည်မှု၊ သတ္တဝါအပေါင်းတို့အား ဆင်းရဲကင်းစေလိုသော ကရုဏာ သဘောအားဖြင့် ကြံစည်မှုများ ဖြစ်ပါတယ်။

သမ္မာဝါစာ ဆိုတာ မဟုတ်မမှန်သော စကား၊ အချင်းချင်း ကွဲပြားစေသော ကုန်းချောစကား၊ ကြမ်းကြုတ်သော ဆဲရေးမှု စကား၊ အကျိုးမဲ့ သိမ်ဖျင်းသောစကား စသော ဝစီ ဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်ပြီး မှန်သောစကားကိုသာ ဆိုခြင်း၊ အများချစ်ဖွယ်ကို ဆိုခြင်း၊ နူးညံ့သိမ်မွေ့စွာ ဆိုခြင်းနှင့်

အကျိုးရှိသော စကားကိုသာ ပြောဆိုမှုများ ဖြစ်ပါတယ်။

သမ္မာကမ္မန္တ ဆိုတာ သူ့အသက်ကို သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ သူ့သား အိမ်ရာ ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်းစသော ကာယဒုစရိုက် သုံးခု တို့မှ ရှောင်ကြဉ်ပြီး အပြစ်ကင်းရှင်းစွာ ပြုလုပ်နေထိုင်တာ ဖြစ်ပါတယ်။

သမ္မာအာဇီဝ ဆိုတာ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့မှ ဝေးစွာရှောင်ကြဉ်ပြီး စင်ကြယ်သော အသက်မွေးမှု ဖြစ်ပါတယ်။

သမ္မာဝါယာမ ဆိုတာ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားရန်၊ မဖြစ်သေးသော အကုသိုလ် တို့ကို မဖြစ်ပွားအောင်၊ ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားအောင်နှင့် မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင် အားထုတ်တာပါ။

သမ္မာသတိ ဆိုတာ ကိုယ်ကာယအတွင်း၊ ဝေဒနာသုံးပါး၊ စိတ်အမျိုးမျိုးနှင့် ခန္ဓာ အာယတန စသော တရားအမျိုးမျိုး၌ သတိကို ကောင်းစွာ စူးစိုက်စွာ ထားရှိတာပါ။ တနည်း အားဖြင့် သတိပဋ္ဌာန် လေးပါးပင် ဖြစ်ပါတယ်။

သမ္မာသမာဓိ ဆိုတာ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာနှင့် စျာန်၊ မဂ်၊ ဖိုလ်တို့၌ စိတ်၏တည်ကြည်ခြင်း သဘောမျိုး ဖြစ်ပါတယ်။သမ္မာသမာဓိမဂ္ဂင်မှာ ပရိကမ္မသမာဓိ၊ ဥပစာရ

သမာဓိနှင့် အပ္ပနာသမာဓိ ဆိုပြီး သုံးမျိုး ရှိပါသည်။

ပရိကမ္မသမာဓိ ဆိုတာ တရားရှုမှတ် အားထုတ်စ အခါ၌ ကာမဂုဏ်တို့မှ ကင်းလွတ်၍ စိတ်၏တည်ကြည်မှုကို ခေါ်ပါတယ်။

ဥပစာရသမာဓိ ဆိုတာ တစ်စုံတစ်ခုသော နိမိတ်အာရုံ ထင်မြင်လာသောအခါ အားရှိခိုင်မြဲစွာ စိတ်၏ တည်ကြည်မှုကို ခေါ်ပါတယ်။

အပ္ပနာသမာဓိ ဆိုတာ အပ္ပနာ ဈောကျလာသောအခါ လွန်စွာ ကြံ့ခိုင်၍ မလှုပ်မရှားနိုင်သော တည်ကြည်မှုကို ခေါ်ပါတယ်။

မဂ္ဂင်ရှစ်ပါး ဆိုတဲ့ အလယ်အလတ် လမ်းစဉ်ကို

-ဉာဏ်မျက်စိ ပွင့်လင်း စေသောကြောင့် *စက္ခုကရဏီ 'Making for vision'*

-ဉာဏ်အလင်း ရစေသောကြောင့် ဉာဏ ကရဏီ *'Making for knowledge'*

-ကိလေသာမီး ငြိမ်းစေသောကြောင့် *ဥပသမာယ၊ 'Which leads to tranquility'*

-အထူးသိမြင် စေတတ်သောကြောင့် အဘိညာယ *'To*

higher knowledge'

-သစ္စာလေးပါးကို သိမြင်သောကြောင့် သမ္မောဓာယ *'To Enlightenment'*

-ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းလျက် သံသရာဝဋ် ဇာတ်သိမ်း စေနိုင်သောကြောင့် *နိဗ္ဗာနာယ 'To Nibbana'* နှင့် အလယ် အလတ် ကျင့်လမ်း ဖြစ်သောကြောင့် *မဂ္ဂိမပဋိပဒါ* လို့လည်း ခေါ်ပါတယ်။

သတိမဂ္ဂင်က ပဓာနပါ

မဂ္ဂင်တိုင်းဟာ အရေးပါပေမယ့် ဒီဟာကလမ်းမှန်၊ ဒါက လမ်းမှား လို့ ခွဲခြားပြီးသိမြင်တဲ့ *သမ္မာဒိဋ္ဌိ 'Right View'* က အရေးကြီးပါတယ်။ လမ်းမှန်၊ လမ်းမှားကို ပထမဦးဆုံး ခွဲခြား သိမှ ရှေ့ဆက် လျှောက်လှမ်းလို့ရမှာ ဖြစ်တဲ့အတွက် မြတ်စွာဘုရား က တရားဦးဓမ္မစကြာဆိုတဲ့ သစ္စာစက်ဝန်းမှာ သမ္မာဒိဋ္ဌိကို ဦးဆုံးဟောခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ မဂ္ဂင်(၈)ပါးမှာ ပဓာနအကျဆုံးနှင့် အခေါင် အချုပ်ကတော့ *သမ္မာသတိ* ပါပဲ။ လမ်းတစ်ခုကို လျှောက် လှမ်းတဲ့အခါ သတိရှိမှ လိုရာခရီး အဆုံးထိ လျှောက်လှမ်းလို့ရပြီး သတိ တစ်ချက် လွတ်သွားတာနဲ့ အမှားအယွင်းတွေ ကြုံတွေ့ဖို့ ရှိပါတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက ပရိနိဗ္ဗာန် စံခါနီးမှာ

'အပ္ပမာဒေန သမ္မာဒေထ' မမေ့မလျော့ မပေါ့ မဆသောသတိနဲ့ နေပါလို့ မှာကြားခဲ့ပါတယ်။

မြတ်စွာဘုရားရှင်မှ *'သတိ'* ဟာ အိမ်ရဲ့ခေါင်သဖွယ်၊ အသီးတို့ရဲ့ အညှာသဖွယ်ဖြစ်ပြီး သီလ၊ သမာဓိ၊ ပညာတို့ကို မြဲမြံအောင် မျှတအောင် ထိန်းချုပ်ထားတယ်လို့ ဟောကြားခဲ့ပါတယ်။

*ဗုဒ္ဓဒေသနာမှာ သတိမဂ္ဂင်ဟာ သတိပဋ္ဌာန်(၄)ပါး*ပဲ *ဖြစ်ပါတယ်။* သတိအမှုးပြုသော မဂ္ဂင်(၈)ပါးဖြင့်သာ ဘဝ၏ အဆုံးစွန်သစ္စာကို သိမြင်နိုင်သလို ဘဝရဲ့ဒုက္ခအပေါင်းမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်နိုင်သော တစ်ကြောင်းတည်းသော လမ်းဖြစ်ပါတယ်။

ဗုဒ္ဓမှလည်း အောက်ပါအတိုင်း ဟောကြား ခဲ့ပါတယ် -

'လမ်းအားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်း သည်သာ အမြတ်ဆုံးဖြစ်၏၊ သစ္စာအားလုံးတို့တွင် သစ္စာလေးပါး သည်သာ အမြတ်ဆုံးဖြစ်၏၊ သဘောတရားအားလုံးတို့တွင် ရာဂကင်းသော နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏၊ အသိဉာဏ်ရှိသော သူအားလုံး တို့တွင် ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား သည် အမြတ်ဆုံးဖြစ်၏ ...'

Of all paths, The Eightfold Path is the best;

Of all truths, the Four Noble Truths are the best; Of all things, passionlessness (Nibbana) is the best; Of men, the Seeing One (the Buddha) is the best.

သတိပဋ္ဌာန်လေးပါး 'The four setting up of mindfulness' ကတော့ - *ကာယနုပဿနာသတိပဋ္ဌာန် 'Contemplation of body'*၊ *ဝေဒနာနုပဿနာ သတိပဋ္ဌာန် 'Contemplation of feeling'* ၊ *စိတ္တာနုပဿနာ သတိပဋ္ဌာန် 'Contemplation of consciousness'* နှင့် *ဓမ္မာနုပဿနာ သတိပဋ္ဌာန် 'Contemplation of truth'* တို့ ဖြစ်ပါတယ်။

တကယ်တော့ ခန္ဓာငါးပါးကို အရှုခံ အာရုံအဖြစ်ထားပြီး ဝိပဿနာ ရှုမယ်ဆိုရင် သတိပဋ္ဌာန်လေးပါးကို အားထုတ်ခြင်း ကိစ္စလည်း တစ်ခါတည်း ပြီးစီးပါတယ်။ ဒီသဘောလေးကိုလည်း ရှင်းပြပေးပါ့မယ်။

ရူပက္ခန္ဓာ 'the aggreate of corporeality' မှာ ဖြစ်ပျက်မှုအားလုံးကို ကစ်သိတည်းသိအောင် အားထုတ်တာ ဟာ ***ကာယနုပဿနာ သတိပဋ္ဌာန်*** *'Contemplation of body'* ပဲ ဖြစ်ပါတယ်။

အဘိဓမ္မာအရ ရူပက္ခန္ဓာဆိုတဲ့ 'ရုပ်'မှာ မဟာဘုတ် ရုပ်(၄)ပါးနှင့် ဥပါဒါရုပ်(၂၄)ပါးဆိုပြီး (၂၈)မျိုး ရှိပါတယ်။

တရားရှုမှတ်ရာမှာ မဟာဘုတ် ရုပ်တွေရဲ့ ပရမတ်သဘော ဖြစ်တဲ့ ပထဝီ ဆိုတဲ့ မာကျောမှုနှင့် ပျော့ပြောင်းမှု၊ တေဇော ဆိုတဲ့ ပူမှုနှင့် အေးမှု၊ *အာပေါ* ဆိုတဲ့ ယိုစီးမှုနှင့် စုဖွဲ့မှု၊ *ဝါယော* ဆိုတဲ့ တွန်းကန်မှုနှင့် တိုးမှု သဘောတွေကို မှတ်ရတာ ဖြစ်ပါတယ်။

ကာယနုပဿနာမှာ အများအားဖြင့် ရှုမှတ်ကြတာက နာသီးဖျားမှာ ထွက်လေဝင်လေရဲ့ တွန်းကန်မှု၊ တိုးမှုသဘော ဒါမှမဟုတ် ဝမ်းဗိုက်မှာ ပိန်မှု၊ ဖောင်းမှုဆိုတဲ့ ဝါယောရဲ့ ပရမတ် သဘောဖြစ်ပါတယ်။ ပဋ္ဌာန်းမှာ အညမညဲ့ သဟဇာတ သဘောနဲ့ ကျေးဇူးပြုတာရှိတဲ့အတွက် ပရမတ်ဝါယောကို ရှုမှတ်တယ်ဆိုလည်း ပထဝီ၊ တေဇော၊ အာပေါသဘောတွေလည်း တစ်စုတည်း ပါဝင်သွားပါတယ်။

တရားရှုမှတ်ရင်းနှင့် မဟာဘုတ်(၄)ပါးရဲ့ ပရမတ်သဘောကို ထိုးထွင်းသိသွားရင် '*ရုပ်*' ဆိုတာ အစိုင်အခဲ၊ ထုထည် သဘော မျိုးမဟုတ်ဘဲ အစဉ်ပြောင်းလဲ ဖောက်ပြန်တဲ့ သဘောသာဖြစ်ပြီး '*နာမ်*' ဆိုတာလည်း အာရုံကို သိတတ်တဲ့သဘော ဆိုတာကို ခွဲခြားပြီး သိမြင်သွားမှာ ဖြစ်ပါတယ်။

ဝေဒနာက္ခန္ဓာ 'the aggregate of feeling' မှာ ဖြစ်ပျက်မှု မှန်သမျှကို တစ်သိတည်းသိအောင် အားထုတ် တာက ***ဝေဒနာနုပဿနာ သတိပဋ္ဌာန်*** *'Contemplation of feel-*

ing' ဖြစ်ပါတယ်။

ဝိညာဏက္ခန္ဓာ 'the aggregate of consciousness' မှာ ဖြစ်ပျက်မှုအားလုံးကို တစ်ဆက်တည်းသိအောင် အားထုတ်တာက *စိတ္တာနုပဿနာ သတိပဋ္ဌာန် 'Contemplation of consciousness'* ဖြစ်ပါတယ်။

သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ 'the aggregate of perception and volitional activities မှာ ဖြစ်ပျက်တာတွေ အားလုံးကို တစ်ဆက်တည်း ရှုမှတ်တာဟာ *ဓမ္မာ နုပဿနာ သတိပဋ္ဌာန် 'Contemplation of truth'* ဖြစ်ပါတယ်။

ခန္ဓာငါးပါးကို ဝိပဿနာ ရှုမှတ်တာဟာ သတိ ပဋ္ဌာန်းလေးပါးကို အားထုတ်တယ် ဆိုပေမယ့် ခန္ဓာတစ်ပါးတည်းကို ရှုမှတ်ပြီးတော့လည်း သတိပဋ္ဌာန် လေးပါးလုံးကို ရရှိနိုင်တဲ့ သဘောကိုလည်း ရှင်းပြပေးပါ့မယ်။

ပမာဆိုရရင် လမ်းလျှောက်ရင်း တရားရှုမှတ်တဲ့အခါ ခြေတစ်လှမ်း စတာနဲ့ 'ရူပက္ခန္ဓာ' ဆိုတဲ့ ခြေလှမ်းတာကို သတိနဲ့ မှတ်လိုက်တာဟာ *ကာယနုပဿနာ သတိပဋ္ဌာန်* ဖြစ်ပါတယ်။

တစ်ခါ ခြေလှမ်းမယ်လို့ ကြံစည်တဲ့ စိတ်ကလေးဟာ 'ဝိညာဏက္ခန္ဓာ' ဖြစ်လို့ သတိနဲ့ရှုမှတ်လိုက်ရင် *စိတ္တာနုပဿနာ သတိပဋ္ဌာန်* ဖြစ်ပါတယ်။

လမ်းလျှောက်တယ်ဆိုတာလည်း ချစ်သောသူ လက်တွဲလို့

ရွှင်ရွှင်ပျပျ လျှောက်ရင် 'သောမနဿ ဝေဒနာ'၊ စိတ်လက်မကြည်ရွှင်တဲ့ရင် 'ဒေါမနဿ ဝေဒနာ' နှင့် သာမန်လမ်းလျှောက်နေတဲ့အခါ 'ဥပေက္ခာဝေဒနာ' တွေဖြစ်နေပါတယ်။ တရားကိုယ်သဘောအရ *'ဝေဒနာက္ခန္ဓာ'* ဖြစ်လို့ ဝေဒနာတွေသတိနဲ့ရှုမှတ်တာဟာ *ဝေဒနာနုပဿနာ* သတိပဋ္ဌာန်ဖြစ်ပါတယ်။

တစ်ခါ ခြေလှမ်းတယ်ဆိုရင် လှမ်းတယ်လို့ အမှတ်သညာဖြစ်တာ 'သညာက္ခန္ဓာ'ဖြစ်ပြီး လှမ်းဖို့ စေ့ဆော်တိုက်တွန်းတာဟာ 'သင်္ခါရက္ခန္ဓာ' ဖြစ်ပါတယ်။ ဒီသဘောလေးကို ရှုမှတ်တာဟာ *ဓမ္မာနုပဿနာ* သတိပဋ္ဌာန် ဖြစ်ပါတယ်။

ဘယ်သူမဆို တရားရှုမှတ်တဲ့အခါ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်မှုအလုံးစုံကို သိဖို့မလွယ်ကူလှပါဘူး။ ဒါ့ကြောင့်မို့ ဝိပဿနာရှုမှတ်စမှာ ခန္ဓာတစ်ပါးတည်းကို စူးစိုက်ပြီး ဖြစ်ပျက်မှုအစဉ်လေးကို သိအောင်ရှုမှတ်နေရင်းလည်း လုံလောက်ပါတယ်။ ရှုမှတ်ရာမှာလည်း မိမိစိတ်နဲ့ စိတ်ကူးကြံစည်မှုတွေဟာ တစ်သားတည်းမရှိဘဲ အတိတ်၊ အနာဂတ်သို့ ရောက်ရောက်မယ်ဆိုရင် ဝမ်းနည်းပူဆွေးတာတွေ၊ လိုချင်တပ်မောမှုတွေ၊ အလိုမကျတာတွေစတဲ့ တဏှာ၊ ကိလေသာတွေ ဝင်လာမှာ ဖြစ်ပါတယ်။

ဗုဒ္ဓအလိုအရ ခန္ဓာငါးပါးမှာ ဖြစ်ပေါ်နေတဲ့ ဖြစ်ပျက်မှုတွေကို *ဖြစ်ဆဲခဏ 'Now and here'* မှာ ဖြစ်လျှင်ဖြစ်ခြင်း သိအောင်ရှုမှတ်ရပါမယ်။ ဗုဒ္ဓမှ လည်း ...

'အတိတ်ခန္ဓာသို့လည်း မလိုက်ရာ၊ အနာဂတ် ခန္ဓာကိုယ်လည်း မတောင့်တရာ၊ အတိတ်ခန္ဓာဟာချုပ်ပြီး ဖြစ်သလို အနာဂတ်ခန္ဓာဟာလည်း ရောက်မလာသေး ...

ပစ္စုပ္ပန်ဖြစ်ဆဲခဏမှာသာ ဝိပဿနာရှုမှုကို အဖန်ဖန်ပွားများရမယ် ...' လို့ ဟောကြား ထားပါတယ်။

ပမာဆိုရပါရင် နံနက်စောစော လမ်းလျှောက်နေတဲ့အခါ အမျိုးသမီးငယ်လေး တစ်ဦးကို မြင်လိုက်တယ်ဆိုရင် မြင်တယ်လို့သာ ရှုမှတ် ရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ဘဲ 'ဒီအမျိုးသမီးလေးဟာ သီတာအေးပဲ၊ မိဘတွေက အရမ်းချမ်းသာတာ အလုပ်က ကျောင်းဆရာမလေး ဆိုတော့ ဆက်ဆံရေးလည်း ကောင်းတယ်။ ကလေးတွေကို စာသင်ရာမှာလည်း အလွန်စေတနာရှိတော့ ငါ့ဇနီးလေး သာဖြစ်ရင် ကောင်းမှာပဲ ...' လို့ ဆက်တွေးလိုက်ရင် လောဘ စတဲ့ ကိလေသာတွေ တိုးပွားလို့ အကုသိုလ် စိတ်တွေသာ ဖြစ်နေပါမယ်။

တစ်ခါ လက်ဖက်ရည်ဆိုင်မှာ ကော်ဖီသောက်ရင်း အနားက သီချင်းသံလေး ကြားလိုက်ရင် ကြားတယ်လို့သာ မှတ်ရမှာပါ။ ဒီလိုမဟုတ်ဘဲ 'အခုလာနေတာ ဆရာမြို့မငြိမ်း ရေးဖွဲ့ထားတဲ့ မန်းတောင်ရိပ်ခိုပဲ၊ အင်း ... သင်္ကြန်တောင် ရောက်တော့မယ်၊ တရားစခန်းဝင်ရင် ကောင်းမလား၊ ညွှန့်လွင်တို့နဲ့ မေမြို့တက်လည်ရင် ကောင်းမလား၊ ညွှန့်လွင်ရဲ့ ညီမလေး ဝင်းဝင်း

လည်း လိုက်လာရင်ကောင်းမယ်၊ ဒါပေမဲ့ ဒီကောင် ငါ့အကြွေးနှစ်သိန်း ပြန်မပေးသေးတော့ တွေ့ရင် မှတ်လောက်အောင် ပြောပစ်လိုက်မယ်...' ဆိုရင် လောဘ၊ ဒေါသနဲ့ အကုသိုလ်တွေ ဖြစ်နေပါတယ်။

မြတ်ဗုဒ္ဓမှလည်း သဋ္ဌာယတနသံယုတ်မှာ အောက်ပါအတိုင်း ဟောထားခဲ့ပါတယ် -

'မာလုက္ကပုတ္တ ... အကြင်အခါ မြင်အပ် ကြားအပ် ထိအပ် သိအပ်ကုန်သော အာရုံခြောက်မျိုးမှာ သင်သည် မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ တွေထိလျှင် တွေထိကာမျှ၊ သိလျှင် သိကာမျှဖြစ်အောင် အားထုတ်ရမည်။ ထိုအခါ သင်သည် စွဲမက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်း မဖြစ်တော့ဘဲ အာရုံခြောက်ပါးတို့မှာ မစွဲလန်းတော့။

မာလုက္ကပုတ္တ ... သင်သည် အာရုံခြောက်ပါးမှာ စွဲလန်းခြင်း မရှိတော့တဲ့အခါ ဤဘဝ၌လည်းကောင်း တမလွန်ဘဝ၌လည်းကောင်း မဖြစ်လတ္တံ့။ ထိုမဖြစ်မှုသည် ဆင်းရဲ၏ အဆုံး နိဗ္ဗာန်မည်၏...'

ခန္ဓာမှာ ဖြစ်ပေါ်ရသော ဖြစ်ပျက်မှုတိုင်းကို သတိဖြင့် တဆက်တည်း သိနေအောင် ရှုမှတ်နိုင်လာတဲ့အခါ စိတ်ဟာ ဖြစ်ဆဲ ပစ္စုပ္ပန်၌သာ ရှိနေတဲ့အတွက် အတိတ်နှင့် အနာဂတ်ကိုလည်း ပျံ့လွင့်ခြင်း မရှိတော့ပါဘူး။ မိမိစိတ်ကလေးဟာ

ယောက်ယက် မခတ်တော့ဘဲ တည်ငြိမ်သွားပြီဆိုရင် သမာဓိ ရလာသော ဝီထိ ဖြစ်လာပါတယ်။

သတိ မြဲလာမယ်ဆိုရင် *ပညတ် 'Concept'* တွေ ကွယ်ပျောက်ပြီး *ပရမတ် 'Reality'* သဘောတွေကိုသာ ရှုမှတ်နိုင်လာပါမယ်။ စတင်ရှုမှတ်စဉ်က ခြေလှမ်းတယ်ဆိုလည်း 'ခြေ' ဆိုတဲ့ ပညတ်၊ မြင်တယ်ဆိုလည်း 'အမျိုးသား၊ အမျိုးသမီး'၊ ကြားတယ်ဆိုလည်း 'ဝင်းဦးသီဆိုတဲ့ မောင်တို့ ချယ်ရီမြေ သီချင်းပါလား' စတဲ့ ပညတ်များ ရှိနေပါတယ်။

သတိနှင့် သမာဓိ စွမ်းအား မြင့်မားလာမှ 'ခြေ' 'ယောကျ်ား' 'မိန်းမ' ဆိုတာတွေ မပါတော့ဘဲ ပရမတ်သဘော ဖြစ်တဲ့ ရုပ်၊ နာမ်တွေရဲ့ သဘာဝကိုသိမြင်တဲ့ ဝိပဿနာဉာဏ် အဆင့်ဆင့် ဖြစ်ပေါ်ပြီး သစ္စာ(၄)ပါးကို ထိုးထွင်းသိမြင် သွားမှာ ဖြစ်ပါတယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်

တရားရှုမှတ်တဲ့အခါ ပရမတ်သဘောကို သိမြင်သွားမှသာ မိမိ အလိုရှိရာကို မျက်မှောက် ပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဗုဒ္ဓဒေသနာများမှ ဉာဏ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်လာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုက်ရောက်တဲ့အထိကို တင်ပြပေးသွားပါ့မယ်။

တရားရှုမှတ်ခါစ သတိနဲ့ သမာဓိမကောင်းသေးတဲ့အခါမှာ ခန္ဓာငါးပါးကို တပေါင်းတစ်စုတည်းပဲ ထင်မြင်နေပါတယ်။ ဒါကြောင့်မို့ 'ငါ' 'သူ' 'ယောကျ်ား' 'မိန်းမ' စတဲ့ ပညတ်တွေအပေါ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ စွဲလန်း နေပါတယ်။

တဖြည်းဖြည်းနဲ့ သတိနဲ့ သမာဓိအား ကောင်းလာတဲ့အခါ ခန္ဓာငါးပါးဟာ တစ်ကယ်တော့ 'အာရုံကို သိခြင်းသဘောရှိတဲ့ စိတ်သဘာဝ' ဆိုတဲ့ နာမ်နှင့် 'အစဉ်ဖောက်ပြန်ပြောင်းလဲနေသော သဘာဝ' ရှိတဲ့ 'ရုပ်' သာရှိကြောင်း ထိုးထွင်းသိမြင်လာပါမယ်။

ရှုမှတ်ရင်း သိတတ်သောနာမ်နှင့် ဖောက်ပြန်ပြောင်းလဲနေသော ရုပ်တို့ရဲ့ သဘာဝကို ခွဲခြားသိမြင်သွားရင် အသိအမြင် စင်ကြယ် သွားပြီး *'နာမရူပ ပရိစ္ဆေဒဉာဏ်' 'Knowledge of the distinction between mind and body'* အဆင့်ရောက်ရှိ သွားပြီဖြစ်ပါတယ်။

စာနှင့်ရေးသား ဖေါ်ပြရာမှာ လွယ်သလောက် လက်တွေ့ရှုမှတ်ရာမှာ 'နာမရူပ ပရိစ္ဆေဒဉာဏ်'ရရှိဖို့က အတော်ကြိုးစားအားထုတ်ရပါတယ်။ တရားရှုမှတ်ရာမှာလည်း ရုပ်ကပိုမိုထင်ရှားလို့ ရုပ်ရဲ့ ပရမတ်သဘောကို ထင်ထင်ရှားရှား တွေ့ရပေမယ့် နာမ်က အလွန်နူးညံ့သိမ်မွေ့လို့ ထင်ရှားစွာ မတွေ့ရတဲ့အခါအများစုက အားလျော့တတ်ကြပါတယ်။ ဒါကြောင့်မို့ စိတ်အားမလျော့ဘဲ ထွက်လေဝင်လေရဲ့ တွန်းမှုသဘောလေးကို အာသေဝနပစ္စယသတ္တိနှင့် အဖန်အထပ်ထပ် ရှုစေချင်ပါတယ်။

သတိ၊ သမာဓိ၊ ပညာ တဖြည်းဖြည်း အားကောင်းလာတဲ့အခါ စိတ်ကြည်လာပြီး 'နာမ်' ဆိုတဲ့ အာရုံကိုညွှတ်တဲ့ သိတတ်တဲ့ သဘောလေးဟာ အလိုလိုထင်ရှား လာပါလိမ့်မယ်။

ပမာဆိုရရင် ဖုန်တွေကပ်နေတဲ့ မှန်ရှေ့မှာ မိမိရုပ်သွင်ကို ကြည့်တဲ့သူအဖို့ မျက်နှာသွင်ပြင်ကို ထင်ထင်ရှားရှား မြင်ရမှာ မဟုတ်ပါဘူး။ ဒီအခါမှာ မှန်ကိုမစွန့်ပစ်ဘဲ ဖုန်တွေကိုသာ အဖန်ဖန် ပွတ်တိုက်လို့ မှန်ကြည်လင်သွားတဲ့အခါ မိမိမျက်နှာလည်း အလိုလို ထင်ရှားပေါ်လွင်လာမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ စိတ်ဝင်စားဖို့ ကောင်းတာက တရားရှုမှတ်ရင်း *'နာမရူပ ပရိစ္ဆေဒဉာဏ်'* ကို ရောက်တဲ့အခါ တချို့သောယောဂီများနှင့် အထူးသဖြင့် နိုင်ငံခြားသားယောဂီများက ပြောကြပါတယ်။ 'တရား စတင်ရှုမှတ်ခါစက လူတစ်ယောက်ပဲ ရှိတယ်၊ အခုတော့ လူနှစ်ယောက် ဖြစ်သွားပြီ' လို့ ပြောကြပါတယ်။ ဒီအဆင့်ရောက်ပြီး ဆက်ကာဆက်ကာ ရှုမှတ်လိုက်ရင်တော့ အကြောင်းအကျိုးကို ပိုင်းခြားသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ အရှိကိုအရှိအတိုင်း သိတဲ့ ယထာဘူတ ဉာဏ်တွေ ရပြီး တရားအသိဉာဏ် ပွင့်လင်းနိုးကြား သွားမှာဖြစ်ပါတယ်။

ကြိုးသီထားတဲ့ ပတ္တမြား

ရပ်နာမ်ကွဲတာကို ဘုရားရှင်ကိုယ်တိုင် ဥပမာ ပေးထားတာရှိပါတယ်။ ဒီဃနိကာယ် သာမညဖလသုတ်မှာ ဝေဠုရိယ ခေါ်

ကြောင်မျက်စွဲပတ္တမြား *'Cat's eye ruby'* ကို ကြိုး အညို၊ အဝါ၊ အနီ၊ အဖြူ တစ်ခုခုသီထားပြီး လက်ပေါ်တင်ကြည့်ရင် ပတ္တမြားကတခြား၊ ကြိုးကတခြား ကွဲပြားစွာ မြင်ရသလို ကျောက်ထဲမှာ ကြိုးလေးဝင်နေတာကိုလည်း ထင်ရှားစွာ မြင်တွေ့ရပါမယ်။

အလားတူ အရှုခံ 'ရပ်' ကသပ်သပ်၊ ရှုသိတဲ့စိတ်ကလေး ကသပ်သပ် ဆိုတာသိသွားရင် ရပ်နာမ်ကွဲတယ်လို့ ခေါ်ပါတယ်။ ကြိုးက ပတ္တမြားထဲ ဝင်နေသလို စိတ်ကအရှုခံ 'ရပ်'ဆီကို ပြေးပြေးကပ်သွားတဲ့ သဘောကိုလည်း တွေ့ရပါမယ်။

နားလည်လွယ်အောင် ပြောရရင် တရား ရှုမှတ်စမှာ 'ရပ်' သဘာဝတွေရဲ့ မငြိမ်သက်တဲ့ သဘောကို တွေ့တွေ့ နေရပါမယ်။ အဲဒီ သဘောကို တစ်နာရီ၊ နှစ်နာရီ အတွေးမပါဘဲ တစ်ဆက်တည်း သိလာတဲ့အခါ အာရုံဆီ ပြေးပြေးကပ်သွားတဲ့ 'နာမ်' သဘောလေးကိုပါ တွေ့လာရပါမယ်။ ပမာဆိုရရင် နံနက်စောစော ငှက်ကလေးတွေ စားဖို့ ဆန်တွေ ကြဲပက် ထားတဲ့အခါ ဇရက်လေးတစ်ကောင် လာပြီး ဆတ်ကနဲ၊ ဆတ်ကနဲနဲ့ တစ်စေ့ချင်း ကောက်စားသလို ဆန်စေ့နဲ့ နှုတ်သီး ကလည်း တန်းကနဲ၊ တန်းကနဲ မလွဲတမ်း ဖြစ်နေတော့ မြန်လည်း မြန်၊ မှန်လည်းမှန်၊ ချိန်သားကိုက်လို့ နေပါတယ်။ ဒီအခါမှာ အာရုံကတခြား၊ အာရုံဆီကို ပြေးပြေးကပ်တဲ့ သိမှုလေးက တခြား ဆိုတာကို ကွဲကွဲပြားပြား သိမြင်သွားရင် ရပ်နာမ်ကွဲတဲ့ အဆင့်ကို ရောက်ရှိ

သွားမှာ ဖြစ်ပါတယ်။

နာမရူပ ပရိစ္ဆေဒညာဏ်ဖြင့် ရုပ်နှင့်နာမ်ကို ကွဲကွဲပြားပြား သိမြင်သွားမယ်ဆိုရင် အယူစင်ကြယ်ခြင်းဆိုတဲ့ *ဒိဋ္ဌိဝိသုဒ္ဓိ 'Purity of view'* အဆင့်ကို ရရှိသွားပြီဖြစ်ပါတယ်။

ဝိပဿနာ ညာဏ်စဉ်များ

ဆက်လက်ရှုမှတ် အားထုတ်မယ်ဆိုရင် *'အကြောင်းအရာများစွာ ပေါင်းစုံလို့ အကျိုးတရား ရုပ်နာမ်တွေဖြစ်လာသလို အကြောင်းအကျိုး ဆက်စပ်မှီတွယ်ပြီးမှသာ ရုပ်နာမ်တွေဖြစ်ပေါ်လာတာ ...'* လို့ သိမြင်လာပါမယ်။ ဒီလို ရုပ်နာမ်တွေရဲ့ ဖြစ်ပေါ်လာတဲ့အကြောင်းကို တွေ့ဖက်ပြီး သိလာတာဟာ *'ပစ္စယပရိဂ္ဂဟဉာဏ်' 'knowledge of the cause of Arising of mind and body'* ဖြစ်ပါတယ်။

စာဖတ်သူများလည်း ခဏလုံလ မလျော့ဘဲ ရှုမှတ်သွားမယ်ဆိုရင် 'ရုပ်' 'နာမ်'တရားတွေဟာ ဖြစ်ပြီးလျှင်ပျက်ရတဲ့ သဘောသာရှိလို့ မမြဲခြင်း 'အနိစ္စ'၊ ဆင်းရဲခြင်း 'ဒုက္ခ'၊ အစိုးမရခြင်း 'အနတ္တ' သဘောတွေပါလားလို့ သိမြင်လာပါမယ်။ ရှုမှတ်ရင်း ရုပ်နာမ်တရားတွေဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပါလားလို့ ခြုံငုံဆင်ခြင်နိုင်မိရင် *သမ္မသနဉာဏ် 'Knowledge of the three characteristics, ie impermanence, sorrow and self lessness'* ရရှိသွားပြီ ဖြစ်ပါတယ်။

သမ္မသနဉာဏ် ရင့်သန်လာတဲ့အခါ 'ရုပ်''နာမ်'တွေရဲ့ ဖြစ်ခြင်းနှင့် ပျက်ခြင်း အစနှင့်အဆုံးကို သိမြင်လာပါမယ်။ ဒီအခါမှာ 'ရုပ်''နာမ်'တွေဟာ ခဏတွင်းမှာ ဖြစ်သလို ရုတ်ခြည်း ပျက်သွားတာကို ရှင်းရှင်းကြီး သိမြင်လာမယ်ဆိုရင် *'ဥဒယဗ္ဗယဉာဏ်' 'Knowledge with regard to the arising and passing away of conditioned things'* ဖြစ်လာပါတယ်။

တဖြည်းဖြည်းနှင့် အမှတ်သတိ ကောင်းမွန်လာတဲ့အခါ ရုပ်နာမ် သင်္ခါရတရားတွေရဲ့ အပျက်ကိုပဲ မြင်လာတဲ့ *ဘင်္ဂဉာဏ် 'Knowledge of dissolution'* နှင့် သင်္ခါရတရားတွေဟာ ကြောက်စရာပါလားလို့ သိမြင်သွားတဲ့ *ဘယဉာဏ် 'Knowledge of fear'* ဖြစ်လာပါမယ်။

ဒီအခါမှာ အစဉ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတွေဟာ တပ်မက်နှစ်သက်ဖွယ် မဟုတ်ပါလားဆိုတဲ့ ရုပ်နာမ်သင်္ခါရတို့ရဲ့ အပြစ်ကို မြင်လာတဲ့ *'အာဒီနဝဉာဏ်' 'Knowledge of the bad consequences of volitional activities'* ဖြစ်လာပါတယ်။ အာဒီနဝဉာဏ် ရင့်သန်လာတဲ့အခါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှာ ရှုမှတ်နေရတာကို ငြီးငွေ့ဖွယ်ရာလို သိမြင်လာတဲ့ *'နိဗ္ဗိန္ဒာဉာဏ်' 'Knowledge of discontented'* ဖြစ်လာပါမယ်။

သဘာဝတရားအရ တစ်စုံတစ်ရာမှာ ငြီးငွေ့လာပြီဆိုရင် ထို ငြီးငွေ့မှုမှ လွတ်မြောက်လိုတာဟာ ဓမ္မတာဖြစ်ပါတယ်။ ဒီအခါမှာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရတွေ ချုပ်ငြိမ်းသွားရင် ကောင်းမှာပဲဆိုတဲ့ အသိနှင့် စွန့်လွှတ်ချင်မှုဟာ *'မုဉ္စိတုကမ္မတာဉာဏ်' 'Knowledge of forsake'* ဖြစ်ပါတယ်။

စွန့်လွှတ်ချင်တယ်၊ လွတ်မြောက်ချင်တဲ့အတွက် ငြီးငွေ့ဖွယ် ဖြစ်နေပေမယ့်လည်း ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းဖို့ ရုပ်နှင့် နာမ်ကို ယခင်ကလို ရှုမှတ်အားထုတ် ရမယ်ဆိုတာကိုပြန်လည် သိမြင် လာတာဟာ *'ပဋိသင်္ခါဉာဏ်' 'To consider with knowledge'* ဖြစ်ပါတယ်။

ပဋိသင်္ခါဉာဏ် ပြည့်စုံရင့်ကျက်လာတဲ့အခါ ရှေးဉာဏ်စဉ်များလို ကြောက်လန့်တာ၊ အပြစ်မြင်တာ၊ ငြီးငွေ့တာ၊ လွတ်မြောက်လိုတာမျိုးတွေ မရှိတော့ပါဘူး။ ရှုမှတ်ရင်း ပေါ်လာတဲ့ ရုပ်နာမ်သင်္ခါရ သဘောတွေကို သတိအထူးတလည် မစိုက်ရတော့ဘဲ အလိုက်သင့် သိလျက်နေပြီဆိုရင် *'သင်္ခါရုပေက္ခာဉာဏ်' 'Knowledge of equanimity about mental formation'* အဆင့်သို့ ရောက်ရှိသွားပြီ ဖြစ်ပါတယ်။

သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံလာတဲ့အခါမှာ ပြိတ်သား ကြည်လင်တဲ့ ယုံကြည်မှုဖြစ်လာပါတယ်။ ယုံကြည်မှု 'သဒ္ဓါ'ကြောင့် အားထုတ်မှု ဝီရိယလည်း မယုတ်မလွန် မြဲမြံစွာ

ဖြစ်လာပြီး သတိလည်း အထူးကောင်းမွန် လာတဲ့အတွက် *'မဂ်ဉာဏ်'* ဖြစ်ပေါ်ဖို့ နီးကပ်လာပါတယ်။

ရူမှတ်ရာမှာလည်း ရုပ်နာမ်တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးမှာ တစ်ပါးတည်းလို့ ရူမှတ်ရာမှာ *'သဒိသာနုပဿနာ ဝိထိ' 'Mental process of similar mindfulness or attention'* နှစ်ကြိမ်၊ သုံးကြိမ် ဖြစ်ပေါ်ပါတယ်။ ပထမအကြိမ်မှာ အနိစ္စလို့ ရူမှတ်လျှင် ဒုတိယနှင့် တတိယအကြိမ်မှာလည်း အနိစ္စလို့ ရူမှတ်ရပါတယ်။ ဒုက္ခနှင့် အနတ္တကိုလည်း အလားတူ ရူမှတ်ရပါတယ်။

ဒီလို သဒိသာနုပဿနာ ဝိထိ နောက်ဆုံးအကြိမ်မှာ သတ္တမဇောဖြစ်ပြီး ဘဝင်စိတ်များဖြစ်လာပါတယ်။ ထို့နောက် ဖြစ်ဆဲ 'ရုပ်' 'နာမ်'တစ်ခုခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ တစ်ပါးပါးနှင့် ရူမှတ်တဲ့အခါ *မနောဒ္ဒါရဝဇ္ဇန်းစိတ် 'adverting to the threshold of mind or turning into mind door'* ဖြစ်လာပါတယ်။

မနောဒ္ဒါရဝဇ္ဇန်းစိတ် ဖြစ်ပြီးနောက် ယခင် ဝိထိ နှစ်ကြိမ်၊ သုံးကြိမ်အတိုင်း တူစွာရူမှတ်ခြင်းဖြင့် *ဝိပဿနာဇော* သုံးကြိမ် ဖြစ်ပေါ်ပါတယ်။ ထိုဇောများကို မဂ်၏အနီး ဥပစာရမှာ ဖြစ်တဲ့ သမာဓိကောင်းသော ဇောတွေဖြစ်လို့ *ဥပစာရ သမာဓိဇော* များလို့ ခေါ်ဆိုနိုင်ပါတယ်။

ဝိပဿနာဇော သုံးကြိမ်မှာ ပထမဇောကို မဂ်ဖိုလ်တရားများ ဖြစ်ပေါ်လာဖို့ ရှေးဦးစွာ ဆောင်ရွက်တဲ့စိတ်ဖြစ်တဲ့အတွက် **ပရိကံ** *'Preparation consciousness'* လို့ ခေါ်ပါတယ်။

Preparation consciousness . prepares the way for the arising of Magga and phala.

ဒုတိယဇောကို မဂ်,ဖိုလ်တို့ရဲ့ အနီးမှာ ဖြစ်တဲ့အတွက် **ဥပစာ** *'Proximity consciousness'* လို့ ခေါ်ပါတယ်။

It is termed the neighbourhood or proximate consciousness as it occurs in the proximity of the attainment of the path consciousness.

တတိယဇောကို ရှေ့ပရိကံနှင့် နောက် မဂ်,ဖိုလ်တို့နှင့် အစဉ်အတိုင်း လျော်ညီစွာဖြစ်တဲ့အတွက် **အနုလုံ** *'Adaptation thought-moment'* လို့ ခေါ်ပါတယ်။

Adaptation though-moment arises in conformity with Magga thought-moment after having fully developed preceding preparation and procimity thought-moments.

မနောဒွာရဝဇ္ဇန်းနှင့် တကွထိုဇောသုံးခုပါဝင်သောအသိဉာဏ်ဟာ 'အနုလောမဉာဏ်' *'Knowledge of knowing accordingly'* ဖြစ်ပါတယ်။

ဂေါတြဘူ

ဆက်လက်၍ ရှုမှတ်ဆဲ 'ရုပ်နာမ်သစ္စာရ' သဘောမှ သစ္စာရ ချုပ်ရာ 'နိဗ္ဗာန်' ကို အာရုံပြုလျက် 'ဂေါတြဘူ' ဧာဖြစ်လာပါတယ်။ ဂေါတြဘူ *'Lineage'* ဆိုတာ သစ္စာရအာရုံမှ လွန်မြောက်၍ သစ္စာရချုပ်ခြင်းဖြစ်သည့် နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသော သဘောဖြစ်ပါတယ်။

သစ္စာရကို စွန့်လွှတ်၍ လွတ်သွားရာတွင် အသိရုပ်တန့်သွားပြီး မေ့သွားခြင်း၊ သတိလစ်သွားခြင်းမျိုး မဟုတ်သလို လှစ်ခနဲ ဖြစ်သွားခြင်းမျိုးလည်း မဟုတ်ပါ။ ထင်ထင်ရှားရှားနဲ့ လောကီအာရုံတို့မှ လွတ်သွားတာဖြစ်ပြီး အလုံးစုံသော သစ္စာရနိမိတ်တို့ ကင်းရှင်းသော လောကုတ္တရာ အာရုံ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း ဖြစ်ပါတယ်။ နိဗ္ဗာန် ဆိုတာ အထည်ခြုပ်မရှိသလို ဘုံဌာနမျိုးလည်း မဟုတ်ဘဲ သစ္စာရ ချုပ်ငြိမ်းမှု သဘောကို ဆိုလိုပါတယ်။

ဂေါတြဘူ ဆိုတာ ပုထုဇဉ်အနွယ်ကျော်လွန်၍ အရိယာအဖြစ် သို့ ရောက်စေတတ်သော စိတ်ကို ဆိုလိုပါတယ်။ တနည်းအားဖြင့် ဂေါတြဘူဟာ ပုထုဇဉ်နှင့် အရိယာအကြား ဆက်စပ်ပေးသော 'တံတားသဖွယ်' ဖြစ်ပါတယ်။

Gotrabhu is the thought moment that transforms a worldling into an ariya. It transcends the

lineage of sensuous exitence and adopts the lineage of the lofty consciousness and the Supramundane.

ဂေါတြဘူစိတ် ဟာ ပရိုက်၊ ဥပစာ၊ အနုလုံကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသော လက္ခဏာတစ်ပါးပါးကို အာရုံမပြုဘဲ နိဗ္ဗာန်ကိုသာ အာရုံပြုပါတယ်။

မဂ်,ဖိုလ်နှင့် နိဗ္ဗာန်

ဂေါတြဘူစိတ် နောက်မှာ နိဗ္ဗာန်ကို သိမြင်အာရုံပြုလျှက် ကိလေသာ အားလုံးကို ဖယ်ခွာသော *မဂ်စိတ် 'Path-consciousness'* ဖြစ်လာပါတယ်။ မဂ်ဇောစိတ်နှင့် ယှဉ်သော သိမှုကို *မဂ်ဉာဏ် 'Knowledge of path-consciousness'* လို့ ခေါ်ပါတယ်။

ဗုဒ္ဓဒဿနရဲ့ အမြင့်မားဆုံး ပန်းတိုင်ဟာ အရိယာသစ္စာတို့ကို ထိုးထွင်း သိမြင်ပြီး ဘဝရဲ့ ဒုက္ခအပေါင်းမှ လွတ်မြောက်သွားငဲ့ ပကတိငြိမ်းအေးမှုကို ရယူရန် ဖြစ်ပါတယ်။

ဆီမီးထွန်းညှို လိုက်တာနှင့် ဆီမီးသည် မီးဇာကိုလောင်ခြင်း၊ အမှောင်ကိုပယ်ခြင်း၊ အလင်းရောင်ကိုဖြစ်ပေါ်စေခြင်း၊ ဆီကို ခန်းစေခြင်း စသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ဖြစ်စေပါတယ်။ ထို့အတူ 'မဂ်' ကလည်း ဒုက္ခသစ္စာကို သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်စေခြင်းနှင့်

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဆိုသော သစ္စာလေးပါးကို တစ်ပြိုင်နက် ပြီးစေပါတယ်။

မဂ်ရဲ့နောက်မှာ နိဗ္ဗာန်ကိုအာရုံပြုလျှက် ဖိုလ်ဈောစိတ် နှစ်ကြိမ် သုံးကြိမ် ဖြစ်ပေါ်လာပါတယ်။ ဖိုလ်ဈောနှင့်ယှဉ်သော သိမှုကို *ဖိုလ်ဉာဏ် 'Knowledge of fruitful consciousness'* လို့ ခေါ်ပါတယ်။ ဒီအခါမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် *နိဗ္ဗာန်ရဲ့ ပရမတ္ထသဘာဝ 'Realization of Nibbana'* ကိုသိမြင်ပြီး အဆုံးစွန်သော စင်ကြယ်မှုနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပြီ ဖြစ်ပါတယ်။

နိဗ္ဗာန်ကို မျက်မှောက် ပြုသွားပြီးတဲ့အခါမှာ ရရှိထားတဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ပြန်လည်သုံးသပ်သော ဉာဏ်လည်း ဖြစ်ပေါ်လာပါတယ်။ ဒီလို သုံးသပ်ပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို သိသော ဉာဏ်ဟာ *'ပစ္စဝေက္ခဏဉာဏ်' 'Knowledge of reviewing'* ဖြစ်ပါတယ်။

သောတာပတ္တိမဂ်, ဖိုလ်ဉာဏ်၊ သကဒါဂါမိဂ်, ဖိုလ်ဉာဏ်၊ အနာဂါမိဂ်, ဖိုလ်ဉာဏ်တို့မှတစ်ဆင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ကို ရရှိသွားပြီးသူ ရဟန္တာပုဂ္ဂိုလ်သည် *'ပစ္စဝေက္ခဏဉာဏ်'* ဖြင့် မိမိရရှိသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်သည် အဆုံးသတ်ဖြစ်ကြောင်း၊ တခြားသိဖွယ် မရှိတော့ကြောင်း ပြန်၍ သိမြင်ပုံကို ဗုဒ္ဓမှ အောက်ပါ

အတိုင်း ကြိမ်ဖန်များစွာ ဖော်ပြခဲ့ပါတယ်။

'စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ။ မင်္ကိစ္စကို ပြုပြီးပြီ။ ဤမင်္ကိစ္စ အလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီဟု ပိုင်းခြား၍ သိ၏'

ဗုဒ္ဓ အလိုအရ သစ္စာ ကို ကိုယ်တိုင် အားထုတ်ခြင်းဖြင့်သာ သိမြင်နိုင်ပါတယ်။ ကိုယ်တွေ့ အားထုတ်ခြင်းဖြင့် သိအပ်သော တရား ဖြစ်သောကြောင့် သစ္စာသည် ဘာသာစကား အမည် ပညတ် တို့မှလည်းကောင်း ဆင်ခြင်ခြင်းတရားမှ လည်းကောင်း ကျော်လွန်သော တရားဖြစ်ကြောင်းကို ဖော်ပြခဲ့ပါတယ်။ ထို့အတွက် ဝိပဿနာ ဉာဏ်အဆင့်ဆင့်တို့ ဖြစ်ပုံ၊ ပရမတ္ထ သဘာဝကို သိမြင်ကာ သစ္စာကို ထိုးထွင်းရရှိ သွားခြင်းကို စကား ဝေါဟာရတို့ဖြင့် ပကတိသဘာဝကို အတိအကျ မဖော်ပြ နိုင်ပါ။ အလားတူ စကား ဝေါဟာရအမည် ပညတ်တို့အပေါ်မှီ၍ ဆင်ခြင်ခြင်းဖြင့် ရလာသော ဆင်ခြင်သိ သည်လည်း သစ္စာကို သိမြင်သော အသိမဟုတ်ပါ။

ဒါကြောင့်မို့ ရှေးအခါက ဂျပန်ပြည်မှ ဇင် ဆရာတော်ကြီးများဟာ ဘဝဆိုင်ရာ ပရမတ္ထ သဘာဝနှင့် သစ္စာရဲ့ သဘောကို ဖော်ပြရန် မေးလာသောအခါ ဘာမျှမပြောဘဲ ဆိတ်ဆိတ်

နေကြတာ ဖြစ်ပါတယ်။ တကယ်လို့ ဘာသာစကား ဖြင့် ဖော်ပြလိုက်ပါက သစ္စာနှင့် လွဲချော်သွားမှာ ဖြစ်ပါတယ်။ စဉ်စား ဆင်ခြင်ခြင်းဖြင့်လည်း ထိုးထွင်း သိရှိနိုင်ဖို့ မဖြစ်နိုင်တဲ့အတွက် ဇင် ဆရာတော်ကြီး များက ဘာသာ စကားနှင့် ဆင်ခြင်ခြင်း တို့ကို ဖယ်ပြီး ကိုယ်တွေ့အားထုတ်ရန် တိုက်တွန်း ကြပါတယ်။

သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ *ဉာဏ်အလင်းရရှိသွား ခြင်း 'Enlightenment'* ဟာ အနှစ်သာရ ရှိသောဘဝပါ။ ဒါ့ကြောင့်မို့ ဘဝမှာ မိမိဖြစ်လိုတဲ့ မျှော်လင့်ခြင်းများသာမက သစ္စာ လေးပါးကိုပါ တွေ့ရှိ သိမြင်ရေးအတွက် ကြိုးစားအားထုတ် အသက်ရှင်နေရခြင်းဟာ အဓိပ္ပါယ်ရှိသော အသက်ရှင်ခြင်း ဖြစ်ပါတယ်။ စာဖတ်သူများလည်း ဘဝမှာ ကိုယ်တိုင် ကြိုးစား အားထုတ်ပြီး တရားအသိဉာဏ် ပွင့်လင်းနိုင်ကြပါစေ။

ဉာဏ်စဉ်များနှင့် စင်ကြယ်ခြင်း

ဝိပဿနာ ဉာဏ်စဉ်များကို စင်ကြယ်ခြင်း ခုနှစ်ပါး နှင့်တွဲမှ ပြည့်စုံမှာဖြစ်လို့ ဆက်လက် ရှင်းပြပေးပါ့မယ်။ စာဖတ် သူများလည်း 'ဝိသုဒ္ဓိ' ဆိုတဲ့ အသုံးအနှုန်းလေးကို ကြားဖူးကြပါ လိမ့်မယ်။

ကျွန်တော်ကိုယ်တိုင် ဒီအသုံးအနှုန်း လေးနဲ့ အကျွမ်း ဝင်ဖြစ်ခဲ့တာဟာ ဖခင်ကြီးရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။ ၁၉၈၅ခုနှစ်၊ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)စာမေးပွဲ

အပြီးမှာ ဖခင်က ညောင်လေးပင်တောရ ဆရာတော်ကြီး ပြုစုတဲ့ *'ဝိသုဒ္ဓိမဂ် အရှသာ'* စာအုပ်ကို ပေးဖတ် ခဲ့ပါတယ်။ ဆရာတော်ကြီး ရဲ့ ရှင်းလင်းတဲ့ အရေးအသားကြောင့် အတော်အသင့် နားလည် သဘော ပေါက်ခဲ့ပါတယ်။

ဝိသုဒ္ဓိဆိုတာ *အထူးစင်ကြယ်ခြင်း 'Purity'* လို့ အဓိပ္ပါယ် ရပြီး စင်ကြယ်ခြင်း ခုနှစ်မျိုးရှိပါတယ်။ ဒါတွေကတော့

(၁) *သီလ ဝိသုဒ္ဓိ* - သီလ၏ စင်ကြယ်ခြင်း: *'Purity of morality'*

(၂) *စိတ္တ ဝိသုဒ္ဓိ* - စိတ်၏ စင်ကြယ်ခြင်း: *'Purity of mind'*

(၃) *ဒိဋ္ဌိ ဝိသုဒ္ဓိ* - အယူ၏ စင်ကြယ်ခြင်း: *'Purity of views'*

(၄) *သင်္ကိဝိတရဏ ဝိသုဒ္ဓိ* - ယုံမှားခြင်းကို လွန်မြောက် ခြင်းဖြင့် စင်ကြယ်ခြင်း: *'Purity of transcending doubt'*

(၅) *မဂ္ဂါမဂ္ဂ ညာဏဒဿန ဝိသုဒ္ဓိ* - လမ်းမှန်ကို စင်ကြယ် စွာသိမှု *'Purity of knowledge that exactly knows the right path'*

(၆) *ပဋိပဒါ ညာဏဒဿန ဝိသုဒ္ဓိ* - အရိယာမဂ်ကို ရသော

ဉာဏ်၏စင်ကြယ်ခြင်း *'Purity of knowledge and insight leading to the attainment of Ariya Path'*

(၇) ဉာဏဒဿန ဝိသုဒ္ဓိ - သစ္စာလေးပါးကို သိသော ဉာဏ်၏ စင်ကြယ်ခြင်း *'Purity of knowledge and insight into the four truths'*

စင်ကြယ်ခြင်း ခုနှစ်မျိုးကို သီလ၊ သမာဓိ၊ ပညာဖြင့် ယှဉ်ကြည့်ပါက သီလဝိသုဒ္ဓိဟာ 'သီလ'၊ စိတ္တဝိသုဒ္ဓိဟာ 'သမာဓိ' ဖြစ်၍ ဒိဋ္ဌဝိသုဒ္ဓိမှ ဉာဏဒဿန ဝိသုဒ္ဓိ အထိဟာ 'ပညာ' ဖြစ်ပါတယ်။

နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာသောအခါ ပုဂ္ဂိုလ် သတ္တဝါလို့ စွဲလန်းခြင်းစိတ်ဖြင့် မကောင်း ကြံစည်ပြီး သီလ ချိုးဖောက်ခြင်း မရှိတော့၍ *ဒိဋ္ဌဝိသုဒ္ဓိ* အဆင့် ရောက်ရှိသွားပြီ ဖြစ်ပါတယ်။

ဝိသုဒ္ဓိ ခြောက်ပါးကို အစဉ်အတိုင်းအားထုတ်ပြီး ဖြစ်ပေါ် လာတဲ့ *မဂ်ဉာဏ်*ဟာ သစ္စာလေးပါးကို တိုက်ရိုက်ထိုးထွင်းသိမြင် သွားတဲ့အတွက် *ဉာဏဒဿန ဝိသုဒ္ဓိ* ရရှိသွားပါတယ်။ စင်ကြယ် ခြင်း ခုနှစ်ပါးနှင့် ပြည့်စုံသွားတဲ့အတွက် 'နိဗ္ဗာန်'ကို *အဆုံးစွန်*

သော စင်ကြယ်မှု *'Absolute purity'* လို့လည်း ခေါ်ပါတယ်။

ဝိပဿနာဉာဏ်စဉ်များ ဝိသုဒ္ဓိ *'Purity'*

၁	နာမရူပ ပရိစ္ဆေဒဉာဏ်	*ဒိဋ္ဌိ ဝိသုဒ္ဓိ*
၂	ပစ္စယ ပရိဂ္ဂဟဉာဏ်	*ကင်္ခါဝိတရဏ ဝိသုဒ္ဓိ*
၃	သမာသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်	*မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ*
၄	ဘင်္ဂဉာဏ်မှ အနုလောမဉာဏ်	*ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ*
၅	မဂ်ဉာဏ်,ဖိုလ်ဉာဏ်	*ဉာဏဒဿန ဝိသုဒ္ဓိ*

ဉာဏ်စဉ်နှင့် ရှုမှတ်ရမည့်အာရုံများ

ဝိပဿနာ 'Insight' ဆိုတာ သင်္ခါရတွေရဲ့ လက္ခဏာကို မြင်အောင်ကြည့်ရတဲ့ အလုပ် ဖြစ်ပါတယ်။ ဉာဏ်စဉ်ဆိုတာက လက္ခဏာကို ရှုသွားရင်းနဲ့ အသိတွေ ပြောင်းပြောင်းသွားတာ၊ ဉာဏ်တွေ ရင့်သန်လာတာကို ခေါ်တာပါ။ ဒါကြောင့်မို့ ဝိပဿနာရဲ့ အာရုံဟာ 'လက္ခဏာ'သာဖြစ်ပြီး အလင်း၊ အမှောင်၊ အရိပ်၊ နှမိတ်တွေကို ယူလို့မရပါဘူး။

ရုပ်နာမ်တွေရဲ့ လက္ခဏာကတော့ -

၁။ *သဘာဝ လက္ခဏာ 'Individual or Natural characteristic'*

၂။ *သခ်ၤတ လက္ခဏာ 'Conditional characteristic'*

၃။ *သာမည လက္ခဏာ 'Universal or Common characteristic'* လို့ သုံးမျိုးရှိပါတယ်။

သဘာဝ လက္ခဏာ ဆိုတာ 'ရုပ်' 'နာမ်'တွေရဲ့ ကိုယ်ပိုင်သဘောသဘာဝကို ဆိုလိုပါတယ်။ ဒါ့ကြောင့်မို့ 'ရုပ်'ဆိုလည်း ပြောင်းလဲဖောက်ပြန်နေတဲ့ သဘောနဲ့ 'နာမ်'ဆိုလည်း အာရုံကို ညွှတ်တဲ့ သိတတ်တဲ့ ပရမတ်သဘောဖြစ်ပါတယ်။

သခ်ၤတလက္ခဏာ ဆိုတာ ဖြစ်'ညပါဒ်'၊ တည်'ဌီ'၊ ပျက်'ဘင်' ဆိုတဲ့ လက္ခဏာသုံးပါးကို ခေါ်တာပါ။ 'ရုပ်' သဘာဝမှာသာမက အမျိုးဇာတ်နဲ့ သဘာဝချင်းမတူ ကွဲပြားခြားနားတဲ့ နာမ်သဘာဝမှာလည်း ဒီလက္ခဏာ သုံးပါးရှိလို့ အများဆိုင်လက္ခဏာဖြစ်ပါတယ်။ အများနဲ့သက်ဆိုင်တဲ့ လက္ခဏာမို့ သာမညလက္ခဏာထဲမှာလည်း အကျုံး ဝင်ပါတယ်။ ဝိပဿနာမှာ *'ဖြစ်-ပျက်' 'arising-dissolution'* ကိုရှုပါဆိုတာ ဒီ သခ်ၤတလက္ခဏာတွေ ပေါ်လွင်အောင် ရှုခိုင်းတာ ဖြစ်ပါတယ်။

သာမည လက္ခဏာ ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများကို ဆိုလိုပါတယ်။ ဒီ လက္ခဏာသုံးပါးဟာ သဘာဝချင်းမတူ ခြားနားတဲ့ ရုပ်နဲ့နာမ် နှစ်ပါးလုံးမှာရှိလို့ သာမညလက္ခဏာလို့ခေါ်ရတာပါ။

လက်တွေ့ ရှုမှတ်တဲ့ အခါမှာလည်း သဘာဝ၊ သခ်ၤတနဲ့

သာမညလက္ခဏာ သုံးမျိုးကို အစဉ်လိုက် ထင်သာ မြင်သာအောင် ရှုမှတ်ရပါတယ်။ ခုန်ကျော်ပြီးတော့ ရှုမှတ်လို့ မရပါဘူး။ သဘာဝလက္ခဏာကိုမြင်မှ သခ်ၤတလက္ခဏာကို မြင်မှာဖြစ်သလို သခ်ၤတကိုမြင်မှ သာမညလက္ခဏာကို မြင်ပြီး အနုပဿနာများ ဆက်လက်ရှုပွားလို့ ရမှာဖြစ်ပါတယ်။

ဝိပဿနာဉာဏ်စဉ်မှာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တွေဟာ သတိဦးစီးတဲ့ နယ်ထဲမှာရှိပြီး 'ရုပ်' 'နာမ်'ရဲ့ ကိုယ်ပိုင် *သဘာဝလက္ခဏာ 'Individual Characteristic'* ကို အာရုံပြုပြီး ရှုမှတ်ရပါတယ်။ သဘာဝလက္ခဏာဆိုတဲ့ အတွက် 'ရုပ်'ဆိုလည်း ပြောင်းလဲဖောက်ပြန်နေတဲ့သဘော 'နာမ်'ဆိုလည်း အာရုံကို ညွှတ်တတ်၊ သိတတ်တဲ့ ပရမတ် သဘောကို ရှုမှတ်ရတာဖြစ်ပါတယ်။

အထူးသဖြင့် 'ရုပ်'တွေဟာ လျင်လျင်မြန်မြန်ကြီး ဖြစ်ပျက်နေတဲ့အတွက် ဖြစ်တာပျက်တာကို မမြင်ရဘဲ ရွှေ့နေတာ၊ လှုပ်နေတာကိုပဲ တဆက်တည်း တွေ့ရပါတယ်။ ပမာဆိုရရင် မီးတုတ်တစ်ခုကို ဝှေ့ယမ်းတဲ့အခါ လှုပ်နေရွေ့နေတဲ့ မီးဝိုင်းကြီးကို မြင်ရသလိုပါပဲ။ မီးဝိုင်းကြီးလို့ မြင်ရတဲ့တစ်ချိန် တည်းမှာ လှုပ်နေ၊ ရွေ့နေတာကိုပါ တွဲသိနေပါတယ်။ အေးတဲ့ သဘောကို သိတဲ့ အခါ လှုပ်မှုနဲ့ပါ တွဲသိသလို ပူတဲ့သဘောကိုလည်း မငြိမ်သက်မှုတစ်ခုခုနဲ့ တွဲပြီး သိနေပါတယ်။

ကျမ်းဂန်တွေမှာတော့ *'နဒီသောဝိယ၊ ဒီပစ္စာလာဝိယ' 'As the current of a river or the flame of a lamp'* မြစ်ရေအလျဉ်ဟာ တသွင်သွင်စီးနေသလို၊ ဆီမီးတရှိန်ရှိန်တောက်နေသလို ရုပ်တရားတွေ တလျဉ်လျဉ် တသုတ်သုတ်နဲ့ ဖြစ်ချုပ်နေပါတယ်လို့ မငြိမ်သက်တဲ့သဘောကို ရှင်းပြပေးထားပါတယ်။

တကယ်တော့ မငြိမ်သက်မှုတွေဟာ ရှေ့မှာတွေ့ရတော့မယ့် 'ဖြစ်-ပျက်' ရဲ့အရိပ်လက္ခဏာတွေပါ၊ မငြိမ်သက်မှုတွေက တစ်ဆင့် စိတ်ပါလက်ပါ ရှုမှတ်သွားမယ်ဆိုရင် 'ဖြစ်-ပျက်' ကို မြင်လာပါလိမ့်မယ်။ သိစမှာတော့ လှုပ်နေတာ မငြိမ်သက်တာ အဖြစ်လား အပျက်လားလို့ ခွဲခြားပြီး မသိနိုင်သေးပါဘူး။

သတိနဲ့ သမာဓိအား ပိုကောင်းလာတဲ့အခါ မငြိမ်သက်မှုပေါ်မှာပဲ သတိက ကပ်နေပါတယ်။ တရွရွ၊ တရှိန်ရှိန်၊ တလှုပ်လှုပ်၊ တရွေ့ရွေ့ စသလို မငြိမ်သက်မှုတွေဟာ အပ်ချစရာနေရာလပ်မရှိအောင် တွေ့ရပါလိမ့်မယ်။

တစ်ယောက်နဲ့ တစ်ယောက် ၊ တစ်နေရာနှင့် တစ်နေရာ တူချင်မှတူပါလိမ့်မယ်။ တချို့လည်း ရင်ဝမှာထားပြီး လှုပ်သလို တချို့လည်း ကျောဘက်မှာ အပ်ဖျားနဲ့ အဆွဲခံရသလို တစစ်စစ်နဲ့ စူးကနဲ စူးကနဲ ဖြစ်နေပါတယ်။ ဘယ်လိုပဲတွေတွေ ဖောက်ပြန်နေတဲ့ သဘော တွေပဲလို့ နှလုံးသွင်း ပြီးစောင့်ကြည့်ရင် 'ရုပ်' ရဲ့ပရမတ် လက္ခဏာဖြစ်တဲ့ ဖြစ်ပျက်အစဉ်ကို မြင်သွားပါလိမ့်မယ်။

သမ္မသနဉာဏ်ကနေ အနုလောမဉာဏ်အထိ ဉာဏ်ဆယ်ပါး ကတော့ ရုပ်-နာမ်ပရမတ်တွေရဲ့ *သာမညလက္ခဏာ 'Universal or common characteristic'* ကို အာရုံပြုရပါတယ်။ သာမည လက္ခဏာဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး သုံးပါးပဲဖြစ်ပါတယ်။

ဂေါတြဘူကတော့ နိဗ္ဗာန် အာရုံပြုပြီး ပုထုဇဉ်အနွယ်ကနေ အရိယာနယ်ထဲသို့ ပြေးဝင်တော့မယ့် ဉာဏ်ဖြစ်ပါတယ်။ ဂေါတြဘူဉာဏ် ဖြစ်ပြီးတာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်လာပါတယ်။ မဂ်,ဖိုလ် ရသွားတဲ့အခါ နိဗ္ဗာန်ဆိုတဲ့ ဘဝမှာ အနှစ်သာရ အရှိဆုံး အခြေအနေသို့ ရောက်ရှိသွားပြီ ဖြစ်ပါတယ်။

အဘိညာဉ်၊ မဂ် နှင့် နိရောဓ သမာပတ်

မန္တလေးမြို့က စာရေးဆရာနှင့် နာမည်ကျော် အဘိဓမ္မာဆရာကြီး ဦးသိန်းအောင်ဟာ ၁၉၂၉ခုနှစ်တွင် မြင်းခြံမြို့၊ စွန်းလွန်းဆရာတော်ထံ သွားရောက်၍ တစ်ပတ်ခန့် နည်းခံကျင့်သုံးနေခဲ့ဖူးပါတယ်။

ထိုစဉ်က တွေ့ကြုံခဲ့ရသော အခြေအနေကို ဆရာကြီးက *'ဗုဒ္ဓဝါဒ သုံးလောကနှင့်သင့်တဝါအစ ဖြစ်ပုံကျမ်း'* ၌ ရေးသားထားခဲ့ပါတယ်။ ထိုမှတ်တမ်းတွင် အဘိညာဉ်နှင့် မဂ်တရားအကြောင်း ဆရာတော်၏ အမိန့်ရှိချက်များမှာ စိတ်ဝင်စားဖွယ်ဖြစ်၍ မူရင်း အရေးအသားအတိုင်း တင်ပြအပ်ပါတယ်-

ဆရာတော် ဦးအာစိဏ္ဏနှင့်အတူ မြင်းခြံ စွန်းလွန်းတောရ ကျောင်း ဆရာတော်ထံသို့ ရောက်၍ ဖူးမြော်ရသည်။ ဦးအာစိဏ္ဏက- ံကျဒါယကာသည် တပည့်တော်အား စာပေပို့ချပေးဖူးသော ဒါယကာဖြစ်ကြောင်း ံ လျှောက်ထားပါတယ်။

စွန်းလွန်းဆရာတော် ဘုရားက- ံတရားလုပ်ငန်းနှင့် စပ်ဆိုင်တာ မေးလိုသမျှကို မေးပါ ံ ဟု ခွင့်ပေးပါတယ်။

ကျွန်ုပ်က တပည့်တော်သည် အရှင်ဘုရားထံသို့ ပုစ္ဆာမေးရန် လာခြင်း မဟုတ်ပါ။ ဆရာတော် အားထုတ်ထားသော တရားလုပ်ငန်းကို နာယူရသဖြင့် တပည့်တော်၏ ကိုယ်ပိုင်ဉာဏ်ကိုသာလျှင် အသုံးပြုရန် ဖြစ်ပါသည် ံ ဟု လျှောက်ထားပါတယ်။

ထိုအခါ စွန်းလွန်း ဆရာတော်ဘုရားက မြင်းခြံမြို့ မြို့ပိုင်ရုံးတွင် မင်းစေလုလင် အဖြစ်ဖြင့် လယ်တီဆရာတော်ဘုရား ဟောကြားသော အာနာပါနတရားကို နာယူခဲ့ရသည်မှ အစပြုကာ ထွက်လေ-ဝင်လေ လုပ်ငန်းကို စတင်လေ့လာပုံများနှင့် တကွ အသိထူးများ ပေါ်ပေါက်လာပုံတို့ကို ကျွန်ုပ်နှင့် ဦးအာစိဏ္ဏအား ပြောပြနေသည်မှာ ညဉ့်ရှစ်နာရီအချိန်မှစ၍ နံနက် သုံးနာရီခန့်အထိ ကြာမြင့်သည်။

ကျွန်ုပ်သည် ဆရာတော်၏ ပြောပြချက်များကို နှစ်သက်ယုံကြည်စွာ နာယူလေသည်။ နာယူစဉ်အတွင်း ကျွန်ုပ်သည် မေးခွန်းဟူ၍ တစ်လုံး တစ်ပါဒမျှ မမေးမြန်းပေ။ သို့သော်

ဆရာတော်ဘုရားသည် တရားလမ်းစဉ်အလျောက် ပြောပြနေရာတွင် ကျွန်ုပ်အား-

'အဘိညာဉ်တန်ခိုးနှင့် မဂ်တရား ဘယ်သင်းက ပိုမို၍ ခက်သနည်း' လို့ မေးပါသည်။

ကျွန်ုပ်က-

'ဆရာတော်ဘုရား၊ မိန့်တော်မူပါ' ဟု ပြန်လျှောက်သည်။

ထိုအခါ စွန်းလွန်းဆရာတော်က -

'ဒကာ သိန်းအောင်၊ အဘိညာဉ် တန်ခိုးဆိုတာ အဟုတ် မရှိဘူး၊ သမာဓိ အင်အားကိုယူလျက် ဉာဏ်ကရအောင် လုပ်ပေးရတာ၊ မဂ်တရားဆိုတာ အဟုတ်ရှိတဲ့ သဘောတရား၊ လမ်းမှန်သွားလျှင် မဂ်ကိုတွေ့မှာပေါ့၊ အဟုတ်ရှိတာကိုး။ မရှိတာကို အရှိဖြစ်အောင် လုပ်ရခြင်းနှင့် အရှိကိုရောက်အောင် သွားရခြင်း နှစ်မျိုးတွင် မရှိတာကိုရှိအောင် လုပ်ရခြင်းက ပိုမိုခက်လှသည်'

ဟု မိန့်ကြား လိုက်ပါတယ်။

စွန်းလွန်းဆရာတော်သည် စာပေ သင်ကြားဖူးသော ပုဂ္ဂိုလ် မဟုတ်ကြောင်းကို အများပင် သိရှိကြသည်။ ကျွန်ုပ်သည် ဆရာတော် မိန့်ကြားချက်ကို ကြားနာရသဖြင့် များစွာပင် သက်ဝင်ယုံကြည်ခြင်း ဖြစ်သွားပါတယ်။ ဦးအာစိဏ္ဏနှင့် ကျွန်ုပ်သည် ကမ္မဋ္ဌာန်း ကျောင်းငယ် ထဲတွင် အတူ တရားအားထုတ်ပါသည်။

'အသက်ကို ရှုရှိုက်သောအခါ နှာသီးဖျား ထိသွားမှန်း

သိအောင် ရှာရှိုက်ရမည် ' ဟု ပြောပါသည်။ ပြန်ရောက် သောအခါ ဦးအာစိဏ္ဏက ...

' ဒကာကြီး၊ မေးချင်တာရှိလျှင် မေးခဲ့ပါ၊ နောက်ကို တော် တော်နှင့် တွေ့ရမည်မဟုတ်ဖူး ' ပြောပါသည်။ ကျွန်ုပ်က ...

' မေးစရာဟူ၍ များများစားစားမရှိပါ၊ သို့သော် နိရောဓ သမာပတ် ဝင်စားပုံကိုတော့ လက်တွေ့သဘောကို သိလိုပါသည် ' ဟု ပြန်ပြောပါသည်။ ပြောစဉ်ကာလက ကမ္မဋ္ဌာန်း ကျောင်းငယ် တွင် နှစ်ဦးတည်း တိုးတိုးသက်သာ ပြောရခြင်း ဖြစ်ပါတယ်။

နံနက်ရထားဖြင့် မန္တလေးသို့ပြန်ရန် စွန်းလွန်းဆရာတော် အား သွားရောက် ကန်တော့သောအခါ ဆရာတော်သည် သံဃာတော်များနှင့် အရဏ်ဆွမ်း ဘုဉ်းပေးနေပါတယ်။ ကျွန်ုပ်မှ ဆရာတော်အား ဝတ်ချ ကန်တော့သောအခါ စွန်းလွန်းဆရာတော် ဘုရားက -

' ဒကာသိန်းအောင် နိရောဓသမာပတ်ဆိုတာ အဟုတ်ရှိသော နာမ်တရားတွေအကုန်ချုပ်ကုန်တော့ ငြိမ်းအေးမှု သက်သက်ဖြင့် ခုနှစ်ရက်လုံးလုံး နေတာ ' ဟု မိန့်ကြားတော်မူလေရာ ဦးအာစိဏ္ဏ နှင့် ကျွန်ုပ်သည် အံ့အားသင့်စွာဖြင့် မှတ်သားခဲ့ရပါသည်။

ကျွန်ုပ်လည်း ဆရာတော်ဘုရား၏ တရားစကားအစဉ်တို့ကို စဉ်းစားဆင်ခြင်ကာ မန္တလေးသို့ ပြန်ခဲ့ပါသည်။ ကျွန်ုပ်၏ စိတ်အကြံအစည်ကို သိထားသကဲ့သို့ မမေးမြန်းဘဲ ရုတ်တရက်

ဖြေကြားလိုက်ခြင်း အတွက်လည်း အံ့သြခဲ့ရပါသည်။

အကုသိုလ်မဂ္ဂင်များ

မဂ္ဂင်(၈)ပါးကိုသာ လူသိများကြပေမယ့် တကယ်တော့ အကုသိုလ်မဂ္ဂင် (၄)ပါးလည်း ရှိပါတယ်။ ဒါတွေကတော့ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမနဲ့ မိစ္ဆာ သမာဓိတို့ ဖြစ်ပါတယ်။

မိစ္ဆာဒိဋ္ဌိ 'Wrong View' ဟာ အလွန် အရေးကြီးပါတယ်။ အမြင်မှား၊ အယူမှားရင် လမ်းမှားပေါ် ရောက်နေတဲ့ အတွက် တရားအသိဉာဏ် ပွင့်လင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီအတွက် တရားစ, ရှုမှတ်မယ်ဆိုရင် မှားနေတဲ့ ဒိဋ္ဌိအစွဲတွေကို အရင် ဖြုတ်နိုင်၊ ပယ်နိုင်မှ အကျိုးရှိမှာ ဖြစ်ပါတယ်။

အဓိက အမှား နှစ်ခုကတော့ တကယ်ရှိတဲ့ ရုပ်နာမ် ခန္ဓာပေါ်မှာ '*ငါ*' လို့ စွဲယူနေတဲ့ *သက္ကာယဒိဋ္ဌိ 'Self-illusion'* နဲ့ ဒီဘဝမှာ ဘာပဲလုပ်လုပ် အရေးမကြီးပါဘူး၊ ချမ်းချမ်းသာသာ နေရဖို့က အရေးကြီးတယ်။။ သေရင် ဘဝပြတ်စဲ သွားတယ်ဆိုတဲ့ *ဥစ္ဆေဒဒိဋ္ဌိ 'View of Extinction after life'* တို့ ဖြစ်ပါတယ်။ တစ်ခါ လူမှာ 'အတ္တ' ဒါမှမဟုတ် 'ဝိညာဉ်'ဟာ ဘယ်တော့မှ မပျောက်ပျက်ဘဲ ဘဝတစ်ခုမှ တစ်ခုကို ကူးပြောင်းနေတယ်ဆိုတဲ့ ထာဝရ အယူဝါဒ *သဿတဒိဋ္ဌိ 'Eternalism'* ဟာလည်း အယူမှား တစ်ခုပါပဲ။

မိစ္ဆာသင်္ကပ္ပ 'Worng thinking' ဆိုတာ မကောင်းတာတွေကို ကြံစည်တာဖြစ်လို့ တရားကိုယ်အားဖြင့် ဝိတက်စေတသိက်ဖြစ်ပါတယ်။ မကောင်းတဲ့အတွေးတွေ၊ အကြံအစည်တွေဟာ ခဏခဏ စိတ်ထဲမှာ လွှမ်းမိုးနေရင် ကြံစည်တဲ့အဆင့်ကနေ ကာယကံမြောက် ကျူးလွန်တဲ့ အဆင့်ထိ ရောက်သွား တတ်ပါတယ်။

မိစ္ဆာဝါယာမ 'Wrong Effort' ကလည်း မကောင်းတဲ့အရာမှန်သမျှ တလွဲကြိုးစားတဲ့ ဝီရိယစေတသိက် ဖြစ်ပါတယ်။ မှားတဲ့အယူ၊ မကောင်းတဲ့ အကြံအစည်ရှိတဲ့ ဒေဝဒတ်ဟာ နောက်ဆုံးမှာ မြတ်စွာဘုရားကို ကျောက်တုံးနဲ့ပစ်ချပြီး သတ်ဖြတ်ဖို့ ကြိုးစားတဲ့ မိစ္ဆာဝါယာမ အဆင့် ရောက်သွားတာကိုလည်း စာဖတ်သူများ တွေ့ရမှာ ဖြစ်ပါတယ်။

မိစ္ဆာသမာဓိ 'Wrong Concentration' ဆိုတာက မကောင်းတဲ့ နေရာမှာ တည်ကြည်တာ ဖြစ်ပါတယ်။ ဒဲ့အတွက် မြန်မာစကား မှာလည်း *'သမာဓိပိုးပိုးတယ်'* ဆိုပြီး ပြောကြပါတယ်။ တရားအားထုတ် တိုင်းလည်း ကောင်းတဲ့သမာဓိချည်း ဖြစ်မယ်လို့ ပုံသေပြောလို့ မရပါဘူး။ သတိပဋ္ဌာန်တရားကို နည်းမှန်လမ်းမှန်နဲ့ အားထုတ်မှ ကောင်းတဲ့ သမာဓိ ဖြစ်မှာပါ။

မှန်ကန်သောလမ်းမှာ လျှောက်လှမ်းနိုင်ဖို့

မြတ်စွာဘုရားမှ မဂ္ဂင်ရှစ်ပါးသည်သာ လမ်းမှန်ဖြစ်ပြီး

တခြားလမ်းမရှိဘူးဆိုတာကို ဓမ္မပဒမှာ အောက်ပါအတိုင်း ဖေါ်ပြထားပါတယ်-

'ဉာဏ်အမြင် စင်ကြယ်ရန်အတွက် အင်္ဂါရုစ်ပါးရှိသော လမ်းသည်သာလျှင် လမ်းမှန်ဖြစ်၏။ တခြားလမ်းမရှိ၊ သင်တို့သည် ဤလမ်းမှန်ကိုသာ လိုက်ကြကုန်လော့၊ ဤလမ်းသည်သာ မာရ်မင်း မမြင်နိုင်သောလမ်း ဖြစ်၏...'

This is the only path;

there is none other for the purification

of insight

this path,

and you will bewilder Mara.

စာဖတ်သူများ အားလုံးလည်း မှန်ကန်တဲ့ လမ်းပေါ်မှာ သတိလက်ကိုင်ထားပြီး လျှောက်လှမ်း နိုင်ကြပါစေ။ ဒီလို လျှောက်လှမ်းတဲ့ အခါမှာလည်း လောကဓံတရားတွေကို ကြုံကြုံခံနိုင်ဖို့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးရဲ့ ကဗျာလေးနဲ့ အမှတ်တရ တင်ပြလိုက်ရပါတယ်။

'အများအကျိုး ၊ ရွက်သယ်ပိုးက
ခန့်ခန့် ၊ ဆိုက်ရဲ့လည်း
မဖဲ့မစောင်း ၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ၊ ရှေးရှုနင်လော့ ...။'

ยวดยิ่งยง

အနုတ္တာသကော

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သိဒ္ဓတ္ထ မင်းသားဟာ တရားအသိဉာဏ် နိုးကြားပွင့်လင်းပြီး ဂေါတမ အမည်ဖြင့် **'ဗုဒ္ဓ'** အဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။

'ဗုဒ္ဓ' ဆိုတာ သစ္စာ ကို *'အနှိုင်းမဲ့သိသူ' 'The enlightened One'* လို့ အနက် ရပါတယ်။

ဗုဒ္ဓဟာ သစ္စာ *'Truth'* ကို အနှိုင်းမဲ့ သိမြင်သွားတယ် ဆိုတာလည်း သတ္တဝါတွေ အားလုံးအပေါ်မှာ ကြီးမားတဲ့ မေတ္တာ နှင့် ဂရုဏာ *'Loving kindness and compassion'* ထားရှိခဲ့လို့ ဖြစ်ပါတယ်။

ဝါဆိုလပြည့် ညဉ့်ဦးယံမှာတော့ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစက္ကာ ဟောကြားခြင်းဖြင့် ရှေးဘုရားရှင်တို့၏ သာသနာ ကွယ်ပြီးနောက် ပထမဦးဆုံးသော ဂေါတမဗုဒ္ဓရဲ့ သာသနာ စတင်ခဲ့ပါတယ်။

ဓမ္မစက္ကာ ဆိုတဲ့ သစ္စာစက်ဝန်းဖြင့် မိမိအယူဝါဒဟာ အစဉ်အမြဲတည်နေတယ် ဆိုသော သဿတဒိဋ္ဌိ လည်းမဟုတ်၊ ဘဝ ပြတ်စဲတယ်ဆိုသော ဥစ္ဆေဒဒိဋ္ဌိလည်း မဟုတ်ဘဲ အစွန်းမရောက်တဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ် ဖြစ်တဲ့ သမ္မာဒိဋ္ဌိ 'Right View' အယူဖြစ်ကြောင်းကို ဟောပြော ခဲ့ပါတယ်။

သစ္စာစကဝန်း ကိုပထမဦးဆုံးဟောကြားတဲ့ လပြည့်နေ့မှာ အရှင်ကောဏ္ဍညသည် တစ်ပါးတည်းသာ သောတာပန် အဖြစ်သို့ ရောက်ရှိသွားပါတယ်။ လပြည့်ကျော် တစ်ရက်နေ့တွင်မှ အရှင်ဝပ္ပ၊ လပြည့်ကျော် နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ လပြည့်ကျော် သုံးရက်နေ့တွင် အရှင်မဟာနာမ်၊ လပြည့်ကျော် လေးရက်နေ့တွင် အရှင်အဿဇိ မထေရ်တို့ အစဉ်အတိုင်း သောတာပန် ပထမမဂ် ရရှိကြပါတယ်။

အရှင် ကောဏ္ဍညလို တရားတပုဒ် အကျဉ်း ဟောခါမျှဖြင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီး သောတာပန် ဖြစ်သော ပုဂ္ဂိုလ်တို့ခှာ ရှိတော့ရှိတယ်၊ ရှားတယ်ဆိုတဲ့ အမျိုးအစားထဲ ပါဝင်နေပါတယ်။ ဝိသာခါ၊ အနာထပိဏ်တို့လည်း ထိုအမျိုးအစားတွင် ပါဝင်တယ်ဆိုတာကို ကျမ်းဂန်များမှာ ပြဆိုတားပါတယ်။ ကျန် ပဉ္စဝဂ္ဂီများကိုတော့ သဘောပေါက် နားလည်အောင် မိဂဒါဝုန်တောမှာ လေးရက်တိုင်တိုင် အကျယ်တဝင့် ဆွေးနွေး ပေးခဲ့ရပါတယ်။

ပန်းဦးဆရာတော် ဘဒ္ဒန္တဓောတ အရှင်သူမြတ်၏ အနုတ္တလက္ခဏသုတ် မြန်မာပြန်မှုမှာလည်း 'မြတ်စွာ ဘုရားရှင်သည် ပျိုမျစ်နုနယ်သော သူငယ်တို့ကဲ့သို့ ထိုပဉ္စဝဂ္ဂီတို့ကို စောင်မကြည့်ရှုတော်မူလျက် လပြည့်ကျော်တစ်ရက်နေ့မှစ၍ ဆွမ်းခံအံ့သောငှါ ရွာတွင်းသို့ ဝင်တော်မမူဘဲ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ မထေရ်သုံးပါး ယူဆောင်အပ်သော

ဆွမ်းကို ခြောက်ပါးမျှတစွာ သုံးဆောင်လျှက် ကျောင်းဌိုင်နေတော်မူ၏'လို့ ဖေါ်ပြထားပါတယ်။ ဒီစာစုလေးကို ထောက်ရှုပြီး မြတ်စွာဘုရား ဆွမ်းခံမကြွခြင်းဟာ ပထမတရားဦး ဟောစနေ့မှာ သောတာပန် မဖြစ်သေးသော ပဉ္စဝဂ္ဂီများကို ယုံမှားသံသယ ပယ်ဖျောက်၍ တရားအသိဉာဏ် ပွင့်လင်းဖို့ အကြိတ်အနယ် ရှင်းလင်း ပေးနေရတယ်လို့ ကောက်ချက်ချ နိုင်ပါတယ်။

ပဉ္စဝဂ္ဂီငါးဦးစလုံး ဝါဆိုလပြည့်ကျော် ငါးရက်နေ့မှာ သောတာပန်ဖြစ်ပြီးသောအခါမှာမှ မြတ်ဗုဒ္ဓက *'ရူပံဘိက္ခဝေ အနတ္တာ' 'Matter, Binkkhus, is not the self'* အစချီသော အနတ္တလက္ခဏသုတ်ကို ဝါဆိုလပြည့် ကျော်(၅)ရက် ဆဋ္ဌမမြောက် နေ့တွင် ဟောကြားခဲ့ပါတယ်။

သစ္စာစက်ဝန်းကို ဟောကြားခဲ့ခြင်းဖြင့် ဗုဒ္ဓရဲ့ ဒေသနာတော်များဟာ အိန္ဒိယပြည်တွင် ထိုစဉ်က ထွန်းကား နေသော ဘဝအဆက်ဆက် တည်ရှိနေသည်ဆိုသော သဿတဒိဋ္ဌိ *'Eternalism'* အယူဖြစ်သည့် ဂျိန်းဝါဒနှင့် ဘဝပြတ်စဲ သည့် ဆိုသော ဥစ္ဆေဒဒိဋ္ဌိ *'View of nihilism'* အယူဖြစ်သည့် စာဝကဝါဒများနှင့် ကွဲပြားခြားနားကြောင်း အထင်အရှား ပြသ နိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အိန္ဒိယပြည်မှာ ထိုစဉ်က အစဉ်အဆက် လက်ခံထားတဲ့ ဟိန္ဒူတို့၏ အတ္တဝါဒ အတွေး အမြင်များနှင့် ထိုဝါဒကို ယုံကြည်သောသချိုင်္ဂါ၊ ဉာယ၊ မီမံသ၊ ယောဂ စသော

ဒဿန ဂိုဏ်းများလည်း ရှိနေတဲ့အတွက် ဗုဒ္ဓရဲ့ဒဿန အမြင်များဟာ အတ္တဝါဒ ဒဿနအမြင်များနှင့် တူလေမလားလို့ ပဋ္ဌဝဂ်ိတွေမှာ ယုံမှားသံသယ ဝင်လာဖို့ ရှိပါတယ်။

ဒါကြောင့်မို့ ဗုဒ္ဓဟာ အိန္ဒိယပြည်မှာ ထွန်းကားနေသော မည်သည့်အတွေးအခေါ်၊ အယူအဆနှင့်မျှ မတူတဲ့ အနတ္တလက္ခဏာ သုတ်ကို ဟောကြားခဲ့တာဖြစ်ပါတယ်။

'ရူပံ ဘိက္ခဝေ အနတ္တာ' ဆိုသော ပါဠိကို 'ရဟန်းတို့ ရုပ်တရား အပေါင်းတို့သည် အစိုးမရ၊ မိမိအလို၊ သို့မဟုတ် မိမိဖြစ်ချင်တိုင်း မဖြစ်သော အနတ္တ အမှန်ပင်တည်း' လို့ ရေးပညာရှင်များက ပြန်ဆိုထားပါတယ်။

ရုပ်နှင့် အနတ္တသဘော

ဗုဒ္ဓရဲ့ *'ရုပ်' 'Matter'* နှင့် *'အနတ္တ' 'Self Less'* သဘောကို ရှင်းရှင်းလင်းလင်း နားလည်ဖို့ ဆက်လက်တင်ပြပေးပါ့မယ်။

'ရုပ်' ဆိုတာ 'ရူပ' မှဆင်းသက်လာတဲ့ ပါဠိသက်ဝေါဟာရလေးဖြစ်ပါတယ်။ အဘိဓာန်မှာ 'ရူပ' ကိုအဆင်းသဏ္ဌာန်၊ သရုပ်သဘောလို့ ဖွင့်ဆိုထားပါတယ်။ အနောက်နိုင်ငံမှ ပညာရှင်များက ရူပကို *Form* လို့ အင်္ဂလိပ်လို ပြန်ဆိုပေမယ့် ဗုဒ္ဓကျမ်းတတ် ပညာရှင်များက နှစ်သက် လက်ခံခြင်း မရှိတာကို တွေ့ရပါတယ်။ ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောက

မဟာထေရ်ကလည်း သူရဲ့ *ဗုဒ္ဓအဘိဓါန်ကျမ်း 'Buddhist Dictionary'* မှာ နာမရူပကို *အမည်နှင့် သဏ္ဌာန် 'Name and Form'* လို့ ပြန်ဆိုထားတာဟာ လုံးဝ မှားယွင်းပါတယ်လို့ အတိအလင်း ဆိုပါတယ်။

ပညာရှင် အများစုက ရုပ်ကို *'Matter'* လို့သာပြန်ဆို ကြသလို အချို့ကလည်း ဖြစ်တည်နေသော အမျိုးမျိုးသော ဝတ္ထုပစ္စည်း အားလုံးရဲ့ အခြေခံအရှိတရား *'Substance'* လို့ ပြန်ဆိုပါတယ်။

သေက္ခတောင် ဆရာတော် ဦးတိလောကရဲ့ *'အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီကျမ်း'* မှာ ရုပ်ကို *'ဖောက်ပြန်ခြင်း'* သဘောရှိ၍ *ရူပ=ရုပ်* လို့ခေါ်ဆိုပါတယ် *'* လို့ ပြဆိုထားပါတယ်။

ဆရာတော် အရှင်နန္ဒမာလာဘိဝံသမှ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန်မှာ *'ဖောက်ပြန်ခြင်း လက္ခဏာရှိသော သဘောတရားအားလုံးကို ဉာဏ်ဖြင့်တစ်စုတစ်ပေါင်းတည်း ပြု၍ ရုပ်အစု 'ရူပက္ခန္ဓာ' ဟုသိအပ်၏။* ထိုရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော ရူပဖွနုလက္ခဏာအားဖြင့် တစ်ပါးတည်းသာ ရှိသော်လည်း ဘူတရုပ်နှင့် ဥပါဒါရုပ်အားဖြင့် နှစ်ပါးရှိ၏ *'* လို့ ဖော်ပြထားပါတယ်။

အနုတ္တ လက္ခဏာသုတ်မှာတော့ ဗုဒ္ဓဟာ ရှိရှိသမျှ သက်ရှိအရာအားလုံးကို ခြုံငုံပြီး ရူပြင်တဲ့အခါ ခန္ဓာ ငါးပါးအစုအဖြစ်သာ မြင်ခဲ့ပါတယ်။ ခန္ဓာငါးပါးဆိုတာ -

(၁) *ရုပ်ခန္ဓာ - ရူပက္ခန္ဓာ 'Matter'*

(၂) *ခံစားမှုခန္ဓာ - ဝေဒနာက္ခန္ဓာ 'Feeling'*

(၃) *မှတ်သားမှုခန္ဓာ- သညက္ခန္ဓာ 'Perception'*

(၄) *ပြုပြင်စီရင်မှုခန္ဓာ - သင်္ခါရက္ခန္ဓာ 'Mental Formation'*

(၅) *သိမှုခန္ဓာ - ဝိညာဏက္ခန္ဓာ 'Consciousness'* တို့ဖြစ်ပါတယ်။

ခန္ဓာငါးပါးအစုကို ပေါင်းခြုံလိုက်သော *နာမရူပ* နှစ်ပါးသာ ရှိပါတယ်။ ရုပ်ခန္ဓာကို *ရုပ်အစု*၊ နာမ်ခန္ဓာလေးပါးကို *နာမ်အစု* လို့ မှတ်သား ထားနိုင်ပါတယ်။

ဗုဒ္ဓအဘိဓမ္မာမှာ 'ရုပ်' ကို အကျယ်အားဖြင့် (၂၈) မျိုး အကျဉ်းအားဖြင့် *မဟာဘူတရုပ် (၄)ပါး*နှင့် *ဥပါဒါ ရုပ် (၂၄)ပါး* ဆိုပြီး ပြဆိုထားပါတယ်။ *မဟာဘုတ်*ဆိုတာ ကြီးကျယ်သော အခြေခံရုပ်များလို့ အဓိပ္ပါယ် ရပါတယ်။ *ဥပါဒါရုပ်* ဆိုတာ မဟာဘုတ်ကို မှီတဲ့ရုပ် *'dependent or derivative material'* များ ဖြစ်ပါတယ်။

ရုပ်(၂၈)ပါးကို အဘိဓမ္မာမှာ *နိပ္ဖန္နရုပ်* ဆိုတဲ့ ကံ၊ စိတ်၊ ဥတု၊ အဟာရဆိုသော အကြောင်းတရား လေးပါးကြောင့်ဖြစ်တဲ့ သဘာဝရုပ်(၁၈)ပါးနှင့် *အနိပ္ဖန္နရုပ်* ဆိုတဲ့ အသဘာဝရုပ် (၁၀)ပါးလို့ ခွဲခြား ထားပါသေးတယ်။

ရုပ် ၂၈ ပါး *'28 Matter'*

နိပ္ပန္နရုပ်-၁၈ ပါး *'18 kinds of produced matter'*

မဟာဘုတ်(၄)ပါး: '4 Essential elements'

၁။ *ပထဝီဓာတ် 'Element of hardness'*

၂။ *အာပေါဓာတ် 'Element of cohesion'*

၃။ *တေဇောဓာတ် 'Element of heat'*

၄။ *ဝါယောဓာတ် 'Element of Motion'*

ပသာဒရုပ်(၅)ပါး: *'5 Sensitive material'*

၅။ *စက္ခုပသာဒ 'Sensitive eye'*

၆။ *သောတပသာဒ 'Sensitive ear'*

၇။ *ဃာနပသာဒ 'Sensitive nose'*

၈။ *ဇိဝှါပသာဒ 'Sensitive tongue'*

၉။ *ကာယပသာဒ 'Sensitive body'*

ဂိသယ(သို့မဟုတ်) ဂေါစရရုပ်(၇)ပါး: *'7 Sense-fields material objectives'*

၁၀။ *ရူပါရုံ 'Visible object'*

၁၁။ *သဒ္ဒါရုံ 'Sound'*

၁၂။ *ဂန္ဓာရုံ 'Odour'*

၁၃။ *ရသာရုံ 'Taste'*

အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ *'Tangible object'* ၊ ပထဝီ၊ တေဇော၊ ဝါယော ၊ *'hardness, heat,motion'*

ဘာဝရုပ်(၂)ပါး *'2 Sex'*

၁၄။ ကွတ္ထိဘာဝရုပ် *'Femininity'*

၁၅။ ပုမ္ဘာဝရုပ် *'Masculinity'*

သီးခြားရုပ်များ

၁၆။ ဟဒယရုပ် *'Heart-base'*

၁၇။ ဇီဝိတရုပ် *'Physical life'*

၁၈။ အာဟာရရုပ် *'Nutritive essence'*

အနိပ္ပန္နရုပ်(၁၀)ပါး *'10 kinds of non-produced matter'*

၁၉။ အာကာသရုပ် *'Element of space'*

ဝိညတ်ရုပ်(၂)ပါး *'2 Communicating'*

၂၀။ ကာယဝိညတ် *'Bodily intimation'*

၂၁။ ဝစီဝိညတ် *'Vocal intimation'*

ဝိကာရရုပ်(၅)ပါး *'5 Distinctive conditions of matter'*

၂၂။ ကာယသ လဟုတာ *'Lightness'*

၂၃။ ကာယသ မုဒုတာ *'Pliancy'*

၂၄။ ကာယဿ ကမ္မညတာ *'Wieldiness'*

- ကာယဝိညတ် *'Bodily intimation'*

- ဝစီဝိညတ် *'Vocal intimation'*

လက္ခဏရုပ်(၄)ပါး: ***'4 Salient marks of matter'***

၂၅။ ဥပစယ *'Integration'*

၂၆။ သန္ဆတိ *'Continuation'*

၂၇။ ဇရတာ *'Decay'*

၂၈။ အနိစ္စတာ *'Impermanence'*

ရုပ်(၂၈)ပါးတို့မှာ (၁)မှ(၁၈)အထိရုပ်များကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ပန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်လို့လည်း ခေါ်ပါတယ်။ **သမ္မာသန** ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး(၃)ပါးတင်ပြီး သုံးသပ်စီးဖြန်းလို့ရတဲ့ ရုပ်မျိုးလို့ အဓိပ္ပါယ်ရပါတယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသမှ ဘာသာဋီကာကျမ်းတွင် *'ရုပ်တို့သည်အချုပ် အားဖြင့် မဟာဘုတ် နှင့် ဥပါဒါရုပ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် မဟာဘုတ်ရုပ်များသည် အထည်ကိုယ် အမာခံ ရုပ်ဖြစ်၍ ဥပါဒါရုပ်များသည် အပေါ်ယံအမွမ်းတင်ရုပ်များတည်း'* လို့ ဖော်ပြထားတဲ့အတွက် မဟာဘုတ်ရုပ်ဆိုတာ *အခြေခံရုပ် 'Basic matter'* ဖြစ်ပါတယ်။ ဥပါဒါရုပ်ဆိုတာ *အပေါ်ယံအဆောက်အအုံ* ရုပ်

'Superstructure' သို့မဟုတ် မဟာဘုတ်ကို မှီ၍ ဖြစ်သော ရုပ်များ *'Derived matter'* လို့ခေါ်ဆိုနိုင်ပါတယ်။

အဘိဓမ္မာမှာ *မဟာဘုတ်ရုပ်လေးမျိုး* ရှိကြောင်း ပြဆိုထားပါတယ်။ ဒါတွေကတော့ -

(၁) *ပထဝီဓါတ်* *'Element of hardness'*

(၂) *အာပေါဓါတ်* *'Element of cohesion'*

(၃) *တေဇောဓါတ်* *'Element of heat'*

(၄) *ဝါယောဓါတ်* *'Element of motion'*

နားလည်လွယ်အောင်ဆိုရရင် ပထဝီဟာ အစိုင်အခဲ *'မြေဓါတ်'*၊ အာပေါဟာ အရည် *'ရေဓါတ်'*၊ တေဇော ဟာ အပူ *'မီးဓါတ်'*၊ ဝါယောဟာ လှုပ်ရှား ရုန်းကန်မှု ဆိုတဲ့ *'လေဓါတ်'* ဖြစ်ပါတယ်။

ပထဝီဟာ မာမှု ပျော့မှုသဘောဆိုပေမဲ့ ဒဿနပညာနှင့် သိပ္ပံပညာသဘောအရ အတိုင်းအဆပမာဏ ရှိခြင်း 'Element Of extension' ကိုဆိုလိုတာဖြစ်လို့ ကမ္ဘာ့ သာသနာပြုဆရာတော်ကြီး အရှင်သေဋ္ဌလမှ ၁၉၅၃ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ပို့ချသော *'အတ္တ'* နှင့် *'အနတ္တ'* *'Discourse on Self and SelfLess'* အကြောင်းမှာ အောက်ပါအတိုင်း ဟောပြောခဲ့ပါတယ်။

'ရုပ်တို့ရဲ့ အရင်းမူလ ပဓါနဓါတ်ဟာ ပမာဏ သဘော ပထဝီဓါတ်ပင်ဖြစ်သည်။ အာဃယ်ကြောင့် ဆိုသော် ထိုဓါတ်သည် အရာဝတ္ထုများကို အာကာသဟင်းလင်းပြင် အတွင်းတည်စေ၍

နေရာဌာန ရစေနိုင်သောကြောင့် ဖြစ်သည်...'

The element of extension is the fundamental principle of matter . It is this element which enables objects to occupy space.

အာပေါဟာ ရေဓါတ်ဖြစ်လို့ စေးကပ်ခြင်းသဘော ရှိပြီး တကွဲတပြားပြန့်ကျဲနေသော ရုပ်အမှုန် အဏုမြူ 'အက်တမ်'များကို အစုအခဲဖြစ်အောင် ပေါင်းစည်းပေးထားပါတယ်။ တေဇောဟာ အပူဓါတ်ဖြစ်လို့ ရုပ်ကိုရင့်ကျက်စေသော သဘောရှိပါတယ်။ ဝါယောဟာ လေဓါတ်ဖြစ်ပြီးလှုပ်ရှား၊ တွန်းထိုး၊ ထောက်ကန်သော သဘောရှိတယ်လို့ ဆရာတော်မှ ဖွင့်ဆိုရှင်းပြ ထားပါတယ်။

ဒီနေရာမှာ သီးခြားတည်ရှိနေသော အခြေခံရုပ်ကို *မဟာဘုတ်ရုပ်၊ 'The great element or matter'* အမှီမရှိဘဲ မတည်နိုင်သောရုပ်ကို *ဥပါဒါရုပ်လို့ 'Derived matter'* ခေါ်ခြင်းဖြစ်ပါတယ်။

ကျမ်းဂန်များမှာလည်း မဟာဘုတ်ရုပ် များသည် အချင်းချင်းလည်းတစ်ခုက ကျန်သုံးခုကို မှီနေရတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လည်း ဥပါဒါရုပ်လို့ မခေါ်နိုင် ဘူးလားလို့ စောဒကတက်ဖို့ အကြောင်း ရှိလာပါတယ်။ ယင်းကို အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသမှ မဟာဘုတ်ရုပ်ကိုဥပါဒါရုပ်လို့ မခေါ်ဆိုနိုင်ကြောင်း၊ အဘယ့်ကြောင့် ဆိုသော် ဥပါဒါ ရုပ်သည်မှီရုံသာ မှီတတ်၍ တစ်ပါးသော ရုပ်တို့၏

အမှီမခံရ၊ မဟာဘုတ်ရုပ်များကား အချင်းချင်း မှီတတ်သည့် အပြင် တခြားသောရုပ်များ၏ မှီခြင်းကိုပါ ခံရသည့်အတွက် ဆိုပြီး ဘာသာဋီကာကျမ်းမှာ ရှင်းပြထားပါတယ်။

ပဋ္ဌာန်း ဒေသနာတော်အရလည်း *သစ်ပင်နှင့်သူ၏အရိပ်* *'A tree and its shadow'* ဥပမာဖြင့် ရှင်းပြလို့ရပါတယ်။ သစ်ပင်နှင့်တူသော မဟာဘုတ်ရုပ်များဟာ အရိပ်ကိုပေးစွမ်းခြင်းအားဖြင့် ကျေးဇူးပြုပေမယ့် အရိပ်နှင့်တူတဲ့ ဥပါဒါရုပ်များကတော့ သစ်ပင်ကို ပြန်လည်ပြီး ကျေးဇူးမပြုနိုင်လို့ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ မဟာဘုတ် ရုပ်အချင်းချင်းသာ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုသော *အညမညပစ္စည်း* *'Mutual condition'* ရပြီး ဥပါဒါရုပ်များကတော့ အညမညပစ္စည်း မရရှိတာဖြစ်ပါတယ်။

ဗုဒ္ဓ အဘိဓမ္မာ၌သာ 'ရုပ်'ကို (၂၈)မျိုးခွဲခြား၍ အထက်ပါအတိုင်း အသေးစိတ် ရှင်းလင်းထားပြီး အနောက်တိုင်း ဒဿနနယ်ပယ်နှင့်သိပ္ပံပညာ၌ ဤမျှပြည့်စုံ ကောင်းမွန်အောင် ရှုမြင်ထားသော 'ရုပ်' အမြင်မရှိတာကို စာဖတ်သူများ နှိုင်းယှဉ်ကြည့်လို့ရပါတယ်။

အဝိနိမ္ဘောဂရုပ်

ကျွန်တော် ဆက်လက်ပြီး တင်ပြလိုတာက အလွန် ထူးခြားအံ့သြဖွယ်ကောင်းတဲ့ ဗုဒ္ဓရဲ့ 'ရုပ်အမြင်' ဖြစ်တဲ့ *အဝိနိဗ္ဘောဂရုပ်* ဖြစ်ပါတယ်။ ဘယ်လိုမှ ခွဲခြား၍မရနိုင်အောင် တစ်စုတစ်စည်း

တည်း ရှိသောကြောင့် အဝိနိဗ္ဘောဂ *'Non-seperatable matter'* လို့ခေါ်တာ ဖြစ်ပါတယ်။

ပထဝီ ၊ တေဇော၊ အာပေါ ၊ ဝါယော ဆိုတဲ့ မဟာဘုတ် လေးပါးနှင့် *အဆင်း 'Colour'၊ အနံ့ 'Odour'၊ ရသ 'Taste'၊ သြဇာ 'Nutritive essence'* ၄မျိုး၊ ပေါင်း(၈)မျိုးဟာ တစ်ခုနဲ့တစ်ခု ခွဲခြားမရတဲ့ 'ရုပ်ကလာပ်' လေးအဖြစ် ပေါင်းစည်းလို့နေနေပါတယ်။

အဝိနိဗ္ဘောဂရုပ် = မဟာဘုတ်လေးပါး + ဝဏ္ဏ + ဂန္ဓ + ရသ + သြဇာ

အခြေခံရုပ်ကလာပ်လေးဟာ *ကံ 'kamma'၊ စိတ် 'mind'၊ ဥတု 'Temperature'၊ အာဟာရ 'Nutrition'* ဆိုတဲ့ အကြောင်းလေးပါး ပေါင်းဆုံလို့ ဖြစ်ပေါ်လာတာပါ။ ဒါပေမဲ့ ဒီလို ခွဲခြားလို့မရတဲ့ ရုပ်ကလာပ်တွေ ကြားမှာတောင် *အာကာသ အကြား 'space'* ဆိုတာ ရှိပါတယ်။

သေကျွေတောင် ဆရာတော်ဦးတိလောကရဲ့ *ပဏိတ ဝေဒနိယ ဒီပနီကျမ်း*မှာလည်း ရုပ်တရား များကို ရှုမြင်ထား တာဟာ အလွန် ပြည့်စုံတာကို တွေ့ရတဲ့အတွက် ဆရာတော်ရဲ့ အရေးအသား အတိုင်း ကျွန်တော် တင်ပြလိုပါတယ် ...

'တပည့်တို့ ရုပ်ခါတ် ငါးပါး 'ပထဝီ ၊ တေဇော ၊ အာပေါ ၊ ဝါယော ၊ အာကာသ' တို့ကို အဘိဓမ္မာ နည်းအားဖြင့်

ဤသို့ဝေဖန် ကြည့်ရှုရမည်။ ခက်မာခြင်းဖြစ်သော အဖတ် သဘောလေးကို ပရမတ်မြေခါတ်၊ စိုစွတ်ခြင်းဖြစ်သော အရည် သဘောကို ပရမတ်ရေခါတ်၊ ပူခြင်းအေးခြင်း ဖြစ်သော ထက်မြက်သော အရိုန်သဘောလေးကို ပရမတ်မီးခါတ်၊ လွှင့်ခြင်း တိုးဝှေ့ခြင်း ဖြစ်သော အဟုန် သဘောလေးကို ပရမတ် လေခါတ် လို့မှတ် ...

'အဖတ်နှင့် အရည်သဘောတို့ကား အထည် ဝတ္ထုသဘော ဖြစ်ပြီး အရိုန်သဘော အဟုန်သဘောကား သတ္တိ သဘော ပင်ဖြစ်တယ် ...'

'ရှေးဦးစွာ ပရမတ္ထအစစ် ခါတ်ကြီးလေးပါး တို့၏ သဘော လက္ခဏာကို ကောင်းမွန် သေချာစွာ မှတ်ကြ တပည့်တို့...' လို့ရေးသား တင်ပြထားပါတယ်။

ပဋ္ဌာန်း ဒေသနာတော်မှာလည်း ပထဝီ ၊ တေဇော ၊ အာပေါ ၊ ဝါယော ဆိုသောခါတ်ကြီးလေးပါး တွေဟာ အတူတကွဖြစ်ပေါ်ပြီး ကျေးဇူးပြုသော *သဟဇာတပစ္စည်း 'Conascence Condition'* ၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသော *အညမညပစ္စည်း 'Mutuality Condition'*၊ တည်ရာမှီရာအဖြစ် ကျေးဇူးပြုသော *နိဿယပစ္စည်း 'Dependence Condition'*၊ ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုသော *အတ္ထိပစ္စည်း 'Presence Condition'* နှင့် မကင်းခြင်း အားဖြင့်ရှိသော *အဝိဂတပစ္စည်း 'Non-disappearance*

Condition' စသော ပစ္စည်းငါးမျိုးပြုင်ပြီး ကျေးဇူးပြုပါတယ်။

ဒီလို အချင်းချင်း ကျေးဇူးပြုပြီး တစ်ပါးကိုတစ်ပါး မှီတွယ် အားထားလျက် တစ်ပေါင်းတစ်စုတည်း ဖြစ်သော ဓါတ်ကြီး လေးပါး အစုအခဲကလေးတစ်စုကို *ရုပ်ကလာပ်လေး 'The smallest physical unit'* တစ်ခုလို့ ခေါ်တာ ဖြစ်ပါတယ်။ အဘိဓမ္မာမှာ ရုပ်ကလာပ်ကို *ရုပ်စည်း 'Physical bond'* လို့လည်း ခေါ်ပါတယ်။

အံ့ဩဖွယ် ကောင်းလှသည်မှာ ရုပ်ကလာပ်တစ်စုဟာ ရုပ်စည်းတစ်ခုဖြစ်ကြောင်း လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓမှ ရှုမြင် ဟောထားခဲ့သည်ကို ၂၀ ရာစုတွင်မှ သိပ္ပံပညာရှင် တို့သိရှိခဲ့ခြင်း ဖြစ်ပါတယ်။

နျူကလီးယား သိပ္ပံအမြင်

၁၉၁၁ ခုနှစ်မှာ *သိပ္ပံပညာရှင် ရာသာဖို့ဒ် 'Rutherford'* ဟာ ရုပ်တွေရဲ့ အခြေခံဖြစ်တဲ့ *အက္ခာမြူသီအိုရီ 'Atomic Theory'* ကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီသီအိုရီအရ အက္ခာမြူ အက်တမ်တစ်ခု အတွင်းမှာ လျှပ်စစ်ဓါတ် ၉၉ ရာခိုင်နှုန်း ကျော်ကို ထုတ်ပေးနိုင်တဲ့ *နျူကလီယဝတ်ဆံ 'Nucleus'* ရှိပြီး ယင်း ဝတ်ဆံကို ဆန့်ကျင်ဘက် အမှုန်များက ဝိုင်းရံရစ်ပတ်လျက် ရှိတယ်လို့ ဆိုပါတယ်။

ဒိန်းမတ်နိုင်ငံသား ရူပဗေဒပညာရှင် *နီးဘိုးလ် 'Nee Bohl*

ကလည်း သူရဲ့ထင်ရှားလှတဲ့ အက်တမ် သီအိုရီကို ၁၉၁၃ ခုနှစ်တွင်တင်ပြ နိုင်ခဲ့ပါတယ်။ သူရဲ့သီအိုရီအရ အက်တမ်တစ်လုံးမှာ လျှပ်စစ်အဖိုဆောင်သော နျူကလိယ *'Nucleus'*ကို *အမအီလက်ထရွန် 'Electron'* တွေဟာ စက်ဝိုင်းပတ်လမ်းသာမက ဘဲဥပုံပတ်လမ်းဖြင့်လည်း လှည့်ပတ်နေပါတယ်။ နျူကလိယမှာ လျှပ်စစ်အဖိုဆောင်သော *ပရိုတွန် 'Proton'* နှင့် အဖိုအမ မဟုတ်သော *နျူထရွန် 'Neutron'*များ ရှိပါတယ်။

နျူကလိယကို လှည့်ပတ်နေသော အီလက်ထရွန်များ ပတ်လမ်းအတွင်းမှလွတ် ထွက်မသွားစေရန် ကမ္ဘာနှင့်ဂြိုလ်များကို နေက ထိန်းထားသည့်အတိုင်း ဒြပ်ဆွဲအားဖြင့် ထိန်းထားပါတယ်။ရာသာဖို့ဒ်နှင့် နီးလ်ဘိုးတို့ရဲ့ တင်ပြချက် အရ *အက္ခုမြူ 'atom' ဟာ ရုပ်ကလေးတွေနဲ့ ပေါင်းစပ် ဖွဲ့စည်းထားတဲ့ 'ရုပ်စည်း' သာဖြစ်ကြောင်း* တွေ့ရပါတယ်။

အထက်ပါ တွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ဓါတ်ခွဲခန်းမရှိ၊ အဏုကြည့်မှန်ဘီလူး မရှိဘဲ ဗုဒ္ဓရှုမြင်သုံးသပ်နိုင်ခဲ့တာကို ယခုမှသာ *Nuclear science* ပညာဖြင့် ရှင်းလင်း ဖော်ပြနိုင်တာဟာ အံဖွယ်ဖြစ်ရပ်သာ ဖြစ်ပါတယ်။

ဆက်လက်၍ ဗုဒ္ဓရဲ့ ရုပ်အမြင်ကို သေကျွေတောင် ဆရာတော်ဦးတိလောကမှ ပထဝီ၊ ရူပ ရုပ်ကလာပ်များ ဖွဲ့စည်းပုံ အသေးစိတ်နှင့် တင်ပြထားတာဟာ အလွန် ရင်သပ်ရှုမောဖွယ် ဖြစ်ပါတယ်။

'အခြေခံ ရုပ်ကလာပ်ကို ပရမတ္ထရုပ်ကလာပ်ဟု မှတ်ကြ၊ ပရမတ္ထရုပ်ကလာပ် မည်သည် တစ်ပါးကို တစ်ပါး မမှီတွယ်ရဘဲ မဖြစ်နိုင်၊ မတည်နိုင်ကြသောကြောင့် တစ်ပါးနှင့်တစ်ပါး ခွဲခြားမရသော အဝန်ဇော်ဂဇာအားဖြင့် စုစည်း၍ နေကြသလို သဟဇာတ သဘောဖြင့် အတူတကွ တပြိုင်တည်း ဖြစ်ပေါ်ပြီး တစ်ပါးပျက်လျှင် အတူတကွ တစ်ပြိုင်နက်တည်း ပျက်ကြ၏'

'ပရမတ္ထ ရုပ်ကလာပ်မှာလည်း မြေဓါတ် လွန်ကဲသော ရုပ်ကလာပ်၊ ရေဓါတ် လွန်ကဲသော ရုပ်ကလာပ်၊ မီးဓါတ် လွန်ကဲသော ရုပ်ကလာပ်၊ လေဓါတ် လွန်ကဲသော ရုပ်ကလာပ် ဟုအထင်အရှား လေးမျိုးရှိ၏'

'လောကဥ္စိလူတို့သည် တစ်ယောက်တည်း မနေဘဲ အိမ်များစွာ စုပေါင်း၍ ရွာဖွဲ့၊ မြို့ဖွဲ့၍ နေသကဲ့သို့ ပရမတ္ထ ရုပ်ကလာပ် လေးတွေလည်း များစွာများစွာ ပေါင်းစုနေသောကြောင့် *သမူဟကလာပ်* လို့မှတ်ကြ ...'

'မြေဓါတ် လွန်ကဲသော ပရမတ္ထ ရုပ်ကလာပ်ပေါင်း သိန်း၊ သန်း၊ ကုဋေလောက် သမူဟကလာပ်များ ပေါင်းစု ဖွဲ့ကြလျှင် ပရမာ အဏုမြူဖြစ်လာပြီး အထည်ပမာဏမှာ ဦးခေါင်းက သန်းတစ်ကောင်ကို ခုနှစ်စိတ်စိတ်သော် တစ်စိတ်စာသည် လိက္ခာ မည်သော ပိုးတစ်ကောင်နှင့် ညီမျှ၏။

လိက္ခာပိုး 'Flea' ဆိုသည်မှာ လူတို့ အရေပြားတွင် ဝဲနာ၊ ယားနာကို ဖြစ်စေသော ပိုးဖြစ်၏။ ထို ပိုး တစ်ကောင်ကို

၃ဖစိတ် စိတ်၊ တစ်စိတ်စာသည် *ရထရေကျုမြူ* တစ်ခုနှင့် ညီမျှ၏။

ရထရေကျုမြူ တစ်လုံးကို ၃ဖစိတ် စိတ်သော် တစ်စိတ် စာသည် *တဒ္ဒရီမြူ*တစ်ခု။

တဒ္ဒရီမြူ တစ်ခုကို ၃ဖ စိတ်စိတ်သော် တစ်စိတ် စာသည် *အဏုမြူ* *'Atom'* တစ်ခု။

အဏုမြူတစ်လုံးကို ၃ဖ စိတ်စိတ်သော် တစ်စိတ် စာသည် *ပရမာဏုမြူ* *'Particle'* တစ်လုံး။

ဒါ့ကြောင့်မို့ ဗုဒ္ဓရဲ့ဏူကလိယ အမြင်သည်လွန်စွာ အဆင့်အတန်း မြင့်မားတာကို စာဖတ်သူများ တွေ့ရှိရမှာ ဖြစ်ပါတယ်။

'ရူပံ ဘိက္ခဝေ အနတ္တာ'

ဗုဒ္ဓရဲ့ စကြာဝဠာ အမြင်အရ အရာရာ မှန်သမျှမှာ *အစစ်အမှန်တရား* *'Reality'* ဟာ တစ်ခုတည်း တစ်မျိုးတည်း ရှိတဲ့အတွက် *'ဧကောဓမ္မော'* *'Only one'* လို့ ရှုမြင်ထားပါတယ်။

သဘာဝ သို့မဟုတ် အစစ်အမှန် တရားဟာ တစ်ခုတည်း ဖြစ်ပေမယ့် ရှုမြင်ချဉ်းကပ်ပုံနှင့် သုံးနှုန်းသော ဘာသာစကား ကွဲပြားမှုကြောင့်သာ သဘောချင်း မတူတာလို့ ယူဆနေကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဏူကလီးယားသိပ္ပံရဲ့ *ဒြပ်* *'mass'* ဆိုတဲ့ အရာဟာ ဗုဒ္ဓဓမ္မမှာ *ပထဝီ* *'Element of hardness'* နဲ့ အတူတူ ဖြစ်ပါတယ်။

သိပ္ပံပညာရှင်တွေဟာ *'ရုပ်' 'matter'* ကိုအထပ်ထပ် ခွဲစိတ် ရှာဖွေကြည့်တဲ့အခါ သူတို့ ယူဆထားတဲ့ *အနှစ်အဆိ 'Essence'* နဲ့ ထာဝရ အတ္တသဘော *'Eternal soul'* ကိုရှာလို့မတွေ့ကြပါဘူး။ ဒီအခါမှ အစက ရုပ်မှာဒြပ်ထုရှိတယ်၊ ဒြပ်ထုထဲမှာ အလေးချိန်ရှိတယ်လို့ ထင်ခဲ့တာတွေဟာ ဘာတစ်ခုမှ မဟုတ်ပါလားလို့ သိလာကြပါတယ်။

ယခုအခါမှာ *'ရုပ်'* ကို *'စွမ်းအင်' 'Energy'* အဖြစ်သာ ရှုမြင်လာကြပါတယ်။ စွမ်းအင်မှာ ဒြပ်ထုသဘော *'mass'*၊ အလေးချိန် *'Weight'*၊ လားရာ *'Dimension'* နဲ့ အဆင်းသဏ္ဌာန် *'Form'* တစ်ခုမှ မရှိတဲ့အတွက် ရူပဗေဒ ပညာရှင် တွေဟာ *'ရုပ်သည် ဖြစ်တည်ခြင်းမရှိ' 'Matter does not exist'* လို့ ဝမ်းနည်းဖွယ် ဆိုလာကြရပါတယ်။

ရုပ်နှင့်ဆက်စပ်တဲ့ ရှေးအယူအဆ အားလုံးဟာလည်း မဒမ်ကျူရီ၊ ရာသာဖို့ဒ်နဲ့ အိုင်းစတိုင်းတို့ရဲ့ *ရေဒီယို ဓါတ်သတ္တိကြွမှု 'Radioactivity'*၊ *အက်တမ်ဖွဲ့စည်းမှု 'Atom Structure'* နဲ့ *နှိုင်းရသီအိုရီ 'Relativity Theory'* တွေ့ရှိမှုများကြောင့် လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ သိပ္ပံကမ္ဘာမှာ အတ္တ *'ထာဝရ အထည်ဒြပ်'* ဆိုတဲ့ အယူအဆဟာ လုံးဝပပျောက်သွားခဲ့ပါတယ်။

In the scientific world, the concept of substance is wholly lacking.

'ရူပ် ဘိက္ခဝေ အနတ္တာ' လို့ ဗုဒ္ဓဟောကြားခဲ့ တာကို နှစ်ပေါင်း ၂၅၀၀ ကျော်မှသိပ်ပံ ပညာရှင်များက အစိတ်စိတ် အမြွှာမြွှာ စူးစမ်းရာဖွေပြီး *'ရုပ်ဆိုသည်မှာ အနှစ်အဆံမရှိ၊ မြဲသောအရာမဟုတ်' လို့သိရှိခဲ့တာဖြစ်ပါတယ်။* ဗုဒ္ဓ ဟောကြားခဲ့ သော စကားတွေဟာ မျက်မှောက်တွေ့ရှိတာတွေနဲ့လည်း ကိုက်ညီမှု ရှိပါတယ်။

ဆေးပညာရှင်များရဲ့ 'ရုပ်' အပေါ်လေ့လာတွေ့ရှိချက်

ဆေးပညာရှင်များ အထူးသဖြင့် ခန္ဓာဗေဒပညာရှင်များရဲ့ ရှုထောင့်ကိုလည်း ထည့်သွင်းဖော်ပြပေးမှ ပြည့်စုံမှာမို့ ဆက်လက် တင်ပြပေးပါ့မယ်။ ဆေးပညာရှင်များရဲ့ လေ့လာတွေ့ရှိချက်များ အရ လူ့ ခန္ဓာကိုယ်ဟာ သာမန်မျက်စိဖြင့် မမြင်မတွေ့နိုင်သော အလွန်အလွန် သေးငယ်ပေါ့ပါးလွန်းတဲ့ အဏုမြူမှုန်ကလေးများဖြင့်သာ ဖွဲ့စည်း တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ၄င်း အဏုမြူမှုန်လေးတစ်ခုကို *အက်တမ် 'Atom'* အမည် ပေးထားပြီး ထပ်မံ၍ *ပရိုတွန် 'Proton'၊ နျူထရွန် 'Neutron'* နှင့် *အီလက်ထရွန် 'Electron'* တို့အဖြစ် ခွဲခြမ်းစိတ် ဖြာထားပါတယ်။

အက်တမ် တစ်ခုထက် ပိုပွားများလာပြီး ပေါင်းစပ် ကြီးထွား လာပါက *မော်လီကျူး 'Molecule'* လို့ ခေါ်ပါတယ်။ ပမာ

ဆိုရပါက ဟိုက်ဒြိုဂျင်အက်တမ်(၂)ခုနှင့် အောက်စီဂျင် အက်တမ်(၁)ခုတို့ ပေါင်းစည်း၍ ရေ *'H_2O'* မော်လီကျူးတစ်ခု ဖြစ်လာပါတယ်။ သို့ဖြင့် မော်လီကျူးများ စနစ်တကျဖွဲ့စည်းမှုပြုသောအခါ ဆဲလ် *'cell'* ဟုခေါ်သော ကလာပ်စည်းတစ်ခု ဖြစ်လာပါတယ်။

လူခန္ဓာကိုယ်ဟာ ကလာပ်စည်း ထရီလီယံ၅၀ကျော် ခန့်ဖြင့် ဖွဲ့စည်း တည်ဆောက်ထားပါတယ်။ တစ်မိနစ်အတွင်း ကလာပ်စည်းပေါင်း 'ဒု-ဘီလီယံ' ခန့် သေကြေပျက်စီးနေကြသလို တစ်ချိန်တည်းမှာပင် ကလာပ်စည်းအသစ် 'ဒု-ဘီလီယံ' ကိုလည်း အညီအမျှ အစားထိုး ထုတ်လုပ်လျက်ရှိပါတယ်။

'ပကတိမျက်စိနဲ့ မမြင်ရတဲ့ ဆဲလ်လေးတွေကို *Electronic Microscope* နဲ့ ကြည့်တဲ့အခါ ပရိတိုပလာဇမ် *'Protoplasm'* ခေါ်တဲ့ သက်ရှိအခြေခံရုပ်ကလေးများ သန်းပေါင်းများစွာပါဝင်နေပါတယ်။

စက်ရုံ၊ ရုံး၊ ကျောင်း၊ ဘူတာတွေ အမျိုးစုံ ပါဝင်နေတဲ့ အဂၢါစုံ မြို့ကြီးတစ်မြို့ အတွင်းမှာ လူတွေ သွားလာလှုပ်ရှားအလုပ်လုပ် နေတာတွေကို ကောင်းကင်ကနေ တွေ့မြင်ရသလို၊ ပရိတိုပလာဇမ်ထဲမှာ ပါဝင်တဲ့ ရုပ်နုကလေးတွေဟာလည်း အလုပ် လုပ်နေတာကို တွေ့ရပါတယ်။

ဆေးသိပ္ပံ ပညာရှင်တို့ရဲ့ လက်တွေ့ တွေ့ရှိချက်အရ ရုပ်နု

ကလေးများဟာ ခုန်ခုန်နေတာကို တွေ့ရပါတယ်။ တစ်နေရာက ခုန်လိုက် ပျက်သွားလိုက်၊ တစ်နေရာမှာ အသစ် ဖြစ်လိုက်၊ ပျက်သွားလိုက် ဖြစ်နေတာကို တွေ့ရပါတယ်။

ခုန်တယ်လို့ ထင်ရပေမယ့် အမှန်တော့ ဖြစ်ပေါ်ပြီးတော့ ချက်ချင်းပဲ ရုတ် ခနဲ ရုတ်ခနဲ ပျက်ပျက်သွားတာကို ခုန်နေတယ်လို့ မြင်နေရတာပါ။ ရုပ်နုလေး တစ်ကြိမ် ခုန်လိုက်လျှင် နာနိုတစ်စက္ကန့်သာ ကြာပါတယ်။ *နာနိုတစ်စက္ကန့် 'Nano one second'* ဟာ ကျွန်တော်တို့ အခုသုံးနေတဲ့ နာရီ တစ်စက္ကန့်ရဲ့ သန်းပေါင်း တစ်ထောင်ပုံ တစ်ပုံလောက်ပဲ ရှိပါတယ်။

လူရဲ့ မူလအစဟာလည်း *အဖို ကလာပ်စည်း 'sperm'* နှင့် *အမကလာပ်စည်း 'ovum'* တို့ ပူးပေါင်းကြရာမှ *'သန္ဓေအောင်ဉ' 'zygote'* ကလာပ်စည်းတစ်ခု အဖြစ် စတင် အခြေပြု ဖြစ်ထွန်းလာတာပါ။ ၄င်း ကလာပ်စည်းဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို အမှီပြုလျက် တစ်ခုနှင့်နှစ်ခု၊ နှစ်ခုမှ လေးခု၊ လေးခုမှ ရှစ်ခု၊ ရှစ်ခုမှ ဆယ့်ခြောက်ခု အရှိန်မပြတ်၊ အလျဉ်မပြတ် ကွဲပွား ကြပါတယ်။ ဒီလို ကွဲပွားရာမှာ အသွင်အပြင်လက္ခဏာနှင့် လုပ်ငန်း ဆောင်ရွက်ချက် တူသော ကလာပ်စည်း အချင်းချင်း ပေါင်းစည်းပြီး *တစ်သျှူး 'Tissues'* ဖြစ်လာပါတယ်။

အရေပြားကလာပ်စည်းလေးများ ပေါင်းစည်းက *အရေပြား*

တစ်သျှူး 'Skin tissue'၊ ကြွက်သား ကလာပ်စည်း လေးများ ပေါင်းစည်းက *ကြွက်သားတစ်သျှူး 'muscle tissue'*၊ အာရုံကြော ကလာပ်စည်းလေးများ ပေါင်းစည်းက အာရုံကြော *တစ်သျှူး 'Nerrous tissue'* ဖြစ်ပေါ် လာပါတယ်။

ဒီလို မတူသော တစ်သျှူးအစုတို့ ထပ်မံ ပေါင်းစည်းတဲ့ အခါ အင်္ဂါ *'Organ'* ဆိုသော နှလုံး၊ အဆုပ်၊ အသည်း၊ သရက်ရွက် အင်္ဂါကြီးငယ် အသွယ်သွယ်နှင့် ခေါင်း၊ ခါး၊ ကိုယ်၊ လက် အင်္ဂါအစုစုတို့ ဖြစ်ထွန်း လာပါတယ်။

တစ်ကယ်တော့ လူဆိုတာ အရင်းစစ်က ကလာပ်စည်း အစုသာဖြစ်ပါတယ်။ ကလာပ်စည်း အစုအား 'လူ' လို့ သမုတ်ထားတာဖြစ်လို့ *လူဆိုတဲ့ အမည်ဟာ ပညာတ်သက်သက် ဖြစ်ပြီး ပရမတ်သဘောအရ ဓာတ်လေးပါး အပေါင်းအစုသာ ဖြစ်ပါတယ်။*

ဒီ ဓာတ်လေးပါး အပေါင်းစုဟာလည်း ခိုင်မြဲစွာ တည်တဲ့ နိုင်စွမ်းမရှိဘဲ ခဏတိုင်းဖြစ်ပြီး ခဏတိုင်းပျက်ကာ စဉ်ဆက်မပြတ် 'ဖြစ်ပျက်' တရစပ်ဖြင့် ရှေ့ဆက်ကြပါတယ်။

မွေးစမှ အရွယ်ရောက်ချိန်ထိတိုင် ကလာပ်စည်းလေးများသည် ဖြစ်နှုန်းများ၍ ပျက်နှုန်းနည်းပါတယ်။ လူလတ်ပိုင်းတွင်မူ ဖြစ်နှုန်းနှင့်ပျက်နှုန်းဟာ ညီမျှလာပြီး လူကြီးပိုင်းမှာ ပျက်နှုန်း ပိုများလာပါတယ်။ ဒီလို ပျက်နှုန်း ပိုများလာတဲ့အပြင်

ကလာပ်စည်းလေးများရဲ့ အရည်အသွေးပါ ကျဆင်း လျော့နည်း လာလို့ ဓရာ *'Aging'* ဖြစ်ပေါ်လာတာပါ။

ဒါ့ကြောင့်မို့ အရေးကြီးသော အင်္ဂါ အစိတ်ပိုင်းများကို တည်ဆောက်ထားတဲ့ ကလာပ်စည်းများရဲ့ ရှင်ရေးလုပ်ငန်းများ ရပ်စဲသွားသောအခါ သေခြင်း 'မရဏ' ဖြစ်ပေါ်လာပါတယ်။

ဒါကြောင့်မို့ *'လူ'* ဟာ တကယ်မရှိဘဲ *'ကလာပ်စည်းအစု'* သာ ရှိပါတယ်။ ဒီ ကလာပ်စည်း အစုဟာလည်း ဖောက်ပြန် ပြောင်းလဲ နေသော ဓာတ်လေးပါး အပေါင်းအစုသာ ဖြစ်တာကို ဆေးပညာရှင်များ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်တင်ပြ အပ်ပါတယ်။

ဗုဒ္ဓရဲ့ ရပ်အမြင်

ဗုဒ္ဓဟာ သိပ္ပံပညာရှင်များ မသိရှိမီကတည်းက ခန္ဓာငါးပါးကို *စွမ်းအင်* 'Energy' များအဖြစ် ရှုမြင် ထားပါတယ်။

ရုပ် 'matter' ကိုသာမက *ဝေဒနာ 'Feeling'*၊ *သညာ 'Perception'*၊ *သင်္ခါရ 'Mental formation'* နှင့် *ဝိညာဉ် 'Consciousness'* တို့ကိုလည်း စွမ်းအင်များအဖြစ် ရှုမြင် ထားတာကို *ပဋ္ဌာန်းဒေသနာတော် 'The Conditional Relations of cause and effect'* မှာလည်း တွေ့ရှိနိုင်ပါတယ်။

ပဋ္ဌာန်းအနုန္တရပစ္စည်းမှာ -

စက္ခု ဝိညာဏဓါတု တံသမ္ပယုတ္တကာစ ဓမ္မာ မနော ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော မနောဓါတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော... 'လို့ ဟောထားတဲ့အတွက် *စက္ခုဝိညာဏဓါတု 'Eye-consciousness element'*၊ *မနောဓာတု 'Mind-element'*၊ *မနောဝိညာဏဓာတု 'Mind-consciousness element'* တို့ကို 'ဓါတ်' သို့မဟုတ် 'စွမ်းအင်' အဖြစ် ရှုမြင်ထားတာ ဖြစ်ပါတယ်။

စွမ်းအင်ဟာ ဖျက်ဆီးလို့၊ ဖျောက်ဖျက်လို့မရတဲ့ ပရမတ္ထ သစ္စာလို့ သိပ္ပံပညာရှင်များက လက်ခံထား ပါတယ်။ ဒီအတွက် သံသရာဝဲဂယက်မှာ သံယောဇဉ်နွယ်တွေနဲ့ ရစ်ပတ် နှောင်ဖွဲ့ ကျင်လည်နေတဲ့ သတ္တဝါတွေဟာ *တဏှာ 'attachment'* ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မရောက်မချင်း ခန္ဓာအစဉ် မပြတ်ဘဲ ဖြစ်နေတာဟာ စွမ်းအင်တည်မြဲမှု နိယာမ *'Law of Energy Conservation'* အရလို့လည်း ပြောနိုင်ပါတယ်။

ဘဝပြဿနာများနှင့်
ဘုရားတရားသာ

ဘဝဖြစ်တည်မှုနှင့် အနတ္တဒေသနာ

(၁)

'ချစ်ခင်စုံမက်၊ နှစ်သက်ဖွယ်ဟူသမျှနဲ့ နောက်ဆုံးမှာ ကွေကွင်းရမှာပဲလို့ ငါပြောပေါင်း များလှပြီ အာနန္ဒာ၊ မြဲတယ်ဆိုတာ ဘာတစ်ခုမှမရှိဘူး…'(ပရိနိဗ္ဗာန သုတ်)

ဘဝဆိုတာ *မဟာသမုဒ္ဒရာ 'The Great Ocean'* လို အလွန်တရာ နက်နဲပြီး ကျယ်ပြော ဆန်းကြယ်လှတဲ့အတွက် အတွေး အခေါ်ပညာရှင်ကြီးတွေဟာ ဘဝရဲ့ဖြစ်တည်မှုကို ရှုထောင့် အမျိုးမျိုးမှ သုံးသပ် လေ့လာခဲ့ကြပါတယ်။ ဒီလိုလေ့လာ စူးစမ်း ရှာဖွေသူများထဲမှာ ဗုဒ္ဓက တစ်ဦး အပါအဝင် ဖြစ်သလို ဗုဒ္ဓရဲ့ အယူအဆ ဟာလည်း အရာရာဟာ ထာဝရ တည်မြဲတယ် ဆိုတဲ့ ပညာရှင် အားလုံးနဲ့ မတူဘဲ ကွဲပြား ခြားနားတာကို ကျွန်တော် လေ့လာ တွေ့ရှိရပါတယ်။

ဗုဒ္ဓဒေသနာ ကျမ်းဂန်များအရ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘဝရဲ့ဖြစ်တည်မှုနှင့် အနှစ်သာရကို ရှာဖွေခဲ့တဲ့ သိဒ္ဓတ္တမင်းသားဟာ ဂေါတမအမည်ဖြင့် 'ဗုဒ္ဓ' အဖြစ်သို့ ရောက်တော် မူပါတယ်။

'ဗုဒ္ဓ'ဆိုတာ အလုံးစုံသော ဓမ္မနှင့် သစ္စာလေးပါးကို သိသူလို့ အနက်ရပါတယ်။ ရှေးဘုရား တို့ရဲ့ သာသနာ ကွယ်ပြီး

နောက် ပျောက်ကွယ်သွားသော 'ဓမ္မ' ကို အကြွင်းမရှိ သိရှိပြီး နောက် တရားဦး ဓမ္မစကြာကို စတင် ဟောကြားသည်မှစ၍ ယခု ဂေါတမ ဗုဒ္ဓ၏ သာသနာ ပြန်လည် စတင်ပါတယ်။

သစ္စာစက်ဝန်းကို ဟောကြားခဲ့ခြင်းဖြင့် ဗုဒ္ဓရဲ့ အတွေးအမြင်များသည် အိန္ဒိယပြည်တွင် ထွန်းကားနေသော *စာဝကဂိဏ်း 'Carvaka'* နဲ့ *ဂျိမ်းဝါဒ 'Janism'* တို့နှင့် ကွဲပြားကြောင်းကိုလည်း အထင်အရှား ပြသ နိုင်ခဲ့ပါတယ်။

စာဝကနှင့် ဂျိမ်းဂိုဏ်း ဆရာကြီးများ အပြင် ထိုစဉ်က အိန္ဒိယပြည် ၌ ဗုဒ္ဓနှင့်ခေတ်ပြိုင် *'အတ္တဝါဒ'* ကို လက်ခံထားတဲ့ ဒဿန ဆရာကြီး များလည်း ရှိနေပါတယ်။ ဒါတွေကတော့ ဘီစီ-၅ ရာစု ပတ်ဝန်းကျင်မှာပေါ်လာသော ဝေဒကျမ်းများကို အခြေခံတဲ့ ဂိုဏ်းများ ဖြစ်ပါတယ်။ ထင်ရှားတဲ့ ဂိုဏ်းများကတော့ ဆန်ကရာခေါ် *သင်္ချာ 'Sankhya'* ၊ *ယောဂ 'Yoga'* ၊ *ညာယ 'Nyaya'* ၊ *ဝိသေသိက 'Vasesika'* ၊ *မီမံသ 'Mimamsa'* နှင့် *ဝေဒန္တ 'Vendanta'* တို့ ဖြစ်ပါတယ်။ သူတို့ထဲမှာ အထူးထင်ရှားတဲ့ ဒဿန ဆရာကြီး နှစ်ဦး ကတော့ *ရှန်ကာရ* နှင့် *ရာမာနုဂျာ* တို့ဖြစ်ပြီး ယနေ့တိုင် သူတို့ရဲ့ အယူအဆများဟာ ဟိန္ဒူဒဿနကို လွှမ်းမိုးလျက် ရှိနေတာကို တွေ့ရပါတယ်။

ရှန်ကရ 'Samkra' ရဲ့ အလိုအရ ထာဝရဘုရား (၀ါ)

မဟာ ဗြဟ္မာကြီး (ဝါ) ပရမအတ္တာသာလျင် တစ်ခုတည်းသော အမှန် အရှိတရား ဖြစ်ပါတယ်။ စကြဝဠာမှာ မာယာလောကသာဖြစ်ပြီး အမှန် အရှိတရား မဟုတ်လို့ ဆိုပါတယ်။ ကိုယ်တွေ့ အားထုတ်ခြင်း၊ အထပ်ထပ် စူးစမ်း လေ့လာခြင်း အဆုံးမှာ *'ငါဟာ ဗြဟ္မာဖြစ်တယ်'* လို့ ထိုးထွင်းသိမြင် သွားပါမယ်။ ဒီလို သိမြင်သွားပါက ပရမတ္တဗြဟ္မာ နှင့် ဇီဝအတ္တတို့ အကြားခြားနားခြင်း ကင်းပျောက်ပြီး လွတ်မြောက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဇီဝအတ္တာနှင့် ဗြဟ္မာဟာ တစ်သဘောတည်း၊ တစ်ခုတည်း ဖြစ်သွားခြင်းသည် ရှုန်ကရ ယူဆထားသော လွတ်မြောက်ခြင်း ဖြစ်ပါတယ်။

ဝေဒ ဒဿနပညာရှင် *ရာမာနုဂျာ' Ramanija'* မှလည်း ရှုန်ကရ နည်းတူ *'ဗြဟ္မာသည်သာ တစ်ခုတည်းသော အရှိတရား ဖြစ်တယ်'* ဆိုသော အယူအဆကို လက်ခံထားပါတယ်။ သို့သော် ထိုတစ်ခုတည်းသော ဗြဟ္မာ၌ ရုပ်တရားများ ပါဝင်သလို ဝိညာဉ် (ဝါ) ဇီဝအတ္တ များလည်း ပါဝင်နေတယ်လို့ ယုံကြည် ထားပါတယ်။ ဒါကြောင့်မို့ ရာမာနုဂျရဲ့ အယူအဆကို ခြားနားသော်လည်း တစ်ခုတည်းသော သဘောဆောင်တဲ့ *အဒ္ဒိတ္တဝါဒ 'Qualified non-dualism'* လို့ ခေါ်ပါတယ်။

ရာမာနုဂျာရဲ့ အယူအဆအရ ဗြဟ္မာ(ဝါ)ထာဝရဘုရားဟာ

ပုဂ္ဂိုလ်သဘော ဆောင်ပြီး တန်ခိုးတော်၊ ဉာဏ်တော်အလုံးစုံ ပြည့်စုံလို့ လောကကြီးကို ဖန်ဆင်း ထိန်းချုပ်ထားပါတယ်။ ထာဝရဘုရား ဖန်ဆင်းထားလို့ လောကကြီးဟာ မာယာသဘော မဟုတ်ဘဲ အမှန်တကယ်ရှိသော လောကကြီး ဖြစ်ပါတယ်။ ဒီအယူအဆဟာ ရှုန်ကရဲ့ ဒဿနနှင့် အဓိကကွာခြားချက် ဖြစ်ပါတယ်။

ဝိဉာဏ် လွတ်မြောက်ရေးအတွက် မေတ္တာကိုအခြေပြုပြီး စစ်မှန်သော သဒ္ဒါဖြင့် ထာဝရဘုရားကို တိုက်ရိုက်တွေ့မြင်သော ဉာဏ် ရရှိတဲ့ အတ္တဟာ ထာဝရဘုရားနှင့် ပေါင်းစပြီး ထာဝရ တည်မြဲခြင်း အသွင်ကို ဆောင်သွားတယ်လို့ ယူဆထားပါတယ်။

'အတ္တဝါဒ' အယူအဆဟာ ယနေ့ မျက်မှောက်ခေတ် အိန္ဒိယ ဒဿနမှာလည်း ထင်ရှားနေဆဲပင်ဖြစ်ပါတယ်။ ကဗျာစာဆိုနှင့် ဒဿနပညာရှင် ရာဘင်ဒြာနသ်တဂိုး ကတော့ အခြားပညာရှင်များ ကဲ့သို့ ပုံသဏ္ဌာန်မဲ့အဖြစ် မယူဆဘဲ *ပုံသဏ္ဌာန်ရှိသော ပုဂ္ဂိုလ် တစ်ဦးအနေဖြင့် 'The anthropomorphic conception'* ယူဆပါတယ်။ တခြား ဒဿနပညာရှင်များ ယူဆသလို လွတ်မြောက်သွားတဲ့ အတ္တဟာ ထာဝရဘုရားနှင့် တစ်ပေါင်းတည်း တစ်သားတည်း ဖြစ်သွားတယ်လို့ မယူဆဘဲ လွတ်မြောက်သွားသော အတ္တဟာ ကောင်းကင်ဘုံသို့ ရောက်ရှိသွားပြီး ထာဝရဘုရားနှင့် အတူ

နေတယ်လို့ ရှုမြင်ပါတယ်။

တဂိုးနည်းတူ ထင်ရှားသော အိန္ဒိယ ဒဿပညာရှင်ဖြစ်တဲ့ *မဟတ္တမဂန္ဒီ 'Mahatama Gandhi'*၊ *ခရစ်ရှနာ ချန်ဒရာ ဘတ္တာချာယ 'Krishnachandra Bhattacharya'* နှင့် *ရာဒါခရစ်ရှိနန် 'Radhakhrishnan'* တို့ဟာလည်း ယူဆပုံခြင်း အနည်းငယ် ခြားနားပေမယ့် လွတ်မြောက်သွားသော အတ္တဟာ ထာဝရမြဲတယ်ဆိုတဲ့ အချက်မှာ တူညီနေပါတယ်။

(၂)

အတ္တနှင့် အနတ္တ

ဗုဒ္ဓဒဿနဟာ စာဝကနှင့် ဂျိန်း အယူအဆများနှင့် ကွဲပြားခြားနားကြောင်း ဓမ္မစကြာမှာ အထင်အရှား ပြန်ဝင်ခဲ့ပါတယ်။ ဒါပေမယ့် ဗုဒ္ဓရဲ့ ဒဿနအမြင်ဟာ ခေတ်ပြိုင် အတ္တဝါဒ ဗြဟ္မဏ အယူအဆများနဲ့ တူလေမလားလို့ ပဉ္စဝဂ္ဂီများ အနေနှင့် သိလိုကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ပဉ္စဝဂ္ဂီ ငါးပါးစလုံး ဝါဆိုလပြည့်ကျော်လေးရက်နေ့တွင် သောတာပန် ဖြစ်ပြီးသော အခါ မြတ်စွာဘုရားမှ *'ရူပံ ဘိက္ခဝေ အနတ္တာ ...'* အစချီသော အနတ္တလက္ခဏသုတ်ကို ဝါဆိုလပြည့်ကျော် ငါးရက် ဆင်ခြင်မြောက်နေ့မှာ ဆက်လက် ဟောကြားခဲ့ပါတယ်။

အနတ္တလက္ခဏသုတ် ဟောကြားခြင်းဖြင့် ဗုဒ္ဓရဲ့ ဒဿန

ဟာ ထိုစဉ်က အိန္ဒိယပြည်မှာ ထွန်းကားနေသော မည်သည့် အတွေးအခေါ် အယူအဆနှင့်မျှ မတူသော သီးခြား ပေါ်လွင်သော အတွေးအမြင် အယူဝါဒ ဖြစ်လာခဲ့ပါတယ်။

ဗုဒ္ဓရဲ့ ဘဝအမြင်ဟာ လောကမှာ အမြဲထာဝရ တည်မြဲနေတယ်ဆိုတာ ဘယ်အရာမျှမရှိဘဲ အားလုံးဟာ အစိုးမရသလို မိမိ ဖြစ်ချင်တိုင်း မဖြစ်သော အနတ္တသဘောသာ ရှိပါတယ်လို့ ရှုမြင်ပါတယ်။

အနတ္တကို ဝိညာဉ်မဲ့အယူ၊ ငါကိုယ်၊ ငါဟာ၊ ငါဥစ္စာ မရှိသော အယူဝါဒ၊ အတ္တာစွဲ မရှိသော ဝါဒလို့လည်း ပြောလို့ ရပါတယ်။

အနတ္တသဘောကို ထဲထဲဝင်ဝင် နားလည်ဖို့က ထာဝရ ဝိညာဉ် *'Eternal Soul'* ရှိတယ်ဆိုတဲ့ ထာဝရ အတ္တဝါဒနှင့် *ငါမှာ ဘာဝိညာဉ်ကောင်မှ မရှိဘူး 'Nihilism'* ဆိုတဲ့ အယူမှား နှစ်ခုကို ရှင်းရှင်းလင်းလင်း သိမြင်ဖို့ လိုပါတယ်။

ဒီလို အမြင်မှား အယူမှားတွေ ပေါ်ပေါက်လာရတာလည်း 'ငါရှိနေတယ်' ဆိုတဲ့ *သက္ကာယဒိဋ္ဌိ 'Self -illusion'* ကြောင့် ဖြစ်ပါတယ်။ သက္ကာယဒိဋ္ဌိဆိုတာ တကယ်ရှိတဲ့ ရုပ်နာမ်ခန္ဓာ ငါးပါး အပေါ်မှာ *ငါ 'Self'* ဆိုပြီး မှားယွင်း စွာ စွဲလမ်းနေတာ ဖြစ်ပါတယ်။

သတိလက်ကိုင်ထားပြီး မိမိရဲ့ကိုယ်နှုတ်အမူအရာတွေကို

စောင့်ကြည့်နေလိုက်ရင် ပစ္စုပ္ပန်တည့်တည့်မှာ ပေါ်ပေါက်ချုပ်ငြိမ်းနေတဲ့ ခံစားမှု ဝေဒနာတွေ၊ အသိလေးတွေကို ရှုမှတ်မှုများလာတာနဲ့အမျှ 'ငါ'ဆိုတာ မရှိတော့ဘဲ လူဆိုတာ ရုပ်နာမ်ဓမ္မတွေ ပေါင်းစပ်ထားတဲ့ ခန္ဓာငါးပါး စွမ်းအားစုကြီးသာဖြစ်တယ်လို့ သိမြင်သွားမှာ ဖြစ်ပါတယ်။ အသက် ရှင်နေသရွေ့ မရပ်မနားဘဲ တရစပ်ပြောင်းလဲ ဖြစ်ပျက်နေတဲ့ အတွက် ခန္ဓာငါးပါးဟာ မနေ့ကနဲ့ ဒီနေ့မတူသလို၊ စောစောကနဲ့ အခုနဲ့တောင် မတူပါဘူး။

ဒီလို ရုပ်နာမ်ဘဝ 'Psycho- Physical Life ' ကို မြတ်စွာဘုရားမှ သဗ္ဗညုတညာဏ်တော်နဲ့ ခွဲခြမ်းစိတ်ဖြာကြည့်တဲ့အခါ ထာဝရ တည်ရှိတယ်ဆိုတဲ့ ဝိညာဉ်ကောင်ကို ဘယ်နေရာမှာမှ ရှာမတွေ့ဘဲ ခန္ဓာငါးပါး စွမ်းအင် အစုအဝေးကိုပဲ မြင်တွေ့ပါတယ်။

လူအများစု စိတ်ထဲမှာ ထင်မြင် ယူဆနေတာက ဝိညာဉ် 'Consciousness' ကို ဝိညာဉ်ကောင်၊ အတ္တကောင်အဖြစ် မှတ်ထင်နေတာ ဖြစ်ပါတယ်။ ပဋ္ဌာန်းတရားတော်အရ ဝိညာဉ်ဆိုတဲ့ အသိစိတ် ဟာ ရုပ်အပေါ်မှာ *နိဿယပစ္စည်း 'Dependence Condition'* အရ တည်မှီပြီးနေသလို ဝိညာဉ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတဲ့ နာမ်ခန္ဓာ လေးပါးဟာလည်း အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတဲ့ အညမညပစ္စည်း၊ အတူတကွ

ကျေးဇူးပြုတဲ့ သဟဇာတပစ္စည်း၊ ယှဉ်တွဲပြီးကျေးဇူးပြုတဲ့ သမ္ပယုတ္တပစ္စည်းတွေနဲ့ ဖြစ်တည်နေ ကြတာပါ။ သူ့ချည်း သက်သက်တော့ နာမ်ခန္ဓာလေးပါးဟာ လွတ်လပ်စွာ ကျေးဇူးပြုနိုင်စွမ်း မရှိပါဘူး။

ဒါ့ကြောင့်လည်း ဗုဒ္ဓမြတ်စွာက *'ရဟန်းတို့...ရုပ် 'matter' သည် ကိုယ်၊ အတ္တာ၊ ငါမဟုတ်၊ ဝေဒနာ 'Feeling'၊ သညာ 'Perception'၊ သင်္ခါရ 'Mental Formation'၊ ဝိညာဉ် 'Consciousness' သည်လည်း ငါကိုယ်မဟုတ်ဟု သိမြင်သွားပါက ခန္ဓာငါးပါးရဲ့ တန်းဖိုးမဲ့မှုကြောင့် အကြင် သူသည် ခန္ဓာငါးပါးပေါ်တွင် တပ်မက်မှုတဏှာ 'Attachment' ချုပ်ငြိမ်းပြီး ကိလေသာအပူမီးများ မှလည်း လွတ်မြောက်သွားပါမယ်'* လို့ အနတ္တလက္ခဏသုတ်မှာ ဟောကြားခဲ့ပါတယ်။

အနတ္တသဘောကို ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့တာဟာ လွန်ခဲ့သောနှစ် ၂၅၀၀ ကျော်က ဖြစ်ပါတယ်။ ယခုမျက်မှောက်ကာလ ရှုကလီးယားသိပ္ပံ တွေ့ရှိချက်များအရလည်း ဗုဒ္ဓဟောကြားထားသည် နှင့်အညီ အရာရာတိုင်းမှာ အနတ္တသဘောတွေသာ ရှိပါတယ်။ ထုထည်ပမာဏ ကြီးမားလှတဲ့ အစိုင်အခဲကြီးလို့ထင်ရတဲ့ *စကြဝဠာ 'Universe'* ဟာလည်း စင်စစ်တော့ ဘာအစိုင်အခဲ အထည်ဒြပ်မျှ မရှိပါဘူး၊ အမှန်က *စွမ်းအင်တွေ အလျှည်မပြတ် စီးဆင်း ပြောင်းလဲနေတဲ့ဖြစ်စဉ် 'Energy Flux'*

တစ်ခုသာ ဖြစ်ပါတယ်။

ရူပဗေဒ ပညာရှင်များအမြင်အရ တစ်လောကလုံးဟာ အဆက် မပြတ် တရစပ် ဖြစ်ပျက်ပြောင်းလဲနေတဲ့ စွမ်းအင်တွေရဲ့ ဖြစ်စဉ်သာဖြစ်ပြီး လူဟာလည်း ဒီဖြစ်စဉ်ထဲမှာပါတဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရူပဗေဒပညာရှင်များ အခုမှ သိတဲ့အမြင်ကို ပထမဆုံး သိမြင်ခဲ့တာက မြတ်ဗုဒ္ဓ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ကမ္ဘာလောကမှာ ထာဝရ တည်မြဲတယ်ဆိုတဲ့ ရုပ်ဝတ္ထုမရှိသလို အရာခပ်သိမ်းဟာလည်း *စွမ်းအင် ဝဲကတော့ 'Energy vortex'* တွေဖြစ်ပြီး ဘယ် အခါမျှ အတည်တကျ မရှိဘဲ ရစ်ပတ် လှည့်လည် နေပါတယ်။

လောက တစ်ခုလုံးဟာလည်း ဖြစ်ပြီးရင် ပျက်၊ ပေါ်ပြီးရင် ပျောက်သွားတဲ့ ဖြစ်စဉ်ကြီးဖြစ်သလို လူတစ်ဦးရဲ့ ဘဝတွေဟာလည်း မွေးလိုက်၊ သေလိုက်နဲ့ မြင့်မြတ်တဲ့ လူ၊ နတ်၊ ဗြဟ္မာဘဝမှာ ကျင်လည်လိုက်၊ ယုတ်ညံ့တဲ့ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲဘုံ တွေမှာ ကျင်လည်လိုက်နဲ့ မဆုံးတမ်း မနားတမ်း လည်ရတဲ့ *သံသရာစက်ဝန်း 'Samsara Circle'* ဖြစ်ပါတယ်။

အရင်က ကမ္ဘာတစ်ခုပေါ်လာလိုက်၊ ပျက်သွားလိုက်နဲ့ သံသရာ လည်နေသလို ကျွန်တော်တို့နေထိုင်တဲ့ ဘဒ္ဒကမ္ဘာကြီးဟာလည်း တစ်နေ့တော့ ပျက်ဦးမှာ ဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့

စာပေကျမ်းဂန်တွေ ကျောက်ဆစ်ရုပ်တွေ၊ ပန်းချီကားတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ လူမျိုးဆက်တွေ အားလုံးဟာ သစ်ရွက်လေးတွေ၊ ပန်းပွင့်လေးတွေ ကြွေသလို ကြွေလွင့် သွားကြပါတယ်။ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ရုပ်ဝတ္ထု ပစ္စည်းတွေနှင့် စကြဝဠာထဲက ရှိရှိသမျှအရာအားလုံးဟာ အမြဲမရှိခြင်းဆိုတဲ့ နိယာမတရားကြီးရဲ့ အောက်မှာ နေနေကြ ရပါတယ်။

စကြဝဠာကြီးထဲက အလွန်ရခဲလှတဲ့ဘဝကို ပိုင်ဆိုင်ထားတဲ့ လူတွေကို ကြည့်လိုက်ရင်လည်း မမြဲတဲ့ ခန္ဓာငါးပါးနဲ့သာ ဖွဲ့စည်း ထားတာကို တွေ့ရပါတယ်။

ဒါ့ကြောင့်မို့ မြတ်ဗုဒ္ဓကလည်း-

'ရူပက္ခန္ဓာ' ဟာ ရေမြုပ်နှင့် ပမာတူ၏။

ဝေဒနာက္ခန္ဓာ ဟာ ရေပွက်နှင့် ပမာတူ၏။

သညာက္ခန္ဓာ ဟာ တံလျှပ်နှင့် ပမာတူ၏။

သင်္ခါရက္ခန္ဓာ ဟာ ငှက်ပျောတုံး နှင့် ပမာတူ၏။

ဝိညာဏက္ခန္ဓာဟာ မျက်လှည့်သမားနှင့် ပမာ တူ၏'

ဆိုပြီး ဟောကြားခဲ့ပါတယ်။

(သံယုတ္တနိကာယ်)

The body like a lump of foam ;

The feelings like a water bubble ;

Perception like a mirage ;

Volitional activities like a plantain tree;

And consciousness like a jugglery.

'Samyutta Nikaya'

(၃)

မမြဲသော ခန္ဓာများ

ခန္ဓာတွေရဲ့ မမြဲတဲ့ သဘာဝကို ထိုးထွင်း သိမြင်နိုင်မှသာ သံယောဇဉ်ဆွဲအားတွေမှ ရုန်းထွက်နိုင်မှာဖြစ်လို့ ခန္ဓာငါးပါးရဲ့ မမြဲတဲ့သဘာဝကို စာဖတ်သူများစိတ်ထဲမှာ ရှင်းရှင်းလင်းလင်း သိမြင်သွားအောင် ရှင်းပြပေးလိုပါတယ်။

ရေမြှုပ်ပမာ ရူပက္ခန္ဓာ

Matter is like a lamp of foam.

မြတ်စွာဘုရားက ရူပက္ခန္ဓာဆိုတဲ့ ရုပ်ဟာ ရေမြှုပ်လိုပါလို့ တင်စားပြီး ဟောခဲ့ပါတယ်။

ကျွန်တော်တို့ ချောင်းနံဘေးနဲ့ မြစ်ကမ်းပါးယံမှ ကြည့်လိုက်ရင် ရေမြှုပ်ကလေးတွေကို တွေ့ရမှာပါ။ အထဲမှာ လေတွေနဲ့ အလုံးအသေးလေးတွေစုပြီး တည်နေတော့ တချို့ လည်းလက်ဒီးဆုပ်လောက်၊ တချို့လည်း အုန်းသီးအရွယ် လောက်နဲ့

ရေမြွုပ်စိုင်ကြီးဟာ သာမန် အားဖြင့်ဆိုရင် အခိုင်အမာ အစု အခဲကြီးလို ဖြစ်နေပါတယ်။

ဒါပေမဲ့ သေသေချာချာကြည့်လိုက်ရင် ခိုင်မာတည်မြဲမှု ဆိုတာ ဘာမျှမရှိဘဲ ယူပြီးရင်လည်း အသုံးချလို့ မရသလို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဖျတ်ခနဲ၊ ဖျတ်ခနဲ ပျောက်ကွယ် သွားကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခန္ဓာကိုယ် ကြီးဟာလည်း ဒီသဘော အတိုင်းပါပဲ။ သာမန်အားဖြင့်ဆိုရင် ခေါင်း၊ ကိုယ်၊ လက်၊ ခြေတွေနဲ့ဆိုတော့ ခိုင်ခံ့တယ်လို့ ထင်ရပြီး ယောကျ်ားပုံအသွင် မိန်းမပုံအသွင်နဲ့ အသက်ရှင်နေတဲ့အခါမှာ လှနေသလိုလို ကြည့်ကောင်းနေသလိုလို ထင်ရပါတယ်။

ဒါပေမဲ့ ဉာဏ်မျက်စိနဲ့သာကြည့်လိုက်ရင် ရုပ်ခန္ဓာမှာလည်း ရေမြွုပ်စိုင်ကြီးလို အနှစ်သာရ ဘာတစ်ခုမှမရှိဘဲ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အရိုးအကြောစတဲ့ ၃၂ ပါးသော စက်ဆုပ်ဖွယ်ရာ အစုအဝေး မျှသာဖြစ်ပါတယ်။ အသေးစိတ် ခွဲခြမ်းစိတ်ဖြာကြည့်မယ် ဆိုလည်း မျက်စိနဲ့မမြင်နိုင် လောက်အောင် သေးငယ်တဲ့ ရုပ်ကလာပ် အမှုန်ကလေးများရဲ့ အစုအဝေး မျှသာ ဖြစ်နေပါတယ်။ နျူကလီးယား သိပ်ပံအမြင်အရ ဆိုလည်း စွမ်းအင်အစုအဝေး မျှသာဖြစ်တဲ့ မမြဲတဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသာ

ရှိပါတယ်။

ဘဝဆိုတာလည်း မတည်မြဲတဲ့ ရေအလျဉ်လို စီးဆင်းနေတဲ့ ပြောင်းလဲမှု ဖြစ်စဉ်လေးတစ်ခုပါ။ ဒါကြောင့်မို့ ဂရိအတွေးအခေါ် ပညာရှင်ဆရာကြီး ဟောရာကလိတပ် ကလည်း 'အရာရာအားလုံးဟာ ရွေ့လျားပြောင်းလဲမှု သဘောတွေသာ ရှိတယ်။ မြစ်ကမ်းနံဘေးက ရေကို နှစ်ခါပြန်ထိတွေ့လို့ ရတယ်ဆိုတာ ဘယ်အခါမျှမရှိဘဲ ရေအသစ်အသစ်တွေကိုသာ ထိတွေ့နေရတာ' လို့ သုံးသပ် ရှုမြင်ခဲ့ပါတယ်။

မိမိ ခန္ဓာကိုယ်ကို တရား ရှုမှတ်လို့ သမာဓိအားကောင်းလာတဲ့ အခါဆိုရင် ပိုပြီး သိသာလာပါလိမ့်မယ်။ သွားတယ် ဆိုတာကလည်း သွားချင်တဲ့စိတ်နဲ့ တောင့်တင်းလှုပ်ရှားခြင်း သဘောလေးပါပဲ။ ရပ်တယ်၊ ထိုင်တယ် ဆိုတာကလည်း ရပ်လို၊ ထိုင်လိုတဲ့စိတ်နဲ့ တောင့်တင်းမှု အဆင့်ဆင့် ဖြစ်စဉ်ပါပဲ။ မြင်တယ်ဆိုတာလည်း စက္ခုဝိညာဉ်နဲ့ အဆင်းရုပါရုံ ဆုံဆည်းမိကြလို့ပါ။ သီချင်းသံလေး ကြားတယ် ဆိုလည်း သောတဝိညာဉ်နဲ့ အသံသောတာရုံတို့ ဆုံဆည်း မိကြလို့ပါ။

တရား ရှုမှတ်အား ကောင်းလာတာနဲ့အမျှ ကိုယ်၊ လက်၊ ခြေ စတဲ့ အထည်ဒြပ် မတွေ့တော့ဘဲ အသစ်အသစ်တွေနဲ့ ဖြစ်ပျက် ပြောင်းလဲ ဖောက်ပြန်နေတဲ့ ရုပ်အမှုအရာလေးတွေ ရှိပါလားဆိုတာ ထင်ရှားလာပါတယ်။ တကယ်တော့လည်း

လူဆိုတာ ခန္ဓာငါးပါးမှာ ကိလေသာမီးတွေ အစဉ်လောင်ကျွမ်း နေတဲ့ စက္ကန့်တိုင်း မွေး သေ ဖြစ်ပျက်နေတဲ့ *တရောတော် လောင်ကျွမ်းမှု 'Men is nothing but burning process'* လို့တောင် ပြောလို့ရပါတယ်။

ဒီလိုတွေ့ရတဲ့အခါ အရာအားလုံးဟာ မမြဲပါလားလို့ သိမြင် လာပါမယ်။ ခဏလေးအတွင်းမှာ ဖြစ်ပျက်နေလို့ အလွန်ကြောက်ဖို့ ကောင်းတဲ့ ဒုက္ခဆင်းရဲ ပါလားလို့လည်း သိမြင်လာမယ်။ ကိုယ့်အလို အတိုင်း မဖြစ်ဘဲ သူ့အကြောင်း အားလျော်စွာဖြစ်နေလို့ အစိုးမရတဲ့ အနတ္တသဘောလို့ သိမြင် လာတဲ့အခါ *'ခန္ဓာကိုယ်ဟာ ရေမြှုပ် ပမာပါ'* ဆိုတာ စာဖတ် သူများ နှစ်သက် လက်ခံသွားမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားကလည်း-

'ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့်တူသည်ဟု သိသည်ဖြစ်၍ တံလျှပ်ပမာဟု ထိုးထွင်းဉာဏ်ဖြင့် သိမြင်လျက် မာရ်နတ်၏ ပန်းခိုင် သဖွယ်ဖြစ်သော ဝဋ်သုံးပါးကို ဖျက်ပြီး သေမင်းမမြင်ရာ နိဗ္ဗာန်သို့ သွားရောက်ရာ၏...' လို့ ဟောကြား ထားပါတယ်။

Perceiving this body to be similar to foam and comprehending its mirage nature having plucked out the bunch of flowers (ie.sensual passion) pass beyond the sight of the king of death.

ရေပွက်ပမာ ဝေဒနာကွန္ဒာ

Feeling is like a swell of water which rises and breaks.

မြတ်စွာဘုရားက ခံစားမှုဝေဒနာဟာလည်း ရေပွက်ပမာလို့ တင်စားပြီး ဟောပါတယ်။

ရေပွက်ဆိုတာကတော့ ရေမျက်နှာပြင်မှာငါးပွက်သလို အသွင် ကလေးနဲ့ ပတ်ဝန်းကျင်က ရေအလျဉ်နဲ့ ရေစီပေါင်း အလုံးအလုံးလေးတွေ ဖြစ်နေတာပါ။ ရေမျက်နှာပြင်ပေါ်မှာ မိုးပေါက်ကလေး တွေကျတိုင်း ရေပွက်ကလေးတွေဖြစ်ပြီး တစ်ခဏချင်း ပျက်သွားသလို ခံစားမှုဆိုတဲ့ဝေဒနာကလည်း တစ်ခဏချင်း ပျက်ပျက်သွားလို့ ရေပွက်ကလေးများနဲ့ တူပါတယ်။

ဒီသဘော သဘာဝလေးကို တရားရှုမှတ်နေတဲ့ ယောဂီတွေမှ မဟုတ်ပါဘူး၊ မိမိ ဖြတ်သန်းခဲ့ရတဲ့ ဘဝကို ပြန်ကြည့်လိုက်ရင်တောင်မှ သိသာလှပါတယ်။ ကြင်နာသူနဲ့ အတူနေရတဲ့အခါမှာ ချမ်းမြေ့တယ် ဆိုတဲ့ *သုခဝေဒနာ*၊ ခွဲခွာနေရတော့လည်း *ဒုက္ခဝေဒနာ* ဆိုသလို ပျော်ရွှင်ကြည်နူး ရတာတွေ၊ ရင်ထဲခြောက်ခြေ့ရတာတွေ၊ ဝမ်းနည်း ခံစားရတာတွေ၊ နာကျင်ခဲ့ရတာတွေနဲ့ ဆိုတော့ မြဲတယ်ဆိုတာ မရှိပါဘူး။ ဝေဒနာမျိုးစုံဟာ တစ်ခဏလေးဖြစ်လိုက်၊ ပျက်သွားလိုက်နဲ့ ဘဝတစ်ခုမှာ အစမှအဆုံးအထိ သွားနေကြတာပါ။

တကယ်တော့ ဘဝမှာ မည်သူမဆို ခံစားမှုဆိုတဲ့ ဝေဒနာတစ်ခုခုနဲ့ နေနေကြတာပါ။ စံပယ်လေးလို ဖြူနုတဲ့ ချစ်သူနဲ့ နေရတော့ *သောမနဿ 'pleasure'* ၊ ထိခိုက်လို့ နာကျင်ခံစားရတော့ *ဒေါမနဿ 'unpleasant'* ၊ တရားရှုမှတ်လို့ စိတ်တည်ငြိမ် အေးချမ်းသွားတဲ့အခါမှာ *ဥပေက္ခာ 'indifferent'* နဲ့ နေနေ ကြရတာပါ။

ဝေဒနာတွေရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲခြင်းသဘော အစိုးမရတဲ့ သဘောကို သိသွားရင် ဘဝမှာ မိမိရဲ့ အသိဉာဏ်ဟာ အလွန်မြင့်မား နေပါပြီ။ ဒီလို သိသိသွားတဲ့အခါ ခံစားမိတဲ့ ဝေဒနာတွေမှာ 'ငါ' မပါတော့ပါဘူး။

ပထမတော့ ပျားလေးတစ်ကောင် လာတုပ်လို့ နာသွားရင် *ငါ့လက် နာသွားတယ် 'My hand is painful'* လို့ ထင်လိုက်ကြမှာပါ။

တကယ်တော့ *ငါ 'self'* ၊ *လက် 'Hand'* နဲ့ *နာ 'Pain'* ဆိုတဲ့ သုံးခုတွဲနေတာပါ။ တဖြည်းဖြည်းနဲ့ သတိအင်မတန် ကောင်းလာလို့ အတွေးတွေလည်း မရှိ၊ ပစ္စုပ္ပန်တည့်တည့် ရှုတဲ့အခါ 'ငါ'လည်း မရှိ၊ လက်လည်းမရှိ၊ နာတာလည်း မရှိတော့ပါဘူး။

ဖယောင်းတိုင်မီးနဲ့ ဟပ်မိရင်လည်း *ငါ့ လက်ပူ သွားတယ်* လို့ ထင်မိပါတယ်။ တကယ်တော့ 'ငါ' ဆိုတဲ့ ပညတ် နဲ့

'လက်' ဆိုတဲ့ ပညတ်ကွာသွားရင် 'ပူတယ်' ဆိုတဲ့ သဘာဝ တစ်ခုပဲ ရှိပါတော့တယ်။

ဒီလို ငါ လည်းမဟုတ်၊ လက် လည်းမဟုတ်ဘဲ ပူတာကို သိရင် *ပရမတ် 'reality'*ကို သိပြီး *ပညတ် 'concept'* မပါတော့ပါဘူး။ ငါပူတာ၊ လက်ပူတာ မဟုတ်ဘဲ ပူတဲ့ သဘာဝမို့ ပူတာပါလို့ အရှိကို အရှိအတိုင်း သိမြင်သွားရင် *'ရုပ်'* အပေါ်မှာ *'ငါ'* ဆိုတဲ့ အထင်မှားမှုတွေ ပျောက်သွားမှာ ဖြစ်ပါတယ်။

တံလျှပ်ပမာ သညာကွန်ဟာ

Perception is like a mirage.

မြတ်စွာဘုရားက မှတ်သားမှုဆိုတဲ့ သညာဟာလည်း တံလျှပ် ပမာပါလို့ ဟောတော်မူပါတယ်။ *တံလျှပ် 'mirage'* ဆိုတာ ပူပြင်းလှတဲ့ နွေရာသီအခါမျိုးမှာ မြေပြင်က ထွက်ပေါ်လာတဲ့ အခိုးအငွေ့တွေကြောင့် တိုက်တာ အဆောက်အဦ၊ သစ်ပင်၊ ကား၊ သဘော်၊ ရထား၊ လူ စတာတွေရဲ့ အရိပ်အသွင်ကို ထင်မြင်တွေ့မြင် နေရတာ ဖြစ်ပါတယ်။

မြန်မာစကားမှာလည်း *တံလျှပ်ကိုရေထင်၊ ရွှေသမင်အလှိုက်မှား* ဆိုပြီး ရှိပါတယ်။ မြန်မာ့ စွယ်စုံကျမ်းထဲမှာလည်း သဲကန္တာရကို ဖြတ်သန်း သွားကြတဲ့အခါ ပူပြင်းလှတဲ့ အခိုးအငွေ့

တွေကြောင့် စိမ်းလန်းစိုပြည်တဲ့ *အိုအေစစ် 'Oasis'* ကို တွေ့မြင်ရတယ်လို့ ထင်ယောင်ထင်မှား ဖြစ်ကြပြီး တကယ် ရောက်သွားတဲ့ အခါမှာ မတွေ့ရတော့တာကို ဖော်ပြထားပါတယ်။

တစ်ခါ ပင်လယ်ပြင်မှာလည်း ဝေးကွာလှတဲ့နေရာက သင်္ဘော်တွေကို မိုးပေါ်မှာတွေ့နေတယ်လို့ ထင်ရပါတယ်။ အလားတူ မက်ဆီးနား ရေလက်ကြားမှာဆိုရင် မက်ဆီးနားမြို့က တိုက်တာ အဆောက်အအုံတွေ၊ သစ်ပင်တွေ၊ လူတွေကို ကောင်းကင်မှာ ရံဖန်ရံခါ မြင်ရ တတ်ကြောင်းလည်း ပြဆိုပါတယ်။

မြန်မာပြည်မှာလည်း မိုးရာသီညဉ့်ယံအချိန် ကောင်းကင်မှာ ရွှေတိဂုံစေတီတော်ကြီးထင်နေတာကို ဖူးမြော်ခွင့်ရသူတွေ အများကြီး ရှိပါတယ်။ ဒါဟာ မိုးဖွဲအကြည်ထဲက တံလျှပ်ပမာ ရွှေတိဂုံစေတီတော်ကို တွေ့ရတာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ တံလျှပ်ဆိုတာ တကယ့် အစစ်အမှန် မဟုတ်တာတွေကို မြင်တွေ့ နေရတာ ဖြစ်ပါတယ်။ လူလောကမှာလည်း ရုပ်နဲ့နာမ်သာရှိတဲ့ ခန္ဓာငါးပါး အစုအဝေးကို ဦးမောင်မောင်၊ ဒေါ်နီလာ၊ မကြည်ပြာ၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် အခေါ်အတိုင်း စွဲမှတ်ထားကြပါတယ်။ တကယ် မရှိတာတွေကို အရှိလို့ သညာနဲ့ မှတ်ထင်ယူဆထားကြပါတယ်။

ဒီအစွဲဟာလည်း ကြီးမားလွန်းလို့ ခန္ဓာအစဉ် မပြတ်သရွေ့

သတ္တဝါတွေရဲ့ ပညတ်ဟာ မပြတ်ဘဲ သံသရာမှာကျင်လည်နေရတာ ဖြစ်ပါတယ်။

ဒီနေရာမှာ စာဖတ်သူများ မေးရန်အချက်ရှိမယ်လို့ ယူဆမိပါတယ်။ ဒါဟာလည်း ဘဝတိုတိုအတွင်းမှာ ခန္ဓာငါးပါးဟာ မြစ်ရေ အလျဉ်လို အစဉ်မပြတ်ဖြစ်နေလို့ သတ္တဝါတွေရဲ့ပညတ် (ဥပမာ-ကိုရန်အောင်၊ မခင်ဆွေဝင်း) ဟာ ခန္ဓာအစဉ်အပေါ် အမှီပြုပြီး တည်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ သေဆုံးသွားတဲ့အခါ အထက်နတ်ပြည်မှာ ဒါမှမဟုတ် ငရဲရောက်သွားတယ်ဆိုရင်လည်း စုတေတဲ့ လူဌာနနဲ့ ဘဝသစ်ဖြစ်တဲ့ ဌာနတွေဟာ လွန်စွာဝေးကွာနေလို့ ခန္ဓာငါးပါး အစဉ်ပြတ်သွားတယ် မဟုတ်လားလို့ မေးဖို့ ရှိနေပါတယ်။

အထက်ပါအမေးကို လယ်တီဆရာတော်ဘုရားကြီးက 'အနတ္တဒီပနီ' ကျမ်းမှာ အောက်ပါအတိုင်း ရှင်းလင်းစွာ ဖြေဆိုပေးထားပါတယ်-

လူ့ပြည်မှစုတေ၍ အထက်နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်သည် ဆိုသောစကား၊ လူ့ပြည့်မှ စုတေ၍ အောက်ငရဲပြည်၌ ဖြစ်ရသည် ဆိုသော စကားများတွင် စုတေရာဌာနနှင့် နောင်ဖြစ်ရာ ဌာနများသည် အလွန်ဝေးစွာ ကွာခြား နေသောကြောင့် ဌာနဒေသ အားဖြင့် လွန်စွာ ကွာခြားလျက် ရှိသော်လည်း ခဏကာလ အလိုအားဖြင့် အစဉ်မပြတ် သည်သာ ဖြစ်၏။

Although there is quite far away from one ***place*** *to another, there much* ***indifferent in time.***

'မပြတ်ပုံမှာ ဤလူ့ပြည်မှ စုတေ၍ အထက်နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ဖြစ်ကြရသည်မှာ စုတိစိတ်၏ တစ်ခဏနှင့် နတ်ပြည်၊ ဗြဟ္မာပြည်တို့၏ ပဋိသန္ဓေစိတ်တို့၏ ဥပါဒ်ခဏသည် လျှပ်တစ်ပြက် ကာလအတွင်း အစိတ်တစ်ထောင်စိတ်သော်လည်း တစ်စိတ်စာမျှ ကွာခြားခြင်းမရှိ။

ဥပမာ၊ တိမ်တိုက်၌ လျှပ်ပြက်သည်ကို မြင်တွေ့ကြရာမှာ လျှပ်ပြက်ရာဌာနနှင့် လျှပ်ရောင်ရောက်ရာ မြေပြင်သည် အလွန် ဝေးကွာသော်လည်း တိမ်တိုက်၌ လျှပ်ဖြစ်ပေါ်သောခဏနှင့် မြေပြင်တွင် လျှပ်ရောင် ကျရောက်သောခဏသည် တစ်ပြိုင်နက် တစ်ချက်တည်း ဆိုသလို ဆက်လျက်ရှိ၍ တိမ်တိုက်က လျှပ်သည်ပင်လျှင် မြေပြင်သို့ ရောက်လာသည်ဟု မျက်မြင် ဒိဋ္ဌမှတ်ယူနိုင်သကဲ့သို့တည်း'

ဤသို့လျှင် လူ့ပြည်မှ စုတေ၍ နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်မှာ ဖြစ်ကြရာ၌လည်း ခန္ဓာအစဉ်သည် မပြတ်၍ သတ္တဝါ ပညတ်သည်လည်း မပြတ်ပါ။ သို့သော် အချို့သော သူတို့ဟာ စုတေနှင့်ပဋိသန္ဓေ တစ်ဆက်တည်း ဆက်လျက် ရှိနေသည်ကို မတွေးမိကြဘဲ ဌာနဒေသအားဖြင့် လွန်စွာကွာဝေး နေသည်ကိုသာ ထင်မြင်နေကြတဲ့အတွက် ရှေ့ဘဝနှင့် နောက်

ဘဝဆက်နိုင်ရန် မရှိဟု ယောင်ဝါးဝါးကြီးဖြစ်၍ နေကြပါတယ်။

ယနေ့ကာလ နျူကလီးယား သိပ္ပံခေတ်မှာ လယ်တီဆရာတော်ကြီးရဲ့ ရှင်းပြချက်ကို နားလည် သဘောပေါက်ရန် ပို၍ လွယ်ကူပါတယ်။ နေရာဒေသအားဖြင့် မည်သို့ပင် ခြားနားစေကာမူ အလင်း စွမ်းအင်၊ လျှပ်စစ်သံလိုက် စွမ်းအင်တို့ဟာ တစ်စက္ကန့်မှာ မိုင်ပေါင်း ၁၆၈၀၀၀၊ အလျင်နှုန်းနှင့် အာကာသအတွင်း ပျံ့နှံ့နေပါတယ်။

ဒါပေမဲ့ အလင်းမိုင် ၁၆၈၀၀၀ အတွင်း ကျရောက်နေတဲ့ အရပ်များမှာ ထိုစွမ်းအင်များ သက်ရောက်မှုဟာ တစ်စက္ကန့်မျှပင် မကြာတဲ့အတွက် ယခု *Internet* ကမ္ဘာနှင့် *Information Technology age* မှာ မြောက်ဝင်ရိုးစွန်းမှ တောင်ဝင်ရိုးစွန်းဌ ရှိနေသူအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်တယ် ဆိုတာကိုလည်း တွေ့မြင် နိုင်ပါတယ်။

အထက်ပါ ဖော်ပြချက်များအရ ဆရာတော်ဟာ *ခန္ဓာငါးပါးကို စွမ်းအင်များသဖွယ်* ရှုမြင်ထားကြောင်း တွေ့မြင်နိုင်ပါတယ်။

ဗုဒ္ဓမြတ်စွာကလည်း ရုပ်*(matter)*ကိုသာမက ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း စွမ်းအင်များအဖြစ် ရှုမြင်ထားတာကို ပဋ္ဌာန်းဒေသနာတော်မှာ တွေ့ရှိနိုင်ပါတယ်။

'တံလျှပ်ပမာ သညာကန္ဓာ' ကိုတော့ ဒီလောက်နဲ့

တော်လိုက်ပါမယ်။

၄ က်ပျောတုံးပမာ သခ်ါရကွန္ဓာ

Volitional activities like a plantain tree.

မြတ်စွာဘုရားက သခ်ါရဟာ ၄ က်ပျောတုံး နှင့် ပမာ တူပါတယ် လို. ဟောကြား‌ခဲ့ပါတယ်။ ကျွန်တော်တို. သာမန်အမြင်နဲ. ဆိုရင် ၄ က်ပျောတုံးကြီးဟာ အနှစ်ရှိပြီး ခိုင်မာတယ်လို. ထင်ရပါတယ်။ ဒါပေမဲ့ မုန်.ဟင်းခါး ချက်ဖို.နဲ. ဟင်းချက်ဖို. ဓားနဲ. ပါးပါးလှီးပြီး အဖတ်တွေကို ခွာကြည့်လိုက်ရင် အနှစ်သား ဆုတာ ဘာမှ မတွေ.ရဘဲ မခိုင်မာတဲ့ အဖတ်တွေကုပ် အကွင်းလိုက် တွေ.နေရမှာ ဖြစ်ပါတယ်။ အလားတူ သခ်ါရ တွေမှာလည်း ခိုင်မာမှုအနှစ်သာရ ဆိုတာ ဘာမှမရှိပါဘူးလို. ဆိုလိုတာ ဖြစ်ပါတယ်။

ဒီနေရာမှာ *သခ်ါရဆိုတာ စေတနာ 'volition' အမှူးပြုတဲ့ စေတသိက် တရားတွေကို ဆိုလိုတာ* ဖြစ်ပါတယ်။ ထင်ရှားတဲ့ စေတသိက်တွေကိုဖော်ပြရမယ်ဆိုရင် မြင်တိုင်း၊ ကြားတိုင်း၊ တွေ.ထိ တိုင်းမှာ အာရုံကိုလာထိတွေ.သွားတဲ့ *ဖဿ 'contact'*၊ နှလုံးသွင်းတဲ့ *မနသိကာရ 'attention'*၊ စူးစိုက်ပြီး တည်ငြိမ်အောင်ထားတဲ့ *သမာဓိ 'concentration'*၊ ကြံစည်တဲ့ *ဝိတက် 'Initial thought'*၊ ဆင်ခြင်ဇယ်ဆိုတဲ့ *ဝိစာရ 'Ap-*

plied thought'၊ အားထုတ်တဲ့ ဝီရိယ *'Effort'* တွေနဲ့ မေတ္တာ *'Loving Kindness'*၊ ကရုဏာ *'Compassion'*၊ မုဒိတာ *'Appreciative Joy'* တို့ဖြစ်ပါတယ်။

အသင်းအဖွဲ့တစ်ခုမှာ အတွင်းရေးမှူးက အလုပ်တာဝန် အယူရဆုံး ဖြစ်သလို လူပ်ရှားမှုအားလုံးမှာလည်း စေတနာက အမြဲပါဝင်နေရလို့ သခ်ၤါရတွေမှာ အကြီးအမှူးက စေတနာ ဖြစ်ပါတယ်။

သခ်ၤါရတရားတွေဟာ အရေအတွက် အားဖြင့်လည်း များသလို ကိုယ်၊ စိတ်၊ အမှုအရာ၊ လူပ်ရှားတာတွေကို ပြီးစေလို့ သူဟာ အလွန်ထင်ရှားအရေးပါလှပါတယ်။ ဒါကြောင့် မို့ အမှုအရာ မှန်သမျှကို 'ငါ'က လုပ်နေပါလား လို့ ထင်မှတ်စွဲလမ်း စေတာ ဖြစ်ပါတယ်။

မိမိစိတ်ကိုဘယ်ကိုမှမပျံ့လွင့်စေဘဲ သတိလေးနဲ့ ရှုမှတ် ဆင်ခြင်လိုက်ရင် ခိုင်မာတယ်လို့ ထင်ရတဲ့ သခ်ၤါရ တရားတွေဟာ ၄ က်ပျောတုံး လို ဘာမျှအနှစ်သာရ မရှိပါလားဆိုတာ သိမြင် သွားမှာပါ။

သာယာတဲ့ညနေခင်းတစ်ခုမှာ ကြင်နာသူနဲ့ လမ်းလျှောက် ချင်တယ်ဆိုရင်လည်း အဓိကကတော့ စေတနာဦးဆောင်တဲ့သခ်ၤါရ တရားတွေက လျှောက်ပါလို့ စေ့ဆော်ပေးတာ ဖြစ်ပါတယ်။ ဒီလို စေ့ဆော်ပေးနေလို့ပဲ ခြေလှမ်းကို ကြွလိုက်၊ လှမ်းလိုက်၊

ချလိုက်နဲ့ လမ်းလျှောက် ဖြစ်သွားတာပါ။ သတိ မထားလိုက်ရင် ငါက သွားချင်လို့ သွားတာလို့ ငါ *(Self)* အနေနဲ့ ထင်မှတ်နေမှာ ဖြစ်ပါတယ်။ သတိ အမှတ်လေးရှိသွားရင် သွားချင်တဲ့ စိတ်က ဖြစ်ပြီးရင် ချက်ချင်းပျက်သွားတော့ 'ငါ' ဆိုတာ မရှိဘဲ သခ်ါရ သဘောတွေသာ ရှိပါလားလို့ သိသွားမှာ ဖြစ်ပါတယ်။

ကြံစည်တဲ့ဝိတက်၊ စဉ်းစားတဲ့ဝိစာရ၊ အားထုတ်တဲ့ ဝီရိယ တို့ဟာလည်း သူတို့ဖြစ်ဆဲမှာ ကြံစည်တယ်၊ စဉ်းစားတယ်၊ အားထုတ် တယ်လို့ ရှုမှတ်လိုက်ရင် တစ်ခဏချင်း ပျောက်ပျောက် သွားတာကို တွေ့ရပါမယ်။ တစ်ခါ သဒ္ဓါ၊ မေတ္တာ၊ ကရဏာတွေ ဖြစ်မိတဲ့ အခါမှာလည်း ယုံကြည်တယ်၊ မေတ္တာထားမိတယ်၊ ချမ်းသာစေချင်တယ်လို့ သတိ ထားလိုက်ရင် ပေါ်ပြီး ခဏ ချက်ချင်း ဖျတ်ခနဲ ပျောက်သွားပါတယ်။

ဒါကြောင့်မို့ သခ်ါရ သဘောတရားတွေ အားလုံးဟာ ၄ က်ပျောတုံးကြီး ခွဲစိတ်ကြည့်လိုက်ရင် အနှစ်သာရ ဘာမျှ မရှိသလို၊ ခိုင်မာမှု၊ တည်မြဲမှုဆိုတာ ဘာတစ်ခုမှ မရှိပါလားလို့ ရှင်းရှင်းလင်းလင်း တွေ့မြင်သွားမှာ ဖြစ်ပါတယ်။

မျက်လှည့်ပမာ ဝိညာဏက္ခန္ဓာ

Consciousness like a jugglery.

ဝိညာဉ်ဆိုတာ တကယ်တော့ 'စိတ်' ပါပဲ။ မြန်မာစကား မှာတော့ ဝိညာဉ်လို့မသုံးဘဲ စိတ်လို့သာ ခေါ်ဝေါ်သုံးစွဲ ကြပါတယ်။

စိတ်ဟာလည်း မျက်လှည့်သမားလို လူတွေကို လှည့်စား တတ်ပါတယ်။ အများစုကတော့ ငယ်ငယ် ကလေးဘဝ တည်းက စိတ်ဟာ အခုထိ ရှိနေတာပဲ၊ နောက်လည်း သေတဲ့အထိ ဒီ 'စိတ်' ဟာ အမြဲ ရှိနေမယ်၊ တစ်ဘဝလုံး မြဲနေတယ်လို့ ထင်မှတ်နေမိကြပါတယ်။ သေသွားပြီးရင်တောင်မှ ဒီ 'စိတ်' ဟာ နောင်ဘဝတွေကို ရွှေ့ပြောင်းပြီး ရှိနေမယ်လို့ ယူဆ နေကြ ပါတယ်။

Life is like a dream ဆိုသလို *ဘဝဆိုတာ* အိပ်မက်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ မရှိတာတွေကို အရှိ လို့ထင်ပြီး မျက်လှည့်သမားက ကြိုးကို မြွေလို့ လှည့်စားသလို၊ တကယ်မရှိတာတွေ ကို စိတ်က ရှိနေတယ်လို့ ထင်မှတ်နေတာ ဖြစ်ပါတယ်။

မိမိဘဝတစ်ခုမှာ ရင်းနှီးဆက်ဆံလာခဲ့ရတဲ့သူတွေကို ဒါ...ငါ့ အဖေ၊ ဒါ...ငါ့အမေ၊ ငါ့သား၊နဲ့ သမီး၊ ငါ့ဦးလေး၊နဲ့ အဒေါ်၊ ငါ့သူငယ် ချင်း၊ ငါ့မိတ်ဆွေတွေ စသည်ဖြင့် ထင်မှတ် စွဲလမ်း နေကြပါတယ်။ သမုတိသစ္စာ အရသာ မှန်ပေမယ့် ပရမတ်သဘော တကယ်ရှိတာက ရုပ်နဲ့နာမ်ပါပဲ။

မိမိက မြဲတယ်လို့ ထင်မှတ် နေကြတာတွေကလည်း အနှစ်သာရ အားဖြင့် မမြဲတဲ့တရားတွေပါပဲ။ တကယ်တော့ နုပျိုခြင်းဆိုတာ ကလည်း အိုမင်းရင့်ရော်ခြင်းနဲ့သာ အဆုံးသတ် သလို တွေ့ဆုံခြင်း ဆိုတာရှိရင် ကွေကွင်းခြင်း ဆိုတာလည်း

ရှိပါတယ်။ ရှင်ခြင်းဟာလည်း သေခြင်းမှာသာ အဆုံးသတ်ကြပေမယ့် ဘဝဆည်းဆာအချိန် ရောက်မှ အိပ်မက်က လန့်နိုးလာကြသူတွေက များကြပါတယ်။

စိတ်ဆိုတာ လှည့်စားဖုံးကွယ်တတ်တဲ့ သဘောရှိလို့လည်း မြတ်ဗုဒ္ဓက မျက်လှည့်သမားပမာ ဝိညာဏကွန္ဒာလို့ တင်စားပြီး ဟောပြောခဲ့တာ ဖြစ်ပါတယ်။

(၄)

အနတ္တဇသုတ္တန့် မိလိန္ဒပဉှာ

သာသနာတော်မှာ မိလိန္ဒပဉှာဟာ နေလိုလလို ထင်ရှားတဲ့ ကျမ်းတစ်ခုဖြစ်ပါတယ်။ သာသနာတော် နှစ် ၅၀၀၊ ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀ ခန့်က ဗုဒ္ဓဝါဒ အယူအဆကို လေ့လာလိုက်စားသော မိလိန္ဒမင်း ပေါ်ပေါက်ခဲ့ပါတယ်။ ဗုဒ္ဓ အယူဝါဒတို့တွင် မရှင်းလင်းသော အချက်များကို အရှင် နာဂသိန်အား မေးမြန်းလျှောက်ထားရာ မင်းကြီး၏ မေးလျှောက်ပုံနဲ့ အရှင် နာဂသိန်၏ ရှင်းလင်းဖြေကြားပုံကို စုပေါင်းမှတ်တမ်းပြုထားသော ကျမ်းမြတ် တစ်ဆူဖြစ်ပါတယ်။

အဲဒီကျမ်းရဲ့ အစမှာ အနတ္တသဘောနဲ့ ဆက်စပ်ပြီး မိလိန္ဒမင်းကြီးနှင့် အရှင် နာဂသိန်တို့ရဲ့ အမေးအဖြေ ဟာ အကောင်းဆုံး ဥပမာ ဖြစ်ပါတယ်။ မိလိန္ဒမင်းကြီးသည် အရှင်

နာဂသိန် ရှိရာသို့ လာရောက်ဖူးမြော်ပြီး -

'အရှင်ဘုရား၏ အမည်နာမ သည်ဟာ ဘယ်လို ခေါ်ပါသလဲ' လို့ မေးတဲ့အခါ အရှင် နာဂသိန်မှ

'မင်းကြီး၊ ငါ့ကို နာဂသေနဟု သိအပ်၏၊ မိခင် ဖခင်တို့က နာဂသေနလို့ အမည်နာမ ပညတ်မှည့်ထားတယ်၊ သီတင်းသုံးဖော် အရှင်မြတ်တို့ကလည်း နာဂသေန လို့ ခေါ်ဝေါ်ကြတယ်၊ သို့သော် နာဂသေန ဆိုသော အမည်သည် အမှန်စင်စစ် ပညတ် ဝေါဟာရ မျှသာတည်း၊ ပရမတ် သဘော အားဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ဟူ၍ မရှိ'

ထိုအခါ မိလိန္ဒမင်းက 'အရှင် နာဂသေန၊ ပရမတ်အား ဖြင့် ပုဂ္ဂိုလ်ဟူ၍ အကယ်ပင် မရှိအံ့၊ အဘယ်သူသည် အရှင် ဘုရားတို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပရိက္ခရာတို့ကို လှူလေသနည်း၊ အဘယ်သူသည် ထို လှူအပ်သောပစ္စည်းကို သုံးဆောင် စားသောက် လေသနည်း၊ အဘယ်သူသည် ကောင်း သောအမှု မကောင်းသောအမှုကို ပြုသနည်း၊ အဘယ်သူသည် နာဂသေန မည်သနည်း၊ အရှင်ဘုရား ဆံပင်သည် နာဂသေန မည်သလော'

'မင်းကြီး ဆံပင်သည် နာဂသေန မဟုတ်'

'အရှင်ဘုရား အရိုး အသား အဆုတ် နှလုံး ဦးနှောက်

တို့သည် နာဂသေန မည်သလော

မင်းကြီး ထိုအရာများသည်လည်း နာဂသေန မဟုတ်'

မင်းကြီးက ဒါဆိုရင် ရူပက္ခန္ဓာကို နာဂသေန လို့ ဆိုလို တာလား ဘုရားလို့ မေးပါတယ်။ ဒီအခါမှာ အရှင် နာဂသိန်က ရူပက္ခန္ဓာသည်လည်း နာဂသေန မဟုတ်ဘူးလို့ ဖြေပါတယ်။ ဒီတော့ မင်းကြီးက ထပ်ပြီး ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ကွန္ဓာတွေကို နာဂသေန ခေါ်တာလား ဘုရားလို့ ထပ်မေး ပါတယ်။

'ရှပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ဟာလည်း နာဂသေန မဟုတ်ပါ'

'အရှင်ဘုရား၊ ဒီလိုဆိုရင် ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တို့မှအပ နာဂသေန ဆိုတာ ရှိပါသလား'

'မင်းကြီး၊ ခန္ဓာငါးပါးမှ အပ နာဂသေနဆိုတာ မရှိပါ'

ဒီအခါမှာ မိလိန္ဒမင်းကြီးဟာ အလွန် မကျေမနပ် ဖြစ်ပြီး-

'အရှင်ဘုရား ဖြေဆိုတာကို တပည့်တော် အနေနှင့် ဘာဆိုလိုမှန်း သဘောမပေါက်ပါ ဘုရား၊ ဒီလိုဆိုရင် အရှင် ဘုရား ဖြေခဲ့တဲ့ နာဂသေနာ ဆိုတာ အသံသက်သက်၊ စကားလုံး သက်သက်ပဲလား၊ နာဂသေနာ ဆိုတော့ မရှိတဲ့အတွက် အရှင်ဘုရားက နာဂသေနာလို့ ပြောတာ မှုသားဆိုတာမလား၊

မရှိတာကို ရှိတယ်လို့ပြောတဲ့အတွက် လိမ်တာပဲ မဟုတ်လား လို့' ရင့်ရင့်သီးသီး စွပ်စွဲ ပြောလိုက်ပါတယ်။

တကယ်တော့ ဒီလို စွပ်စွဲ လိုက်ရတာလည်း မိလိန္ဒမင်းကြီး ဟာ ပညတ်နဲ့ ပရမတ်သဘောကို ခွဲခြားမရှုမြင် မစဉ်းစားမိလို့ ဖြစ်ပါတယ်။

လောကမှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါး 'ရုပ်နာမ်' အစုလေးဟာ ပရမတ်သဘောအရ ရှိပြီး ဦးမြင့်၊ ဒေါ်မိုးမိုး၊ မောင်လှမြင့်၊ မဝါဝါဦး ဆိုတာ ဝေါဟာရ ပညတ် နယ်မှာသာ ရှိပါတယ်။

အနတ္တသဘောကို မြင်ဖို့က ပညတ်နဲ့ ပရမတ်ကို ခွဲခြား သိဖို့ပါတယ်။ ဦးမြင့်၊ ဒေါ်မိုးမိုး ဆိုတာ ပရမတ်အရ မရှိပေမယ့် ပညတ်နယ် ဆိုတဲ့ သမုတိသစ္စာနယ်မှာတော့ အမှန်ရှိနေပါတယ်။ ဒီသဘောလေးရှိလို့ မိလိန္ဒပဉ္ဉာမှာ မင်းကြီးရဲ့အမေးကို အရှင် နာဂသိန်မှ အောက်ပါအတိုင်း *'မင်းစီးရထား'* *'Royal Chariot'* ဥပမာနဲ့ ရှင်းရှင်း လင်းလင်း ဖြေဆိုထားပါတယ်။

'မင်းကြီး၊ ကျောင်းကို ဘာနှင့် လာပါသလဲ'

'ရထားနှင့် လာပါတယ်ဘုရား...'

'မင်းကြီး၊ ရထားဆိုတာ ဘာကို ဆိုလိုတာလဲ၊ လှည်းသန်ဟာ ရထားလား၊ လှည်းအိမ်ဟာ ရထားလား၊ ဝင်ရိုးဟာ ရထားထား၊ လှည်းဘီးဟာ ရထားလား၊ လက်တင်နှင့်

လှည်းထောက်ဟာ ရထားလား ...'

'အရှင်ဘုရား အဲဒါတွေ တစ်ခုမှ ရထား မဟုတ်ပါဘုရား'

'ဒါဖြင့် အသင်မင်းကြီး ပြောတဲ့ ရထားဆိုတာ ဝင်ရိုး လှည်းသန်၊ ဘီး၊ လှည်းထောက်မှအပ တခြားရှိပါသေးလား'

'အဲဒါတွေမှအပ ရထားဆိုတာ မရှိပါ ဘုရား'

ရှင်နာဂသိန်က အထက်ပါ ဥပမာလေးနဲ့ ခန္ဓာငါးပါး အစုအဝေးကို ပရမတ်နဲ့ ပညတ် မြင်အောင်ခွဲပြမှ မင်းကြီးလည်း ဘဝင်ကျ လက်ခံ သွားပါတယ်။ လောကမှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးဟာ ပရမတ်သဘော အရ ရေတွက်တာဖြစ်ပြီး မောင်ဖြူ မောင်နီ လူ နတ် တိရစ္ဆာန် တို့ သတ်မှတ်တာဟာ ဝေါဟာရ ပညတ်တွေဖြစ်ပါတယ်။ ပညတ်သဘောတွေဟာလည်း သမုတိသစ္စာ နယ်ပယ်မှာတော့ မှန်ကန်မှု ရှိပါတယ်။

လယ်တီ ဆရာတော်ဘုရားကြီးမှ 'အနုတ္တဒီပနီ' မှာလည်း *'သစ္စာ'ကို သမ္မုတိ သစ္စာနှင့် ပရမတ္ထ သစ္စာ ဆိုပြီး နှစ်မျိုး ခွဲ၍ ရှင်းပြထားပါတယ်။*

သမ္မုတိ သစ္စာ 'Relative Truth' ဆိုတာ လောကမှာ ပုဂ္ဂိုလ် သတ္တဝါ အမှန်ရှိ၏၊ ထိုပုဂ္ဂိုလ် သတ္တဝါ အတွက် ဧဝံ တို့သည် အနုမတဂ္ဂ သံသရာ၌ ကုသိုလ်ကံ အကုသိုလ်ကံ ပစ္စျ ရာသို့ အစဉ်တစိုက် လိုက်၍ အစဉ်မပြတ် ကျင်လည် ပြောင်းရွေ့

၍ နေကြရကုန်၏ဟု အခိုင်အမြဲ မှတ်ယူစွဲလန်း ခေါ်ဝေါ် ပြောဆို ခြင်းသည် သမ္မုတိသစ္စာ မည်၏။

'ထိုတွင် သတ္တဝါရှိသည် ဟူသော စကားဖြင့် လူ ဟူ၍ အမှန် ရှိ၏၊ နတ် ဟူ၍ အမှန် ရှိ၏၊ ကျွဲ နွား ခွေး ဝက် ကြက် ငှက် တိရစ္ဆာန် သတ္တဝါဟူ၍ အမှန် ရှိ၏၊ ယောကျ်ား မိန်းမ ဟူ၍ အမှန် ရှိ၏၊ ငါ ဟူ၍ သူတစ်ပါး ဟူ၍ အမှန် ရှိ၏၊ ဦးခေါင်း ခြေလက် မျက်စိ နား နှာခေါင်း စသော အင်္ဂါကြီးငယ် ဟူ၍ အမှန် ရှိ၏၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ဟူ၍ အမှန် ရှိ၏ စသည် ဖြင့် ထင်မှတ် စွဲလန်း ခေါ်ဝေါ် ပြောဆိုခြင်းများသည်လည်း သတ္တဝါ ရှိ၏ ဟူသော စကား၌ ပါဝင်လေ၏'

'ပုဂ္ဂိုလ် ရှိ၏ ဟူသော စကားသည် သတ္တဝါ ရှိ၏ ဟူသော စကားနှင့် အထူး အခြား မရှိကြ'

'အတ္တ ရှိ၏ ဟူသော စကား၌ အတ္တ ဆိုသည်ကား သတ္တဝါတို့၏ သဏ္ဌာန်မှာ အမာခံ ဖြစ်သော အနှစ်သာရကို အတ္တဟူ၍ ဆို၏'

အထက်ပါ အချက်များမှာ သမုတိသစ္စာ နယ်တွင် ပုဂ္ဂိုလ် သတ္တဝါ အတ္တ ရှိပုံ၊ ထိုသို့ ယူဆလျှင်လည်း မှန်ကန်ပုံကို လယ်တီဆရာတော် ရှင်းလင်း ဖော်ပြထားတာ ဖြစ်ပါတယ်။

ခန္ဓာ ငါးပါး မရှိသော သတ္တဝါ ဟူ၍ မရှိ သောကြောင့် ခန္ဓာ ငါးပါးသည် သတ္တဝါ၏ အနှစ်သာရ အတ္တ မည်ပါတယ်။

လယ်တီ ဆရာတော်၏ ထူးခြားသော အာဘော်မှာ လူတွေမှ တုံးစံအတိုင်း ပုဂ္ဂိုလ် ရှိသည်၊ သတ္တဝါ ရှိသည်၊ အတ္တဇီဝ ရှိသည်ဟု ပြောဆို နေကြခြင်းသည် တစ်စုံ တစ်ယောက် သော သူကိုမျှ လှည့်စားခြင်း မဖြစ်၊ မုသာဝါဒ မဖြစ်။ ထိုသို့ မဖြစ်သောကြောင့် သစ္စာ ဆိုနိုင်ပါတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

အရေးကြီးသော အချက်မှာ သမုတိသစ္စာသည် မုသာဝါဒကို ပယ်နိုင်သော်လည်း *ဝိပွလ္လာသ 'Transposition'* ခေါ် ဖောက်လွဲ ဖောက်ပြန် အထင်မှား အမြင်မှား အမှတ်မှား အသိမှား ဖြစ်တတ်သော သဘောကိုကား မပယ်နိုင်။ အကြောင်းမှာ သမုတိ သစ္စာများ ကိုယ်တိုင် ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်သောကြောင့် ဖြစ်ပါတယ်။

ပရမတ္ထသစ္စာကား ဖောက်ပြန်တတ်သော သဘောမရှိ တဲ့အတွက် ဝိပွလ္လာသ တရားများကိုပါ ပယ်ရှားနိုင်ပါတယ်။

လယ်တီဆရာတော်ကြီးမှ လောကမှာ ပရမတ္ထသစ္စာ သည်လည်း အရေးကြီးသလို သမုတိသစ္စာသည်လည်း အချိန်အခါ အခြေအနေ အလိုက် သစ္စာ မည်ပါတယ် လို့ ညွှန်ပြခဲ့ပါတယ်။

(၅)

နိဗ္ဗာန်ကျွန်းဆီသို့

လောက နိယာမအရ အိုမင်းရင့်ရော်ခြင်းရှိရင် နုပျိုလန်းဆန်းခြင်းဆိုတာ ရှိသလို၊ သေခြင်းဆိုတာ ရှိရင် မသေခြင်းဆိုတဲ့နေရာရှိသလို၊ အမှန်းဆိုတာရှိရင် အချစ်ဆိုတာရှိသလို၊ မတည်မြဲခြင်းဆိုတာ ရှိရင် တည်မြဲတယ်ဆိုတဲ့ အရာက ရှိနေပါတယ်. ဒါကတော့ သူတော်ကောင်း တရားဆိုတဲ့ နိဗ္ဗာန် ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဓမ္မပဒမှာ .....

ဇရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ။

'ရတနာတို့ဖြင့် ကောင်းစွာအဆန်းအကြယ် ဆင်ယင်ထားသော မင်းရထားတို့လည်း အချိန်ဟန်သော် ဟောင်းနွမ်းဆွေးမြည့်သွားကြရပါတယ်။ ထို့အတူ ခန္ဓာကိုယ်သည်လည်း ယိုယွင်းပျက်စီး၍ အိုမင်းခြင်းသို့ ရောက်သွားကြပါတယ်။ ဒါပေမဲ့ သူတော်ကောင်း တရားဖြစ်သော နိဗ္ဗာန်သည်ကား ဆွေးမြည့်အိုမင်းသွားသည်ဟူ၍ မရှိပါ'

Even the gaily decked royal charoits wear

out, surely this body will go to decay. But the teachings of righteous goes not to decay ; thus do the righteous make it known to the good.

ဒါကြောင့်မို့ ... လောကမှာ ခမ်းနားတင့်တယ်လှတဲ့ မြင်း ၁၆ ကောင်ဆွဲတဲ့ မင်းစီးရထားကြီးတွေ၊ အခမ်းနားဆုံး နန်းတော်ကြီးတွေနဲ့ မြို့ကြီးတွေ၊ အင်ပါယာ ဘုရင်ကြီးတွေ၊ စစ်သူကြီးတွေ၊ အတတ်ပညာရှင်ကြီးတွေဟာ အချိန်နဲ့အမျှ ချုပ်ပျောက်ပျက်စီးသွားရ စမြဲ ဖြစ်ပါတယ်။

လူဘဝနဲ့ ထင်ဟပ်လို့လည်း သက်သေသာဓကတွေ အများကြီး ရှိခဲ့ပါတယ်။ ဒီအကြောင်းနဲ့ဆက်စပ်လို့ ဒဏ္ဍာရီဆန်တဲ့ ပုံပြင်လေး တစ်ခုကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။

တစ်ခါက ပင်လယ်ကမ်းစပ်မြို့လေးတစ်ခုမှာ အလွန်ကြီးမားတဲ့ *ငါးမန်းဖြူ 'White Shark'* ကြီးတစ်ကောင် ဝင်ရောက်သောင်းကျန်း တဲ့အတွက် ဒေသခံ တံငါသည်တွေ၊ ပြည်သူတွေ သေကြေခဲ့သလို လှေ၊ ဘော်တွေလည်း အများကြီး ပျက်စီး ဆုံးရှုံးခဲ့ပါတယ်။ အခွင့်သင့် တိုင်းလည်း ကမ်းစပ်မှာ ရချိုးတဲ့သူတွေ၊ နေပူစာ လှုံတဲ့သူတွေ၊ အပန်းဖြေသူတွေကို [illegible]နရာယ်ပြုလို့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ ရပါတယ်။

ငါးမန်းဖြူကြီးကို ဘယ်သူမှ မသုတ်သင် မရှင်းလင်း

နိုင်တော့ လူပေါင်းများစွာဟာ ငါးမန်းစာ ဖြစ်သွားပါတော့တယ်။ အဲဒီ ကာလလေးမှာ လူအသက်များစွာ သေကြေနေတာကို မကြည့်ရက်လို့ တစ်ကိုယ်တော် သူရဲကောင်းတစ်ဦး ပေါ်ထွက်လာပါတယ်။ သူဟာ သဘော်ဂယ်တစ်စီးကို စိတ်ကြိုက်တည်ဆောက်ပါတယ်။ ဒို့နောက် ငါးမန်းဖြူကြီးကို ရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့ လက်နက်ပစ္စည်းတွေ တပ်ဆင်ပြီး ပင်လယ်ပြင်ကို ထွက်ခဲ့ပါတယ်။

ပင်လယ်ထဲရောက်လို့ မကြာခင်မှာ ငါးမန်းဖြူကြီး ရောက်ရှိလာပြီး သူရဲကောင်းကြီးရဲ့ သဘော်ကို တိုက်ခိုက်ပါတော့တယ်။ သူရဲကောင်းကြီးလည်း လက်နက်မျိုးစုံနဲ့ ငါးမန်းဖြူကြီးကို စွမ်းအား ရှိသရွေ့ တိုက်ခိုက်ပါတယ်။ မွန်းလွဲနှစ်နာရီကစပြီး တိုက်ခိုက်ကြတာ ညနေဆည်းဆာမှာ သူရဲကောင်းကြီးလည်း သွေးချင်းချင်းနီရဲလို့ သေလုမျောပါး ဒဏ်ရာရသွားသလို ငါးမန်းကြီးလည်း ဒဏ်ရာတွေနဲ့ သေဆုံး သွားပါတော့တယ်။

နောက်ဆုံးတော့ ငါးမန်းဖြူကြီးကို သံချိတ်တွေနဲ့ ချည်နှောင်ပြီး မြို့လေးဆီ ဦးတည် မောင်းနှင်ခဲ့ပါတယ်။ ဒါပေမဲ့ သဘော်ကပဲ ကမ်းစပ်ကိုရောက်ပြီး သူရဲကောင်းကြီးကတော့ ရထားတဲ့ ဒဏ်ရာ တွေကြောင့် လမ်းမှာ သေဆုံး သွားခဲ့ပါတယ်။

အသက်နဲ့လဲပြီး ငါးမန်းဖြူကြီးကို ရှင်းလင်းပေးခဲ့တဲ့ အတွက် ပင်လယ်မြို့လေးက မြို့တော်ဝန်နှင့် မြို့သူမြို့သားများက အမှတ်တရဖြစ်အောင် ငါးမန်းပြတိုက် တည်ဆောက်ပြီး ကြီးကျယ်တဲ့ ဂုဏ်ပြုပွဲကြီးကိုလည်း လုပ်ပေးပါတယ်။

ပြတိုက်ကြီးမှာ အလွန်ကြီးမားတဲ့ ငါးမန်းဖြူကြီးရဲ့ အရိုးတွေနဲ့ ငါးမန်းရုပ်ကြီးကို အသက်ဝင်လှုပ်ရှားနေသလို ထားရှိတဲ့အပြင် သူရဲကောင်းကြီးရဲ့ ဖယောင်းရုပ်တုနှင့် သမိုင်း မှတ်တမ်းကိုလည်း တခမ်းတနား ပြသထားပါတယ်။

နှောင်းခေတ် လူများက အဲဒီပြတိုက်မှာသွားကြည့်ပြီး 'အလွန် သတ္တိကောင်းတာပါပဲ'၊ 'အာဇာနည် သူရဲကောင်းကြီး ပါလား'၊ 'သူ့လို စွန့်နိုင်ဖို့ ကမလွယ်ပါဘူး၊ အလွန် တော်ပါ ပေတယ်' လို့ ပြောဆို ကြပါတယ်။

ဒီနေရာမှာ စဉ်းစားစေချင်တာက သူရဲကောင်းကြီးသာ သက်ရှိထင်ရှား အနားမှာ နားထောင်နေမယ်ဆိုရင် 'သြော်... အလွန်တော်တာပဲ၊ တကယ့်ကို ကိုယ်ကျိုးစွန့်ပြီး လုပ်နိုင်သူ ပါလား ...' ဆိုတဲ့ ဂုဏ်ပြုစကားလောက်နဲ့ သူကျေနပ်မှာ မဟုတ်ပါဘူး။ ဒါကလည်း သူ့အသက်ကိုစွန့်ပြီး လုပ်ခဲ့တဲ့ စွမ်းဆောင်မှု တစ်ခုဖြစ်လို့ပါ။ ဒါပေမဲ့ တကယ့်ဘဝမှာ ဒီလုပ်ရပ်ထက် ကောင်းတာ၊ မြတ်တာ၊ ပိုပြီးတော်တာ လုပ်လို့ မရတော့ပါဘူး။

ဒီဖြစ်ရပ်လေးကို နှလုံးသွင်းကြည့်မယ်ဆိုရင် လူ့ဘဝရဲ့ ဖြစ်တည်မှုက ဒီလောက် ဖြစ်သလို ဘဝဟာလည်း ဒီမျှပါပဲ။ ဒီ ဒဏ္ဍာရီကို ဗုဒ္ဓဒဿနနဲ့ စပ်ဟပ်ပြီး နားမလည်ဘူးဆိုရင်တော့ ဘဝကို တစ်မျိုးတစ်မည် အဆိုးမြင်သွားနိုင်စရာရှိပါတယ်။ ဒါပေမဲ့ ဗုဒ္ဓရဲ့ အနတ္တဒေသနာနဲ့ ဆက်နွယ်ပြီး နားလည်သွားရင်တော့ ဘဝရဲ့ အနှစ်သာရ၊ ဘဝရဲ့လုပ်ဆောင်ချက်တွေဟာ ဘယ်လိုဖြစ်သင့်တယ်၊ ဘယ်မျှထိ ရှိတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရဟန်းများကို ဟောခဲ့ဖူးတာရှိပါတယ်...

'ချစ်သားတို့ ... ရှေးရှေးဘဝက ငါဘုရားဟာ ကုသဝတ်ပြည့်ရှင် ဖြစ်ခဲ့ဖူးတယ်။ မြို့ပေါင်း ၈၄၀၀၀၊ ပြာသာဒ်ပေါင်း ၈၄၀၀၀၊ အိမ်တော်ပေါင်း ၈၄၀၀၀၊ ဥပေါသထ ဆင်မင်း အမှူးရှိတဲ့ ဆင်ပေါင်း ၈၄၀၀၀၊ ဝလာဟကမင်း အမှူးရှိတဲ့ မြင်းပေါင်း ၈၄၀၀၀၊ ရထားပေါင်း ၈၄၀၀၀၊ သုဘဒ္ဒါဒေဝီ အမှူးရှိတဲ့ မိဖုရားပေါင်း ၈၄၀၀၀၊ သားကြီး ရတနာ အမှူးရှိတဲ့ နောက်လိုက်မင်းပေါင်း ၈၄၀၀၀ နဲ့ တန်ဖိုးမဖြတ် နိုင်တဲ့ ရတနာကျောက်သံ ပတ္တမြားတွေ၊ အလွန်ကျယ်ပြန့်တဲ့ မြေ နေရာတွေကို အုပ်စိုးခဲ့ဖူးတယ်။ ဘုန်းတန်ခိုး အာနုဘော်ကြီးမားတဲ့ ရှင်ဘုရင်တစ်ပါး ဖြစ်ခဲ့ဖူးတယ် ...'

'ဒါပေမဲ့ အဲဒီ သခ်ၤါရ တရားတွေအားလုံးဟာ လွန်ခဲ့ပြီ၊ ပြောင်းလဲ ဖောက်ပြန်ခဲ့ပြီးပြီ ချစ်သားတို့ ...ဒါကြောင့်မို့ သခ်ၤါရတွေဟာ မခိုင်ခဲ့၊ မတည်မြဲသလို သာယာ မက်မောဖွယ်လည်း မရှိကြဘူး၊ တစ်ချိန်က ကမ္ဘာပေါ်မှာ စာမဖွဲ့နိုင်လောက်အောင် ကြီးကျယ်ခဲ့တာတွေဟာ အစအန ဘာတစ်ခုမှ ရှာမရနိုင်လောက်အောင် ချုပ်ငြိမ်းပြီး ပျောက်ကွယ် သွားကြတာပါပဲ၊ ဒါကလည်း မူလဖြစ်တည် ပေါ်ပေါက်လာကတည်းကိုက ခိုင်ခဲ့တဲ့ အနှစ်သာရမရှိလို့ ဖြစ်တယ် ချစ်သားတို့ ...'

မြတ်စွာဘုရား၏ ရှေးရှေးဘဝက အလွန်ခမ်းနားတဲ့ စည်းစိမ်တွေ ကွယ်ပျောက်ခဲ့သလို ကမ္ဘာ့သမိုင်းမှာ ကြီးကျယ်တဲ့ စစ်ဘုရင်ကြီးတွေ၊ နန်းတော်ကြီးတွေ၊ အဆောက်အဦကြီးတွေလည်း ကွယ်ပျောက်ချုပ်ငြိမ်း ကြရစမြဲပါ။ စာဖတ်သူများလည်း တွေးကြည့် လိုက်ရင် အလွန်ဝမ်းနည်း ဆွေးမြည့်သံဝေဂရဖွယ် ကောင်းလှပါတယ်။

ဒါပေမဲ့လည်း လူအများစုဟာ အနှစ်မရှိတာတွေကို အနှစ်ရှိတယ်လို့ယူဆပြီး အနှစ်ရှိတဲ့ သဘောတရားကိုတော့ အနှစ်မရှိဘူးလို့ ယူဆကြပါတယ်။ ဒီလိုနဲ့ သစ္စာကို မသိမချင်း သံသရာစက်ဝန်းကနေ မရုန်းထွက် နိုင်အောင်ကို ဖြစ်နေ ကြရပါတယ်။

သစ္စာ သိလို့ အဝိဇ္ဇာ အိပ်မက်ရှည်က နိုးထလာတဲ့ လူအနည်းစု ကသာ လောကကြီးဟာ မတည်တဲ့ မခိုင်မြဲသလို အနှစ်သာရ ဘာမျှ မရှိပါလား‌လို့ အမှန်ကို အမှန်အတိုင်း သိသွား ကြပြီး ဓမ္မဆိုတဲ့ *သစ္စာစက်ဝန်း 'The Circle of Truth'* ကို ထိုးထွင်းသိမြင် သွားကြပါတယ်။

မြတ်ဗုဒ္ဓကလည်း ဘဒ္ဒေကရတ္တသုတ် ပါဠိတော်မှာ-

'ပြုဖွယ်ဟူသမျှကို၊
ယနေ့ပင်ပြုအပ်၏။
မည်သည့်နေ့ရက်တွင်
သေမည်ကိုမသိနိုင်၊
ဓစ်သည်အင်အား များစွာရှိသော
သေမင်းနှင့်
ချိန်းဆိုထားခြင်းမရှိကြ ...'

လို့ ဟောထားခဲ့ပါတယ်။

The surest thing in life is uncertainty.

ထို့အတူ လောကမှာ အသေချာဆုံးအရာဟာ မသေချာခြင်း ဖြစ်လို့ တန်ဖိုးရှိလှတဲ့ လူ့ဘဝတိုတိုလေးမှာ စာဖတ်သူများ ကိုလည်း သစ္စာလေးပါးနှင့် အနတ္တသဘာဝကို တရားရှုမှတ်အား‌နဲ့ ထိုးထွင်း သိမြင်သွားစေချင်ပါတယ်။

ဒီလို သိမြင်သွားမှလည်း စာဖတ်သူများအားလုံး အစိုးမရတဲ့ အနှတ္တ လောကကြီးကနေ အိုးမင်းရင့်ရော်ခြင်း မရှိတဲ့၊ ကလေသာ မီးတွေ ကင်းလွတ်သွားတဲ့၊ သူတော်ကောင်းတရား ဖြစ်တဲ့ နိဗ္ဗာန်ကျွန်း ဆီကို မဂ္ဂင်ဖောင်နဲ့ ကူးခပ်လို့ အရောက်လွှမ်း သွားနိုင်မှာ ဖြစ်ပါတယ်။

မေတ္တာရည်၍

စိန်လင်း

ခွဲစိတ်နှင့်ကင်ဆာပါရဂူ

ရယ်စရာကြာ



ဓမ္မစကြာ

၆

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ'

ပူဇော်သမျှကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

Homage to the Blessed One, the worthy and the fully enlightened the Buddha Supreme.

(၁)

မိဂဒါဝုန်တောမှာ

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂီယေ ဘိက္ခူ။ အာမန္တေသိ ။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး ရသေ့သူမြတ် အပေါင်းတို့၏ သက်ဆင်းရာဖြစ်သော သားသမင်တို့ကို ဘေးမဲ့ပေးရာ ဣသိပတန အမည်ရှိ မိဂဒါဝုန်တော၌ သီတင်းသုံးနေစဉ် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးဦးတို့အား ခေါ်တော်မူပါသည်။

'At one time, The Blessed one was dwelling in Benares , at the deer park , Isipatana.'

'Then the Blessed one addressed the group of five Bhikkhus.'

(၂)

အစွန်းတရား နှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နာ သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယော ဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထာ သံဟိတော၊ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထာ သံဟိတော။

'ချစ်သား ရဟန်းတို့... အိမ်ရာတည်ထောင် လူဘောင်ကို ခွာ၍ ရသေ့ရဟန်းဖြစ်လာသော ပုဂ္ဂိုလ်တို့သည် အစွန်းတရား နှစ်ပါးကို မမှီဝဲထိုက်ကုန်။

အဘယ်တရားနှစ်ပါးတည်း ဆိုသော်...'

ကိလေသာ ကာမချမ်းသာကို အဖန်ဖန်ခံစား အားထုတ်ခြင်းသည် ယုတ်ညံ့သော အစွန်းတရား တစ်ပါးဖြစ်သည်။ ယင်းသည် ရွာသူရွာသား လူအများတို့၏ အကျင့်၊ ပုထုဇဉ်တို့၏ အလေ့အကျင့်သာ ဖြစ်ပြီး အရိယာ ပုဂ္ဂိုလ်များ၏ အလေ့အကျင့် မဟုတ်။ ကောင်းသော အကျိုးစီးပွားနှင့် စပ်ယှဉ်သော အကျင့်

လည်း မဟုတ်။

မိမိကိုယ်ကို ပင်ပန်းဆင်းရဲ ကြီးအောင် အားထုတ်သော အကျင့်မျိုးသည်လည်း ဆင်းရဲကြောင်း အစွန်းတရား ဖြစ်ပါတယ်။ အရိယာ ပုဂ္ဂိုလ်များ၏ အကျင့်မဟုတ်သလို ကောင်းသော အကျိုး စီးပွားနှင့် စပ်ယှဉ်သော အကျင့်လည်းမဟုတ်။

'Those two extremes, Bhikkhus, should not be followed by one who has given up the world.'

Which two ?

'There is one extreme a life given to attractive sensual pleasures which is low, vulgar of the average folk, ignoble and unprofitable.'

'There is another extreme a life given to self torment, which is suffering, ignoble and unprofitable.'

(၃)

အလယ်အလတ် အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏ ကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမပဋိပဒါ တထာဂတေန

အဘိသမ္ဘုဒ္ဓါ စက္ခုကရဏီ ညာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ အယမေဝ အရိယော အင်္ဂီကော မဂ္ဂေါ။

သေယျထိဒံ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဘုဒ္ဓါ စက္ခုကရဏီ ညာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ချစ်သား ရဟန်းတို့... နှစ်ပါးကုန်သော အယုတ် တရား တို့ကို ရှောင်ခွာပြီး ငါဘုရားသည် *မဇ္ဈိမပဋိပဒါ* ဟုခေါ်သော အလယ်လမ်းကို သဗ္ဗညုတ ဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူခဲ့ပြီ။

အလယ်လမ်းဟု ခေါ်သော အကျင့်မြတ်သည် သစ္စာ တရားကို မြင်စေသော ပညာမျက်စိကိုလည်းကောင်း၊ အသိဉာဏ် ပွင့်လင်းမှုကိုလည်းကောင်း၊ ကိုလေသာ ခပ်သိမ်းကို ချုပ်ငြိမ်း စေခြင်းငှာ လည်းကောင်း သစ္စာတရားကို ထူးသော ဉာဏ်ဖြင့် သိစေခြင်းငှာလည်းကောင်း၊ သစ္စာတရားကို မဖောက်မပြန် မှန်ကန်စွာ သိစေခြင်းငှာ လည်းကောင်း ဒုက္ခခပ်သိမ်း အေးငြိမ်း ရာ နိဗ္ဗာန် အကျိုးငှာလည်းကောင်း စင်စစ်ဧကန် အမှန်ပင်

ဖြစ်ပေသည်။

ထို အလယ်လမ်းဟု ခေါ်သော အကျင့်မြတ်မှာ ....

အရိယာ ပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်သော မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါး ဆိုသည်မှာ ကောင်းစွာ သိမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ သတိထားခြင်းနှင့် ကောင်းစွာ တည်ကြည်ခြင်း တို့ပင် ဖြစ်သည်။

'Now, Bhikkhus, by avoiding both these extremes, there is a middle course, fully understood by me.'

'Making for vision , making for wisdom which leads to tranquility to higher wisdom to Enlighterment, to Nibbana.'

What is this middle course ?

'It is the Noble Eightfold Path, namely, Right view, Right thought, Right speech, Right bodily action, Right livelihood, Right effort, Right mindfulness and Right concentration.

(၄)

ဒုက္ခ သစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊

မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန၊ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ချစ်သား ရဟန်းတို့ ဤဆိုအပ်သော ဆင်းရဲခြင်း များသည် မှန်ကန်သော အရိယာသစ္စာပင် ဖြစ်သည်။ သံသရာ၌ အဖန်ဖန် ပဋိသန္ဓေ နေရခြင်း၊ အိုမင်းရခြင်း၊ မကျန်းမမာ ဖျားနာရခြင်း၊ သေရခြင်း၊ မချစ် မနှစ်သက်သော သူတို့နှင့် အတူတကွ ပေါင်းဖော် နေရခြင်း၊ ချစ်သောသူတို့နှင့် ခွဲခွာ နေရခြင်း အလိုရှိတိုင်း တောင့်တတိုင်း မရရှိခြင်းများ အားလုံးသည် ဆင်းရဲခြင်း ဒုက္ခများ ဖြစ်သည်။ *အချုပ်အားဖြင့် ဥပါဒါန်တို့၏ စွဲလန်းရာ ဖြစ်သော ခန္ဓာငါးပါးသည် ဆင်းရဲကြောင်းပင် ဖြစ်သည်။*

'Bhikkhus , there is the Noble Truth about suffering . Birth is suffering , Old age is suffering , Death is suffering , Association with those we do not love is suffering , separation from those we love is suffering and Not to get what one desires

is suffering. In brief, the five aggregates of cling-ing are suffering.

(၅)

သမုဒယ သစ္စာ

ကြာဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။။

ချစ်သား ရဟန်းတို့ ဤဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော မှန်ကန်သော အရိယာ သစ္စာသည် ရှိ၏။ ဤ အကြောင်းရင်းမှာ ဘဝ အသစ်အသစ်တို့ကို အဖန်ဖန် ဖြစ်စေ သော နှစ်သက်စွဲလန်းမှု ဆိုသော တဏှာပင် ဖြစ်သည်။ နှစ်သက် စွဲလန်းခြင်း သာမက ကာမဂုဏ်အာရုံတို့၌ ပြေးလွှား ကျက်စား၍ သာယာ နေတတ်သည်။

ထိုတဏှာ များမှာ .....

ကာမဂုဏ် အာရုံတို့၌ ခုံမင် တပ်မက်တတ်သော ကာမ တဏှာ၊ မြဲသည်ဟု အယူရှိသော သဿတဒိဋ္ဌိနှင့် ယှဉ်သည့် ဘဝတဏှာနှင့် သေရင် ဘဝပြတ်စဲသည်ဟု အယူရှိသော ဥစ္ဆေဒ ဒိဋ္ဌိနှင့်ယှဉ်သော ဝိဘဝတဏှာ တို့ပင် ဖြစ်သည်။

'Bhikkhus, there is the Noble Truth of the uprising

of suffering. It is the craving or desire which is potent cause for rebirth and is also accompanied by pleasure and lust, seeking satisfaction, now here and now there.'

And what are these?

'These are the craving for sensual pleasure, the craving for existence and the craving for non-existence.'

(၆)

နိရောဓ သစ္စာ

ကဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓံ အရိယသစ္စံ၊ ယောတဿယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါမုတ္တိ အနာလယော။

ချစ်သား ရဟန်းတို့... ဒုက္ခ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ အမှန်ဖြစ်သော အရိယ သစ္စာတရားသည် နိဗ္ဗာန်ပင် ဖြစ်သည်။ ယင်း၌ တဏှာ လောဘ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု၊ စွန့်လွှတ်မှု၊ လွတ်မြောက်မှုနှင့် မငြိတွယ်မှု သဘောရှိသည်။

'Bhikkhus, there is the Noble Truth of the cessation of suffering. It is called Nibbana where it has the utter fading away and cessation of the very craving, the giving it up, the abandoning it, the release from it

and the detachment from it.'

(၇)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အင်္ဂီကော မဂ္ဂေါ။

သေယ္ယထိဒံ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ချစ်သား ရဟန်းတို့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း မဂ္ဂသစ္စာသည် အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်သော မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။

ထို မဂ္ဂင်ရှစ်ပါးမှာ .....

ကောင်းစွာ သိမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာ သတိထားခြင်းနှင့် ကောင်းစွာ တည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

'Bhikkhus,there is the Noble Truth of the course leading to cessation of suffering. It is the Noble Eight-fold Path.'

'Namely, Right View,Right Thought, Right speech,

Right bodily action, Right livelihood, Right effort, Right mindfulness and Right concentration.'

(၈)

ဒုက္ခသစ္စာ၌ သစ္စာဉာဏ်

'ဣဒံ ဒုက္ခံ အရိယသစ္စ' န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ 'ဘုံသုံးပါး၌ ဖြစ်သော ရုပ်နာမ် တရားအားလုံးသည် ဓကန်ဆင်းရဲ အမှန်ဖြစ်သော အရိယာသစ္စာ' ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး ကုန်သော တရားအပေါင်းတို့၌ ရှင်းလင်းစွာ သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာ နှင့် မောဟ အမှောင်ကို ပယ်ဖျောက် နိုင်သော ဉာဏ်အလင်းရောင်တို့သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, 'That, This is the Noble Truth of suffering.'

(၉)

ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယ္ယ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ 'ဆင်းရဲစင်စစ် အမှန်ဖြစ်သော အရိယသစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိအပ်သိထိုက်၏' ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး ကုန်သော တရား အပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ ထိုးထွင်းသိတတ် သော ဝိဇ္ဇာဓာတ် နှင့် မောဟ အမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, 'That, the Noble Truth of suffering must be completely known.'

(၁၀)

ဒုက္ခသစ္စာ၌ ကတဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ' န္တိ မေ

ဘိက္ခဝေ ပုဗ္ဗေ အနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဆင်းရဲစင်စစ် အမှန်ဖြစ်သော အရိယသစ္စာကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ ပြီးလေပြီ'* ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး ကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ် နှင့် မောဟအမှောင်ကို ပယ်ဖျောက် နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ် ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, which is the Noble Truth of suffering. Has been completely known".

(၁၁)

သမုဒယသစ္စာ၌ သစ္စဉာဏ်

'ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'စွဲလန်း တပ်မက်တတ်သော တဏှာ*

လောဘ သမုဒယသည် ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော အရိယသစ္စာ' ဟူ၍ ငါဘုရားသည် ရှေးအခါ ကာလ၌ တရံတခါ မျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ် ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ်နှင့် မောဟ အမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ် လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, " That, This is the Noble Truth of the uprising of suffering."

(၁၂)

သမုဒယ သစ္စာ၌ ကိစ္စဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော သမုဒယသစ္စာကို အလုံးစုံ ပယ်သင့် ပယ်ထိုက်၏' ဟူ၍* ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး

ကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာမောတ်နှင့် မောဟ အမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, which is the Noble Truth of the uprising of suffering must be giving up."

(၁၃)

သမုဒယ သစ္စာ၌ ကတဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန' န္တိ
မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော
ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော သမုဒယသစ္စာကို အလုံးစုံ ပယ်ခြင်းကိစ္စ ပြီးပြီ'* ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး ကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း

သိတတ်သော ဝိဇ္ဇာနှင့် မောဟအမှောင်ကို ပယ်ဖျောက် နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, which is the Noble Truth of the uprising of suffering.Has been giving up."

(၁၄)

နိရောဓ သစ္စာ၌ သစ္စဉာဏ်

'ဣဒံ ဒုက္ခနိရောဓော အရိယသစ္စ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ 'နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ကင်းငြိမ်း ချုပ်ရာ အရိယာသစ္စာ' ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ် နှင့် မောဟအမှောင်ကို ပယ်ဖျောက်နိုင်သောဉာဏ် အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by

me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose,"That, This is the Noble Truth of the cessation of suffering.

(၁၅)

နိရောဓ သစ္စာ၌ ကိစ္စဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယ သစ္စံ သစ္ဆိကာတဗ္ဗ'

န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ရာ အမှန်ဖြစ်သော နိဗ္ဗာန်ကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက် ပြုထိုက်၏'* ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ်နှင့် မောဟအမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, Which is the

Noble Truth of the cessation of suffering must be realized".

(၁၆)

နိရောဓ သစ္စာ၌ ကတညာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ'

န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အသုတေသု ဓမ္မေသု စက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ရာ နိဗ္ဗာန်ကို ကိုယ်တိုင် ဆိုက်ရောက် မျက်မှောက်ပြုခြင်း ကိစ္စပြီးပြီ'* ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူး ကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင် သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ် သော ဝိဇ္ဇာဓာတ်နှင့် မောဟအမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ် အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose,"That, Which is the Noble Truth of the cessation of suffering. Has been realized."

(၁၇)

မဂ္ဂသစ္စာ၌ သစ္စာဉာဏ်

'ဣဒံ ဒုက္ခန္တိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'မဂ္ဂင်ရှစ်ပါး တရားအစုသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မြတ် ဖြစ်သော အရိယာ သစ္စာတစ်ပါး'* ဟူ၍ ငါဘုရား သည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ် မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ်နှင့် မောဟအမှောင်ကို ပယ်ဖျောက် နိုင်သော ဉာဏ် အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, This is the Noble Truth of the course leading to the cessation of suffering."

(၁၈)

မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

'တံ ခေါပနိဒံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ 'ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မြတ်ဖြစ်သည့် ဤအရိယာ သစ္စာကို ဘာဝနာ အလုပ်ဖြင့် အားထုတ်ကြိုးစား ပွားများထိုက်၏။'

ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ ရှင်းရှင်း လင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ ထိုးထွင်းသိတတ်သော ဝိဇ္ဇာဓာတ် နှင့် မောဟအမှောင် ကိုပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, Which is the Noble Truth of the course leading to the cessation of suffering must be developed."

(၁၉)

မဂ္ဂသစ္စာ၌ ကတညာဏ်

'တံ ခေါ ယံနိဒံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ အရိယသစ္စံ ဘာဝိတ' န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သား ရဟန်းတို့ *'ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော ဤသစ္စာတစ်ရား*ကို *ပွားများခြင်း ကိစ္စပြီးပြီ'* ဟူ၍ ငါဘုရားသည် ရှေးအခါကာလ၌ တရံတခါမျှ မကြားစဘူးကုန်သော တရား အပေါင်းတို့၌ ရှင်းရှင်းလင်းလင်း သိမြင်သော ဉာဏ်မျက်စိ၊ မြင်အားသန်သော ဉာဏ်ပညာ၊ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဓာတ်နှင့် မောဟ အမှောင်ကို ပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာသည်။

Among things, Bhikkhus, not heard of before by me, vision arose, knowledge arose, wisdom arose, special knowledge arose, light arose, "That, Which is the Noble Truth of the course leading to the cessation of suffering Has been developed."

(၂၀)

ရွေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကိဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ 'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ' တိ ပစ္စညာသိ'။

ချစ်သားရဟန်းတို့ အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရားမှာ လေးပါးကုန်သော အရိယသစ္စာတို့၌ သစ္စာဏ်၊ ကိစ္စာဏ်၊ ကတာဏ် အားဖြင့်ဉာဏ်သုံးပါး သုံးပါးလေးလီ အားဖြင့် ဉာဏ်တစ်ဆယ့်နှစ်ပါး ရှိသော ပိုင်းခြားထင်ထင် သိမြင်သော ဉာဏ်အမြင်သည် ရှင်းရှင်းလင်းလင်း မဖြစ်ပေါ်လာသေး။

ချစ်သားရဟန်းတို့ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် နတ်ပြည်နှင့်တကွ ဖြစ်သော မာရ်နတ်လွှမ်းခြုံဝဿဝတ္တီဘုံနှင့်တကွဖြစ်သော ဗြဟ္မာဘုံနှင့်တကွဖြစ်သော အနန္တ စကြာဝဠာအတွင်း ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူနှင့် တကွ ဖြစ်သော သတ္တဝါများ အလယ်၌ *'အနုတ္တရ သမ္မာသမ္ဗောဓိ ဉာဏ်ကို*

ပိုင်ပိုင်ရရှိ ထိုးထွင်း၍ သိတော်မူပြီး ဟူ၍ ဝန်ခံတော် မမူသေး။

And so long, Bhikkhus, the vision of knowledge of these four Noble Truths with the three sections and twelve modes as they really are, was not well purified by me, so long was I, Bhikkhus, could not admit that "I was a perfect Buddha who had attained the full supreme Enlightenment, in the midst of the world with its Devas, with its maras, with its Brahmas, with its recluses and Brahmans, its creatures with Devas and Men."

(၂၁)

ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဉာဏမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဋ္ဌံ ဒွါဒသကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ 'အနုတ္တရံ သမ္မာသမ္ဗောဓိ အာဘိသမ္ဗုဒ္ဓေါ' တိ ပစ္စညာသိ

ချစ်သား ရဟန်းတို့ အကြင်အခါ၌သာလျှင် ငါဘုရားအား လေးပါးကုန်သော အရိယာသစ္စာတို့၌ ဤသို့ ပြဆိုခဲ့သည့်အတိုင်း သစ္စာဉာဏ်၊ ကိစ္စာဉာဏ်၊ ကတာဉာဏ် အားဖြင့် ဉာဏ်သုံးပါး သုံးပါးလေးလီအားဖြင့် တစ်ဆယ့်နှစ်ပါးရှိသော ပိုင်းခြား ထင်ထင် သိမြင်သော ဉာဏ်အမြင်သည် ရှင်းရှင်းလင်းလင်း ဖြစ်ပေါ်၍ လာ၏။။

ချစ်သား ရဟန်းတို့ ထိုအခါ၌သာလျှင် ငါဘုရားသည် နတ်ပြည်နှင့်တကွ ဖြစ်သော မာရ်နတ်လွှမ်းခြုံ ဝဿဝတ္တီဘုံနှင့် တကွ ဖြစ်သော ဗြဟ္မာဘုံနှင့်တကွဖြစ်သော အနန္တစကြာဝဠာ အတွင်း ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ *'အနှိုင်းမဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ပိုင်ပိုင်နိုင်နိုင် ရရှိ ထိုးထွင်း၍ သိတော်မူပြီ'* ဟူ၍ ဝန်ခံတော်မူပြီ။

But when, Bhikkhus, the vision of knowledge of these four Noble Truths, with the three sections and twelve modes, as they really are, was well purified by me, then, Bhikkhus, I could admit that" I was a perfect Buddha, who had attained the full supreme Enlightenment, in the midst of the world with its Devas, with its maras, with its Brahmas, with its recluses and

Brahmans, its creatures with Devas and Men."

(၂၂)

ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ချစ်သားရဟန်းတို့ ငါဘုရားမှာ ရရှိပြီးသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ပြန်လည်စဉ်းစား သိမြင်နိုင်သော ပစ္စဝေက္ခဏာ ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာပြီ။ ယခုရရှိထားသော အရဟတ္တဖိုလ်သည် မည်သည့် အကြောင်းကြောင့်မျှ မပျက်စီး နိုင်တော့ပြီ။ ယခုဘဝ ပဋိသန္ဓေ နေခဲ့ခြင်းသည် နောက်ဆုံး ဖြစ်ပြီး နောက်ထပ်ဖြစ်စရာ ဘဝသစ် မရှိတော့ပြီ ဟူ၍ ဉာဏ် အမြင်တွင် ထင်ရှား ဖြစ်ပေါ်၍ လာပြီ။

Moreover, the vision of knowledge arose to me, "Unshakable is freedom for me, this is the last life now there is no rebirth."

(၂၃)

ပဋ္ဌဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂီယာ ဘိက္ခူ။ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

မြတ်စွာဘုရားသည် ဤဓမ္မစကြာ တရားကို ပထမဦးစွာ ဟောကြားတော်မူခဲ့၏။ ပဉ္စဝဂ္ဂီငါးဦး တို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မစကြာ တရားတော်ကို လွန်စွာနှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြသည်ဖြစ်၍ ကောင်းစွာ နှစ်သက် လက်ခံတော် မူကြလေပြီ။

This is what The Blessed one had said, and the group of five Bhikkhus were delighted and rejoiced.

(၂၄)

အရှင် ကောဏ္ဍည သောတာပန် ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ 'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ ' န္တိ။

ဂါထာမဖက် အမေးအဖြေ သက်သက်သာ ဖြစ်သော ဓမ္မစကြာ တရားတော်ကို ဟောတော်မူသည်ရှိသော် သက်တော်ရှည် အရှင်ကောဏ္ဍည မထေရ်အား ကိလေသာမြူတို့မှ ကင်းဝေး သောဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းသော သစ္စာတရား လေးပါးကို ပိုင်ပိုင်နိုင်နိုင် သိမြင်သည့် သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ အလုံးစုံသော တေဘူမက တရား ဟူသမျှသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်ခြင်း ရှိသော တရားမှန်သမျှသည် ချုပ်ခြင်းသဘောလည်း ရှိ၏။

Further more, while this explanation was being uttered, vision of the Dhamma,dustless, arose to the venerable knodanna. That, Whatever has the nature of uprising all that has the nature of cessation."

(၂၅)

နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတော ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿဝေသုံ 'ဧတံ ဘဂဝတော ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ' န္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿဝေသုံ '.....'

စာတု မဟာရာဇိကာ ဒေဝါ ..... '.....'

တာဝတိံသာ ဒေဝါ ..... '.....'

ယာမာ ဒေဝါ ..... '.....'

တုသိတာ ဒေဝါ ..... '.....'

နိမ္မာနရတိ ဒေဝါ ..... '.....'

ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ ..... '.....'

ဗြဟ္မာ ကာယိကာ ဒေဝါ သဒ္ဒ မနုဿဝေသုံ
'ဧတံ ဘဂဝတော ဗာရာဏသိယံ ဣသိပတန
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ
သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ
ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ' န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန
မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

မြတ်စွာဘုရားသည် ဓမ္မစကြာရတနာကို လည်စေတော်မူအပ်ပြီးသည်ရှိသော ဘုမ္မစိုး နတ်တို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံဖြင့် တစ်ပြိုင်နက် ကြွေးကြော်ကြလေ၏။

'အို နတ်များအပေါင်းတို့ မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌ အမြင့်မြတ်ဆုံးသော ဓမ္မစကြာကို လည်စေတော်မူအပ်ပြီ။ ဤ ဓမ္မစက်ဝန်းကို ရဟန်း၊ ပုဏ္ဏား၊ မာရ်နတ်၊ ဗြဟ္မာ စသော အနန္တစကြာဝဠာ အတွင်းရှိ တစ်စုံတစ်ဦး တစ်ယောက်မျှ ပြောင်းပြန် လည်သွားအောင် မလှည့်နိုင်'

ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို ကြားသည်ရှိသော် စာတုမဟာရာဇ်၏ နတ်များတို့သည် ထပ်ဆင့် ကောင်းချီး ဆူညံဟစ်ကြွေးသံကို တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏'

စာတုမဟာရာဇ်၏ နတ်များတို့သည်'.....'

တာဝတိံသာ နတ်များတို့သည် ‘.....’

ယာမာ နတ်များတို့သည် ‘.....’

တုသိတာ နတ်များတို့သည် ‘.....’

နိမ္မာနရတိ နတ်များတို့သည် ‘.....’

ပရနိမ္မိတ ဝသဝတ္တီ နတ်များတို့သည် ‘.....’

ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးဆူညံ ဟစ်ကြွေးသံကို တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

ဤသို့ ကြွေးကြော်လိုက်ခြင်းကြောင့် ထိုတစ်ခဏ အခိုက် အတန့် ကာလ အတွင်းမှာပင် ဗြဟ္မာပြည် တိုင်အောင် ဓမ္မစက္ကာ ဟောတော်မူပြီ ဆိုသည့် ကြွေးကြော်သံသည် လွှမ်းမိုး ပျံနှံ့ သွားလေပြီ။

And when the Blessed one had proclaimed the discourse on the turning of the wheel of Dhamma, The earth Devas raised the shout.

'The supreme Dhamma wheel proclaimed by the Blessed one in Benares at the deerpark, Isipatana cannot be contradicted by a recluse, or Brahman or Deva of by mara by Brahma or by anyone in the world.'

Thus, in that movement, in that second in that instant, the shout reached as far as the Brahma world.

(၂၆)

တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

ဤတစ်သောင်းသော စကြာဝဠာလောကသည်လည်း အထက်အောက်နှင့် အရပ်လေးမျက်နှာ ယိမ်းနွဲ့ကာဖြင့် တသိမ့်သိမ့် တုန်လှုပ်လေ၏။

'And the universe of ten thousand worlds trembled, quaked and shook violently to and fro.'

(၂၇)

အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

နတ်ဗြဟ္မာ အပေါင်းတို့၏ တန်ခိုးအလုံးစုံကို သိမ်းခြုံလွှမ်းမိုး၍ စကြာဝဠာအပေါင်း လောကဓာတ် တိုက်တစ်သောင်း၌ အတိုင်းမသိ နှိုင်းယှဉ်ဘွယ်မရှိသော ရောင်လျှံထိန်ညီး အလင်းဓာတ်ကြီးသည် အဆန်းတကြယ် အံ့သြဘွယ် ဖြစ်ပေါ်လာ၏။

'And there appeared in the world as an immeasurable and splendid radiance, surpassing the glory of gods.'

(၂၈)

မြတ်စွာဘုရား ဉဒါန်းကျူးပုံ

အထခေါ ဘဂဝါ ဣမံ ဉဒါနံ ဉဒါနေသိ 'အညာသိ ဝတဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော' တိ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ 'အညာသိ ကောဏ္ဍညော' တ္တေဝ နာမံ အဟောသိ။

ထိုအခါ မြတ်စွာဘုရားသည် ဝမ်းမြောက်ရွှင်လန်းစွာ ဉဒါန်းကျူးတော်မူပါတယ်။ အို လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့... ငါ၏ သားတော်ကြီး ကောဏ္ဍညသည် သစ္စာလေးပါးသိပြီး အသိဉာဏ် အလင်းပေါက်၍ သောတာပန် အဖြစ်သို့ ရောက်လေပြီ။ ဤ ဉဒါန်းစကားဖြင့် အရှင်ကောဏ္ဍည မထေရ်မြတ်သည် အညာသိကောဏ္ဍည ဟူ၍ အမည်ထူး ဖြစ်လာပါသည်။

Then The Blessed one uttered this solemn utterance" Indeed, kondanna has understood, Indeed, kondanna has understood." Thus, it was that Annasi kondanna became the name of Venerable Annasi kondanna.

(၂၉)

အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော

ပတ္တာဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ 'လဘေယ္ယာဟံ ဘန္တေ ဘဂဝတော သန္တိကေ မဇ္ဇန္ဟံ၊ ဘလေယျံ ဥပသမ္ပဒံ' န္တိ။

သောတာပန် ဖြစ်ပြီးသောအခါ သက်တော်ရှည်အရှင် အညာသိ ကောဏ္ဍညသည် ကိုယ်တိုင် မြင်အပ်ပြီးသော၊ ကိုယ်တိုင် ဆိုက်ရောက်ပြီးသော၊ ကိုယ်တိုင် သိအပ်ပြီးသော၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော၊ ယုံမှား သံသယ ကင်းသော၊ သို့လော သို့လော တွေးတောခြင်းမှ ကင်းသည် ဖြစ်၍ ကြောက်ရွံ့ခြင်းကင်း ရဲရင့်စွာဖြင့် မိမိဉာဏ်စွမ်းဖြင့် သူတပါး တို့အား ယုံကြည်အားထားခြင်း မရှိသောကြောင့် မြတ်စွာဘုရားအား...

'အရှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါသည် ဘုရား' ဟူ၍ လျှောက်ထား တောင်းပန်ပါသည်။

Then, The Venerable Annasi kondanna, Having seen Dhamma, Attained Dhamma, known Dhamma, plunged into Dhamma, having crossed over doubt, Having put away uncertaintity, having attained confidence, without depending no more on others in the

Techers' religion, spoke to the Blessed One."

'May I receive the ordination of a Buddhist novice and the higher ordination of Buddhist monk.'

(၃၀)

ဧဟိဘိက္ခု ရဟန်းဖြစ်ပုံ

'ဧဟိဘိက္ခု' တိ ဘဂဝါ အဝေါစ၊ 'သွက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခသ အန္တကိရိယာယာ'တိ။ သာဝတသ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ထိုအခါ မြတ်စွာဘုရားက...

'အို ရဟန်း လာလော့ ငါဘုရားသည် သစ္စာလေးပါး တရားတော်မြတ်ကို ကောင်းစွာဟောကြား တော်မူအပ်ပြီ။ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ငြိမ်းသော နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းငှာ ကောင်းစွာ မြတ်သော မဂ္ဂင်အကျင့်ကို ကျင့်လေလော့' ဟူ၍ မိန့်တော် မူပါသည်။

ထိုသို့ 'ဧဟိဘိက္ခု' ဟု ခေါ်လိုက်ခြင်း သည်ပင်လျှင် သက်တော်ရှည် အရှင်ကေဏ္ဍ၏ ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း ဖြစ်သည်။

And The Blessed One said, "Come, Bhikku, The Dhamma has been well expounded, practice the holy life rightly, for making an end of suffering."so this came to be the ordination of Venerable kondanna.

ဒဏ္ဍာရီ လမ္းဆုံတွင်

အနုတ္တလက္ခဏသုတ်

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

ဘုရော်သမ္မာကို ခံယူတော် မူထိုက်သော၊ အလုံးစုံ တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

Homage to The Blessed One, the worthy and the fully enlightened The Buddha Superme.

(၁)

အနုတ္တလက္ခသုတ် နိဒါန်း

ဧဝံ မေ သုတံ -

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ။ အာမန္တေသိ 'ဘိက္ခဝေါ' တိ ။

'ဘဒန္တေ' တိတေ ဘိက္ခူ။ ဘဂဝတော ပစ္စဿောသုံ ဘဂဝါ ဧတဒဝေါစ။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး

သားသမင်တို့ကို ဘေးမဲ့ပေးသော ဣသိပတန အမည်ရှိ မိဂဒါဝုန်တော၌ သီတင်းသုံးနေစဉ် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂိငါးဦးတို့ကို *'အို - ရဟန်းတို့'* ဟူ၍ ခေါ်တော်မူပါသည်။ ရဟန်းတို့ကလည်း *'အရှင်ဘုရား'* ဟူ၍ပြန်လည် လျှောက်ထားသောအခါ မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူပါသည်။

At one time, The Blessed one was dwelling in Benares, at the deer park, Isipatana.

There the Blessed one addressed the group of five Bhikkhus , " O! Bhikkhus!"

And the Bhikkhus replied , " Venerable Sir "

Then the Blessed one spoke thus:-

(၂)

ရူပကွန္နာ အနတ္တာဖြစ်ပုံ

ရူပံ ဘိက္ခဝေ အနတ္တာ။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အာဒိဿ ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေထျ။

လဗ္ဘေထ စ ရူပေ 'ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ' တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

နှ စ လဇ္ဇတိ ရူပေ 'ဓဝံ မေ ရူပံ ဟောတု ၊ဓဝံ မေ ရူပံ မာ အဟောသိ' တိ။

ချစ်သား ရဟန်းတို့ ရုပ်ခန္ဓာ အပေါင်းသည် အစိုးမရ အလိုသို့ မလိုက်သော အနတ္တအမှန်ပင်တည်း။

ရုပ်ခန္ဓာသည် အစိုးရသော အတ္တ သဘောရှိပါက နာကျင် ခံခက် ဖျားနာခြင်း အမျိုးမျိုး မဖြစ်သင့် သလို 'ငါ၏ ရုပ်သည် လှလှပပ ကျန်းမာ ချမ်းသာသာ ဖြစ်ပါစေ၊ မလှမပ မကျန်းမမာ မဖြစ်စေလင့်' ဟူ၍ မိမိတို့ အလိုဆန္ဒအတိုင်း ရုပ်ခန္ဓာ၌ အခွင့် ရနိုင်လေရာ၏။

ချစ်သား ရဟန်းတို့ ဤသို့ အလိုရှိတိုင်း တောင့်တတိုင်း မရရှိခြင်းကြောင့် ရုပ်ခန္ဓာသည် မိမိအလိုသို့ မလိုက်သော မမြဲသော အနတ္တ သဘောရှိပြီး မကျန်းမမာ ဖောက်ပြန်ခြင်း ဖြစ်၏။

ထို့ကြောင့် 'ငါ၏ ရုပ်သည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်' ဟူ၍ မိမိဆန္ဒအတိုင်း ရုပ်ခန္ဓာ၌ အခွင့်မရနိုင်။

'Matter , Bhikkhus , is not the self'

If matter , Bhikkhus , were the self , then matter would not tend to sickness.

And one could of matter, 'Thus let matter be thus for me , let matter not be thus for me.'

But, Bhukkhus, in as much as matter is not the self, that is why matter tends to sickness. .

And one cannot say of matter , 'Thus let matter be thus for me, let matter not be thus for me.'

(၃)

ဝေဒနာကွန္မာ အနတ္တဖြစ်ပုံ

ဝေဒနာ အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝေဒနာယ 'ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသိ' တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝေဒနာယ 'ဧဝံ မေ ဝေဒနာ ဟောတု၊

ဓဝံမေ ဝေဒနာ မာ အဟောသီ' တိ။

ချစ်သား ရဟန်းတို့ ခံစားမှု ဝေဒနာအပေါင်းသည် အစိုးမရ အလိုသို့ မလိုက်သော အနတ္တ မှန်ပင်တည်း။

ဝေဒနာသည် အစိုးရသော အတ္တသဘော ရှိပါက မကျန်းမမာ နာကျင်ခံခက် ဖျားနာခြင်း အမျိုးမျိုး မဖြစ်သင့်သလို *'ငါ့၏ ဝေဒနာသည် ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာသော သုခ ဝေဒနာချည်း ဖြစ်ပြီး နာကျင်ခံခက်သော ဒုက္ခ ဝေဒနာမျိုး မဖြစ်စေလင့်'* ဟူ၍ ဝေဒနာကွန်နာဌ် အခွင့် ရနိုင်လေရာ၏။

ချစ်သား ရဟန်းတို့ ဤသို့ တောင့်တတိုင်း မရရှိခြင်းကြောင့် ဝေဒနာသည် မိမိအလိုသို့ မလိုက်သော အနတ္တ သဘောရှိပြီး နာကျင်ခံခက် မကျန်းမမာ ဖောက်ပြန်ခြင်း ဖြစ်၏။

ထို့ကြောင့် *'ငါ့၏ ဝေဒနာသည် ဤသို့ဖြစ်ပလေစေ၊ ငါ့၏ ဝေဒနာ သည် ဤသို့မဖြစ်စေလင့်'* ဟူ၍ မိမိအလိုဆန္ဒအတိုင်း ဝေဒနာဌ် အခွင့်မရနိုင် ။

Feeling , Bhikkhus , is not the self .

If feeling , Bhikkhus , were the self , then feeling would not tend to sickness.

And one could say of feeling , 'Thus let feeling be thus for me.'

'But , Bhukkhus , in as much as feeling is

not the self, that is why feeling tends to sickness.

And one cannot say of feeling, 'Thus let feeling be thus for me, let feeling not be thus for me.'

(၄)

သညာကွန်မာ အနတ္တာဖြစ်ပုံ

သညာ အနတ္တာ။

သညာ စ ဟဒ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒ သညာ အာဗာဓာယ သံဝတ္တေယျ ။

လဇ္ဇေထ စ သညာယ 'ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ' တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တန္တီ။

နု စ လဇ္ဇတိ သညာယ 'ဧဝံ မေ သညာ ဟောတု၊ ဧဝံမေ သညာ မာ အဟောသီ' တိ။

ချစ်သား ရဟန်းတို့ မှတ်သားမှု သညာအပေါင်းတို့သည် အစိုးမရသော အနတ္တာမှန်ပင်တည်း။

ချစ်သား ရဟန်းတို့ သညာသည် အစိုးရသော အတ္တာသဘော

ရှိပါက မကောင်းသောအရာများကို မှတ်သားမိနေ၍ နာကျင်ခံခက်ဖြစ်နေခြင်းမျိုး မဖြစ်သင့်သလို 'ငါ၏ သညာသည် ကောင်းသော အရာများ၌သာ မှတ်သားမှု ဖြစ်ပြီး မကောင်းသော အရာများ၌ မှတ်သားမှု မဖြစ်စေလင့်' ဟူ၍ သညာကွန်နှာ၌ အခွင့် ရနိုင်လေရာ၏။

ဤသို့ တောင့်တတိုင်း မရရှိသလို မိမိအလိုသို့ မလိုက်သော အနတ္တ သဘောရှိသောကြောင့် မကောင်းသော အရာများ၌သာ မှတ်သား ဖောက်ပြန်ခြင်း ဖြစ်သည်။

ထို့ကြောင့် *'ငါ၏ သညာသည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ သညာသည် ဤသို့မဖြစ်စေလင့်'* ဟူ၍ မိမိဆန္ဒအတိုင်း သညာ၌ အခွင့်မရနိုင်။

Perception , Bhikkhus , is not the self .

If perception , Bhikkhus , were the self , then perception would not tend to sickness.

And one could say of perception , 'Thus let perception be thus for me, let perception not be thus for me.'

But , Bhukkhus , in as much as perception is not the self, that is why perception tends to sickness .

And one cannot say of perception, 'Thus let perception be thus for me, let perception not be thus for me.'

(၅)

သခ်ၤရက္ခန္ဓာ အနတ္တဖြစ်ပုံ

သခ်ၤရာ အနတ္တာ ။

သခ်ၤရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သခ်ၤရာ အာဗာဓာယ သံဝတ္တေယျုံ။။

လဇ္ဇေထ စ သခ်ၤရေသု *'ဧဝံ မေ သခ်ၤရာ ဟောန္တု။ ဧဝံ မေ သခ်ၤရာ မာ အဟောသုံ'* တိ။။

ယသ္မာ စ ခေါ ဘိက္ခဝေ သခ်ၤရာ အနတ္တာ၊ တသ္မာ သခ်ၤရာ အာဗာဓာယ သံဝတ္တန္တိ။။

နံ စ လဇ္ဇတိ သခ်ၤရေသု *'ဧဝံ မေ သခ်ၤရာ ဟောတု၊ ဧဝံမေ သခ်ၤရာ မာ အဟောသုံ'* တိ။။

ချစ်သား ရဟန်းတို့ ပြုပြင်စီရင်မှု သခ်ၤရာတရား အပေါင်းတို့သည် အစိုးမရသော အနတ္တာမှန်ပင်တည်း။။

ချစ်သား ရဟန်းတို့ သခ်ၤရသည် အစိုးရသော အတ္တာသဘောရှိပါက ဤသခ်ၤရ တရားတို့သည် အလိုသို့ လိုက်ပါ၍ နာကျင်ခံခက် နှောက်ယှက် ဖောက်ပြန်ခြင်းငှာ မဖြစ်သင့်ရာ။

အစိုးရသော အတ္တသဘောရှိပါက 'ငါ၏ သခ်ၤါရသည် ကောင်းသော ပြုပြင်စီရင်မှု ဖြစ်ပါစေ၊ မကောင်းသော ပြုပြင်စီရင်မှု မဖြစ်စေလင့်' ဟူ၍ သခ်ၤါရကွန္ဓာ၌ အခွင့်ရနိုင် လေ၏။

ချစ်သားရဟန်းတို့ ဤသို့ တောင့်တတိုင်း မရရှိခြင်းကြောင့် သခ်ၤါရသည် မိမိအလိုသို့ မလိုက်သော အနတ္တသဘောရှိသည်။ ထို့ကြောင့် သခ်ၤါရသည် မိမိအလိုသို့ မလိုက်ဘဲ မကောင်းသော အရာများ၌လည်း ပြုပြင်စီရင်ခြင်း ဖြစ်သည်။

'ငါ၏ သခ်ၤါရသည် ဤသို့ဖြစ်ပါလေစေ၊ ငါ၏ သခ်ၤါရသည် ဤသို့မဖြစ်စေလင့်' ဟူ၍ မိမိဆန္ဒအတိုင်း သခ်ၤါရတရား တို့၌ အခွင့်မရနိုင်။

Mental formation ,Bhikkhus , is not the self. If mental formation , Bhikkhus , were the self , then mental formation would not tend to sickness .

And one could say of mental formation , 'Thus let mental formation be thus for me, let mental formation not be thus for me.'

But , Bhukkhus , in as much as mental formation is not the self , that is why mental for-

mation tends to sickness .

And one cannot say of mental formation, 'Thus let mental formation be thus for me, let mental formation not be thus for me.'

(၆)

ဝိညာဏကွန်မာ အနတ္တဖြစ်ပုံ

ဝိညာဏံ အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏော 'ဧဝံ မေ ဝိညာဏံ ဟောန္တု ၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ' တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

နှ စ လဗ္ဘတိ ဝိညာဏော 'ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံမေ ဝိညာဏံ မာ အဟောသီ' တိ။

ချစ်သားရဟန်းတို့ သိမှုဝိညာဉ်သည် အစိုးမရသော အနတ္တ မှန်ပင်တည်း။

ချစ်သား ရဟန်းတို့ ဝိညာဉ်သည် အစိုးရသော အတ္တ သဘောရှိပါက မိမိ အလိုသို့ လိုက်ပါ၍ နာကျင်ခံခက်

နောက်ယှက် ဖောက်ပြန်ခြင်းငှာ မဖြစ်သင့်သလို 'ငါ၏ ဝိညာဉ်သည် ဤသို့ ဖြစ်ပါလေစေ၊ ငါ၏ ဝိညာဉ်သည် ဤသို့ မဖြစ်စေလင့်' ဟူ၍ ဝိညာဏကို့နှာ၌ အခွင့်ရနိုင် လေရာ၏။ ချစ်သားရဟန်းတို့ ဤသို့ တောင့်တတိုင်း မရရှိခြင်း ကြောင့် ဝိညာဉ်သည် မိမိအလိုသို့ မလိုက်သော အနတ္တ သဘော ရှိပြီး နာကျင်ခံခက် နောက်ယှက် ဖောက်ပြန်သော သိမှုဖြစ်၏။

ထို့ကြောင့် 'ငါ၏ ဝိညာဉ်သည် ဤသို့ ဖြစ်ပါလေစေ၊ ငါ၏ ဝိညာဉ် သည် ဤသို့ မဖြစ်စေလင့်' ဟူ၍ မိမိ ဆန္ဒအတိုင်း ဝိညာဉ်၌ အခွင့်မရနိုင် ။

Consciousness ,Bhikkhus , is not the self .If Consciousness , Bhikkhus , were the self , then Consciousness would not tend to sickness .

And one could say of Consciousness , " Thus, let Consciousness be thus for me, let Consciousness not be thus for me.'

But , Bhukkhus , in as much as Consciousness is not the self , that is why Consciousness tends to sickness.'

And one cannot say of Consciousness , 'Thus let Consciousness be thus for me, let Con-

sciousness not be thus for me.'

(၇)

ရူပက္ခန္ဓာဌ် လက္ခဏာရေးသုံးပါး

တံ ကိ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ' တိ။

နော ဟေတံ ဘန္တေ။

ချစ်သားရဟန်းတို့ ငါဘုရား မေးတော်မူလတ္တံ့ သော စကားကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

ရုပ်ခန္ဓာသည် မြဲသလော မမြဲသလော။

ရုပ်ခန္ဓာသည် မမြဲပါ ဘုရား။

ချစ်သား ရဟန်းတို့ အကြင် ရုပ်တရားသည် မမြဲ၊ ထိုမမြဲသော ရုပ်တရားတို့သည် ဆင်းရဲသလော ချမ်းသာသလော။

ထိုမမြဲသော ရုပ်တရားသည် ဆင်းရဲရိုး အမှန်ပါ ဘုရား။

ချစ်သားရဟန်းတို့ အကြင် ရုပ်တရားသည် မမြဲ ၊ ဆင်းရဲ၏၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ ထို မြဲလည်းမမြဲ၊

ဆင်းရဲ၍ ဖောက်ပြန်နေသော ရုပ်ခန္ဓာကို 'ဤရုပ်ခန္ဓာအား ငါပိုင်သော ဥစ္စာ၊ ငါဖြစ်၍ နေ၏၊ ငါ၏ အလိုသို့ လိုက်သော အတ္တာတည်း' ဟူ၍ စွဲလန်း ထင်မြင်ခြင်းငှာ သင့်လျော်ပါမည်လော ။

ဤသို့ စွဲလန်းထင်မြင် ရှုမြင်ခြင်းသည် မသင့်ပါ ဘုရား။

What do you think of this, Bhikkhus ?

Is matter permanent or impermanent ?

Impermanent, Venerable Sir .

And , Bhikkhus , What is impermanent , is that suffering or happiness ?

Suffering , Venerable Sir.

Then , Bhikkhus , what is impermanent , suffering m corruptible by nature , is it fitting to regard it thus , " This is mine , this am I , this is the self for me?

Not fit , Venerable Sir .

(၈)

နာမကွန္ဓာလေးပါးဌိ လက္ခဏာရေးသုံးပါး

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ

"ဧတံ မမ ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။

နော ဟေတံ ဘန္တေ ။

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ ။

ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ

"ဧတံ မမ ၊ ဧသောဟမသ္မိ ၊ ဧသော မေ အတ္တာ" တိ။

နော ဟေတံ ဘန္တေ ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ ။

ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ၊ ကလ္လံ နု တံ သမနုပဿိတုံ

"ဧတံ မမ ၊ ဧသောဟမသ္မိ ၊ ဧသော မေ အတ္တာ" တိ။

နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနုစ္စံ၊ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ

"ဧတံ မမ ၊ ဧသောဟမသ္မိ ၊ ဧသော မေ အတ္တာ" တိ။

နော ဟေတံ ဘန္တေ ။

ချစ်သား ရဟန်းတို့ ခံစားမှု ဝေဒနာအပေါင်းသည် မြဲသလော မမြဲသလော။

မမြဲပါဘုရား။

ချစ်သား ရဟန်းတို့ အကြင် ဝေဒနာ တရားသည် မမြဲ၊ ထိုမမြဲသော ဝေဒနာသည် ဆင်းရဲသလော၊ ချမ်းသာသလော။

ဆင်းရဲရိုး အမှန်ပါဘုရား။

ချစ်သား ရဟန်းတို့ အကြင် ဝေဒနာသည် မမြဲ ဆင်းရဲ၏။

ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိသည်။ ထိုမြဲလည်း မမြဲ၊ ဆင်းရဲ ဖောက်ပြန်နေသော ဝေဒနာကို ‘‘ဤဝေဒနာကွန်ရာကား ငါပိုင်သော ဥစ္စာ၊ ငါဖြစ်၍နေ၊ ငါ၏ အလိုကို လိုက်သော အတ္တတည်း’’ ဟူ၍ စွဲလန်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်လျော်ပါမည်လော။

ဤသို့ စွဲလန်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ မသင့်ပါ ဘုရား။

(သညာ၊ သင်္ခါရာ၊ ဝိညာဉ်တို့ကိုလည်း အလားတူ ဟောကြားခဲ့ပါသည်)

Is Feeling , Bhikkhus , permanent or impermanent ?

Impermanent , Venerable Sir .

And, Bhikkhus , what is impermanent , is that suffering or happiness ?

Suffering , Venerable Sir.

Then , Bhikkhus , what is impermanent , suffering , corruptible by nature, is fitting to regard it thus , " This is mine , this am I , this is the self for me ?

Not fit , Venerable Sir .

(Perception, Mental formation and Consciousness are same description as feeling)

(၉)

ရုပ်တရားကို တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ၊ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ ၊ သဗ္ဗံ ရူပံ " နေတံ မမ၊ နေသောဟမသ္မိ၊ နံ မေသော အတ္တာ " တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ။

ချစ်သားရဟန်းတို့ ထို မမြဲမှုသဘော ၊ ဆင်းရဲမှုသဘော ၊အလိုမလိုက်မှုသဘော တို့သည် ထင်ရှား၍နေသောကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော အကြင် အလုံးစုံသော ရုပ်၊ မိမိအတွင်း သန္တာန်၌ဖြစ်သော ရုပ်၊ ပြင်ပ သန္တာန်၌ ဖြစ်သော ရုပ်၊ ကြမ်းတမ်းသော ရုပ်၊ သိမ်မွေ့သော ရုပ်၊ ယုတ်ညံ့သော ရုပ်ဟူ၍ ရုပ်ပေါင်းများစွာ ရှိကြလေ၏။

ခပ်သိမ်းသော ရုပ်မှန်သမျှသည် *'ငါပိုင်ဥစ္စာ မဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏အလိုသို့လိုက်သော အတ္တာမဟုတ် '* ဟူ၍ ဆိုအပ်ခဲ့သောနည်းဖြင့် အရှိကိုယ် အရှိအတိုင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုမြင် ဆင်ခြင်အပ်၏။

Therefore , Bhikkhus , whatever matter there is , be it past , future or present , Inward or outward , Gross or subtle , Low or lofty , Far or near , matter of all kinds. should be as regarded as they really are , by right wisdom ," This is not mine , this I am not , this is not the self for me."

(၁၀)

ဝေဒနာတရားကို တဏှာ ၊ မာန ၊ ဒိဋ္ဌဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ ၊ အဇ္ဈတ္တံ ဝါ ၊ ဗဟိဒ္ဓါ ဝါ ၊ သြဠာရိကံ ဝါ သုခုမံ ဝါ ၊ ဟီနာ ဝါ ပဏီတာ ဝါ ၊ ယံ ဒူရေ သန္တိကေ ဝါ ၊ သဗ္ဗာ ဝေဒနာ ''နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ချစ်သား ရဟန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ၌ ဖြစ်သော အကြင် အလုံးစုံသော ဝေဒနာ၊ မိမိအတွင်း သန္တာန်၌ ဖြစ်သော ဝေဒနာ၊ ပြင်ပသန္တာန်၌ ဖြစ်သော ဝေဒနာ၊ ကြမ်းတမ်းသော ဝေဒနာ၊ သိမ်မွေ့သောဝေဒနာ၊ ယုတ်ညံ့သော ဝေဒနာ၊ မြင့်မြတ်သော ဝေဒနာ၊ အဝေးအနီး၌ဖြစ်သော ဝေဒနာ

ဟူ၍ ဝေဒနာများစွာ ရှိကြလေ၏။

ခပ်သိမ်းသော ဝေဒနာဟူသမျှသည် *'ငါပိုင် ဥစ္စာမဟုတ် ငါလည်းမဟုတ်၊ ငါ၏အလိုသို့ လိုက်သော အတ္တလည်းမဟုတ်'* ဟူ၍ ဆိုအပ်ခဲ့ပြီးသည့်နည်းဖြင့် အရှိကို အရှိအတိုင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

Therefore , Bhikkhus , whatever feeling there is , be it past , future or present , Inward or outward , Gross or subtle , Low or lofty , Far or near , feeling of all kinds. should be as regarded as they really are , by right wisdom ," This is not mine , this I am not , this is not the self for me."

(၁၁)

သညာတရားကို တဏှာ ၊ မာန ၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကာ ဝါ သုခုမာ ဝါ၊ ဟီနာ ဝါ ပဏီတာ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ '' နေတံ မမ၊ နေသောဟမသ္မိ၊

န မေသော အတ္တာ'' တိ ဧဝမေတံ ယထာဘူတံ

သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ။

ချစ်သားရဟန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ၌ ဖြစ်သော အကြင် အလုံးစုံသော သည်၊ မိမိအတွင်း သန္တာန်၌ ဖြစ်သော သည် ၊ ပြင်ပသန္တာန်၌ ဖြစ်သော သည်၊ ကြမ်းတမ်းသော သည် ၊ သိမ်မွေ့သောသည် ၊ ယုတ်ညံ့သော သည်၊ မြင့်မြတ်သော သည်၊ အဝေးအနီး၌ဖြစ်သော သည် ဟူ၍ သည်မျှားစွာ ရှိကြလေ၏။

ခပ်သိမ်းသော သည် မှန်သမျှသည် *'ငါ့ပိုင် ဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏အလိုသို့ လိုက်သော အတ္တလည်းမဟုတ်'* ဟူ၍ ဆိုအပ်ခဲ့ပြီးသည့်နည်းဖြင့် အရှိကို အရှိအတိုင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

Therefore , Bhikkhus , whatever preception there is , be it past , future or present , Inward or outward , Gross orsubtle , Low or lofty , Far or near , preception of all kinds. should be as regarded as they really are , by right wisdom ," This is not mine , this I am not , this is not the self for me."

(၁၂)

သခ်ၤါရတရားကို တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ

ယေကေစိ သခ်ါရ အတိတာနာဂတပစ္စုပ္ပန္နာ၊ အဒ္ဓတ္တံ ဝါ၊ ဗဟိဒ္ဓါ ဝါ၊ သြဠာရိကာ ဝါ သုခုမာ ဝါ၊ ဟီနာ ဝါ ပဏီတာ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ ၊ သဗ္ဗေ သခ်ါရာ '' နေတံ မမ၊ နေသောဟမသ္မိ၊

နာ မေသော အတ္တာ'' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ။

ချစ်သား ရဟန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၌ဖြစ်သော အကြင်အလုံးစုံသော သခ်ါရ၊ မိမိအတွင်း သန္တာန်၌ ဖြစ်သော သခ်ါရ၊ ပြင်ပ သန္တာန်၌ ဖြစ်သော သခ်ါရ၊ ကြမ်းတမ်းသော သခ်ါရ၊ သိမ်မွေ့သောသခ်ါရ၊ ယုတ်ညံ့သော သခ်ါရ၊ မြင့်မြတ်သော သခ်ါရ၊ အဝေးအနီး၌ဖြစ်သော သခ်ါရ ဟူ၍ သခ်ါရများစွာ ရှိကြလေ၏။

ခပ်သိမ်းသော သခ်ါရ မှန်သမျှသည် *'ငါ့ပိုင် ဥစ္စာမဟုတ် ငါလည်းမဟုတ် ငါ၏အလိုသို့ လိုက်သော အတ္တာလည်းမဟုတ်'* ဟူ၍ ဆိုအပ်ခဲ့ပြီးသည့်နည်းဖြင့် အရှိကို အရှိအတိုင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

Therefore , Bhikkhus , whatever mental formation there is , be it past , future or present , Inward or outward , Gross or subtle , Low or lofty , Far or near , mental formation of all

kinds. should be as regarded as they really are , by right wisdom ," This is not mine , this I am not , this is not the self for me."

(၁၃)

ဝိညာဏ်တရားကို တဏှာ ၊ မာန ၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နာ ၊ အဇ္ဈတ္တံ ဝါ၊ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကာ ဝါ သုခုမာ ဝါ၊ ဟီနာ ဝါ ပဏီတာ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ ၊ သဗ္ဗံ ဝိညာဏံ ''နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ချစ်သား ရဟန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ၌ဖြစ်သော အကြင် အလုံးစုံသော ဝိညာဉ်၊ မိမိအတွင်း သန္တာန်၌ဖြစ်သော ဝိညာဉ်၊ ပြင်ပသန္တာန်၌ ဖြစ်သော ဝိညာဉ်၊ ကြမ်းတမ်းသော ဝိညာဉ်၊ သိမ်မွေ့သောဝိညာဉ်၊ ယုတ်ညံ့သော ဝိညာဉ်၊ မြင့်မြတ်သော ဝိညာဉ်၊ အဝေးအနီး၌ ဖြစ်သော ဝိညာဉ်ဟူ၍ ဝိညာဉ်များစွာ ရှိကြလေ၏။

ခပ်သိမ်းသော ဝိညာဉ်မှန်သမျှသည် *'ငါပိုင် ဥစ္စာမဟုတ် ငါလည်းမဟုတ် ငါ၏အလိုသို့ လိုက်သော အတ္တလည်းမဟုတ်'* ဟူ၍ ဆိုအပ်ခဲ့ပြီးသည့်နည်းဖြင့် အရှိကို အရှိအတိုင်း ဝိပဿနာ

ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

Therefore , Bhikkhus , whatever consciousness there is , be it past , future or present , Inward or outward , Gross or subtle , Low or lofty , Far or near , consciousness of all kinds. should be as regarded as they really are , by right wisdom ," This is not mine , this I am not , this is not the self for me."

(၁၄)

နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက် ဖြစ်ပုံ

၉၀ ၊ ပဿ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ ၊ သညာယပိ နိဗ္ဗိန္ဒတိ ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ။

ဝိရာဂါ ဝိမုစ္စတိ ။

ဝိမုတ္တာသ္မိ ဝိမုတ္တာမီတိ ဉာဏံ ဟောတိ ။

ခီဏာ ဇာတိ။

ဥသိတံ ဗြဟ္မစရိယံ ။

ကတံ ကရဏီယံ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ချစ်သားရဟန်းတို့ 'ခန္ဓာ ငါးပါးဌ မမြဲသော အနိစ္စ သဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရသော အနတ္တ သဘော ကို ဟောခဲ့သည့်အတိုင်း ပိုင်ပိုင်နိုင်နိုင်' ရှုဆင်ခြင်သည် ရှိသော် ရုပ်တရား အစု၊ ခံစားမှု ဝေဒနာ၊ ပြုပြင်စီရင်မှု သင်္ခါရ၊ အာရုံသိမှု ဝိညာဉ် တို့ဌ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ ပျင်းမုန်းလာ၏။ ထိုသို့ ခန္ဓာငါးပါးဌ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းသည် ရှိသော် တွယ်တာ တပ်မက်မှု တဏှာ ကင်းပြတ်လေ၏။

Seeing thus , Bhikkhus , the well-taught Noble Disciple , is disgusted with matter , disgusted with feeling , disgusted with perception , disgusted with mental formation , disgusted with consciousness, so being disgusted , he is disspassionate .

(၁၅)

ပဋ္ဌဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ ၊ အတ္တမနာ ပဋ္ဌဝဂ္ဂီယာ ဘိက္ခူ။ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ ။

ဣမသ္မိဉ စ ပန ဝေယျာကရဏသ္မိဉ ဘညာမာနေ ပဋ္ဌဝဂ္ဂီယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝမုစ္စိံသူတိ။

အနတ္တလက္ခဏာသုတ်ကို မြတ်စွာဘုရားသည် အနတ္တ ဉာဏ်ဆိုက်အောင် ဉာဏ်အလင်းဖွင့်၍ ကျူးရင့် ဟောတော် မူပါသည်။ ကေဏ္ဍာည အမျူးပြုသော ပဉ္စဝဂ္ဂီငါးဦး တို့သည် အနတ္တဉာဏ်သို့ ဆိုက်ရောက်ကြ၍ လွန်စွာရွှင်လန်း နှစ်သက် ကြလေသည်။

ဂါထာမဖက် အမေးအဖြေ သက်သက်ဖြစ်သော ဤ အနတ္တလက္ခာသုတ်ကို ဟောတော်မူသည်ရှိသော် ကောဏ္ဍည အမျူးပြုသော ပဉ္စဝဂ္ဂီငါးဦးတို့သည် ရပ်နာမ်ခန္ဓာတို့၌ သာယာ စွဲငြိခြင်းမရှိဘဲ အာသဝေါတရား တို့ကင်းကွာ၍ ရဟန္တာ အဖြစ်သို့ ရောက်ရှိကြလေသည်။

This is what the Blessed one had said and the group of five Bhikkhus were delighted and rejoiced at , what the Blessed one had said.

***Moreover** , when this explanation had been spoken that minds of five Bhikkhus were freed from the Asava (Sensuality) without clinging*

မြန်မာ ကျမ်းကိုးစာရင်း

၁။ မဟာစည် ဆရာတော်ဘုရားကြီး ၏
'မမွေစကြာ တရားတော်'
ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၊ ရန်ကုန်၊ ၂၀၀၀။

၂။ မဟာစည် ဆရာတော်ဘုရားကြီး ၏
'ဝိပဿနာ ရှုနည်းကျမ်း (ပထမတွဲနှင့် ဒုတိယတွဲ)'
သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။

၃။ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသ ၏
'မမွေစကြာ တရားတော်နှင့် အနတ္တလက္ခဏသုတ် တရားတော်'
မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့၊ ၂၀၀၂။

၄။ မကွေး ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ ၏
'မမွေစကြာ မြန်မာဋီကာ'
သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၉။

၅။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး(အမ်-အေ) ၏
'မမွေစကြာနှင့် အနတ္တလက္ခဏသုတ် အမေးအဖြေ'
သာသနာရေးဦးစီးဌာန၊ ရန်ကုန်။

၆။ ပြည်မြို့၊ သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ ၏
'မမွေစကြာနှင့် အနတ္တလက္ခဏသုတ် လမ်းပြကျမ်း'
သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၉။

၇။ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ၊ လန်ဒန်) ၏
' မမွေစကြာနှင့် အနုတ္တာလက္ခဏာသုတ် (ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်) '
ဗုဒ္ဓတက္ကသိုလ်၊ မန္တလေး၊ ၂၀၀၂။

၈။ ဦးဖေမောင်တင် ၏
' ဗုဒ္ဓမြတ်စွာ၏ တရားဦး (ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်) '
စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်၊ ၂၀၀၉။

၉။ ဆန်းလွင် ၏
' ကမ္ဘာတွေးခေါ်ရှင်ကြီးများ '
မိုးကြည်စာပေ၊ ရန်ကုန်၊ ၁၉၉၉။

၁၀။ ဆန်းလွင် ၏
' ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း '
ဘဝတက္ကသိုလ်စာပေ၊ ရန်ကုန်၊ ၁၉၉၃။

၁၁။ ဆန်းလွင် ၏
' ထေရဝါဒ အုတ်မြစ်များအဖွင့် '
နန်းဒေဝီစာပေ၊ ရန်ကုန်၊ ၁၉၉၉။

၁၂။ ဆန်းလွင် ၏
' ရွှေတောင်တက် ဒဿန '
ဘဝတက္ကသိုလ်စာပေ၊ ရန်ကုန်၊ ၁၉၉၃။

၁၃။ ဦးရွှေအောင် ၏

' ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် '

ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်၊ ၂၀၀၃။

၁၄။ ဦးရွှေအောင် ၏

' အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် '

ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်၊ ၂၀၀၃ ။

၁၅။ ဦးရွှေအောင် ၏

' ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ '

ပညာရိပ်မွန်စာပေ၊ မြစ်ကြီးနား၊ ၂၀၀၁။

၁၆။ မြင့်ဇံ ၏

' သမိုင်းတွင် အလွမ်းမိုးဆုံး ပုဂ္ဂိုလ် ၅၀ '

အားမာန်သစ်စာပေ၊ ရန်ကုန်၊ ၂၀၀၄။

၁၇။ နန္ဒာသိန်းဇံ ၏

' ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ '

လှိုင်းသစ်စာပေ၊ ရန်ကုန်၊ ၁၉၈၉။

၁၈။ ထင်လင်း ၏

' စည်းအုပ်ကလူ (ဘာသာပြန်) '

ပန်းရွှေပြည် စာအုပ်တိုက်၊ ၁၉၉၆။

၁၉။ ဇော်ဂျီ ၏

' ပလေးတိုး နိဒါန်း (ဘာသာပြန်) '

စိန်ပန်းမြိုင်စာပေ၊ ရန်ကုန်၊ ၁၉၆၇။

၂၀။ ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး) ၏

' မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင် '

ဒေါင်းစာပေ၊ ရန်ကုန်၊ ၂၀၀၄။

၂၁။ နော်ရထာဝင်း ၏

' ဗုဒ္ဓ၏ တရားဦး '

စာပေလောက၊ ရန်ကုန်၊ ၂၀၀၈။

၂၂။ နန္ဒာသိန်းဇံ ၏

' အတွေးတို့လွှင့်မျောခြင်းနှင့် လူ၏ဆောက်တည်ရာ '

လှိုင်းသစ်စာပေ၊ ရန်ကုန်၊ ၂၀၀၉။

၂၃။ အရှင်သီလာနန္ဒာဘိဝံသ၊ ပါမောက္ခချုပ် ဆရာတော်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏

' အာဘိဓမ္မာသင်တန်းပို့ချချက်များ(ပထမမှ ပဉ္စမတွဲအထိ)'

ရွှေစန္ဒာထွန်းစာပေ၊ ၂၀၀၄ - ၂၀၀၅။

၂၄။ ကမ္ဘာအေးဆရာတော် အရှင်ပညာဒီပ ၏

' ဓမ္မပဒ နိဒ္ဒာန်လမ်းပြ '

မြတ်ပန်းရုံစာပေ၊ ၂၀၀၃ ။

၂၅။ ဆရာကြီး ဦးကျော်ထွတ်၏

' သဒ္ဓမ္မအောတိကပဌာန်း '

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၁၉၉၉။

၂၆။ ဒါန့်တိုင်ဆရာတော် အရှင် ဂုဏာလင်္ကာရမထေရ် ၏

' မိလိန္ဒပဉ္ဉာ '

ခင်ချိုထွန်းစာပေ၊ ရန်ကုန်၊ ၁၉၉၆။

၂၇။ ဒေါက်တာ အရှင်ဓမ္မပိယ ၏

' နိဗ္ဗာန် အယူအဆကို ထေရဝါဒရှုထောင့်မှ လေ့လာသုံးသပ်ခြင်း '

အပွမာဒစာစည်၊ ၂၀၀၅။

၂၈။ ပါရဂူ ၏

' နိဗ္ဗာန် '

ရာပြည့်စာအုပ်တိုက်၊ ၁၉၉၆။

၂၉။ ဆန်းလွင် ၏

' ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက '

နန်းဒေဝီစာပေ၊ ၂၀၀၅။

၃၀။ ဆရာကြီး ဦးဂိုအင်္ကာ ၏

' ဆယ်ရက်တရားပတ် ဓမ္မဒေသနာ '

ယုံကြည်ချက်စာပေ၊ ရန်ကုန်၊ ၂၀၀၉။

အင်္ဂလိပ် ကျမ်းကိုးစာရင်း


1. Brunton, Paul., *" The Sceret Path"* , London, Arrow Books Ltd, 1959.
2. Brunton, Paul., *"A Search in Secret India"*, London, Arrow Books Ltd, 1965.
3. Chatterjee, S., & Dutta, D., *"An Introduction To Indian Philosophy"*, India, Calcutta, 1960.
4. Cuschieri A., Steels.J.C Moossa A.R., *"Essential Surgical Practice"*, London, Arnold, 2002.
5. Gleick, James., *"Chaos: Making A New Science"*, New York, Penguin, 1988.
6. Heisenberg, Wemer., *"Philosophic Problems of Nuclear Science"*, New York, A Fawcett Premier Book, 1966.
7. Rahula, Wapola., *"What the Buddha Taught"*, New York, Grove Press, 1962.
8. Russell, Bertand., *"History of Western Philosophy"*, New York, Simon & Schuster, 1953.

9. Ian Stewart., ***"Does God Play Dice?: The Mathematics of Chaos"***, Blackwell Publishing, 1990.

10. Suzuki, D.T., ***"Living by Zen"***, London, Rider, 1950.

11. Tolstoy, Leo., ***"A Confession and What I Believe"***, London, Oxford University, 1954.

12. Santina, P.D., ***"The Tree of Enlightenment"***. Chico Dharma Study Foundation, Taipei, 1998 .



စာရေးသူ၏ အတ္ထုပ္ပတ္တိ

အဖ ဦးစိုးလင်း 'ဂုဏ်ထူးဆောင် ကထိက၊ နိုင်ငံတကာ ဆက်ဆံရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်'၊ အမိ ဒေါ်မြင့်မြင့်သန်း တို့မှ ၂၅·၇·၆၁ တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး မွေးချင်းငါးဦး အနက် ဒုတိယမြောက်သား ဖြစ်ပါသည်။

ငယ်စဉ်ကလေးဘဝမှစ၍ မိဘတို့၏ သွန်သင်ဆုံးမမှုကြောင့် စာဖတ်ဝါသနာပါခဲ့ပါသည်။ ဖခင်ကိုယ်တိုင်လည်း ပညာရပ်ဆိုင်ရာ ဆောင်းပါးများနှင့် *အာဖရိက အမှောင်တိုက်ကြီး* စာအုပ်ကို ရေးသားခဲ့သည်။ မိမိဘဝတွင် ပထမဦးဆုံးဖတ်ခဲ့သော ဝတ္ထုရှည်မှာ ဆရာဂူဝံ၏ *နှန်းထိုက်တဲ့ ပန်းမကိုင့်* ဖြစ်ပြီး (၇)နှစ်သားအရွယ်က ဖြစ်ပါသည်။

မိမိနှစ်သက်ခဲ့သော စာရေးဆရာများမှာ ဂူဝံ၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျာ၊ တက္ကသိုလ် ဘုန်းနိုင်၊မင်းဆွေ၊ မင်းကျော်၊ပီမိုးနင်း၊ မဟာဆွေ၊ မြသန်းတင့်၊ နတ်နွယ်၊ ကဝေသာရ၊ စိန်လွင်လေး၊

တင့်တယ်၊ ဝင်းဦး၊သာဓု၊ သော်တာဆွေ၊ သိန်းဖေမြင့်၊ ဒေါက်တာမောင်မောင်၊ ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော် မမလေး၊ ငွေတာရီ၊ ခင်နှင်းယု၊ ကြည်အေး၊ရွှမဝစိန်စိန် နှင့် ဒေါ်ခင်ဆွေဦး တို့ ဖြစ်ပါသည်။

ကလေးဘဝ၏ စိတ်အာရုံကို အများဆုံး စိုးမိုးခဲ့သည်မှာ ဝတ္ထုများမှ ဇာတ်ဆောင်များ၏ စရိုက်ပင်ဖြစ်သည်။ သို့ဖြစ်၍ စာပေ သည် လူ့ဘဝအတွက် အလွန်သြဇာကြီးမားခဲ့သည်ကို တွေ့ရပါသည်။ စာရေးသူ ခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်လာသည်မှာ မိဘများ၏ တိုက်တွန်းမှု၊ ဝါသနာနှင့် တက္ကသိုလ် ဘုန်းနိုင်၏ **"သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်"** ဝတ္ထုမှ 'မောင်'ကြောင့်ပင် ဖြစ်သည်။ ဇာတ်ဆောင် 'မောင်' သည် ထူးချွန်သော တော်ဝင်ခွဲစိတ်ကုသရေး ဆရာဝန်တစ်ဦး ဖြစ်ပြီး ဆရာ၏ စာပေ စေတနာကြောင့် ငယ်စဉ်ကပင် ခွဲစိတ်ဆရာဝန် နှင့် စာရေးရန် စိတ်အားထက်သန်ခဲ့ပါသည်။

ဖခင်ဖြစ်သူ၏ လမ်းညွှန်ဆုံးမမှုကြောင့် ဗုဒ္ဓဘာသာ ကျမ်းစာအုပ် များကို ဖတ်ရှုရန် ဝါသနာအထုံပါခဲ့ပြီး ပဋ္ဌာန်း ဒေသနာတော်ကို ငယ်စဉ်ကပင် လေ့လာလိုက်စားခဲ့ပါသည်။

ပညာသင်ကြားခဲ့သော ကျောင်းများမှာ သူငယ်တန်းမှ ဒုတိယတန်းအထိ ဆရာမကြီး ဒေါ်ရင်ရင်ဝိုင်း ဦးစီးသော (၆)မိုင်ခွဲမှ မူလတန်းကျောင်းလေးဖြစ်သည်။ ဒုတိယ ဘန်း နှစ်ဝက်တွင် ဖခင်ဖြစ်သူ မှာ တောင်ကြီးကောလိပ်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ၍ အထက(၂) နှင့် အထက(၅) တောင်ကြီး

တွင် ပညာဆက်လက် သင်ကြားခဲ့သည်။ ထိုစဉ်က တောင်ကြီး ကောလိပ်ကျောင်းအုပ်ကြီးမှာ တက္ကသိုလ် ဘုန်းနိုင် ဖြစ်ပါသည်။ ဆဋ္ဌမတန်း မှ အဋ္ဌမတန်းအထိ အထက (၃) စမ်းချောင်းတွင် ပညာဆည်းပူးခဲ့ပြီး အခြေခံပညာ အထက်တန်း စာမေးပွဲကို အထက(၂) အင်းစိန်မှ ၁၉၇၇ ခုနှစ်တွင် အောင်မြင်ခဲ့ပါသည်။

ဆက်လက်၍ အမှတ် (၂) ဒေသကောလိပ်၊ လှိုင်နယ်မြေ၌ ပထမနှစ် မှ ဒုတိယနှစ်အထိ သင်ကြားခဲ့ပါသည်။ ၁၉၈၀ ခုနှစ်မှစ၍ ဆေးတက္ကသိုလ် (၁) ၌ ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၅ ခုနှစ်တွင် **ဆေးပညာဘွဲ့** *'M.B., B.S'*၊ ၁၉၉၂ ခုနှစ်တွင် **ဆေးပညာမဟာသိပ္ပံဘွဲ့** (ခွဲစိတ်ကုပညာ)ရရှိခဲ့ပါသည်။ ၁၉၉၄ ခုနှစ်၊ မေလမှ ၁၉၉၆ ခုနှစ်၊ မေလအထိ ဗြိတိန်နိုင်ငံ *Clatterbridge Centre for Oncology* တွင် ပညာသင်ယူခဲ့ပြီး *DMRT 'London'* နှင့် ၂၀၀၄ ခုနှစ်တွင် *Royal College of Surgeons of Edinburgh* မှ *MRCSEd* ရရှိခဲ့ပါသည်။

တပ်မတော်ဆေးတပ်ဖွဲ့သို့ ၁၉၈၆ ခုနှစ် နိုဝင်ဘာလမှစ၍ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး မိခင်တပ်မှာ အမှတ်(၁) အခြေချ စစ်ဆေးရုံ (ခုတင်-၇၀၀)၊ ပြင်ဦးလွင်မြို့ဖြစ်ပါသည်။ ဆက်လက်၍ မန္တလေး စစ်မြေပြင်ဆေးတပ်ရင်း၊ ဘားအံ၊ စစ်တွေ၊ မိတ္ထီလာမြို့နှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရန်ကုန်မြို့တွင် တပ်မှူးနှင့် ခွဲစိတ်ကုသမှုဌာန ပါမောက္ခ တာဝန်ကို

ဗိုလ်မှူးချုပ် အဆင့်ဖြင့် ထမ်းဆောင်နေပါသည်။

စာပေနယ်သို့ ၁၉၇၉ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ပြီး ပထမဦးဆုံး စာမူမှာ ***အိုင်းစတိုင်းနှင့် သူ၏ဘဝမှတ်တိုင်များ*** ဖြစ်၍ ဒေသကောလိပ်၊ နံရံကပ်စာစောင်တွင် ရေးသားခဲ့ပါသည်။ ပထမဆုံး ပုံနှိပ်ဆောင်းပါးမှာ ***အန္တိုင်းမဲ့*** ဖြစ်၍ ၂၀၀၀ခုနှစ် ဆေးတပ်ဖွဲ့ မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရပါသည်။ ဘာသာရေးစာပေများကို သီလဝ မဂ္ဂဇင်းတွင် ၂၀၀၀ခုနှစ်မှ စတင်ရေးသားခဲ့ပြီး ပထမဦးဆုံးဆောင်းပါးမှာ ***၄၅ ရုပ်ပွားတော်မြတ်များရွေ့ဝယ်*** ဖြစ်သည်။ ***ပဋ္ဌာန်းတရားတော်*** ကို ရတနာ့တံခွန် မဂ္ဂဇင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ လစဉ်အခန်းဆက် ရေးသားခဲ့၍ ယနေ့အထိ ဆေးပညာဆိုင်ရာ ဆောင်းပါး(၉)ပုဒ်နှင့် ဘာသာရေးဆိုင်ရာ ဆောင်းပါး (၄၅)ပုဒ် ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ပထမဦးဆုံး ရေးသားခဲ့သော စာအုပ်မှာ ***အနန္တနယ သမန္တ ပဋ္ဌာန်းတရားတော်*** ဖြစ်၍ ၂၀၀၅ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ဆက်လက်၍ ***ကင်ဆာဝေဒနာရှင်များနှင့် ဘဝဆည်းဆာ*** ကို ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ၊ ***နယသာဂရ ပဋ္ဌာန်းတရားတော်ကို*** ၂၀၀၆ ခုနှစ်၊ သြဂုတ်လနှင့် ***မျှော်လင့်ခြင်းသည် ရင်မှာ*** ကို ၂၀၀၈ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။

စာရေးသူသည် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာနမှ သရုပ်ပြဆရာမ ဒေါ်နွယ်သဇင်နှင့် လက်ထပ်

ခဲ့ပြီး သမီး အေးချမ်းမိုးနှင့် ရှင်းသန့်လင်းတို့ ထွန်းကား ခဲ့ပါသည်။

စာရေး စာဖတ်ခြင်းများအပြင် ဝါသနာပါသောလုပ်ငန်း များမှာ ခရီးသွားလာ၍ ဗဟုသုတရှာဖွေခြင်း၊ စာအုပ်မျိုးစုံ စုဆောင်းခြင်းနှင့် ပဋ္ဌာန်းဒေသနာတော်ပြန့်ပွားစေရန် ကြိုးပမ်း အားထုတ်ခြင်းတို့ ဖြစ်ပါသည်။ ယခုအခါ ဘာသာရေးနှင့် ဆေးပညာရပ်ဆိုင်ရာများ၊ ဘဝ အတွေးအမြင်နှင့် ပတ်သက်သော ဆောင်းပါးများကို ဆက်လက် ရေးသားလျက်ရှိပါသည်။

ရေးသားပြုစုခဲ့သည့် စာအုပ်၊ ဆောင်းပါးနှင့် စာတမ်းများ-

-အနန္တနယ သမန္တ ပဋ္ဌာန်းတရားတော် ၂၀၀၅

-ကင်ဆာဝေဒနာရှင်များနှင့် ဘဝဆည်းဆာ ၂၀၀၅

-ကျန်းမာရေးဆောင်းပါးများ(ဧဝကမဂ္ဂဇင်း) ၂၀၀၅-ယခုထိ

-နယ သာဂရ ပဋ္ဌာန်းတရားတော် ၂၀၀၆


-နယ သာဂရ ပဋ္ဌာန်းတရားတော်(စတုတ္ထအကြိမ်) ၂၀၁၁

-မျော်လင့်ခြင်းသည် ရင်မှာ ၂၀၀၈

-အနန္တနယ သမန္တ ပဋ္ဌာန်းတရားတော်(ဒုတိယအကြိမ်) ၂၀၀၉

-ဘာသာရေးဆောင်းပါးများ(သီလဝ၊ရတနာ့တံခွန်နှင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း) ၂၀၀၀-ယခုထိ

-သံယောဇဉ် ဆွဲအား (ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ်) ၂၀၁၀-၂၀၁၁





ဝိန်လင်း

ခွဲစိတ်နှင့်ကင်ဆာပါရဂူ

သစ္စာ